ကမ္ဘာ့ သမိုင်း အခြေပြ

လူထုအလင်းစာစဉ်
အမှတ် (၆)

☆ ☆

ကမ္ဘာ့သမိုင်းအခြေပြု

ပဉ္စမပိုင်း

ပြုစုသူ
ဦးမောင်မောင်ကြီး (မဟာဝိဇ္ဇာ)
တည်းဖြတ်သူ
ဦးသိန်းဟန် (မဟာဝိဇ္ဇာ) နှင့် ဦးကျော်ခင်(ဘီအေ၊ဘီအယ်)

စာပေဗိမာန်

အမှာစာ

ကမ္ဘာ့သမိုင်းအခြေပြု ပဉ္စမပိုင်းသည် ဒုတိယကမ္ဘာစစ်ကြီး မီးဟုန်းဟုန်းတောက်၍ ဘေးအသွယ်သွယ်၊ အန္တရာယ်အတန်တန်၊ ရန်အဖြာဖြာတို့အကြားမှ မနားမနေ လုံ့လဥဿာဟထုတ်ကာပြုစုခဲ့သော ကျမ်းတစောင်ဖြစ်သည်။ ထိုစဉ်အခါက ပုံနှိပ်ထုတ်ဝေရန် တည်းဖြတ်ပြီး ဖြစ်သော်လည်း နိုင်ငံမခိုင် ယိမ်းယိုင် ပျက်စီးရပြန်သဖြင့် စောင့်ဆိုင်းနေခဲ့ရသည်။ သို့ဖြစ်ရသည်မှာ ကောင်းဖို့ဖန်တီးပေးသည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား စာပေဗိမာန်မှ ကြီးကြပ်ထုတ်ဝေသည့် အခါတွင် ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံပေါင်း မြောက်မြားစွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်နိုင်ရန် အချိန်ရသောကြောင့် ဖြစ်သည်။

စာပေဗိမာန်

နိဒါန်း

မြန်မာနိုင်ငံသမိုင်းကို သိနားလည်ပြီး ဖြစ်သော သူသည် မြန်မာ့ အတိတ် အဖြစ်အပျက် အကြောင်း အကျိုး၊ အကောင်းအဆိုး ကို ဝေဖန်နိုင်ပြီ။ ဤမျှနှင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးသော သူ့အဖို့မှာ ကမ္ဘာ့အတိတ် အဖြစ်အပျက် အကြောင်း အကျိုး၊ အကောင်းအဆိုးကို ဝေဖန်လိုသောဆန္ဒ ဖြစ်ပေါ်ရာသည်။ တဖန် မြန်မာ့အကြောင်းကို သိနားလည်ပြီး ဖြစ်သော သူသည် ကမ္ဘာ့ အကြောင်းကိုပါ သိနားလည်လာခဲ့သော် ကမ္ဘာ့အခြေနှင့် မြန်မာ့ အခြေ၊ ကမ္ဘာ့အရေးနှင့် မြန်မာ့အရေးတို့ကို ချိန်စက်နှိုင်းဆ၍ အသိဉာဏ် အမြင်ဉာဏ် ပွါးများရာသည်။ ဤ အချက်တို့ကို ထောက်ထားသဖြင့် ဤကမ္ဘာ့သမိုင်း အခြေပြကျမ်းကို စီရင်လေ သည်။ စီရင်ရာတွင် ကျဉ်းနိုင်သမျှ ကျဉ်းအောင် ယေဘုယျကျနိုင် သမျှ ကျအောင် စီရင်သည်။ သို့ရာတွင် ကမ္ဘာ့ သမိုင်း၌ ပါသင့် ပါထိုက်သော နိုင်ငံတို့၏ အကြောင်းကို မျက်နှာ ကြီးငယ်မရွေး ပါလေအောင် စီရင်သည်။ တဖန် လူတို့၏ ယဉ်ကျေးမှု တိုးတက်ပုံ ဆုတ်ယုတ်ပုံ၊ ပြောင်းလဲပုံနှင့် တကွ နိုင်ငံ အချင်းချင်း အထောက် အပံ့ ဖြစ်နေပုံတို့ကိုလည်း ထင်ရှားအောင် အားထုတ်၍စီရင်သည်။

နှစ် ရေတွက်ပုံနှင့် စပ်လျဉ်း၍ ဤကျမ်းသည် ကမ္ဘာ့သမိုင်း ကျမ်း ဖြစ်သည့် အားလျော်ညီစွာ ကမ္ဘာသုံး သက္ကရာဇ်ကို အသုံး ပြုသည်။ ကမ္ဘာသုံး သက္ကရာဇ်မှာ ခရစ် ဖွားမြင်သည်မှ စ၍

ရေတွက်လာသော နှစ်ပင် ဖြစ်သည်။ သို့ရာတွင် ခရစ်မဖွားခင်ကလည်း နှစ်အရေအတွက် ရှိပြန်သဖြင့် မဖွားမီနှစ်အရေအတွက်ကို ဘီ၊စီ[၁] ဟူ၍သုံးသည်။ ဖွားပြီးနှစ်အရေအတွက်ကို အေ၊ဒီ[၂] ဟူ၍သုံးသည်။ ဘီ၊ စီ ၃,၀၀၀ ကဟူ၍ တွေ့လျှင် ခရစ် မဖွားမီ လွန်ခဲ့သော နှစ်ပေါင်း ၃,၀၀၀ က ဟူ၍ အဓိပ္ပါယ်ပေါက်သည်။ဘီ၊စီ၏ သဘောမှာ နှောင်းလာလေလေ ဂဏန်းအရေအတွက် လျော့လာလေလေ ဖြစ်သည်။ အေ၊ ဒီ ၏ သဘောမှာ နှောင်းလာလေလေ ဂဏန်းအရေအတွက် တိုးလာလေလေ ဖြစ်သည်။ ဤအချက်ကို ကောင်းစွာ မှတ်အပ်လှပေသည်။

ဤကျမ်းသည် အခြေပြကျမ်းမျှသာ ဖြစ်သည်။ အထူးသဖြင့် တန်းမြင့် ပညာသင် တပည့်များ အတွက် လက်သုံးဖြစ်သည်။ ထို့ကြောင့် ဤကျမ်း၏ အထောက် အထားများမှာ သမိုင်း၏ မူလ အရင်းအမြစ် အထောက်အထားမျိုး မဟုတ်။ရေးပြီးဖြစ်သော အခြား သမိုင်းများသာလျှင် ဖြစ်သည်။ ထိုပြင် များလှစွာသော အကြောင်းခြင်းရာတို့မှ လူထုနှင့်သော်၎င်း၊ ပညာသင် ကျောင်းသားများနှင့်သော်၎င်း၊ သင့်လျော်မည့် အချက် အလက်တို့ကိုသာ ရွေးနုတ်၍ စီရင်ထားသော ကျမ်းလည်း ဖြစ်ပေသတည်း။

---

၁ *B. C.* ၂ *A. D.*

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁	ကမ္ဘာဦးအခြေအနေ	၉
၂	ယဉ်ကျေးစအခါ	၂၉
၃	ဝိုင်းမြစ်ဝှမ်း-တရုပ်ယဉ်ကျေးမှု	၄၅
၄	နိုင်းမြစ်ဝှမ်း-အီဂျစ်ယဉ်ကျေးမှု	၆၁
၅	ဆူမားနှင့် ဘေဘီလုံနိုင်ငံ	၈၅
၆	အိန္ဒုမြစ်ဝှမ်း-အိန္ဒိယယဉ်ကျေးမှု	၁၁၂
၇	ယဟူဒီလူမျိုး	၁၂၉
၈	ပင်လယ်သို့ စတင်ကျက်စားကြသူများ	၁၄၄
၉	ဂေါတမမြတ်စွာဘုရားနှင့် ဗုဒ္ဓသာသနာ	၁၆၁
၁၀	အီရန်လူမျိုး	၁၇၅
၁၁	ဂရိယဉ်ကျေးမှု	၁၉၃
၁၂	ဂရိတို့တန်ခိုးကြီးလာခြင်း	၂၁၆
၁၃	အလက်ဇန္ဒားမင်းတရား	၂၄၀
၁၄	ရောမနိုင်ငံတော်	၂၅၆
၁၅	ချစ်တော်နှင့် ခရစ်ယာန်သာသနာ	၂၉၀
၁၆	ကွန်ဖူးဇီးနှင့် တရုပ်နိုင်ငံတိုးတက်လာခြင်း	၂၉၅
၁၇	သီရိဓမ္မာသောကမင်းကြီး	၃၀၇
၁၈	[illegible]မင်း[illegible] အိန္ဒိယနိုင်ငံ	၃၂၀

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ

၁၉ တရုပ်နိုင်ငံတင်မင်းဆက် တန်ခိုးကြီးလာခြင်း ၃၄၀

၂၀ ဂျပန်နိုင်ငံ ၃၅၂

၂၁ အာရှအရှေ့တောင်ဖက်နိုင်ငံများ၏ မူလအစ ၃၆၇

၂၂ အာရပ် လူမျိုးနှင့် အစ္စလာမ်သာသနာ ၃၇၅

၂၃ ရှေးမြန်မာနိုင်ငံ ၃၉၅

၂၄ မွန်ဂိုမြင်းစီးသူရဲကောင်းများ ၄၀၇

အခန်း ၁

ကမ္ဘာဦးအခြေအနေ

ရေမြေတိရစ္ဆာန်။ ။ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာကြီးသည် နှစ်ပေါင်း မရေမတွက်နိုင်လောက်အောင် ကြာမြင့်သော အချိန်အခါမှ စတင်ပေါ်ပေါက်ခဲ့လေသည်။ ထိုအခါ၌ ကမ္ဘာမြေပြင်ကြီးသည် ကျောက်စိုင် ကျောက်ခဲကြီးများသာ ဖြစ်၏။ သစ်ပင် မြက်ပင်များ မပေါက်နိုင်သောကြောင့် ပြောင်ချော၍ နေလေသည်။ နေလည်း အလွန် ပူပြင်း၏။ မိုးလည်း သည်းထန်စွာ ရွာသွန်း၏။ လေလည်း ပြင်းထန်စွာ တိုက်ခတ်၏။ အသက် ရှိသော အရာဟူ၍ တစုံတခုမျှ မနေနိုင်ကြသေးချေ။ မြေပြင်ကြီးနှင့် ရေပြင်ကြီးသာ တည်ထွန်းခဲ့လေသည်။

ဤသို့သော အခြေအနေမှ တဖြည်းဖြည်း နှစ်ပေါင်းများစွာ ကြာမြင့်လာသော အခါ နေပူရှိန်လည်း တစတစ လျော့သွား၏။ မိုးလည်းတဖြည်းဖြည်း နည်းသွား၏။ လေလည်း အရှိန်လျော့၍ သွားလေ၏။ အသက်ရှိသော အကောင်ငယ်များသည် ရေစပ် ကမ်းစပ်များတွင် စတင် ပေါက်ပွါးလာကြ၏။ ရေစပ် ကမ်းစပ်များ၌ ကျူပင်၊ ကိုင်းပင် များလည်း ပေါက်ရောက် သန်စွမ်းလာကြ၏။ ကျူပင် ကိုင်းပင်များအောက်တွင် ပုစွန်၊ ကနန်း၊ ခရုစသော အကောင်ငယ်ကလေးများ မြူးထူးနေထိုင်ကြ၏။ ရေနက်သောနေရာများတွင် (၈) ပေခန့်ရှည်သော ကင်းမ လက်မည်းကြီးများ ကူးသန်းကြ၏။ သို့သော် ကုန်းပေါ်တွင် သစ်ပင်လည်း


ငါးများနှင့် ရေတပိုင်းကုန်းတပိုင်းအပင်-သတ္တဝါများ
ငါး

၏။ ရေစပ်စပ် ရွှံ့စပ်စပ် နေရာများတွင် ကမ္ဘာလိပ်ကြီးများ၊ မိကျောင်းကြီးများ၊ ပုတ်သင်ညိုကြီးများ၊ မြွေကြီးများ စတင် ပေါ်ပေါက်လာကြ၏။ ပုတ်သင်ညိုကြီးများသည် ယခုကာလ တွေ့ ရသော အကြီးဆုံး သတ္တဝါ ဆင်ထက် နှစ်ဆသုံးဆခန့် ကြီး၏။ ဆူးတောင် ဆူးတက်ကြီးများဖြင့် အလွန် ကြောက်မက်ဖွယ်ရာ ကောင်းလေသည်။ နှာဖျားမှ အမြီးဖျားအထိ (၈၆) ပေမှ ပေ (၁၀၀) ခန့် ရှည်လေသည်။ ပုတ်သင်ညိုကြီးများ၏ ပုံသဏ္ဍာန် သည် အမျိုးမျိုးဖြစ်လေ၏။ တကောင်နှင့် တကောင် ကိုက်ဖြတ် သတ်ပုတ်ပြီးလျှင် အကောင်ကြီးများသည် အကောင်ငယ်များကို စားသောက်ကြလေ၏။ လင်းနို့ နှင့် တူသော အကောင်ကြီးများ လည်း ရှိသည်။ တောကြီးများ အတွင်းရှိ သစ်ပင်များ၏ သစ်ကိုင်း သစ်ရွက်များ အကြားတွင် ပျံသန်းပြီးလျှင် ပုစဉ်းကဲ့သို့သော အကောင်များကို ရှာဖွေ စားသောက်လေသည်။ ဝမ်းဘဲနှင့် တူသော အကောင်ကြီးများလည်း ရှိသေး၏။ တကောင် တ ကောင်လျှင် ဆင်ပေါက်ခန့်နီးနီး ကြီးမား၏။ လည်ပင်းကြီး များ သည် ကုလားအုပ် လည်ပင်းကဲ့သို့ ရှည်လျား၏။ ရေလည်း ကူး တတ်၏။ ရေထဲတွင် ငုပ်ပြီးလျှင် အစာရှာဖွေ စားသောက်ကြ လေ၏။

နှစ်ပေါင်းများစွာ ကြာသောအခါ ထိုတောကြီးများ အတွင်း တွင် သွားရှိသော ငှက်များ ပေါ်ပေါက်လာ၏။ ဂဠုန်ကဲ့သို့ ငှက် ကြီးများလည်းရှိ၏။ သို့သော် ထိုအခါ၌ ငှက်များကို အလွန်တွေ့ရခဲ လေသည်။ တခါ တရံမှ တကောင် ဆလေကို တွေ့ရ၏။

ဤသို့ ကမ္ဘာပေါ်တွင် အသက်ရှိသော သတ္တဝါကြီးများ စတင် ပေါ်ပေါက်လာပြီးသော် ရာသီဥတုသည် တဖန် ပြောင်းလဲ ပြန်၏။ ကမ္ဘာကြီးသည် အလွန်အေးမြလာ၏။ အအေးဒဏ်ကို မခံ

ဆူးတောင်ဆူးတက်များရှိသော ကမ္ဘာဦး ပုတ်သင်ညိုကြီး

နိုင်သော ၁ကြောင့် သတ္တဝါကြီးများသည် သေကြေပျက်စီး ကြရ၏။ ဆူးပင် မှော်ပင်များလည်း နည်းပါးသွား၏။ သစ်ပင်ကြီးများသာ ကျန်ရစ်ခဲ့လေသည်။ ထိုကြောင့် ရှေး သတ္တဝါကြီးများကို ယခု ခေတ်၌ မတွေ့ရခြင်း ဖြစ်သည်။

တဖန် အေးမြရာမှ ကမ္ဘာကြီးသည် နွေးလာပြန်၏။ နွေး၍ လာသောကြောင့် တောကြီးများသည် သန့်စွမ်းလာပြန်၏။ သစ်ပင်ကြီးများ မပေါက်သော နေရာ၌ မြက်ပင်များ စတင် ပေါက်ရောက်လာ၏။ ကမ္ဘာကြီး၏ အနေ အထားသည် ယခု ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာနှင့် ခပ်ဆင်ဆင်တူ၍ လာလေသည်။ တဖန် ထပ်မံ ပေါ်ပေါက်လာသော တိရစ္ဆာန်များလည်း ယခု တွေ့ရသော တိရစ္ဆာန်များနှင့် ခပ်ဆင်ဆင် တူ၍လာ၏။ မြက်ခင်းများရှိသော အရပ်တွင် မုတ်ဆိတ်မွေးနှင့် မြင်းရိုင်းပုကလေးများ ကျက်စားကြလေသည်။ ဒရယ်များ၊ ပြောင်များ၊ နွားကတိုးများလည်းထိုမြက်ခင်းများပေါ်တွင် ပြေးလွှားခုန်ပေါက် စားသောက် ကြ၏။ တောကြီးများထဲတွင် ရှေး သတ္တဝါကြီးများအစား ကျားများ၊ ကြံ့များ၊ ဆင်များသည် အအုပ်လိုက်၊ အစုလိုက် ပေါက်ပွါးနေထိုင်ကြ၏။ ကျားများလည်း ယခုခေတ် ကျားများနှင့် မတူ။ ရှေ့အထက်စွယ်နှစ်ချောင်းသည် ဓားကောက်ကဲ့သို့ ပြားကပ်ကပ်ရှည်မျောမျောနှင့် အလွန် ထက်လေသည်။ ထိုကြောင့် ထိုကျားများကို "ဓားကောက်သွား-ကျား" ဟု အမည် မှည့်ထား၏။ ကြံ့ကြီးများ၏ ကိုယ်ပေါ်၌လည်း အမွေးရှည်ကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ ဆင်ကြီးများ၏ ကိုယ်ပေါ်၌လည်း အမွေးရှည်ကြီးများ ထူထပ်စွာဖုံးအုပ်ပြီးလျှင် အစွယ်ကြီးများလည်း အလွန်ရှည်လျားလေသည်။ ကွင်းပြင်မြေလပ်များတွင် သစ်ကုလားအုပ်များနှင့် ကုလားအုပ်များ ကျက်စားကြ၏။



ရှေးတိရစ္ဆာန်ကြီးများ

တောလူ[၁]။ ။ဘိရစ္ဆာန်ရိုင်းများ တောကြီးထဲ၌ သွားလာ ကျက်စားနေကြသောအခါ သစ်ပင် အကိုင်းအခက်များ အကြားတွင် နေထိုင်၍ တိရစ္ဆာန်ရိုင်းများ၏ အရိပ်အခြည်ကို တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုကာ သွားလာ ကျက်စားသော သတ္တဝါ တမျိုးရှိ၏။ ထိုသတ္တဝါကား နှစ်ပေါင်းများစွာ ကြာသော အခါ၊ လူဟူ၍ ဖြစ်လာသောသတ္တဝါတည်း။

ထိုလူ၏ကိုယ်ကာယသည် လူံများကဲ့သို့ အမွေးဖော်ဖွားဖွား၊ လက်သည်း ခြေသည်းရှည်ကြီးများနှင့်ဖြစ်လေသည်။ လူကဲ့သို့မတ် တတ်ရပ်၍ လမ်းမလျှောက်နိုင်သေးချေ။ မျောက်များကဲ့သို့ လက်နှင့် ခြေကိုမြေပေါ်၌ ထောက်၍ခုန်ဆွခုန်ဆွ သွားလာရလေသည်။ ကိုယ်လုံး ကိုယ်ထည် ကြီးမား သန်စွမ်းသော်လည်း မိမိထက် ကြမ်းတမ်း ခက်ထန်သော သားရဲ တိရစ္ဆာန်များ အနားသို့မကပ်ဘဲ။ ထို တိရစ္ဆာန်များ ကိုက်ဖြတ် စားသောက်၍ ကျန်ရစ်ခဲ့သော သားကောင် အပိုင်း အစများကိုသာ စားသောက်ရလေသည်။ အစဉ် အမြဲ သစ်သီး သစ်ဥ သစ်ဖု သစ်မြစ်များကိုသာ စားသောက် ကြ၏ သည်။ အချို့လည်းသားရဲတိရစ္ဆာန်များနှင့်ရင်ဆိုင်တွေ့သောအခါ မခုခံနိုင်သဖြင့် အစားခံကြရလေသည်။ အချို့လည်းပြေးနိုင် လွှားနိုင်၍ အသက် ချမ်းသာရရ၏။ အဘိုးအမရှိသော်လည်း အသိုက် အမြုံနှင့် အတူတူမနေ၊ တယောက်တည်း အစာပေါများရာ ဘေး လွတ်ကင်းရာ အရပ်၌ နေကြ၏။

လူ။ ။အစာရှာဖွေကာ ပြေးလွှားကာနှင့် နေကြသော ထိုတော လူများသည် မြေကြီးပေါ်၌ အနေများလာ ကြ၏။ ဤသို့မြေကြီး ပေါ်၌ အနေများလာ သဖြင့် တစတစနှင့် မတ်တတ်ရပ်နိုင်လာ လေသည်။ ရှေးကကဲ့သို့ လက်ဖြင့် မြေပေါ်၌ အားပြုပြီး ရပ်နိုင်

၁ *Jungle Man*



ကမ္ဘာဦးတိရစ္ဆာန်များ

မလို၊ ခြေထောက်ဖြင့် အားပြုပြီး ကိုယ်မတ်မတ် ယားလျက် လမ်းလျှောက်လာနိုင်၏။ အဖိုအမအစုံအစုံတွဲ၍ နေစပြုလာ၏။ အထီးသည် အစာရှာဖွေပြီးလျှင် အမကို ကျွေးစပြု၏။ သင်ရှူး သင်ခက်များဖြင့် အဆောက် အအုံများကို ပြုလုပ် ကြ၏။ အစာ ရှာဖွေရန် ထွက်သော အခါ တုတ်ဘိုများ၊ သစ်ငုတ်တိုများကြီးကို ကိုင်တွယ် ပြု၏။ တုတ်၊ သစ်ငုတ်များဖြင့် တိရစ္ဆာန်ငယ်ကလေးများကို ရိုက်သတ်ကာ အစိမ်းလိုက် ကိုက်ဖဲ့စားသောက် ကြ၏။ အသိဉာဏ် ဟူ၍လည်း လုံးဝမရှိသေး။ ရက်စက် ကြမ်းကြုတ်သော အသားစား ဘီလူးများကဲ့သို့ ရိုင်းစိုင်း ကြမ်းတမ်းသော လူများသာ ဖြစ်ကြလေသည်။

ဂူနေလူ ။ ။နှစ်ပေါင်းသောင်းသောင်းမက ကြာလာသော အခါ ထိုလူများ၏ အသိဉာဏ်သည် တိုးတက်၍ လာလေသည်။ သူတို့ တွေ့ကြုံရသော အဖြစ် အပျက်များသည် သူတို့၏ အသိဉာဏ်ကို တိုးပွါးစေ၏။ မိမိတို့ သတ်ဖြတ်သော သားကောင်များမှ အရေကို ကိုယ်ပေါ်၌ခြုံလျှင် နွေးမှန်းကို သိလာသဖြင့် သားရေများကို ခါး၌ တော်ဆင်ကြ၏။ ညအိပ်လျှင် ကိုယ်ပေါ်၌ ခြုံ၏။ ထိုအခါက မြေပြင်ပေါ်တွင် ကျောက်တုံး ကျောက်ခဲကြီးများသည် အနှံ့အပြားရှိ၏။ ထိုလူများသည် ကျောက်ခဲများဖြင့် ပေါက်လျှင် ထိခိုက် နာကျင်စေနိုင်မှန်း သိလာ၏။ ကျောက်ခဲများဖြင့် ဆင်ရိုင်း၊ ကြံ့ရိုင်း ကြီးများကို ပစ်ခတ် ခြောက်လှန့်လျှင် ကြောက်မှန်း သိလာ၏။ သို့သော် ကျောက်ခဲ၏ အသုံးဝင်ပုံကို မသိသေးချေ။ တိရစ္ဆာန်ကြီးများ၏ ဘေးရန်မှ လွတ်ကင်းရာ ဂူကြီးများ၊ မြေတွင်းနက်ကြီးများတွင်၍ နေထိုင် ကြရလေ၏။

ကမ္ဘာဦးတိရစ္ဆာန်ကြီးများ

ကျောက်ခေတ်[၁]။ ။အစအရာရာ၌ ကျောက်တုံး ကျောက်ပြား များကို သုံးသော အချိန်ကို ကျောက်ခေတ်ဟု ခေါ်၏။ လူများ သည် ကျောက်ခဲများ ကျောက်တုံးများကို အသုံးပြုဖန် များလာ သောအခါ ကျောက်စ ကျောက်ချွန်ကလေးများသည် စူးမှန်း ရှမှန်း သိလာကြ၏။ ကျောက်တုံးကြီးများကို ကျောက်တုံးဖြင့် ထု၍ ရရှိသော ကျောက်ချွန်ကြီးများကို တုတ်၌ ချည်နှောင်ကာ လှံကဲ့သို့ ကိုင်ဆောင် ကြ၏။ ကျောက်တုံး ပါးပါးကလေးများကို ဓားကဲ့သို့ အသုံးပြု၏။ ကျောက်ဓားဖြင့် သစ်သီး သစ်ရွက်များကို ဖြတ်တောက်၏။ အသားများကို လှီးဖြတ်၍ အတုံးအတစ်ပြုကာ စားကြ၏။ ရှေးကကဲ့သို့ သွားဖြင့် ကိုက်ဖဲ့ စားသောက်ခြင်းကို မပြုကြတော့ပေ။ အရိုးများကို ကျောက်ဓားကလေးများဖြင့် ချွန် ပြီးလျှင် အပ်ကလေးများ လုပ် ကြ၏။ ထိုအပ်ဖြင့် သားရေများကို ချုပ်ကြ၏။ မိမိတို့ ကိုင်သော လှံများကို ချောမွတ်အောင် ကျောက် တုံးများဖြင့် တိုက်ပြီးမှ ကိုင်ကြ၏။ ကျောက်တုံးချင်းပွတ်တိုက် သောအခါ မီးပွင့်၏။ ထိုမီးကိုသစ်ရွက်ခြောက်များ၊ သစ်တုံးများ ဖြင့် ကူးယူ၍မီးပုံကြီးများ ဖိုထား၏။ မီးမွေး၍ ရမှန်းသိသောအခါ ဂူကြီးများ အတွင်း၌ အမြဲမီးဖိုထား၏။ ချမ်းအေးသော ညများ မိုးရွာသောနေ့များတွင် သားရေများကို ကိုယ်ပေါ်၌ ခြုံလွှမ်းကာ မီးလှုံကြ၏။ အမှတ်တမဲ့ မီးထဲသို့ ကျသွားသော သားတစ်များ သည် စိမ်းစိုစို ညှီစို့စို့ အနံ့ပျောက်လျက် စား၍ ပိုမိုကောင်းမှန်း သိလာ၏။ သိလာသော အခါ အသားများကို မီးထဲသို့ ထည့်ပြီး လျှင် ဖုတ်စား၏။ နောက်ဘဖြည်းဖြည်း တဘ်ဖြင့် ထိုး၍ ကင်စား ကြ၏။ လူတို့၏ နေထိုင် စားသောက်ပုံသည် တဖြည်းဖြည်း သေသပ်လာ၏။ ကောင်းမွန်လာ၏။ အချို့လူများလည်း တောကဲ

[၁] *The Stone Age*

တွေ့ယူရရှိထားသောခေါင်းခွံများမှရုပ်လုံးဖော်ထားသည်



မျောက်မက-လူမကျ
(PITHECANTHROPUS)
JAVA.

လူ့ဖြစ်လုနီး
(NEANDERTHAL MAN)
GERMANY.

လူ
(CRO-MAGNON MAN)
FRANCE.

သို လှည့်လည်ပြီးလျှင် ပျားအုံများကို မီးတိုက်၏။ ပျားလဘိုကို ယူခဲ့ပြီးလျှင် ပျားရည်ညှစ်သောက် ကြ၏။

လူများသည် ဤကဲ့သို ကျောက်လက်နက်များ၊ မီးများကို အသုံးပြုတတ်လာသော အခါ သားရဲ တိရစ္ဆာန်များကို ရှေးက ကဲ့သို့ မကြောက်ကြတော့ချေ။ တောဆင်ရိုင်းကြီးများကိုပင် လှံများဖြင့် ဝိုင်းဝန်း သတ်ဖြတ်ပြီးလျှင် စားသောက် ကြ၏။ ထိုသို များအနက် ဥာဏ်ကောင်းသော သူများသည် မြေတွင်းကြီးများ တူးပြီးလျှင် ကျားရိုင်းကြီးများကို ထောင်ဖမ်း ကြ၏။ အချို့လည်း မြစ်နား၊ ချောင်းနားသို့ သွားပြီးလျှင် ငါးများကို လှံနှင့်ထိုး၍ ဖမ်းယူ၏။ ငါးကို ဖမ်းလေ ဖမ်းထ များသောအခါ ငါးအကြောင်း ကို ပိုမို သိလာ၏။ ငါး များတတ်လာကြ၏။

ထိုကြောင့် ကျောက်ခေတ်က လူများသည် မုဆိုးများ၊ တံငါ များ အဖြစ်ဖြင့် အသက်မွေးကြ၏။ ငံဖန် ရံခါ အစား အစာကို လောက်ငှစွာ ဂူတွင်း၌ သိုမှီးထား၍ အားလပ်သော အခါ မိမိတို့ နေထိုင်သော ဂူများ၊ ကျောက်နံရံလွှာများပေါ်တွင် မိမိတို့ လိုက် လံ ပစ်ခတ် သတ်ဖြတ်သော ဆင်ရိုင်းကြီးများ၊ ပြောင်ရိုင်းကြီး များ၏ ပုံကို ရေးဆွဲ ကြလေသည်။ သစ်ရွက်၊ သစ်မြစ်များကို ကျောက်များဖြင့် ထုရိုက်၍ ဆေးရောင်ဖျော်ပြီးလျှင် ဆေးရောင်တို့ ဖြင့် ရုပ်ပုံများကိုပင် ရေးဆွဲခဲ့ကြ၏။ အချို့ပုံများသည် ယခု ပန်းချီဆရာများ ရေးဆွဲ သကဲ့သို့ပင် ကောင်းမွန်၏။ အလွန် ထင်ရှား ပြတ်သား၏။ မုတ်ဆိတ်နှင့် မြင်းရိုင်းပုကလေးများ၏ပုံ၊ ဒရယ်ကလေးများ၏ ပုံကို ကျောက်ခေတ်ကလူများ နေထိုင်ခဲ့သော ဂူအချို့၌ ယခုထက်တိုင် တွေ့ရ၏။ ထိုခေတ်က မြင်းကလေးများ သည် ပုလွန်းသဖြင့် ရှေးလူများသည် မြင်းကို စီး၍ မရချေ။ မြင်းကိုပင် ယဉ်အောင် မလုပ်တတ်ကြသေးချေ။



ကျောက်ခေတ်သုံးလက်နက်များ

ထိုခေတ်၌ ယခုခေတ်ကဲ့သို့ လူနေအိမ်ခြေ မများဘဲ ဟိုနေရာ တစု၊ သည်နေရာတစုနှင့် ပြောက်တိ ပြောက်ကျားသာ ရှိလေသည်။ လူအရေအတွက်လည်း အလွန်နည်းလေသည်။ ဂူကြီးများနှင့် မြေတွင်းကြီးများ အတွင်းတွင် ယောကျ်ား မိန်းမအားလုံး စုရုံးနေထိုင်ကြသည်။ လင်မယားဟူ၍ အသိအမှတ်ပြုခြင်း မရှိသေးချေ။ ရံဖန်ရံခါ တနေရာမှ လူများသည် တနေရာသို့ အတင်း ဝင်ရောက် သတ်ပုတ်ကာ မိန်းမပျိုများကို ဖမ်းယူ သွားတတ်ကြသည်။ အားခွန်ဗလ အကြီးဆုံးသောလူသည် အစုတစုထဲတွင် အကြီးအကဲ ဖြစ်၏။ လူများသည် အမဲသား ငါး အများဆုံး ရှာဖွေနိုင်သူကို ရိုသေကြ၏။ အစုတစု၌ အားခွန်ဗလချင်းတူသူ နှစ်ဦး ရှိလျှင် အကြီးအကဲအဖြစ် လုကြ၏။ တယောက်ချင်း သတ်ပုတ်ပြီးလျှင် နိုင်သူသည် အကြီးအကဲ ဖြစ်လာ၏။ ရှုံးသူသည် သေလျှင်သေ၊ မသေလျှင် နောက်လိုက် လုပ်ရ၏။ ထို့ကြောင့် ကျောက်ခေတ်က လူကြီးများသည် လူငယ်များကို မနာလိုကြချေ။ မုန်းတီးကြ၏။ အရွယ်မရောက်မီ သန်မာထွားကျိုင်းခြင်း မရှိမီ မိမိတို့ နေသောဂူများမှ ရိုက်ပုတ် နှင်ထုတ်တတ်ကြလေသည်။ အနှင်ခံရသော လူငယ်များသည် တကိုယ်တည်း ထွက်ခွါသွားပြီးလျှင် မိမိဘာသာ အစာရှာဖွေ စားသောက်ရ၏။ ကိုယ့်လက်ရုံး ကိုယ်အားကိုးရ၏။ မိမိနှစ်သက်ရာ မိန်းမ တဦးဦးကို ယူပြီးလျှင် ကိုယ့်ဂူ ကိုယ့်မြေတွင်း ကိုတူးကာ နေထိုင်ကြလေသည်။

ကိုးကွယ်မှု။ ။မီးကို အသုံးပြုရသဖြင့် ကျောက်ခေတ်ကလူများ သည် မီးကို ကိုးကွယ်ကြ၏။ ရံဖန်ရံခါ ဘေးဒုက္ခနှင့် တွေ့ကြုံသော အခါ ထိုလူများနှင့် အဆွေခင်ပွန်းဖြစ်ကြသော တိရစ္ဆာန်များ သည် ထိုလူများကို ကယ်ဆယ်၏။ လူများကလည်း ထိုတိရစ္ဆာန်



ကျောက်ခေတ်လူများရေးဆွဲထားသော
ပုံများ

များ ဘေးဒုက္ခ တွေ့ကြုံသော အခါ ကယ်ဆယ် ကြ၏။ လူနှင့် တိရစ္ဆာန်များသည် တဦးနှင့် တဦး ချစ်ခင်လာကြလေ၏။ မိမိတို့ နေရာအဆောက်အအုံများသို့ ပြန်ရောက်သော အခါ ထိုလူများ သည် မိမိတို့ တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို မိန်းမများအား ပြန်လည် ပြောပြကြ၏။ ထိုအခါ ဂူ၌ ကျန်ရစ်ခဲ့သော မိန်းမများ သည် သားငယ် သမီးငယ်များအား ထိုတိရစ္ဆာန်များ အကြောင်း ကို ပုံသဖွယ် ဖွဲ့နွဲ့၍ ပြောကြ၏။ သားငယ်များလည်း နားထောင် ပြီးလျှင် အလွန်နှစ်သက် ကြည်နူးသောကြောင့် မှတ်မိနေ၏။ တဖန် ထိုသားငယ်များ ကြီးပြင်းလာသောအခါ ထိုတိရစ္ဆာန် များကိုရိုသေသမှု ပြုကြ၏။ ကိုးကွယ် ကြ၏။ ထူးဆန်းသော သစ် ပင်ကြီးများ၊ ကျောက်တုံးကြီးများ၊ ကြောက်စရာကောင်းသော တိရစ္ဆာန်များကို တွေ့သောအခါလည်း ရိုသေသမှုပြုကြ ကိုးကွယ် ကြ၏။ဤနည်းဖြင့် ဆင်ကိုရှိခိုးခြင်း၊ နဂါးကိုရှိခိုးခြင်း၊သစ်ပင်ကြီး များကို ရှိခိုးခြင်းစသော ကိုးကွယ်မှုများလည်း ပေါ်ပေါက်လာ၏။

အသိအမြင်။ ။တဖြည်းဖြည်း နှစ်ပေါင်း ကြာမြင့်လာသောအခါ လူများသည် အတွေ့အမြင်များလာ၏။ တောထဲတွင် နေရဖန် များလှသဖြင့် သစ်ပင်၊ ဝါးပင်အကြောင်းမျိုးစုံကို သိလာ၏။ မည်သည့် သစ်ရွက်ကိုစားလျှင် ဝမ်းသွားသည်။မည်သည့် အမြစ်ကို လိမ်းလျှင် အနာပျောက်သည်။ မည်သည့် သစ်သီးကို စားလျှင် ရူးသည် သေသည် စသည်ဖြင့် ခွဲခြားသိမြင်လာကြ၏။ ထိုမျှ မကသေး "ကျား၏ အသည်းနှလုံးကို စားလျှင် အားကြီးမှာဘဲ" "ပုစွန် အရှင်ကို စားလျှင် ရေကူးကျင်လည်မှာဘဲ" စသည်ဖြင့် ကလေးတွေး တွေးတောကာ စားသောက်တတ်ကြ၏။ ထို့ကြောင့် ဤကဲ့သို့ အသိအမြင် အများဆုံးသော သူများကို ဆရာကြီးဟု

အမှတ်ပြု၍ တရိတသေ ကိုးကွယ် ကြ၏။ ဆရာကြီးများလည်း မိမိတို့ သိသော ပညာများကို လူများသိသွားပါက အရိုအသေ လျော့ပေါ့သွားမည် စိုးသောကြောင့် ပညာကို မည်သူ့အားမျှ မသင်ပြ မပြောပြချေ။ အလွန်သိပ်သည်းစွာ လျှို့ဝှက်ထားတတ်ကြလေသည်။ ဤဆရာကြီးများသည် နောင်ရေးကိုလည်း ဟောတတ်ကြ၏။ အိပ်မက်မက်၍ သွားရောက်မေးမြန်းလျှင် အကျိုးအပြစ်ကို ပြောတတ်ကြ၏။ ခရီးလမ်း၌ မည်သည့် တိရစ္ဆာန်တွေ့က နိမိတ်မကောင်း၊ မည်သည့်ငှက်မြည်လျှင် နိမိတ်ကောင်းသည် စသည်ဖြင့် နိမိတ်ကိုလည်း ဖတ်တတ်ကြသည်။

ဤနည်းဖြင့် ကျောက်ခေတ်က လူများသည် အမဲလိုက်ကာ ငါးများကာ အကြိုးအကဲ လုကြကာနှင့် သေပျောက်သွားကြကုန်၏။ မသေ၍ကျန်သောသူတို့ကား အသိအမြင် များလာကြကုန်၏။ အနေအထိုင် အစားအသောက် အကြံအစည်များသည် တနှစ်ထက်တနှစ် တိုးပွါးများပြားလာ၏။ သားမြေးများ ထွန်းကားလာကြ၏။

အခန်း ၂

ယဉ်ကျေးစအခါ

စိုက်ပျိုးခြင်း။ ။လွန်ခဲ့သော နှစ်ပေါင်း တသောင်းခန့်သို့ရောက်သောအခါ လူများသည် စားမှု၊ သောက်မှု၊နေထိုင်မှုများ၌ ချွတ်ထွင်လာကြ၏။ တောထဲ၌ အမဲကောင်များကို လိုက်လံရှာဖွေသောအခါ၊ စပါးပင်ရိုင်း၊ ပြောင်းပင်ရိုင်း၊ ဂျုံပင်ရိုင်းများကို တွေ့ကြ၏။ တွေ့ခါစတွင် အစိမ်းအတိုင်း ဝါးစားကြည့်ကြ၏။ နောက်တဖြည်းဖြည်း အခွံနွှာရမှန်း သိလာ၏။ပြုတ်စားလျှင် ပို၍ကောင်းမှန်း တစတစဖြင့်သိလာကြ၏။ဤသို့သိလာသောအခါအမဲစိမ်း ငါးစိမ်းများကို ပြုတ်၍စားကြ၏။ သစ်ဥသစ်ဖုများကိုလည်း ပြုတ်၍စားကြ၏။

ယခုခေတ်၌ ကျွန်ုပ်တို့သည် ထမင်းချက်ပြုတ်ရန် ဆန်ကိုအလွယ်တကူ ဝယ်ယူ၍ရ၏။ ရှေးရှေးက လူများသည် ဆန်ဖြစ်ရန်အတွက် အလွန်ခဲယဉ်းပင်ပန်းစွာ ကြိုးစားရလေသည်။ ထိုခေတ်က လူများသည် မြေကို မည်ကဲ့သို့ ထွန်ရမှန်းပင် မသိကြသေး။ စပါးကို မည်ကဲ့သို့ စိုက်ရမှန်းပင် မသိကြသေးချေ။ နှစ်ပေါင်း များစွာကြာအောင် စမ်းသပ်လုပ်ကိုင်ကြမှ မည်သည့်အချိန်၌ ထွန်ရမှန်း မည်ကဲ့သို့ စိုက်ရမှန်း သိကြသည်။ သိလာသောနည်းအတိုင်း ပျိုးကြစိုက်ကြရာ အောင်မြင်ကြသောကြောင့် တဦးမှတဦး၊ တရပ်မှတရပ် အဆင့်ဆင့် အတုခိုးကြပြီးလျှင် စိုက်ပျိုးလုပ်ကိုင်ကြ၏။ ဤသို့ဖြင့် ကမ္ဘာပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သူ အမြောက်အမြားစတင်ပေါ်ပေါက်လာလေသည်။



ရှေးခေတ်ဂူနေလူများ

ယဇ်ပူဇော်ခြင်း။ ။လယ်ယာစတင် စိုက်ပျိုးလုပ်ကိုင်သောခေတ်၌ ရံဖန်ရံခါ မိုးခေါင်၍၎င်း၊ရံဖန်ရံခါ ရေလွှမ်းမိုး၍၎င်းလယ်ယာများ ပျက်စီးတတ်လေသည်။ အသီးအနှံများလည်း မကြာခဏ မအောင်မြင်တတ်ကြချေ။ ဤသို့ မအောင်မြင်သောအခါ လူတို့သည် တန်းခိုးကြီးသော နတ်များက နှောင့်ယှက်သည်ဟု အယူရှိကြ၏။ နတ်ကြီးများ စိတ်ပြေငြိမ့်သောငှါ အလှူမှန်မြတ်သော ဝတ္ထုပစ္စည်းနှင့် ပသတင်မြှောက်မှ သင့်လျော်မည်ဟု တွေးတောကြ၏။ လောကဉ လူအသက်ထက် မွန်မြတ်သော အရာသည်မရှိ။ ထို့ကြောင့် လူကိုသတ်ပြီးလျှင် နတ်ကြီးများကို ပူဇော်ကြလေသည်။ လက်ရွေးချယ်ရာ၌လည်း မိမိတို့ လူစုသဲတွင် အကြည်ညိုဆုံး အခစ်ဆုံး ခံရသော ချောမွေ့လှပသည့် ယောကျ်ားပျို၊ မိန်းမပျိုများကိုသာ ရွေးချယ်ကြ၏။ ရွေးချယ်ခြင်းခံရသော ယောကျ်ားပျို၊ မိန်းမပျိုများလည်း သေရမည်ကို မကြောက်၊ အများအတွက် အသက်ကိုလှူမည်ဟု ဝံ့ဝံ့စားစား အသေခံကြသည်။ ယဇ်ပူဇော်ပွဲ အခမ်းအနားကို သက်ကြီးရွယ်ကြီးများက စီရင်ကြလေသည်။ ယဇ်ပူဇော်ခြင်း ခံရသူများကိုလည်း ကျန်သောသူများသည် အသက်ထွက်သွားသည့်အထိ အရိုအသေ အလေးအမြတ် ပြုကြလေသည်။

ပြက္ခဒိန်။ ။လယ်ယာထွန်ယက် စိုက်ပျိုးကြသောအခါ လူများသည် ရာသီဥတုကို ဂရုစိုက်၍ မှတ်သားကြ၏။ ရာသီဥတုအလိုက် ပေါက်တတ်သော သစ်ပင်များကိုလည်း သတိထား၍ မှတ်သားကြ၏။ တဖြည်းဖြည်း နွေ၊ မိုး၊ ဆောင်း ရှိမှန်း သိလာကြ၏။ နွေ၊ မိုး၊ ဆောင်းသည် တကြိမ်ပြီးလျှင် တကြိမ် လှည့်လည်လာမှန်း သိကြ၏။ ထို့ကြောင့် နွေ၊ မိုး၊ ဆောင်း တကြိမ်ပြည့်သွားလျှင် တနှစ်ဟု ခေါ်စမှတ်ပြုကြ၏။ တနှစ်တွင် ရက်ပေါင်း မည်မျှ ရှိသည်ကို သိရ

အောင် ရေတွက်ကြပြန်၏။ တနှစ်တွင် လ ဘယ်နှစ်ကြိမ် ပြည့်သည် ကို မှတ်သားကြပြန်၏။ ဤသို့ ရေတွက်ကြသောကြောင့် တလ တွင် ရက်ပေါင်း သုံးဆယ်ရှိမှန်း တနှစ်တွင် လပေါင်း တဆယ့်နှစ် ကြိမ်ပြည့်မှန်းကို သိလာကြ၏။ တခါတရံ ရက်အရေအတွက်နှင့် ရာသီဥတု မညီညွတ်သောအခါ ရက်ပိုများကို ဖြည့်သွင်းကြလေ သည်။ ထိုအခါမှစ၍ ကမ္ဘာပေါ်တွင် ပြက္ခဒိန် ပေါ်ပေါက်လာ၏။

၈၁။ ။ရှေးအခါက လူများသည် ရပ်ဝေး၌ နေကြသော ဆွေမျိုး မိတ်ဆွေများထံသို့ လူကြုံရှိလျှင်သာ စကားအားဖြင့် မှာထားပြော ဆိုကြရသည်။ လူများသည် စာမတတ်ကြသေး။ စာဟူသော အရာသည် မည်ကဲ့သို့သောအရာဝတ္ထုဟူ၍ပင် မသိကြသေးချေ။ အဦးအစ၌ နေ့ရက်များကို သစ်ပင်အခေါက်၌ အထစ်ကလေးများ ထစ်ကာ မှတ်သားကြ၏။ ထိုအခါက လူများသည် အရုပ်ကလေး များကို ရေးဆွဲတတ်ကြပြီးဖြစ်သဖြင့် မိမိတို့ ပြောလို ပြလိုသော အရာများကို သားရေများ ပျဉ်ပြားကလေးများပေါ်၌ ရေးဆွဲပြ ကြ၏။ မင်ကိုဖော်စပ်၍ ရမှန်း သိကြပြီးသောကြောင့် မင်ဖြင့် ရေး သားကြ၏။လူဟုပြောလိုလျှင် အချောင်းကလေးများဖြင့်( ) ဤကဲ့သို့ ရေးဆွဲပြကြ၏။ နေဟု ပြောလိုလျှင် အဝိုင်းကလေး ဆွဲ၍(၀) ဤကဲ့သို့ ရေးပြကြ၏။တစတစဖြင့် ရုပ်ပုံကလေးများကို တိုးတက်ချဲ့ထွင်ကာ သုံးစွဲကြ၏။ ဤနည်းဖြင့် စာအရေးအသား သည် ပေါ်ပေါက်လာ၏။ နှစ်ပေါင်းများစွာ ကြာသောအခါ ထို အရုပ်ကလေးများဖြင့် ရေးသားရသော စာသည် များပြားလှသ ဖြင့် အသံထွက်ကို လိုက်ပြီးလျှင် အတိုချုံ့ကာ ရေးသားကြပြန် ၏။ ဤသို့ အသစ်တွင်သောအခါမှ(က၊ ခ၊ ဂ၊)စသော အက္ခရာ မျိုးများ ပေါ်ပေါက်လာလေသည်။ လူများ နေထိုင်ရာ အရပ်ကို

လိုက်၍ ပေပင်ပေါ်သော နေရာမျိုးများ၌ စာများကို ပေရွက်ပေါ်တွင် ရေးသားကြ၏။ သားရေပေါ်သော နေရာမျိုးများ၌ သားရေများပေါ်တွင် ရေးသားကြ၏။ ရွှံ့ပေါ်သော နေရာမျိုးများ၌ ရွှံ့ပြားကလေးများ ပြုလုပ်၍ နေပူလှန်းပြီးလျှင် ထိုရွှံ့ပြားကလေးများပေါ်တွင် ရေးသားကြလေသည်။

အရောင်းအဝယ်။ ။လယ်ယာလုပ်ကိုင်ကြသော လူများသည် မိမိတို့ အသုံးပြုလိုသော အရာဝတ္ထုများကို ဉာဏ်ထုတ်ကာ စမ်းသပ်လုပ်ကိုင်ကြသောကြောင့် တောင်းများ၊ ခြင်းများကို ရက်တတ်လာကြ၏။ ကြိုးများကိုလည်း ကျစ်တတ်လာကြ၏။ အထည်များကိုလည်း ရက်တတ်လာကြ၏။ မြေအိုးမြေခွက်များကိုလည်း လုပ်တတ်၊ ဖုတ်တတ်လာကြ၏။ ထိုသူများသည် မိမိတို့ စိုက်ပျိုးလုပ်ကိုင်သော လယ်ယာများ အနီးအနားတွင် စုရုံး၍ နေထိုင်တတ်ကြ၏။ ဤသို့ နေထိုင်သော တဲစုအိမ်စုများကို ရွာဟု ခေါ်သည်။ ရွာတရွာ၌ အိမ်ခြေပေါင်း(၁၀)အိမ်(၁၅)အိမ်မျှသာ ရှိလေသည်။ ရွာတွင်နေထိုင်သော လူများသည်လည်း မိမိတို့ စိုက်ပျိုး၍ရသော စပါးများကို တသီးတခြား ခွဲ၍ မထားကြ။ တလင်းတခုတည်း၌သာ စုပုံ၍ ထားကြလေသည်။ ရပ်နရံခါ စုပုံ၍ထားသော စပါးကို လယ်ယာမလုပ်ဘဲ တောထဲ၌ သားငါးလိုက်လံ ပစ်ခတ်ကာ အသက်မွေးသောလူများသည် လက်နက်အားကိုးနှင့် အတင်းဝင်ရောက် လုယက်ယူငင် သွားတတ်ကြသည်။ ထို့ကြောင့် ရွာမှ လူများသည် ရွာကို စည်းရိုးများဖြင့် ဝန်းရံထားရလေသည်။ ရွာသားများလည်း အလှည့်ကျ လက်နက်များ စွဲကိုင်ကာ ရွာကို ခုံ စောင့်ရှောက်ကြရလေသည်။ လာရောက် တိုက်ခိုက်သော မုဆိုးများကိုလည်း ယှဉ်ပြိုင် တိုက်ခိုက်ကာ ထိုးခုတ်မောင်းနှင်ပစ်ကြ၏။ မုဆိုးများ

လည်း လက်နက်အားကိုး လုယက်ယူငင်၍ မရမှန်း တဖြည်းဖြည်း သိကြသောအခါ မိမိတို့ ပစ်ခတ်သတ်ဖြတ်၍ရသော အမဲများ၊သား ရေများကို ယူလာကြပြီးလျှင် ရွာသားများထံမှ လိုချင်သော ဝတ္ထု ပစ္စည်းများနှင့် လဲလှယ်ကြလေသည်။ ရွာသားများလည်း အမဲ များ၊ သားငါးများကို ရှာဖွေပစ်ခတ်ရန် အချိန်မရသောကြောင့် အဆင်သင့် လာရောက်လဲလှယ်ကြသော မုဆိုးများကို ဝမ်းမြောက် ဝမ်းသာ လက်ခံ၍ ပစ္စည်းချင်း လဲကြ၏။ တံငါများလည်း ဤနည်း အတိုင်းပင် ငါးများကို ယူလာပြီးလျှင် ရွာသားများထံမှ ပစ္စည်း များကို လဲယူကြ၏။ ဤကဲ့သို့ တဦးနှင့် တဦး သဘောတူ ညီညီ ညွတ်ညွတ် ပစ္စည်းချင်း လဲလှယ်ကြခြင်းကို ဖလှယ်သည်ဟု ခေါ် သည်။ အရောင်းအဝယ် လုပ်သည်ဟူ၍လည်း ခေါ်သည်။

အုပ်ချုပ်ခြင်း။ ။အရောင်းအဝယ် မကြာခဏ လုပ်သောအခါ လယ်ယာ လုပ်ကိုင်ကြသော သူများသည် စပါးများကို ပိုမိုစိုက်ပျိုး ရန် အရေးကြီးလာ၏။ လယ်သစ် ယာသစ်များကို ရှာဖွေကြရပြန် ၏။ ဤသို့ လယ်ယာများကို ရှာဖွေကြသောအခါ သူဦးသည် ငါဦး သည် စသည်ဖြင့် နေရာလုကြ၏။ ငြင်းကြ၏။ ခိုက်ရန်ဒေါသ ဖြစ်ပွါးကြ၏။ ရံဖန်ရံခါ ငြင်းခုံခိုက်ရန် ဖြစ်ပွါးကြသောအခါ ဆုံး ဖြတ်ရန် လူကြီးတဦးရှိမှ တော်မည်ဟု စဉ်းစားကြပြီးလျှင် ရွာထဲမှ ရိုးသားဖြောင့်မတ်သော လူကြီးတဦးကို အများသဘောတူ ရွေး ချယ်ကာ လူကြီးအဖြစ် တင်မြှောက်ကြလေသည်။ ထိုလူကြီးကို ရွာသူကြီးဟု ခေါ်၏။ ရွာသူကြီး၏ စကားကို လူတိုင်းနားထောင် ကြ၏။ ရွာသူကြီးလည်း ရွာ၏ ကိစ္စများကို ဆောင်ရွက်နေရသဖြင့် လယ်ယာလုပ်ကိုင်ရန် အချိန်အနည်းငယ်သာ ရလေသည်။ ထို့ ကြောင့် ရွာသားများသည် မိမိတို့လုပ်ကိုင်၍ရသော စပါးများမှ

ရှေးခေတ်လူများခိုက်ရန်ဖြစ်ပွါးနေကြပုံ

အနည်းငယ်စီ စုဆောင်းပြီးလျှင် ရွာသူကြီးအားပေး၏။ ရွာသူကြီးလည်း ရွာ၏ ငြိမ်ဝပ်ပိပြားရေး၊ ကြီးပွါးရေး၊ ရွာသားများသင့်တင့်ညီညွတ်ရေးများကို စီမံဆောင်ရွက်လေသည်။ ဤကဲ့သို့စီမံခြင်းကို အုပ်ချုပ်ခြင်းဟု ခေါ်သည်။

အိမ်မွေးတိရစ္ဆာန်။ ။လူများသည် ရွာကို စည်းရိုးကာ၍ နေထိုင်ကြသောအခါ တောထဲမှ တိရစ္ဆာန်ငယ်များသည် ရွာနားသို့ ချဉ်းကပ်လာကြ၏။ လူများ စားသောက်ပြီး၍ ပစ်ထားသော ထမင်းကျန် ဟင်းကျန်များကို လာရောက်စားသောက်ကြ၏။ လူများကလည်း ထိုတိရစ္ဆာန်ကလေးများကို သတ်ဖြတ်ညှဉ်းဆဲခြင်း မပြုဘဲ ကျွေးမွေးကြသောအခါ လူများကို ရှေးကကဲ့သို့ မကြောက်ကြတော့ပေ။ လူများကို ချစ်ခင်လာကြ၏။ ပွတ်သီးပွတ်သပ် လုပ်ကြ၏။ လူများ၏ တဲများ၊ အိမ်များမှပင် ခွဲခွါ၍ မသွားကြတော့ပေ။ အမြဲနေထိုင်ကြလေသည်။ ထိုတိရစ္ဆာန် ကလေးများသည် ခွေး၊ ကြောင်၊ ဆိတ် စသော အကောင်ငယ်များ ဖြစ်သည်။ တခါတရံ ရွာသားများသည် မြက်ခင်းများသို့ သွားပြီးလျှင် မုတ်ဆိတ်မွေး ပေါက်သော မြင်းပုကလေများကို ဖမ်းယူကာ ယဉ်အောင်ကျင့်၍ အိမ်၌ မွေးထားကြ၏။ လူများ မထမ်းနိုင်သော ကုန်ပစ္စည်းများကို သယ်ပိုးထမ်းဆောင်ခိုင်း၏။ လယ်ထွန်ခိုင်း၏။ နွားများကိုလည်း ဖမ်းယူကာ မြင်းပုကလေးများကဲ့သို့ပင် အသုံးချ၏။ နွားနို့၊ မြင်းနို့၊ ဆိတ်နို့ များကို ညှစ်ယူကာ သောက်ကြလေသည်။

သိုးထိန်း ဆိတ်ထိန်း။ ။လူ အချို့သည် လယ်ယာ ထွန်ယက်၍ အသက်မွေးကြသောအခါ အခြားလူ များသည်၊ မုဆိုးများ၊ တံငါ

များ အဖြစ်ဖြင့် အသက်မွေးမှုကြ၏။ အချို့ လူများသည် ဆိတ်များ၊ သိုးများကို မွေးမြူကြ၏။ ဆိတ်ရေနှင့် သိုးမွေးများကို ဝတ်ဆင်ကြ၏။ ဆိတ်များ၊ သိုးများသည် မြက်နုများ ပေါက်သော မြက်ခင်းများ၌သာ နေနိုင်ကြသောကြောင့် ဆိတ်ထိန်း၊ သိုးထိန်းများသည် လယ်ယာ လုပ်ကိုင်သူများကဲ့သို့ အတည်တကျ ရွာများ၊ အိမ်များဖြင့် မနေနိုင်ကြချေ။ မြက်ခင်း ကောင်းရာ တခင်းမှ တခင်းသို့ လိုက်လံ ရွေ့ပြောင်းကာ နေကြရသည်။ မြန်မာ စကားပုံတွင် "ရေကြည်ရာ မြက်နုရာ"ဟု ဆိုရိုး ရှိရာ ထိုစကားပုံသည် သိုးထိန်း၊ ဆိတ်ထိန်းများ၏နေရပုံ၊ ထိုင်ရပုံကို ရည်ရွယ်၍ ပြောဆိုခြင်း ဖြစ်သည်။ ဆိတ်ထိန်း၊ သိုးထိန်း များမှာ ရေကြည်လင်ရာ အရပ်၊ မြက်နုမြက်စိမ်းများ ပေါက်ရောက်ရာ အရပ်သည် မိမိတို့ အလုပ်အကိုင်နှင့် သင့်လျော် ညီညွတ်သဖြင့် ထိုအရပ်များ၌သာ နေထိုင်ရလေသည်။

ကြေးနီခေတ်[၁]။ ။သိုးထိန်း၊ ဆိတ်ထိန်း များသည် တနေရာမှ တနေရာသို့ သိုးအုပ်၊ ဆိတ်အုပ်များကို ရွှေ့ပြောင်း ထိန်းကျောင်းကြသောအခါ မရောက်ဘူးသောနေရာများသို့ ရောက်ကြ၏။မတွေ့ဘူး၊ မမြင်ဘူးသောအရာဝတ္ထုများကို တွေ့ကြ မြင်ကြ၏။ ကြေးနီ ကြေးဝါ စသော သတ္တုများကို အမှတ်တမဲ့ တွေ့ကြလေသည်။ ကြေးနီ ကြေးဝါများ မြေတွင် ရှိကြောင်းကို အစပဌမ၌ လူများ မသိကြချေ။ သိုးထိန်း၊ ဆိတ်ထိန်းများသည် ကြေးနီ ကြေးဝါများ ရှိသော မြေများပေါ်တွင် စခန်းချ၍ ချက်ပြုတ် စားသောက်ကြသောအခါ ပြာများနှင့် ရောနှောကာ အရောင် တလက်လက် ထွက်နေသည့် အရာ ဝတ္ထုများကို တွေ့ကြ၏။ မီးကျှမ်းနေသော

၁ *Copper or Bronze Age*



ကြေးနီခေတ် ကရိယာ တန်ဆာပလာများ

သတ္တုများ ဖြစ်သဖြင့် ပျော့နေ၍ ထုရိုက်ကာ လှံ ဓား စသော လက်နက်များ လုပ်ကြ၏။ အရိုင်းသက်သက် ဖြစ်သော ကြေးနီ များသည် မာကျောသော်လည်း မီးဖုတ်လျှင် ပျော့မှန်း သိလာ၏။ ကြေးနီ ကြေးဝါများဖြင့် အိုးခွက်၊ ဇွန်း စသော အသုံး အဆောင် များကို ပြုလုပ်ကြ၏။ ကြေးနီကြေးဝါ တွေ့သော နေရာများတွင် ထပ်မံ တူးဖော်ကြပြန်၏။ ဤနည်းဖြင့် လူများသည် ကျောက်တုံး ကျောက်ပြားများကို အသုံးပြုလာရာမှ ကြေးနီ ကြေးဝါများကို အသုံး ပြုကြလေသည်။ထို ကြေးနီ ကြေးဝါများကို အသုံးပြုသော အချိန်အခါကို ကြေးနီခေတ်ဟု ခေါ်သည်။

သံခေတ်။ ။ကြေးနီများကို အသုံးပြုနေရာမှ တပန် သိုးထိန်း၊ ဆိတ်ထိန်းများသည် အခြား မာကျောသော သတ္တုတခုကို တွေ့ ကြပြန်၏။ ထိုသတ္တုသည် သံ ဖြစ်လေသည်။ ကြေးနီ ကဲ့သို့ပင် သံကို တူးဖော်ပြီးလျှင် အသုံးပြုကြ၏။ သိုးထိန်း၊ဆိတ်ထိန်းများ သည် သံ များကို လယ်ယာ စိုက်ပျိုး လုပ်ကိုင် သူများနှင့် ဖလှယ် ကြ၏။ ဤသို့ သံကို အသုံး ပြုရမှန်း သိသောအခါ လူများသည် အလုပ်လုပ်ကိုင်ရာ၌ ပိုမို၍ တွင်ကျယ်လာ၏။ ရေးက သစ် သားနှင့် လုပ်သော ထွန်တုံးများကို သံသွားများ တပ်ကြ၏။အသုံး အဆောင်များကို သံနှင့်ချည်း လုပ်ကိုင်ကြလေသည်။သံကို အများ အပြား သုံးသော အချိန်အခါကို သံခေတ်ဟု ခေါ်၏။ ကျောက်နှင့် ကြေးများထက် သံသည် ပိုမို ခိုင်ခံ့၏။ ကြမ်းကြမ်း တမ်းတမ်း သုံး စွဲနိုင်၏။ ထိုကြောင့် လူတို့၏ အနေအထိုင် အလုပ်အကိုင်များသည် သေသပ်လာ၏။ တိုးတက်လာ၏။ ဤသို့ တိုးတက်ခြင်းကို ယဉ် ကျေးသည်ဟု ခေါ်လေသည်။

လူအချို့သည် ယဉ်ကျေး လာသော်လည်း ထို လူများနှင့်

မပေါင်းသင်း မဆက်ဆံကြသေးသောလူအချို့သည် ရိုင်းစိုင်းလျက်ပင် ရှိကြသေး၏။ စိတ်ကြမ်း ကိုယ်ကြမ်းနှင့် အနေအထိုင် သိမ်သိမ်မွေ့မွေ့ မရှိကြသေးချေ။

လူမျိုး။ ။ယခုခေတ်၌ မြန်မာလူမျိုး၊ ကုလားလူမျိုး၊ တရုပ်လူမျိုး၊ အင်္ဂလိပ် လူမျိုး စသည်ဖြင့် ကမ္ဘာပေါ်တွင် လူမျိုးပေါင်း အများ အပြားရှိလေသည်။ သံခေတ်၌ လူမျိုးဟူ၍ အသီးအခြား မရှိသေးချေ။ လူများကို အသား အရေ အလိုက် ခွဲခြား ခေါ်ဝေါ်ကြ၏။ ထိုအခါ၌ (၁) အသားညို၊ (၂) အသားမည်း ဟူ၍ လူနှစ်မျိုးသာ ရှိလေသည်။ အသားညိုများသည် တောကြီး တောင်ကြီးထဲ၌ အနေများလာသော အခါ အေးလွန်း အားကြီးသဖြင့် အသားဖြူလာ၏။ မအေးလွန်း မပူလွန်းသော အရပ်၌ နေကြသော အသားညို များသည် အသား ဝါဝင်း၍ လာလေ၏။ လွင်ပြင်၌ နေ၍ နေပူအောက်တွင် လုပ်ကိုင် စားသောက်ကြသူများသည် အသား မည်းလေသည်။ အသားညိုများသည် အရပ်မြင့်၏။ ကိုယ်လုံး ကိုယ်ထည် ထွားကျိုင်း၍ ခွန်အားဗလ ကောင်း၏။ အသားမည်းများသည် အရပ်ပု၏။ အသားညိုများလောက် မထွားကျိုင်းချေ။

နေရာဒေသ။ ။ကမ္ဘာမြေပြင်ကြီး၏ အရှေ့ပိုင်း နေထွက်ရာအရပ်ကို "အာရှတိုက်"ဟု ခေါ်သည်။ အနောက်ပိုင်း နေဝင်ရာအရပ်ကို "ဥရောပတိုက်"ဟု ခေါ်သည်။ အာရှတိုက် အရှေ့ဖက်၌ အလွန် ကျယ်ပြန့်သော သမုဒ္ဒရာကြီးရှိ၏။ ထို သမုဒ္ဒရာ ကြီးကို ပစိဖိတ် သမုဒ္ဒရာဟု ခေါ်သည်။ သမုဒ္ဒရာကြီး၏ တဖက်ကမ်း၌ အမေရိကတိုက်ဟု ခေါ်သော မြေပြင်ကြီး ရှိသည်။ အမေရိကန်

မြေပြင်ကြီးသည် မြောက်ဖက်မှ တောင်ဖက်သို့ ရှည်လျားစွာ တည်ရှိရာ မြောက်အမေရိကတိုက်၊ တောင် အမေရိကတိုက်ဟူ၍ နှစ်ပိုင်း ခွဲခြား ခေါ်ဝေါ် ရလေသည်။ လွန်ခဲ့သော နှစ်ပေါင်း တသောင်း ခန့်အချိန်တွင် အာရှတိုက် အရှေ့ မြောက်စွန်းနှင့် အမေရိကတိုက် အနောက်မြောက်စွန်းတို့သည် မြေပြင်ချင်း ဆက်စပ်လျက် ရှိ၏။ ဂျပန်ကျွန်းများ၊ မာလာယု ကျွန်းစုများသည် အာရှတိုက်နှင့် တစပ်တည်း ဆက်လျက် ရှိ၏။

ဥရောပတိုက် တောင်ပိုင်းတွင် မြေထဲ ပင်လယ်ဟု ခေါ်သော ပင်လယ်ရှိ၏။ မြေထဲပင်လယ်၏ တောင်ဖက် ကမ်းခြေ တွင်အလွန် ကျယ်ပြန့်သော အာဖရိကတိုက်ဟု ခေါ်သည့် မြေပြင်ကြီး ရှိလေသည်။

အာရှတိုက်။ ။ကမ္ဘာဦး လူများသည် အာရှတိုက်၌ ပေါက်ပွါး နေထိုင်ကြလေသည်။ အာရှတိုက် အနောက် တောင်ထောင့်ရှိ ကော့ကေးရှ[၂] တောင်တန်းကြီးများတွင် အသားဖြူများ နေထိုင်ကြသည်။ အာရှတိုက်အလယ်ပိုင်းရှိ "တာရင်"[၃] ခေါ်သော မြစ်ဝှမ်းဒေသတွင် အသားဝါများ နေထိုင်ကြသည်။ အသားဖြူ များကို ဟမိုက်[၄] ဆီမိုက်[၅] အာရိယန်[၆] ဟု သုံးမျိုး ခွဲခြားခေါ်ဝေါ်၏။ အသားဝါများကို မွန်ဂို[၇] လူမျိုးဟု ခေါ်သည်။ အာရှတိုက် တောင်ပိုင်းနှင့် အာဖရိက တိုက်တွင် အသားမည်းများ နေထိုင်ကြသည်။ ထိုလူများကို နီးဂရိုး[၈] (ကပ္ပလီ) လူမျိုးဟု ခေါ်သည်။

အာရှတိုက်ကြီးသည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၏ စတင် ပေါက်ပွါးရာ နေရပ်ကြီးလည်း ဖြစ်ပေ၏။ ရှေးရှေးက လူများသည်

---

၂ *The Caucasus* ၃ *The Tarim Basin* ၄ *Hamite*
၅ *Semite* ၆ *Aryan* ၇ *Mongol* ၈ *Negro*



အာတိတ်သမုဒ္ဒရာ
မြောက်
အမေရိက
တိုက်
ဥရောပတိုက်
အာရှတိုက်
အတ္တလန္တိတ်
သမုဒ္ဒရာ
အာဖရိက
တိုက်
ပစိဖိတ်သမုဒ္ဒရာ
တောင်
အမေရိက
တိုက်
အိန္ဒိယ
သမုဒ္ဒရာ
သြစတြေး
လီယားတိုက်
အန္တာတိတ်သမုဒ္ဒရာ

အာရှတိုက်၌ နှစ်ပေါင်း ထောင်သောင်းမက အနေကြာလာသော အခါ လူဦးရေ တိုးပွါးလာသောကြောင့် ကော့ကေးရှ တောင်တန်းနှင့် တာရင် မြစ်ဝှမ်းများတွင် နေထိုင်ကြရန် မဆံ့တော့ချေ။ အစား အစာ ရှာဖွေရန်လည်း ခက်ခဲလာ၏။ ထိုကြောင့် လူအချို့တို့သည် မွေးဖွားရာ ဒေသကို စွန့်ပစ်ကာ နေရာသစ်များကို ရှာဖွေကြရလေသည်။ မုဆိုး အလုပ်၌ ကျွမ်းကျင်သော သူများသည် သားကောင်ပေါရာ အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြ၏။ တံငါများလည်း ငါးပေါသောအင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ မြစ်များရှိရာ အရပ်သို့ သွားရောက် နေထိုင်ကြ၏။ သိုးထိန်း၊ ဆိတ်ထိန်းများလည်း မြက်နု မြက်စိမ်းများ ပေါက်သော မြက်ခင်း ပေါများရာ အရပ်ကို ရှာဖွေ၍ နေထိုင်ကြ၏။ လယ်ယာ လုပ်ကိုင်သူတို့လည်း မြေဩဇာ ကောင်းရာ အရပ်၊ မိုးကောင်းရာ အရပ်သို့ ရွှေ့ပြောင်းကြရ၏။ ဤသို့ ရွှေ့ကြ ပြောင်းကြရာ၌ တောင်ဖက်သို့ ရွှေ့ပြောင်းသော အာရိယန်တို့သည် အိန္ဒိယကျွန်းဆွယ်အထိ ရောက်ကြ၏။ အနောက်ဖက်သို့ ရွှေ့ပြောင်းသော အာရိယန်တို့သည် ဥရောပတိုက်အတွင်း အရပ်ရပ်သို့ တစတစ ပြန့်ပွါး သွားကြလေသည်။ မွန်ဂိုလူမျိုးတို့အထဲမှ အာရှတိုက် တောင်ပိုင်းသို့ ရွှေ့ပြောင်းသူများသည် မြန်မာနိုင်ငံနှင့် မာလာယု ကျွန်းဆွယ်များအထိ ရောက်လာကြ၏။ အရှေ့ဖက်သို့ ရွှေ့ပြောင်းသူများသည် တရုပ်နိုင်ငံနှင့် ဂျပန်ကျွန်းသို့ ရောက်၏။ မြောက်ဖက်သို့ ရွှေ့ပြောင်းသူများသည် အာရှတိုက် အစွန်းကို ကျော်လွန်ပြီးလျှင် အမေရိက တိုက်ထဲသို့ပင် ဝင်ရောက် သွားကြလေ၏။

ဤကဲ့သို့ ရွှေ့ပြောင်း နေထိုင်ကြရာ၌ တခါတည်း အလျှင်အမြန် ပြောင်းရွှေ့ နေထိုင်ကြသည် မဟုတ်၊ နှစ်ပေါင်း များစွာ တဖြည်းဖြည်း တစိမ့်စိမ့် တနေရာမှ တနေရာသို့ တိုးချဲ့နေထိုင်ကြ

ခြင်း ဖြစ်၏။ ရှေးဦးစွာ ထွက်ခွါသွားသူများ နောက်သို့ ပင်ရင်းဒေသတွင် အနေအထိုင် ဆင်းရဲသော သူများသည် လိုက်ကြကုန်၏။ ရှေ့က ထွက်ခွါသွားနှင့်ပြီးလျှင် အတည်တကျ ရွာငယ်များဖွဲ့၍ နေထိုင်ကြပြီးသော သူများသည်လည်း နောက်မှ တသုတ်ပြီးလျှင် တသုတ် လိုက်လာကြသော သူများကြောင့် နေထိုင်ရန် နေရာမဆံ့၊ အစားအသောက် မလောက်ငသဖြင့် ရှေ့သို့ တိုးခွါကာ နေရာသစ်များကို ရှာဖွေ၍ ရွာသစ်များကို တဖန် တည်ထောင်နေကြရပြန်သည်။ ဤနည်းဖြင့် နှစ်ပေါင်း ကြာမြင့် လေလေ၊ နောက်မှ တသုတ်ပြီးလျှင် တသုတ် လိုက်လံ လာလေလေဖြစ်၏။ ရှေ့က လူများလည်း ရှေ့သို့ တိုး၍ တိုး၍သာ ခွါထွင် နေထိုင်ကြရလေလေ ဖြစ်၏။ နေရာသစ်ကို ရှာသော သူများသည် အထူးသဖြင့် မြစ်ကမ်းပါးများ တလျှောက်တွင် နေထိုင် တတ်ကြလေသည်။ မြစ်ကမ်းပါးများသည် အများအားဖြင့် ညီညာသော မြေပြင်များဖြစ်၍ ခရီး အသွားအလာ လွယ်ကူ၏။ ရေနှင့် နီးသဖြင့် စိုက်ပျိုးလုပ်ကိုင်၍လည်း ဖြစ်ထွန်း၏။ ထို့ကြောင့် လူများသည် မြစ်ရိုးတလျှောက်၌သာ နေထိုင်တတ်ကြလေသည်။

အခန်း ၃

ဝိုင်းမြစ်ဝှမ်းတရုပ်ယဉ်ကျေးမှု

ဝိုင်းမြစ်။ ။ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ မြောက်ဖက်တွင်တရုပ်နိုင်ငံရှိ၏။ စိနရဋ္ဌ (စိန့်တိုင်း) ဟု ခေါ်၏။ တရုပ်နိုင်ငံ မြောက်ပိုင်းတွင် ဟွန်ဟို ၂ အမည်ရှိသော မြစ်ကြီးသည် အနောက်ဖက် အာရှတိုက် အလယ်ပိုင်းမှ မြစ်ဖျားခံပြီးလျှင် အရှေ့ဖက်သို့ တရုပ် နိုင်ငံကို ဖြတ်သန်းကာ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်လေသည်။ ဟွန်ဟို မြစ်ဖျားတွင် ဝိုင်း အမည်ရှိသော မြစ်လက်တက် ကလေးသည် တောင်ဖက်မှ မြောက်ဖက်သို့ စီးဆင်းကာ ဟွန်ဟိုမြစ်ကြီးထဲသို့ စီးဝင်၏။ ဟွန်ဟိုမြစ်နှင့် ဝိုင်းမြစ်ကလေးအကြား၌ တည်ရှိသော မြေပြင်ကို ဝိုင်းမြစ်ဝှမ်းဟု ခေါ်သည်။

တရုပ်လူမျိုး။ ။တရုပ်လူမျိုးကို စိန လူမျိုး၊ သို့မဟုတ် စိန့် လူမျိုးဟုလည်း ခေါ်၏။ တရုပ်တို့သည် ဝိုင်းမြစ်ဝှမ်းမှ အစပြု၍ ပေါ်ပေါက်လာ၏။ ဘီ၊ စီ၊ ၃၅၀၀ ခန့်က ဝိုင်းမြစ်ကမ်းခြေပေါ်တွင် လူအနည်းငယ်မျှသာ နေထိုင်ကြ၏။ မြစ်ထဲတွင် မျှားထောင်ကာ ကွန်ပစ်ကာ တံငါအဖြစ်ဖြင့် အသက်မွေးကြ၏။ အချို့လည်း တော တွင်းတို့ လှည့်လည်ကာ သားကောင်များကို ပစ်ခတ် စားသောက် ကြ၏။ ထိုအခါ တရုပ်တို့သည် ကျောက်ခေတ်က လူများကဲ့သို့ အရိုင်းဘဝ၌ပင် ရှိသေး၏။ ဤသို့ နေထိုင် စားသောက်ကြစဉ်

တရုပ်တို့၏ အခြေအနေကို ပြောင်းလဲမည့် လူများသည် ဝိုင်းမြစ်ဝှမ်းသို့ ရုတ်ဘရက် ဝင်ရောက်လာကြ၏။ ထိုလူများသည် အာရှတိုက် အလယ်ပိုင်းမှ တစတစ ရွှေ့ပြောင်း နေထိုင်လာကြသောသူများဖြစ်၏။ နွား၊ ကျွဲ၊ ဝက် များကို အတူတကွ ယူဆောင် လာကြ၏။ ဝိုင်းမြစ်ဝှမ်းသည် မြေဩဇာ ကောင်း၍ ရေနှင့် နီးကပ်သောကြောင့် လူသစ်များသည် အလွန်နှစ်သက်ကြ၏။ လူဟောင်းများသည် လူသစ်များကို ခုခံ တိုက်ခိုက်ကြသော်လည်း လူသစ်များသည် သံဖြင့် ပြုလုပ်ထားသော ဓား လှံ လက်နက်များဖြင့် ပြန်လှန် တိုက်ခိုက် ကြသောကြောင့် အရှုံးပေး၍ လူသစ်များနှင့် ဝေးလံသော အရပ်သို့ ပြောင်းရွှေ့ သွားကြရ၏။ လူဟောင်းအချို့လည်း လူသစ်များနှင့် ခိုက်ရန် မပြုဘဲ မိတ်ဆွေဖွဲ့ကာ အတူတကွ နေထိုင်ကြ၏။ နှစ်ပေါင်း အတန် ကြာသောသခါ လူဟောင်းနှင့် လူသစ်များသည် ရောနှောကာ ပေါင်းသင်းနေထိုင်ကြလျက် လူတမျိုးတည်းကဲ့သို့ ဖြစ်သွား၏။ ဤသို့ လူဟောင်းနှင့် လူသစ် ရောနှောသွားသော်လည်း တရုပ်လူမျိုး ဟူ၍ပင် အမည်တွင်၏။

ရွှေသဲဝါမြစ်။ ။ဟွန်ဟိုမြစ်သည် မြေဩဇာ ကောင်းသော သဲနုံးများကို မြစ်ညာမှယူဆောင်လာပြီးလျှင် မြစ်ကမ်းပါးကို မကြာခဏ ရေလွှမ်းမိုးစေတတ်၏။ ရေကျသွားသောအခါ သဲနုံးဝါများသည် မြစ်ကမ်းပါးပေါ်တွင် တင်၍ ကျန်ရစ်၏။ သဲနုံးဝါများသည် လယ်ယာစိုက်ပျိုးရန်အတွက် အလွန် မြေဩဇာ ကောင်းလေသည်။ နှစ်စဉ် နှစ်စဉ် သဲနုံးဝါများသည် ရွှေရောင်ကဲ့သို့ တလျှပ်လျှပ်ဖြင့် မြစ်အဘွင်းဘွင် မျောပါလာလေ့ ရှိသောကြောင့် တရုပ်ကဗျာဆရာကြီးများသည် ဟွန်ဟိုမြစ်ကို "ရွှေသဲဝါမြစ်"ဟု ခေါ်စမှတ်

ပြုကြ၏။ လူသစ်များသည် လယ်ယာစိုက်ပျိုးခြင်း၌ ကျွမ်းကျင်၏။ ပြောင်း၊ ဆတ်၊ လူး၊ စပါးများကို စိုက်ပျိုးကြ၏။ ကုန်းကျသော အရပ်များတွင် ခြံကြီးများ ပြုလုပ်ကာ ကြံပင်များ၊ ပိုးစာပင်များကို စိုက်ပျိုး ကြပြန်၏။ ယာခင်းများတွင်လည်းသစ်သီးမျိုးစုံကို စိုက်ပျိုးကြ၏။ မြစ်နှင့် ဝေးသော အရပ်များတွင် စိုက်ပျိုးရန်အတွက် တူးမြောင်းများကို တူးကြပြီးလျှင် ဟွန်ဟိုမြစ်မှ ရေကို သွယ်ယူကြ၏။ ဝိုင်းမြစ်ဝှမ်းနှင့် ဟွန်ဟိုမြစ် တလျှောက်တွင် ဆည်မြောင်းများသည် ပင့်ကူအိမ်သဖွယ် အသွယ်သွယ် ယှက်သန်းလျက် ရှိလေသည်။

ပိုး။ ။ကမ္ဘာပေါ်တွင် မည်သည့်လူမျိုးမှ အဝတ်အစားကို ကျနသေသပ်စွာ မဝတ်စား မဆင်ယင် တတ်မီကပင် တရုပ်တို့သည် ဝတ်စားဆင်ယင်တတ်ပေ၏။ လှပ ဆန်းကြယ်စွာ ရက်တတ်၊ ချုပ်တတ်လေ၏။ အခြားနိုင်ငံများတွင် ချည်ထည်များ ဖြစ်ရန် အတန်တန် ကြိုးစား ရက်လုပ်နေရသောအခါ၌ တရုပ်တို့သည် ပိုးထည်အသုံးအဆောင် များနှင့် နုနုဖတ်ဖတ် ယဉ်ယဉ် ကျေးကျေး နေထိုင်လျက် ရှိကြလေပြီ။ ခြံကြီးများတွင် ပိုးစာပင် အမြောက်အမြားကိုစိုက်ပျိုးကာ ပိုးကောင်များကို မွေးမြူကြ၏။ ပိုးမျှင်များကို စုဆောင်း၍ ပိုးထည်များကို ရက်လုပ်ကြ၏။ အလှ အပ အနုအယဉ် အတွက် ပိုးထည်များ ကိုသာ သုံးစွဲကြ၏။ သာမန်ဆင်းရဲသား အလုပ်ကြမ်းသမားများလည်း ချည်ထည်ကို လုံလုံလောက်လောက် သုံးစွဲနိုင်ကြ၏။ ချည်ထည် ရက်လုပ်သော အတတ်ကို လူသစ်များသည် ဝိုင်းမြစ်ဝှမ်းသို့ မရောက်မီ အာရှတိုက် အလယ်ပိုင်း၌ နေကြစဉ်ကပင် တဖက်ကမ်းခပ်အောင် တတ်မြောက်ခဲ့ကြ၏။



တရုပ်ကြွေပန်းအိုး

ကြွေ။ ။မြေနှင့် ပတ်သက်သော မြေအိုး၊ မြေခွက်၊ မြေကရား စသော အသုံးအဆောင်များကို တရုပ်တို့သည် ကျနကောင်းမွန်စွာ လုပ်တတ်ကြ၏။ စိတ်ကူးဉာဏ်ကူး ရှိတိုင်း အမျိုးမျိုး လုပ်ကိုင်ကြ၏။ အိမ်တိုင်း အိမ်တိုင်း မီးဖိုချောင် အသုံးအဆောင်များကို မြေနှင့် သပ်ယပ်စွာ လုပ်ကိုင်ကြ၏။ ထိုအသုံးအဆောင်

များကို အာရှတိုက် အလယ်ပိုင်း၌ နေစဉ်ကပင် လုပ်တတ်ခဲ့ကြ၏။ ဝိုင်းမြစ်ဝှမ်းသို့ ရောက်သောအခါ အုတ်များကို ဖုတ်တတ်ကြ၏။ မြေအိုး၊ မြေခွက်၊ မြေပန်းကန် စသော အသုံး အဆောင် များကို ကြွေရည်သုတ်တတ် လာကြ၏။ ဘီ၊ စီ၊ ၃၀၀၀ ခန့်က တရုပ်တို့ သုံးစွဲ လုပ်ကိုင်ခဲ့သော ကြွေညောင်ရေအိုးကလေးများ၊ ကြွေငုံး၊ ကြွေခွက်ကလေးများသည် အလွန် လှပသေသပ်ရာ၊ ယခုခေတ် ယဉ်ကျေးသည်ဟုဆိုသော အနောက်တိုင်း နိုင်ငံများမှ ကြွေထည် လုပ်ငန်းများသည် ထိုတရုပ်တို့၏ လက်ရာကို တပြိုင်၍ မမှီနိုင်ကြ သေးချေ။

လက်မှုပညာ။ ။ယဉ်ကျေးစ အခါကပင် တရုပ်တို့သည် လက်မှု ပညာ၌ ကမ္ဘာပေါ်တွင် ထိပ်တန်းသို့ ရောက်ခဲ့၏။ အတည်တကျ အိမ်နှင့် ယာနှင့် စိုက်ပျိုးလုပ်ကိုင် နေကြသောအခါ ဝိုင်းမြစ် ဝှမ်း တွင် အိမ်ကောင်း၊ အိမ်မွန်များကို ဆောက်လုပ် နေထိုင်ကြ၏။ အများအားဖြင့် ပျဉ်းခင်း ပျဉ်ကာ အိမ်များ၊ အုတ်ခင်း ပျဉ်ကာ အိမ်များကို ဆောက်လုပ်ကြ၏။ အထူးသဖြင့် အိမ်ခေါင်မိုးများကို ဂရုတစိုက် မွမ်းမံ ချယ်လှယ်ကြလေသည်။ အိမ်ခေါင်မိုး များကို နှစ်ဆင့် သုံးဆင့် တင်လျက် ဆောက်လုပ်ကြ၏။ ခေါင်မိုးများ၌ လည်း လှပ ဆန်းကြယ်စွာ နဂါး၊ တိုးနှရား စသော အကောင် အမျိုးမျိုး၏ ပုံပန်း သဏ္ဌာန်များကို ထုလုပ်လျက် တပ်ဆင် ထား တတ်ကြသည်။ အမိုးကို အုတ်ကြွပ်မိုးကြသည်။ အိမ်အနီး အနားရှိ ချောင်းကလေးများပေါ်သို့ ဖြတ်သန်းကာ သစ်သားခုံးတန်တား ကလေးများကိုလည်း ဆောက်လုပ်ကြ၏။ ဤသို့ လှပစွာ စီစဉ် တတ်သည်ကို ထောက်သဖြင့် ပဝေဏီကပင် တရုပ်တို့သည် မ[illegible] မျှ မျက်စိ ယဉ်ကြောင်း၊ လက်မြောက်ကြောင်းကို သိနိုင်၏။

တရုပ်တို့၏ ကမ္ဘာ့ထိပ်တန်း လက်မှုပညာတရပ်

ပန်းချီ။ ။အာရှတိုက် အလယ်ပိုင်းမှ ထွက်လာကြသော အခါ တရုပ်လူမျိုး ဖြစ်လာမည့် လူများသည် တောနက်ကြီးများကို ဖြတ် သန်းခဲ့ကြ၏။ ကျေးငှက်များ မူးထူး ပျော်ရွှင်ရာ ရေအိုင်ကြီး များနှင့် ရွှေငါး ငွေငါးကလေးများ လူးလာ ကူးခပ်သော စမ်း ချောင်းကလေးများအနီးသို့ ရောက်ခဲ့ကြ၏။မြင့်မားသော တောင် ကြီးများပေါ်သို့ တက်ရောက်ကာ ဆင်းသက်ကာ လာခဲ့ကြ၏။ အဖလက်ထက်မှ သားလက်ထက်၊ သားလက်ထက်မှ မြေးလက် ထက် စသည်ဖြင့် အစဉ်တစိုက် တောတောင်ထဲ၌ အနေများခဲ့ကြ သဖြင့် ဝိုင်းမြစ်ဝှမ်းသို့ ရောက်သောအခါ တောတောင်များ၏ သာယာပုံကို မမေ့ပျောက်နိုင်ကြပေ။ အိမ်နှင့် ယာနှင့် အတည် တကျ နေကြသောအခါ မင်ဖြင့်ရင်း၊ ဆေးရောင်ဖြင့်ရင်း၊ တော ကား တောင်ကားများ ကို ရေးဆွဲကြ၏။ တောပုံ တောင်ပုံများ သည်လည်း ပကတိ တောတောင်များကဲ့သို့ မြင်သူတို့၏ စိတ်ကို ကြည်နူးအောင် စွမ်းဆောင်နိုင်ကြ၏။ ယဉ်ကျေးခါစ ဖြစ်သော တရုပ်တို့သည် ပန်းချီအတတ်၌ ချီးမွမ်း ထိုက်လောက်အောင် ကောင်းမွန်စွာ ကျွမ်းကျင်လှပေသည်။

ပန်းပု။ ။တရုပ်တို့သည် ပန်းပု အတတ်ကိုလည်း တတ်မြောက်ကြ ၏။ ဆင်စွယ်၊ ကျောက်စိမ်း၊ သစ်သား အမျိုးမျိုးကို ရုပ်လုံးပေါ် အောင် ထုတတ်ကြ၏။ စိတ်ရှည် လက်ရှည်ဖြင့် ဆင်စွယ်များ၊ ကျောက်စိမ်းများ၊သစ်သားများတွင်လည်း အရုပ်များပေါ်အောင် ထွင်းတတ်ကြ၏။ သို့သော် ထုလုပ်သောအရုပ် ထွင်းထားသော အရုပ်များသည် ပန်းချီကားများလောက် မကောင်းမွန် မပြတ် သားချေ။ လူရုပ်ပုံနှင့် တိရစ္ဆာန်ပုံများကို ထုလုပ်ရာ၌ ပုံပန်း မကျ လှချေ။ သို့ပါလျက် ပန်းပု အတတ်ကို ကမ္ဘာပေါ်တွင် တရုပ်

လူမျိုးများသာ ပဌမဦးဆုံး တတ်ကျွမ်းကြသည်။ ထိုမျှမကသေး မိန်းကလေးများ စီးရန် အကွက်ဖော်ထားသော ပုတီးစေ့ ရောင်စုံ ဘိနပ်များကိုပင် ထိုးတတ်ကြ၏။

ကြေးမုံ။ ။ကြေးခေတ်၊ သံခေတ်၌ မွေးဖွား ကြီးပြင်းလာကြသော သူများဖြစ်သဖြင့် သံနှင့် ကြေးများကို တူးဖော်တတ်၏။ အသုံးချတတ်၏။ သံကို ကြမ်းကြမ်း တမ်းတမ်း အခိုင်အမာ အသုံးပြုရမည့် ဓား၊ လှံ၊ လက်နက်၊ ထွန်သွား စသော အသုံးအဆောင်များပြုလုပ်ကြ၏။ ကြေးကို နူးနူးညံ့ညံ့ ကိုင်တွယ်ရသော ကြေးအိုးများ၊ ကြေးဇွန်းများ၊ လင်ပန်းများ စသော အရာဝတ္ထု အမျိုးမျိုး ပြုလုပ်၍ သုံးစွဲ၏။ အထူးသဖြင့် အိမ်၌ အလှ ပြင်ဆင်စရာ နေရာများ၌ အလှ ထားတတ်ကြ၏။ ထိုအခါက ကြေးပြားများကို ပြောင်ချောနေအောင် ပွတ်တိုက် ပြီးလျှင် ဘောင်များ တပ်ဆင်လျက် ဘောင်ပေါ်တွင် ရုပ်လုံးကလေးများ ထုလုပ်၍ ဝန်းရံကာ ယခုခေတ် ကျွန်ုပ်တို့ ကြည့်ရှုသော မှန်ကဲ့သို့ အသုံးပြုလေသည်။ ထို ကြေးပြားများကို ကြေးမုံဟု ခေါ်သည်။

စာပေ။ ။အနေအထိုင် အသုံးအဆောင် များ၌ စည်းကမ်းတကျ နေထိုင်သော လူမျိုးသည် စာပေကို "ထွင်" ရန် မခဲယဉ်းပေ။ ပဌမ၌ ယဉ်ကျေးခါစ လူများ၏ ထုံးစံအတိုင်း စာကို ရုပ်ပုံဖြင့် ရေးသားကြ၏။ နေကို ဤကဲ့သို့ (⊙) ရေး၏။ လကို ဤကဲ့သို့ (☽) ရေး၏။ တစတစ ချဲ့ထွင်လာရာ စာလုံးပေါင်း မြောက်မြားစွာ တိုးတက်လာပြီးလျှင် မိမိတို့ ရေးသားလိုသော စကားကို စာလုံးဖြင့် ရေးသား ဖော်ပြနိုင်ကြသည်။ ရေးဖန် များသော အခါ နေကို အဝိုင်းအစား ဤကဲ့သို့ (日) ရေး၏။ လကိုလည်း လခြမ်းအစား

ဤကဲ့သို့( )ပြောင်းလဲ ရေးသား၏။ စာရေးသားသော အခါ စုတ်တံများကို အသုံးပြုကြ၏။ သစ်သားပြား၊ ဝါးခြမ်း၊ ပိုးစများ ပေါ်တွင် မင်ဖြင့် စာများကို ရေးကြသည်။ မြန်မာစာကဲ့သို့ လက်ဝဲဖက်မှ စတင်၍ လကျာ်ဖက်သို့ မရေးသားချေ။ လကျာ်ဖက်တွင် စ၍ အပေါ်မှ အောက်သို့ တလုံးပြီးလျှင် တလုံး အစဉ် အတိုင်း ရေးသားကြ၏။ ဆုံးလျှင် လက်ဝဲဖက်သို့ ကူးကာ ကူးကာ အပေါ်မှ အောက်သို့ ဆက်လက်၍ ရေးသားကြလေသည်။

စာအုပ်။ ။မြန်မာဘုန်းတော်ကြီးများ ကျောင်း၌ ပေစာထုပ် များ၊ကမ္မဝါစာထုပ်များကို တွေ့မြင်ဘူးကြပေလိမ့်မည်။ ရှေးတရုပ် တို့သည် ပေစာထုပ်များနှင့်တူသော စာချုပ်ထုပ်များကို အသုံးပြု ကြသည်။ သူတို့ ရေးသားကြသော သစ်သားပါးပါး ကလေးများ နှင့် ဝါးပြားကလေးများတွင် ဘေးနှင်ဖက်၌ အပေါက်ကလေးများ ဖောက်ထားကြ၏။ ရေးသား၍ပြီးသော စာချုပ်များကို တပြား ပေါ်၌ တပြားဆင့်၍ ထားပြီးလျှင် ဖောက်ထားသော အပေါက် ကလေးများထဲသို့ ပိုးကြိုးများ သွင်းကာ ချည်နှောင် ထားတတ် ကြ၏။ ရံဖန်ရံခါ သားရေပြားများနှင့် ရစ်ပတ်ထားကြလေသည်။ ထိုစာထုပ်များသည် ရှေးတရုပ်များ ဖတ်ရှုလေ့လာကြသော စာ အုပ်များ ဖြစ်ပေ၏။

ပြက္ခဒိန်။ ။တရုပ်တို့သည် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများ ဖြစ် သောကြောင့် ပြက္ခဒိန် ထားကြလေသည်။ သို့သော် ယဉ်ကျေးခါစ လူများကဲ့သို့ နေ့ရက်ကို အရေးမထားကြချေ။ လဘယ်နှစ်ခါ ပြည့် သည်ကိုသာ ရေတွက်ကြ၏။ တရုပ်ပြက္ခဒိန်၌ တနှစ်တွင် (၁၂)လ ရှိ၏။ သုံးနှစ်တကြိမ် (၁) လ တိုး၍ (၁၃) လ ထားလေသည်။



တရုပ်ပိုက်ဆံ

ကျွန်ုပ်တို့ မြန်မာဝါထပ်နှစ်ကွဲသို့ပင် ဖြစ်၏။ တလတွင် ရက်ပေါင်း (၃၀) သတ်မှတ်ထား၏။ တပတ်တွင် ကျွန်ုပ်တို့ မြန်မာလူမျိုးကဲ့သို့ (၇) ရက်မထား (၁၀) ရက် စီ ထားလေသည်။

ကြေးငွေ။ ။ဝိုင်းမြစ်ဝှမ်းတွင် စတင် နေထိုင်ကြသော တရုပ်တို့ သည် လက်မှုပညာ၌ တမျိုးစီ တတ်ကြသဖြင့် အချင်းချင်းလည်း

ကုန်ချင်း ဖလှယ်ကြ၏။ ရှာနီးနားချင်းများနှင့်လည်း အရောင်းအဝယ် ပြုကြ၏။ ဝိုင်းမြစ်ဝှမ်းနှင့် ဝေးလံသော အရပ်များမှ လာရောက်လဲလှယ်ကြသော သူများနှင့်လည်း ကုန်ချင်းဖလှယ်ကြ၏။ ဘီ၊ စီ၊ ၃၀၀၀ ခန့်ကတည်းကပင် တရုပ်တို့သည် ကုန်ရောင်းကုန်ဝယ်၌ အတွေ့အကြုံများခဲ့ကြ၏။ နားလည်ခဲ့ကြ၏။ ပဌမဦးဆုံး အရောင်းအဝယ် ပြုရာ၌ ခရုခွံ၊ ကနုကမာခွံများကို ကြေးငွေအဖြစ် တန်ဖိုးဖြတ်၍ အသုံးပြုကြ၏။ ဓါးနှင့်ခွင်နှင့် အလေးများကိုလည်း အသုံးပြုနေကြပြီဖြစ်၍ ရောင်းရဝယ်ရ လွယ်ကူကြလေသည်။ ခရုခွံ၊ ကနုကမာခွံများကို အသုံးပြုရာမှ တဖြည်းဖြည်း ကြေးပြားအဝိုင်းကလေးများတွင် လေးထောင့်အပေါက်ကလေးကို ဖောက်ကာ ပိုက်ဆံအဖြစ် အသုံးပြုကြ၏။ ကမ္ဘာပေါ်တွင် အရောင်းအဝယ်ပြုရာ၌ ဖလှယ်ခြင်းစံနစ်မှ ကြေးငွေဖြင့် ရောင်းဝယ်ခြင်း စံနစ်ကို တရုပ်များက စ၍ ထွင်လေသည်။

မိဘ။ ။ရှေးပဝေဏီကစ၍ တရုပ်တို့သည် မိဘကို အလွန်ရိုသေကြ၏။ မိဘများလည်း သားသမီးများကို ကြီးပွါးချမ်းသာရန် ဂရုပြု၍ သွန်သင်ဆုံးမကြ၏။ ကြည့်ရှုထောက်ပံ့ကြ၏။ သားသမီးများသည် ငယ်ရွယ်စဉ်ကပင် အိမ်ထောင်ပြုကြသဖြင့် ဆွေမျိုးများ လျင်မြန်စွာ ထွန်းကားကြလေသည်။ ဆွေမျိုးတစု၌ ဆွေငါးဆက်တိုင်အောင် စုစုရုံးရုံး ရှိလျှင် ဂုဏ်ရှိသည်ဟု ယူဆကြ၏။ သားသမီးများသည် အိမ်ထောင်ကျသော်လည်း မိဘနှင့်ခွဲ၍ တအိမ်တဆောင်မနေကြဘဲ မိဘအိမ်မှာသာ စုရုံးနေထိုင် တတ်ကြလေသည်။ အသီးသီး ရှာဖွေစုဆောင်း၍ ရသော ကြေးငွေများကိုလည်း စုပေါင်းထား၏။ စုထားသော ငွေထဲမှပင် သုံးစွဲစရာများကို သုံး၏။ နာဖျား မကျန်းမမာရှိသူများအတွက်လည်း စုငွေထဲမှပင် သုံးစွဲ၏။

ဆွေမျိုးထဲမှ အသက်ကြီးရင့်၍ မလုပ်နိုင် မကိုင်နိုင်သော သူများကိုလည်း စုဝေမွေမပင် ထောက်ပံ့ ပေးကမ်း၏။ သို့သော် ဆွေမျိုးထဲမှ ဆိုးသွမ်း မိုက်မဲသော သူကို ဆွေမျိုးစာရင်းမှ ပယ်ဖျက်တတ်ကြသည်။ "သားသမီးမကောင်း မိဘခေါင်း" ဆိုသကဲ့သို့ သားသမီးများ အကျင့် ဆိုးရွားကလည်း မိဘများကိုသာ အပြစ်တင်တတ်ကြ၏။ ဆွေမျိုးထဲ၌ အကျင့် မကောင်းသူ ရှိလျှင်လည်း ကျန်သော ဆွေမျိုးများကို ထိခိုက် ပြောဆိုတတ်ကြသည်။ ထို့ကြောင့် တရုပ်တို့သည် ဆွေဂုဏ်မျိုးဂုဏ်ကို အလွန် စောင့်စည်းကြသည်။ ဆွေမျိုးအချင်းချင်း အလွန်ယိုင်းပင်းကြသည်။ မိဘဘိုးဘွားတို့၏စကားကို မြေဝယ်မကျ နားထောင်ကြသည်။ ဤသို့ ဆွေမျိုးတစုစီ တစုစီဖြင့် အမျိုးပေါင်းများစွာ ထွန်းကား လာ၏။ ဆွေမျိုးများ တစုနှင့် တစု လက်ထပ် ထိမ်းမြားလိုလျှင် မိန်းကလေးသည် ယောကျ်ားကလေး၏ ဆွေမျိုး စာရင်းထဲသို့ သွတ်သွင်းခြင်းခံရလေ၏။ ဆွေမျိုးများသည် နေရာ အရပ်ရပ်ကို လိုက်၍ "တန်မျိုး" "အော်မျိုး" "ကျူမျိုး" စသည်ဖြင့် မြောက်မြားစွာ ရှိလေသည်။

ရိုးရာ။ ။မိဘကို အသက်ရှင် နေစဉ်တွင်သာ ရိုသေကြသည် မဟုတ်။ ကွယ်လွန်သွားသော မိဘများကို သားသမီးများသည် ဂရုစိုက်ကြပေသည်။ အထူးသဖြင့် ဖခင်ကို ပိုမို၍ အလေးဂရုပြုကြသည်။ ဖခင်သေလွန်လျှင် နောင်ဘဝ၌ခရီးကောင်းမွန်စွာ သွားနိုင်ရန်ကြေးငွေ၊ အဝတ်အစား၊ မြင်းရုပ်ကလေးများကိုပါ ခေါင်းထဲ၌ ထည့်သွင်းမြှုပ်နှံကြ၏။ သေသူ၏ ဝိညာဉ်သည် အလောင်းကောင်၌သာ နေထိုင်သည်ဟု အယူရှိကြသောကြောင့် သားသမီးများသည် ဖခင်၏အလောင်း၊ မိခင်၏အလောင်းများကို ကောင်းမွန်စွာ

အုတ်ဂူများတွင် သွင်းလျက်ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်ထားတတ်ကြသည်။ သားသမီးများသည် ဤကဲ့သို့ ရှိသေကိုင်းရှိုင်းလျှင် သေသွားသော မိဘတို့၏ ဝိညာဉ်သည် သားသမီးများကို လာရောက်စောင့်မကြည့်ရှုသည်ဟုလည်း အယူရှိကြသည်။ သို့သော် သားကောင်းမှန်သမျှသည် သေသွားသော မိဘတို့ကို ပူဇော်ရာ၌ မိဘတို့ထံမှ စောင့်မကြည့်ရှုခြင်းခံရအောင် မြှော်လင့်၍ ပူဇော်ခြင်း မဟုတ်ပေ။ ရိုသေသမှု သက်သက် အတွက်သာ ပူဇော်ခြင်း ဖြစ်၏။ ခရီးထွက်မည် ဖြစ်စေ၊ အရောင်းအဝယ် တခုခုကိုစတင် လုပ်ကိုင်မည်ဖြစ်စေ၊ လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းသော အခါ ဖြစ်စေ ရိုးရာကို တင်မြှောက် ပ,သ တိုင်ကြားရလေသည်။ ဤသို့သော ထုံးစံများကြောင့် သေသွားသော မိဘဘိုးဘွားများကို အသက်ရှင်လျက် ကျန်ရစ်ခဲ့သော သားသမီး များသည် အမြဲ သတိရကြလေသည်။

နတ်နှင့် တစ္ဆေ။ ။ယဉ်ကျေးခါစ ဖြစ်သော တရုပ်တို့သည် မည်မျှပင် နေမှုထိုင်မှုတို့၌အခြားနိုင်ငံများထက် တိုးတက်စေကာမူ ရှေးသူဟောင်းတို့ ယုံကြည်ကိုးကွယ်ခဲ့သော နတ်များ၊ တစ္ဆေများကို မစွန့်ပစ်ရဲကြချေ။ သူတို့သည် နတ်ကောင်း နတ်မြတ်များကိုရင်း အစိမ်းသူရဲများကိုရင်း ယုံကြည် ကိုးကွယ် ကြသည်။ အနေအထိုင် မသန့်ရှင်း၍ရင်း၊ အစားအသောက် မဆင်ခြင်၍ရင်း၊ ဖြစ်ပွါးသော ရောဂါများကိုပင် အစိမ်းသူရဲများက ဖမ်းစားသည်ဟု ထင်ကြ၏။ လျှင်လှုပ်ခြင်း၊ ရေကြီးခြင်းများကိုလည်း နတ်ကြီးများ စိတ်ဆိုး၍ နှောင့်ယှက်သည်ဟု ယုံကြည်ကြ၏။ ဤသို့ မိမိတို့စိတ်၌ ဖြစ်ပေါ်လာတိုင်း ရိုးရာများ အပြင် နတ်များ တစ္ဆေများကို ပ,သကြလေသည်။ သို့သော် တရုပ်တို့ကို အပြစ်တင်စရာ မလို။ ယခု ခေတ်

၌ ယဉ်ကျေးသည်ဟု ဆိုသော အနောက် နိုင်ငံများ၌ပင် စာမတတ် သူများသည် ဤသို့သော တစ္ဆေများကို ယုံကြည်လျက်ပင် ရှိသေးသည်။

ဘုရား။ ။တစ္ဆေသူရဲနှင့် မိဘဘိုးဘွားများအပြင် ဘုရားကိုလည်း ရှိခိုးကြသည်။ တရုပ်လူမျိုး၏ ဘုရားသည် ကောင်းကင်ကြီးဖြစ်၏။ ကောင်းကင်ကို တရုပ်ဘာသာဖြင့် "တင်"ဟု ခေါ်သည်။ ကောင်းကင်ကြီးသည် အရာခပ်သိမ်းကို အုပ်ချုပ် စိုးမိုးသော ကြောင့် "လောကကြီး၏မင်း" ဟု ခေါ်စမှတ် ပြု၏။ တရုပ်ဘာသာဖြင့် "ရှန်တီ" ဟု ခေါ်၏။ "လောကကြီး၏မင်း"တွင် နေ၊ လ၊ ကြယ် မြေ စသော မှူးကြီး မတ်ကြီးများရှိ၏။ ထိုမှူးကြီး မတ်ကြီးများကိုလည်း ပူဇော်ကန်တော့ကြ၏။ ဤဘုရားများ အပြင် ယဇ် ပူဇော်ပွဲများကိုလည်း ကျင်းပကြသေးသည်။

တရုပ်နိုင်ငံ။ ။ဝိုင်းမြစ်ဝှမ်းတွင် တရုပ်တို့ စတင် နေထိုင်ကြ၍ နောင်အခါ၌ တဖြည်းဖြည်း လူဦးရေ တိုးပွါးလာသောကြောင့် နေရာချဲ့ကြရပြန်၏။ ဝိုင်းမြစ်တောင်ဖက် တလျှောက် ယန်စီမြစ်[၃] အထိ မြေပြင်သည် မြေနုများဖြင့် မြေဩဇာကောင်းမွန်သော ကြောင့် ဝိုင်းမြစ်ဝှမ်းတွင် အနေ ကျပ်တည်းသော တရုပ်များသည် ထိုအရပ်များသို့ တရွေ့ရွေ့ ပြောင်းကြကာ ရွာကြီး ရွာငယ်များ တည်ထောင် နေထိုင်ကြလေသည်။ ရွာကြီး ရွာငယ်များသည် တဖြည်းဖြည်း မြို့ကလေးများ ဖြစ်လာကြ၏။ မြို့ရိုး ကျုံးမြောင်းများဖြင့် တမြို့စီ တမြို့စီ အများအပြား ပေါ်ပေါက်လာ၏။ ဟွန်ဟိုမြစ်နှင့် ယန်စီမြစ် အကြားတွင် ထိုကဲ့သို့သော

၃ *The Yangtse River*

မြို့ကလေးပေါင်း များစွာ တည်ရှိခဲ့လေသည်။ ထိုအခါမှ စ၍ ကမ္ဘာပေါ်တွင် တရုပ်နိုင်ငံဟူ၍ ပေါ်ပေါက်လာလေ၏။

ဘီ၊ စီ၊ ၃၀၀၀ ခန့်က။ ။ဘီ၊ စီ၊ ၃၀၀၀ ခန့်က တရုပ်နိုင်ငံတွင် "ဖုရှီ" အမည်ရှိသော မင်းသည် စတင် အုပ်စိုးလေသည်။ ယောင်း-ရှန်း-ယူး စသောဘုရင်များလည်း ဆက်လက် အုပ်စိုးခဲ့ကြ၏။ သို့သော် တရုပ်တို့သည် လယ်ယာလုပ်ကိုင်မှု၌သာ ကြိုးပမ်း ဆောင်ရွက်ကာ ကိုယ့်အလုပ်ကိုယ်စီနှင့် အေးချမ်းငြိမ်သက်စွာ နေထိုင်ကြသောကြောင့် မင်းများသည် အထူးအထွေ စီမံ အုပ်ချုပ်ရန် မလိုခဲ့ပေ။

ချောင်မင်းဆက် [၄]။ ။ဘီ၊စီ၊ ၁၀၀၀ ကျော်ခန့် ရောက်သောအခါ တရုပ်နိုင်ငံ အနောက်ပိုင်း ချောင်နယ်မှ ဝူဝန် [၅] အမည်ရှိသော မင်းသားသည် တရုပ် နိုင်ငံတခုလုံးကို သိမ်းပိုက် အုပ်စိုးလေသည်။ ထိုမင်းလက်ထက်မှ စ၍ အနှစ် (၈၀၀)ကျော် တိုင်တိုင် ထိုမင်း၏ အနွယ်များသည် အဆက်မပြတ် အုပ်စိုးခဲ့သောကြောင့် တရုပ်နိုင်ငံကြီးကို ချောင်မင်းဆက်သည် နှစ်ပေါင်း အရှည်ကြာဆုံး အုပ်ချုပ်နိုင်သော မင်းဆက် ဖြစ်သည်။ ဝူဝန်မင်းသည် တရုပ်နိုင်ငံကြီးကို ရင်ဝယ် သားကဲ့သို့ အုပ်ချုပ်၏။ နိုင်ငံတလျှောက်လုံးတွင် စာသင်ကျောင်းများကို ဖွင့်လှစ်၏။ လူအိုရုံများကို အနှံ့အပြား ဆောက်လုပ်ကာ အိုမင်းမစွမ်းသောသူများကို ပြုစုကျွေးမွေးထောက်ပံ့၏။ ထိုခေတ်၌ ဤ လောက အကြင်နာတရားနှင့် အမျိုးသားများကို ချစ်ခင်စိတ်ထက်သန်သည့် မင်းမျိုးသည်ကမ္ဘာပေါ်ရှိ မည်သည့်ဘိုင်းနိုင်ငံတွင်မျှ မပေါ်ပေါက်သေးချေ။ ထိုခင်း

[၄] *The Chow Dynasty* [၅] *Wu Wang*

ကြီး၏ ညီတော် "ချောင်ကွန်း" အမည်ရှိ မင်းသားသည် ကျေးရွာ နယ်ပယ်များကို အုပ်ချုပ်သော အမှုထမ်း၊ အရာထမ်းတို့အတွက် စည်းမျဉ်းဥပဒေများကို စတင် ရေးဆွဲ ပြဋ္ဌာန်းခဲ့ပေသည်။ တိုင်းသူ ပြည်သားများအတွက်မူ တလုံးတစည်းတည်း ရှင်ဘုရင်အား မိဘ ကဲ့သို့ ရိုသေ ကိုင်းညွတ်ကြသဖြင့် အထူး ဥပဒေ သတ်မှတ်ခြင်း မပြုခဲ့ပေ။

အခန်း ၄

နိုင်းမြစ်ဝှမ်း အီဂျစ် ယဉ်ကျေးမှု

အီဂျစ်လူမျိုး။ ။အာဖရိကတိုက် အရှေ့မြောက်ပိုင်းတွင် တောင်ဖက်မှ မြောက်ဖက်သို့ ရှည်လျားစွာ စီးဆင်းသော နိုင်းမြစ်ကြီးသည် မြေထဲပင်လယ်သို့ စီးဝင်၏။ ကော်ကေးရှ တောင်တန်းမှ တောင်ဖက်သို့ ရွှေ့ပြောင်း နေထိုင်ကြသူများသည် ဘီ-စီ ၃၅၀၀ လောက်ကစ၍ နိုင်းမြစ်ဝှမ်းသို့ ရောက်လာကြသည်။ ထိုသူများကို အီဂျစ်လူမျိုးဟု ခေါ်၏။ နိုင်းမြစ်သည် နှစ်စဉ်နှစ်တိုင်း မြစ်ကမ်းပါး ပေါ်သို့ ရေလျှံကာ မြစ်ဝှမ်းတလျှောက်လုံးကို ရေလွှမ်းမိုးတတ်၏။ ရေကျသွားသောအခါ အတိုင်းမသိ ကျယ်ပြန့်သော ကမ်းခြေနှစ်ဖက်စလုံးတွင် နုံးများ တင်ရစ်ခဲ့လေသည်။ နုံးမြေသည် အလွန်မြေဩဇာ ကောင်းမွန်ရာ အီဂျစ်တို့သည် ထိုမြေများပေါ်တွင် လယ်ယာစိုက်ပျိုး လုပ်ကိုင်ကြ၏။ မြစ်နှင့်ဝေးသော အရပ်များသို့လည်း မြောင်းကြီးမြောင်းငယ်များ ဆက်ကာဆက်ကာ တူးဖောက်ကာ ရေသွယ်ယူကြကုန်၏။ စိုက်ပျိုးသော ကောက်ပဲသီးနှံများလည်း အလွန်သန့်စွမ်းအောင် မြင်၏။ နိုင်းမြစ်ဝှမ်းကို စတင်တွေ့ရှိ နေထိုင်ကတည်းကပင် အီဂျစ်တို့သည် လယ်သမားအဖြစ်ဖြင့် အတည်တကျ အိုးအိမ်ထူထောင်ကာ နေကြလေသည်။

မြေတိုင်းပညာ။ ။အီဂျစ်တို့သည် လယ်များကို ကန်သင်းဖို့ကာ အသီးသီး သတ်မှတ်ထားသော်လည်း၊ နိုင်းမြစ်မှ ရေလျှံသောအခါ



နိုင်းမြစ်ဝှမ်း(အီဂျစ်ပြည်)

လယ်ကန်သင်းများသည် ရေစား၍ ပျောက်ပျက်သွားတတ်၏။ ရေကျသွားသောအခါ သူ့လယ် ကိုယ့်လယ်စသည်ဖြင့် ငြင်းခုံကြသောကြောင့် နှစ်စဉ်နှစ်တိုင်း ရေလွှမ်းမိုးမည့်အချိန် နီးကပ်သောအခါ ကိုယ်ပိုင်လယ်များကို အနေအထား အကျယ်အဝန်း စသည်ဖြင့် သေချာစွာ မှတ်သားထားကြရ၏။ ဤသို့ လယ်များကို တိုင်းတာထားရခြင်းကြောင့် အီဂျစ်တို့သည် ရှေးပဝေဏီကပင် မြေတိုင်းပညာကို ကျနစွာ တတ်မြောက်ကြသည်။

နက္ခတ်ဆရာကြီးများ။ ။နိုင်းမြစ်ဝှမ်းတွင် စတင် နေထိုင်ချိန်၌ အီဂျစ်တို့သည် ယဉ်ကျေးစအခါက လူများကဲ့သို့ လူ့ရေးရာ၌ တိုးတက်ခြင်း မရှိသေးချေ။ သို့သော် နိုင်းမြစ်ဝှမ်း၏ ရာသီဥတု အခြေအနေသည် အီဂျစ်တို့၏ ယဉ်ကျေးမှုကို တိုးတက်စေ၏။ နိုင်းမြစ်ဝှမ်းတွင် ကောင်းကင်ကြီးသည် အမြဲလိုလိုပင် တိမ်တောင်တိမ်လိပ်ကင်းစင်၏။ ညအခါများတွင် ကြည်လင်သန့်ပသော လမင်းကြီးကိုငင်း၊ တလက်လက်ဖြင့် အနှံ့အပြား ပေါ်ထွက်လာသော ကြယ်များကိုငင်း၊ ထင်ထင် လင်းလင်း မြင်ရ၏။ အီဂျစ်တို့သည် အပျင်းပြေ ကြည့်ရှုစရာဟူ၍ နိုင်းမြစ်နှင့် ကောင်းကင်ပြင်ကြီးသာ ရှိသဖြင့် ညများ၌ ကြယ်ကလေးများ တရွေ့ရွေ့ သွားလာကြပုံ၊ ကြယ်ကလေးများ စုပေါင်း၍ မည်သည့်လ၌ မည်သည့်သဏ္ဌာန် ဖြစ်ပေါ်နေတတ်ပုံကို တဖြည်းဖြည်း ဂရုစိုက်မိကြ၏။ နှစ်ရှည် လများ မှတ်သားမိသောအခါ ကောင်းကင်၌ ကြယ် လတို့သည် မည်ကဲ့သို့ ပူးကပ်နေလျှင် မြေပြင်ပေါ်၌ လူတို့အခြေအနေ မည်သို့ ဖြစ်ပျက်တတ်သည်ကို သိမြင်လာကြ၏။ သိမြင်သည့်အတိုင်း မှတ်သားထားကြလေရာမှ အကြိမ်ကြိမ် ဤသို့ ထပ်မံ ဖြစ်ပေါ်တတ်ကြောင်းကို တွေ့ရသဖြင့်၊ နှောင်းခေတ်လူများသည် ကောင်းကင်မှ နက္ခတ်များ

၏ အခြေအနေကို ကြည့်ရှုကာ ရွှေရေးကို တင်ကြိုဟောပြောတတ်လာကြလေသည်။

ဤသို့ဟောပြောနိုင်ရန် အထူးသဖြင့် လေ့လာသော လူတစုသည် အီဂျစ်တို့အထဲ၌ ပေါ်ပေါက်လာလေ၏။ ထိုသူတို့ကို နက္ခတ်ဆရာကြီးများဟု ခေါ်၏။ နက္ခတ်ဆရာကြီးများသည် တထပ်အုတ်တိုက်ကလေးများ၌ နေ၍ ကြယ်လတို့၏ အသွားအလာ အပြောင်းအလဲကို အမြဲမှတ်သား၏။ လယ်သမားများအား ယင်ပူဇော်ရန် အချိန်ကို ပြောပြ၏။ နေ့ခင်းရေးကိုလည်း ဟော၏။ ထို့ကြောင့် အီဂျစ်တို့သည် နက္ခတ်ဆရာကြီးများကိုတရိုတသေကိုးကွယ်ကြသည်။

ပြက္ခဒိန်။ ။အီဂျစ်တို့သည် တနှစ်ကို (၁၂) လ ပိုင်းခြားကြ၏။ တလကို ရက်ပေါင်း (၃၀)ထားကြ၏။ ရာသီဥတုနှင့်ကိုက်မည်မထင်သော နှစ်၌ တလတိုး၍ (၁၃) လ ထားကြသည်။

နာရီ။ ။အီဂျစ်တို့၌ ရေနာရီနှင့် နေနာရီ နှစ်မျိုးရှိလေသည်။ ညအခါ၌ ရေနာရီကို အသုံးပြုကြသည်။ ရေနာရီသည် ယခုခေတ်၌ တွေ့ရှိရသော သံပတ်နာရီမျိုး မဟုတ်ပေ၊ မြေဇလုံကြီးမျှသာ ဖြစ်ချေသည်။ နေဝင်သည့် အချိန်မှစ၍ နေထွက်သည့် အချိန်အထိ တပေါက်တပေါက် ချလျှင် ကုန်မည့် ရေဆံ့ရုံ မြေဇလုံကို မှန်းဆ၍ လုပ်၏။ ထိုရေဇလုံအောက်၌ အပေါက်ငယ် တခုကို ဖောက်၏။ နေဝင်လျှင် အပေါက်ငယ်ကို ဖွင့်လိုက်၏။ ရေအပြည့်ထည့်ထားသော ဇလုံသည် တစိမ့်စိမ့် လျော့သွား၏။ ထက်ဝက်လျော့လျှင် သန်ကောင်ယံ အချိန်ဖြစ်၏။ ဇလုံ၌ ရေကုန်လျှင် မိုးလင်း၏။ ရေအလျော့ကိုကြည့်၍ အချိန်ကို ပြောကြ၏။

နေနာရီသည် မြေပေါ်၌ မတ်မတ် စိုက်ထားသော တုတ်တိုင်


ရေမှာရိ
နေမှာရိ

ကလေးဖြစ်၏။ ဆောင်းတွင်း၌ တုတ်တံမှ ကျသော အရိပ်သည် ရှည်၏။ နွေ၌ တို၏။ မွန်းတည့်လျှင် တိုင်အနီး၌ အရိပ်ရောက်၏။ နေအရိပ်ကို ကြည့်ပြီးလျှင် တိုင်းတာကာ အချိန်ကို ပြောနိုင်၏။

စာ။ ။တရုပ်လူမျိုးကဲ့သို့ အီဂျစ်လူမျိုးသည်လည်း အရုပ်ကလေး များ ရေးဆွဲကာ ဖော်ပြလိုသော စကားများကို ရေးသားကြ၏။ အီဂျစ်တို့ စတင်ရေးသားကြသော စာများသည် ပကတိ ရုပ်ပုံများ သာဖြစ်၏။ လူဆိုလျှင် လူနှင့်တူအောင် ရေးဆွဲ၏။ ကြက်ငှက်များ ကိုလည်း ထိုနည်းအတိုင်းပင် ရေးဆွဲကြ၏။ လူတိုင်း စာရေးတတ် လာသောအခါ လျင်မြန်စွာ ရေးကြသောကြောင့် ရှေးကကဲ့သို့ ရုပ်ပုံများသည် မထင်ရှားတော့ချေ။ အချို့လည်း ရုပ်ပုံများ ရေး သားရသည်မှာ များပြားလှသဖြင့် တဆင့်တိုးတက် ချုံ့ထွင်ကာ အသံထွက်ကိုလိုက်၍ ပေါင်းစပ် ရေးသားကြပြန်၏။ ဤနည်းဖြင့် ရုပ်ပုံများအဖြစ်မှ မြန်မာစာ၌ ရှိသည့် (က၊ ခ) အက္ခရာများကဲ့သို့ သော အက္ခရာများ ဖြစ်ပေါ်လာသည်။ ရှေးအီဂျစ်တို့သည် ငှက်ကို ဤကဲ့သို့ ( ) ရေးကြ၏။ ရေးဖန်များသောအခါ၊ (က) ကဲ့သို့ ဖြစ်ပေါ်လာသည်။ အီဂျစ်စာပေသည် အီဂျစ်နိုင်ငံမှ စပြီးလျှင် အနောက်နိုင်ငံ တလွှားသို့ ပြန့်၍ သွားလေ၏။

စာရေးသားရာ၌လည်း ကျူပင်ကလေးများကို ဖြန့်ကာ တခု နှင့်တခု စပ်လျက် ချုပ်ပြီးလျှင် စက္ကူကဲ့သို့ ရေးသားကြ၏။ မီး သွေးများ၊ ကျပ်ခိုးများကို ရေနှင့်ဖျော်စပ်၍ မင်ကဲ့သို့ တို့ကာရေး ကြ၏။ ကျူရိုးများကို ချွန်ပြီးလျှင် ကလောင်တံအဖြစ်ဖြင့် အသုံး ပြုကြသည်။

စာအုပ်။ ။အီဂျစ်တို့၌ တရုပ်တို့ကဲ့သို့ စာထုပ်များ မရှိကြချေ။

ရေးသားသော ကျူရှက်များသည် စက္ကူကဲ့သို့ လိပ်၍ရသော ကြောင့် လိပ်ပြီးလျှင် မြေအိုးကလေးများ၌ ထည့်သွင်း၍ သိမ်းဆည်းတတ်ကြသည်။စင်များလုပ်လျက် အိုးကလေးများကို စီတန်းတင်ထားတတ်ကြ၏။

ပန်းချီပန်းပု။ ။အိမ်နံရံများ၌၎င်း၊အသုံအပထားသော အိုးခွက်များ၌၎င်း၊ အီဂျစ်တို့သည် အရုပ်ကလေးများကို ရေးဆွဲကြပေသည်။ ထူးဆန်းသော အဖြစ်အပျက်များနှင့် ကိုယ်တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို တန်ဆောင်းများ၌၎င်း၊ လူသေမြှုပ်နှံရာ ဂူများပေါ်၌၎င်း ဆေးဖြင့် ရေးခြယ်တတ်ကြ၏။ သစ်သားနှင့် ကျောက်ပြားများပေါ်တွင်လည်း ထွင်း၍ တန်ဆောင်းများ၊ဂူများ၌ တန်ဆာဆင်ထားတတ်ကြ၏။ ဤသို့ အများအပြားထုထွင်းရေးခြယ် ထားခဲ့သောကြောင့် ယခုအခါ၌ ကျွန်ုပ်တို့သည်ရှေးအီဂျစ်တို့ နေထိုင်ပုံကို အသေအချာ သိရလေသည်။ ပန်းပုအဘတ်၌လည်း ပန်းချီအတတ်ကဲ့သို့ပင် ကောင်းမွန်ပေသည်။ တလက်မ၏ လေးပုံတပုံခန့်မျှ အရှည်ရှိသော ဆင်စွယ်ကလေးထဲ၌ ရှင်ဘုရင်တပါး၏ မျက်နှာပုံကို ထုထားခဲ့သည်မှာ ယခုခေတ် ဓာတ်ပုံရိုက်ကူးယူသော ပုံလောက်ပင် ပြတ်သားထင်ရှားပေသည်။ ပန်းပုပန်းချီသာမက ရွှေပန်းထိမ်အတတ်ကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ကြ၏။

အဝတ်အစား။ ။ အီဂျစ်တို့သည် အဝတ်အစားများကိုလည်းလှပကောင်းမွန်အောင် ရက်တတ်၏။ ရှင်ဘုရင်မှစ၍ ကြွယ်ဝချမ်းသာသူတို့သည် အဆင်အမျိုးမျိုး ရက်လုပ်ထားသော ပိတ်ပါ များကို ဝတ်ဆင်ကြ၏။ ရှေး မြန်မာရှင်ဘုရင်များ ကောင်းစားစဉ်က

နန်းတွင်းသူများ ဝတ်ဆင်သော ထဘီများကဲ့သို့ အီဂျစ် မိန်းမပျို များသည် တနံ့ချင်း အဝတ်များကို ခါး၌ ရစ်ပတ်ကာ ခြေမျက်စေ့ ဖုံးလုမတတ် ဝတ်ဆင်ကြသည်။ လူကုံထံ ယောကျ်ားများလည်း ဤနည်းအတိုင်းပင် ဝတ်ဆင်၏။ ကျွန်ယောကျ်ားများသည် အင်္ကျီ များ မဝတ်ကြရချေ။ ပိတ်စငယ်များ ကိုသာ ခါးတောင်းကျိုက် ကာ ဝတ်ဆင်ကြ၏။ တရုပ်တို့ကဲ့သို့ အီဂျစ်တို့သည် ပိုးထည်များကို မဝတ်ဆင်ကြရချေ။ ကမ္ဘာပေါ်တွင် ပိုးထည်ရှိမှန်းကိုပင် ထိုအချိန် အခါ၌ မသိကြသေး။ ဘိနပ်များလည်း ကျူပင်များမှလုပ်သော ဘိနပ်များသာ ဖြစ်၏။ တရုပ်တို့စီးသော ပုတီးစေ့ဘိနပ်များကို မမြင်ဘူးကြသေးချေ။

အိမ်။ ။နိုင်းမြစ်ကြီးသည် မြစ်ဖျားမှ ရွှံ့နွံများကို မျှောချလာ သဖြင့် မြစ်ရိုးတလျှောက်တွင် ရွှံ့ပေါ်များလေသည်။ လယ်ယာ မလုပ်ကိုင်နိုင်သော နေရာများ၌ ကျောက်စိုင် ကျောက်ခဲကြီးများ ရှိလေသည်။ နိုင်းမြစ်ဝှမ်းသည် ညီညာသော မြေပြင် ဖြစ်သော် လည်း လူများ စိုက်ပျိုးလုပ်ကိုင်သော အသီးအနှံမှလွဲ၍ သစ်ကြီး ဝါးကြီးများ မပေါက်သောကြောင့် အီဂျစ်တို့သည် သစ်သားဖြင့် အိမ်ခြေယာခြေ တည်ဆောက်လုပ်ကိုင်ရန် ခဲယဉ်းခဲ့ပေသည်။ နိုင်း မြစ်ဝှမ်းတွင် တနှစ်ပတ်လုံး နေအမြဲပူ၍ ရွှံ့ပေါ်များသည့် အတွက် ကြောင့် အီဂျစ်တို့သည် ဟိန္ဒူကုလားများဆောက်သော အိမ်ကဲ့သို့ ရွှံ့အိမ်များကို ရှေးဦးစွာ ဆောက်လုပ် နေထိုင်ကြ၏။ တဖြည်း ဖြည်း အုတ်ဖုတ်တတ်လာသောအခါမှ ဆင်းရဲချမ်းသာမရွေး အုတ် တထပ်တိုက်များ ဆောက်လုပ်၍ နေကြ၏။

ဆီမီး။ ။အိမ်များတွင် ညအခါ ဆီမီးခွက်ကို ထွန်းကြသည်။ ဆီ

မီးခွက်အလယ်၌ အပေါက်ငယ်တခု ဖောက်ပြီးလျှင် မီးစာကို ထည့်သွင်းထား၏။ မီးစာပတ်ဝန်းကျင်၌ ဆီထည့်လေသည်။ အီဂျစ် ဆီမီးခွက်သည် မြန်မာဆီမီးခွက်နှင့် အလွန်တူလေသည်။

အယူဝါဒ။ ။ယဉ်ကျေးစအခါက လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသူတိုင်းပင် နေ၊လ၊မြေများကို အသက် သခင် ကျေးဇူးရှင်များဟု အသိအမှတ်ပြု၍ ကိုးကွယ်ကြ၏။ အီဂျစ်တို့လည်း နေနှင့်မြေကို ရှိခိုးကြသည်။ ရှင်ဘုရင်များသည် နေမှ ဆင်းသက်လာသည်ဟု အယူရှိကြသည်။ မြန်မာတို့သည် နေထွက်မှ နေဝင်သည့်တိုင် နေနတ်သားသည် အရှေ့မှ အနောက်သို့ နေရထားကို မောင်းနှင်သွားလေသည်ဟု တင်စားသုံးသကဲ့သို့ အီဂျစ်တို့လည်း ကောင်းကင်ရှိနတ်မြစ်ကြီးတွင် နေနတ်သားသည် သုံးပင်တိုင် ရွက်သင်္ဘောကြီး လွှင့်ကာ အရှေ့မှ အနောက်သို့ သွားသည်ဟု တင်စား ပြောဆိုကြ၏။

နေနတ်အပြင် အီဂျစ်တို့သည် အသီးအနှံတို့၏ အရှင်မြေနတ်ကိုလည်း ကိုးကွယ်ကြသည်။ ကာလကြာလတ်သော် မြေနတ်သားသည် မြန်မာတို့ ယူဆသော ယမမင်းကြီးကဲ့သို့ သေသွားသူများကို လူကောင်းလူဆိုး ခွဲခြား စီရင် ဆုံးဖြတ်ပေးသော သေရွာမင်းကြီး ဖြစ်လာ၏။ လူ့ပြည်၌ ကောင်းမှုလုပ်ခဲ့သူကို မြေနတ်သည်ခေါ်ဆောင်ထား၏။ မကောင်းမှု လုပ်ခဲ့သူကို ငရဲပြည်၌ ရှိသော တိရစ္ဆာန်ကြီးများ ဝါးစားစေရန် ပို့လေသည်။ မြေနတ်နှင့် နေနတ်များ အဘွက်လည်း တိုက်ကျောင်းများ ဆောက်လုပ်၍ ကိုးကွယ်ကြသည်။

ထိုမြေနတ်နှင့် နေနတ်များအပြင် ရွာတိုင်းမြို့တိုင်း၌ မိမိတို့နှစ်သက်ရာ နတ်အမျိုးမျိုးကို ကိုးကွယ်ကြလေသည်။

အီဂျစ်တို့ ကိုးကွယ်ဝတ်ပြုသော နတ်ရုပ်များ

တိရစ္ဆာန်ကိုရှိခိုးခြင်း။ ။အီဂျစ်တို့သည် အချို့တိရစ္ဆာန်များကို အသက်ဘုံမှ နတ်များ စုတေ၍ လူ့ပြည်သို့ ဆင်းသက်ဝင်စားသည်ဟု အယူရှိကြ၏။ ဗေ့ကြန်လက္ခဏာ မည်သို့ပါလျှင် နတ်ဝင်စားသော တိရစ္ဆာန်ဘဲဟု တမ်းတမ်းစွဲယုံကြည်ကြ၏။အထူးသဖြင့် နွားလား ဥသဘကြီးများ၌ ဝင်စားသည်ဟု အယူရှိကြ၏။ ထိုကြောင့် ဗေ့ကြန် လက္ခဏာနှင့်ပြည့်စုံသော နွားလား ဥသဘကြီးများ သေသွားသောအခါ အသေကောင်ကို မပုပ်မသိုးရအောင် နှစ်ပေါင်းများစွာ တည်တံ့စေရန် အမွှေးအထုံ ဆေးများဖြင့် သုတ်လိမ်းကာ အဝတ်များဖြင့် အထပ်ထပ် ရစ်ပတ်လျက် ကျပ်စည်းကြလေသည်။ မသာ အခမ်းအနားအဘွက်လည်း များစွာ ငွေကုန် ကြေးကျ ခံကြ၏။ ကျောက်ဂူကြီးတခုသတ်သတ် သီးသန့်ထားကာ နွားလားဥ ဥသဘ ကြီးများကို ကျောက်ဂူကြီး အတွင်း၌ ဂူသွင်းမြှုပ်နှံပေသည်။

နွားလား ဥသဘကြီးများအပြင် ကြောင်များကိုလည်း အရိုအသေပြုကြ၏။ကြောင်ကိုသတ်လျှင် အလွန်အပြစ်ကြီးလေးသည်ဟု အီဂျစ်တို့ ယုံကြည်ကြလေသည်။

မံမီ[၁]။ ။တရုပ်ဘို့သည် သေပြီးသည့်နောက် ရောက်ရာ ဘဝ၌ သေသူအား မချို့ငဲ့စေရန် ပူဇော်သကဲ့သို့ အီဂျစ်တို့လည်း နောက်ဘဝကို သဲသဲမဲမဲ ယုံကြည်ကြသည်။ သေသွားသူ၏ ရုပ်အလောင်းသည် မပျက်မစီး မပုပ်မသိုးမှသာလျှင် သေသူသည် နောင်တနေ့တွင် မိမိပိုင် ကိုယ်ခန္ဓာသို့ ပြန်ဝင်အသက်ရှင်နိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ ယုံကြည်သည့်အတိုင်း ရုပ်အလောင်းကို မပုပ်မသိုးဘဲ ကြာမြင့်စွာ တည်တံ့နိုင်ရန် နည်းအမျိုးမျိုးကို ရှာဖွေ၏။ ဆား၊ ပွဲလျက်

၁ *Mummy*

အီဂျစ်တို့နေနတ်သားနှင့် နွားကို ကိုးကွယ်ပသနေပုံ

အင်တဲ့၊အမွှေးအထုံ စသောဆေးများဖြင့် လူသေရုပ်အလောင်းကို သုတ်လိမ်းပြီးလျှင် ပိတ်ပိုင်းစ အရှည်ကြီးဖြင့် ဦးခေါင်းမှ ခြေဖျား တိုင် ရစ်ပက်ကာ ကျပ်စည်းကြ၏။ ဤသို့ ကျပ်စည်းထားသော ရုပ်အလောင်းကောင်ကို မံမီဟု ခေါ်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝ သောသူများ သေလွန်သောအခါ၌ ကြေးငွေမြောက်မြားစွာပေး၍ ဝယ်ယူရသော အမွှေးအမျိုးမျိုးကို စုပေါင်းကာ ရုပ်အလောင်း ကောင်ကို ကျပ်စည်းပေးလေသည်။ ကမ္ဘာပေါ်တွင် အီဂျစ်လူမျိုး တမျိုးတည်းသာ ရုပ်အလောင်းကောင်များကို မသိုးမပုပ်အောင် အမွှေးပေါင်းစုံဖြင့် ကျပ်စည်းတတ်ကြသဖြင့် ထိုလူမျိုးကို ချီးမွမ်း ထိုက်ပေသည်။ အချို့ ရုပ်အလောင်းများသည် ဘီ၊စီ ၃၀၀၀ မှ ယနေ့တိုင်အောင် မသိုးမပုပ် ရုပ်ဆင်းမပျက် သေခါစ ရုပ်အတိုင်း အုတ်ဂူများမှ တူးဖော်တွေ့မြင်ရလေသည်။

ပစ်ရမစ် ၂။ ။အီဂျစ်လူမျိုး ဆင်းရဲသားနှင့် လူကုံထံများသေလွန် သောအခါ ရုပ်အလောင်းများကို မံမီ ပြုလုပ်ပြီးလျှင် အုတ်ဂူများ၌ သွင်းကြ၏။ မိဖုရားများနှင့် မှူးကြီးမတ်ကြီးများ ကွယ်လွန်သော အခါ၌ အလောင်းကို မံမီ ပြုလုပ်ပြီးလျှင် လေးထောင့်သဏ္ဍာန်ရှိ သော ကျောက်တထပ်တိုက် ပြားပြားကလေးများတွင် ဂူသွင်းကာ မြှုပ်နှံလေ၏။ ကျောက်တိုက်များ၏ အတွင်းနံရံများပေါ်တွင် ရုပ် လုံးကလေးများ ထုလုပ်၍၎င်း၊ ဆေးရောင်စုံများဖြင့် အရုပ်ကား များကို ရေးခြယ်၍သော်၎င်း၊ တန်းဆာဆင်ကြသည်။ ထုထား သောအရုပ်၊ရေးဆွဲသော ရုပ်ပုံများသည်လည်း အီဂျစ်တို့ နေ့စဉ်နေ့ ထိုင်ပုံ အလုပ်အကိုင် အသီးသီး ဆောင်ရွက်နေကြပုံများ ဖြစ်လေ သည်။ ရှင်ဘုရင်များ နတ်ပြည်စံသောအခါ အထူးသီးသန့်ဆောက်

၂ *Pyramid*

လုပ်သော အဆောက်အအုံ တမျိုးအတွင်း၌ အသက်ရှင်စဉ်က သုံးစွဲကိုင်ဆောင်ခဲ့သော အခမ်းအနားနှင့်တကွ မြှုပ်နှံပေ၏။ ထို အဆောက်အအုံများကို ပစ်ရမစ်ဟု ခေါ်၏။ ရှင်ဘုရင်များသည် ပစ်ရမစ်များကို မသေမီကပင်ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ခဲ့ တတ်သည်။ ပစ်ရမစ်၏ ပုံသဏ္ဌာန်သည် မြန်မာနိုင်ငံ၌ တည်ထား ကိုးကွယ်ကြသော စေတီများ၏ ပုံနှင့် ခပ်ဆင်ဆင် တူ၏။ သို့သော် စေတီများကဲ့သို့ လုံးလုံးချွန်ချွန် မဟုတ်၊ ထုထယ်အစိုင်အခဲကြီး ဖြစ်လေသည်။ အောက်ခြေဘင် လေးထောင့်ဖြစ်၏။ နံရံများသည် ကြက်လျှာကဲ့သို့ သုံးမြှောင့်ဖြစ်၏။ နံရံများသည် အထက်သို့ ရှူး သွားကာ ထိပ်၌ စူချွန်၍ နေလေသည်။ အီဂျစ်နိုင်ငံရှိ ပစ်ရမစ်ကြီး များအနက် "မံဖစ်"[၃] ခေါ် သောအရပ်၌ တည်ရှိသော ပစ်ရမစ် သည် အကြီးဆုံးဖြစ်၏။ အောက်ခြေ၌ ၁၃ ဧကမျှ ကျယ်ဝန်းပြီး လျှင် ပေပေါင်း ၄၇၀ ခန့် မြင့်၏။ ထိုပစ်ရမစ်ကြီး ပြီးမြောက်ရန် လူပေါင်း တသိန်းခန့်သည် နှစ်ပေါင်း နှစ်ဆယ်မျှ ဆောက်လုပ် ခဲ့ရသည်ဟု ဆို၏။ ပစ်ရမစ်ကြီးများကို ကျောက်ဖြင့် တည်ဆောက် ကြသည်။[၁]

စဖင့်[၄]။ ။ရှင်ဘုရင်များ၏ ဂူဖြစ်သော ပစ်ရမစ်ကြီးများအနီးတွင မိဖုရားနှင့် မှူးကြီး မတ်ကြီးများ၏ ဂူများဖြစ်သော ကျောက်တ ထပ်တိုက်ကလေးများသည် အစီအရီ တည်ရှိ၏။ ထိုဂူများအနီး တွင် လူဦးခေါင်းနှင့် ခြင်္သေ့ကိုယ်ရှိသော အရုပ်ကြီးများကို ထုထား တတ်ကြသည်။ လူခြင်္သေ့ရုပ်ကြီးများသည် ပစ်ရမစ်ကြီးများ နီး ပါးခန့်ပင် ကြီးမားပေ၏။ ထိုအရုပ်ကြီးများ၏ လူဦးခေါင်းပုံပန်းကို အနီးရှိ ပစ်ရမစ်တွင် ဂူသွင်းမြှုပ်နှံထားသော ရှင်ဘုရင်၏ မျက်နှာ

၃ *Memphis* ၄ *Sphinx*

နှင့်တူအောင် ထုထားတတ်ကြ၏။ ကိုယ်မှာလည်း ခြင်္သေ့ဝပ်နေသော အနေအထားအတိုင်းပင် ဖြစ်၏။ ဤခြင်္သေ့ရုပ်ကြီးများကို စဖင့်ဟု ခေါ်၏။

ပစ်ရမစ်ခေတ် (ဘီ၊ စီ ၃၀၀၀ - ၂၅၀၀)။ ။အီဂျစ်တို့သည် နိုင်းမြစ်ဝှမ်းတွင် နေထိုင်ခါစဉ် မြို့ကလေးများ၊ ရွာကလေးများကို မြစ်ရိုးတလျှောက်၌ အနှံ့အပြား တည်ထောင်ပြီးလျှင် ကိုယ့်မြို့နှင့်ကိုယ် အေးအေးလူလူပင် နေကြ၏။ မြို့သူမြို့သားများလည်း လယ်သမားများ၊ နို့သည်များ အဖြစ်ဖြင့် အသက်မွေးကြ၏။ နိုင်းမြစ်ဝှမ်း၌ အနေ ကြာလာသောအခါ မြို့ကို အုပ်ချုပ်သူများသည် နိုင်ငံ တည်ထောင်လိုစိတ် ပေါ်လာသောကြောင့် မြို့အသီးသီးကို စုပေါင်းကာ နိုင်ငံတည်ထောင်ကြ၏။ နိုင်းမြစ်ဝတွင် နိုင်ငံတခု၊ နိုင်းမြစ်ညာတွင်နိုင်ငံတခု၊ နိုင်ငံနှစ်ခု ပေါ်လာ၏။ ဘီ၊ စီ ၃၀၀၀ ကျော်ခန့်ကျမှ နိုင်ငံနှစ်ခုသည် တခုတည်း စည်းလုံးမိပြီးလျှင် အီဂျစ်နိုင်ငံ ပေါ်ပေါက်လာ၏။ နိုင်ငံသစ်ကို အုပ်စိုးသော မင်းများလက်ထက်၌ အီဂျစ်နိုင်ငံအနီး ပင်လယ်နီ၏ မြောက်ဖက်စွန်း "စိုင်းနိုင်း"[၅] ကျွန်းဆွယ်ရှိ ကြေးတွင်းများကို အီဂျစ်တို့ တွေ့လေသည်။ ကြေးတွင်းတူးဖော်သော လုပ်ငန်းကို အီဂျစ်တို့သည် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ကြ၏။ ကြေးများကို အမြောက်အမြား ရရှိသော အချိန်ကျမှ အီဂျစ်တို့သည် လက်မှုပညာ၌ အလွန်အမင်း တိုးတက်လာကြ၏။ လက်သမားများသည် အိမ်ထောင်ပရိဘောဂများကို စိတ်ကူးရှိသလောက် လုပ်ကိုင်ကြ၏။ ထိုခေတ်က အီဂျစ်တို့ လုပ်ထားခဲ့သော ကုလားထိုင်များသည် ယခုခေတ် ကျွန်ုပ်တို့ မြင်တွေ့ရသော ကုလားထိုင်များလောက်ပင် ကောင်းမွန်၏။ ကုလားထိုင်၏

၅ *Sinai Peninsula*



ရှေးအီဂျစ်တို့ လက်မှုပညာတရပ်ဖြစ်သော ရုပ်တု

နောက်မှီတွင်လည်း ရုပ်ပုံများ ထွင်းထားတတ်ကြသည်။ ပန်းရံ ဆရာများလည်း သေသူ၏ ဂူများနှင့် တိုက်တာများကို သေသပ် ကောင်းမွန်အောင် လုပ်ကိုင်ကြ၏။ ရှင်ဘုရင်များလည်း ကြေးဖြင့် ပြုလုပ်သောလက်နက်ကြိယာများ စုံစုံလင်လင်ရှိပြီဖြစ်၍ ကျောက် များကို စိတ်တိုင်းကျ ပြုပြင်ကာ ပစ်ရမစ်များကို စတင်တည် ဆောက်ကြပေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ပုဂံခေတ်မှ မင်း များသည် စေတီပုထိုးပေါင်း မြောက်မြားစွာ တည်ကြသကဲ့သို့ အီဂျစ်ရှင်ဘုရင်များလည်း နိုင်ငံ သာယာဝပြော စည်ပင်ကာ နိုင်ငံ ခြားသားများ၏ အနှောင့်အယှက်ကို မခံရသဖြင့် နောင်ဘဝ၌ ကောင်းမွန်ချမ်းသာရေးကိုသာ အားထုတ်လုပ်ကိုင်ကြပေသည်။ ဘုရင်တိုင်းသည် ရှေးဘိုး ဘေးတို့ တည်ထားခဲ့သော ပစ်ရမစ်များ ထက် ကြီးမားအောင် အပြိုင်အဆိုင် တည်ကြပေသည်။ သို့သော် တန်ခိုးမဲ့သော မင်းများသည် စိတ်ကြံတိုင်း မပြီးမြောက်ကြချေ။ တန်ခိုးကြီးသော မင်းများသာ ပစ်ရမင်ကြီးများကိုဖြစ်မြောက်ရန် စွမ်းဆောင် တည်ထားနိုင်ကြပေသည်။ ဤသို့ ပစ်ရမစ်များကိုသာ ဂရုပြု၍ တည်ကြသော ခေတ်ကို ပစ်ရမစ်ခေတ်ဟု ခေါ်ဝေါ်၏။

ပစ်ရမစ်ခေတ်၌ အီဂျစ်တို့သည် အလွန်တိုးတက်ပေသည်။ ပစ် ရမစ်ကြီးများကို တည်ဆောက်သောအတတ်၊စဖင့်ကြီးများကို လူ မျက်နှာနှင့်တူအောင် အချိုးကျကျလုပ်တတ်သော အတတ်များ သည် ယခုခေတ်၌ ကမ္ဘာကပင် ချီးကျူးရလောက်အောင် ကောင်း မွန်ပေသည်။ အုပ်ချုပ်ရေး၌လည်း ရှေးခေတ်ပီပီ ပစ္စည်းအမျိုးမျိုး ကိုသာ အခွန်အတုတ် အဖြစ်ဖြင့် သိမ်းယူကြသည်။ အခွန် အတုတ် များကိုလည်း မှူးကြီးမတ်ကြီးများသည် အနယ်နယ်သို့ လှည့်လည် ကာ ကောက်ခံ၏။ မှူးကြီးမတ်ကြီးများသည် ရွာစားနယ်စားကြီး များ ဖြစ်လေသည်။ ရှင်ဘုရင်များသည် အသက်ဦးဆံပိုင်များ ဖြစ်

ပေသည်။ ထို့ကြောင့် ပစ်ရမစ်များကို ဆောက်လုပ်ရာ၌ နိုင်ငံသူ နိုင်ငံသားများကို ဆင့်ခေါ်ကာ စေတနာ့ဝန်ထမ်းအဖြစ်ဖြင့် တည် ဆောက်ခိုင်းလေသည်။ ပစ်ရမစ်ကြီးများကို ဆောက်လုပ်ရာ၌ မတော်တဆ ထိခိုက်သေပျောက်သူ၊ ဖျားနာ၍ သေပျောက်သူ စ သည်ဖြင့် များစွာ လူဦးရေ လျော့ခဲ့သော်လည်း ရှင်ဘုရင်များသည် အီဂျစ်နိုင်ငံကို ကြီးကျယ် ခမ်းနားအောင် တည်ထောင်နိုင်ကြပေ သည်။

အီဂျစ် ရှင်ဘုရင်များသည် ပစ်ရမစ်များကို တည်ဆောက်ရန် သာ စိတ်အာသန်နေသောကြောင့် အုပ်ချုပ်ရေးတွင် မှူးကြီးမတ် ကြီးများကသာ ချယ်လှယ်ကြ၏။ သို့ဖြစ်၍ မှူးကြီးမတ်ကြီးများ သည် ကြွယ်ဝလာကြလေသည်။ နိုင်းမြစ်ကမ်းပါးတွင် မှူးကြီးမတ် ကြီးများသည် ဝင်းနှင့်ခြံနှင့် အလွန်လှပ ခမ်းနားစွာ နေထိုင်ကြ သည်။ ဉယျာဉ်များအတွင်းတွင်လည်း ရေကန်ကလေးများ တူး ကာ သစ်ပင်ပန်းပင်များ စိုက်ပျိုးပြုစုကာ သာသာယာယာ နေထိုင် ကြ၏။ ခရီးထွက်သောအခါ ထမ်းစဉ်ဝေါယာဉ်များဖြင့် ထွက်ကြ ပေ၏။ ဉယျာဉ်များအတွင်း၌ ဆောက်လုပ်ထားသော အုတ်တိုက် များတွင်လည်း မှူးကြီးမတ်ကြီးများနှင့် ခြွေရံသင်းပင်းများသည် အတီးအမှုတ် အကအခုန်များဖြင့် ငြိမ့်ငြောင်းသာယာစွာ အချိန် ကို ကုန်လွန်ကြသည်။ လသာသော ညများတွင်လည်း လှေငယ် တက်စင်းဖြင့် နိုင်းမြစ်အတွင်းဝယ် စုန်ချည်ဆန်ချည်လှည့်ခံကာ တူရိယာများ တီးမှုတ်ကာဖြင့် စည်းစိမ်ခံကြသည်။

ပစ်ရမစ်ခေတ်သည် နှစ်ပေါင်း ၅၀၀ ခန့် ထွန်းကား၏။ ထိုစဉ် အခါ၌ ကမ္ဘာပေါ်တွင် အာရှတိုက်၌သာ နိုင်ငံကြီးငယ်များ ထွန်း ကား၏။ ဉရောပတိုက်၌မူ ကျောက်ခေတ်လူများ၏ အခြေအနေ သောက်သာ ရှိသေး၏။ မယဉ်ကျေးကြသေးချေ။



အီဂျစ်ဘုရင်

လယ်ပိုင်ရှင်ကြီးများခေတ် (ဘီ၊ စီ ၂၀၀၀)။ ။ပစ်ရမစ်ခေတ်၌၊ တန်ခိုးကြီးသော ရှင်ဘုရင်များကို အီဂျစ်တို့သည် "ဖရို"* ဟူသော ဘွဲ့ဖြင့် ခေါ်ဝေါ်ကြ၏။ ဖရိုများသည် မှူးကြီး မတ်ကြီးများအား လယ်မြေများကို အပိုင်စား ပေးသနားသောကြောင့် မှူးကြီးမတ်ကြီးများသည် ချမ်းသာကြွယ်ဝ၏။ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများနှင့် အင်အားပြည့်စုံ၏။ နှစ်ကာလကြာမြင့်လာသော အခါ မှူးကြီးမတ်ကြီးများသည် ဖရိုများလောက်ပင် တန်ခိုးကြီးမားလာ၏။ လယ်ပိုင်ရှင်ကြီးများဖြစ်သော မှူးကြီးမတ်ကြီးများ တန်ခိုးကြီးလာသောခေတ်ကို "လယ်ပိုင်ရှင်ကြီးများခေတ်" ဟု ခေါ်၏။

လယ်ပိုင်ရှင်ကြီးများခေတ်၌ အီဂျစ်နိုင်ငံသည် တဆင့်ပိုမိုတိုးတက်လာ၏။ ပစ်ရမစ်ခေတ်၌ ဖရိုများတည်ဆောက်ခဲ့သော ပစ်ရမစ်များကို နိုင်းမြစ်ဝ အနီးအပါး၌သာ တွေ့မြင်ရ၏။ လယ်ပိုင်ရှင်ကြီးများတည်ဆောက်ခဲ့သော အဆောက်အအုံများသည် နိုင်းမြစ်အလယ်ပိုင်းလောက်ဘွင် တည်ရှိလေသည်။ လယ်ပိုင်ရှင်များသည် ပစ်ရမစ်အစား ကျောက်ဆောင်များကို ထွင်းဖောက်ကာ ဂူပြုလုပ်ကြပေသည်။ ထိုခေတ်၌ အီဂျစ်တို့သည် ရှေးကကဲ့သို့ သေသူ၏ အလောင်းကို မပုပ်မသိုး ကြာရှည်စွာ တည်တံ့အောင် ပြုစုရမည်ဟူသော အယူဝါဒအစား အသက်ရှင်စဉ်၌ တရားသဖြင့် နေထိုင်မှသာ နောင်ဘဝ၌ ကောင်းရာသုဂတိသို့ လားမည်ဟူသော အယူဝါဒကို ယုံကြည်လာ၏။ မှူးမတ်ဘဦးကို မြှုပ်နှံခဲ့ရာ ကျောက်ဂူတခု၌ "ငါသည် သူတပါးသမီးပျိုကို မဖျက်ဆီးခဲ့၊ မုဆိုးမများကိုလည်း နှိပ်စက်ညှဉ်းပန်းခြင်း မပြု၊ လယ်သမားများထံမှ လယ်မြေကိုလည်း မတရား ပြန်လည် သိမ်းယူခြင်းမပြု။ သိုးကျောင်းသမားများကို

* *Pharaoh*

လည်း အခပေး၍ အမြဲသိုးကျောင်းစေ၏။ ငါ၏နယ်၌ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မည်သူမျှမဖြစ်ခဲ့။ ဝမ်းစာအတွက် မည်သူမျှမပူပင်ရခဲ့" ဟု ကျောက်စာထိုးကာ အသက်ရှင်စဉ်က တရားသဖြင့် နေထိုင်ခဲ့ ကြောင်းကို ဖော်ပြပေသည်။ အတတ်ပညာဖက်၌လည်း ဆေးကု နည်းများ၊ ဆေးအမည် အမျိုးမျိုး၊ အခွဲအစိတ်ပညာရပ်များကိုယ် ခန္ဓာနှင့် စပ်ဆိုင်သော ကျမ်းများကို ပြုစုကြသည်။ အတွက်အချက် များ၌လည်း ဒသမကိန်းကို အသုံးပြုကြ၏။ ကြယ်၊ လ၊ နက္ခတ်တာ ရာများကို ကြည့်ရှုရန် ကရိယာများကိုပင် အနည်းအကျဉ်း ထွင် တတ်ကြပေ၏။

ထိုခေတ်မှ ဖရိုမျာသည် ရှေးဖရိုများကဲ့သို့ နောင်ဘဝကူး ကောင်းရန်သာမက နိုင်ငံကောင်းစားစည်ပင်ရေး အတွက်ကိုပါ ဆောင်ရွက်ကြသည်။ ရေလှောင်ကန်ကြီးများ ပြုလုပ်ကာ နိုင်းမြစ် မှရေကို လှောင်ပြီးလျှင် တူးမြောင်းများဖြင့်သယ်ယူ၍ လယ်မြေ များကို တိုးတက်ကောင်းမွန်စေ၏။ ကောက်ပဲသီးနှံများလည်း ရှေးကထက်အထွက်များ၏။ ဖွံ့ဖြိုး၏။ ရေတိုးရေကျကိုလည်း နှစ်စဉ် နှစ်စဉ်ဘိုင်းတာ၏။ နိုင်ငံခြားများနှင့်လည်း စတင် ဆက်သွယ်ကြ ၏။ အီဂျစ်သင်္ဘောသားများသည်နိုင်းမြစ်ဝမှကျော်လွန်ကာမြေထဲ ပင်လယ်အတွင်းသို့ရောက်ကြ၏။ ဂရိကျွန်းဆွယ်[၁] ကရိကျွန်း[၂] စသော အနီးအနားရှိ ကျွန်းများနှင့် ကုန်ကူးသန်းရောင်းဝယ်ကြ၏။ နိုင်း မြစ်ဝနှင့်ပင်လယ်နီကိုလည်းဆက်သွယ်မိအောင် တူးမြောင်းဖောက် လေ၏။ ဘီ၊ စီ၊ ၂၀၀၀ ကျော်ကပင် အီဂျစ်တို့သည် ဥရောပရေပြင် နှင့် အာရှရေပြင် ဆက်သွယ်မိအောင် ဆောင်ရွက်ခဲ့ကြ၏။ နိုင်ငံ ခြားသားများနှင့် ပေါင်းသင်းဆက်ဆံကြသောအခါ ဖရိုများသည် နိုင်ငံစောင့် စစ်တပ်များကို စတင်ဖွဲ့စည်း၏။ စစ်တပ်များဖြင့်

၁ *Greece* ၂ *Crete*

ပါလက်စတိုင်း[၉] နူဘီယား[၁၀]စသော အနီးအနား နိုင်ငံငယ်များသို့ သွားရောက် ချီတက် သိမ်းယူလေ၏။ ဤနည်းဖြင့် အီဂျစ်နိုင်ငံသည် နိုင်ငံရင်းမှတဆင့် အပြင်ပသို့ တိုးတက်နယ်ချဲ့လေသည်။

စစ်သူကြီးခေတ်(ဘီ၊ စီ ၁၅၈၀-၁၁၅၀)။ ။ဖရိုများသည် အခြားနိုင်ငံများကို တိုက်ခိုက်အောင်မြင်သောအခါ ရွှေငွေကျောက်သံပတ္တမြား အစရှိသော အဖိုးတန်ပစ္စည်းများကို အမြောက်အမြားရကြ၏။ အီဂျစ်နိုင်ငံကြီးသည် ရှေးကထက် ပို၍ကြွယ်ဝချမ်းသာလာ၏။ ထို့ကြောင့် ဖရိုများသည် လောဘထွက်ကာ နိုင်ငံသစ်များကို တိုးတက်အုပ်စိုးလိုကြသဖြင့် စစ်တပ်များကို ပို၍ စုဆောင်းကြ၏။ အီဂျစ်နိုင်ငံ၌ ရှေးကမြင်းများကို မမြင်ဘူးကြချေ။ လယ်ပိုင်ရှင်ကြီးများခေတ်သို့ ရောက်မှ အာရှတိုက်၌ ပေါက်ပွါးသော မြင်းများကို အီဂျစ်နိုင်ငံသို့ ယူဆောင်လာကြကာ အသုံးပြုကြလေသည်။ စစ်သူကြီးခေတ်ဟု ခေါ်ဆိုချက်မှာလည်း ထိုခေတ်၌ ဖရိုများသည် စစ်တိုက်ခိုက်မှု၌သာ လုံးပန်းကြသောကြောင့် စစ်သူကြီးများဖြစ်ကုန်၍ အခြားနိုင်ငံများနှင့် စစ်မက်ပြုကြသဖြင့် စစ်သူကြီးခေတ်ဟု တွင်ပေသည်။ စစ်သည်တပ် များတွင် လေးသမားနှင့် စစ်ရထားသမား အမြောက်အမြား ပါဝင်လေသည်။ စံနစ်ကျကျဖွဲ့စည်းထားသော စစ်တပ်အလုံးအရင်းနှင့် ဖရိုများသည် အာရှတိုက် ယူဖရေးတီးမြစ် အနီးအပါးသို့ ရောက်အောင်ပင် ချီတက်တိုက်ခိုက်ကာ အောင်မြင်ကြ၏။ ဖရိုများ၏ ရွှေတိုက်ငွေတိုက်များတွင် နိုင်ငံခြားမှ အနိုင်ရ၍ သယ်ဆောင်ခဲ့သော အဖိုးတန် ရတနာများဖြင့် ပြည့်နှက်နေပေတော့၏။

ထိုအခါ ပစ်ရမစ်များအစား ဖရိုများသည် တန်ဆောင်းကြီး

---

၉ *Palestine* ၁၀ *Nubia*



သိဘ်းမြို့အနီးသုရားရှိဗိုးကျောင်းကျောက်တိုင်ကြီးများ

များကို ခမ်းခမ်းနားနား တည်ဆောက်ကြ၏။ တန်ဆောင်းကြီးများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ရှိ တန်ဆောင်းကြီးများနှင့် ခပ်ဆင်ဆင် တူ၏။ သို့သော် ပြာသာဒ်နှင့် အထွတ်များ မပါချေ။ ထိုခေတ်၌ ဆောက်သော တန်ဆောင်းကြီး များ၏ တိုင်လုံးကြီးများသည် ကြီးလည်းကြီး၏။ မြင့်လည်းမြင့်၏။ တိုင်လုံးကြီးများ၏ ထိပ်တွင် လူပေါင်းတရာခန့် မတ်တတ်ရပ်နေနိုင်လောက်အောင်ပင် ကျယ်ဝန်းပေသည်။ တတိုင်နောက်တတိုင်လည်း စီကာစဉ်ကာ တသီတတန်းကြီး ဖြူးဖြောင့်စွာ တည်ကြပေ၏။ တန်ဆောင်းကြီးများ၏ ထိပ်စည်းနှင့် တိုင်လုံးများတွင်လည်း ရုပ်ပုံပေါင်း များစွာကို အဆန်းတကြယ် ထုထွင်းထားလေသည်။ တန်ဆောင်းကြီးများ အနီးတွင် လေးထောင့်ကျောက်တိုင်ကြီးများကို စိုက်ထူကာ ဖာရိုများ ဆောင်ရွက်ခဲ့သမျှ အကြောင်းအရာများကို ကမ္ပည်းထိုးထား၏။

စစ်သူကြီးခေတ်၌ အီဂျစ်တို့သည် ပင်လယ်ခရီးဖြင့် အာဖရိကတိုက် ကမ်းရိုးတလျှောက်လုံးကိုပင် ပတ်နိုင်ကြ၏။နီးဂရိုး(ကပ္ပလီ) ရွာကလေးများမှဆင်စွယ်များ၊ အမွှေးနံ့သာတုံးများ၊မျောက်များနှင့် ကျွန်းသစ်ရေများကို အီဂျစ်နိုင်ငံသို့ ယူဆောင်လာကြ၏။ နီးဂရိုးများကိုလည်း ဖမ်းဆီးကာ ကျွန်အဖြစ်ဖြင့် စေခိုင်းကြ၏။ ထို့ကြောင့် စစ်သူကြီးခေတ်၌ သီးဘီး[၁၁]မြို့တော် ကြီးသည် အရောင်းအဝယ်ဖက်၌ရင်း၊ အဆောက်အအုံများဖက်၌ရင်း ကြီးကျယ်စည်ကားခဲ့ပေသည်။

ဘေဘီလုံနိုင်ငံ ကောင်းစားသောအခါ ရောက်မှပင် အီဂျစ်နိုင်ငံကြီးသည် ဘေဘီလုံ[၁၂]လက်အောက်သို့ ကျရောက်ရလေသည်။

---

၁၁ *Thebes* ၁၂ *Babylon*

အခန်း ၅

ဆုမာနှင့်ဘေဘီလုံနိုင်ငံ

မြစ်နှစ်မြွာ။ ။အာရှတိုက် ကော့ကေးရှ တောင်တန်းကြီး၏ တောင်ဖက်စူးစူး အရပ်တွင် ယူဖရေးတီး[၁]နှင့် တိုင်းဂရစ်[၂]အမည်ရှိ သောမြစ်နှစ်သွယ်သည် အချင်းချင်းယှဉ်ပြိုင်လျက် ပါရှားပင်လယ် ထဲသို့စီးဝင်၏။ ထိုမြစ်နှစ်သွယ်အကြားရှိ မြေပြင်သည်မြစ်နှစ်မြွာ မြေ[၃] ဟု အမည်တွင်၏။ မြစ်နှစ်သွယ် စလုံးပင် နှစ်စဉ်နှစ်တိုင်း ရေလျှံကာ ကမ်းခြေများကို ရေလွှမ်းမိုးလေ့ ရှိသောကြောင့် ရေကျသွားသောအခါ နုံးမြေများသည် ကမ်းခြေ ပေါ်တွင် တင်ကျန်ရစ်ခဲ့၏။ နုံးမြေများသည် လယ်ယာ စိုက်ပျိုး လုပ်ကိုင်ရန် ကောင်းမွန်သည့်ပြင် အနီးရှိ မြစ်နှစ်သွယ်မှလည်း ရေကို လုံလောက်စွာ ရသောကြောင့် အာရှတိုက်အလယ်ပိုင်းမှ မြေသစ်၊နေရာသစ်ကို လိုက်လံရှာဖွေသော ရှေးရှေးက လူများသည် မြစ်နှစ်မြွာ မြေပေါ်တွင် စတင် နေထိုင်ကြလေသည်။

ဆူမာလူမျိုး။ ။ဘီ၊စီ ၃၀၀၀ ကျော်ခန့်က မြစ်နှစ်မြွာ အကြားရှိ မြေပြင် တလျှောက်လုံးတွင် ဆူမာ[၄] တို့သည် အုတ်မြို့ရိုးဖြင့် ဝန်းရံထားသော မြို့ကလေးပေါင်း မြောက်မြားစွာ တည်ထောင်ကာ နေထိုင်ကြလေသည်။ မြစ်နှစ်သွယ်မှ ရေကိုလည်း မြောင်းကြီး

---

၁ *The Eupharates* ၂ *Thetigris*

၃ *Mesopo tamia* ၄ *Sumer*

ကော့ကေးရှတောင်တန်း
နင်နီဗါး
အာသီရီယား
တိုင်ဂရစ်မြစ်
ယူဖရေးတီးမြစ်
မီးဒီးယား
ဘေဘီလုံမြို့
ဘေဘီလုံ
ကော်ဒီယား
ပါရှား
ပါရှားပင်လယ်ကွေး
အာရေးဗျ
သဲကန္တာရ

မြစ်နှစ်သွယ်ကြားမြေ

မြောင်းငယ် အသွယ်သွယ်ဖြင့် တူးဖောက်ကာ လိုရာ အရပ်များသို့ သွယ်ယူကြ၏။ ယဉ်ကျေးခါစ လူများ ဖြစ်သည့် အတိုင်း လယ်ယာ စိုက်ပျိုး လုပ်ကိုင်ကာ အသက်မွေးကြ၏။ သို့သော် တမြို့နှင့်တမြို့ မကြာခဏ ခိုက်ရန် ဖြစ်ပွါးတတ်ကြသဖြင့် မြို့တိုင်း၌ပင် စစ်တပ် များကို ဖွဲ့စည်း ထားကြသည်။ ဆူမာတို့သည် ထိုခေတ်၌ အီဂျစ် တို့လောက်ပင် ယဉ်ကျေး၏။ အဝတ်အစားကိုလည်း အီဂျစ်တို့ ကဲ့သို့ပင် ဝတ်စား ဆင်ယင်ကြ၏။ စစ်သားများ ဝတ်ဆင်သော စစ်ဝတ် တန်းဆာများသည် အီဂျစ်တို့ထက် သာလွန် ပေသည်။ ရိုးရိုး စစ်သားများသည် သားရေ ခေါင်းစွပ်များကို ဆောင်း၏။ လူတရပ်မျှရှိသော ဒိုင်းကြီးများနှင့် လှံတံများကို ကိုင်ဆောင်ကြ ၏။ ရှင်ဘုရင်နှင့် မင်းသားများ စစ်ထွက်သောအခါ ရွှေကြင့်ပြုလုပ် သော စစ်ဝတ် တန်းဆာများကို ဝတ်ဆင်ကြလေသည်။ ထိုရွှေ ထည်များကို ပြုလုပ်သော ပန်းထိမ် ဆရာများသည် အလွန် လက် မြောက်၏။ ဆူမာ လူမျိုး ပန်းထိမ်ဆရာများ၏ လက်ရာသည် ယခုခေတ် မျက်စိဖြင့် ကြည့်ရှုသော်လည်း အလွန် လက်ရာမြောက် ကြောင်းကိုသာ တွေ့ရပေသည်။ မင်းသားများ ဆောင်းသော ရွှေခေါင်းစွပ်များကို ပန်းထိမ်ဆရာများသည် လူဦးခေါင်းနှင့် တူ အောင် ပြုလုပ်ကြ၏။ ဆံပင်များ ခွေလိပ် တွန့်ကောက်နေပုံကို ပြုလုပ်ထားသည်မှာ ပကတိလူ၏ ဆံပင်များနှင့် မခြားလှပေ။ နားကာနှင့် ပါးကာများကိုလည်း ဆောင်းမည့်သူနှင့် ချပ်ချပ်ယပ် ယပ် သေသေ သပ်သပ် ကိုက်ညီအောင် ပြုလုပ်တတ်ပေ၏။ မင်း သားများကိုင်ဆောင်သော ဓားမြှောင်များလည်း အလွန်လှပ၏။ ဓားမြှောင်၏ လက်ကိုင်ကို ကျောက်ပြားဖြင့် ပြုလုပ်၍ရွှေကွပ် ထား၏။ ဓားမြှောင်ထည့်သော အိမ်များလည်း ရွှေကိုနန်းဆွဲကာ ပန်းကွက်ဖော်ထားသော အိမ်များဖြစ်ပေသည်။



မင်းညီမင်းသားများဆောင်းသော
ရွှေခေါင်းစွပ်



ရွှေထားမြှောင်အိမ်

မင်းညီမင်းသားများကိုင်ဆောင်သော
ရွှေထားမြှောင်

တန်ဆောင်းမြင့်ကြီးများ။ ။ဆူမာတို့ နေထိုင်သော မြို့တိုင်း မြို့တိုင်း၌မြို့၏ကျက်သရေကိုဆောင်သော တန်ဆောင်းမြင့်ကြီး တခုစီ တည်ရှိလေသည်။ ဆူမာတို့သည် အုတ် တထပ် တိုက်ကလေးများ တွင် နေကြ၏။ အုတ်တိုက်ဟု ဆိုရသော်လည်း လေးထောင့် သေတ္တာများကဲ့သို့ ငုံးတိတိ အဆောက်အအုံများ ဖြစ်သည်။ ပြ တင်းပေါက် လုံးဝမရှိ။ တံခါးမကြီး တခုသာ ရှိသည်။ ထိုတိုက် ကလေးများ အကြားမှ ကောင်းကင်သို့ မိုးထွက်နေသော တန် ဆောင်းကြီးများသည် မားမား မြင့်မြင့် တည်ရှိလေသည်။ ထို တန်ဆောင်းကြီးများသည် ဆူမာတို့ ကိုးကွယ်သော နတ်အမျိုးမျိုး ကိန်းအောင်း မွေ့လျော်ရာ ဗိမာန်များ ဖြစ်သည်။ မြို့ကို လိုက်၍ ထိုတန်ဆောင်းကြီးများသည် ရေနတ်သား၊လေနတ်သား၊ မြေနတ် သားစသည်တို့ကိုပူဇော်ရာဌာနများဖြစ်ပေသည်။တန်ဆောင်းကြီး ၏ ပုံပန်း သဏ္ဌာန်သည် အောက်ပိုင်း၌ လေးထောင့် ဖြစ်၏။ လေး ထောင့် အထက်သို့မူ ကျွန်ုပ်တို့ မြန်မာ စေတီတော်၏ ပန်းတည်ခုံ ကဲ့သို့ အရစ်ရစ် လည့်ပတ်ကာ အထက်သို့ ခပ်ရှူးရှူး တက်သွား ၏။ အထက်ဆုံး၌ မြို့ရိုးပေါ် ရှိ ရင်တားများကဲ့သို့ တံတိုင်း ပတ်ပတ် လည် ကာရံထား၏။ ထိုအကာအရံ အတွင်း၌ရှိသော ကွက်လပ် သည် နတ်မင်းများကို ပူဇော်ရာဌာန ဖြစ်ပေသည်။ တန်ဆောင်း ကြီး တခုလုံးတွင် မုတ်ပေါက် တခုသာ ရှိ၏။ မုတ်ပေါက်ကိုလည်း အရှေ့မျက်နှာစာရှိ နံရံ၏ အလယ်တွင် မြေမှ ပေပေါင်း ၁၅၀ ခန့် အမြင့်တွင် ဖောက်ထား၏။ မုတ်ပေါက်သို့ ရောက်အောင် အုတ် လှေကားထစ်များကို စောင်းတန်း သဖွယ် ခင်းထား၏။နံဘေးနှစ် ဖက်မှလည်း နံရံနှင့် ကပ်လျက် အုတ်လှေကား နှစ်စင်းကို မုတ် ပေါက်၌ ဆုံမိအောင်ပြုလုပ်ထား၏။ တန်ဆောင်းကြီး၏ အောက် ပိုင်းကို လှပအောင်တိုင်ကွက်များ ဖော်ထားပေသည်။

တန်ဆောင်းကြီး များသည် မြို့လယ်၌ အလွန် ကျယ်ပြန့်သော ဝင်းကြီးများ အတွင်းတွင် တည်ရှိပေသည်။ ဝင်းကြီးကိုလည်း အုတ်တံတိုင်းဖြင့် ခတ်ထား၏။ ဝင်းအတွင်း၌ ဘုန်းတော်ကြီးများ နှင့် စာရေးများ နေထိုင်ကြ၏။ ကုန်လှောင်ရုံများနှင့် အလုပ်ရုံ များကိုလည်း တန်ဆောင်းကြီး၏ ဝင်းအတွင်းတွင်ပင် ထား၏။ မြို့သူမြို့သားများသည် ဆိတ်ဘကောင်စီနှင့် ပန်းစိုက်ညောင်ရေအိုး တလုံးစီကို ဝင်းအတွင်းသို့ ယူဆောင်လာကာ နတ်ကို ပူဇော်လေ့ ရှိ၏။ ဤလှူဘွယ် ဝတ္ထုများကို ဘုန်းတော်ကြီးများသည် တန် ဆောင်းကြီး၏ ထိပ်ဖျားသို့ ယူဆောင်ကာ တဆင့်ပူဇော်ပေး၏။

နွားမနတ်သမီး။ ။ယဉ်ကျေးခါစ လူမျိုးတို့၏ အလေ့ အတိုင်း ဆူမာတို့သည် မြေ၊ ရေ၊ လေ စသည့် သဘာဝတ္ထုများကို ကိုးကွယ် သည့်အပြင်၊ လယ်သမား ဖြစ်ကြသည် အလျောက် ကျေးဇူးရှင် နွားမများကိုလည်း ကိုးကွယ်ကြသည်။ နွားမ နတ်သမီးအတွက် ရည်စူး ဆောက်လုပ်ထားသော တန်ဆောင်းကြီး တခု၌ ထုလုပ်ခဲ့ သော ရုပ်သုံးကလေးများသည် ဆူမာတို့ ပန်းပု အတတ်ကို မည်မျှ တတ်မြောက်ကြောင်း ဖော်ပြပေသည်။ ရုပ်လုံးကလေးများသည် နွားအကြောင်းနှင့် ပတ်သက်သော ရုပ်လုံးကလေးများ ဖြစ်၏။ နွားခြံကြီးထဲ၌ နွားမကြီးများ ခုန်ပေါက် မြူးထူးနေပုံ၊ နွားမကြီး များ နွားကလေးများကို နို့တိုက်နေပုံ၊ လူများ နွားနို့ ညှစ်ယူနေ ပုံ စသည်ဖြင့် ထုလုပ် ထားရာ ထိုရုပ်လုံးများကို ကြည့်ရှုမိသူအား နွားမကြီးများကို ကြည်ညို ညွတ်နူးစိတ် ပေါ်ပေါက်လာအောင်ပင် ဆွဲဆောင်နိုင်ပေသည်။

နဘ်ဆိုး နတ်စိမ်း။ ။ဆူမာတို့သည် နတ်ဆိုး နတ်စိမ်းများ ရှိ

သည်ဟု ယုံကြည်ကြ၏။ လူ တဦး တယောက် နာဖျား မကျန်း
ရှိသည် ဖြစ်စေ၊ ရူးသွပ်သည် ဖြစ်စေ၊ နတ်ဆိုး နတ်စိမ်းများ ကပ်မှီ
ဖမ်းစားသည်ဟု အယူရှိကြ၏။ ဤသို့ အစိမ်းသူရဲ မှီကပ်သောအခါ
တန်ဆောင်းကြီးများမှ ဘုန်းတော်ကြီးများကို ပင့်ကာ ဂါထာ
မန္တရားများ ရွတ်ဖတ်ကာ အစိမ်းသူရဲများကို နှင်ထုတ်၏။ မြို့သူ
မြို့သားများလည်း ဂါထာ မန္တရားများကို ဘုန်းတော်ကြီးများ
ထံမှ သင်ယူ မှတ်သားကာ မန်းတတ် မှုတ်တတ်ကြပေသည်။

စာပေ။ ။ယဉ်ကျေးခါစ လူများ ဖြစ်သော ဆူမာတို့လည်း အရုပ်
ရေးဆွဲကာ စာကို စတင် ရေးသားကြ၏။ ရေးဖန်များ လတ်သော်
ရုပ်ပုံများမှ အမှတ် အသားများသို့ ပြောင်းလဲ သွား၏။ ဆူမာ
စာပေ၏ ထူးခြားချက်မှာ စာလုံးများကို အင်္ဂလိပ်စာကဲ့သို့ မကောက်
ကွေးဘဲ မြားဦးသဏ္ဍာန်ကဲ့သို့ ရေးသားကြသည်။ ကြယ် ဟူသော
စကားလုံးကိုရေးလျှင်ဤကဲ့သို့()ရေးသားကြသည်။စာရေး
သားရာ၌ အင်္ဂလိပ်တို့ကဲ့သို့ မင်နှင့် ကျူရိုးဖြင့် ကျူရွက် အပြန့်များ
ပေါ် တွင် မရေးချေ။ ရွှံ့များကို ကျောက်သင်ပုန်း ကလေးများကဲ့
သို့ အပြားကလေးများ လုပ်ပြီးလျှင် သုံးမြှောင့်ပုံ ရှိသော ကျူရိုး
အရင်းနှင့် ဖိနှိပ် ရေးသားကြ၏။ ထို့ကြောင့် စာလုံးများသည်
မြားဦးသဏ္ဍာန် ဖြစ်ပေါ် လာ၏။ ရေးသား ပြီးသော ရွှံ့ချပ်များ
ကိုလည်း နေလှန်းမီးဖုတ်သောကြောင့် စာချပ်များသည်နှစ်ပေါင်း
များစွာ ကြာအောင် ခိုင်ခံ့လေသည်။

နက္ခတ်။ ။ဆူမာလူမျိုး နက္ခတ် ဆရာကြီးများသည် အင်္ဂလိပ်
နက္ခတ်ဆရာကြီးများထက် တတ်မြောက်ပေသည်။ ကြယ်များကို
(၁၂)စု ခွဲကြ၏။ ကြယ်များ၏ ပုံပန်း သဏ္ဍာန်ကို ကြည့်ရှုပြီးလျှင်

အမည် မှည့်ကြ၏။ အမည် မှည့်ထားသော ကြယ်စုများသည် ကျီးတာရာ၊ဟသ်ာတာရာ၊ဆင်တာရာကဲ့သို့သော အမည်များ တွင်လာလေ၏။နက္ခတ်ဆရာကြီးများသည် နက္ခတ်ကိုကြည့်ကာ ရှေ့၌ဖြစ်ပေါ်မည့် အကြောင်း အရာ များကို ဟောပြော နိုင်ကြသည်။ နေလများကို ဘယ်နှစ် ဘယ်အချိန်၌ ကြတ်မည်ကို သေချာ မှန်ကန်စွာ ကြိုတင်၍ ပြောနိုင်ကြ၏။ အချိန် ကာလများ ကိုလည်း နာရီပိုင်း၊ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအထိခွဲခြား သတ်မှတ်တတ်ကြ၏။ တရုပ်တို့နှင့်မတူ ရက်တပတ်ကို (၇)ရက် သတ်မှတ် ကြသည်။ ယခုခေတ် ကမ္ဘာ့ယဉ်ကျေးမှု များသည် အာရှတိုက်သား များမစတင်ပြန့်ပွါးလာခြင်းဖြစ်လေသည်။

အရောင်းအဝယ်။ ။ဆူမာတို့သည် ရောင်းမှု ဝယ်မှုတွင် အီဂျစ်တို့ထက် ဝါသနာ ပါကြသည်။ သူတို့သည် အလေးတင်းတောင်းအတိုင်းအတာများ အစုံ အလင် ထွင်ပြီး ဖြစ်၏။ နွားလှည်းများကိုလည်းလုပ်တတ်ကြ၏။ မြည်းများနှင့်လည်း ကုန်တင် သယ်ယူကြ၏။ တမြို့မှ တမြို့သို့ လှည်းတန်းကြီးများ မြည်းဝန်တင်များနှင့် ကုန်သည်များသည် ကူးကာ သန်းကာ ရောင်းဝယ် ကြသည်။ ပြောင်း၊ စွပန်လုံ့သီး၊ သားရေ၊ သိုးမွေးစသော ကုန်ပစ္စည်းများကို သယ်ဆောင်သွားကာ ရောင်းဝယ်ကြ၏။ ရွှေနှင့် ငွေကို ကုန်ရောင်း ကုန်ဝယ် ပြုရာ၌ တန်ဖိုးထား၍ သုံးကြသည်။ ပစ္စည်း အမျိုး အမည် စာရင်း၊ ငွေတောင်း စာရင်း၊ ငွေရ စာရင်းများဖြင့် အရောင်း အဝယ် ပြုကြသောကြောင့် ထိုခေတ်က ဆူမာတို့ ရောင်း ဝယ်ပုံနှင့် ယခုကာလ ကုန်ရောင်း ကုန်ဝယ် ပြုကြပုံသည် မခြားလှပေ။ ကုန်သည်များသည် တံဆိပ်နှင့် နာမည်ကို ရွှံ့ချပ်ကလေးများ ပေါ်၌ရင်း၊ ကျောက်တုံး ကျောက်ပြား ကလေးများပေါ်၌ရင်း၊

နိုပ်သွင်း ထုလုပ် ထားတတ်ကြသည်။ ကုန်ထုပ်ကြီးများ ပေါ်၌ ဖြစ်စေ စာရင်းအင်းများ၌ ဖြစ်စေ ကုန်သည်များသည် လက်မှတ် ထိုးမည့်အစား တံဆိပ် နှိပ်ကြလေသည်။ ထိုခေတ်ကွင် တံဆိပ်များ လွန်စွာ ခေတ်စား၏။ ရှင်ဘုရင်မှစ၍ ကုန်သည်များအထိ ကိုယ်ပိုင် တံဆိပ်များကို လှပ ဆန်းကြယ်စွာ ထုလုပ်ထားကြလေသည်။ မိမိအခြေအနေကို လိုက်၍ ရွှေဖြင့်ရင်း၊ ကျောက်ဖြင့်ရင်း၊ ထုလုပ် ထားတတ်ကြသည်။ ကြေးငွေ အတိုင်း အတာ စသည်များကို ရေတွက် တိုင်းတာရာ၌လည်း တဆယ့်နှစ်၊နှစ်ဆယ့်လေး စသည်ဖြင့် ရေတွက်ကြသည်။

ဘေဘီလုံနိုင်ငံ။ ။ဘီ၊စီ ၂၅၀၀ ခန့်တွင် ဆူမာတို့ နေထိုင်သော မြို့ကလေးများ၏ မြောက်ဖက် အရပ်ဒေသတွင် နေထိုင် သော "ဆာဂွန်"[၅] အမည်ရှိ သိုးထိန်း ခေါင်းဆောင်ကြီး တဦးသည် စစ် ရေး စစ်ရာ၌ ကျွမ်းကျင်သောကြောင့် ဆူမာတို့၏ မြို့ကလေးများ ကို တမြို့ပြီး တမြို့ တိုက်ခိုက် သိမ်းယူပြီးလျှင် ဘေဘီလုံ နိုင်ငံကို စတင် တည်ထောင်လေသည်။ သိုးထိန်း၊ ဆိတ်ထိန်းများသည် စာမတတ်၊ အရေးအဝယ် မတတ်သော်လည်း ဆူမာတို့ထံမှ မြားဦးသဏ္ဍာန် စာပေနှင့် ရေးမှု ဝယ်မှုများကို လုံး၀ အတု ယူကြ သည်။ ဆူမာ လူမျိုး စာတတ်ပုဂ္ဂိုလ်များကိုလည်း ဘုရင်အပါး၌ ခစားစေ၍ မြှောက်စား၏။ ဆူမာတို့ နေထိုင်သော မြို့ကလေးများ တွင် မုတ်ဆိတ်ဖွားဖွား ဆံပင် ဖားလျားရှိ၍ ခြေနင်း စွပ်ထားသော သိုးထိန်းတို့သည် ဝင်ရောက် နေထိုင်ကြလေသည်။ သိုးထိန်းတို့ သည် ဆူမာတို့၏ လုံထိုး၊ဓားခုတ် အဘတ်နှင့် စစ်အသုံး အဆောင် အဆင်တန်ဆာများကို အဘုယူကာ ဝတ်ဆင် ကြလေသည်။

---

၅ *Sargon*

ဟမ္မူရာဘီ[၆] **(ဘီစီ ၂၀၀၀ ခန့်)** ။ဆာဂွန်မင်း၏ အဆက် အနွယ် ဖြစ်သော ဟမ္မူရာဘီမင်းသည် ဘေဘီလုံ နိုင်ငံကို မေ၁် ကွန်း တင်လောက်အောင် အုပ်ချုပ်၏။ မြို့ကလေးများတွင် မြို့ဝန် များ အသီးသီး ခန့်ထားကာ ဘေဘီလုံမြို့မှနေ၍ စံနစ်ကျကျ အုပ် ချုပ်၏။ မြို့ဝန်များလည်း တိုင်းသူ ပြည်သားများကို တရားသဖြင့် အုပ်ချုပ်၏။ မြို့ရွာ အခြေအနေများကို ဘုရင်ထံ အစီရင်ခံစာ အမြဲ ဆက်သွင်းရ၏။ ဘုရင်ကလည်း မည်ကဲ့သို့ ဆောင်ရွက်ရမည် ကိုညွှန်ကြားလေသည်။

စာပို့စံနစ်။ ။ဟမ္မူရာဘီသည် တိုင်းပြည် အုပ်ချုပ်ရေး၌ မကြန့် ကြာစေရန် စာပို့စံနစ်ကို အသုံးပြုသည်။ သူမိန့်ကြားသော အမိန့် တော်ပြန်တမ်းများကို အပါးတော်မြဲသည် ရွှံ့ပြားပေါ်တွင် လိုက်၍ ရေးသားရ၏။ ပြီးဆုံးသောအခါ ရွှံ့မှုန့်များကို စိုထိုင်းနေသေး သော ရွှံ့ချပ်ပေါ်တွင် ဖြူး၏။ တဖန် အသင့် ပြုထားသော ရွှံ့စာ အိတ်တွင် သွင်းလေသည်။ ရွှံ့မှုန့်ဖြူးခြင်းမှာ ရေးသား ထားသော စာများသည် စာအိတ်နှင့် ထိသောအခါ ပျက်သွားမည်ကို စိုးရိမ် သောကြောင့် ဖြစ်သည်။ စာကို စာအိတ်ထဲ၌ သွင်းပြီးသောအခါ ပေးပို့မည့် မြို့ဝန်၏ နာမည်နှင့် မြို့အမည်ကို စာအိတ်ပေါ်တွင် ရေး ၏။ အလုံးစုံ ရေးပြီးမှ အိုးကင်းတွင် ထည့်ကာ မီးဖုတ်လေသည်။ မာကျော၍ လာသောအခါ မင်းလုလင်နှင့် စေလွှတ် ပေးပို့လေ သည်။ တမြို့မှ တမြို့သို့ စာယူ စာပို့ခြင်း အလုပ်ကို မင်းလုလင်များ ဆောင်ရွက်ရ၏။

ဥပဒေ။ ။မင်းကြီး ဟမ္မူရာဘီသည် ရှေးသူဟောင်းတို့ ပြုထား

၆ *Hammurabi*

ခဲ့သော ဥပဒေဟောင်းမျိုးမျိုးကို စုပေါင်းပြီးလျှင် မိမိဉာဏ်နှင့် ဖြည့်သွင်း သင့်သော ဥပဒေများကို ထပ်လောင်း ဖြည့်သွင်းကာ ဥပဒေသစ်ကို ပြု၏။ ဥပဒေများကို အရှည်သဖြင့် တည်တံ့ရန် ၈ ပေခန့်မြင့်သော ကျောက်လုံးကြီးတွင် စာကြောင်းရေပေါင်း သုံးထောင့်ခြောက်ရာခန့် ထွင်းထားခဲ့၏။ ဥပဒေတွင် မုဆိုးမများ၊ မိဘမဲ့ကလေးများ၊ဆင်းရဲသားများကိုလည်း နှိပ်စက် ညှဉ်းပန်းခြင်း မပြုနိုင်ရန် အထူး ပြုစုသည်။ လက်ထပ်ရေး ဥပဒေများကိုလည်း အသေအချာ စီစဉ်၏။ မိန်းမများကိုလည်း အခွင့် အရေး များစွာပေးသည်။ မိန်းမများအား ကိုယ်ပိုင် ရောင်းဝယ်ရေး အလုပ်ကို လုပ်ခွင့်ပြု၏။ မိန်းမ စာရေး စာချီများကိုပင် ခန့်ထားရန် ပြဋ္ဌာန်း၏။ လင်နှင့်မယား၊ ဆရာနှင့်တပည့်၊သခင်နှင့်ကျွန်၊ မြေပိုင်ရှင်နှင့် မြေငှါး စသော သူတို့၏ ပေါင်းသင်း ဆက်ဆံရေး တာဝန် ဝတ်တရားများကိုလည်း အစုံအလင် ညွှန်ကြားထား လေသည်။

သိုးမွေးညှပ်ပွဲတော်။ ။မင်းကြီး ဟမ္မူရာဘီသည် သိုးထိန်း၊ ဆိတ်ထိန်းတို့၏ သွေးပါလာသောကြောင့် သိုးဆိတ်များကို မွေးမြူခြင်း၌အလွန် ဝါသနာပါလေသည်။ နှစ်စဉ်နှစ်တိုင်း နွေဦးပေါက်သောအခါ၊သိုးအုပ်၊ဆိတ်အုပ်များကို မြို့တွင်း၌ စုရုံးထားကာ သိုးမွေးညှပ်ပွဲသဘင်ကို စီရင်လေသည်။ မြို့ဝန်တိုင်း ဤပွဲတော်ကြီးသို့တက်ရောက်ရ၏။ ညှပ်၍ရသော သိုးမွေးများ ကိုလည်း အထည်အလိပ်များ ရက်လုပ်ကြလေသည်။

စာသင်ကျောင်းများ။ ။"စာပေ အရေး အသား၌ ထူးချွန်သော သူသည် နေကဲ့သို့ ထင်ရှားလိမ့်မည်" ဟူသော စကားပုံကလေးသည် ဘောဘီလုံ နိုင်ငံအတွင်းရှိ ကျောင်းသားတို့ကို စိတ်

အား တက်ကြွစေ၏။ ယောကျ်ားကလေးနှင့် မိန်းကလေးတိုင်း ကျောင်းနေကြရသည်။ ဆရာများသည် ကျောင်းသားများကို ပဌမကျူရိုးဖြင့် ရွှံ့ချပ်ပေါ်တွင် နှိပ်နည်းကို သင်ပေး၏။ သေသေ သပ်သပ် နှိပ်တတ်လာသောအခါ စကားလုံးများကို နှိပ်စေ၏။ တဖြည်းဖြည်း စာကြီး ပေကြီးများကို နှိပ်၍ ရေးသား စေသည်။ ကျောင်းများကို တန်ဆောင်းကြီးများ၏ ဝင်းအတွင်း၌ တည်ထား တတ်သည်။ ကျောင်းမှ ထွက်သောအခါ ကျောင်းသူ ကျောင်း သားများသည် ကုန်သည်များ၊ စာရေးများ၊ ဘုန်းကြီးများ အဖြစ် ဖြင့် အသက်မွေးကြသည်။ ရှင်ဘုရင်လည်း ပညာတတ်များကို မြှောက်စားလေသည်။

မြင်း။ ။ရှေးအခါ၌ အာရှတိုက် အလယ်ပိုင်းတွင် မုတ်ဆိတ်မွေး နှင့် မြင်းရိုင်းပုကလေးများသာ ရှိ၏။ ဟမ္မူရာဘီ လက်ထက်သို့ ရောက်သောအခါ မြင်းများသည် ထွားကျိုင်းလာ၏။ ယဉ်အောင် ကျင့်ပေးပါက စီး၍ရ၏။ ဝန်တင်၍ရ၏။ မြင်းများကို ဝန်တင်ကာ စီးလျက် တမြို့မှ တမြို့သို့ ကူးသန်းရာ၌ ခရီး အရောက်မြန်၏။ တမြို့မှ တမြို့သို့ အခေါက်ခေါက် အခါခါ ကူးသန်း နိုင်ကြသော ကြောင့် မြင်းကို အများ အပြား အသုံးပြုလေသည်။

ဘေဘီလုံပျက်ခြင်း။ ။ဘီ၊ စီ ၁၉၂၅ လောက်တွင် ဟမ္မူရာဘီ မင်းကြီး ကံကုန်၏။ ထိုနောက် ဘေဘီလုံ နိုင်ငံကြီးသည် ပျက်စီး သွားလေ၏။ အရှေ့ဖက် အရပ်များမှရှင်း၊ အရှေ့မြောက်ထောင့် အရပ်များမှရှင်း၊ တောင်တန်းများ၌ သွားလာ ကျက်စားကြသော လူရိုင်းများသည် ဘေဘီလုံ နိုင်ငံတွင်းသို့ ချင်းနင်း ဝင်ရောက်လာ ပြီးလျှင် မြို့များကို လုယက် ဖျက်ဆီးကြလေ၏။



အဆိရိယားဘုရင် တည်ခဲ့သော ကျောက်တိုင်ပုံ

အဆီရီယား။ ။ဘောဘီလုံ နိုင်ငံကြီး ပျက်စီးလတ်သော် မြောက်ဖက်တွင် နေထိုင်ကြသော အဆီရီယားလူမျိုး[၇]သည် ထင်ရှားလာလေ၏။ ဆူမာတို့ ကောင်းစားစဉ်ကပင် အဆီရီယားတို့သည် ဆူမာတို့နှင့် ကူးသန်း ရောင်းဝယ်ကြဘူး၏။ အီဂျစ်တို့နှင့်လည်း ဆက်ဆံကြဘူး၏။ ထိုလူနှစ်မျိုးမှ အတုခိုးစရာ ကောင်းသော ယဉ်ကျေးမှုဟူအမျှကို အတုခိုးကြ၏။ စာအရေး အသားကို ဆူမာတို့ထံမှ နည်းယူရေးသား၏။ သို့သော် စာရေးသောအခါ အီဂျစ်တို့ကဲ့သို့ ကျူရိုးပြန့်များပေါ်တွင် မင်ဖြင့် ရေးသားကြ၏။

စစ်သား။ ။ဘောဘီလုံနိုင်ငံ ထွန်းကား နေစဉ်ကပင် အဆီရီယားတို့သည် မြစ်နှစ်မြွာ၏ မြစ်ဖျား အနီးအပါး၌ နေထိုင်ကြ၏။ အဆီရီယား[၈]၏ ဘေးပတ်ဝန်းကျင် အရပ်များ၌ ခက်ထန် ကြမ်းတမ်းသော တောင်ပေါ် လူရိုင်းများ နေကြ၏။ ရံဖန်ရံခါ ထိုလူများသည် ကွင်းပြင်သို့ ဆင်းကာ အဆီရီယားတို့ကို လုယက်တိုက်ခိုက်ကြသောကြောင့် အဆီရီယားတို့သည် ပြန်လည် ခုခံတိုက်ခိုက်ရသည်ကို အကြောင်း ပြု၍ စစ်အတတ်၌ ကျွမ်းကျင်လာ၏။ လူတိုင်း လူတိုင်း စစ်သား ဖြစ်လာ၏။

မြင်းတပ်။ ။အဆီရီယားတို့သည် မြင်းများကို ယဉ်အောင် ကျင့်တတ်၏။ မြင်းစီး အတတ်၌လည်း များစွာ ကျွမ်းကျင် လိမ္မာကြ၏။ လက်တဖက်က ကြာပွတ်ကို တဖြောင်းဖြောင်း ရိုက်လျက် ကျန်တဖက်က ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသော လှံတံနှင့် မားလွှတ်ကို ဝင့်ကာ လှုပပြောင်လက်သည့် ကကြိုး တန်ဆာများ ဆင်ယင်ထားသော မြင်းများကို စီးနင်း လိုက်ပါလာကြသော

၇ *The Assyrians*

၈ *Assyria*

အဆီရီယား မြင်းစီးသူရဲများကို အနီးအပါးမြို့ရွာများသည် အလွန် ကြောက်ရွံကြကုန်၏။

စစ်ရထား။ ။မြင်းစီး ကျွမ်းကျင်ရုံမျှမက အဆီရီယား တို့သည် စစ်ရထားများကို လည်း ပြုလုပ်တတ်ကြသေး၏။ စစ်ရထား၌ ဘီးနှစ်ဘီးသာရှိ၏။ ဝင်ရိုးအပေါ်၌ လူနှစ်ယောက်မတ်တတ် ရပ်သာရုံ ပျဉ်ပြားကို ခင်း၏။လူခါးလယ်မျှလောက်သာ မြင့်သော သစ်သားကိုလည်း လှပအောင် ပြုလုပ်ကာ ထိုပျဉ်ပြား ပေါ်တွင် ရွှေသိုးဖက်၌ ကာရံထား၏။ နောက်ဖက် တခုတည်းသာ စစ်သူရဲများ တက်၍ မြင်းများကို မောင်းနှင်နိုင်ရန် ဖွင့်ထား၏။ ရိုးရိုး စစ်ရထားတွင် မြင်းနှစ်ကောင် တပ်၏။ စစ်သူကြီးများ မောင်းနှင်သော ရထားတွင် မြင်းလေးကောင် တပ်ဆင်လေသည်။

ခြောက်ဘီးတပ် တုံးမောင်း။ ။ရန်သူတို့၏ မြို့ကို ဖြိုဖျက်ရန် အဘွက် အဆီရီယားတို့သည် ခြောက်ဘီးတပ် တုံးမောင်းများကို အသုံးပြုကြ၏။ ၎င်းတုံးမောင်းသည် ဘီးခြောက်ဘီးပေါ်တွင် ဆောက်ထားသော မျှော်စင်မြင့်ကြီးများဖြစ်၍ ရန်သူ၏မြို့ရိုးခန့်မျှ မြင့်၏။ စစ်သူရဲများသည် မျှော်စင်ထဲတွင် ခိုအောင်းကြ၏။ မျှော်စင်၏ အရှေ့ပိုင်းကို သံချပ်များဖြင့်ကာရံထားသည့်ပြင် အမြောက် လုံးကြီးကဲ့သို့ တုံးခိုင်ခိုင်ကြီး တခုကိုလည်း တပ်ဆင်ထား၏။ တုံး ကြီး၏ အဖျားကို သံအစွပ်ဖြင့် စွပ်ထား၏။ ရန်သူတို့၏မြို့ကို တိုက် ခိုက်သောအခါ ခြောက်ဘီးတပ် တုံးမောင်းကြီးကိုမြို့ရိုးအထိ လိမ့် သွားပြီးလျှင် မြို့ရိုးကို ၎င်းတုံးမောင်းဖြင့် ဖောက်ထွင်းလေသည်။ မျှော်စင်ထဲမှ သူရဲ သူခက်များလည်း မြို့တွင်းနှင့်မြို့ရိုးပေါ်ရှိရန်သူ များကို လေးမြားတို့ဖြင့် ပစ်ခတ်၏။ မြို့ရိုးပေါက်သောအခါမှသာ



အဆီရီးယားတို့ စစ်ချီတိုက်ခိုက်ကြပုံ

ခြေလျင်တပ်သားများသည် မြို့တွင်းသို့ဝင်၍ တိုက်ခိုက်ကြလေသည်။ စစ်သူကြီးများမှကား ရန်သူတို့နှင့်ပေ (၁၀၀၀-၁၅၀၀)ခန့် အကွာမှ နေ၍ အမိန့်ပေးကြလေသည်။သို့သော် သူတို့ကိုင်ဆောင်သော လေးမြားတို့သည် အထူး ကောင်းမွန်လှသဖြင့် မိမိတို့ နေသော နေရာမှ ရန်သူများကို ထိအောင်ပစ်ခတ်နိုင်ပေသည်။

နင်နီဗား[၉]။ ။အဆီရီယားတို့သည် စစ်အတတ်၌ ကျွမ်းကျင်ပြီး၍ စစ်ကရိယာများကို စုံလင်စွာ စုဆောင်းပြီးသောအခါ အနောက်ဖက် နယ်များသို့ရင်း၊ တောင်ဖက် ဘေဘီလုံ နိုင်ငံတွင်းသို့ရင်း ချင်းနင်း ဝင်ရောက် တိုက်ခိုက်ကြ၏။ ဘေဘီလုံ နိုင်ငံသည် အဆီရီယား လက်တွင်းသို့ ကျရောက်၏။ ဒုတိယ ဆာဂွန် မင်းကြီး လက်ထက်သို့ ရောက်သောအခါ အဆီရီယား နိုင်ငံ၏ နယ်နိမိတ်သည် အီဂျစ်နိုင်ငံမှ ဘေဘီလုံ နိုင်ငံအဆုံးအထိ ကျယ်ဝန်းလာ၏။ အဆီရီယား စစ်သည် သူရဲတို့နှင့် မည်သည့် လူမျိုးမျှ ယှဉ်ပြိုင်၍ မတိုက်ခိုက်ဝံ့ကြတော့ချေ။ ဒုတိယ ဆာဂွန်မင်းကြီးသည် ဘီ၊စီ ၂၇၈-တွင် နင်နီဗား မြို့တော်ကို တည်၏။ နင်နီဗား မြို့တော်၏ အရှေ့မြောက်ပိုင်းတွင် လှပ ခမ်းနားသော နန်းတော်ကြီးကိုလည်း တည်တော်မူ၏။ နန်းတော်ကြီးသည်မြို့ရိုးကို ခွလျက် မြို့ပြင်၌ တပိုင်း၊မြို့တွင်း၌၂တပိုင်း တည်ရှိလေသည်။ နန်းတော် နေရာတခုလုံးကိုလည်း မြေပြင်မှအတော်မြင့်အောင် အုတ်ဖြင့် ခင်း၍ ထား၏။ အုတ်ခင်းပြင်၏ အစွန်း တလျှောက်လုံးတွင် လမ်းမကြီးအတွက် နေရာ ချန်ထားပြီးလျှင် ထိုနှင့် ယှဉ်လျက် နန်းတော်မြို့ရိုးကြီးကို ဆောက်လုပ်၏။နန်းတော် မြို့ရိုးကြီးတွင် မြို့ဖက်၌ တံခါးမကြီးကို ဖောက်ထား၏။ တံခါးမကြီး၏ နဖူးစည်းများကို ခုံးကြီးများဖြင့် ပြုလုပ်

[၉] *Nineveh*



အဆီရီးယားနန်းတော် တံခါးဝရှိ လူဦးခေါင်းနှင့် တောင်ပံတပ်ထားသော နွားရုပ်ကြီး

ထား၏။ ခုံးကြီးများတွင် လူဦးခေါင်းနှင့် နွားကိုယ်ရှိသော အကောင်ကြီးများ၏ အရုပ်များကို ထွင်းထားပေသည်။ တံခါးမကြီး အပြင် ခုံးတံခါးငယ်များကိုလည်း ဖောက်ထား၏။ တံခါးမကြီးနှင့် တည့်တည့်မြို့ရိုးပေါ်တွင် သူရဲခိုကြီးလေးခုကို ဆောက်လုပ်ထား၏။ နန်းတော် မြို့ရိုးအတွင်း၌မူ နန်းတော်ဆောင်များကို သေသေသပ်သပ် အကွက်ရိုက်လျက် ဆောက်လုပ်၏။ နန်းတော်ဆောင်များ အတွင်း၌လည်း ခန်းမကြီးငယ်အသွယ်သွယ်တို့ဖြင့်ပြည့်နှက်နေ၏။ နန်းတော်ဆောင်များ အကြားတွင် ကွက်လပ်များပြုလုပ်ကာ မြက်ခင်း ပျိုးထားပေသည်။ မြို့ဖက်သို့ မျက်နှာမူနေသော နန်းတော် အုဘ်ခင်းပြင်၌ တံခါးမကြီးနှင့်တည့်တည့်နေရာတွင် အုတ်လှေကားနှစ်ခု တပ်ဆင်ထား၏။ လှေကားဘစင်းလျှင် နှစ်ချိုးစီရှိ၍ အုတ်ခင်းပြင်နှင့် ကပ်ယှဉ်ကာ ဦးတိုက်ဘည့်ရှိကြ၏။ မြို့ဖက်မှ လာသည့်ရှိသော် နန်းတော် အုဘ်ခင်းပြင်၏ လကျ်ာစွန်းတွင် အုတ်ခင်းပြင်နှင့်ကပ်လျက် အုဘ်ဆင်ခြေလျှော တခုကိုလည်း ပြုလုပ်ထား၏။

ဘုရင် မင်းမြဘ်များ မြို့တွင်း၌ လှည့်လည် ကြည့်ရှု ပြီး၍ စစ်ရထားကို မောင်းနှင်လျက် ပြန်လာသောအခါ ဤဆင်ခြေလျှောမှ စစ်ရထားကို မောင်းနှင်ကာ တက်သွား၏။ ထိုမှ လမ်းမကြီးကို ပတ်လျက်တံခါးမကြီးမှ နန်းတော် မြို့ရိုး အတွင်းသို့ ဝင်လေသည်။

ထိုခေတ်၌ နင်နီဗား မြို့တော်ရှိ နန်းတော်ကြီးကဲ့သို့ ခမ်းနားကြီးကျယ်သော နန်းတော်ကြီးမျိုးသည် ကမ္ဘာပေါ်တွင် မပေါ်ပေါက်သေးပေ။ အာရှတိုက်သား အဆီရီယား ဘုရင်များသားနောင်လာနောက်သားများ စံနမူနာယူလောက်အောင် ကြီးကျယ်ခမ်းနားသော အဆောက်အအုံများကို တည်ထားခဲ့ကြပေသည်။

ဆင်နက်ကရစ်[၁၀] (ဘီ၊ စီ ၇၀၅-၆၈၀)။ ။ဒုတိယ ဆာဂွန်မင်းကြီး နတ်ပြည်စံသောအခါ သားတော် ဆင်နက်ကရစ်သည် အဆီးရီးယား နိုင်ငံကြီးကို ဆက်ခံစိုးစံ၏။ ဆင်နက်ကရစ်သည် နင်နီဗား မြို့တော်ကြီးကို ထပ်မံ ပြုပြင်၏။ မြို့တွင်းရှိ လမ်းကျဉ်းလမ်းသေးများကို လမ်းကျယ် လမ်းမကြီးများ ဖြစ်အောင် ဖောက်လုပ်၏။အဆောက် အအုံ များကိုလည်း ကြီးကြီးကျယ်ကျယ် ဆောက်လုပ်၏။နင်နီဗား မြို့တော်ကြီးကို မည်မျှ ကြီးကျယ် ခမ်းနားအောင် ပြုပြင်ခဲ့ကြောင်း ကို ဆင်နက်ကရစ် ထိုးခဲ့သော ကျောက်စာတခု၌ "ငါသည် နင်နီဗား မြို့တော်ကြီးကို နေရောင်ကဲ့သို့ ဖိတ်ဖိတ်တောက်အောင် မွမ်းမံခဲ့ သည်" ဟု ဖော်ပြထားပေသည်။

ဆင်နက်ကရစ် မင်းကြီးသည် မြို့တော်ကို ပြင်ဆင်ပြီးသော် တိုင်းနိုင်ငံ ကြီးကျယ်ပြန့်ပွါးအောင် အခြားနိုင်ငံများသို့ စစ်ချီ တက် တိုက်ခိုက်၍ အနောက်ဖက်တလွှားရှိ ပါလက်စတိုင်းစသော နိုင်ငံများကို သိမ်းယူ၏။ ထိုမင်းလက်ထက်၌ လက်ရသိမ်းပိုက်ပြီး သော နိုင်ငံများမှ သိုးအုပ်၊ ဆိတ်အုပ်များနှင့် ရွှေ၊ ငွေ၊ ကျောက်၊ သံ ရတနာများကို စာရင်းနှင့်တကွ အဆီးရီးယား စစ်သည် ရဲမက်များ သည် နင်နီဗား မြို့တော်သို့ ယူဆောင်လာကြ၏။ မိန်းမများနှင့် ကလေးများကိုလည်း နွားလှည်းများဖြင့် တင်ဆောင်လာကာ အဆီးရီးယားနိုင်ငံရှိ ကျွန်ဈေးများတွင် ကျွန်အဖြစ် ရောင်းချကြ၏။ အနိုင်ရပြီးသော နိုင်ငံများ၌လည်း မြို့ဝန်များ ခန့်ထားကာ ရှေး အခါက ဟမ္မူရာဘီ မင်းကြီး အုပ်ချုပ်ခဲ့သည့် နည်းအတိုင်းပင် စံနစ်တကျ အုပ်ချုပ်စေ၏။ အုပ်ချုပ်ရေး၌ ခရီးတွင်အောင် စာပို့ စံနစ်ဖြင့် ဆောင်ရွက်၏။ ပုန်စားပုန်ကန်ပြုသော လက်အောက်ခံ နိုင်ငံများနှင့် မြို့ဝန်များကို ဆင်နက်ကရစ် မင်းကြီးသည် ညှာတာ

၁၀ *Sennacherib*

ထောက်ထားခြင်း မပြုပေ။ သူ့ပုန်များကို ဖမ်းဆီးရမိလျှင် ကြီးလေးသော အပြစ်ကို ပေး၏။ ကိုယ်မှ အရေကို ဆုတ်၏။ ခြေ၊ လက်၊ နား၊ နှာ စသည်များကို လှီးဖြတ်၏။ မျက်စိကို ဖောက်၏။ အစုလိုက်၊ အပြုံလိုက် မီးလောင်တိုက် သွင်း၏။ ထို့ကြောင့် အဆီရီးယားနိုင်ငံ တဝှန်းလုံးသည် မင်းကြီးကို ကြောက်ရွံ့ကြ၏။ မုန်းတီးကြ၏။ သို့သော် ပုန်စား ပုန်ကန်ပြုသူ နည်းပါးလေသည်။

စာကြည့်တိုက်။ ။နိုင်ငံကြီး တည်တံ့ခိုင်မြဲရန်အတွက်သာ သစ္စာမဲ့သူများကို ရက်စက်စွာ ဆုံးမတတ်သော်လည်း ဆင်နက်ကရစ်မင်းကြီးသည် ဖြောင့်မှန်တည်ကြည်သော သူများကိုမူ ချီးမြှင့်မြှောက်စား၏။ နိုင်ငံစည်ပင်တိုးတက်မှု ဟူသမျှကို အားပေး၏။ စာကြည့်တိုက်ကြီးတခုကို နန်းတော်တွင်း၌ပင် ဆောက်လုပ်ထား၏။ စာကြည့်တိုက်ထဲတွင် သာသနာရေးနှင့် ပတ်သက်သော စာပေများ သိပ္ပံပညာနှင့် ပတ်သက်သော စာပေများ ရှေးသူဟောင်းတို့ ပြုစုခဲ့သော စာပေများကို အစုံအလင် စုဆောင်းသိမ်းထား၏။ စာချပ်များအပေါ် တွင်လည်းဘုရင်မင်းမြတ်၏တံဆိပ်တော်ကိုခတ်နှိပ်၏။

ချက်သက်မှတ်။ ။ဆင်နက်ကရစ် မင်းကြီးသက်ထက်၌ အဆီရီယား နိုင်ငံကြီးသည် ကျယ်ပြန့် စည်ကားသောကြောင့် အရောင်းအဝယ်လည်း ဖွံ့ဖြိုးပေသည်။ ထိုခေတ်က ကုန်ရောင်းကုန်ဝယ် စံနစ်သည် ကျွန်ုပ်တို့ ခေတ်ကဲ့သို့ပင် စည်းကမ်းကျန၏။ ကြေးငွေအဖြစ်ဖြင့် သတ္တုပြားဝိုင်းဝိုင်းကလေးများကို အသုံးပြုကြ၏။ ကျွန်ုပ်တို့ခေတ်၌ သုံးသော ကြေးပြားဝိုင်းများကဲ့သို့ပင် သတ္တုပြားများ၏ မျက်နှာတဖက်တွင် အလေးချိန်၊ တဖက်တွင် ထုတ်ဝေသော ဌာနများကို ဖော်ပြထား၏။ ကြေးငွေနှင့် ပတ်သက်၍ တာ

အဆီရီယားလူမျိုးနှင့် မီးဒီးလူမျိုး

ဝန်ခံဆောင်ရွက်ကြသော ကုန်သည်များလည်း ရှိသည်။ ယခုခေတ် ဘဏ်တိုက်များကဲ့သို့ ငွေတိုးငွေခံများကို တာဝန်ခံ သိမ်းဆည်း စောင့်ရှောက်သော သူများလည်း ရှိ၏။ မည်သူမဆို ငွေလာရောက် အပ်နှံသောအခါ ချက်လက်မှတ်ကဲ့သို့သော လက်မှတ်များကို ရကြသည်။ ကုန်သည်များသည် ငွေလိုသောအခါမှ လက်မှတ်ကိုပြ၍ ငွေသားနှင့် လဲလှယ်ယူကြ၏။ ထိုဘဏ်တိုက်များသည် ငွေကိုလည်း ချေးငှါး၏။ သို့သော် ငွေတရာလျှင် အတိုး ၂၅ ကျပ်မှ ၃၀ အထိ ယူကြလေသည်။ ဤငွေချေးငွေယူစံနစ်သည် အဆီရီယား နိုင်ငံမှ အနောက်နိုင်ငံများသို့ ပြန့်ပွါးသွားလေသည်။

နင်နီဗားကျဆုံးချိန်။ ။ဆင်နက်ကရစ် ကံကုန်ပြီးသည့်နောက် အဆီရီယားနိုင်ငံသည် တည်တံ့စည်ကားပါသော်လည်း ဘီ၊ စီ ၆၀၂ ခန့်တွင် နိုင်ငံကြီးသည် မငြိမ်မသက် ဖြစ်လာ၏။ အဆီရီယားနိုင်ငံကြီး၏ အနောက်ဖက်ရှိ ပါလက်စတိုင်းနိုင်ငံကို အီဂျစ်တို့သည် တိုက်ခိုက်သိမ်းယူ၏။ အဆီရီယား မင်းများလက်အောက်ခံ ဘေဘီလုံနိုင်ငံလည်း ပုန်ကန်ထကြွ၏။ အဆီရီယားနိုင်ငံ အရှေ့ဖက်မှလည်း "မီးဒီး"[၁၁] အမည်ရှိသော လူမျိုးသည် နင်နီဗားမြို့တော်ကို ဝင်ရောက်တိုက်ခိုက်ကြ၏။ နောက်ဆုံး၌ ဘေဘီလုံမြို့မှ သူပုန်များသည် နင်နီဗားမြို့ကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးကာ ရှေးအဆီရီယားတို့ ဘေဘီလုံကို ဖျက်ဆီးခဲ့သည့် ရန်ကို တုံ့ချေလေ၏။ အာရှတိုက်၌ ခန့်ညားထယ်ဝါစွာ ထွန်းကားခဲ့သော နင်နီဗားမြို့တော်ကြီးသည် မြေပုံအဖြစ်သို့ ဆိုက်ရောက်သွားလေ၏။

ဒုတိယဘေဘီလုံနိုင်ငံ(ဘီ၊ စီ ၆၀၆-၅၃၉)။ ။ဘီ၊ စီ ၆၀၂ တွင်

၁၁ *The Medes*



ဘေဘီလုံမြို့တော်

အဆီရီယားနိုင်ငံကြီး ပျက်စီးနိမ့်ကျသွားသောအခါ ဒုတိယ ဘေဘီလုံနိုင်ငံ ထွန်းကားလာ၏။ ဘေဘီလုံနိုင်ငံမှ မင်းများသည် ဘေဘီလုံမြို့ကို နေပြည်တော်အဖြစ် ပြန်လည် ထူထောင်ကြလေ၏။ ဘေဘီလုံနိုင်ငံ၏ အနောက်ဖက်တလွှားရှိ မြို့များကိုလည်း တိုက်ခိုက်သိမ်းယူ၍ ဘေဘီလုံနိုင်ငံကို ကျယ်ပြန့်အောင် ချဲ့ကြသည်။

နဗျူးခက်နက်ဇား[၁၂] **ဘီ၊စီ (၆၀၄-၅၆၁)**။ ။ဒုတိယဘေဘီလုံနိုင်ငံကို ကော်ဒီယန်း[၁၃]နိုင်ငံဟူ၍လည်း ခေါ်၏။ ကော်ဒီယန်း နိုင်ငံ ထွန်းကားစဉ်က တန်ခိုးအကြီးဆုံးဖြစ်သော မင်းသည် နဗျူးခက်နက်ဇားဘုရင်ဖြစ်၏။ နဗျူးခက်နက်ဇားသည် အဆီရီယားတို့ အသုံးပြုခဲ့သော စစ်မှုကရိယာများကိုအတုယူကာ ဆက်လက်အသုံးပြု၏။ဘေဘီလုံမြို့တော်နှင့် နန်းတော်ကြီးကိုလည်း နင်နီဗားမြို့ထက် သာလွန်ခမ်းနားအောင်တည်ဆောက်၏။ သို့သော် နင်နီဗားမြို့တော်ရှိ နန်းတော်ကြီး၏ လက်ရာကိုသာ မှီး၍ တည်ဆောက်ရလေသည်။

ဥယျာဉ်ပုံ။ ။နဗျူးခက်နက်ဇား ဘုရင်သည် နင်နီဗားမြို့တော်ထက် ခမ်းနားအောင် ဘေဘီလုံမြို့တော်ကို ဆောက်လုပ်ရာ၌ မြို့ရိုးကြီးများနှင့် ဥယျာဉ်ပုံများကို စီမံလေသည်။ မြို့ရိုးကြီးများကို ခိုနန်းချိုးများဖြင့် လှပအောင် ဆောက်လုပ်၏။ မြို့ရိုးနံရံများပေါ်၌လည်း တိရစ္ဆာန်ရုပ်များဖြင့် ခြယ်လှယ်ထား၏။ မြို့ရိုးကြီးများအတွင်းဖက်တွင် ဥယျာဉ်ပုံများကို စီမံ၏။ "ဥယျာဉ်ပုံ"ဆိုသည်မှာ အဆန်းတကြယ် စီမံထားသော ဥယျာဉ်များ ဖြစ်၍ ကောင်းကင်၌ တွဲလွဲဆွဲ၍ နေလေဟန် ထင်မှတ်ရသော ဥယျာဉ်များ ဖြစ်

၁၂ *Nebuchadnezzar* ၁၃ *The Chaldeans*

(ကြိုလၢမွ္ယယ၁) ဂ့ၤဒှံၤဂၤဒ လေ၁ဖွဲ့နှ်ဟန်၁ထိုလိုထို ဒှ်ဒှယ်းဒှ်ယေ၁



လေသည်။ နဘျူးခက်နက်ဇာဘုရင်၏ နန်းတော်ကြီးတွင် ကျွန်ုပ်တို့ မြန်မာရှင်ဘုရင်များ တည်ဆောက်ခဲ့သော အာလိန်များဖြင့် ပြုလုပ်ထားသည့် ချော်စင်ကြီးများကဲ့သို့ အဆင့်ဆင့် အရစ်ရစ်ပြုလုပ်ထားသော မျှော်စင်ကြီးများ ရှိလေသည်။ ထိုမျှော်စင်ကြီးများ၏ အဆင့်များ အရစ်များတွင် အရောင်မျိုးစုံ ပွင့်သော ပန်းပင် အမျိုးမျိုးကို စိုက်ပျိုးထားလေသည်။ ပန်းများဖြင့် ဝေဆာမြိုင်ဆိုင်နေသောအခါ ထိုချော်စင်များကို တောင်ကြီးများကဲ့သို့ ထင်မှတ်ရ၏။ ကောင်းကင်ထဲတွင် ဥယျာဉ်ကြီးများနှင့် ပန်းမျိုးစုံများ ယိမ်းနွဲ့နေသကဲ့သို့ပင် ထင်မှတ်ရပေသည်။

အီရန် (ပါရှား) လူမျိုး[၁၄]။ ။အဆီရီယားတို့ ထွန်းကားနေစဉ်ပင် ယူဖရေးတီးနှင့် တိုင်းဂရစ် မြစ်များသို့ အာရိယန် လူမျိုးသည် ကော့ကေးရှမှ ပြောင်းကာ ရွှေ့ကာ ဝင်ရောက်နေထိုင်ကြ၏။ အဆီရီယားတို့ နိမ့်ပါးသွားသောအခါ အာရိယန်တို့သည် အဆီရီယားတို့နေထိုင်သောနယ်ပယ်များသို့ ဝင်ရောက်နေထိုင်ကြပြန်၏။ အဆီရီယားတို့ထံမှ အတုယူသင့်သော အတတ်ပညာများကို သင်ယူကြ၏။ နဘျူးခက်နက်ဇာမင်းကြီး ကံကုန်ပြီးနောက် ဘီ၊ စီ ၅၃၉ ခုဘွင် အာရိယန်တို့သည် ဘေဘီလုံမြို့တော်ကြီးကို တိုက်ခိုက်ဖျက်ဆီးကြလေသည်။

ကမ္ဘာပေါ်တွင် အညွန့်တလူလူနှင့် ဝင့်ဝါခဲ့သော အာရှတိုက်နိုင်ငံကြီးတခုသည် ပြိုပျက် အက်ကွဲသွားရပြန်လေသည်။ ဘေဘီလုံမြို့တော်ကို ဖျက်ဆီးကြသော အာရိယန်တို့သည် တန်ခိုးထွားလာသောအခါ အီရန် (ပါရှား) လူမျိုးဟု ထင်ရှားလာလေသည်။

၁၄ *Iranian (Persian)*

အခန်း ၆

အိန္ဒူမြစ်ဝှမ်း-အိန္ဒိယယဉ်ကျေးမှု

အိန္ဒူမြစ်။ ။အိန္ဒိယနိုင်ငံကြီးသည် မြောက်ဖက် တပိုင်းလုံးတွင် ဟိမဝန္တာတောင်တန်းကြီး ကာဆီးနေသည့်ပြင်တောင်ဖက်၌လည်း သမုဒ္ဒရာကြီး ဝန်းရံကာဆီးနေသောကြောင့် အခြားနိုင်ငံများမှ အိမ်ခြေယာခြေမရှိသော သူများ ဝင်ရောက်နေထိုင်ရန် ခဲယဉ်းလေသည်။ သို့သော် အနောက်မြောက်ထောင့်နှင့် အရှေ့မြောက်ထောင့်များတွင် လူများ ဖြတ်သန်း သွားနိုင်သော တောင်ကြားလမ်းများရှိ၏။ ထိုတောင်ကြားလမ်းများမှပင် အာရှတိုက် အလယ်ပိုင်းမှ ရွှေ့ပြောင်းနေထိုင်ကြသူများသည် ဝင်ရောက်လာကြ၏။ အိန္ဒိယမြောက်ပိုင်းဒေသတွင် အနောက်ဖက်၌ အိန္ဒူအမည်ရှိသော မြစ်ကြီးသည် မြစ်ငါးသွယ်နှင့် စုပေါင်းကာ အိန္ဒိယသမုဒ္ဒရာ အတွင်းသို့ စီးဝင်၏။ အလယ်ပိုင်း၌ ဂင်္ဂါမြစ်သည် ဟိမဝန္တာ တောင်တန်းကြီးမှစီးဆင်းလာပြီးလျှင် ဗင်္ဂလား ပင်လယ်အော်သို့ စီးဝင်သေသည်။ ဘီ၊ စီ ၃၀၀၀ ခန့်က အိန္ဒိယဘနိုင်ငံလုံးတွင် အိန္ဒူမြစ်ဝှမ်း၌သာလူနေအိမ်ခြေရှိလေသည်။ အချိန်ကာလ ကြာညောင်းလာသောအခါ အနောက် မြောက်ထောင့်ရှိ တောင်ကြားလမ်းများမှ လူသစ်များသည် အိန္ဒူမြစ်ဝှမ်းသို့ တသုတ်ပြီး တသုတ် ဝင်ရောက်လာကြကာ အိန္ဒိယနိုင်ငံ၏ အခြေအနေကို တမျိုးပြီး တမျိုး ပြောင်းလဲ စေ၏။ အရှေ့မြောက်ထောင့် မှလည်း လူစိမ်းများ ဝင်ရောက်လာတတ်ကြ၏။ သို့သော် အသွားအလာ

ခက်ခဲသည့်အတွက် အနောက်မြောက်ထောင့်ကဲ့သို့ ခဏခဏ မဝင်ရောက်ကြပေ။

နိုင်ငံရင်းဘွား။ ။အီဂျစ်နိုင်ငံနှင့် ဘေဘီလုံနိုင်ငံများ ထွန်းကားတိုးတက်နေသောအခါ အိန္ဒိယတနိုင်ငံလုံးတွင် အိန္ဒုမြစ်ဝှမ်းတလျှောက်၌သာ ဒြာဗီးဒီးယန်း၁အမည်ရှိသော လူမည်းများ နေထိုင်ကြလေသည်။ ဤလူမည်းများသည် လယ်ယာစိုက်ပျိုး လုပ်ကိုင်တတ်ကြ၏။ ရွာကလေးများ တည်ထောင်ကာ ရွာသူကြီးတဦးစီနှင့် အုပ်ချုပ်ကာ နေထိုင်ကြလေ၏။ တရွာနှင့် တရွာလည်း ကုန်ချင်းဖလှယ်ကာ ရောင်းဝယ်ကြ၏။ ယဉ်ကျေးစ လူများကဲ့သို့ သူ့ရွာနှင့် သူ့ဓလေ့ထုံးစံအတိုင်း အေးချမ်း သာယာစွာ နေကြလေသည်။ ရွာစောင့်နတ်၊ တောစောင့်နတ် စသည်များကို ဘေးအန္တရာယ်များ သုတ်သင်တားဆီးပေးပါရန် ပူဇော် ပသကြ၏။ လယ်ယာမိုးမြေ ကောင်းမွန်သန်စွမ်းစေခြင်းငှါလည်း မြေနတ်သားကို ရှိခိုးကြ၏။ နှစ်ပေါင်း ရင့်ညောင်းလာသောအခါ မြေနတ်သားကို အမှွမ်းတင်ကာ မြွေရုပ်ပြုလျက် ကိုးကွယ်ကြ၏။ မြွေရုပ်မှ တဖန် တိုးတက်၍ နဂါးပုံသဏ္ဌာန် ထုလုပ်ကာ ကိုးကွယ်ကြလေသည်။

အစဉ်အတိုင်း နေထိုင်လာကြရာ လူဦးရေလည်း တစတစ များပြားလာ၏။ အသိဉာဏ်လည်း တဖြည်းဖြည်း တိုးပွါးလာကြ၏။ ရွာသိမ်ရွာငယ်ကလေးများမှ ရွာကြီး၊ ရွာကြီးများမှ မြို့ကလေးများ အဖြစ်သို့ ပြောင်းလဲလာကြ၏။ ရွာသူကြီးများသည်လည်း ရှင်ဘုရင်များ ဖြစ်လာကြ၏။ ကိုးကွယ်သော နတ်များလည်း တိုး၍တိုး၍သာ များပြားလာ၏။ ဆင်၊ ဂဠုန်နှင့် သစ်ပင်စောင့်နတ်၊

၁ *The Dravidians*

တောင်စောင့်နတ်စသော နတ်များကိုလည်း ပသလာကြ၏။ မျိုးရိုးများကို ပြုလုပ်ကာ မျိုးကို ကာရံကြသောကြောင့် မျိုးစောင့်နတ်များကိုလည်း ပသကြရပြန်ပေသည်။ နတ်များအပြင် နောင်ဘဝကို စဉ်းစားကြပြန်၏။ သေသူများသည် နောင်ဘဝ၌ ချမ်းသာစွာနေထိုင်နိုင်ရန် အလောင်းများကို ကောင်းမွန်စွာ အဝတ်အစားလက်ကောက်တန်ဆာများဖြင့် ဆင်ယင်ကာ မြှုပ်နှံကြ၏။ ခေါင်းရင်း၌ ကျောက်တိုင်များကို စိုက်ထူကြ၏။

တမျိုးနှင့်တမျိုးလည်း ရံဖန်ရံခါ စစ်မက်ပြုကြ၏။ မျိုးရိုးများပေါ်တွင် ပစ္စင်ရင် တားသူရဲခိုများကိုလည်း ဆောက်လုပ်ကြ၏။ သို့သော် မြင်းများသည် အိန္ဒြမြစ်ဝှမ်းသို့ မရောက်သေးချေ။ ဘီးနှင့်သွားသော ယဉ်များကိုလည်း မမြင်ဘူးကြသေးချေ။ ခြေလျင်သာသွားကြလာကြရ၏။ လက်ရုံးအားကိုး စစ်ထိုးကြရ၏။

စာပေအရေးအသားနှင့် စာအုပ်များကိုလည်း မထွင်တတ်ကြသေးချေ။ ပညာရပ်များကို နှုတ်တက်ကျက်ကြ၊ ရွတ်ကြ၊သင်ကြားကြလေသည်။ ဤသို့ နိုင်ငံရင်းဘွား လူမည်းများသည် မျိုးနှင့်ပြနှင့်အဘည်တကျ အေးချမ်းသာယာစွာ နေကြစဉ် အိန္ဒိယနိုင်ငံ၏ အခြေအနေကို ပြောင်းလဲစေမည့် အာရိယန်ခေါ်သော လူဖြူတို့သည် အိန္ဒြမြစ် အနောက်မြောက်ထောင့်ရှိ တောင်ကြားလမ်းများမှ ဘီ၊စီ ၁၅၀၀ ခန့်တွင် ကျူးကျော်ဝင်ရောက်လာကြ၏။

အာရိယန်လူမျိုး[၂]။ ။အင်္ဂလိပ်နိုင်ငံနှင့် ဘေဘီလုံးနိုင်ငံများ ထွန်းကားသော အချိန်၌ အာရိယန်တို့သည် အာရှတိုက် အနောက်တောင်ယွန်းရှိ ကော့ကေးရှ တောင်တန်းကြီး တဝိုက်တွင်နေထိုင်ကြလေသည်။ အစပဌမ၌ ကျွဲနွားများနှင့် တနေရာမှ တနေရာသို့

---

[၂] *The Aryans*

လှည့်လည် ရွှေ့ပြောင်းကာ နေထိုင်ကြ၏။ ရောက်လေရာ အရပ်၌လည်း ယာယီ တဲထိုးကာနေ၏။ အိမ်ထောင်ပစ္စည်းများကို လှည်းကြမ်းကြီးများဖြင့်တင်ဆောင်ကြ၏။နေထိုင်ရန် သင့်တင့်လျောက်ပတ်သော နေရာများကို တွေ့ရှိသောအခါ သစ်ခက်များကို ကပ်များပြုလုပ်ကာ ရွှံ့ဖြင့်မံလျက် အိမ်ပြုလုပ်နေထိုင်ကြ၏။ သေသူများကိုလည်း မြေမမြှုပ်ဘဲ မီးသင်္ဂြိုဟ်ကာ အရိုးအိုးတွင်ထည့်၍မြေဂူကြီးများ ပြုလုပ်ကြ၏။ စားသောက်ရန် အတွက်လည်း ဂျုံများကို စိုက်ပျိုးကြ၏။ နွားဖြင့် မြေယာကို ထွန်ယက်ကြ၏။ သို့သော်တနေရာ တနေရာ၌ ကြာရှည်စွာ မနေထိုင်ကြချေ။ ဂျုံများမှည့်ရှမ်းသောအခါ ရိတ်ကြပြီးလျှင် ရွှေ့ပြောင်းကြပြန်၏။ ရွှေ့ကာပြောင်းကာနှင့်ပင် သံများကိုတွေ့ကြ၏။မြင်းများကိုဖမ်းယူကြ၏။

အာရိယန် လူမျိုး တစုတစုတွင် အကြီးအကဲ တဦးစီ ရှိ၏။ ထိုအကြီးအကဲ၏ အဆက်အနွယ်များကိုသာလျှင် ဆက်လက်၍ အကြီးအကဲ မြှောက်ကြလေသည်။ အတည်တကျ နေထိုင်ရန်သင့်သော နေရာကောင်းကို တွေ့လတ်သော် သစ်သားအိမ် တလုံးကို ဆောက်ကြ၏။ အိမ်အလယ်တွင် ခန်းမကြီး တခု ဆောက်လုပ်၏။ ခန်းမကြီး၏ တနေရာတွင် ကွပ်ပျစ်ကြီးတခု ထိုးကာ အကြီးအကဲ၏ မိသားဘသား တစုသည် ကွပ်ပျစ်ပေါ်၌ ညအခါအိပ်ကြ၏။ ကျန်လူစုများသည် ကြမ်းပြင်ပေါ်၌ သင့်သလို အိပ်ကြလေသည်။ အိမ်၏ ဘေးပတ်ဝန်းကျင်တွင်လည်း နွားတင်းကုပ်များ၊ မြင်းဇောင်းများကို ဆောက်လုပ်ကြသည်။ ညအခါများတွင် အိမ်၏ ခန်းမကြီး၌ သောက်စား မူးယစ်ကြ၊ ကခုန်ကြ၊ ကစားကြနှင့် လွန်မင်းစွာ ပျော်ရွှင်ကြလေသည်။ ထိုစဉ်အခါက အာရိယန်တို့သည် စာမတတ်သော်လည်း ရှေးဟောင်းနှောင်းဖြစ်များ၊ ပုံတိုပုံစ ကလေးများကို လက်တန်း စပ်ကြ၊ သီဆိုကြလေသည်။

စာဆို။ ။အာရိယန် လူမျိုးထဲတွင် စာဆိုများ ရှိလေသည်။ ယဉ်ကျေးသော စကားလုံးများဖြင့် မိမိတို့တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များ၊ ရှေးခေတ်ဟောင်းမှ အောက်မေ့ဘွယ်ရာ သူရဲကောင်းတို့၏ အတ္ထုပ္ပတ္တိများကို ဖွဲ့နွဲ့ စီကုံးသီဆိုကြလေ၏။ ပျော်ပါးရွှင်မြူးကြသော ညအခါများတွင် အကြီးအကဲနေသော အိမ်၏ ခန်းမကြီး၌ ဝိုင်းဖွဲ့ကာ စာဆိုများသည် သီဆိုကြပြန်၏။ နွားထောင်သူများကလည်း နှစ်သက်ကြည်နူးစွာ လိုက်လံကျက်မှတ်ကာ သီဆိုကြပြန်၏။ ဤနည်းဖြင့် အာရိယန် တို့၏ အဖြစ် အပျက် များသည် သားမြေးအဆက်အနွယ်တို့၏ နှုတ်ဖျားတွင် အဆင့်ဆင့် မပျောက်မပျက်တည်ရှိခဲ့လေသည်။

ဤသို့ တပျော်တပါးကြီး တနေရာမှ တနေရာသို့ အိမ်ထောင်စုများက လှည်းကြမ်းကြီးများကို မောင်းလျက် ယောကျ်ားများက မြင်းများကိုစီးလျက် ရွှေ့ပြောင်းကြရာ အာရိယန်တို့သည် ပင်ရင်းဒေသ ဖြစ်သော အာရှတိုက် ကော့ကေးရှ တောင်တန်းအနီးမှ တဖြည်းဖြည်း ဝေးသွားကြပြီးသော် အချို့သည် ဥရောပတိုက်အတွင်းသို့ ရောက်ကြကုန်၏။ အချို့လည်း အာရှမိုင်းနားသို့ ရောက်ကြ၏။ အချို့လည်း ဘီ၊ စီ ၁၅၀၀ ခန့်တွင် အိန္ဒိယသို့ ရောက်မှန်းမသိ ရောက်လာကြကာ တောင်ကြားလမ်းများကို ဖြတ်ကျော်၍ အိန္ဒုမြစ်ဝှမ်းကို တွေ့ရှိကြလေသည်။

ဒြာဗီးဒီးယန်းနှင့်အာရိယန်။ ။ရေအယဉ် တသွင်သွင်စီးဆင်းနေသော အိန္ဒုမြစ်ကြီးနှင့် မြစ်ကြီးငါးသွယ်ကို အာရိယန်တို့ တွေ့ရှိကြလေသော် လယ်ယာစိုက်ပျိုးလုပ်ကိုင်၍ အတည်တကျ အိမ်ခြေယာခြေ စိုက်ထူကာ နေတော့မည်ဟု စိတ်ပိုင်းဖြတ်ကြ၏။ မြောက်ဖက်တလွှား၌ မှိုင်းမှိုင်းညို့ညို့နှင့် ဆီးနှင်းတဝေဝေ အုံ့ဆိုင်းနေသော



အိန္ဒိယနိုင်ငံ
ခိုင်ဘာကောင်ကြားလမ်း
ဟိမဝန္တာ
အာရိယန်
လူမျိုးများ
ဝင်ရောက်လာ
အိန္ဒုမြစ်
ဂင်္ဂါမြစ်
ဒြာဗိဒီးယန်
လူမျိုးများတောင်
ဘက်သို့တိမ်းရှောင်
ဘင်္ဂလားအော်

ဟိမဝန္တာ တောင်တန်းကြီးကို တွေ့မြင်သောအခါ မိမိတို့၏ ဒေဝများ နေထိုင်သော အရပ်ပင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ကြ၏။ မြို့ရိုးများ ဝန်းရံလျက် သေသေသပ်သပ်နေကြသော ဒြာဗီးဒီးယန်းတို့ကို မြင်သောအခါ အလွန်အံ့အား သင့်ကြ၏။ အာရိယန်တို့သည် အိန္ဒုမြစ်ဝှမ်းသို့ ရောက်သည်အထိ ဝိုင်းကြီးများ ချကာ ယာယီတဲများ ထိုး၍သာ နေထိုင်ခဲ့ကြ၏။ မြို့ပြတည်ကာ အခြေကျကျ တခါမျှ မနေဘူးချေ။ ထိုမျှမကသေး အာရိယန်တို့သည် အသားဖြူ၏။ သန်မာ ထွားကျိုင်း၏။ ဒြာဗီးဒီးယန်းတို့သည် အသားမည်း၏။ ကိုယ်သုံးကိုယ်ထည် သေးသေးသွယ်သွယ် ရှိ၏။ အာရိယန်တို့သည် အသားဖြူပါလျက် မြင့်မြတ်သော အမျိုးဖြစ်ပါလျက် အသားမည်းသော ဒြာဗီးဒီးယန်းများ မြို့နှင့်ပြနှင့် အခြေတည်၍ နေသည်ကို မရှုစိမ့်နိုင်ဘဲ မနာလိုစိတ်များ ပေါ်ပေါက်လာ၏။ အိန္ဒုမြစ်ဝှမ်း၌ မိမိတို့သာ နေထိုင်လို၏။ ဒြာဗီးဒီးယန်းတို့လည်း အိန္ဒုမြစ်ဝှမ်းသို့ ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသော လူဖြူများကို မည်သို့သော လူမျိုးများပေနည်းဟု တွေးတောကြ၏။ မိမိတို့ အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နေကြသည်ကို နှောင့်ယှက်ရမည်လောဟု စိတ်ဆိုးကြ၏။ ထိုကြောင့် အာရိယန် နှင့် ဒြာဗီးဒီးယန်းတို့သည် နေရာသိုင်ခင်းအတွက် အပြိုင်အဆိုင် စစ်တိုက်ကြ၏။ အာရိယန်တို့ကား နေရာဘကာသို့ လှည့်လည်ခဲ့သဖြင့် လျင်မြန်ဖျတ်လတ်၏။ မြင်းနှင့်လှည်းများရှိသဖြင့် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်နိုင်၏။ ထိုကြောင့် ဒြာဗီးဒီးယန်းတို့ စစ်ရှုံးသဖြင့် အိန္ဒုမြစ် အရှေ့ဖက်ရှိ ဂင်္ဂါမြစ်ဝှမ်းသို့ ရွှေပြောင်း နေထိုင်ကြ၏။ အာရိယန်တို့လည်း ဂင်္ဂါမြစ်ဝှမ်းသို့ ထပ်မံ လိုက်လံတိုက်ခိုက်ကြပြန်၏။ လူမည်းများသည် ဟိမဝန္တာတောင်ခြေရင်းသို့၎င်း၊ အိန္ဒိယ တောင်ဖက်ပိုင်းရှိ ကုန်းမြေမြင့်များသို့၎င်း၊ ထွက်ပြေး နေထိုင်

ကြရသည်။ မြို့ပြနှင့် နေထိုင်ကြသောဘဝမှ ရွာငယ်များနှင့် နေထိုင်ကြရသော ဘဝသို့ ပြန်လည်ရောက်ကြလေသည်။ အာရိယန်တို့မှုကား အိန္ဒုမြစ်နှင့် ဂင်္ဂါမြစ်ဝှမ်းတလျှောက် ဖြစ်သော အိန္ဒိယမြောက်ပိုင်းတပိုင်းလုံးတွင်နေထိုင်ကြလေ၏။စစ်ရှုံး၍ လက်ရ ဖမ်းဆီးမိသော လူမည်းများကိုလည်း ကျွန်အဖြစ် စေခိုင်းကြ၏။ တဖြည်းဖြည်း အာရိယန်တို့သည် ဒြာဗီဒီယန်းတို့၏ နည်းကိုအတုယူကာ မြို့ပြများကို တည်ထောင်ကြ၏။လယ်ယာများကို စိုက်ပျိုးလုပ်ကိုင်ကြ၏။ အိန္ဒိယပြည်မြောက်ပိုင်းတခွင်ကို စိုးမိုးကာ အိန္ဒိယခေတ်သစ်ကို စတင်ထူထောင်လေသည်။

ဒေဝ။ ။အာရိယန် လူမျိုးတို့သည် အိန္ဒုမြစ်ဝှမ်း၌ နေထိုင်ခါစ၌ ကိုယ်ရောင်ကိုယ်ဝါ ထွန်းတောက်သော နတ်များကို ကိုးကွယ်ကြ၏။ ထိုသူတို့သည် သက္ကတဘာသာကို ပြောဆိုကြသောကြောင့် အရောင်အဝါ ထွန်းတောက်ခြင်းကို အစွဲပြု၍ ဘုရားသဖွယ် ကိုးကွယ်သည်တို့ကို ဒေဝ ဟု သူတို့ ဘာသာအားဖြင့် ခေါ်၏။ လယ်ယာ စိုက်ပျိုးလုပ်ကိုင်သူတို့၏ ထုံးစံအတိုင်း မြေ၊ရေ၊လေ စသော နတ်များကို အမြတ်တနိုး ကိုးကွယ်ကြ၏။ နှစ်စဉ်နှစ်တိုင်း အချိန်မှန်မှန် ရွာသွန်းသော မိုးကို ဘုရားတဆူကဲ့သို့ ကိုးကွယ်၏။ မိုးကို ဣန္ဒဟု ခေါ်၏။ မီးကိုလည်း ကိုးကွယ်ကြကာ အဂ္ဂိဟု အမည်ပေး၏။ လေကိုလည်း မရုတ်၊ နေကိုလည်း သူရိယဟု ခေါ်ဝေါ်ကာ ရှိခိုးကြလေသည်။ ဤသို့ အရောင်အဝါ ထွန်းတောက်သော ဒေဝများကို ရှိခိုးကြရာ ကောင်းကင်၌ ဒေဝ(၁၁)ဆူ။ ကောင်းကင်နှင့် မြေပြင်အကြား၌ ဒေဝ(၁၁)ဆူ။ မြေပြင်ပေါ်၌ ဒေဝ (၁၁)ဆူ။ ပေါင်းဒေဝ (၃၃)ဆူကို ကိုးကွယ်ကြလေသည်။ အိန္ဒိယမြောက်ပိုင်း၌ အနေကြာသောအခါ လူမည်းများနှင့် နီးနီးစပ်စပ် နေထိုင်

ဗြဟ္မာကြီး

ကြသဖြင့် ဒြာဗီးဒီးယန်းတို့ ကိုးကွယ်သော နဂါး ဂဠုန်တောစောင့် နတ်စသော နတ်များကိုလည်း ကိုးကွယ်ကြပြန်သည်။

ဗေဒ[၁]သုံးပုံ။ ။ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ရှိ စေတီများ၏ရင်ပြင်တော်ပေါ်တွင် ဗေဒင်ဆရာများကို တွေ့ရ၏။ အများအားဖြင့် ဗေဒင်ဆရာကို ရှေ့ဖြစ်နောက်ဖြစ် ဟောသော ဆရာဟူ၍ရင်း၊ ဗေဒင်ကို ရှေ့ဖြစ်နောက်ဖြစ်ဟောသော အဘတ်ဟူ၍ရင်း၊ မှတ်ယူကြ၏။ အာရိယန်၏ ဗေဒင်များကား ဤသို့ မဟုတ်ချေ။ အိန္ဒိယမြစ်ဝှမ်းရှိ အာရိယန်တို့သည် ထွန်းတောက်သော ဒေဝများကို ကဗျာလင်္ကာများဖြင့် ဖွဲ့နွဲ့ စပ်ဆိုကာ ရွတ်ဆိုလျှောက်ထား ရှိခိုးကြ၏။ ပန်း သစ်သီးစသော လှူဘွယ် ဝတ္ထုတို့ဖြင့်လည်း ပူဇော်၏။ ထိုသို့ ဒေဝများအား အသံဖြင့် လျှောက်ထားရန် စီကုံးစပ်ဆိုထားသော ကဗျာများကို ဗေဒဟုခေါ်သည်။ အာရိယန်တို့သည် ဤသို့လျှောက်ထားနိုင်ရန် ဒေဝများကပင် ဉာဏ်သစ် များကို စာဆိုတို့၏ ဟဒယဝတ္ထုအတွင်းသို့ သွတ်သွင်းပေးသည်ဟု အယူရှိကြသည်။ ထိုစဉ်အခါက ဗေဒသုံးပုံသာ ရှိလေသည်။

ဣရုဗေဒသည် ရှေးအကျဆုံးသော ဗေဒဖြစ်၏။ ဗေဒဟူ၍သာ ဆိုသော်လည်း စင်စစ်အားဖြင့် ကဗျာသာ ဖြစ်၏။ အာရိယန်တို့သည် မိမိတို့ ဘယ်ပုံဘယ်နည်း အိန္ဒိယမြစ်ကမ်းသို့ ရောက်ရှိလာပုံ၊ အမျိုးသား အချင်းချင်း တစုနှင့်တစု မတူ ကွဲပြားခြားနားနေပုံ၊ တခါတရံ တစုနှင့်တစု စစ်တိုက်ခိုက်ကြပုံ၊ တခါတရံ အာရိယန်လူမျိုးချင်း ပေါင်းသင်းကြပြီးလျှင် လူမည်းများကို တိုက်ခိုက် နှိမ်နင်းကြပုံစသော အဖြစ်အပျက် အစုံအလင်ကို စိတ်ဝင်စားဘွယ်ရာ

၁။ *Veda*



ပိဿနိုး

သာယာချောင်သော စကားလုံးများဖြင့် ကဗျာဖွဲ့နွဲ့ကာ ဒေဝများကို လျှောက်ထားကြကုန်၏။ ဤကဗျာစုများကို ဣက္ကုဒ္ဒေဟု ခေါ်၏။

သာမဗေဒသည် ဒုတိယ ပေါ်ပေါက်လာသော ဗေဒဖြစ်သည်။ အာရိယန်တို့သည် အာရှတိုက် အလယ်ပိုင်း၌ နေစဉ်ကပင် သောမ အမည်ရှိသော အပင်မှ ရသည့် အရည်ဖြင့် ဖောက်သော အရက်ကို သောက်စားကြ၏။ ထိုအရက်ဖြင့် ဒေဝကိုလည်းကပ်လှူ၏။ မူးယစ်သောသေရည်ကို အစိုးရသော ဒေဝကို သောမဒေဝဟု အမည်မှည့်ကာ ရှိခိုးကြ၏။ သောမဒေဝကို ပူဇော်ရာ၌ ဣက္ကုဒ္ဒေမှ ထိုဒေဝနှင့် သက်ဆိုင်သော ကဗျာစုများကို ထုတ်နုတ်ပြီးလျှင် လျှောက်ထားကြ၏။ ဤကဲ့သို့ သီးသန့်ထားသော ကဗျာစုကို သာမဗေဒဟုခေါ်၏။

ယဇုဗေဒသည် တတိယ ပေါ်ပေါက်လာသော ဗေဒဖြစ်၏။ ယဉ်ကျေးခါစလူများ ဖြစ်သည့်အတိုင်း အာရိယန်တို့သည် ယဇ်ပူဇော်သော ထုံးစံကို လိုက်နာကြသည်။ ဒေဝများကို ယဇ်အမျိုးမျိုး ဖြင့် ပူဇော်ကြ၏။ ယဇ်ပူဇော်ပွဲ အခမ်းအနား၌ ဣက္ကုဒ္ဒေတွင် ပါသော ကဗျာစုတို့ဖြင့် ဒေဝများကို လျှောက်ထားကြ၏။ တဖန် ထိုကဗျာစုများကို စကားပြေ ရိုးရိုးဖြင့် အဓိပ္ပါယ်ပြန်ဆို၏။ ဤသို့ ကဗျာစုနှင့် စကားပြေရိုးရိုး တွဲဖက် သီဆို၍ လျှောက်ထားသော အဖွဲ့အနွဲ့များကို ယဇုဗေဒဟု ခေါ်၏။

အာတပ္ပနဗေဒ။ ။ဗေဒသုံးပုံခွဲခြားထားသော်လည်း သေချာစွာစစ်ဆေးလိုက်လျှင် ဣက္ကုဒ္ဒေ တခုတည်းမှ ထွက်ပေါ်လာသော



သိံဝ

ဗေဒများသာ ဖြစ်သည်။ ဣရုဗေဒကို ရှေးအာရိယန်စာဆိုများ သည် အိန္ဒုမြစ်ဝှမ်းသို့ မရောက်မီကပင် စပ်ဆိုခဲ့ရာ ကဗျာစုပေါင်း တသောင်းကျော်ကျော် ရှိ၏။ အိန္ဒုမြစ်ဝှမ်း၌ နေထိုင်ကြပြီးသော အခါ အာရိယန်စာဆိုများသည် ဣရုဗေဒကိုပင် ဆက်လက်၍ စီကုံးဖြည့်သွင်းကြပြန်၏။ ဣရုဗေဒတွင် နောက်ဆုံးစပ်ဆိုခဲ့သော ကဗျာစုများနှင့် အသစ်စပ်ဆိုသော ကဗျာစုများကို အာတာပ္ပန ဗေဒဟု ခေါ်၏။

ဗြာဟ္မဏကျမ်းများ။ ။ ဗေဒတိုင်းတွင် ယဇ်ပူဇော် ခြင်းနှင့် ယဇ်ဆရာတို့ ကျင့်ရမည့် ဝဘ်တရားများကို စကားပြေရိုးရိုးဖြင့် ဖော်ပြထား၏။ ထိုသို့ ယဇ်ပူဇော်ခြင်းနှင့် ပတ်သက်သော စကား ပြေရိုးရိုးများကို ထုဘ်နုတ်ကာ စုပေါင်းစီကုံးထားသော ကျမ်းကို ဗြာဟ္မဏ ကျမ်းဟု ခေါ်၏။

သုတ္တကျမ်း။ ။ဤကျမ်းတွင် အာရိယန်တို့၏ ဓလေ့ထုံးစံ အခမ်း အနားနှင့် ကျင့်ဝတ်တရားများကို ဖော်ပြထားလေသည်။

ဥပနိသျကျမ်း။ ။ဗေဒကျမ်း ဗြာဟ္မဏကျမ်းနှင့် သုတ္တကျမ်း များကို စီကုံးစပ်ဆိုကြပြီးသော် အာရိယန်တို့၏ စဉ်းစားဉာဏ် သည် တိုးတက်လာကြ၏။ ခန္ဓာကိုယ်ကြီး ဖောက်လွဲဖောက်ပြန် ဖြစ်ဘဘ်ပုံများကို စဉ်းစားကြပြီးလျှင် ဥပနိသျကျမ်းကို ရေးသား ကြ၏။ လူ့ဘောင်ကို ငြီးငွေ့၍ တောထွက်သော သူတော်ကောင်း တို့ လေ့ကျင့်အပ်သော တရားများကိုလည်း စီကုံးကြပြန်၏။ ရှေး သူဟောင်းတို့ မှဘ်သားကြသော အကြောင်းအရာများကို စုပေါင်း ကာ ပုရာဏ်ကျမ်းကိုလည်း စပ်ဆိုကြပြန်၏။

အာကာသသျှုတ္တရကျမ်း။ ။အိဂျစ် လူမျိုးနှင့် ဘေဘီလုံ နိုင်ငံရှိ ဆူမာလူမျိုးကဲ့သို့ အာရိယန်တို့လည်း နက္ခတ်တာရာတို့၌ ကျွမ်းကျင်၏။ နက္ခတ်တာရာ အကြောင်းတို့ကို စီကုံးထားသောကျမ်းသည် အာကာသ သျှုတ္တရကျမ်း ဖြစ်သည်။ ရှေးအာရိယန် လူမျိုး နက္ခတ်ဆရာများသည် ကောင်းကင်ကို ကြည့်ပြီးလျှင် ရှေ့ဖြစ်၊ နောက်ဖြစ် များကို သေသေချာချာ ဟောပြောနိုင်ပေသည်။

ဆေးကျမ်း။ ။ယဇ်ပူဇော်သောအခါ ယဇ်ကောင်များကို ဖျက်ကြရာ အာရိယန်တို့သည် တိရစ္ဆာန်တို့၏ အသား၊ အကြော၊ အရိုးစသည်တို့၏ အနေအထားကို တွေ့မြင်မှတ်သားမိကြ၏။ ယဇ်ပူဇော်ဖန် များလတ်သော် ယဇ်ဆရာကြီးများသည် ကိုယ်ခန္ဓာ အခွဲအစိတ်၊အဖြတ်အတောက်၌ ကျွမ်းကျင်ကြလေသည်။ ခွဲစိတ်ဖြတ်တောက်သော ပညာများကိုလည်း တပည့်များအား လက်ဆင့်ပြသ၏။ တောထဲ၌ ပေါက်ရောက်သော သစ်ပင်များကိုလည်း စမ်းသပ်ကြည့်ရှုကာ ဆေးမြစ်တို့ကို ရှာဖွေ၏။ သစ်ပင်အကြောင်းအရာများကိုလည်း စုဆောင်း မှတ်သားကာ ဆေးကျမ်းများကို ပြုစုခဲ့၏။

ဇာတိ။ ။ဇာတ်ဆိုသော စကားသည် ၂ မွေးဖွားခြင်း ဟူသော မြန်မာစကားနှင့် အတူတူပင် ဖြစ်သည်။ အမျိုးမြတ်သော အမိအဖမှ မွေးဖွားသောသားသည် ဇာတ်မြင့်မြတ်၏။ အမျိုးနိမ့်သောအမိအဖမှ မွေးဖွားသော သားသည် ဇာတ်နိမ့်ကျ၏။ အိန္ဒိယမြောက်ပိုင်း၌ အာရိယန်တို့ နေထိုင်စက ဇာတ်ဟူသော အတန်းအစား ခွဲခြားခြင်းသည် မရှိသေးချေ။ မြို့ရွာများ စည်ပင်ဝပြောလာသောအခါမှ ပေါ်ပေါက်လာလေသည်။ ရှေးအာရိယန်တို့၌ တစုတစုကို

အုပ်ချုပ်သော အကြီးအကဲသည် ရွာကိုလည်း အုပ်ချုပ်၏။ ယဇ်နတ်ကိုလည်း ကိုယ်တိုင်ပူဇော်၏။ လယ်ယာများကိုလည်း ရွာသားများနှင့်အတူ ထွန်ယက်လေသည်။ မြို့ကြီးများ၌ နေထိုင်သောအခါ ရှင်ဘုရင်များသည် ယဇ်ပူဇော်ရန် အချိန်မရ။ လယ်ထွန်ရန်လည်း အချိန် မရသောကြောင့် စာဆိုများ ဗေဒစသော ကျမ်းများကို တတ်ကျွမ်းသည့် ပုဂ္ဂိုလ်များကို ယဇ်နတ် ပူဇော်ပေးရန် ရွေးချယ်ရလေသည်။ စစ်ရှုံး၍ ဖမ်းဆီးရမိသော လူမည်းများကိုလည်း စေခိုင်းရန် ကျွန်အဖြစ် ထားရ၏။ ထို့ကြောင့် အာရိယန်လူမျိုးတွင် ဇာတ်လေးမျိုးကွဲပြားလာ၏။ (၁) ခတ္တိယ ရှင်ဘုရင်မျိုး၊ (၂) ပညာရှိ ဗြာဟ္မဏမျိုး၊ (၃) လယ်သမားမျိုး၊ (၄) ကျွန်မျိုး ဖြစ်ကြလေသည်။ပညာရှိများသည် ကျန် အာရိယန်တို့ထက် ဉာဏ်ထက်မြက်သည်ဟုသူဆသောကြောင့် ဗြာဟ္မဏဟူ၍ ခေါ်ကြသည်။ အစဉ်သဖြင့် ဗြာဟ္မဏများသည်ရှင်ဘုရင်များ၏ အတိုင်ပင်ခံ၊ ရှင်ဘုရင်များ၏ ဆရာများ ဖြစ်ကြလေသည်။ ဤလေးမျိုးမှ နှစ်ပေါင်းများစွာ ကြာသောအခါ အသုပ်အကိုင်ကို လိုက်၍ ဇာတ်အမျိုးမျိုး ပွါးများလာတော့သည်။

ဒေဝသုံးဆူ။ ။ဗြာဟ္မဏများသည် ဆရာ့ဆရာများ၏ နည်းကို ဆက်ခံလေ့လာကြရာ နှစ်ပေါင်းများစွာ ကြာသောအခါ မိမိတို့၏ ပင်ကိုယ်ဉာဏ်နှင့် စဉ်းစားကြပြီးလျှင် ရှေးအာရိယန် ဆရာများ ကိုးကွယ်ခဲ့သော ကိုယ်ရောင်ကိုယ်ဝါထွန်းတောက်သည့် ဒေဝများသည် ဒေဝအစစ်များမဟုတ်၊ ရာသီဥတုနှင့် နက္ခတ်တာရာများသာ ဖြစ်ကြောင်းကို သိလာကြ၏။ သို့သော် ဗြာဟ္မဏများသည် ရိုးရိုးလူများကို မပြောပြကြချေ။ ဗြာဟ္မဏချင်းချင်းသာ သိစေ၏။ ဒေဝ အစစ်အမှန်ကိုရှာဖွေကြပြန်သော် လောကကြီးကိုဖန်ဆင်းသူ

ရှိရမည်ဟု သဘောပေါက်လာ၏။ ဖန်ဆင်းသူသည်၊ ပြဟ္မာကြီး သာ ဖြစ်ရမည်ဟု တွေးတောကြ၏။ လောကကို တည်တံ့အောင်၊ စောင့်ရှောက်သော ဗိဿနိုးနှင့် လောကကြီးကို ဖျက်ဆီးလိုက် တည်ထောင်လိုက် ပြုလုပ်သူ သိဝ ရှိသည်ဟူ၍လည်း တွေးတော ကြ၏။ ထိုကြောင့်ပြာဟ္မဏများသည် တိတ်တဆိတ်လျှို့ဝှက်စွာ ပြဟ္မာ၊ ဗိဿနိုးနှင့် သိဝ သုံးဆူကို ကိုးကွယ်စပြုကြလေသည်။

အခန်း ၄

ယဟူဒီလူမျိုး

ဟီးဗြူး။ ။ယခုခေတ်၌ တွေ့ရသော ယဟူဒီ[၁] လူမျိုးသည် ရှေး ဟီးဗြူး[၂]လူမျိုးမှပေါက်ပွါးလာလေသည်။ ဘီ၊ စီ ၂,၀၀၀ ခန့်က ဟီးဗြူးတို့သည် မြက်ခင်း တခုမှ တခုသို့ ရွှေ့ပြောင်းကာ စားကျက် ကောင်းရာ ရွေးချယ်၍ သိုးအုပ်၊ ဆိတ်အုပ်များနှင့် ယာယီတဲများ ထိုးကာ နေကြရ၏။ အာရေဗျ သဲကန္တာရ မြောက်ဖက် အစွန်း အဖျား တလျှောက်သည် ဟီးဗြူးတို့ လှည့်လည်နေထိုင်ရာ ဒေသ ဖြစ်၏။ သို့သော် ဆူမာတို့သည် မြစ်နှစ်မြွာသို့ ဝင်ရောက်ကာ မြို့တည်ထောင်၍ နေကြသောကြောင့် ဟီးဗြူး သိုးထိန်း၊ ဆိတ် ထိန်းတို့သည် စားကျက်ကောင်းရာ မြေထဲပင်လယ် ဖက်ဆီသို့ တရွေ့ရွေ့ရွှေ့ပြောင်းကြရ၏။ ရှေးဦးစွာ ရောက်ရှိ သွားကြ သော သိုးထိန်း၊ ဆိတ်ထိန်းများကို အီဂျစ်ဘုရင် ဖရိုများ၏ လက် အောက်ခံ ဘုရင်များသည် ဖမ်းဆီး ယူဆောင် သွားကာ ဖရိုများ ၏ နိုင်ငံအတွင်း၌ ကျွန်အဖြစ် စေခိုင်း၏။ အလုပ်ကြမ်း အမျိုးမျိုး ကို လုပ်ကိုင် ခိုင်း၏။ ထိုဟီးဗြူးတို့ အထဲတွင် နက္ခတ် ကြည့်တတ်သူ အချို့လည်း ပါသွားလေသည်။ ဟီးဗြူးတို့သည် ဘိုးစဉ် ဘောင် ဆက်မှစ၍ မရောက်ဘူးသော အရပ်၊ မသွားဘူးသော နေရာများသို့ စွန့်စားကာ သွားရောက် နေကြရာ ညအခါများတွင် ကောင်းကင် မှ ကြယ်များကို မှတ်သား၍ အရှေ့အနောက် စသည်ဖြင့် မှန်းဆ

၁ *The Jews* ၂ *The Hebrews*

ကာ သွားလာရသောကြောင့် နက္ခတ် တာရာများတွင် ကျွမ်းကျင်လာ၏။ ရှေးဖြစ် နောက်ဖြစ်များကို ဟောပြောနိုင်၏။ အီဂျစ်တို့ဖမ်းဆီးသွားသော ဟီးဗြူးတို့ထဲမှ ဂျိုးဆက်[၃] ခေါ်သော သူတယောက်သည် ဖရိုး၏ အိပ်မက်ကို အဓိပ္ပါယ် ကောက်ယူ ဟောပြောပြနိုင်သဖြင့် လွန်မင်းစွာ ချီးမြှောက်ခြင်းကို ခံရဘူးလေသည်။ ဤသို့ ဟီးဗြူးတို့သည် အနှိပ်စက်ခံရချည် တလှည့် အချီးမြှောက်ခံရချည်တခါဖြင့် အိုးအိမ်မဲ့တည် လှည့်လည်လျက်သာ နေထိုင်ကြရာ သားစဉ်မြေးဆက် ပွါးများ လာ၏။ လူတိုးပွါးလာ၍ နေထိုင်စရာ နေရာမရှိတိုင်း မြေထဲပင်လယ်ဖက်သို့သာ ဦးတိုက်၍ ထပ်ကာထပ်ကာ ဇွတ်အတင်း သွားကြရ၏။

ပါလက်စတိုင်း[၄] ။ ။ဟီးဗြူးတို့ခြေဦးတည့်ရာသွားလာ နေထိုင်ရသော အခါသည် အီဂျစ်နိုင်ငံနှင့် ဘေဘီလုံ နိုင်ငံများ ထွန်းကားသော အချိန်နှင့် တချိန်တည်း ဖြစ်၏။ အီဂျစ်နှင့် ဘေဘီလုံ နိုင်ငံများတွင် အရောင်းအဝယ် စည်ကားသော အချိန်လည်း ဖြစ်သည်။ အီဂျစ်နှင့် ဘေဘီလုံ ကုန်သည်များသည် တနိုင်ငံနှင့်တနိုင်ငံ ကုန်ချင်း လဲလှယ်ကာစီးပွါးရှာကြ၏။ သို့သော် တနိုင်ငံနှင့် တနိုင်ငံသည် အလှမ်းကွာဝေးသောကြောင့် ထိုနှစ်နိုင်ငံ၏ ဗဟိုတွင် တည်ရှိသော ပါလက်စတိုင်းတွင် လာရောက် တွေ့ဆုံကြကာ အရောင်းအဝယ် ပြုလုပ်ကြလေသည်။ ထိုအခါက ကျွန်ုပ်တို့ ခေတ်ကဲ့သို့ မော်တော်ကား၊ လေယာဉ်ပျံ၊ မီးသင်္ဘောများ မပေါ်ပေါက် သေးချေ။ မြို့နီးနားချင်းသို့ သွားရောက် လည်ပတ် လိုလျှင်ပင် ကုလားအုပ်များကိုစီးလျက် သို့မဟုတ် ခြေလျင် လျှောက်လျက် သွားကြရသောကြောင့် အချိန်ကြာမြင့်၍ ခရီးအရောက် အလွန်နှေးလေ

၃ *Joseph* ၄ *Palestine*



ပင်လယ်
မြေထဲ
အီစရေးနယ်
ယော်ဒန်မြစ်
ဂျူဒါးနယ်
ဂျေရုစလင်မြို့
ဂျရီကို
ပင်လယ်သေ

သည်။ ထို့ကြောင့် ကုန်သည်များသည်တကြိမ်တည်း၊ တစုတဝေး တည်း ကုလားအုပ်ကြီးများပေါ်၌ ကုန်များကိုတင်ကာ၊ လှူစီးကာ ဖြင့် တကောင်နောက် တကောင် တသီတတန်းကြီး ဆက်ကာသွား ကြရ၏။အချို့လည်း ခြေလျင်လိုက်ကြ၏။မြည်းပေါသော အရပ်မှ ကုန်သည်များလည်း မြည်းများဖြင့် ကုန်များကို တင်ဆောင်ကာ လာကြပေသည်။ ပါလက်စတိုင်းရှိ ဈေးရပ်ကွက်တွင် ကုလားအုပ် မြည်သံ၊ မြည်းမြည်သံ များဖြင့် ဆူညံခဲ့၏။ လူအမျိုးမျိုးလည်း ဆုံမိကြ၏။ ဘာသာ အမျိုးမျိုးကိုလည်း ပြောဆိုကြ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ငါးရက်တဈေး နေ့များတွင် စည်စည်ကားကား ကျိတ်ကျိတ်တိုး ရောင်းဝယ်သကဲ့သို့ ထိုစဉ်အခါကလည်း ပါလက် စတိုင်းရှိ ဈေးများတွင် ရွှေထည်၊ ငွေထည်၊ သိုးမွေးအကျီ၊ အီဂျစ် နိုင်ငံရက် အထည်ဆန်းများ စသော ကုန်ပစ္စည်း အမျိုးမျိုးကို ရောင်းကြ ဝယ်ကြနှင့် အလွန်စည်ကား ပေသည်။ ပါလက်စတိုင်း အနီးအနားရှိ မြို့ငယ် ရွာငယ် များမှလည်း ပါလက်စတိုင်းသို့လာ ရောက် ရောင်းဝယ်ကြလေသည်။ ပါလက်စတိုင်းသည် လူမျိုးစုံ လာရောက်တွေ့ဆုံပြီးလျှင် ရောင်းဝယ်ကြသော ဈေးများအနက် ကမ္ဘာပေါ်တွင် ပဌမဦးဆုံး ပေါ်ပေါက်သောဈေးကြီး ဖြစ်ပေ သည်။ ထိုဈေး၌ အရောင်းအဝယ်သာ ပြုလုပ်ကြသည် မဟုတ်။ ဘုရားအကြောင်း၊ တရားအကြောင်း များလည်းဆွေးနွေးကြ၏။ တိုင်းရေးပြည်ရေးလည်းပြောဆိုကြ၏။ လူမျိုးတဦး၏ယဉ်ကျေးမှု ကိုလည်း တဦးက အတုယူကြလေသည်။

ထို့ကြောင့် ပါလက်စတိုင်းသည် ကြွယ်ဝ ချမ်းသာလာ၏။ ခိုး သား ဓားပြဘေးမှ ကင်းဝေးရန်မြို့ကလေးများကိုလည်း မြို့ရိုးများ ဖြင့်ဆောက်လုပ်ဝန်းရံ ကာထားကြရ၏။ အီဂျစ်နိုင်ငံမှ ဖရိုမျ်ား သည် စစ်သည်အင်အားနှင့် တန်ခိုး ကြီးမားလာသောအခါ ဤ

ပါလက်စတိုင်းကို လက်အောက်နိုင်ငံပြု၏။ အဆီရီယား နိုင်ငံမှ ဘုရင်များ တန်ခိုး ကြီးမားလာသော အခါ၌လည်း အီဂျစ်များကို မောင်းထုတ်ကာ အဆီရီယား နိုင်ငံအောက်သို့ သွတ်သွင်း၏။ ဘော်လုံးပွဲများတွင် ဘော်လုံးကလေးသည် တဖက်မှ တဖက်သို့ လှည့်လည်ပြောင်းရွှေ့ကာ အကန်ခံရသကဲ့သို့ ပါလက်စတိုင်းသည် အီဂျစ်နှင့်ဘေဘီလုံ နိုင်ငံများ လက်အောက်တွင် တလှည့်စီ အကန် ခံခဲ့ရလေသည်။

ကနန်ိုက်[၁]။ ။ပါလက်စတိုင်း၌ ဘီစီ ၂၀၀၀ ခန့်က ကနန်ိုက်လူမျိုး နေထိုင်ကြလေသည်။ ထိုလူများသည် လားဝန်တင်များဖြင့် အီဂျစ် နိုင်ငံသို့ အဦး အစ သွားရောက် ရောင်းဝယ်ကြသူများ ဖြစ်၏။ အီဂျစ်တို့ကဲ့သို့ပင် ခြေနင်းဘိနပ်များ၊ သေသပ် ကျနစွာ ရက်လုပ် ထားသော သိုးမွေး ခါးဝတ်များကို ဝတ်ဆင်ကြလေသည်။ ကိုယ် ပေါ်၌လည်း တံဘက်တင်သကဲ့သို့ သိုး မွှးထည်ကိုပင် တင်ကြ၏။ ကနန်ိုက်များနေထိုင်သော မြို့ကလေးများတွင် သိုးမွေးများ၊ဘိနပ် များ၊ ခြေနင်းများကို အကြီးအကျယ် လုပ်ကိုင် ရောင်းချကြ လေ သည်။ ပါလက်စတိုင်းသည် ရောင်းဝယ်ရေး၌ စည်ကားလာသော အခါ ကနန်ိုက်တို့လည်း ချမ်းသာလာကြ၏။ အိမ်ကြီး အိမ်ကောင်း များကို အုတ်ဖြင့် တည်ဆောက်ကာ နေထိုင်ကြ၏။ အီဂျစ် နိုင်ငံမှ လာရောက် ရောင်းချသော ဆင်စွယ် ကုလားထိုင်များ အိမ်ထောင်မှု ပစ္စည်းများ၊ ကြေးလင်ပန်းများ၊ လှပဆန်းကြယ်စွာ ဆေးရေးထား သော သောင်ရေအိုး ကလေးများဖြင့် အိမ်ကို လှပအောင် ပြင်ဆင် ကြကာ ခမ်းခမ်း နားနား နေထိုင်ကြ၏။ လာရောက် ရောင်းချ သော ကျွန်များကိုလည်း ဝယ်ယူကာ အိမ်တွင်း၌ စေခိုင်းကြ၏။

[၁] _ *The Canaanites*

နေနတ်၊ လနတ် စသည်များကို တန်ဆောင်းကြီးများ ဆောက်လုပ် လှူဒါန်းကာ ကိုးကွယ်ကြ၏။ ထိုအခါက ဤကဲ့သို့ စည်ပင် ဝပြော သော မြို့ကလေးများသည်ပါလက်စတိုင်း တလျှောက်တွင် မြောက် မြားစွာ ထွန်းကားပေသည်။

ဝင်လာ။ ။အခြားတိုင်းပြည်မှ မိမိတိုင်းပြည်သို့ ဝင်ရောက်လာ၍ အဘည်တကျ အိုးအိမ်ထူထောင်ကာ နေထိုင်သူများကို 'ဝင်လာ' ဟု ခေါ်၏။ ဟီးဗြူးတို့သည် ကနန်ိုက်တို့ ကြွယ်ဝ နေသော အချိန်၌ အတည်တကျ နေထိုင်ရန် နေရာကောင်းကိုလည်း မတွေ့သေး၊ ရှေးက နေထိုင်ရင်း ဖြစ်သော မြစ်နှင်မြွာ၌လည်း ဆူမာတို့ အနှံ့ အပြား ဝင်ရောက် နေထိုင်ကြပြီး ဖြစ်၏။ တောင်ဖက်သို့ ရွှေ့ ပြောင်းကာ နေရာသစ်များကို ရှာဖွေရန်ကလည်း အာရေဗျ သဲ ကန္တာရကြီးသာရှိ၏။ ထို့ကြောင့် ဟီးဗြူးတို့သည် အနောက်ဖက် သို့သာ ဖြစ်လိုရာ ဖြစ်စေတော့ဟု အစုလိုက်၊ အပြုံလိုက် ပြောင်း ရွှေ့လာကြလေရာ တဖြည်းဖြည်း ကနန်ိုက်တို့ နေထိုင်သော ပါလက် စတိုင်း တလျှောက်သို့ ရောက်ကြ၏။ အလွယ်တကူ ဝင်ရောက် နေ ထိုင်၍ ရမည်ထင်သော မြို့ကလေးများသို့လည်း ဝင်ရောက် နေထိုင် ကြလေသည်။ ကနန်ိုက်ဘိုသည် စီးပွါး ဖြစ်ထွန်း နေသော သူများ ဖြစ်ရာ ဝင်လာများနှင့် ရန်ဘက် မပြုလိုသောကြောင့် မနှစ်သက် သော်လည်း လျစ်လျူရှု၍ နေကြ၏။ အချို့ ကနန်ိုက်မြို့များ လည်း မြို့ရိုး မခိုင်မလုံစစ်သည် ရဲမက် မပြည့်မစုံ ဖြစ်လေရာ "သေ လျှင် မြေကြီး ရှင်လျှင် ရွှေထီး" ဟု စိတ်ထဲ၌ စွဲမြဲထားသော ဟီး ဗြူးတို့ အတင်းတိုက်ခိုက်သဖြင့် ဟီးဗြူးများ လက်သို့ ကျရောက် ရလေသည်။ မြို့ရိုး အခိုင်အလုံနှင့် အင်အား တောင့်တင်းသော မြို့ များကိုမူ ဟီးဗြူးတို့သည် မည်ကဲ့သို့မျှ နှောင့်ယှက်ခြင်း မပြုနိုင်

ကြပေ။ ပါလက်စတိုင်း တလျှောက်တွင် ဟီးဗြူးမြို့ကလေးများ၊ မြေလပ်များပေါ်တွင် သိုးအုပ် ဆိတ်အုပ်များနှင့်ယာယီတဲကလေးများသည် မြောက်မြားစွာ ပေါ်ပေါက်လာတော့၏။ အနေကြာသောအခါ ဟီးဗြူးနှင့် ကနနိုက်တို့လည်း ပေါင်းသင်း ဆက်ဆံကြကာ ကုန်ရောင်း ကုန်ဝယ် ပြုကြ၏။ တဦးနှင့် တဦး မိတ်ဆွေကဲ့သို့ ရောနှောကြ၏။ နှစ်ရှည် လများ ရောနှော ပေါင်းသင်း မိကြသောအခါ ဟီးဗြူးတို့လည်း ပစ္စည်းဥစ္စာ စုဆောင်း မိကြ၏။ နိုင်ငံခြားမှ လာရောက် ရောင်းဝယ်ကြသော ကုန်သည်များနှင့် တွေ့ဆုံဖန်များသောကြောင့်လည်း လူမှုရေး၌ အမြင်ကျယ်လာကြ၏။ လူတို့မည်သည် ချမ်းသာ ကြွယ်ဝ လာသောအခါ ကျကျနန နေထိုင်လိုသော စိတ်သည် ပေါ်ပေါက် လာစမြဲ ဖြစ်၏။ ဟီးဗြူးတို့လည်း ကနနိုက်တို့၏ အတုကို ယူကာ အဝတ်အစား အနေအထိုင် မှစ၍ လုံးဝပြောင်းလဲလာကြ၏။ ပစ္စည်း ဥစ္စာ ကြွယ်ဝသော ဟီးဗြူးလူမျိုးနှင့် ကနနိုက်လူမျိုးတို့သည် ခွဲခြား၍ မရနိုင်လောက်သော အခြေအနေသို့ပင် ရောက်ရှိလာလေသည်။

ဂျေရုစလင်[၆]။ ။ပါလက်စတိုင်း နိုင်ငံသည် တောင် ထူထပ်သော နိုင်ငံ ဖြစ်လေသည်။ ကျောက်စိုင် ကျောက်ခဲများဖြင့်လည်း မြေပြင်များသည် မညီ မညာ ကြမ်းတမ်း ဖုထစ်၍နေ၏။ တောင်များပေါ်တွင် ရှေးကကနနိုက်တို့သည် ခိုင်ခံ့ကောင်းမွန်သော မြို့ရိုးကြီးများ ဝန်းရံထားသော မြို့များကို တည်ကြလေသည်။ ထိုသို့သော မြို့များ အနက် ဂျေရုစလင်မြို့သည် အခိုင်အလုံဆုံးသော မြို့ကြီး ဖြစ်၏။ ဟီးဗြူးတို့သည် ပါလက်စတိုင်းသို့ အနှံ့အပြား ဝင်ရောက်နေထိုင်ခါစ၌ ဂျေရုစလင်၊ ဂျရီကို[၇] စသော မြို့ကြီးများကို မတိုက်ခိုက်ဝံ့

၆ *Jerusalem* ၇ *Jericho*

ကြိုဉ်လစ်ပြ

ကြချေ။ သို့သော် လူနေ အိမ်ခြေ များပြားကာ မြို့ကလေးများကို သိမ်းပိုက်ပြီးကြသောအခါ ဟီးဗြူးတို့သည် ရှေးက သိုးထိန်းခေါင်းဆောင်ကြီးများအစား မင်းများကို တင်မြှောက် အုပ်စိုးကြစေ၏။

ဆော[၁] (ဘီ၊စီ ၁၀၅၀)။ ။ဟီးဗြူးများကို ပဌမ ဦးစွာ မင်းပြု အုပ်စိုးသော သူသည် "ဆော" ဟု အမည်ရှိသောသူ ဖြစ်လေသည်။ ဆောဘုရင်သည် သိုးထိန်း၊ဆိတ်ထိန်း ဝါသနာကို မဖျောက်ဖျက်နိုင်သေးသောကြောင့် ရှေးက နေထိုင် နေကျ ဖြစ်သော ဆိတ်ရေဖြင့် ဆောက်လုပ်သည့် ယာယီတဲ၌ နေ၍သာ မြို့ရွာများကို အုပ်ချုပ် စီမံလေသည်။

ဒေးဗစ်[၂] (ဘီ၊စီ၊ ၁၀၂၅-၉၉၃ ခန့်)။ ။ဆော ဘုရင်ကို ဆက်ခံသော 'ဒေးဗစ်'သည် ရှင်ဘုရင်ပီပီ ခိုင်ခံ့သော မြို့နှင့် နေလိုစိတ် ပေါက်လာ၏။ ဟီးဗြူးတို့လည်း ထိုမင်း လက်ထက်တွင် ကနန်ိုက် လူမျိုး လောက်ပင် ယဉ်ကျေး နေကြလေပြီ။ ပါလက်စတိုင်း တနိုင်ငံလုံးကို အုပ်စိုးရန် စိတ်ကူးကြလေပြီ။ ဒေးဗစ်သည် စစ်သည် ဗိုလ်ပါများကို စုရုံးကာ ဂျရုစလင်မြို့ကို တိုက်ခိုက်၏။ ဟီးဗြူးတို့သည် မူလကပင် သိုးထိန်း၊ဆိတ်ထိန်း လူကြမ်း များမှ ဆင်းသက်လာသောကြောင့် အတိုက်အခိုက်၌ ပါးနပ်၏။ ကနန်ိုက်တို့သည် ထိုအချိန် အခါ၌ စီးပွါးရှာမှု၌သာ ကျွမ်းကျင်ကာ နူးနူးဖပ်ဖပ် နေထိုင်ကြသောကြောင့် ကြမ်းတမ်းသော ဟီးဗြူးတို့နှင့် စင်ဖက်၍ တိုက်ခိုက်ရန် အင်အား မမျှချေ။ ဂျရုစလင် မြို့ကြီးသည် ဟီးဗြူးတို့လက်သို့ ကျရောက်သွားရ လေ၏။ ဒေးဗစ်သည် ဂျရုစလင်မြို့၌ နန်းစိုက်ပြီးသော် ပါလက်စတိုင်း တလျှောက်ကို တိုက်ခိုက် သိမ်းယူ

---

[၁] *Saul* [၂] *David*

၏။ ကနနိုက်တို့သာ စိုးမိုး အုပ်ချုပ်၍ နန်းစိုက်ခဲ့သော မြို့ကလေးများသည် ကျူးကျော် ဝင်ရောက်လာသော ဟီးဗြူးတို့ အုပ်ချုပ်ခြင်းကို ခံရလေ၏။ ကနနိုက်တို့ စည်စည်ကားကား ရောင်းဝယ်ခဲ့သော မြို့ကလေးများသည် ဟီးဗြူးတို့ ပိုင်ဆိုင် လွှမ်းမိုးသော မြို့ကလေးများ အဖြစ်သို့ ပြောင်းလဲ သွား၏။ ကမ္ဘာ့ သမိုင်းတွင် ကနနိုက်လူမျိုးတိမ်မြုပ်သွားကာ ဟီးဗြူးတို့ ထင်ပေါ်လာလေ၏။

အီစရေး[၁၀]နှင့်ဂျူဒါး[၁၁] (ဘီ၊ စ ၉၉၃-၉၃၃ ခန့်)။ ။ဒေးဗစ်ဘုရင် နတ်ရွာစံပြီးသည့် နောက် သားတော် ဆော်လမွန်[၁၂]သည် ပါလက်စတိုင်း နိုင်ငံကို ဆက်လက် အုပ်စိုး လေသည်။ ဒေးဗစ်ဘုရင် တည်ထောင်ခဲ့သော နိုင်ငံသည် ကျယ်ပြန့်၏။ ဟီးဗြူးတို့လည်း ဥစ္စာ စည်းစိမ် ဖြစ်ထွန်းသဖြင့် တိုင်းပြည်သည် စည်ကား၏။ ဆော်လမွန် လက်ထက်၌ တိုင်းပြည်ကို တိုးတက် ချဲ့ထွင်စရာ မလိုတော့ပေ။ ငြိမ်းချမ်း သာယာစွာ အုပ်စိုးရန် အချိန် အခါ ဖြစ်သဖြင့် ဆော်လမွန်သည် စည်းစိမ် ခံစားကာ မိဖုရား မောင်းမမိဿံတို့နှင့် အပျော်ကြူးကာသာ နေ၏။ အခွန် အတုတ်များကိုလည်း အဆမတန် ကောက်ယူ၏။ ကောက်ခံ၍ ရသမျှသော အခွန်အတုတ်ဖြင့် ခမ်းခမ်းနားနားနေထိုင်၏။ အခွန်အတုတ်ကြီး လေးလှသဖြင့် ဟီးဗြူးတို့သည် ရှင်ဘုရင်အား ငြိုငြင်လာကြ၏။ သို့သော် ဒေးဗစ်ဘုရင်၏ အရှိန်ဖြင့် ကျန်ရစ်ခဲ့သေးသော အင်အားကို ကြောက်ရွံ့သဖြင့် အောင့်အည်း သည်းခံကာ နေထိုင်ကြ၏။

ဘီ၊စီ ၉၃၃ တွင် ဆော်လမွန်ဘုရင် ကံကုန်သောအခါ ပါလက်စတိုင်းသည် နှစ်ခြမ်း ကွဲ၍ သွားလေသည်။ မြောက်ဖက်တွင် တနိုင်ငံ၊ တောင်ဖက်တွင် တနိုင်ငံဖြင့် နှစ်နိုင်ငံ ကွဲပြား သွား၏။

၁၀ *Israel* ၁၁ *Judah* ၁၂ *Solomon*

မြောက်ဖက်နိုင်ငံကို အီစရေးဟု ခေါ်၏။ တောင်ဖက် နိုင်ငံမှာ ဂျူဒါးဟု အမည်တွင်လေသည်။ အီစရေးသည် စည်ကား ကြွယ်ဝ ၏။ ဈေးအုံကနားများဖြင့် ပြည့်နှက်၏။ အရောင်း အဝယ် သွက် လက်တွင်ကျယ်၏။ သစ်သီးသစ်နှံ ဂျုံ၊ ပြောင်း စသည်များကို လည်း အမြောက်အမြား စိုက်ပျိုး လုပ်ကိုင်နိုင်၏။ အီစရေးရှိ မြို့ များသည် အလွန်သာယာ ဝပြောလေသည်။ တောင်ဖက်နိုင်ငံ သည် မြောက်ဖက် နိုင်ငံနှင့် မတူချေ။ ဂျရုစလင်မြို့မှတပါး မြို့ကြီး ဟူ၍ မရှိ။ မြေသြဇာလည်း သစ်သီး သစ်နှံ စိုက်ပျိုး၍ မရလောက် အောင်ပင် ညံ့ဖျင်း၏။ နေထိုင်သော ဟီးဗြူးတို့သည်လည်း သိုး ကျောင်းကာ၊ ဆိတ်ထိန်းကာသာလျှင် မြက်ခင်းများရှိရာသို့ လှည့် လည် နေထိုင်ရ၏။ အလွန် ဆင်းရဲ ပင်ပန်းစွာ အသက် မွေးကြ ရသည်။

ထိုကြောင့် အီစရေးနှင့် ဂျူဒါး နိုင်ငံတို့သည် မကြာ မကြာ အချင်းချင်း စစ်တိုက်ကြလေသည်။ မြောက်ဖက် နိုင်ငံမှ ဟီးဗြူး များသည် ချမ်းသာ ကြွယ်ဝကြသဖြင့် ကိုယ်ကျိုးကိုသာ ကြည့်ကြ သည်။ ကိုယ်ချင်းစာတရားကို မထားကြချေ။ ချမ်းသာသူများ သည် အမျိုးသားချင်း ဖြစ်သော ဆင်းရဲသည့် ဟီးဗြူးများကို အိမ်၌ ကျွန်အဖြစ် ခိုင်းစေကြ၏။ ပြည့်စုံ ကြွယ်ဝသလောက် လော ဘကြီးကြ၏။ ဆင်းရဲသားများအား ကုန်များကို အကြွေးပေး ကာ အတိုးကို အဆမတန် ယူ၏။ အကြွေးမပေးနိုင်သော ဆင်းရဲ သားများထံမှ မြေ၊ ယာ၊ အိမ်၊ သိုး၊ ဆိတ် များကို သိမ်းယူကြ၏။ ရှင်ဘုရင်များလည်း ဆင်းရဲသားများကို ပိုင်စိုးပိုင်နင်း ကျင့်ကြ၏။ ဆင်းရဲသားများ အသက်မွေးစရာ ဖြစ်သော စပျစ်ခြံများကို မတ ရား သိမ်းယူပြီးလျှင် နန်းတော်ကြီးများကို ခွျထွင် တည်ဆောက် ကြ၏။

ဘာသာတရား။ ။အီစရေးရှိ မင်းနှင့်တကွ ဆင်းရဲသားကုန်သည် လယ်လုပ်သမားများသည် ရှေးကနိုက်တို့ ကိုးကွယ်သောနေနတ်၊ လနတ် များကို ကိုးကွယ်ကြလေသည်။ တောင်ဖက် ဂျူဒါးမှ လူများသည် ဘိုး ဘွား ဘီ ဘင် လက်ထက်ကတည်းက ကိုးကွယ်ခဲ့သော "ယာဝေ"[၁၃]ကို ကိုးကွယ်ကြ၏။ မြောက်ဖက် နိုင်ငံမှ ဟီးဗြူးတို့သည် ကိုးကွယ်ရင်း ဘာသာကို စွန့်ပစ်ပြီးလျှင် ဘာသာ သစ်ကို ပြောင်းလဲ ကိုးကွယ်သဖြင့် တောင်ဖက် နိုင်ငံမှ လူများသည် မြောက်ဖက်နိုင်ငံမှ လူများကို မုန်းတီးကြ၏။ ဆင်းရဲသားများကို လည်း နှိပ်စက် ညှဉ်းပန်းသည် ဟူ၍ ကြားပြန်ရာ တောင်ဖက်မှ လူများသည် မြောက်ဖက်သို့ အတင်း ဝင်ရောက်ပြီးလျှင် ရှင်ဘုရင် နှင့် တကွ မင်းဆွေ မင်းမျိုးများကို သတ်ဖြတ်ကြ၏။ ကနိုက်တို ဆောက်လုပ်သော တန်ဆောင်းများကို ဖျက်ဆီးကြ၏။ ဘုန်းကြီး များကိုလည်း သတ်ဖြတ်ကြလေသည်။ အမျိုးသား အချင်းချင်း သာလျှင် သွေးထွက် သံယို ဖြစ်၏။ သို့သော် မြောက်ဖက်နိုင်ငံသည် ကြီးပွါးမြဲကြီးပွါး၏။ ချမ်းသာမြဲ ချမ်းသာ၏။ တောင်ဖက် နိုင်ငံ သည်လည်း ရှေးက ကဲ့သို့ပင် ဆင်းရဲမြဲ ဆင်းရဲ၏။ မွဲသည်ထက် သာ မွဲလေသည်။

ပုရောဟိတ် (ပရောဖက်)[၁၄]။ ။နှစ်နိုင်ငံ အချင်းချင်း လူမျိုးချင်း တူပါလျက် မသင့်မတင့် ဖြစ်နေသည့် အကြောင်းရင်းကို ဉာဏ် အမြော်အမြင်ရှိသော တောင်ဖက် နိုင်ငံရှိ လူများသည် တွေးတော ဆင်ခြင်ကြ၏။ နိုက်နိုက် ချွတ်ချွတ် စဉ်းစားကြည့်ကြ၏။ ဤသို့ အဆင်ခြင်နှင့် ပြည့်စုံသော သူများကို ပုရောဟိတ်ဟု ခေါ်သည်။ ထိုသူများသည် မြောက်ဖက် နိုင်ငံရှိ ဟီးဗြူးတို့ ပြောင်လက်စွာ

၁၃ *Yah Veh (Jehovah)* ၁၄ *Prophet*

ဝတ်စားကြပုံ၊ ခမ်းနားသော တိုက်တာများနှင့် နေပုံ၊ လူမျိုး အချင်းချင်း အပေါ်၌ မာန ရောက်ကာ အဖက်မတန်သည့်နှယ် ကျွန်သားတို့ကဲ့သို့ ကျွန်အဖြစ် ခိုင်းပုံ၊စိတ်သဘောထား ကြမ်းကြုတ် ရက်စက်ပုံကို ကြည့်ရှုလျက် စိတ်မချမ်းမသာ ဖြစ်ကြ၏။ ပါလက်စတိုင်းသို့ မရောက်လာမီ ရှေး ဘိုးဘွား ဘီဘင်များ လက်ထက်က မြက်ခင်းများ ရှိရာသို့ သိုးအုပ်များ၊ဆိတ်အုပ်များနှင့် အိမ်ထောင်စုံများ သွားလာကြစဉ် တဦးနှင့်တဦး ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင် ကြင်နာကြ၏။ ဆင်းရဲသူကို ပြည့်စုံသူက ထောက်ပံ့ ပေးကမ်း၏။တဦးနာဖျားမကျန်းရှိလျှင်တဦးက ဆေးဝါး ကုသပြုစု၏။ မျက်နှာငယ်သူကို မည်သူမျှမနှိပ်စက်ကြပေ။ တဦးနှင့် တဦး ကြွားဝါခြင်း၊ မာန ထောင်လွှားခြင်းလည်း မရှိကြပေ။ သာယာသော မြက်ခင်းများပေါ်တွင်၎င်း၊ အသီးများ ဝေဆာနေသော စွန်ပလွံပင်ပျိုများ၏ အရိပ် အောက်များတွင်၎င်း၊ချစ်ခင် ခင်မင်စွာ ပြောဆိုနေထိုင်ခဲ့ကြ၏။ ဆိတ်ရေများကို ချုပ်လုပ် ဝတ်ဆင်လျက် ဆိတ်ရေဖြင့် ပြုလုပ်သော တဲအိမ်များ၌ ရိုးရိုးပင် နေကြရစဉ် အလွန်ပျော်ရွှင်ကာ စိတ်ချမ်းသာခဲ့ကြ၏။ စိတ်သဘောထား နူးညံ့ သိမ်မွေ့ခဲ့ကြ၏။ ပါလက်စတိုင်းသို့ ရောက်မှ စိတ်ပြောင်း ကိုယ်ပြောင်း ဖြစ်ကြ၏။ လူမျိုး အချင်းချင်း ရန်သူကဲ့သို့ ထင်မှတ်ကြ၏။

ထိုကြောင့် ပုရောဟိတ်ပေါင်း များစွာတို့သည် ဆိတ်ရေကို ဝတ်လျက် မြောက်ဖက် နိုင်ငံသို့ လှည့်လည်ကာ လမ်းဆုံ လမ်းခွများတွင် လူစု လူဝေးများအား ကိုယ်ကျိုးချည်း မကြည့်ကြရန် တရားကို ဟောပြကြလေသည်။ ဆင်းရဲသားများကိုလည်း ညှာတာ ထောက်ထားကာ သနား ကြင်နာရန် ဆုံးမ စကားများကို ပြောပြကြသည်။ အချို့ ပုရောဟိတ်များသည် ရှေး သဲကန္တာရ တလျှောက်တွင် နေစဉ်က ရိုးရိုးသားသား တဦးနှင့် တဦး ခင်မင်

ယုယစွာ နေကြပုံကို ဝတ္ထုသဖွယ် ဖွဲ့နွဲ့ကာ ဟောပြောကြ၏။ ဟီးဗြူးတို့၏ သမိုင်းကို ကမ္ဘာဦးမှ စ၍ မည်ကဲ့သို့ နေထိုင်လာကြပုံကိုလည်း စာဖြင့် ရေးသား ထုတ်ဝေကြ၏။

ပြင်ပရန်သူ။ ။ဟီးဗြူးတို့ အချင်းချင်း သွေးကွဲနေသော အခါ အရှေ့ဖက်ရှိ အဆီရီယားတို့သည် စစ်ဖက်၌ အင်အား ကြီးမား လာကာ နိုင်ငံများကို ချဲ့ထွင်လိုသောအခါ ဖြစ်နေ၏။ မကြာခဏ စစ်တပ်များဖြင့် ပါလက်စတိုင်းသို့ ချီတက်ကြ၏။ ဟီးဗြူးတို့လည်း အညံ့ခံကာ ပဏ္ဏာ လက်ဆောင်များကို အဆီရီယား ဘုရင်များထံ နှစ်စဉ် သွားရောက် ဆက်သရသည်။ သို့သော် ဟီးဗြူးတို့သည် ပစ္စည်းဥစ္စာ ခိုင်လုံလာသောအခါ မာန ကြီးကာ ခေါင်းမာကြ သည်။ လက်ဆောင် ပဏ္ဏာများကို မှန်မှန်မဆက်ချေ။ ဘီ၊စီ ၇၂၂ ခု၌ အဆီရီယား စစ်သည် ရဲမက်များသည် မြောက်ဖက် တိုင်းပြည် ကို စတင် တိုက်ခိုက်ရာ အီစရေးသည် ဖရိုဖရဲ ပျက်စီးရလေသည်။ တောင်ပိုင်း ဂျူဒါးသာ ကျန်ရစ်၏။ ဆင်နက်ကရစ် ဘုရင်ကြီး လက်ထက်သို့ ရောက်သောအခါ အဆီရီယား စစ်သည်တော်များ သည် အလုံးအရင်းနှင့် ဂျူဒါးကို တိုက်ခိုက်ပြန်၏။ မြို့ကလေး ပေါင်း များစွာကို လက်ရ သိမ်းယူမိသော်လည်း ဂျရုစလင်မြို့ကို သိမ်းပိုက်မည်ဟု မြို့ကို ဝန်းရံ တပ်စွဲနေကြစဉ် ဆင်နက်ကရစ်၏ စစ်သည်များသည် ပလိပ်ရောဂါ ဖြစ်၍ သေဆုံးကြသောကြောင့် ဆင်နက်ကရစ် မင်းကြီးလည်း ရသမျှသော ဟီးဗြူးများကို အဆီ ရီယား နိုင်ငံသို့ ဘမ်းဆီး သွားကာ ကျွန်အဖြစ် ခိုင်းစေလေ၏။

အဆီရီယား နိုင်ငံကြီး ပျက်စီးသောအခါ ဟီးဗြူးတို့သည် အလွန်အမင်း ဝမ်းမြောက်ကြလေသည်။ ဘုရား မသည်ဟု ယူဆ ကြ၏။ မျှားမကြာမီပင် ဒုတိယ ဘေဘီလုံ နိုင်ငံ ပေါ်ပေါက်လာ

ပြန်၏။ ရှေးနည်း အတိုင်းပင် ဟီးဗြူးတို့သည် ဘေဘီလုံ ဘုရင်များကို မရိုမသေ မခံ့မညား လက်ဆောင် ပဏ္ဏာများကို မဆက်သသောကြောင့် ဘီ၊စီ ၅၈၆ ခုဌ် နဘျူးခက်နက်ဇား ဘုရင်သည် တပ်မတော်ကြီးနှင့် ချီတက် တိုက်ခိုက်ရာ ဟီးဗြူးတို့နိုင်ငံ တဝှန်းလုံးသည် ကြေမွ ပျက်စီး သွားလေ၏။ မြောက်ဖက်နှင့် တောင်ဖက် နှစ်နိုင်ငံ စလုံးပင် ဇာတ်သိမ်းရ၏။ ဟီးဗြူးများကို သုံ့ပန်း အဖြစ် ဘမ်းယူသွားပြီးလျှင် ဘေဘီလုံ နိုင်ငံတွင် အိုးအိမ် ထူထောင်ကာ နေခိုင်း၏။ ကိုယ့်မင်းကိုယ့်ချင်းနှင့် မနေကြရတော့ချေ။

ဘေဘီလုံ ဘုရင်များ ပါလက်စတိုင်းကို လာရောက် တိုက်ခိုက်သောအခါ ပုရောဟိတ်များသည် တိမ်းရှောင် ထွက်ပြေးကြ လေသည်။ အချို့လည်း အီဂျစ်သို့ ရောက်၏။ အချို့လည်း အနီးအနားရှိ တိုင်းပြည်ငယ် ကလေးများသို့ ရောက်သွားကြ၏။ ထိုသို့ ဒုက္ခ အမျိုးမျိုးကို တွေ့ကြုံရသောအခါ ပုရောဟိတ် များသည် တရား သံဝေဂ ပိုမိုရကြ၏။ ဟီးဗြူးတို့အား အမျိုးသားချင်း စည်းစည်း လုံးလုံးနှင့် ကြင်နာတရား ထားရှိရန် ပိုမို ဟောပြောကြပေသည်။ တိုင်းမဲ့ ပြည်မဲ့ ဖြစ်သဖြင့် ဘုရားကိုသာ အားထားကာ ရှိခိုးကြလေ၏။

အခန်း ၈

ပင်လယ်သို့ စတင်ကျက်စားကြသူများ

ယဉ်ကျေးစခေတ်၌။ ။ယဉ်ကျေးစအခါက လူများသည် မြေပြင်ပေါ်၌ တောက်လျှောက် မိုင်ပေါင်း များစွာ သွားလာနိုင်ကြ၏။ တောင်ကြီးများကိုပင်ကျော်တက်ဆင်းသက်နိုင်၏။ ရှေ့၌မြစ်များ၊ ချောင်းများ ကာဆီးနေသောအခါ၌မူ လက်မှိုင်ချကာ ရပ်တန့်နေကြရလေ၏။ လူ့တရပ်သာသာ နက်သော ချောင်းငယ်ကလေးများကိုပင် ဖြတ်သန်းရန် မတတ်နိုင်ကြချေ။မြစ်များ၊ချောင်းများကိုစတင်ဖြတ်သန်းတတ်သူများသည် မြစ်နား၊ချောင်းနား၊ရေအိုင်နား၌ နေထိုင်ကြသော သူများသာ ဖြစ်သည်။

ဝိုင်းမြစ်နှင့် ဟွန်ဟိုမြစ် တလျှောက်တွင် တရုပ်တို့သည် လှေငယ်များဖြင့် ဦးဆုံး သွားလာကြ၏။ ခြင်းကြားကြီးများဖြင့် ရက်လုပ်သော လှေများကို အသုံးပြုကြ၏။ သို့သော် မြစ်ဝသို့ ထွက်၍ရင်း၊ ပင်လယ်သို့ ထွက်၍ရင်း မသွားလာကြသေးချေ။ မိမိတို့ သွားလာသော မြစ် အတွင်း၌ ငါးပေါ်များ၏။ ခရု၊ ပုစွန် စသည်တို့ကို လုံလောက်စွာ ရ၏။ ပင်လယ်သို့ အသက်စွန့်ကာ သွားရောက်ရန် အကြောင်းထူးမရှိသေးသဖြင့် ပင်လယ်သို့ စတင် မကူးသန်းကြချေ။

အီဂျစ်တို့သည် ပင်လယ်တွင် စတင် ကျက်စားကြသူများ ဖြစ်သည်။ နိုင်းမြစ်ကြီး အတွင်းဝယ် ရေသည် ငြိမ်သက်စွာ စီးဆင်း၏။ လေလည်း မထန်ပေ။ အီဂျစ်တို့သည် ရှေးဦးစွာ ရွှက်မပါသော



ပင်လယ်သို့
အာရှမိုင်းနား
ဂရိ
မြေထဲပင်လယ်
ကရိကျွန်း
ဆီဒုံ
တိုင်းရား
ဆီးရီးယား
ယူဖရေးတီးမြစ်
ပါလက်စတိုင်း
အီဂျစ် နိုင်ငံ
နိုင်းမြစ်

လှေများကို ပြုလုပ်ကာ နိုင်းမြစ် အတွင်း၌ သွားလာကြ၏။ အီဂျစ် လှေများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် အရပ်များ၌ တွေ့ရသော သမ္ဗန်များနှင့် အလွန် တူသည်။ လှေများသည် လခြမ်း ပုံသဏ္ဌာန်ဖြစ်၏။ သမ္ဗန်များကဲ့သို့ ပေါင်းမိုးကလေး တခုစီ ပါ၏။ ပေါင်းမိုးတွင်လည်း ပြတင်းပေါက်ကဲ့သို့ အပေါက်ကလေး များ ဖောက်ထားရာ အလွန် သေသပ် လှ၏။ လှေကြီးများတွင် တက်ပေါင်း ခြောက်စုံ ရှိ၏။ လှေအတွင်း၌ တဖက်တွင် ခြောက်ယောက်ခန့် ထိုင်၍ ပဲ့ဖက်သို့ မျက်နှာမူကာ လှော်ခတ်ကြလေသည်။ ဖရိုများ ကောင်းစား စဉ်က နိုင်းမြစ်တွင်းတွင် လသာသာ ညများ၌ မင်းမိဖုရားနှင့်တကွ မှူးကြီး မတ်ရာ သေနာ ပတိများသည် ဤကဲ့သို့သော လှေကြီးများဖြင့် လှေညှင်းခံကြပေသည်။

ဘုရင်မကြီး ဟာချတ်ဆု လက်ထက်၌ လှေများကို ရွက်တပ်ဆင်၍ အီဂျစ်တို့သည် နိုင်းမြစ်တွင် သွားလာကြ၏။ ပိတ်ကောင်းများကို ရက်လုပ်တတ်သော အီဂျစ် နိုင်ငံ၌ ရွက်များလည်း ကောင်းမွန်ပေသည်။ လှေတစင်း၌ ရွက်ကြီးတခုသာ တပ်ဆင်၏။ ရွက်ကြီးကို ကြိုးများဖြင့် ဆိုင်းကာ အလိုရှိသည့် အတိုင်း တင်နိုင်၊ ချနိုင်၊ ဖွင့်နိုင်၊လိပ်နိုင်၏။ လှေကိုလည်း ပျဉ်ပြားများကို ဆက်စပ်လျက် ပွဲလျက်ဖြင့် ဖာထေးကာ လှေကြီးများ ဖြစ်အောင် ပြုလုပ်ကြပေသည်။ရွက်ဘပ်ဆင်၍သွားသောလှေများသည် သမ္ဗန်ကဲ့သို့ မဟုတ်တော့ပေ။ မြန်မာ လှေကြီးများကဲ့သို့ ရှည်ရှည်မျောမျော ဖြစ်လေသည်။ သို့သော် လှေဝမ်းသည် ကျယ်လှသောကြောင့် ဆင်များကိုပင် တင်ဆောင်နိုင်သည်။ ထိုလှေကြီးများသည် အာဖရိက ကမ်းခြေကို ပတ်လျက် လူရိုင်းများ ထံမှ ဆင်စွယ်၊ ကျားသစ်ရေ၊ အမွှေး အဆုံ စသော ပစ္စည်းများကို ဖလှယ်၍ ယူဆောင် ကြသည်။

• *Queen Hatshepsut*

'ပန်းအိုးများ'

ကရိကျွန်းသားများ၏လက်ရာ

နိုင်းမြစ်ဝှမ်းနေ၍ အာဖရိကတိုက်၏ကမ်းခြေတလျှောက် လုံးကိုပတ်မိအောင် တနှစ်တိတိ သွားလာရသည်။ အီဂျစ်လှေကြီးများသည် မြေထဲပင်လယ်သို့ ရွက်ဖွင့်ကာ စွန့်စွန့်စားစား သွားကြပေသည်။ စင်စစ်အားဖြင့် မြေထဲပင်လယ်သည် ပင်လယ်ဟု ဆိုရသော်လည်း လှိုင်းလေ မပြင်းထန်ပေ။ တနှစ်ပတ်လုံး လေငြိမ်သက်သောအခါသာ များပေသည်။ အီဂျစ်တို့သည် အီဂျစ်နိုင်ငံ၏ အနောက်မြောက်ယွန်း မြေထဲပင်လယ်၏ အလယ်၌ ရှိသော ကရိကျွန်းသို့ ရောက်ကြ၏။ ကရိကျွန်းသားနှင့် အီဂျစ်တို့သည် အပြန်အလှန် ကူးကာ သန်းကာ အရောင်း အဝယ် ပြုလုပ်ကြပေသည်။ ထိုစဉ်အခါက အီဂျစ်နိုင်ငံတွင် ကူးသန်း နိုင်သော လှေကြီး အနည်းငယ်မျှသာ ရှိလေသည်။

ကရိကျွန်း။ ။ကရိကျွန်းသား[၂]များသည် ပင်လယ် အနီးအနား၌ ကြီးပြင်းကြရသူများ ဖြစ်သော ကြောင့် အီဂျစ်တို့ထက် ရေ၌ ကျွမ်းကျင်ပေသည်။ ကျွန်းပေါ်၌ သစ်ပင်ကြီး ပို၍ အမြောက်အမြား ပေါက်ရောက် သောကြောင့် လှေကြီး လှေကောင်းများကို ဆောက်လုပ်နိုင်ကြ၏။ အီဂျစ်တို့ ရောက်လာသော အချိန်၌ ကရိကျွန်းသားအများသည် အလွန် ယဉ်ကျေး၍ နေလေပြီ။ လက်မှုပညာ၌ အီဂျစ်တို့ထက် တတ်မြောက်၏။ ကျောက်ဆစ် လုပ်ငန်းနှင့် ပန်းချီပညာ၌ ချီးမွမ်းလောက်အောင်ပင် ကောင်းမွန်၏။ ဆင်စွယ်နှင့် ကျောက်မျက် ရတနာများကို စိတ်ကူးယဉ်ယဉ်ဖြင့် ပုံပန်းကျကျ နုနုနယ်နယ် ထွင်းဖောက် ခြယ်လှယ်ရာ၌ အလွန် လက်မြောက် ပေ၏။ အထည် အလိပ် ရက်လုပ်ရာ၌လည်း အီဂျစ်တို့၏ လက်ရာထက် သာလွန် ပေသည်။ အီဂျစ်နိုင်ငံ၌ ဖရိုများ အုပ်စိုး

---
၂ *The Cretans*

သကဲ့သို့ ထိုကျွန်း၌ "မိနော့"[၃]ဘွဲ့ကို ခံယူသော ဘုရင်များ အုပ်စိုးကြလေသည်။ ကျောက်ဖြူဖြင့်တည်ဆောက်ထားသော နန်းတော်ကြီးသည် ပင်လယ်မှ ရေရောင်နှင့် နေရောင်တို့ ဟပ်သော အခါ အလွန်ခမ်းနားချေ ရှုချင့်စဖွယ် ရှိပေ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌ ဝက်ဘာများ ပြုလုပ်ကာ နှစ်သက် ကြည်နူးစွာ ဝင်ရောက် လှည့်လည်သကဲ့သို့ မိနော့ဘုရင်၏ နန်းတော်တွင်လည်း အကန့်ကန့်အဆောင်ဆောင်တို့ဖြင့်ဝက်ဘာပြုလုပ်ထားလေသည်။ ဝက်ဘာ၏ လမ်းဆုံး၌ လူတပိုင်း နွားတပိုင်းဖြစ်သော သတ္တဝါကြီး[၄] တကောင်ကို ဘုရင်များက မွေးထားလေသည်။ သမီးကညာများနှင့် လုလင်ပျိုများကို ထိုသတ္တဝါကြီးထံ အစားခံရန် ဆက်သကြ၏။ မြို့တွင်း၌လည်း နွားနှင့်လူ ဖက်ပြိုင်သတ်သော ပွဲများ၊ ဂျမ်းဘား စသည့် ကစား ခုန်စား ပွဲများကို ကျင်းပကြသည်။ ကရိ အမျိုးသမီးများသည် ယခုခေတ် အနောက်နိုင်ငံသူများ ဝတ်ဆင်သော ဂါဝန်မျိုးကို ခြေမျက်စေ့ ရောက်အောင် ပွပွချထားလျက် အတွန့်အတွန့်များတပ်ဆင်ကာ ဝတ်ကြလေသည်။

အီဂျစ်တို့ ပင်လယ်သို့ မသွားလာမီကပင် ကရိကျွန်းသားများသည် အနီးအပါးရှိ ကျွန်းများသို့ ရှက်လွှင့်ကြ၏။ ထိုကျွန်းများမှ မိန်းမပျိုများနှင့် လုလင်များကို ခိုးယူလာလေ့ရှိ၏။ ကရိကျွန်းသို့ ရောက်သော်သော် မိန်းမပျိုများကို အိမ်၌ အစေခံ အဖြစ် ထား၏။ ရံဖန်ရံခါ လူတပိုင်းနွားတပိုင်းကြီးထံ အစားခံရန် ပို့၏။ ယောကျ်ားပျိုများကို မူ ဇာတ်ပွဲရုံကဲ့သို့ ခုံတန်းအဆင့်ဆင့်ဝိုင်းလျက် အလယ်တွင် တလင်း ပြုထားသော နေရာ၌ နွားနှင့် ဖက်ပြိုင် သတ်ခိုင်းကာ ပွဲလမ်းပမာ ကြည့်ရှုကြ၏။ ထိုကျွန်းသည် နှစ်ပေါင်း တထောင်မျှလောက် ထွန်းကားသော်လည်း နောက်ဆုံး၌ ဂရိလူမျိုး

၃ *Minos* ၄ *Mino Taur*



လူနှင့်နွားသတ်နေပုံ

များလာရောက် ဖျက်ဆီးသောကြောင့် ကျွန်းနှင့်တကွ လူမျိုးပါ ပျောက်ကွယ်သွားလေသည်။

ဖိနီရှန်းလူမျိုး[၅]။ ။အီဂျစ်လူမျိုးနှင့် ကရိလူမျိုးတို့သည် ပင်လယ်သို့ စတင် ကျက်စားကြသော်လည်း ဖိနီရှန်း လူမျိုးကဲ့သို့ အသက်

၅ *The Phoenicians*

ဆံပင်များ စွန့်၍ ဝေးဝေးလံလံ မသွားကြချေ။ ဖီနီရှန်းတို့သည် ဟီးဗြူးဘို နေထိုင်သော ပါလက်စတိုင်း နိုင်ငံ၏ မြောက်ဖက် ဆီးရီးယားခေါ်သော နယ်ဘွင် နေထိုင်ကြ၏။ ဆီးရီးယား နယ် သည် မြေဆဲ ပင်လယ် ကမ်းခြေ တလျှောက် တည်ရှိသော ကျဉ်း မြောင်းသည့် နယ်ကလေးသာ ဖြစ်၏။ ထိုနယ်၏ အရှေ့ဖက်တွင် သစ်တောကြီးများ ဖုံးလွှမ်းလျက် မတ်စောက် မြင့်မားသော တော တောင်ကြီ များ တည်ရှိ၏။ အနောက်ဖက်တွင်လည်း မျက်စိ တဆုံး လှိုင်းဖွေးဖွေး ထနေသော မြေထဲ ပင်လယ်ကြီး ရှိ၏။ ဆီးရီးယားနယ်ရှိ မြေဩဇာသည်လည်း စိုက်ပျိုး လုပ်ကိုင်၍ မရလောက်အောင် ညံ့ဖျင်း၏။ မြေပြင် တလျှောက်လုံးသည် ကျောက်ခဲကျောက်တုံးများဖြင့် ဖုံးလွှမ်းလျက်မာကျော၍ နေလေ သည်။ ထို့ကြောင့် ဖီနီရှန်းဘို့သည် လက်မှု ပညာကိုသာ အားကိုး အားထားပြုကာ အသက်မွေးကြရ၏။ ဖန်များကို ပင်လယ်ကမ်း ခြေရှိ သဲများမှ ချက်ယူကြ၏။ ဖန်နှင့် စပ်ဆိုင်သော ပုတီးလည်ဆွဲ ဘယက် စသည်တို့ကို လုပ်ကိုင်ကြ၏။ ပင်လယ်ကမ်းစပ်မှ သဲ့ယူ ရရှိသည့် အခွံဖုံးသော ခရုများကို ထုထောင်းကာ ဆိုးဆေး ပြုလုပ်ကြ၏။ ကြက်သွေးရောင် ဖြစ်သော ထိုဆိုးဆေးများသည် အရောင် အလွန်တောက်ပ သောကြောင့် အဝေး အနီး အလွန် ကျော်ကြားပေသည်။ ကြေးများကိုလည်း အနီးအနားတဝိုက်မှ တူးဖော်ရရှိသောကြောင့် ကြေးလင်ပန်းများ ပြုလုပ်၏။ ထိုကြေး လင်ပန်းများပေါ်တွင် ပန်းနု ပန်းခက်-ကလေးများ ထွင်းကာ ရောင်းကြ၏။ ရေမွှေးပုလင်းများ၊ ဆင်စွယ် ဘီးကလေးများ၊ အဆန်း တကြယ် ပြုလုပ် ထားသောကျောက်မျက် ရတနာများ ကိုလည်း အရောင်းအဝယ် ပြုကြလေ၏။ ဤပညာများကို ဖီနီရှန်း တို့သည် အီဂျစ်တို့ ထံမှ သင်ကြားတတ်မြောက်ကြလေသည်။

ပင်လယ်သို့။ ။ဖိနီရှန်းတို့ နေထိုင်သော နေရာကလေးသည် ကျဉ်းမြောင်း သည့်ပြင် ကုန်းကြောင်း ခရီးဖြင့် အခြား နိုင်ငံများ သို့ သွားရန် ခက်ခဲ၏။ အသက်မွေး စရာလည်း ကုန်ရောင်း ကုန်ဝယ်မှု တခုသာ ရှိ၏။ ထို့ကြောင့် လှေကြီးများ ဆောက်လုပ်ကာ ပင်လယ်သို့ အရဲစွန့်၍ သွားကြရသည်။ ဆီးရီးယား နယ်ရှိ တောကြီးများမှ သစ်ပင်များသည် အလွန် ခိုင်ခံ့၍ လှေကြီးများ ဆောက်လုပ်ရန် သင့်လျော်၏။ ထိုသစ်များဖြင့် ဖိနီရှန်းတို့သည် လှေများကို ကျကျန လုပ်ကြ၏။ လှေများသည် ရှည်ရှည် မျောမျော မဟုတ်၊ အဝေးမှ ကြည့်လျှင် ဝမ်းဘဲ ရေကူးနေသကဲ့သို့ ထင်ရ၏။ ပဲ့ချောင်တွင် တက်မကိုင်နှင့် လှေရှင် ကုန်သည်တို့ လိုက်ပါကြ၏။ လှေဝမ်းတွင် နှစ်ထပ်ပြုလုပ်ထား၏။ နှစ်ထပ် စလုံးတွင် နှစ်ဖက် နှစ်ချက်၌ လှေလှော် သမားများသည် လှေနံကို ကပ်လျက် ပဲ့ဖက်ကို မျက်နှာမူကာ နံရံရှိ အပေါက်ဝိုင်း ကလေးများတွင် သွင်းထားသော ခတ်တက်ဖြင့် လှော်ခတ်ကြလေသည်။ ရွက်တိုင်တွင်လည်း လေးထောင့် သဏ္ဍာန် ရှိသော ရွက်တခုတည်းကိုသာ တပ်ဆင်၏။

ခရီး သွားကြရာ၌လည်း တစင်း နှစ်စင်းတည်း မသွားကြ။ လှေသင်းဖွဲ့ကာ တစုတဝေးတည်း သွားလာကြ၏။ ရှေးဦးစွာ မြေထဲ ပင်လယ်တွင် ကမ်းခြေတလျှောက်ကို ကပ်လျက်သာ သွားကြ၏။ ကျွန်းကလေးများ တွေ့သော အခါ တက်ရောက်ကြပြီးလျှင် ကုန်ချင်း ဖလှယ်ကြ၏။ ဥတုမျှတ၍ နေထိုင်ရန် ကောင်းသော ကျွန်းကလေးများတွင် အချို့ နေထိုင်ရစ်ကြ၏။ ကျွန်းသားများ ရန်မှုမည်ထင်သော ကျွန်း၌ သစ်တပ်များ ဆောက်ကာ အစောင့် အရှောက်အဖြစ် လက်နက်ကိုင် လှေသမားများကို ထားရစ်ကြ၏။ တစတစ သွားလာ ကျက်စားကြရာ မြေထဲ ပင်လယ်

တလျှောက်တွင် ဖိနီရှန်းတို့ မရောက်ဘူးသော နေရာဟူ၍ မရှိတော့ချေ။ အီဂျစ်နိုင်ငံသို့လည်း ရောက်၏။ ကရိကျွန်းသို့လည်း ဆိုက်ကပ်၏။ မြေထဲပင်လယ်၏ အနောက်ဖက်ဆုံး စပိန်သို့ပင် ရောက်ကြ၏။ စပိန်၌ ငွေတုံး ငွေခဲများပေါ၏။ ဖိနီရှန်းတို့သည် စပိန်သားတို့ထံမှ ငွေများကို မိမိတို့၌ ပါသော ဖန်ပုတီး ဆိုးဆေး စသော ပစ္စည်းများနှင့် လဲလှယ်ကာ ဆီးရီးယားသို့ ယူဆောင်သွားကြ၏။ အသွားဖြစ်စေ အပြန် ဖြစ်စေ လှေကပ်ရန် ဆိပ်ကမ်း ကောင်းမည် ထင်သော နေရာတို့၌ ဆိပ်ကမ်းများကို တည်ဆောက်ကြ၏။ ထိုဆိပ်ကမ်းများအနက် "ကာသေ့"[၆] အမည်ရှိသော ဆိပ်ကမ်းသည် နောင် နှစ်ပေါင်းများစွာ ကြာသောအခါ အလွန် ထင်ရှားသော မြို့ကြီး တမြို့ ဖြစ်လာ၏။ မြေထဲ ပင်လယ် တွင်သာမက မြေထဲ ပင်လယ်မှ ကျူးကျော်ပြီးလျှင် အတ္တလန်တိတ် သမုဒ္ဒရာသို့ပင် ရွက်ဖြင့် သွားကြ၏။ မျက်စိတဆုံး ကျယ်ပြန့်သော ပင်လယ်ကြီးသည် မိုးနှင့် ထိသောနေရာ၌ ဆုံးကာ ထိုထက်ကျော်လွန်လျှင် နက်လှစွာသော ချောက်ကြီးထဲသို့ ကျလိမ့်မည်ဟု ထိုအခါက လူများသည် အယူရှိကြ၏။ "ကြောက်လျှင်လွှဲ ရဲမင်းဖြစ်" ဆိုသော စကားပုံ အတိုင်း ဖိနီရှန်းတို့သည် လူပြောသူပြောကို ယုံကြသူများ မဟုတ်၊ လက်တွေ့ကို အသေအချာ လိုက်စား သူများ ဖြစ်၏။ စွန့်စားသော နေရာ၌ တကယ်ပင် ချီးမွမ်းထိုက်။ စံနမူနာယူထိုက်သော သူများ ဖြစ်ပေသည်။ မြေထဲပင်လယ်ကို ကျော်လွန်ကာ တမင်သက်သက် ရွက်လွင့်ထွက်ကြ၏။ သူတို့ခေတ်က အယူ သည်းသော သူများ ထင်သည့် အတိုင်း ချောက်ထဲသို့ ကျ၍ မသေကြ၊ လေပြင်းထန်၍ လှိုင်းကြီးသော သမုဒ္ဒရာကြီးကို တွေ့ကြလေ၏။ လေအလိုက် လှိုင်းအလိုက် သွား

[၆] *Carthage*

ကြပြန်ရာ အင်္ဂလန် ကျွန်း၏ အနောက်တောင်ဖက် ကမ်းခြေသို့ ရောက်သွားကြ၏။ ထိုနေရာသည် သံဖြူပေါသော အရပ် ဖြစ်၏။ လှေတစင်း အပြည့်တင်ရသော သံဖြူကို ဖန်ပုတီးများ၊ ခရမ်းရောင် ဆိုးထားသော သိုးမွေးထည်၊ အနည်းငယ်မျှသော ပိတ်အုပ်တို့ဖြင့် အဖိုးချိုသာစွာ လဲလှယ်၍ရ၏။ သံဖြူသည် ဖိနီရှန်းတို့ အတွက် ကြေးနီနှင့်ရောစပ်ကာ မာကျောသောလက်နက် ကရိယာများကို ပြုလုပ်ရန် အလွန် အသုံးကျ၏။ သံဖြူကို ရသည့်အတွက် ဖိနီရှန်းတို့ စွန့်စားရကျိုး နပ်ကြ၏။ အင်္ဂလန် ကျွန်းသို့ မကြာခဏ သွားရောက်ကာ လှေကြီးများဖြင့် သံဖြူများကို တင်လျက် ဆီးရီးယားသို့ ယူဆောင်လာကြလေသည်။

ပင်လယ်ဓားပြ။ ။ဖိနီရှန်းတို့သည် အခါအခွင့် ရလျှင် ဓားပြတိုက်တတ်ကြလေသည်။ သံဖြူနှင့် ကြေးနီ ရောစပ်၍ လုပ်ထားသော ဓား၊ လှံ၊ ပုဆိန်တို့သည် ထိုစဉ်အခါက ကြောက်မက်ဖွယ်ရာ ကောင်းသော လက်နက်များ ဖြစ်သည်။ ဤလက်နက်များဖြင့် ဖိနီရှန်းတို့သည် တရပ် တကျေးတွင် လူတွင်ကျယ် လုပ်ကြ၏။ မြေထဲ ပင်လယ်ကမ်းခြေ တလျှောက်ရှိ မြို့ငယ် ရွာငယ်ကလေးများမှ လူဖြူယောကျ်ားပျို၊ မိန်းမပျိုများကို တက်ရောက် ခိုးယူတတ်ကြ၏။ အာဖရိက ကမ်းခြေမှလည်း ထိုနည်းအတိုင်းပင် နီဂရိုးလူမျိုး လူလင်များ၊ လုံမကလေးများကို ခိုးယူသွားတတ်ကြသည်။ ဖိနီရှန်းတို့ကို ထိုစဉ်အခါက မြေထဲပင်လယ် တလျှောက်ရှိ မြို့ရွာများသည် သိမ့်သိမ့်တုန်အောင် ကြောက်ကြသည်။ သို့သော် ခိုင်လုံတောင့်တင်းသော မြို့များကိုမူ ဖိနီရှန်းတို့သည် မစော်ကားဝံ့ချေ။ ထိုမြို့များသည် ဖိနီရှန်းတို့ကို ကုန်သည်အဖြစ် လက်ခံကြသည်။ ခရမ်းရောင် သိုးမွေးထည်များကိုလည်း မင်းသုံးစိုးသုံး အဖြစ်ဖြင့်

မြို့ကြီး ပြကြီးတိုင်းကပင် လိုချင် အားကြီးနှင့် အလု အယက် ဝယ်ယူကြလေသည်။

တိုင်းရား[၇]နှင့်ဆီးဒုံး[၈]။ ။ဖိနီရှန်းတို့ နေရာဒေသ ဖြစ်သော ဆီးရီးယားဘင် တိုင်းရားနှင့် ဆီးဒုံး အမည်ရှိသော မြို့နှစ်မြို့သည် ဘီ၊စီ ၁၁ ရာစုမှ ၆ ရာစုထိ ထင်ပေါ် ကျော်စောခဲ့၏။ ထိုနှစ်မြို့သည် ကြွယ်ဝ ချမ်းသာသော ဖိနီရှန်းတို့ နေထိုင်ရာ မြို့ကြီးများလည်း ဖြစ်၏။ ကုန်စည်များကို ပြုလုပ်ရာ ဌာနလည်း ဖြစ်၏။ ကုန်သွယ်၍ ငင်း၊ ခိုးယူ၍ငင်း ရရှိသော ပစ္စည်းများ၊ ကျွန်ဖြူ ကျွန်မည်းများကို ရောင်းချရာ စျေးမြို့ကြီးများလည်း ဖြစ်သည်။ မြို့နှစ်မြို့စလုံးပင် စည်ကားပါလျက် မြို့သူ၊မြို့သားများလည်း ပစ္စည်း ခိုင်လုံပါလျက် မြို့ကြီ များရှိ တိုက်တာ အိမ်ယာများသည် မခမ်းနားချေ။ ဖိနီရှန်းတို့သည် လှေကြီး လှေကျယ်များပေါ်တွင်သာ အနေများ၍ ပင်လယ်၌သာ အချိန်ကို ကုန်လွန်ကြရသောကြောင့် အိမ်ကြီး အိမ်ကောင်းများ မဆောက်လုပ်ကြချေ။

ဟီရံဘုရင်[၉]။ ။ဖိနီရှန်းတို့၏ ရှင်ဘုရင်သည် သင်္ဘောသား ရှင်ဘုရင်ဖြစ်၏။ ဘုရင်များအနက်အကျော်စောဆုံးသောဘုရင်သည် ဟီရံအမည်ရှိသော ဘုရင် ဖြစ်၏။ ထိုဟီရံဘုရင်သည် ဟီးဗြူးတို့၏ ဘုရင်ဖြစ်သော ဆော်လမွန်နှင့် အလွန် ချစ်ကျွမ်းဝင်လေသည်။ ဆော်လမွန်သည် ဖိနီရှန်းတို့ကို အားကျကာ ပင်လယ်နီတွင် ရွက်သင်္ဘောများ တည်ဆောက် လိုသဖြင့် ဟီရံဘုရင်ကို တောင်းပန်လေသည်။ ဟီရံ ဘုရင်ကလည်း တောင်းပန်သည့် အတိုင်း သစ်များ၊ ပျဉ်များနှင့်တကွ လက်သမား သင်္ဘောသားများကိုပါ

၇ *Tyre* ၈ *Sidon* ၉ *King Hiram*

ပေးအပ်ကာ သင်္ဘောများကိုတည်ဆောက်ပေး၏။ ဟီးဗြူးတို့အား ရေကြောင်း အတတ်ကို သင်ပေး၏။ ဖိနီရှန်းနှင့် ဟီးဗြူးသင်္ဘော သားတို့သည် ပင်လယ်နီ တလျှောက်သာမက အာဖရိကတိုက် အရှေ့ကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံသို့ပင်ရောက်ဘူးကြ၏။ အိန္ဒိယမှ ရွှေ၊ စိန်၊ ကျောက်သံ ပတ္တမြား၊ မျောက်ကလေးများနှင့် ဥဒေါင်း များကို ပါလက်စတိုင်းသို့ရင်း၊ ဆီးရီးယားသို့ရင်း ကုန်ချင်းလဲလှယ် ၍ ယူဆောင် လာတတ်ကြ၏။ နိုင်ငံခြားများနှင့် ဆက်သွယ်မိ၍ ကုန်သည်ဖြစ်သော ဆော်လမွန်ဘုရင်နှင့်ဟီရံဘုရင်တို့သည် ကြွယ်ဝ ချမ်းသာကြသည်။ ထိုနိုင်ငံများ၌ ငွေကိုပင် မသုံးကြ၊ ရွှေထည် ရွှေခွက်စသော ရွှေနှင့်ပြုလုပ်သည့် အသုံးအဆောင် များကိုသာ သုံးကြသည်။

ရှီးဘန်းလူမျိုး[၁၀] **(အာရပ်လူမျိုး)**။ ။ဖိနီရှန်းနှင့် ဟီးဗြူးတို့သည် အိန္ဒိယပင်လယ်သို့ ကူးကြော်လာရောက်ကာ ရောင်းဝယ်ခြင်း မပြု မီကပင် ရှီးဘန်းတို့သည် အိန္ဒိယနိုင်ငံနှင့် အဆက်အသွယ် ပြုလုပ် ကာ ကုန်ကူးသန်းရောင်းဝယ် ကြ၏။ ဖိနီရှန်းတို့ မြေထဲပင်လယ်၌ ကျက်စားကြသော အချိန်၌ လှိုင်းလေ ကြမ်းတမ်း၍ မြေထဲပင် လယ်ထက် ရွက်အလွှင့်ရခက်ခဲသော အိန္ဒိယပင်လယ်ထဲတွင် ရှီးဘန်း တို့လည်း ရွက်သင်္ဘောများဖြင့် လှည့်လည်ကျက်စားကြ၏။ သို့ သော် အိန္ဒိယနိုင်ငံထက် ကျော်လွန်၍ မရောက်ဘူးကြချေ။ အိန္ဒိယ မှ ဝါဂွမ်း၊ ဆင်စွယ်၊ သစ်ပျဉ်၊ ရွှေ၊ စိန် စသော အဖိုးတန်ပစ္စည်း များကို ရှီးဘန်းတို့သာ ပဌမဆုံး လာရောက်ဖလှယ်ကြသည်။

ရှီးဘန်းတို့ နေသော ဒေသသည် ပင်လယ်နီ၏ တောင်ဖက် အောဒင် အငူတွင် ဖြစ်သည်။ ဟီးဗြူးတို့ နေရာဒေသနှင့် များစွာ

၁၀ *Shibam*



မိုင်ဆင်နီမြို့ဟောင်းတံခါးဝ (ခြင်္သေ့ မုတ်တံခါး)

မကွာဝေးပေ။ ရိုးဘန်းတို့ ကြွယ်ဝချမ်းသာသည်ကို မြင်၍ ကြားရ၍ သော ဟီးဗြူးတို့သည် ဖိနီရှန်းတို့၏ အကူအညီဖြင့် အိန္ဒိယနိုင်ငံသို့ ကျူးကျော်လာရောက်ဟန် တူလေသည်။

ဖိနီရှန်းကျေးဇူး။ ။အနောက် နိုင်ငံသားတို့သည် ဖိနီရှန်းတို့ကို ကျေးဇူးတင်အပ်သည်။ ဖိနီရှန်းတို့သည် ဥရောပတိုက်နှင့် အင်္ဂလန်ကျွန်းသို့ ရွက်လှေ တဖွေးဖွေးနှင့် လွှင့်သောအခါ ကုန်စည်များသာမက ယဉ်ကျေးမှုများကိုပါ ယူဆောင်သွားပေသည်။ ရှေးအီဂျစ်တို့ရေးသော စာနှင့် ဘေဘီလုံနိုင်ငံမှ ရေးသော စာများသည် များပြားရှုပ်ထွေသဖြင့် ဖိနီရှန်းတို့သည် အက္ခရာပေါင်း (၂၂) လုံးကို စတင်တီထွင်ပေသည်။ ထိုအက္ခရာများကို အနည်းငယ်ပြောင်းလဲကာ ဥရောပတိုက်သားတို့သည် ယနေ့တိုင်သုံးစွဲကြ၏။ ကုန်သည်များ ဖြစ်သည့်အလျောက် ဖိနီရှန်းတို့သည် ရေးရမှတ်ရသဖြင့် ဘေဘီလုံနိုင်ငံတွင် သုံးသော ရွှံ့ချပ်များကို မသုံး၊ အီဂျစ်တို့သုံးသော ကျူရွက်ချပ်များကိုသာ သုံးသည်။ ထိုကျူရွက်ချပ်များသည် စက္ကူ၏ ရှေ့ပြေး အသုံးအဆောင်များ ဖြစ်သည်။ အနောက်နိုင်ငံသားတို့သည် ဖိနီရှန်းတို့၏ အက္ခရာစာအရေးသား စာရေးကရိယာများကို လိုက်နာသုံးစွဲကြရသည်။ ကုန်ရောင်းကုန်ဝယ်၌လည်း ဖိနီရှန်းတို့မျက်စိဖွင့်ပေးခဲ့သဖြင့် ရောင်းတတ်ဝယ်တတ်ကြ၏။ ပင်လယ်သို့ စတင်၍ သွားလာကျက်စားရမှန်းကိုလည်း ဖိနီရှန်းတို့ကို မြင်ရ၍သာ သိရှိနားလည်ပြီးလျှင် အားတက်သရော ကြံဆောင်လိုက်နာကြရသည်။အပြိုင်အဆိုင် အတုခိုးကာ နောက်လိုက်လုပ်ခဲ့ကြ၏။ သတ္တုတူးဖော်နည်း၊ စပ်ဟပ်နည်းများကိုလည်း ဖိနီရှန်းတို့ ကပြသခဲ့၏။ ထိုစဉ်အခါက ဥရောပတိုက်သားတို့သည် သတ္တုအဖိုးတန်ကြောင်းကို မသိရှာသေးချေ။ အင်္ဂလန်ကျွန်းတောင်ပိုင်းရှိ

လူများသည် လေ့တစင်း အပြည့်တင်နိုင်သော သံဖြူနှင့် အဝတ်အထည်အနည်းငယ်မျှနှင့် လဲလှယ်ရသည်ကိုပင် အမြတ်ကြီးမြတ်သည်ဟု အထင်ရောက်ကြသေးသည်။ ပကတိ မတတ်သိ မယဉ်ကျေးသော အနောက်နိုင်ငံသားများကို အာရှတိုက်သား ဖိနီရှန်းများကသာလျှင် ဆရာဘဆုအဖြစ်ဖြင့် သင်ကြားပြသရပေသည်။ ဖိနီရှန်းတို့ စတင်စိမ် ရက်လုပ် ဆေးဆိုးထားသော ခရမ်းရောင်သိုးမွေး ထည်မျိုးကို ယခုဘိုင် အနောက်နိုင်ငံရှိ မင်းနှင့်မိဖုရားတို့ သုံးစွဲကြတုန်းပင် ရှိသေးသည်။

ဖိနီရှန်းတို့ကြမ္မာ။ ။ဤမျှလောက် ရေကြောင်းခရီး၌ စံတင်လောက်အောင် ကမ္ဘာကြီးကိုခေါင်းဆောင်ခဲ့သောဖိနီရှန်းတို့သည် ပစ္စည်းဥစ္စာ ကြွယ်ဝလာသော အခါ နိုင်ငံ၏ ကာကွယ်ရေးကို အမေ့အလျော့နေကြ၏။ ပစ္စည်းဥစ္စာကိုသာ သဲသဲမဲမဲ လိုက်လံစုဆောင်းကြ၏။ ပင်ရင်းဒေသဖြစ်သော ဆီးရီးယားကို လျစ်လျူရှုထားကြ၏။ထိုကြောင့် ဒုတိယဘေဘီလုံနိုင်ငံကို တည်ထောင်သော နဘျူးခက်နက်ဇာဘုရင်သည် ဆီးရီးယားနှင့် ပါလက်စတိုင်း နှစ်ခုစလုံးကို ချေမှုန်းဖျက်ဆီးကာ အမျိုးပါ တိမ်ကောအောင် ပြုလုပ်လေသည်။

အခန်း ၉

ဂေါတမ မြတ်စွာဘုရားနှင့် ဗုဒ္ဓသာသနာ

ဘုရားမပွင့်မီ။ ။အာရိယန်တို့သည် အိန္ဒိယနိုင်ငံ အိန္ဒုမြစ်ဝှမ်း၌ နေထိုင်စက ယဉ်ကျေးခါစ ဖြစ်သည်အလျောက် လယ်ယာလုပ်ကိုင် စားသောက်လျက် ဒေဝများကို ဗေဒများဖြင့် သီဆိုရှိခိုးကာ ရိုးရိုး နေထိုင်ကြ၏။ ဒေဝများကိုလည်း အနည်းငယ်မျှသော ပန်းသစ်သီး တို့နှင့်သာ ပသတင်မြှောက်၏။ ဂင်္ဂါမြစ်ဝှမ်းသို့ ပြောင်းရွှေ့နေထိုင် ကြသောအခါ အာရိယန်တို့သည် တိုးတက်ယဉ်ကျေးလာကြ၏။ မြို့ရွာများ အနှံ့အပြား ပေါ်ပေါက်လာ၏။ လူများလည်း မင်း၊ သူဌေး၊သူကြွယ်၊ဗြာဟ္မဏ၊ဆင်းရဲသားစသည်ဖြင့် အသက်မွေးဝမ်း ကျောင်းကိုလိုက်၍ အတန်းအစားအမျိုးမျိုး ကွဲပြားလာ၏။ဇာတ် အတန်းအစား ပေါ်ပေါက်လာ၏။ ဇာတ်မြတ်သူသည် ဇာတ်နိမ့်သူ များကို ပေါင်းသင်းဆက်ဆံခြင်းမပြုဘဲ နှိမ့်ချကြ၏။ ရှောင်ကွင်း ကြ၏။ ဗြာဟ္မဏတို့သည် ဇာတ်အမြတ်ဆုံးဟု ယူဆကြ၏။ အဘယ် ကြောင့်ဆိုသော် ဗြာဟ္မဏတို့သည် ဒေဝများကိုပူဇော်ပသခြင်းကိစ္စ အရပ်ရပ်တို့၌ ကျန်လူများအတွက် လုံးဝဆောင်ရွက်ပေးရသော ကြောင့် ဖြစ်၏။ လောကီမှုနှင့် စပ်လျဉ်းသော ကျမ်းဂန်အသီးသီး ကိုလည်း ဗြာဟ္မဏတို့သာ လေ့လာဆည်းပူးကြ၏။ တတ်ကျွမ်းကြ ၏။ ထိုအချိန်၌ ဂင်္ဂါမြစ်ဝှမ်း၌ နေထိုင်ကြသော အာရိယန်တို့သည် ရှေးဘိုးဘေးအစဉ်အဆက်တို့ ပြောဆိုကြသော သက္ကတဘာသာကို မေ့လျော့ကာ၊ပါဠိ(မဂဓ)ဘာသာကိုသာပြောဆိုကြ၏။ ဗြာဟ္မဏ

တို့သာ သက္ကတဘာသာကို တတ်ကျွမ်းကြ၏။ သင်ကြားမှတ်သားကြ၏။ ထို့ကြောင့် ဗြာဟ္မဏတို့သည် မင်းနှင့်တကွနိုင်ငံသူနိုင်ငံသားတို့၏ ဆရာများ ဖြစ်လာကြလေသည်။ ဗြာဟ္မဏတို့လည်း မိမိတို့ပြောတိုင်း လူအများက လိုက်နာ ဆောင်ရွက်ကြသောကြောင့် ဒေဝများကို ပသရာ၌ ချဲ့ထွင်ကြလေသည်။ ရှေးက ပူဇော်နေကျဖြစ်သော ပန်းသစ်သီးအစား၊ အသွေးအသားဖြင့် ယဇ်ပူဇော်ခြင်းအလေ့ကို အကျယ်ချဲ့ထွင်၍ ပြုလုပ်ကြ၏။ ယဇ်ပူဇော်ပွဲ အခမ်းအနား ကျင်းပရာ၌ အစီအစဉ်များကိုလည်း အမျိုးမျိုး စီမံကြလေသည်။ ဒေဝများကို ရှိခိုးပူဇော်ခြင်းသည်ရာသီဥတုများကိုရှိခိုးခြင်းသာဖြစ်၍ နည်းမှန်လမ်းမှန် မဟုတ်ကြောင်းကို အချို့ ဗြာဟ္မဏတို့သည် သိလာကြ၏။ လူဟူ၍ ဖြစ်လာက အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဒုက္ခများနှင့် တွေ့ကြုံခံစားရမည်ကို သိမြင်လာကြ၏။ ထို့ကြောင့် အိုခြင်း၊နာခြင်း၊သေခြင်းမှ ကင်းလွတ်ရာတရားများကို ရှာဖွေကြ၏။ အသက်အရွယ်ကြီးရင့်လာသောအခါ ဗြာဟ္မဏတို့သည် ရသေ့ပြုလျှင် တောသို့ဝင်ကာ အသက်ထက်ဆုံး သစ်သီးသစ်ဖုများကို စားသုံးပြီးလျှင် တရားအားထုတ်ကြ၏။ ဤသို့ အာရိယန်တို့ စဉ်းစားဉာဏ် ရင့်သန်၍ လာရာ ဘီ၊ စီ ၆ ရာစု အတွင်းတွင် အိန္ဒိယနိုင်ငံနှင့်တကွ အာရှတိုက်ကြီးကို ပြုပြင်ပြောင်းလဲမည့် ဂေါတမ မြတ်စွာဘုရားသည် ပွင့်တော်မူလာ၏။

ဂေါတမမြတ်စွာဘုရား။ (ဘီ၊စီ ၆ ရာစု)။ ။ယခုအခါ ဗင်္ဂလားမြောက်ဖက် နီပေါနယ်စပ် ရှေးသက္ကတိုင်း ကပိလဝတ်ပြည်တွင် ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူမည့် အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူလေသည်။ သိဒ္ဓတ္ထမင်းသားသည် သကျသာကီဝင်မင်းမျိုး ဖြစ်သဖြင့် ဇာတ်အားဖြင့် မြင့်မြတ်ပေသည်။



ဗုဒ္ဓမြတ်စွာပွင့်တော်မူရာဒေသ။ (ဗုဒ္ဓဂယာ)

ငယ်စဉ်ကစ၍ အသက် ၂၉ နှစ်အရွယ်အထိ ထီးနန်းစည်းစိမ်ကို စံစားပြီးသည့်နောက် တရားသံဝေဂရသောကြောင့် တောထွက်တော်မူ၏။ ခြောက်နှစ်ပတ်လုံး ရှေးဟိန္ဒူရသေ့ကြီးများ ကျင့်သောအကျင့်များကို ကျင့်၏။ လူသာမန်တို့ ကျင့်နိုင်ခဲသော အကျင့်အမျိုးမျိုးကိုလည်း ကျင့်၏။ နောက်ဆုံး၌ ရှေးဟိန္ဒူ ရသေ့ကြီးများ ကျင့်သော အကျင့်သည် နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းအကျင့်မဟုတ်ဟု ကိုယ်တော်တိုင် သိမြင်လာ၍ ထပ်မံရှာဖွေကျင့်ကြံရာ ဘုရားအဖြစ်ကို ရလေ၏။ ဘုရားဖြစ်သည့် နေ့မှစ၍ အိန္ဒိယနိုင်ငံ တဝှန်းလုံးသို့ လှည့်လည်ကြွချီကာ တရားဟော၏။ ဆုံးမသွန်သင်၏။ လောကီလောကုတ္တရာ တရားများကို ရှင်းလင်းပြသညွှန်ကြား၏။ သက်တော် (၈၀) ပြည့်သောအခါ ကုသိနာရုံပြည်၌ပရိနိဗ္ဗာန် စံယူတော်မူလေသည်။

ဂျိန်းအယူဝါဒ[၁]။ ။မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဟိန္ဒူဘို့အနက် မြတ်စွာဘုရား၏ တရားတော်နှင့် ဆင်တူရိုးမှား ဟောပြောသော မဟာဝီရ[၂] အမည်ရှိသော ဟိန္ဒူတဦးသည် ပေါ်ပေါက်လာ၏။ မဟာဝီရကို ဝေသာလီပြည်အနီး ရွာကြီးတရွာ၌ ဖွားမြင်လေသည်။ မဟာဝီရသည် ဇညာတိကမင်းမျိုး ဖြစ်၏။ မဟာဝီရသည် အသက် (၃၀) အရွယ်၌ မြတ်စွာဘုရားကဲ့သို့ပင် တောထွက်၍ ရသေ့ပြု၏။ အသက် (၄၂) နှစ်အရွယ်၌ ဇိနဟူသော ဘွဲ့ကို ခံယူကာ ဂျိန်းအယူဝါဒကို တည်ထောင်လေသည်။ ထိုဂျိန်းအယူဝါဒကို ထူထောင်သည့်နေ့မှစ၍ မြတ်စွာဘုရားကဲ့သို့ပင် တရားလှည့်လည် ဟောပြောပေသည်။ သက်တော် (၇၂) နှစ်ရှိသော အခါ ပျံလွန်တော်မူလေသည်။

---

၁ *Jainism* ၂ *Mahavira*

ဗုဒ္ဓသာသနာနှင့် ဂျိန်းအယူဝါဒ။ ။ဗုဒ္ဓသာသနာနှင့် ဂျိန်းအယူဝါဒ နှစ်ခုစလုံးပင် အာရိယန်တို့၏ အခြေအနေကို ပြောင်းလဲစေ၏။ ဗုဒ္ဓသာသနာနှင့် ဂျိန်းအယူဝါဒ နှစ်ခုစလုံးပင် သံသရာ၌ ကောင်းမှု မကောင်းမှုများသာ လူတဦးတယောက်ကို ကောင်းကျိုး၊ ဆိုးပြစ်ကို ပေးနိုင်သည်ဟု ဟောကြား၏။ "မည်သူမပြု-မိမိမှု" ဆိုသကဲ့သို့ လူဘဦးတယောက်ကို ဒေဝများသည် မကူညီနိုင်၊ မိမိကောင်းမှု၊ မကောင်းမှုများသာမိမိကို ပြုပြင်သည်ဟု ညွှန်ကြား၏။ လူအချင်းချင်းလည်း မေတ္တာပွါးများရန် ဆုံးမ၏။ တိရစ္ဆာန် များကိုပင် သနားကြင်နာရန် တိုက်တွန်း၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်နှင့် ဂျိန်းအယူဝါဒဝင်များသည် ဇာတ်ဟူသော လူအတန်းအစားခွဲခြင်းကို ပယ်ဖျက်ကြ၏။ ယဇ်ပူဇော်ခြင်း ဖြစ်သော သူတပါး အသက်သတ်ခြင်းကိုလည်း ဖျောက်ဖျက်ကြ၏။ ဂေါတမ မြတ်စွာဘုရားသည် အိန္ဒိယနိုင်ငံ၌ ဇာတ်ပျောက်ကွယ်သွားစိမ့်သောငှါ သံဃာအဖွဲ့ကို ဖွဲ့စည်းတော်မူလေသည်။ ဘုရား၏ တပည့်သား သံဃာတော်များသည် ဇာတ်မရွေး၊လူမျိုးမရွေး၊ ညီတူညီမျှ အခွင့်အရေးကို ရကြသည်။ သို့သော် သံဃာ ဖြစ်လိုသူများသည် အများ၏ ကြည်ညိုခြင်းကိုခံရလေအောင် ဣန္ဒြေသိက္ခာစောင့်စည်းထိန်းသိမ်းရလေသည်။ကျင့်ကြံရလေသည်။ ဗုဒ္ဓသာသနာတွင် မိန်းမများပင် ဘိက္ခုနီအဖြစ်ကို ရနိုင်ပေသည်။ ဂျိန်းအယူဝါဒ၌လည်း ဗုဒ္ဓသာသနာကဲ့သို့ သံဃာအဖွဲ့များ ရှိလေသည်။ ဂျိန်းအယူဝါဒ၏ ထူးခြားချက်ဘရပ်သည် အကျင့်လွန်ခြင်းပင် ဖြစ်သည်။ ဂျိန်း အယူဝါဒဝင်များသည် အဝတ် မဝတ်ချေ။ ခင်မင် တွယ်တာ ဇရာဟူသမျှကို စွန့်ကြသည်။ ဤသို့ အကျင့်လွန်ခြင်းကြောင့် ဂျိန်းအယူဝါဒသည်အိန္ဒိယ နိုင်ငံတွင်း၌သာ ပြန့်၏။ နိုင်ငံပသို့ မပြန့်ပွါးချေ။ ဗုဒ္ဓသာသနာမူ အိန္ဒိယနိုင်ငံတွင်း၌ ညှိုးမှိန်သွားသော်



ဂျိန်းဘာသာဝင်တို့၏ ဘုရားရှိခိုးကျောင်း

လည်း အာရှတိုက်တခွင်တပြင်သို့ ပြန့်ပွါး၍ ထွန်းကားနေလေသည်။

ဗုဒ္ဓသာသနာပြန့်ပွါးခြင်း။ ။ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် သုံးလခန့်ကြာသောအခါ အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားသခင်၏ သာသနာတော်ကို အရှည်သဖြင့် မမေ့မပျောက် တည်တံ့စိမ့်သောငှါ သံဃာတော် ငါးရာကိုပင့်ဖိတ်ကာ ရာဇဂြိုဟ်ပြည်၌ ပဌမသင်္ဂါယနာ တင်လေသည်။ ထိုသင်္ဂါယနာ တင်သောအခါ၌ သံဃာတော်တို့သည် မြတ်စွာဘုရားဟောကြားခဲ့သော တရားများကို သုတ် ဝိနည်း အဘိဓမ္မာဟူ၍ သုံးမျိုး ခွဲခြားကာ ရွတ်ဖတ်ကြကုန်၏။ သုတ်ဝိနည်း အဘိဓမ္မာကို ပိဋကတ် သုံးပုံဟု ခေါ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် နှစ်ပေါင်း ၁၀၀ ကြာသောအခါ ဘီ၊ စီ ၅ ရာစု၌ ဗုဒ္ဓသာသနာတော်တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားများ၌ အယူအဆကွဲလွဲကြပြန်၏။ ထို့ကြောင့် ကာလာသောကမင်းကြီးသည် သံဃာတော် ခုနစ်ရာကိုပင့်ဖိတ်ကာ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာကို တင်၏။ သံဃာတော်တို့လည်း တရားတော် အယူအဆ ချွတ်ချော်သော အချက်အလက်များကို ညှိနှိုင်း တိုက်ဆိုင်ကြ၏။

ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံရှိ သာသနာများအနက်ကိုးကွယ်သူအများဆုံးသောသာသနာကြီးဖြစ်လာ၏။ အိန္ဒိယနိုင်ငံ တဝှန်းလုံးသို့လည်း ပြန့်ပွါးသွားလေသည်။ ဘီ၊ စီ ၃ ရာစုသို့ရောက်လတ်သော် သီရိဓမ္မာ သောကမင်းကြီးသည် ဗုဒ္ဓသာသနာ၌ အလွန်သက်ဝင်ယုံကြည်သောကြောင့် အိန္ဒိယနိုင်ငံမှအပနိုင်ငံခြားများသို့ သံဃာတော်များကို သာသနာပြုရန် စေလွှတ်၏။

သာသနာပြု သံဃာတော်များကြောင့် ဗုဒ္ဓသာသနာသည် အနောက်သို့ အီဂျစ်နိုင်ငံ ဂရိကျွန်းဆွယ်နှင့် အာရှမိုင်းနားစသော ဒေသများအထိပြန့်ပွါး၏။ အိန္ဒိယတောင်ဖက်တွင်သီဟိုဠ်ကျွန်းရောက်အောင် ပြန့်၏။ အရှေ့သို့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်နှင့် အာရှအရှေ့တောင်ဖက် ကျွန်းစုများသို့ ရောက်ရှိ၏။ သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာကိုလည်းတင်ပေသည်။ ဗုဒ္ဓသာသနာသည် ထိုအချိန်၌ ရှေးကထက် ပိုမိုထွန်းတောက်လာပေသည်။

သီရိဓမ္မာသောကမင်းကြီး နတ်ပြည်စံပြီးသည့်နောက် အာရှတိုက် အလယ်ပိုင်းမှ ဆီသီယန်[၃]တို့သည် အိန္ဒိယနိုင်ငံတွင်းသို့ ချင်းနင်း ဝင်ရောက်ကာ နေထိုင်ကြ၏။ ဂင်္ဂါမြစ်ဝှမ်းသို့ ရောက်ရှိနေထိုင်ကြသောအခါ ဆီသီယန်တို့သည် ဗုဒ္ဓသာသနာဝင်များ ဖြစ်သွားကြ၏။ ဆီသီယန်တို့ ဂင်္ဂါမြစ်ဝှမ်းသို့မရောက်မီ ဂင်္ဂါမြစ်ဝှမ်းသို့ လာရောက်တိုက်ခိုက်သော ဂရိဘုရင် မိလိန္ဒသည်လည်း ဗုဒ္ဓသာသနာဝင် ဖြစ်သွားပေ၏။ဆီသီယန်မင်းများ အနက် ကနိသျှက[၄]ဘုရင်သည် အေ၊ ဒီ (၂ရာစု)တွင် ဗုဒ္ဓသာသနာကို လွန်စွာ ပြုစုပေသည်။ ထိုမင်းလက်ထက်၌ ဗုဒ္ဓသာသနာတော်တွင် အယူအဆ ချွတ်ချော်ကွဲလွဲကြပြန်၏။ မဟာယာနဂိုဏ်း၊ ဟီနယာနဂိုဏ်း ဟူ၍ ဂိုဏ်းကြီးနှစ်ခု ပေါ်ထွက်လာ၏။ ထို့ကြောင့် ကနိသျှက ဘုရင်သည် သင်္ဂါယနာကို တင်ရပြန်လေသည်။ ချွတ်ချော်တိမ်းပါးသော သာသနာ့အချက်အလက်များကို သံဃာတော်များသည် ညှိနှိုင်းတိုက်ဆိုင်ကြ၏။ မဟာယာနဂိုဏ်းသည် ကနိသျှကဘုရင် အုပ်စိုးသော အိန္ဒိယအနောက်မြောက်ပိုင်းမှ အာရှတိုက် အလယ်ပိုင်းသို့ ပြန့်သွား၏။ အာရှတိုက် အလယ်ပိုင်းမှ တရုပ်နိုင်ငံ၊ ကိုးရီးယား၊ဂျပန် နိုင်ငံများသို့ တစတစ ပြန့်ပွါးထွန်းကားသွားပေသည်။

---

၃ *The Scythians*

၄ *King Kanishka*

ဗုဒ္ဓစာပေ။ ။ဗုဒ္ဓသာသနာသည် အာရှတိုက်တခုလုံးသို့ ပြန့်ပွါးခြင်း၏ အကြောင်းရင်းမှာ သံဃာတော်များနှင့် သာသနာ့ကျမ်းဂန်များကြောင့် ဖြစ်သည်။ မြတ်စွာဘုရားသည် သုတ်၊ဝိနည်း၊အဘိဓမ္မာဟူ၍ ပိဋကတ်သုံးပုံသာ ထားရှိခဲ့သော်လည်း သံဃာတော်များနှင့် ကျမ်းဂန်တတ် ဗုဒ္ဓသာသနာဝင်များသည် မြတ်စွာဘုရား၏ တရားတော်များကို လူတိုင်း နားလည်လိုက်နာ ကျင့်ဆောင်နိုင်ရန် အဆစ်အပိုင်း ခွဲခြားရှင်းလင်းကာ ကျမ်းဂန်အစောင်စောင်ကို ရေးသားကြပေသည်။ မြတ်စွာဘုရား ဟောကြား ဆုံးမခဲ့သော တရားများသည် လူတို့ကို လောကီ၊ လောကုတ္တရာအကျိုး နှစ်ပါးစလုံး အတွက် စိတ်ထားဖြူစင်စွာဖြင့် ကျင့်ကြံနေထိုင်စေရန် ဆုံးမခဲ့သော တရားများ ဖြစ်ပေသည်။ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း တရားများအပြင် လူတို့အတွက် မြတ်စွာဘုရားသည်ကျင့်ဝတ်အမျိုးမျိုးကို သွန်သင်ခဲ့ပေသည်။ သာမန်ဗုဒ္ဓ သာသနာဝင်တဦးသည် မရှိဆင်းရဲသူတို့အား ပေးကမ်းစွန့်ကြဲရာ၏။ သူ့အသက်ကို မသတ်ရ၊ သူ့ဥစ္စာကို မခိုးရ၊ သူ့သားမယားကို မပြစ်မှားရ၊ လိမ်လည်မပြောရ၊ သေရည်သေရက် မသောက်ရ ဟူသော ငါးပါးသီလနှင့် ရှစ်ပါးသီလတို့ကို စောင့်ထိန်းရာ၏။ သားသမီးများသည် မိဘများကို ရိုသေရာ၏။ လုပ်ကျွေးရာ၏။ စောင့်ရှောက်ရာ၏။ မိဘများလည်း သားသမီးတို့ကို ငယ်စဉ်ကစ၍ ကောင်းကျိုးဖြစ်ထွန်းအောင် ညွှန်ကြားရာ၏။ ပညာသင်ပေးရာ၏။ ဤသို့ မိဘဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ ဆရာ့ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ သခင့်ဝတ်၊ ကျွန့်ဝတ်၊ မိတ်ဆွေဝတ် စသည်ဖြင့် ဗုဒ္ဓစာပေတွင် ဝတ်တရား အမျိုးမျိုးကို မြတ်စွာဘုရားသည် ညွှန်ပြခဲ့ပေသည်။ လူအချင်းချင်း ချစ်ခင်ကြင်နာမှု စောင့်ရှောက်မှု တရားများကိုလည်း ဟောကြားခဲ့ပေ၏။ ရန်နှင့် အမျက် တို့ကိုပင် မေတ္တာ

တရား၊သည်းခံခြင်း တရားတို့ဖြင့် အေးငြိမ်းစေအပ်သည်ဟု ဆုံးမခဲ့၏။

ဗုဒ္ဓသာသနာကြောင့် တိုးတက်လာသော ကျောက်ဆစ်နှင့် ဗိသုကာအတတ်။ ။ဗုဒ္ဓသာသနာထွန်းပေါ်လာသောအခါ ကျောက်ဆစ်နှင့် ဗိသုကာ အတတ်သည် အိန္ဒိယတွင် တိုးတက်လာသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးစအခါ၌ ဗုဒ္ဓသာသနာဝင်မင်းနှင့်တကွ နိုင်ငံသားတို့သည် မြတ်စွာဘုရား၏ ခြေတော်ရာများကို ပြုလုပ်ကာ ကိုးကွယ်ကြ၏။ သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်သို့ ရောက်သောအခါမှ ဗုဒ္ဓသာသနာနှင့် စပ်လျဉ်းသော အဆောက် အအုံများသည် ထွန်းကား တိုးတက်လာ၏။ သီရိဓမ္မာသောကမင်းကြီးသည် ကြီးကျယ်ခမ်းနားသော ထူပါရုံ စေတီတော်ကြီးများကို ဆောက်လုပ် လှူဒါန်း၏။ ထူပါရုံကြီးများကိုလည်း ဝင်းကြီးများဖြင့် ခတ်ကာ မုတ်လေးမုတ်ဖြင့် တန်ဆာဆင်၏။ မုတ်ဦးတွင် မြတ်စွာဘုရား၏ အဖြစ်အပျက်များကို ရုပ်လုံးကလေးများဖြင့် ထုထွင်းခြယ်လှယ်၏။ ထူပါရုံကြီးများကို ကျောက်သားပကတိဖြင့် ဆောက်လုပ်ရာ အိန္ဒိယနိုင်ငံသားတို့သည် ဗိသုကာအတတ်၌ တိုးတက်လာ၏။ ထူပါရုံများအပြင် သီရိဓမ္မာသောကမင်းကြီးသည် ကျောက်စာတိုင်များကို စိုက်ထိုး၏။ ကျောက်စာတိုင်များ၏ တိုင်ဖူးတွင်လည်း ခြင်္သေ့ရုပ်၊ဆင်ရုပ် မြင်းရုပ်များဖြင့် တန်ဆာဆင်၏။ ထိုခြင်္သေ့ရုပ်၊ ဆင်ရုပ်များကို ထုလုပ်သော ကျောက်ဆစ်ဆရာတို့၏လက်ရာကိုယခုခေတ်ကမ္ဘာကျော်ကျောက်ဆစ်ဆရာကြီးများကပင် အံ့သြချီးမွမ်းကြရသည်။ သီရိဓမ္မာသောကမင်းကြီးသည် ကျောက်တောင်များကို ထွင်းကာ လိုဏ်ဂူများပြုလျက် ရဟန်းသံဃာများကို လှူဒါန်း၏။ ကျောက်လိုဏ်ဂူများ၊

သီရိဓမ္မာသောကမင်းကြီး၏ကျောက်တိုင်အထွတ်

ကြာမှောက်နှင့် ခြသေ့် လေးစီးကြားတွင်ရှိသောလှည်းဘီး သဏ္ဌာန်ဓမ္မစကြာပုံသည် သီရိဓမ္မာသောကမင်းကြီး၏ အောင်လံတော်တံဆိပ်ဖြစ်သည်။

အတွင်း၌လည်း မြတ်စွာဘုရား၏ ဖြစ်တော်ပေါင်းများကို ရုပ်လုံးများ ထုထွင်းကာ တန်ဆာဆင်၏။ လိုဏ်ဂူများသည် နေရာဒေသကိုလိုက်၍ အရွယ်အစား အမျိုးမျိုး ဖြစ်လေသည်။ အချို့ လိုဏ်ဂူကြီးများသည် အလွန် ကြီးကျယ် ခမ်းနားပေသည်။ ဤသို့ ဗုဒ္ဓသာသနာနှင့် စပ်လျဉ်းသော ထူပါရုံ၊ကျောက်စာတိုင်၊လိုဏ်ဂူကြီး၊တန်ဆောင်း၊ကျောင်းကြီးများ အနှံ့အပြား ထွန်းကားသော်လည်း အိန္ဒိယနိုင်ငံသားတို့သည် မြတ်စွာဘုရား၏ ရုပ်တုတော်ကို ထုလုပ်ကိုးကွယ်ခြင်း မပြုကြသေးချေ။ ဆီသီယန်တို့ အိန္ဒိယ အနောက်မြောက်ပိုင်းကို ချင်းနင်းဝင်ရောက်နေထိုင်သော အခါမှ ရုပ်တုတော်များကို ထုလုပ်ကိုးကွယ်သော အလေ့သည် ပေါ်ပေါက်လာ၏။ ကနိသျှကဘုရင် လက်ထက်၌ မြတ်စွာဘုရား ရုပ်တုတော်များကို အနေအထား အမျိုးမျိုး ပုံပန်းအမျိုးမျိုး ထုလုပ်ကာ ကိုးကွယ်ပေသည်။ ရှေးဂရိတို့ ထုလုပ်ကိုးကွယ်သော နတ်ရုပ်များကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်ဟန်အမူ အရာများကို အိန္ဒိယ ကျောက်ဆစ်သမား များသည် ဥာဏ်ကွန့်လျက် ထုလုပ်ကြ၏။ ထိုအခါမှ အစပြု၍ မြတ်စွာဘုရား၏ ရုပ်တုတော်များကို ထုလုပ်ကိုးကွယ်သော အလေ့သည် အာရှအလယ်ပိုင်း တရုပ်နိုင်ငံ၊ ကိုရီးယား၊ဂျပန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်း(ယိုးဒယား) နိုင်ငံတို့သို့ ပြန့်၍ သွားပေသည်။

အိန္ဒိယ၌ ဗုဒ္ဓသာသနာညှိုးနွမ်းသွားခြင်း။ ။အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာသည် သီရိဓမ္မာသောကမင်းနှင့် ကနိသျှကမင်းတို့ လက်ထက်တွင် လွန်စွာ ထွန်းလင်း ခဲ့သော်လည်း အေ၊ ဒီ ၅ ရာစုအတွင်း၌ ဟန်း[၅] တို့သည် အိန္ဒုမြစ်ဝှမ်းသို့ ချင်းနင်းဝင်ရောက် နေထိုင်ကြသောအခါ တစတစ မှေးမှိန်လာလေ၏။ စေတီပုထိုးများကိုလည်း

၅ *The Huns*

ဗုဒ္ဓသာသနာဝင်တို့၏ ရွှေငွေ ရတနာများကို သိမ်းဆည်း သိုမှီးထား ရာ နေရာများဟူ၍ ဖောက်ယူကြ၏။ သံဃာတော်များကိုလည်း သတ်ဖြတ်ကြ၏။ သံဃာတော်များ ပျံလွန်တော်မူခြင်းကြောင့် ဗုဒ္ဓသာသနာသည် ဆုံးမသင်ကြားမည့်သူများကင်းကာ ပျက်ပြား ချွတ်ယွင်းလာ၏။ ဗုဒ္ဓသာသနာဝင်များပင်တရားတော်များကို အ ယူအဆ လွဲချော်ကြကုန်၏။ တန်ခိုးကြီးသော မင်းများလည်း သာ သနာတော်ကို မချီးပင့်တော့ချေ။ဟိန္ဒူ အယူဝါဒကို ကိုးကွယ်ကြ ၏။ အသေးအသားတို့ဖြင့် ယဇ်ပူဇော်ကြပြန်၏။ ဤသို့ ဗုဒ္ဓသာ သနာသည် တရွေ့ရွေ့ မှိန်လာရာအော၊ ဒီ ၁၁၉၇ ခုဌ် မွတ်စလင်တို့ သည် အိန္ဒိယနိုင်ငံတွင်းသို့ ချင်းနင်းဝင်ရောက်ကာ အစ္စလာမ် သာ သနာကို ဖြန့်ကြသည့် အချိန်မှစ၍ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံ၌ လုံးဝကွယ်လုမတတ် ရှိနေလေ၏။ အိန္ဒိယနိုင်ငံမှအပ အာရှတိုက် တခွင်တပြင်၌သာ ယနေ့တိုင်အောင် ဗုဒ္ဓသာသနာသည် ထွန်းကား ပွင့်လင်းပေသည်။

လောကုတ္တရာစာပေမှအပ အခြားစာပေများ။ ။ဘီစီ ၆ ရာစု တွင် လောကုတ္တရာစာပေမှအပ သက္ကဋဘာသာဖြင့် သီဆိုကြသော ကဗျာလင်္ကာတို့လည်း ထွန်းကားပေသည်။ ထိုကဗျာလင်္ကာတို့ အနက် ရာမာယဏ နှင့် မဟာဘာရတတို့သည် ထင်ရှားကျော်စော ပေသည်။ ကဗျာနှစ်ခုစလုံးကို ဣတိဟာသကျမ်းဟု ခေါ်၏။ရာမာ ယဏဘွင် အာရိယန်တို့သည် မိဘစကားကို တသွေမတိမ်း နား ထောင်ပုံ၊ မိန်းမများသည် သစ္စာကဘိတည်ပုံ၊လင့်ဝတ်တရားများ ကို ပြည့်စုံကျေပြွန်အောင် စောင့်စည်းပုံကို ရာမမင်းသားနှင့် သီတာမင်းသမီးတို့ကို စံတင်ကာ ဖွဲ့နွဲ့ထားပေသည်။ ထို့အပြင် အာရိယန်တို့သည် ဂင်္ဂါမြစ်ဝှမ်းမှ အိန္ဒိယတောင်ပိုင်း နိုင်ငံများနှင့်

လက်ာဒီပကျွန်းသို့ ရောက်သွားပုံ အဖြစ်အပျက်များကိုလည်း စပ်ဆိုထား၏။ မဟာဘာရတဘွင် အာရိယန်တို့သည် တိုင်းကြီး (၁၆) တိုင်း တည်ထောင်ပြီးသည့်နောက် တတိုင်းနှင့်တတိုင်း စစ်ခင်းကြပုံ၊ ဘုရင်မင်းမြတ်များသည် ယောကျ်ားပီသစွာ စွန့်စွန့်စားစား တိုက်ခိုက်ကြပုံ၊ အတီးအမှုတ် အက အခုန်မှစ၍ အနုအယဉ် ပညာများကိုအားပေးပုံတို့ကို အကျယ်တဝင့် ဖွဲ့နွဲ့ထား၏။ မဟာဘာရတကို မင်းနှင့်တကွ နိုင်ငံသူ နိုင်ငံသားများသည် အလွန်နှစ်သက်သောကြောင့် နှောင်းခေတ်များ၌ ဆက်ခံသော ဘုရင်များသည် ထပ်မံဖြည့်စွက်ကြရာ အေ၊ ဒီ ၄ ရာစုခန့် ကျမှပင် အဆုံးသတ်ပေတော့သည်။ ကမ္ဘာပေါ်ရှိ ကဗျာလင်္ကာများအနက် မဟာဘာရတသည် အရှည်ဆုံးသော ကဗျာဖြစ်ပေသည်။

နယ်သစ်စိုက်ထူခြင်း။ ။ဘီ၊ စီ ၆ ရာစုမှစ၍ အိန္ဒိယနိုင်ငံ၌ သာသနာရေးနှင့် ပညာရေးတွင် ထင်ထင်လင်းလင်း တိုးတက်လာသည်နှင့် အမျှ မင်းနှင့်တကွ နိုင်ငံသူ နိုင်ငံသားတို့သည် နိုင်ငံကျယ်ပြန့်စေရန် စည်းလုံးပူးပေါင်းရေး စီးပွါးဖွံ့ဖြိုးရေး၊ နိုင်ငံတွင်း နိုင်ငံပ ကုန်စည်ကူးသန်းရေးတို့၌လည်း ကြိုးပမ်းကြသောကြောင့် အိန္ဒိယနိုင်ငံတို့သည် တိုးတက်ထွန်းကားလာ၏။ အာရိယန်တို့သည် ဂင်္ဂါမြစ်ဝှမ်းမှ တစတစ တောင်ဖက်သို့ နယ်ချဲ့လေရာ ဘီ၊ စီ ၃ ရာစုတွင် သီဟိုဠ်ကျွန်း၌ နယ်သစ်များကို စိုက်ထူမိကြလေ၏။ ထိုအချိန်၌ပင် ဟိန္ဒူသည် မြန်မာနိုင်ငံနှင့် ထိုင်း(ယိုးဒယား) နိုင်ငံများသို့ ရောက်ကြ၏။ အေ၊ ဒီ ၂ ရာစုခန့်တွင် အာရှအရှေ့တောင်ဖက် ကျွန်းစုများသို့ ဟိန္ဒူတို့သည် ရောက်ကြ၍ နယ်သစ်များကို စိုက်ထူကြလေသည်။

အခန်း ၁၀

အီရန်လူမျိုး[၁]

အီရန်ကုန်းမြေမြင့်[၂]။ ။အာရိယန်တို့သည် အာရှတိုက် အနောက်တောင်ယွန်းမှ တဖြေးဖြေး အိန္ဒိယမြစ်ဝှမ်းနှင့် အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြောင်းကိုဖော်ပြခဲ့ပြီးပေပြီ။ထိုအာရိယန်လူမျိုးမှ တစုသည် ကော့ကေးရှတောင်တန်းကြီး၏ တောင်ဖက်သို့ သက်ဆင်းကာ အီရန်ကုန်းမြေမြင့်၌ နေထိုင်ကြ၏။ဒုတိယဘေဘီလုံနိုင်ငံ ကောင်းစားသော အချိန်၌ အီရန် ကုန်းမြေမြင့်တွင် နေထိုင်ကြသော အာရိယန်တို့သည် သိုးထိန်း၊ ဆိတ်ထိန်း အဖြစ်ဖြင့် အသက်မွေးကြတုန်းပင် ဖြစ်၏။ မြစ်နှစ်မြွာ၏ အရှေ့ဖက်၌ နေထိုင်ကြသော အာရိယန်တို့ကို " မီးဒီး "[၃] ဟု ခေါ်၏။ မီးဒီးတို့၏ တောင်ဖက်တွင် နေထိုင်သော လူမျိုးသည် အီရန် (ပါရှား) လူမျိုးဟု အမည်တွင်လေသည်။ မီးဒီးတို့သည် အီရန်ကုန်းမြေမြင့်သို့ ရှေးဦးစွာ ရောက်ပြီးလျှင် အနီးအနား၌ တိုးတက်ထွန်းကားနေသော အဆီရီယားလူမျိုး ဘေဘီလုံနိုင်ငံမှ လူမျိုးများနှင့် ပေါင်းသင်းဆက်ဆံရောင်းဝယ်ဖောက်ကားကြသောကြောင့် အတော်အတန် ယဉ်ကျေးလာကြ၏။ မီးဒီးလူမျိုးတို့ နောက်မှရောက်လာသော အီရန် (ပါရှား) တို့သည် မီးဒီးတို့နှင့် တွေ့ကြသောအခါ စကား အပြော အဆိုချင်းလည်းတူ၊အနေအထိုင်ချင်းလည်း တူသောကြောင့် မီးဒီး

---

၁ *The Iranians*

၂ *The Iran plateau*

၃ *The Medes*

တို့ကို အစစအရာရာ၌ ဆရာတင်ကာ အေးချမ်းစွာ လယ်ယာလုပ်ကိုင် စားသောက်ကြ၏။

အီရန်လူမျိုး။ ။အီရန်တို့သည် မီးဒီးတို့ထံမရောက်မီ တောတောင်အသပ်ထပ်ကို ဖြတ်ကျော်နေထိုင်ခဲ့ကြဘူးရာ ကိုယ်လုံးကိုယ်ထည် တောင့်တင်း ကြံ့ခိုင်၏။ ယောကျာ်းမိန်းမ၊ကလေးမကျန် အလွန်ကျန်းမာကြ၏။ အလုပ်ကြမ်းကို လုပ်နိုင်ကြ၏။ လွတ်လပ်စွာသွားလာလုပ်ကိုင်ကြသဖြင့် လျင်မြန်ဖျတ်လတ်၏။သန့်ရှင်းသောလေကို ရှူရှိုက်ကြရ၍ နေပူမရှောင် မိုးရွာမရှောင် သွက်သွက်လက်လက်လုပ်ငန်းဆောင်တာများကို ဖိဖိစီးစီး ပြုလုပ်ကြရသောကြောင့် အားခွန်ဗလနှင့် လွန်စွာ ပြည့်စုံကြ၏။ ဇွဲသတ္တိလည်း ရှိကြ၏။ ကလေးများကို ငယ်စဉ်ကပင် မိဘတို့သည် ခွန်အားဗလနှင့် ဇွဲသတ္တိပြည့်စုံအောင် လေ့ကျင့်ပေးကြ၏။ ကိုယ်ကာယ ဖွံ့ဖြိုး သန်စွမ်းခြင်းသည် လူမျိုး၏ တိုးတက်ထွန်းကားရန် အခြေအမြစ်ဖြစ်ရာ အီရန်တို့သည် အနှစ်အစိတ်အတွင်းတွင် မီးဒီးတို့၏ လက်အောက်ခံဘဝမှ လွတ်မြောက်၍ မီးဒီးတို့ကို အမျိုးပါ မျိုနိုင်အောင် စွမ်းဆောင်နိုင်ကြ၏။ ကျယ်ပြန့်သော နိုင်ငံကြီးကိုလည်း ထူထောင်နိုင်ကြပေသည်။

ဇိုရိုအက်စတား။ ။[၄]ဘီစီ ၆ ရာစုလောက်က အီရန်လူမျိုးတွင် ဇိုရိုအက်စတား အမည်ရှိသော ပညာရှိကြီးတဦး ပေါ်ပေါက်ခဲ့၏။ (ဘီ၊ စီ ၁,၀၀၀ ခန့်က ပေါ်ထွန်းသည်ဟုလည်း အဆိုရှိသည်။) ထိုပညာရှိကြီးသည် အီရန်တို့အား လောကတွင် ကောင်းသောနတ်၊ ဆိုးသောနတ်ဟူ၍ နှစ်ပါးရှိကြောင်းကို ဟောပြော၏။ လူတဦး၏

၄ *Zoroaster*



ဇိုရိုအက်စတား-၏
ကျောက်ဂူသင်္ချိုင်း။

စိတ်ထား သဘောထား ကောင်းမွန်စေရန် နတ်ကောင်းက တိုက်တွန်း၏။ စိတ်သဘောထား ယုတ်မာစေရန် နတ်ဆိုးက နှိုးဆော်သည်ဟု သွန်သင်၏။ လောက၌ လူပရှုချင်ဘွယ်သော အရာများကို ကောင်းသောနတ်သည် ဖန်ဆင်း၏။ ထိုဖန်ဆင်းလေသမျှကို မကောင်းသော နတ်သည် အမြဲလိုက်လံ ဖျက်ဆီး၏။ မိုးခေါင်ခြင်း၊ ဘေးဒုက္ခအပေါင်း ဆိုက်ရောက်ခြင်း အဆိပ်ပြင်းထန်သော ပိုးမွှား တိရစ္ဆာန်နှင့် ဆူးခြောင့်ခလုတ်ပေါ်များခြင်းသည် မကောင်းသော နတ်၏ လက်ချက်ဟု ယူဆ၏။ ဇိုရိုအက်စတားသည် အီရန်တို့အား ထိုမကောင်းသောနတ် ဖန်ဆင်းအပ်သော ရက်စက်ကြမ်းကြုတ်သည့် တိရစ္ဆာန်များနှင့် လူများကိုပါ နှိမ်နင်းရန် ညွှန်ကြားလေသည်။ လူကြီးလူငယ်မရွေး ကောင်းသောနတ်၏အကြိုက်ဖြစ်သော မှန်ကန်သောစကားကိုသာ ဆိုစေရန်တိုက်တွန်း၏။ လိမ်လည်ပြောဆိုခြင်း မပြုရန် တားမြစ်၏။ ထို့ကြောင့် အီရန်တို့သည် လူတိုင်းပင် ကျွန်ုပ်သည် မှန်ကန်စွာ ပြောဆိုပါ၏။စိတ်ထား ယုတ်မာခြင်း မရှိပါဟု ဝန်ခံလေ့ရှိ၏။ ကလေးများကို ငယ်စဉ်ကပင်စ၍ လေးအတတ်၊ မြင်းစီးအတတ်တို့၌ ကျွမ်းကျင်အောင် သင်ထားရုံမျှမက လိမ်လည်ပြောဆိုခြင်း စိတ်ယုတ်မာမှုခြင်းကို တားမြစ်လေသည်။လောက၌ အကောင်းနှင့်အဆိုး ယှဉ်တွဲကာ ရှိသော်လည်း တနေ့တွင် အကောင်းသည် အဆိုးကို နိုင်စမြဲဖြစ်သည်ဟု အီရန်တိုင်း ယုံကြည်ကြ၏။ အကောင်းနှင့်အဆိုးကို လူတိုင်းနားလည်နိုင်ရန် ဇိုရိုအက်စတားသည် အလင်းနှင့် အမှောင်ကို ဥပမာပြု၏။ အကောင်းကို အမြဲသတိရစေခြင်းငှါ မီးကိုအထိမ်းအမှတ်အဖြစ်ထား၏။အီရန်တို့ ကြီးပွါးလာသောအခါ မြင့်မားသော တောင်ကြီးများ၏ ထိပ်ဖျားတွင် မီးစွယ်မီးလျှံတို့ တလူလူတက်နေအောင် မီးဖိုကြီးများ ဖိုထားကြသည်။ အဘလက်ထက်မှသားလက်ထက်၊ မြေးလက်ထက်၊


မီးပူဇော်ရာကျောက်စင်မြင့်များ

မြစ်လက်ထက်တိုင် ရောက်အောင် ထိုမီးများသည် မငြိမ်းစေရ၊ အမြဲဘပြောင်ပြောင် တောက်လောင်နေစေခြင်းငှါ စောင့်ရှောက်ကြသည်။ မီးကို ဂရုစိုက်သည့်အတွက် လူမျိုးခြားများက အီရန်တို့သည် မီးကို ရှိခိုးသည်ဟု အထင်လွဲကြ၏။ မဟုတ်ပေ။ မီးသည် အီရန်တို့အား တရားသဖြင့် မှန်မြတ်သောအလုပ်ဟူသမျှကို လုပ်ရန် တိုက်တွန်းသော အထိမ်းအမှတ်သာဖြစ်ပေသည်။ အီရန်တို့ အိမ်တိုင်း၌ မိသား ဖသား တစုသည် မီးလင်း၍ နံနက်စာ စားမည်ရှိသောအခါ ထမင်းစားပွဲ၌ စုဝေးပြီးလျှင် ဆုမှန်တောင်းကြ၏။ ဆုတောင်းပြီးမှသာ ထမင်းစားကြလေသည်။ စားသောက်ပြီးသောအခါ ယောကျာ်းများသည် ကိုယ်စီကိုယ်ငှ အလုပ်ရှိရာသို့ သွားကြ၏။ မိန်းမများသာ အိမ်မှုကိစ္စများ ဆောင်ရွက်ရန်နှင့် အဝတ်အထည်များကို ရက်ရန်အိမ်၌ နေရစ်ခဲ့ကြ၏။

ဆိုင်းရပ်မင်း (ဘီစီ- ၅၅၈ - ၅၂၉)။ ။ အီရန်တို့သည် မီးဒီးလူမျိုး၏ လက်အောက်၌ စဘင်ဝင်ရောက် နေထိုင်ကြသော်လည်း တဖြည်းဖြည်း မီးဒီးလူမျိုးနှင့် တန်းတူဖြစ်လာ၏။ ပင်ကိုကပင် အီရန်တို့သည် ကာယဗလနှင့် ပြည့်စုံသန်စွမ်း၏။ လေးအတတ်၊ မြင်းစီးအတတ်တို့၌ ကျွမ်းကျင်၏။ လူတိုင်းလူတိုင်းသည် စစ်သားဖြစ်၏။ အမျိုးသားအချင်းချင်းလည်း လိမ်လည် ကောက်ကျစ်ခြင်းမရှိ၊ တရားသဖြင့် မှန်ကန်စွာ ဆက်ဆံပေါင်းသင်းကြသောကြောင့် ညီညွတ်သော လူမျိုးဖြစ်၏။ လူကြီးမိဘတို့၏ သြဇာကို တသွေမတိမ်း လိုက်နာ ဆောင်ရွက်တတ်ကြ၏။ မဟုတ်မခံ ဇွဲသတ္တိနှင့် ပြည့်စုံ၏။ အခြားလူမျိုးများ စော်ကားခြင်းကို မခံတတ်ကြ။ မိမိတို့ကဲ့သို့ လူမျိုးတိုင်းကို ညီညွတ်စေလိုသော စိတ်ထားရှိကြ၏။



ဆိုင်းရပ်-ဘုရင်၏ ကျောက်ဂူသင်္ချိုင်း

ဆိုင်းရပ် အမည်ရှိသော မင်းသည် အီရန် တို့ကို အုပ်စိုးသော အခါ မီးဒီးလူမျိုးလည်း အာရိယန်လူမျိုး အဆက်အနွယ်များပင် ဖြစ်သည်။ ငါတို့နှင့် တသွေးတည်း ရောနှောပူးပေါင်းကာ တမျိုး တည်းဖြစ်မှ သင့်လျော်မည်ဟု တွေးတော၏။ ဆိုင်းရပ်ဘုရင်သည် စစ်အတတ်၌လည်း ကျွမ်းကျင်၍ စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံ သောကြောင့် အလွန်ကျယ်ပြန့်သော အီရန်နိုင်ငံကြီးကို တည် ထောင်နိုင်ပေသည်။ ကမ္ဘာ့သမိုင်းတွင် ထိုမင်းလက်ထက်မတိုင်မီ အီ ရန်နိုင်ငံကြီးကဲ့သို့ ကျယ်ပြန့်သောနိုင်ငံသည်မပေါ်ပေါက်သေးပေ။

ရှေးဦးစွာ ဆိုင်းရပ်မင်းသည် မီးဒီးနိုင်ငံ တခွင်တပြင်ရှိ နိုင်ငံ ကလေးများကို တနိုင်ငံတည်းဖြစ်အောင် တိုက်ခိုက်သိမ်းသွင်း၏။ စုပေါင်း၍ရရှိသော အင်အားနှင့် ချီတက်ကာ ပင်လယ်နက်နှင့် မြေ ထဲပင်လယ် အကြားရှိ အာရှမိုင်းနား အမည်တွင်သော နေရာကို အီရန်နိုင်ငံတွင်းသို့ ထည့်သွင်းပြန်၏။ အာရှမိုင်းနားလည်း သေး ငယ်သော နိုင်ငံမဟုတ်၊ အလွန်ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်၏။ သို့ပါလျက် တလုံးတစည်းတည်း တစိတ်တည်း ညီညီညွတ်ညွတ် ငွေကြီးစွာဖြင့် တိုက်ခိုက်ကြသော အီရန်တို့နှင့် ဖက်ပြိုင်၍ စစ်တိုက် ခိုက်ရသောကြောင့် အရေးနိမ့်ရလေသည်။ အာရှမိုင်းနားကို နိုင် လိုက်ခြင်းဖြင့် အီရန်တို့သည် ဥရောပတိုက် အရှေ့ဖက်စွန်းတွင် နေ ထိုင်ကြသော ဂရိလူမျိုးနှင့် ရင်ဆိုင်တွေ့ကြလေသည်။

ရှေးအဆီရီယားတို့သည် ရန်သူများကို စစ်ရထားများနှင့် တလကြမ်း တိုက်ခိုက် နှိမ်နင်းကာ အောင်မြင်သကဲ့သို့ အီရန် စစ်ရထားတပ်၊ မြင်းတပ်ကြီးများနှင့် လေးသည်ကျော်များသည် အာရှမိုင်းနားကို အောင်မြင်ကာ အီရန် နိုင်ငံတွင်းသို့ ထည့်သွင်း နိုင်ခြင်းကြောင့် ပိုမို၍ ရဲစိတ် ရဲမာန် တက်ကြွလာကြ၏။ မိမိတို့ စွမ်းရည် သတ္တိကို ပိုမို ယုံကြည်လာကြ၏။ ထိုအချိန်၌ ဒုတိယ

ဘေဘီလုံ နိုင်ငံသည် အလွန် စည်ပင် ထွန်းကားနေသော အခါ ဖြစ်၏။ နဘျူးခက်နက်ဇာ စသော မင်းများသည် စည်းစိမ် ယစ်မူးကာ ဘေဘီလုံမြို့တော်ကို အလှပြုပြင်နေကြသောအခါ ဖြစ်၏။ အာရှမိုင်းနားကို လက်နက်နိုင်ငံ ပြုပြီးသောအခါ အီရန် တပ်မတော်ကြီးသည် ဘေဘီလုံ မြို့တော်ကို ဝန်းရံလေ၏။ အီရန်လူမျိုး ဟူသော အမည်ကို ကြားရုံနှင့် ဘေဘီလုံတို့သည် ကြောက်၍ တုန်လှုပ်ကာ မြို့တံခါးများကို ဟင်းလင်း ဖွင့်ပေး၍ လက်နက်ချကာ အညံ့ခံကြ၏။ ဆိုင်းရပ်မင်းသည် ဘေဘီလုံမြို့တော်ကြီးကို လုယက်ဖျက်ဆီးခြင်း မပြုပေ။ တိုင်းသူ ပြည်သားများကို ညှာတာစွာ အုပ်စိုးလေသည်။ဘေဘီလုံ စစ်သည်တော်များ ဖမ်းဆီးယူငင်ထားသော ပါလက်စတိုင်းမှ ဟီးဗြူးတို့ကိုလည်း နေရင်း ဒေသဖြစ်သော ပါလက်စတိုင်းသို့ ပြန်လည် သွားရောက် နေထိုင်လိုက နေထိုင်နိုင်ခွင့်ကို ပေးသနားတော်မူလေသည်။ ဘေဘီလုံ မှူးကြီး မတ်ရာ သေနာပတိများကိုလည်း မနှိမ့်မချဘဲ ချီးပင့် မြှောက်စားတော်မူလေသည်။

ဒရိယပ်မင်း (ဘီ၊ စီ ၅၂၁-၄၈၅)[၆] ။ ။ဆိုင်းရပ် မင်းတရားကြီး ကံကုန် ပြီးသည့်နောက် သားတော်သည် ထီးနန်းကို ဆက်ခံ စိုးစံ၏။ ဘီ၊ စီ ၅၂၅ တွင် အီဂျစ် နိုင်ငံသို့လည်း စစ်ချီတက် တိုက်ခိုက်ကာ သိမ်းယူ ပြီးလျှင် အီရန် နိုင်ငံကြီးနှင့် ပူးပေါင်း၏။ ဤနည်းဖြင့် အီရန် နိုင်ငံကြီးသည် ခမည်းတော် လက်ထက်ကထက် ပိုမို ကျယ်ပြန့်လာ၏။ ရှေးနှစ်ပေါင်း များစွာက စ၍ တိုးတက် ကြီးပွါး ထွန်းကားခဲ့သော နိုင်ငံကြီးများကို စုပေါင်း ဖွဲ့စည်းထားသော နိုင်ငံတော် ဖြစ်လာ၏။ ဆိုင်းရပ်မင်း၏ သားတော်သည် နိုင်ငံကြီးကို

---
၆ *King Darius*

တာရှည် မအုပ်စိုးရချေ။ နှစ်ပေါင်း အနည်းငယ်ခန့် အုပ်စိုးပြီးလျှင် နတ်ရွာစံလေသည်။

ထိုမင်း နတ်ရွာစံသောအခါ ပဥ္စမ ဒရိယပ်မင်းသည် အီရန် နိုင်ငံတော်ကို ဆက်ခံ စိုးစံတော်မူ၏။ ထိုမင်း နန်းတက်တော်မူသောအခါ အီရန် နိုင်ငံတော်သည် အိန္ဒိယ နိုင်ငံ အနောက်ဖက်မှစ၍ အီဂျစ်နိုင်ငံနှင့် မြေထဲပင်လယ် အရှေ့ဖက်စွန်း ကမ်းခြေတလျှောက်ထိအောင် ကျယ်ပြန့်၏။ လူမျိုးပေါင်းစုံ နိုင်ငံ ပေါင်းစုံပါဝင်သော နိုင်ငံတော်လည်း ဖြစ်၏။ သို့ပါလျက် ဒရိယပ်ဘုရင်သည် နိုင်ငံတော်ကို ထပ်မံ ချဲ့လိုပြန်၏။ အရှေ့ဖက်တွင် အိန္ဒိယ နိုင်ငံ ကျန်နေသေး၏။ အနောက်ဖက်တွင်လည်း ဥရောပတိုက်ကို မသိမ်းပိုက်ရသေးပေ။ ထို့ကြောင့် ဒရိယပ်မင်းသည် ရှေးဦးစွာ အိန္ဒိယ နိုင်ငံတွင်းသို့ စစ်သည် ရဲမက် အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ကာ အိန္ဒုမြစ်ဝှမ်းကို သိမ်းယူ၏။ ဥရောပတိုက်သို့လည်း အကြိမ်ကြိမ် စစ်ချီ တိုက်ခိုက်လေသည်။

အီရန် မြို့တော်ကြီးသို့ သွားရာ မင်းလမ်းမကြီး၏ နံဘေးတွင် တည်ရှိသော ကျောက်တောင်ကြီး တခု၏ နံရံပေါ် တွင် ဒရိယပ်မင်းသည် မိမိ ထီးမွေ နန်းမွေကို ဆက်ခံကာ ဘိသိက် မင်္ဂလာကို ခံယူသည့် နေ့မှစ၍ ဆောင်ရွက်ခဲ့သမျှ စစ်ချီတိုက်ခဲ့သမျှ နိုင်ငံများနှင့် အောင်ပွဲ ဟူသမျှတို့ကို ကျောက်စာကြီး သုံးခု ထိုးထားလေသည်။ ကျောက်စာ သုံးခု ကိုလည်း ထိုခေတ်က နိုင်ငံကြီးတွင် မှီတင်း နေထိုင်သော လူမျိုးစုံတို့ နားလည်ကြပြောဆိုကြသည့်အီရန်ဘာသာ၊ ဆူမာဘာသာ၊ ဘေဘီလုံ ဘာသာတည်း ဟူသော ဘာသာကြီး သုံးခုဖြင့် ရေးထိုးလေသည်။ ဒရိယပ်မင်းသည် စစ်ရှုံးသော မင်း အပေါင်းတို့အား သစ္စာတော် ပေးနေသည့် ပုံကိုလည်း ကျောက်တောင်ကြီး၏ နံရံပေါ်၌ ထွင်းထားပေသည်။



— ပါရှားနိုင်ငံတော် (ဘီစီ ၅၀၀)

ဒရိယယ်မင်း လက်ထက်၌ အီရန် နိုင်ငံတော်သည် ရှေးဘိုးလောင်းတော်တို့ ပျိုးထောင်ခဲ့သော နိုင်ငံတော်ထက် ပိုမိုကြီးမားကျယ်ပြန့်၏။ ကျယ်ပြန့်သော နိုင်ငံတော်ကြီး ဖြစ်စေရန် နိုင်ငံအသီးသီးကို စစ်ချီတိုက်ခိုက် သိမ်းယူရခြင်းထက် ကျယ်ပြန့်သော နိုင်ငံတော်ကြီးကို နှစ်ပေါင်း များစွာ တည်တံ့ ခိုင်မြဲအောင် အုပ်ချုပ်နိုင်ခြင်းသည် လွန်မင်းစွာ ခက်ခဲ၏။ သို့ပါလျက် ဒရိယယ်သည် ကျယ်ပြန့်သော နိုင်ငံတော်ကို တည်ထောင်နိုင်ရုံမျှမက ထိုဖွဲ့စည်းပြီးသောနိုင်ငံတော်ကိုလည်း စည်းစနစ်ကျနစွာထိန်းသိမ်းအုပ်ချုပ်နိုင်ပေသည်။

အုပ်ချုပ်ရေး။ ။ဒရိယယ်မင်းသည် နိုင်ငံတော်ကြီးကို အုပ်ချုပ်ရာ၌ အသက်ဦးဆံပိုင် အာဏာကို သုံး၏။ ဘုရင့် နှုတ်ဖျားမှထွက်သော အမိန့်များသည် ဥပဒေများ ဖြစ်၏။ ကျယ်ပြန့်သော နိုင်ငံတော်ကြီးကို တချက်လွှတ် အမိန့်တော်ဖြင့် အုပ်စိုး၏။ ဤမျှ ပြင်းထန်သော အာဏာကို ပိုင်သော်လည်း ဒရိယယ်မင်းသည် နိုင်ငံတော်ကြီး၏ ဆူးငြောင့် သဖွယ် ဖြစ်သော သူများအပေါ် နှင့် နိုင်ငံတော်ကြီး တိုးတက် ကြီးပွါးရန် အခက်အခဲများကို ပြုပြင်ရာ၌သာသုံး၏။ နေရာတကာ၌ မသုံးပေ။ နိုင်ငံသူ နိုင်ငံသားများလည်း ဘုရင့် အမိန့်တော် အတိုင်းသာ မတွန့် မဆုတ် လိုက်နာကြ၏။ လူမျိုးစုံ အုပ်ချုပ်သော မင်းသည် လူမျိုးတိုင်း၏ ချစ်ခင်ကြည်ညိုခြင်း ကို ခံယူနိုင်ရန် အရေးကြီး၏။ ချစ်ခင် ကြည်ညိုရန်လည်း တိုင်းသူ ပြည်သားများကို လူမျိုးမရွေး သာတူ ညီမျှ အုပ်စိုးရာ၏။ တိုင်းသူပြည်သားများ ကျေနပ် နှစ်သက်လျှင် နိုင်ငံကြီးသည် ချမ်းသာယာ၍ ကြာရှည်စွာ တည်တံ့ နိုင်၏။ ဒရိယယ်မင်းသည် အုပ်ချုပ်ရာ၌ အလွန် လိမ်မာ၏။ လူမျိုးစုံတို့သည် မိမိအား

အီရန်ဘုရင် ၏
ကိုယ်ရံတော် စစ်သားများ

ကြည်ညိုစေရန် လူမျိုးတိုင်း၏ ဓလေ့ ထုံးစံ အယူဝါဒများကို မနှောင့်မယှက်ပေ။ ရှေးက ကောင်းစားခဲ့သော အီဂျစ်နိုင်ငံ၊ ဘေဘီလုံ နိုင်ငံ၊ အဆီးရီးယားနိုင်ငံတို့မှ ကောင်းနိုးရာရာ ထူးချွန်သော ယဉ်ကျေးမှုများကိုလည်း အီရန် လူမျိုးနှင့် လိုက်လျောအောင် ပြုပြင်ပြီးသော် အတုယူကာ သုံးစွဲစေ၏။ အီဂျစ် ဆေးကု အတတ်ကိုလည်း အီရန်တို့အား သင်ကြားစေ၏။ အီဂျစ် ဆေးဆရာကြီး များနှင့် ဆေးအတတ်ကို လှုန်စွာ အားပေးတော်မူသည်။ အခြား လူမျိုးတို့ထံမှလည်း မှတ်သားထိုက် နည်းယူထိုက်သော အရာဟူ သမျှကို အီရန် အသုံးအနှုန်း ဖြစ်အောင် ပြုစုတော်မူ၏။

ဆထရက်[၁](ဘုရင်)။ ။ပဌမ ဒရိယပ်မင်းသည် အသစ် တီထွင် တတ်သော ဥာဏ်နှင့်လည်း ပြည့်စုံ၏။ ဒရိယပ်မင်း လက်ထက် မတိုင်မီက အီရန် နိုင်ငံတော်ကြီးတွင် ထီးရံ နန်းရံ ဖြစ်သော လက် အောက်ခံ ပြည်ထောင်စု အမြောက်အမြား ရှိ၏။ ထိုပြည်များတွင် ကိုယ့်မင်းနှင့် ကိုယ့်ဘိုင်းပြည်ကို စိတ်တိုင်းကျ အုပ်ချုပ်ကြသည်။ အီရန် ဘုရင်များထံ တနှစ်တကြိမ် လက်ဆောင် ပဏ္ဏာနှင့် လာ ရောက် ကန်တော့လျှင် သစ္စာတော် စောင့်သိ ရှိသေသည်ဟု အီရန် ဘုရင်များက ကျေနပ်ကြ၏။ ဤသို့ လက်အောက်ခံ နိုင်ငံများနှင့် အီရန် ဘုရင်များသည် အဆက်အဆံ နည်းသည့်အတွက် ရံဖန် ရံခါ သူပုန်များသည် ထကြွတတ်လေ၏။ ဒရိယပ်မင်းသည် ရှေး စံနစ်ကို ပယ်ဖျက်ပြီးလျှင် အီရန် နိုင်ငံတခွင် တပြင်လုံးကို နယ်ကြီး များ ပိုင်းခြား သတ်မှတ်၏။တနယ်တနယ်ကို ဆထရက်ပီ ခေါ်၏။ ဆထရက်ပီ တခုကို ဘုရင်မင်းမြတ် ကိုယ်တိုင် တိုက်ရိုက် ခန့်အပ် သော ဆထရက်ခေါ် ဘုရင်ခံများက အုပ်စိုးလေသည်။ ဆထရက်

---

၁ *Satrap*

ပီ တခုလျှင် သတ်မှတ်ထားသော ဝေပုံကျ အခွန်တော်ကို ရှင်ဘုရင်ထံ ဆက်သရ၏။ ဘုရင်ခံများသည် ကျေးဇူး သစ္စာတော် စောင့်ထိန်းသည် မထိန်းသည်ကို သိရှိရန်လည်း လျှို့ဝှက်စွာ စုံစမ်း ပေသေး၏။ ဤစံနစ်ဖြင့် အိရန် နိုင်ငံတော် တခုလုံးကို ဘုရင်မင်းမြတ်သည် မိမိရရ စေ့စေ့စပ်စပ် အုပ်ချုပ်ပေသည်။

မင်းလမ်းမကြီးများ။ ။ကျယ်ပြန့်သော နိုင်ငံတော်ကို အုပ်ချုပ်ရာ၌ ခရီး အဆက်အသွယ်သည် အလွန် အရေးကြီး၏။ ဒရိယပ်မင်းသည် ရှေးဘေဘီလုံတို့၏ စာပို့ စံနစ်ကို တိုးတက် ချဲ့ထွင်ကာ မင်းလမ်းမကြီးများကို ဖောက်လုပ်၏။ အိရန် နိုင်ငံ၏ မြို့တော်မှ စ၍ အာရှမိုင်းနားအထိ ရှည်လျား ကျယ်ပြန့်၍ ဖြူးဖြောင့်သော လမ်းမကြီးများကို ဖောက်လုပ်၏။ တမြို့မှ တမြို့၊ တနယ်မှ တနယ်သို့ လမ်းကူး လမ်းမြှောင်များကိုလည်း ဖောက်၏။ တစခန်း တစခန်းတွင် မြင်းစီး စာပို့သမားများကို ချထား၏။ ဘုရင်ခံများထံသို့ ပို့သော ဘုရင်၏ အမိန့်တော် ပြန်တမ်းများနှင့် ဘုရင်ခံများထံမှ ဘုရင်ထံသို့ ပို့ဆက်သော အစီရင် ခံစာများကို မြင်းစီး စာပို့သမားများသည် တလက်မှ တလက်သို့ ပြောင်းကာ အလျင်အမြန် သယ်ယူ ပို့ဆောင် ကြလေသည်။ ဘုရင့် အမိန့်တော် စာချွန်ပါသော အရာရှိ များကိုလည်း ထိုမြင်းသည်ကျော်များသည် မနှောင့်နှေး မကြန့်ကြာစေရန် တနေရာမှ တနေရာသို့ သယ်ယူကာ လိုရာအရပ်သို့ လိုက်ပို့ကြ၏။ ဤစံနစ်ဖြင့် ဘုရင်မင်းမြတ်သည် နန်းတော်၌ နေလျက်နှင့်ပင် တိုင်းစွန် နယ်ပယ်များ၌ ဖြစ်ပျက်နေသည့် အကြောင်းများကို ရက်အနည်းငယ်အတွင်း သိရလေသည်။ အရေးကြီးသော ကိစ္စများကိုလည်း အလျင်အမြန် အရေး

ယူနိုင်၏။ နိုင်ငံတော်ကြီးတခုလုံးကို ဘုရင့်လက်တွင်း၌ ကြိုးကိုင်၍ ထားနိုင်ပေသည်။

ပါစီပိုလစ်[၁]။ ။ဒရိယပ် လက်ထက် ၌ အီရန် နိုင်ငံတော် ကြီး၏ မြို့တော်သစ်သည် ပါစီပိုလစ် ဖြစ်၏။ဘုရင်မင်းမြတ်သည် လမ်းကြီး လမ်းကျယ် များကို ဆက်သွယ် ဖောက်လုပ် သကဲ့သို့ နန်းတော် ကြီးကိုလည်း တခမ်းတနား တည်၏။ ဒရိယပ် ထူထောင်သော နိုင်ငံတော်ကြီးတွင် ရှေးအထက်ကျော် ကာရိမှ စ၍ လက်မှုပညာ တွင် ထူးချွန်သော အီဂျစ်နိုင်ငံ၊ ဘေဘီလုံ နိုင်ငံ၊ အဆီရီယား နိုင်ငံ များ ပါဝင်လေရာ လက်မှုပညာတွင် အီရန်တို့သည် ထိုနိုင်ငံများမှ ကောင်းနိုးရာရာ အဆစ် အပိုင်းများကို အီရန် အတတ် ဖြစ်အောင် ပြုပြင် ပြောင်းလဲ ချဲ့ထွင် နိုင်ကြပေသည်။ ဒရိယပ် ဘုရင်၏ နန်း တော်သည် အီဂျစ် ဘေဘီလုံ အဆီရီယားတို့၏ လက်မှုပညာများ ကို စုပေါင်း တည်ဆောက်ထားရာ အဆောက်အအုံလည်း ဖြစ်၏။ နန်းတော်ကြီးကို ကျောက်ဖြင့် တည်ဆောက်၏။ နန်းတော်ဦးတွင် ကော့ပျံနေသော အတောင်များ တပ်ထားသည့် ကျောက်နွားလား ဥသဘရုပ်ကြီး များသည် မားမား မတ်မတ် တည်နေကြ၏။ နွားလား ဥသဘကြီးများ အနောက်တွင် ဖြူဖွေးသော ကျောက် သားကို အထစ်အထစ် ပြုလုပ်ထားသော နန်းတော် လှေကားကြီး သည် ကျယ်ပြန့်စွာ နန်းတော် တံခါးဝထိအောင် မြင့်တက်သွား ပေ၏။ လှေကား၏ လက်ရန်းများသည် ဒေါင်းမြီးကွက်များ ဖော် ထားသော ခိုနန်းချိုးကလေးများဖြင့် အလွန်လှပ၏။ နန်းတော် ကြီး၏ အဆောင်များလည်း အလွန် ကျယ်ဝန်း၏။ ကျွန်ုပ်တို့ မြန်မာ တန်ဆောင်းကြီးများရှိ ဖန်မှန် စီထားသော တိုင်လုံးကြီး

၁ *Persepolis*

အီရန်ဒင်္ဂါး

များကဲ့သို့ နန်းတော်ကြီးများကိုလည်း ပန်းကွက် ဖော်ထားသော ဆင်စွယ်များဖြင့် ခြယ်လှယ် ဆင်ယင်ထားလေသည်။ နန်းတော်တွင်း၌ ရှိသမျှသော နံရံများကိုလည်း ရွှေချထား၏။ ကြမ်းပြင်ပေါ်၌လည်း လှပဆန်းကြယ်စွာ ရက်လုပ်ထားသော ကော်ဇောကြီးများကို ခင်းထားလေသည်။ ကမ္ဘာ့ သမိုင်းတွင် အီရန်တို့သာ ကော်ဇောကို ပဌမဦးဆုံး ရက်လုပ်တတ်သူ သုံးကြသူများဖြစ်ပေ၏။ အီရန် နန်းတော်ကြီးသည် ထိုစဉ်အခါက တကမ္ဘာလုံးတွင် အလှအပဆုံးအခမ်းအနားဆုံးသော အဆောက်အအုံကြီး ဖြစ်

ပေသည်။ အာရှတိုက်၏ ကျက်သရေကို ဆောင်သော အဆောက်အအုံကြီးလည်း ဖြစ်သည်။

အီရန်နှင့်ဂရိ။ ။အီရန်တို့ အထွတ်အထိပ် ရောက်လာသောအခါ ဥရောပတိုက်၏ အရှေ့ဖက်စွန်း ကျွန်းဆွယ်၌လည်း ဂရိလူမျိုးတို့ တိုးတက် ကြီးပွါးလာကြ၏။ ကမ္ဘာဦးမှစ၍ အီရန်တို့ ထွန်းကားလာချိန်အထိ လူမျိုး တမျိုးနှင့် တမျိုးသည် တိုင်းပြည်ချင်း နီးကပ်မှသာ တွေ့ဆုံကြ၏။ အီရန်တို့ ကောင်းစားသော အချိန်၌ ကမ္ဘာကြီးတွင် တနယ်နှင့် တနယ်၊ တရပ်နှင့်တရပ် အဆက်အသွယ်များပြားလာ၏။ အီရန်တို့၏ လမ်းပန်း ဆက်သွယ်ခြင်းနှင့် ဖိနီရှန်းတို့၏ ရွက်သင်္ဘော လှည့်ကြခြင်းကြောင့် ကမ္ဘာပေါ်တွင်လူတမျိုးနှင့် တမျိုး တွေ့ဆုံကြ၏။ အာရှတိုက်သားနှင့် ဥရောပတိုက်သားတို့သည် စတင် ရင်ဆိုင်တွေ့ကြလေသည်။

အခန်း ၁၁

ဂရိယဉ်ကျေးမှု

ဟဲလင်[၁]။ ။ဘီ၊စီ ၂၀၀၀ ကျော် အီဂျစ်တို့ ကောင်းစားသော အချိန်လောက်ကပင် အာရိယန် အဆက်အနွယ် ဖြစ်သော ဂရိတို့သည် ဥရောပတိုက်၏ အရှေ့ဖက်ဆုံးတွင် တည်ရှိသော ကျွန်းဆွယ်နှင့် ဘေးပတ်ဝန်းကျင်ရှိ ကျွန်းကလေးများ ပေါ်သို့ လာရောက် နေထိုင်ကြ၏။ ကမ္ဘာကြီး၏ ယဉ်ကျေးမှုများကို မသိကြသေးသည့်အလျောက် ယဉ်ကျေးခါစ လူများကဲ့သို့ သိုးထိန်း၊ ဆိတ်ထိန်းဘဝနှင့် ပင် အသက်မွေးကြ၏။ အချို့လည်း တောင်ယာ လုပ်ကိုင် စားသောက် နေထိုင်ကြ၏။ ဆိတ်ရေ၊ သိုးရေများကို ဝတ်ဆင်ကြ၏။ သူတို့ကိုယ် သူတို့ 'ဟဲလင်' လူမျိုးဟု ခေါ်ကြသည်။ အစဉ်သဖြင့် နေထိုင်ကြသောအခါ ဂရိကျွန်းဆွယ် တောင်ဖက်ရှိ ကရိကျွန်းသားများသည် ရွက်သင်္ဘောများ လှော်ကာ သွားလာ ရောင်းဝယ်ကြယင်း ဂရိကျွန်းဆွယ်ကြီးနှင့်ကျွန်းကလေးများသို့ရောက်လာကြ၏။ ဂရိတို့ကို တောကြို အုံကြားတွင် နေသော လူရိုင်းမျှသာ သဘောထားသောကြောင့် မိန်းမပျို၊ ယောကျ်ားပျိုများကိုဖမ်းယူပြီးလျှင် ကရိကျွန်းရှိ ကျွန်စျေးတွင် ရောင်းချကာ ကျွန်ကုန်ကူးကြ၏။ ပင်လယ်တွင် ကျက်စား နေကြပြီဖြစ်သော ဖိနီရှန်းတို့လည်း ဂရိကျွန်းစုများသို့ ရောက်ကြ၏။ လှပ ကောင်းမွန်သော အထည်အလိပ်များ၊ မိန်းမကြိုက် ဖြစ်သော ဆင်စွယ်ဘီး၊ ဖန်ဗူး

---

၁ *The Hellenes*

ရေမွှေး ပုလင်းနှင့် ပြောင်လက် လှပသော စားပွဲ ကုလားထိုင်များကို ရောင်းချကြရာ ဂရိတို့သည် အထူးအဆန်းသဖွယ် အလုအယက် ဝယ်ယူကြ၏။ ဖိနီရှန်းတို့၏ ရွက်သင်္ဘောများကို ပင်လယ်ပြင်တွင် တဖွေးဖွေး မြင်လျှင် မြင်ချင်း ကမ်းခြေသို့ ကလေး လူကြီး ပြေးဆင်းကြကာ စောင့်ငံ့ မျှော်လင့် နေကြ၏။ ကမ်းခြေသို့ ဆိုက်ကပ်လာသောအခါ လိုချင်သော ကုန်ကို ဝယ်ယူကြလေ၏။ ဖိနီရှန်းတို့လည်း ကရိကျွန်းသားတို့ကဲ့သို့ပင် အင်အား နည်းသော ကျွန်းကလေးများသို့ ရောက်သောအခါ ဂရိမိန်းမပျို ယောကျ်ားပျိုများကို ပွေ့ဆောင် ထမ်းယူပြေးကာ ဆီးရီးယားရှိ ကျွန်ဈေးတွင် ရောင်းချကြ၏။

ဂရိတို့သည် ပြင်ပ လူစိမ်းများနှင့် ဤသို့ တွေ့ကြုံ ဆက်ဆံရောနှောဖန်များသောအခါ လောက အကြောင်းကို သိလာကြ၏။ ယဉ်ကျေးလာကြ၏။ ဆိတ်ရေ၊သိုးရေများကို ပစ်ပယ်ကာ ဖိနီရှန်းတို့ ရောင်းချသော အဝတ်အထည်များကို ဝတ်ဆင်ကြ၏။ မြန်မာဘုန်းတော်ကြီးများ ဝတ်ဆင်သကဲ့သို့ တနံ့တည်းသော ပိတ်ဖြူကြီးကို ဂရိယောကျ်ားများသည် ကိုယ်ပေါ်၌ ရစ်ပတ် ခြုံလွှမ်းကာ ဝတ်ဆင်ကြ၏။ ဂရိမိန်းမတို့သည် ကျွန်ုပ်တို့ခေတ်၌ တွေ့မြင်ရသော ကုလားမများ ဝတ်ဆင်သကဲ့သို့ ပိတ်များကို ခြုံလွှမ်း ရစ်သိုင်းကာ ဝတ်ဆင်ကြ၏။ ဖိနီရှန်းတို့ ယူဆောင်လာသော ရေအိုး၊ ခွက်၊ ကြေးလင်ပန်း စသော အိမ်သုံး ပစ္စည်းများကို စတင် သုံးစွဲကြ၏။ ထိုပစ္စည်းများကို နည်းယူကာ ဂရိကျွန်းတွင် စမ်းသပ် လုပ်ကိုင်ကြ၏။ ဖိနီရှန်းတို့၏ ရွက်သင်္ဘောများကို အားကျကာ ရွက်သင်္ဘောများကိုလည်း ဆောက်လုပ်ကြ၏။ ဖိနီရှန်းတို့လည်း သင်္ဘော တည်ဆောက်နည်း ပင်လယ်သို့ ရွက်လွှင့်နည်းကိုပါ သင်ပေးကြ၏။ ဂရိတို့သည် ပင်လယ်သို့ ကျက်စားကာ

ဂရိမိသားစုပုံ

လည်း ဖျက်ဆီးကြ၏။ ဂရိလူမျိုးတို့သည် ဖီနီရှန်းတို့နှင့် မတွေ့မီက စာလည်း မတတ်၊ အတွက်အချက်လည်း မတတ်ကြချေ။ အာရိယန် လူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း ရှေးသူရဲကောင်းများ အာဇာနည် များ၏ အဖြစ်အပျက်များကို စာဆိုတို့ကသာ နှုတ်တိုက် လင်္ကာ စပ်ဆို ဖွဲ့နွဲ့ ကြပေသည်။ ဖီနီရှန်းတို့ သင်ပြသော အက္ခရာများကို ရရှိသောအခါမှ ဂရိတို့သည် မိမိတို့၏ အသံထွက်နှင့် လိုက်လျော အောင် အက္ခရာများကို တိုးတက် ချဲ့ထွင်ကြ၏။ ရေးသားကြ၏။ ရှေးအခါကမူ မှတ်ဉာဏ်ကောင်းသော လူများကို ရွာတိုင်းတွင် ထားရလေသည်။ ထိုမှတ်ဉာဏ်ကောင်းသော သူများသည်တရွာ နှင့်တရွာ ဆက်ဆံရေး၊ ဥပဒေပြုရေး၊ ကတိထားရေး စသည်တို့ကို မှတ်ထားကြရလေသည်။

ဟိုးမား[၂]။ ။ဂရိ စာဆိုများအနက် ဟိုးမား အမည်ရှိသော စာဆို ကြီးသည် ဘီ၊စီ ၁၀၀၀ ခန့်တွင် ထင်ပေါ်ကျော်စောလေသည်။ ဟိုးမားသည် ဂရိ သူရဲကောင်းများ ထရွိုင်[၃]မြို့သို့ သွားရောက် တိုက်ခိုက်ပုံကို ဇာတိမာန် တက်ကြွဘွယ်ရာ ရဲရဲတောက် စကားများ ဖြင့် လင်္ကာစပ်ဆိုခဲ့ပေသည်။ အခြား စွန့်စားခန်းများကိုလည်း သီဆိုခဲ့၏။ အီးလီးယက်[၄]နှင့် အိုဒက်ဆီ[၅] အမည်တွင်သော စွန့်စား ခန်း ကဗျာကြီးများကိုလည်း အလွန် စိတ်အား တက်ကြွဘွယ်ရာ စကားလုံးများဖြင့် စပ်ဆိုခဲ့ပေသည်။ ဟိုးမားအပြင် အခြား စာဆို များလည်း သူရဲကောင်းတို့ စွန့်စားသော အဖြစ်အပျက်များကို အများအပြား စပ်ဆိုကြသည်။ ရှေးက ဂရိလူမျိုးကို စော်ကား ခဲ့သော ကရိကျွန်းကို ကျွန်းနှင့်တကွ အမျိုးပါ ပြုတ်အောင် ဂရိတို့ ခလှဲ့စား ချေပုံ များလည်း ပါဝင်လေ၏။

၂ *Homer* ၃ *Troy* ၄ *The Iliad* ၅ *Odyssey*

ကိုးကွယ်မှု။ ။ဂရိလူမျိုးတို့သည် အာရိယန်တို့၏ အဆက်အနွယ်များ ဖြစ်သည့် အလျောက် နေ၊ လေ၊ ရေ နှင့် ရာသီ ဥတုများကို ကိုးကွယ်ကြသည်။ ဂရိတို့၌ နတ်ပေါင်း မြောက်မြားစွာ ရှိလေသည်။ အခမ်းအနား တခုခုကို ပြုလုပ်ခါနီး ဖြစ်စေ၊ စစ်ထွက်ခါနီး ဖြစ်စေ၊ ဂရိတို့သည် ဒယ်ဖီ အမည်ရှိသော မြို့၌ နေနတ်သား အတွက် တည်ဆောက် ထားသော တန်ဆောင်းသို့ သွားရောက်ကာ ဖြစ်မြောက်မည်၊ ပျက်စီးမည်ကို မေးမြန်းကြလေသည်။

ဂရိတို့၌ နတ်သားများအပြင် နတ်သမီးများလည်း ရှိ၏။ အဖရိုဒိတေးခေါ် လှထိပ်တင် နတ်သမီး၊ အသီနားခေါ် ပညာရှိ နတ်သမီး စသည်ဖြင့် မြောက်မြားစွာ ရှိလေသည်။ သူတို့၏ နတ်များသည် မိန်းမလည်း ယူကြ၏။ ရံဖန်ရံခါ ဒေါသလည်း ထွက်တတ်၏။ ရံဖန်ရံခါ လူသတ်မှုများကိုပင် ကျူးလွန် တတ်ကြသည်။ စင်စစ်မှာ သူတို့၏ နတ်များသည် ရာသီ ဥတုများသာ ဖြစ်၍ လူတို့ မျက်ဝါး ထင်ထင် အာရုံပြုနိုင်စေခြင်းငှါ လူ့ အသွင် ဖော်ပြထားခြင်းသာ ဖြစ်၏။ လူထက် ပိုမို၍ တန်ခိုးကြီးလေဟန် ဂုဏ်တင်ထားခြင်းမျှသာ ဖြစ်၏။

အနေအထိုင်။ ။ရှေးဂရိတို့ အနေအထိုင် အခြေအနေသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ ရွာငယ်များတွင် နေထိုင်ကြသော ရွာသားများ အနေအထိုင် အခြေအနေနှင့် အနည်းငယ် တူသည်ဟု ဆိုရာသည်။ အိမ်ကလေးများကိုလည်း လက်ဖြင့် ဆောက်လုပ်ကာ အိမ်ချင်း ပူးကပ်နေအောင် ဆောက်လုပ်ကြ၏။ ပြတင်းပေါက်လည်း မရှိ၊ အိမ်များလည်း မသန့်ရှင်းချေ။ လမ်းကလေးများလည်း ကျဉ်းမြောင်း ကွေ့ကောက်၏။ ရွာလယ်လမ်းသည် မိုးရွာသော အခါ ရွှံ့ဗွက်များဖြင့် ပြည့်နှက်ကာ လမ်းသွား၍ မရနိုင်လောက်

ဂရိ နိုင်ငံများ

အောင်ပင် ဖြစ်၏။ ရွာတရွာတွင် ရေတွင်း တတွင်း ကျစီ ရှိ၏။ ရွာတရွာလုံး ထိုရေတွင်းမှ ရေကို ခပ်ယူကာ သုံးကြရလေသည်။ အမှိုက်သရိုက်များကိုလည်း အိမ်ရှေ့၌သာ ပစ်ထားကြ၏။ ညများတွင်လည်း အီဂျစ်လူမျိုးတို့ကဲ့သို့ သံလွင်ဆီကို ခွက်ကလေးနှင့် ထည့်ကာ မီးထွန်းကြသဖြင့် မီးကလေး မှိတ်တုတ် မှိတ်တုတ်နှင့် နေတတ်ကြ၏။

အိုလံပီယာ[၆]။ ။ဂရိတို့သည် အနေအထိုင် မသန့်ရှင်း သော်လည်း ကျန်းမာရေး၌ လွန်စွာ လိုက်စားကြ လေသည်။ ကိုယ်လုံး ကိုယ်ထည် အချိုး အစား ပြေပြစ်၍ ယောကျ်ား ပီသသည်ကို နတ်အကြိုက် ဖြစ်သည်ဟု ယုံကြည်ကြ၏။ ဂရိ ယောကျ်ားပျိုတိုင်း ကိုယ်လက် ကြံ့ခိုင်ရေးကို အထူး ဂရုစိုက်ကြ၏။

ဂရိကျွန်းဆွယ်သည် တောတောင် ထူထပ်၏။ ကမ်းခြေများလည်း အပိုင်းပိုင်း အစိတ်စိတ် ပြတ်တောက်လျက် ရှိ၏။ တောင်ထူထပ်သော နေရာ၌ မြစ်များသည် ရေစီးသန် စမြဲ ဖြစ်၏။ ထို့ကြောင့် တရွာနှင့်တရွာ ကူးသန်း သွားလာရန် အလွန် ခဲယဉ်း၍ တရွာနှင့် တရွာ အဆက်အသွယ် နည်းပါး လေသည်။ ပင်လယ် ကမ်းနား၌ နေသော သူတို့သည် ပင်လယ်သို့သာ ထွက်ကြ၏။ တောင်ပေါ်၌ နေကြသူများလည်း ကိုယ့်ရွာနှင့်ကိုယ် အသီးအခြား နေထိုင်ကြလေသည်။ ရွာခေါင်းသည် သူစိတ်တိုင်းကျ ရွာကို အုပ်ချုပ်၏။ တရွာနှင့်တရွာ ရှိမှန်းပင် မသိလောက်အောင် ဖြစ်၏။ တနှစ်လျှင် နှစ်ကြိမ်ကျ ဂရိတို့သည် ဒယ်ဖီသို့ နတ်ပူဇော်ရန် သွားလေ့ ရှိ၏။ ထိုနှစ်ကြိမ်သာ တရွာမှ လူများသည် တခြား တရွာမှ လူများကို တွေ့ဆုံကြရပေ၏။

[၆] *Olympia*

ဘီ၊စီ ၇၇၆ ခုသို့ရောက်သောအခါ ဂရိတို့သည် ကစားခုန်စားပွဲတခုကို စတင် ကျင်းပကြ၏။ အိုလံပီယာ တောင်ခြေတွင် သစ်ပင်များ အုပ်လျက် ညီညာကျယ်ပြန့်သော ကွင်းပြင် တခု ရှိလေသည်။ ထိုကွင်းပြင်သို့ ဂရိတို့သည် အရွှာရွှာမှ လာရောက်ကြကာ အပြေးအခုန် ပြိုင်ကြလေသည်။ ပြေးပွဲ ခုန်ပွဲ၌ ဂရိလူမျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုကြ၏။ လူမျိုးခြားများ ဝင်ရောက် ပြိုင်ဆိုင်ခြင်းကို ခွင့်မပြုချေ။ ဤပြေးပွဲ ခုန်ပွဲ သည်လည်း နတ်ပွဲသာ ဖြစ်၏။ ဂရိတို့ အယူအဆအားဖြင့် ကိုယ်လက် ကြံ့ခိုင်ခြင်းသည် နတ်များအကြိုက်ပင် ဖြစ်ပေသည်။ အိုလံပစ်ပွဲတော်[၁]ကို လေးနှစ် တကြိမ်ကျ ပြုလုပ်၏။ ဂရိတို့သည် အရေးကြီးသော အဖြစ်အပျက်များကို ဖော်ပြရေးသားသောအခါ မည်သည့် အိုလံပစ်ပွဲ ပြီးသည့်နောက် မည်မျှကြာသောအခါ၌ ဖြစ်ပျက်သည်ဟု ညွှန်ပြလေ့ရှိ၏။ အိုလံပစ်ပွဲကို စတင် ကျင်းပသောအခါက တရက်မျှသာ ပြုလုပ်၏။ နောက်နှစ်ပေါင်းများစွာ ကြာလာသောအခါ တကြိမ်တွင် ငါးရက်တိုင်တိုင် ကျင်းပရလေသည်။ ပဌမ အိုလံပစ်ပွဲ၌ အပြေးအခုန် လက်ဝှေ့ နပန်းသတ်ပွဲ များသာ ကျင်းပ၏။ နောက်အကြိမ်များတွင် မြင်းပြိုင်ပွဲ၊ စစ်ရထားပြိုင်ပွဲ၊ လှံတံအဝေးပစ်ပွဲ၊ အလေးဝိုင်းအဝေးပစ်ပွဲများကိုပါ ဖြည့်သွင်း စီရင် ကျင်းပကြ၏။ သို့သော် သွေးထွက်သံယို ဖြစ်သော ဓားခုတ် လှံထိုး ပွဲများကို မကျင်းပကြပေ။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌ ဘုရားပွဲ ရှိသောအခါ အရွှာရွှာမှ လှည်းဖြင့်၊ လှေဖြင့်၊ ခြေကျင်ဖြင့် လာရောက် ဖူးမျှော်သကဲ့သို့ အိုလံပစ်ပွဲ ကျင်းပချိန်သို့ ကျရောက်သောအခါ ဂရိကျွန်းဆွယ်ရှိ အရွှာရွှာမှ လူများသည် ယှဉ်ပြိုင်မည့် လူများနှင့်တကွ ကြည့်မည့်သူများပါ ကျိဘ်ကျိတ် တိုးမျှ စည်ကားအောင် လာရောက်ကြလေ

၁ *The Olympic Games*



ပြေးပွဲပြိုင်ပွဲကျင်းပရာ အိုလံပီယာတောင်ခြေ

၏။ ဂရိရွာများသည် တရွာနှင့် တရွာ အသွားအလာ ခက်ခဲသော ကြောင့် ကိစ္စကြီးငယ် မရှိလျှင် မတွေ့မဆုံ ရတိုင်း လေးနှစ်တကြိမ် လာရောက် တွေ့ဆုံကြပေသည်။ မြန်မာဘုရားပွဲတော်များ၌ ဈေး တန်းကြီးများ တည်ခင်းကာ ပျော်ပွဲ သဘင်များ ဆင်ယင်ကာ စည်စည်ကားကား ရှိသကဲ့သို့ အိုလံပစ်ပွဲ ကျင်းပသောအခါ ဆေး ဆရာဝန်များသည် လာရောက် ကြော်ငြာယင်း ဆေးအမျိုးမျိုးကို ရောင်းချကြ၏။ သီချင်းသည် များလည်း လာရောက် သီဆိုကြ၏။ ဗေဒင်ဆရာများလည်း ရှေ့ဖြစ်နောက်ဖြစ်များကို ဟောပြော၏။ စာဆိုများလည်း အညွန့် အဆန်း စပ်ဆိုထားသော လင်္ကာသစ် အဖွဲ့အနွဲ့ သစ်များကို ရွတ်ဆိုပြကြ၏။ လူစည်ကားရာသို့ လိုက်လံ ရောင်းချ ရသော ဈေးသည်များလည်း တွင်တွင် ကျယ်ကျယ် ရောင်းချကြလေသည်။ အိုလံပစ်ပွဲ၌သာ ဂရိလူမျိုးချင်း တဦးနှင့် တဦး ရင်းနှီးစွာ ဆက်ဆံရလေသည်။ ပျော်ပျော်ပါးပါး စကား ပြောဆို သွားလာ စားသောက် ရောနှော ကြရလေသည်။

အိုလံပစ်တွင် ဝင်ရောက် ယှဉ်ပြိုင် သူများသည် ဆုငွေကို မျှော် လင့်၍ဝင်ရောက် ပြိုင်ဆိုင်သည်မဟုတ်။မိမိ၏စွမ်းရည်ကိုပြပြီးလျှင် မိမိရွာ၏ ဂုဏ်ကို မြှင့်တင်ရန်သာ ဝင်ရောက် ယှဉ်ပြိုင်ကြခြင်း ဖြစ်၏။ အနိုင်ရသူသည် ဆုဟူ၍ သံလွင်ရွက်ဖြင့် ပြုလုပ်ထားသော ပန်းခွေကလေးကို ဦးခေါင်း၌ စွပ်ခြင်းကိုသာ ခံရ၏။ သို့သော် ထိုပြိုင်ပွဲများတွင် အနိုင်ရသူ၏ နာမည်များသည် ဂရိတကျွန်းလုံး အဝေး အနီးတွင် ကျော်ကြား သွားပေ၏။ ထိုလူ၏ ရုပ်တုကို အိုလံပိယာ၌၎င်း၊ ထိုလူ နေထိုင်သော ရွာ၌၎င်း၊ ဂရိကျွန်းရှိ လက် အမြောက်ဆုံးသော ကျောက်ဆစ် ဆရာကြီးများသည် ထုလုပ်ကြ ပေ၏။ ထိုလူ၏ စွမ်းရည်များကိုလည်း စာဆိုကြီးများသည် အမျိုး မျိုး ချီးကျူး စပ်ဆိုပေသည်။ ထို့ကြောင့် ဂရိတိုင်း သံလွင်ပန်းခွေ

ကလေးကို ဦးခေါင်း၌ အစွပ် ခံရရန် အလွန် ကြိုးစားလေ့ကျင့်ကြ ၏။ လေ့ကျင့်သည့် အတိုင်း ဂရိလူမျိုးသည် ထိုစဉ်အခါက ကိုယ် ကာယ သန်မာ ထွားကျိုင်းသော လူမျိုး ဖြစ်ခဲ့လေသည်။

စပါတာနိုင်ငံငယ်[ဂ]။ ။ဘီစီ ၇၀၀ ခန့်ကစ၍ဂရိတို့သည်ရွာကလေး များအဖြစ်မှ အချင်းချင်း နီးရာနီးရာ ရွာများကို စုပေါင်းကာ အုတ် မြို့ရိုး ဝန်းရံလျက် အချုပ်အချာ နိုင်ငံငယ်များကို တည်ထောင်ကြ ၏။ ထိုနိုင်ငံငယ်များသည် အရွယ်အားဖြင့် မြို့သာသာမျှသာ ကျယ် ဝန်းသည်။ အိုလံပစ် ပွဲသည်လည်း တကြိမ်ထက်တကြိမ် စည်ကား လာ၏။ ထိုနိုင်ငံငယ်များအနက် စပါတာနှင့် အေသင်တို့သည် အို လံပစ်ပွဲတွင် ထူးချွန်သော နိုင်ငံငယ်များ ဖြစ်ပေသည်။ စပါတာ သည် ဂရိကျွန်းဆွယ်ကြီး၏ တောင်ဖက် အစွန်းတွင် တည်ရှိ သည်။ အခြား နိုင်ငံငယ်များနှင့် မတူ။ စပါတာ၌ ခေါင်းဆောင် နှစ်ယောက် တပြိုင်တည်း အုပ်ချုပ်လေသည်။ ကမ္ဘာ့သမိုင်းတွင် ဘယ်နိုင်ငံမျှ တနိုင်ငံတည်းကို မင်းနှစ်ပါးပြိုင်တူ မအုပ်စိုးခဲ့ဘူးပေ။ တွေးကြည့်ရသလောက်မှာ စပါတာ နိုင်ငံငယ်တွင် အချင်းချင်း နှစ်စုကွဲဟန် တူလေသည်။ နှစ်ဦးနှစ်ဖက် စိတ်ကျေနပ်စေရန် တ ဖက်စီမှ ခေါင်းဆောင်တဦးစီ ရွေးချယ်ပြီးလျှင် နှစ်ယောက် အုပ် ချုပ်ဟန် တူလေသည်။ ထိုသူနှစ်ဦးသည် သာသနာ့ ဒါယကာအဖြစ် ဖြင့်၎င်း၊ တရားသူကြီးများ အဖြစ်ဖြင့်၎င်း၊ စစ်သူကြီးများ အဖြစ် ဖြင့်၎င်း ဆောင်ရွက်ကြသည်။ ဂရိဘိုအနက် စပါတာရှိ လူများ သည် လူတိုင်းလူတိုင်း စစ်သားဖြစ်ကြ၏။ ကလေးများသည် အ သက် ခုနစ်နှစ် မတိုင်မီသာ မိဘနှင့် အတူတကွ နေထိုင်ရ၏။ ခုနစ် နှစ်သား အရွယ်သို့ ရောက်သောအခါ အစိုးရသည် ယောကျ်ား

ဂ *Sparta*

ကလေးတိုင်းကို ခေါ်ယူစစ်ဆေး၏။ ချည့်နဲ့ပိန်ကပ်၍ ယောကျ်ား မပီသသော ကလေးများကို အလွန်မြေသော တောင်ကြားကြီးထဲ တွင် သွားရောက်ပစ်ထားကာ အလိုအလျောက် သေစေ၏။ ဖွံ့ဖြိုး ကျန်းမာသောကလေးများကိုသာ အစိုးရကယူပြီးလျှင် စစ်အတတ် သင်ကျောင်းသို့ ပို့လေ၏။ စပါတာတွင် စစ်တန်းလျားပေါင်း မြောက်မြားစွာရှိ၏။ စစ်တန်းလျားများတွင် ကလေးများကိုကိုယ် လက်တောင့်တင်းသန်စွမ်းစေရန် အပြင်းအထန် လေ့ကျင့်ပေး၏။ ပြေးရ လွှားရ ခုန်ရ ပေါက်ရ ကိုယ်လက် လှုပ်ရှားရန်နှင့် များစွာလေ့ ကျင့်ရ၏။ ကိုယ်လက်ကြံ့ခိုင်ရေး သင်ခန်းစာများ တတ်မြောက် ပြည့်စုံလျှင် အနားယူရန် စာသင်ကျောင်းသို့ ပြန်ပို့၏။ စာသင် ကျောင်း၌ အေးအေး လူလူ စာဖတ်စာရေး အတတ်ကိုသာ သင် ကြားရလေသည်။ ကျွန်ုပ်တို့ခေတ်၌ စာသင်ကျောင်းများတွင် မနားမနေ ကြိုးစား စာအံရသလောက် စပါတာတို့၏ စာသင် ကျောင်းများ၌ သက်သာလေသည်။ စာကို ဖတ်တတ် ရေးတတ်ရုံ သာ သင်ရသောကြောင့် အနားယူသောနေရာမျှသာဖြစ်ပေသည်။ စပါဘာတို့သည် စစ်ပညာကိုသာ ဂရုတစိုက် သင်ကြားပေးသည်။ အကြောက်အရွံ့ကင်းအောင်လည်း ကျင့်ပေး၏။အနာအကျင်ကို ရယ်ရယ် ပြုံးပြုံးနှင့် ခံနိုင်ရည်ရှိအောင် ကျင့်ပေး၏။ ကျွန်ုပ်တို့ မြန်မာမင်းများ ကောင်းစားစဉ်က ဘုရင် တပင်ရွှေထီးသည် သူ့ရဲ ကောင်းများကို ရွေးချယ်သောအခါ လက်ဖျားထိပ်ကိုအပ်နှင့်စိုက်၊ တူနှင့်ရိုက်၍ မတွန့်မလှုပ်သော သူကိုသာ ရွေးချယ်၏။ ဤနည်း အတိုင်း စပါတာ လူငယ်များကို ကိုယ်လက်တို့၌ အနာတရ ဖြစ် သောအခါ မျက်နှာမပျက် ကျိတ်မှိတ် ခံနိုင်ရည်ရှိအောင် ကျင့် ပေး၏။ တခါက စပါတာ လူငယ်တဦးသည် မြေခွေးတကောင်ကို ခိုးယူ၏။ လူများ လိုက်လံ ဖမ်းဆီးသောအခါ မိလေ၏။ စပါတာ

ဉပဒေ၌ ခိုးယူခြင်းသည် အပြစ်မရှိ။ လူမမိအောင်သာ ထွက်ပြေးရသည်။ လူမိခံရလျှင် အပြစ်ရလေသည်။ စပါတာလူငယ်လည်း လူဝိုင်း၍ မိသောအခါ မြေခွေးကို အင်္ကျီအောက်၌ ဝှက်ထား၏။ မြေခွေးလည်း သူငယ်၏ ဗိုက်ကို ဖောက်ကာ အူများကို အခွေလိုက် ကိုက်စားရာ သွေးခြင်းခြင်း စီးကျ၏။ သူငယ်မှာမူ အလွန် နာကျင်သော်လည်း မျက်နှာတချက်မျှ မတွန့် ဣန္ဒြေမပျက်ပေ။

ဤမျှလောက်ပင် စပါတာတို့သည် အနာအကျင်ကို သည်းခံနိုင်စွမ်းရှိ၏။ ထိုမျှမက သေးငယ်စဉ်ကပင် အစားအသောက် အဝတ်အစားတို့၌ လေ့ကျင့်ပေး၏။ စစ်ကျောင်းတက်ရသော သူငယ်တိုင်း တကိုယ်တွင် အဝတ်တထည်ကိုသာ ဝတ်ရ၏။ အဝတ်ကိုလည်း ဖွပ်လျှော်ခြင်း မပြုရ။ တထည်စုတ်ပြတ်မှသာ အသစ်တထည်ကို ထုတ်ပေးလေသည်။ အစားအသောက်၌လည်း အဆီအအိမ့်ကို ဘယ်အခါမျှမကျွေး၊ အားဖြစ်ရုံ သစ်သီးနှင့် လတ်ဆတ်သော ဟင်းရွက်ဟင်းသီးများကိုသာ ကျွေးသည်။ ကိုယ်လက်သန်စွမ်းရေးမှအပ အခြား ခင်မင်တွယ်တာဘွယ် ဟူသမျှကိုလည်း တားမြစ်၏။ စပါတာ လူငယ်များသည် ကိုယ်ကာယ တောင့်တင်း ထွားကျိုင်းသလောက် အမြင် စုတ်ချာ ညစ်ပေသည်။ သို့သော်လည်း အမူအကျင့်ကား ရိုးသားပေ၏။

အသက်သုံးဆယ်ပြည့်သောအခါမှ စစ်ကျောင်းမှ လွတ်ကာ အိမ်တဆောင် မီးတပြောင် ထူထောင်နေစေ၏။ အုပ်ချုပ်ရေးတို့၌ ဝင်ရောက်စွက်ဖက်စေ၏။ သို့သော် မည်သည့် စပါတာမဆို စစ်ရေးစစ်ရာ ကျွမ်းကျင်ရန်နှင့် ကိုယ်လက်ကြံ့ခိုင်ရန်သာ ကြိုးပမ်းအားထုတ်နေတတ်၍ သူပိုင်လယ်ယာများကိုကား ကျွန်များနှင့် လွှဲထားလေသည်။ ထို့ပြင် နေ့စဉ် အစိုးရ ထမင်းစားရုံများတွင် သွားရောက်

အေသင်
စစ်သား

၍ ထမင်းစားရသည်။ ထိုသို့ အစိုးရက ကျွေးနိုင်ရန်အတွက် စပါတာတိုင်း ဝေပုံကျရိက္ခာဖြစ်စေ၊ ကြေးငွေဖြစ်စေ၊ အစိုးရသို့ ပေးဆောင်ခြင်းဖြင့် စပါတာနိုင်ငံသား အခွင့်အရေးများကို အမြဲတမ်း ခံစားနိုင်သည်။ စပါတာတို့၏ ဥပဒေများလည်း ရှေးခေါင်းဆောင်ကြီးများ ဆုံးဖြတ်ခဲ့သော ဖြတ်ထုံးများသာဖြစ်၍ ထိုဖြတ်ထုံးများ အပေါ်၌သာ အမှိုပြုပြီးလျှင် စီရင်ဆုံးဖြတ်ကြ၏။ စစ်အတတ်ကို လေးလေးနက်နက် သင်ကြားသော်လည်း အခြားနိုင်ငံယ်များကို သွားရောက်တိုက်ခိုက်ရန် မရည်ရွယ်ပေ။ စပါတာကို ထိပါးစော်ကားလာလျှင် ခုခံ တွန်းလှန်ရန်သာ ကနဦးက ရည်ရွယ်ခဲ့ပေသည်။

အေသင်နိုင်ငံငယ်။ ။စပါတာ နိုင်ငံငယ်၏ အရှေ့မြောက်ဖက်တွင် အေသင်[၉] နိုင်ငံငယ်တည်ရှိ၏။ အေသင်သည် စပါတာကဲ့သို့ စစ်ပညာကို ထူးထူးချွန်ချွန် မလိုက်စားပေ။ ဂရိလူမျိုးပီပီ ကိုယ်လုံးကိုယ်ပေါက် အချိုးကျန ပြေပြစ်စွာ ယောကျ်ားပီသအောင်သာ လေ့ကျင့်ကြ၏။ ဉာဏ်ပညာနှင့် လူမှုရေး ကျွမ်းကျင်အောင် ပိုမိုဂရုစိုက်ကြ၏။ ပဌမ၌ အေသင်နိုင်ငံငယ်ကို ခေါင်းဆောင်တဦးတည်းသာ အုပ်ချုပ်၏။ ဥပဒေများကို နိုင်ငံငယ်ရှိ လူများက ပြုလုပ်နိုင်ပေသည်။ ဈေးနေရာများတွင် သက်ကြီးရွယ်ကြီးများ စုဝေးကာ အမှုများကို စီရင်၏။ ဆိုလွန်[၁၀] စသော ပညာရှိများ ပေါ်ပေါက်လာသောအခါ ဥပဒေ အမျိုးမျိုးကို ပြုလုပ်၏။ အေသင်ရှိ လူများကို ပစ္စည်းဥစ္စာ အလိုက် အတန်းအစား လေးမျိုး ခွဲခြား၏။ အကြွယ်ဝဆုံး လူများသည် နိုင်ငံငယ်ကို အုပ်ချုပ်ကြ၏။ သို့သော် ဆင်းရဲသားများသည် မိမိအကြိုက်ကို မပေးကာ အုပ်ချုပ်ရေးကို

[၉] *Athens* [၁၀] *Solon*

ထောက်ခံနိုင်၏။ ကန့်ကွက်နိုင်၏။ လူအများ၏ အကြိုက်ဖြင့် အုပ်ချုပ်ခြင်းကို ဂရိစကားဖြင့် "ဒိမိုကရေစီ"၁၁ ဟု ခေါ်၏။ ယခုခေတ်နိုင်ငံများသည် တိုင်းသူပြည်သားအကြိုက် အုပ်ချုပ်ရေးကို ဒိမိုကရေစီဟု ခေါ်ခြင်းမှာ ဂရိလူမျိုး၏စကားမှ တိုက်ရိုက်ယူသုံးခြင်းပင် ဖြစ်၏။

လူများ၏ အကြိုက်ဖြင့် အုပ်စိုးသောအခါ အေသင် တွင် သဘောကွဲလွဲမှုများ အများအပြား ပေါ်ပေါက်လာ၏။ တော်လှန်မှုများ မကြာခဏ ဖြစ်ပေါ်လာ၏။ အစိုးရများ တက်လာလိုက်၊ ပြုတ်ကျလိုက်နှင့် အလွန် မငြိမ်သက်ချေ။ ဆင်းရဲသားများသည် ပြည်တွင်းရေးကိစ္စ အနှောင့်အယှက်များကို ငြီးငွေ့သောကြောင့် ရှက်သဘော်များကို လှင့်ကာ နီးရာကျွန်းများသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ အချိုပစ္စည်းဉစ္စာ ကြွယ်ဝသူများကိုလည်း နိုင်ငံငယ်ကို အုပ်ချုပ်သော ခေါင်းဆောင်များက နှိပ်စက်သောကြောင့် ထိုသူများသည် အေသင်နိုင်ငံငယ်မှ ထွက်ခွါကြကာ အာရှမိုင်းနားနှင့် အနီးအနား ကျွန်းများသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ ဤသို့ပြောင်းရွှေ့ကြရာ ဂရိကျွန်းဆွယ်၏ အရှေ့ဖက်ရှိ ကျွန်းစုများသို့သာမက အနောက်ဖက်ရှိ အီတလီ ကျွန်းဆွယ်နှင့် စီစလီ ကျွန်းများသို့ပင် ရောက်သွားကြ၏။

အေသင်နိုင်ငံငယ်တွင် နေခဲ့ကြသူများသည် ကုန်ရောင်းကုန်ဝယ် အတီးအမှုတ် စာပေဗဟုသုတ စသည်တို့၌ ဝါသနာထုံသောကြောင့် ရောက်လေရာ အရပ်တွင် ကြီးပွါးကြ၏။ သူစိမ်းများနှင့် ရောနှော ပေါင်းသင်းတတ်ကြ၏။ ဉာဏ်အမြင် ကျယ်၏။ သွားရောက်နေထိုင်သော အရပ်များတွင် ရှိရင်းစွဲလူတို့ကို ခေါင်းဆောင်နိုင်ကြပေသည်။

---

၁၁ *Democracy*

ဂရိနှင့်အီရန်။ ။ဂရိတို့ တိုးတက်ယဉ်ကျေးလာသော အချိန်သည် အီရန်နိုင်ငံတော်ကြီးကို တိုးချဲ့နေသော ဒရိယပ်မင်း စိုးစံသောအခါနှင့် တချိန်တည်း ဖြစ်၏။ အာရှမိုင်းနားတွင် နေထိုင်ကြသော ဂရိတို့သည် မူလကပင် မိမိတို့ ဂရိအစိုးရ လက်အောက်တွင် လွတ်လွတ်လပ်လပ် မနေရသောကြောင့် ထွက်ခွါလာသူများ ဖြစ်ကြရာ အီရန်တို့ လက်အောက်သို့ ကြို့ဝင်ရန်မှု ပိုမို၍ စိတ်ကျဉ်းကြပ်ကြ၏။ ထိုကြောင့် မိလီတပ်[၁၂]အမည်ရှိသောမြို့က ခေါင်းဆောင်ကာ ဂရိတို့ အတိအလင်း တော်လှန်ပုန်ကန်ကြ၏။ လွတ်လပ်စွာ နေလို၍ ပုန်ကန်ရသော်လည်း ဂရိသူပုန် ခေါင်းဆောင်များသည် အီရန်တို့၏ လက်နက်အင်အား လူအင်အားကို သိ၏။ အရေးကြီး သေ့နီးရာ ဆိုသည့် အတိုင်း အေသင်နိုင်ငံသို့ အကူအညီ တောင်းခံကြ၏။ အေသင်မှလည်း တရပ်တကျေးတွင် ဂရိများ မျက်နှာငယ်နှင့် အနိုပ်စက် ခံရတော့မည်ကို မရှုရက်သောကြောင့် ရွက်သင်္ဘောများဖြင့် စစ်ကူ ထောက်ပံ့လေသည်။ အီရန် စစ်သားတို့သည် သူပုန်ရန်ကို နှိမ်နင်းရန် မရောက်မီ ဂရိစစ်သည်ရဲမက်များသည် ဆားဒစ်မြို့ကို တိုက်ခိုက် မီးရှို့ပြီး ဖြစ်၏။ အာရှမိုင်းနား၌ ဂရိနှင့် အီရန်တို့ ယှဉ်ပြိုင် တိုက်ခိုက်ကြရာ၌ ဂရိများ မရှုမလှ အရှုံးကြီး ရှုံးရလေသည်။ အီရန် စစ်တပ်ကြီးသည် အာရှမိုင်းနား ကမ်းခြေတလျှောက် ထိအောင် ချီတက်တိုက်ခိုက်ကာ ဂရိများကိုသုတ်သင်ရှင်းလင်းပစ်၏။ ဒရိယပ် ဘုရင်လည်း ဂရိတို့ အီရန် နိုင်ငံတော်ကြီး ပေါ်သို့ စော်စော်ကားကား တက်ရောက်သည်ကို မခံမရပ်နိုင်သဖြင့် သင်္ဘောတပ်ဖွဲ့ကာ ဂရိကျွန်းဆွယ်ကို ပဌမအကြိမ် တိုက်ခိုက်၏။ အီရန်သင်္ဘောတပ်သည် ဂရိကျွန်းဆွယ်နှင့် အာရှမိုင်းနား ကြားရှိ ပင်လယ်ထဲတွင် အချိုလှိုင်းလေမိ၍ ပျက်စီး၏။ ဂရိကျွန်းမကြီးသို့ ရောက်သော

၁၂ *Miletus*

သင်္ဘောအနည်းငယ်မှာလည်း ဂရိတို့က တိုက်ခိုက်သောကြောင့် ရှုံးရ၏။ ဂရိတို့သည် ဘေး ဘိုး အစဉ်အဆက်ကပင် ဖိနီရှန်း ကရိ လူမျိုးများနှင့် တွေ့ကြုံပေါင်းသင်း ဆက်ဆံခဲ့ရာ ပင်လယ်၌ ကျွမ်း ကျင်၏။ အီရန်တို့မူ မြေပြင်ပေါ်၌သာ ကျင့်သားရသဖြင့်မြေပြင် ပေါ်၌သာကျွမ်းကျင်၏။ကျွမ်းကျင်ရာလိမ္မာဆိုသကဲ့သို့ ဂရိတို့သည် အီရန်တို့ကို သင်္ဘောတပ်ချင်း ပြိုင်ဆိုင်ရာ၌ အနိုင် ရလေသည်။

စစ်ပွဲတိုင်း၌ အောင်မြင်ခဲ့သော ဒရိယပ် ဘုရင်သည် မိမိ၏ စည် ကား ကြွယ်ဝသော ဆားဒစ်[၁၃]မြို့ကြီးကို မီးတိုက် ခံရရုံမျှမက သင်္ဘောတပ်လည်း ရှုံးရသောကြောင့် ဂရိလူမျိုးကို ပို၍မုန်းကာ အခဲ မကြေဖြစ်၏။ဂရိကျွန်းသို့ လက်နက်တည်းချမည်လော။ စစ်တည်း ပြိုင်မည်လောဟု ထပ်မံ ရာဇသံ စေလွှတ်၏။ ထိုအခါက မြေနှင့် ရေကို အနည်းငယ်စီယူ၍ အီရန်ဘုရင်ခံထံ ဆက်သလျှင် သစ္စာ တော် ခံခြင်းပင်ဖြစ်၏။ အချို့ ဂရိနိုင်ငံငယ်များသည် အီရန်ဘုရင် ၏ စစ်အင်အားကို ကြောက်ရွံ့သဖြင့် မြေနှင့်ရေကို ဆက်သကြ၏။ အေသင်နှင့် စပါတာတို့ကသာ ခေါင်းမာ၍ နေ၏။ စပါတာသို့ ရောက်လာသော အီရန် သံတမန်ကြီးများကို စပါတာတို့က ရေနှင့် မြေကို နင်တို့ ဘာသာ ရှာချေဟု ကြုံးဝါးကာ တွင်းနက်ကြီးများ အတွင်းသို့ တွန်းပစ်ချကြ၏။

မာရသွန်စစ်ပွဲကြီး[၁၄](ဘီ၊စီ ၄၉၀)။ ။ဤသို့ ဂရိတို့ ပုန်ကန်မှုသော သတင်းကို ဒရိယပ်ဘုရင် ကြားလတ်သော် အမျက်ဒေါသ ပြင်းစွာ ထွက်သောကြောင့် သင်္ဘောများစွာ ဆောက်လုပ်ပြီးလျှင် ဂရိ ကျွန်းဆွယ်သို့ တက်ရောက်လေ၏။ အေသင်နိုင်ငံငယ်မှ တနေ့ခရီး ခန့် ကွာဝေးသော မာရသွန်အမည်ရှိသည့် နေရာ၌ အီရန်စစ်တပ်

၁၃ *Sardis* ၁၄ *Battle of Marathon*

ကြီး ဆိုက်ရောက်ကြောင်း ကြားသိလေသော် ဂရိတို့သည် အလွန် အမင်း ထိတ်လန့်ကြ၏။ အေသင် စစ်သည် ရဲမက်တို့သည် အေသင် သို့ဝင်ရာ လမ်းမကြီးဖြစ်သော ကုန်းမြင့်ပေါ်မှ နေ၍ ဆီးကြိုခုခံလင့် ၏။ အီရန်စစ်သည်တို့မှာမူ မြေပြင်မှ နေ၍ တိုက်ခိုက်ကြရ၏။ အေ သင်တို့သည် စစ်သည် အင်အားချင်း မမျှသည်ကို သိရှိလေသော် အပြေးကျော် တဦးအား စပါတာ နိုင်ငံယံသို့ စစ်ကူပို့ရန် စေလွှတ် တောင်းခံ၏။

ထိုအပြေးကျော်သည် မိုင်ပေါင်း ၁၅၀ ကို ၄၈ နာရီအတွင်း ရောက်အောင် ပြေးနိုင်၏။ စပါတာတို့လည်း ကိန်းခန်းတို့၌ အယူ သည်းသူများ ဖြစ်ကြသဖြင့် လမပြည့်မီ စစ်မထွက် နိုင်ကြောင်း ပြန်ကြားလိုက်၏။ အေသင်တို့သည် ကြောက်ကြောက် ရွံ့ရွံ့နှင့်ပင် ရှိသမျှအင်အားဖြင့် အီရန်တို့ကို ခုခံရလေသည်။ အေသင်တို့ သက် သာရန် ဖြစ်ပေါ်လာသော အခြေအနေတရပ်မှာ အေသင်နိုင်ငံသို့ အီရန်တို့ ဝင်နိုင်ရန် မင်းလမ်းမကြီး တခုသာ ရှိ၏။ မင်းလမ်းမကြီး ၏ ဘေးနှစ်ဖက်တွင်လည်း ကျောက်တောင်ကြီးများ ကာဆီးနေ ရာ အီရန်တို့ကျော်တက်ရန် အလွန်ခဲယဉ်း၏။ ထိုလမ်းမကြီး၏ အ ဝင်ဝသည်လည်း ကုန်းမြင့်ပေါ်၌ တည်ရှိ၏။ ထိုကုန်းမြင့်ပေါ်တွင် အေသင်တို့သည် တင်ကူး၍ တပ်စွဲမိပြီး ဖြစ်လေသည်။ အီရန်စစ် သည်များကမူ မြေပြင်မှနေ၍ အမြင့်သို့ တက်ရောက်တိုက်ခိုက်ရ သောကြောင့် အရှုံးအနိုင် များ၏။ တကြိမ်တကြိမ်လည်း စစ်သည်အ နည်းငယ်သာ တိုက်ခိုက်ခွင့်ရလေသည်။ ဒရိယပ်ဘုရင်လည်း ဂရိတို့ နေရာကောင်းကို တပ်စွဲနေမိပြီဖြစ်၍ ကြာရှည် စစ် ဆက်လက်တိုက် ရန် အကျိုးဖြစ်ထွန်းဘွယ်ရာ မမြင်သောကြောင့် အာရှမိုင်းနားသို့ ပြန်လည်ကူးသန်းခဲ့ကာ အစီမံသစ်များကို စီမံ၏။ အီရန်တို့ အေ သင်ကို တိုက်နေစဉ်က စစ်စခန်းတခုနှင့် တခုကို သတင်းပေးပို့ရာ၌

အရောင်တင်ထားသော ကာလသွားများကို နေရောင်တွင် လက်ကန် လက်ကန် ပြကာ အထိမ်းအမှတ်ဖြင့် ပေးပို့လေသည်။ ဤ"မှန်ပြ သတင်းပေးပို့စံနစ်" ကို ယခု ကျွန်ုပ်တို့ခေတ်သို့တိုင်ရောက်အောင် ပင် တတောင်နှင့်တတောင် စစ်စခန်းတခုနှင့် တခု သတင်းပေးပို့ ရာ၌ အသုံးပြုပေသည်။

ဇာဇီးဘုရင်[၁၅] **(ဘီ၊ စီ ၄၈၅-၄၆၅)။** ။ဒရိယပ်ဘုရင်သည် အစီမံ သစ်များကို စုဆောင်းဆောင်ရွက်နေစဉ်ပင် ကံကုန်လေ၏။ ခလွှဲ စားချေရန် တာဝန်များကို သားတော် ဇာဇီးမင်းအား ဆောင်ရွက် ရန် မှာထားခဲ့ပေသည်။ ဇာဇီးမင်းလည်း ခမည်းတော် ချင်းချန်ခဲ့ သော ဝတ်တရားများကို အဆုံးသတ် အောင်မြင်စေရန် အစီအမံ အမျိုးမျိုးကို ပြုလုပ်၏။

အီရန်နိုင်ငံမှဘုရင်များသည် ဂရိတို့ကို နှိမ်နင်းရန်စီမံစုဆောင်း လိမ့်မည်ကို အေသင်တို့သိ၏။ ဂရိတချို့က ခြေလျင်စစ်သည် အင် အားစုဆောင်းရန် အကြံပေး၏။သမစ်တိုကလီး[၁၆]အမည်ရှိသောသူ တဦးကမူ အီရန် စစ်သည် အလုံးအရင်းကို ဂရိတို့ ဘယ်နည်းနှင့်မျှ မနိုင်နိုင်ကြောင်းသိ၏။အင်အားကြီးမားသောရေတပ်ကြီးရှိမှသာ ခုခံနိုင်မည်ကိုအေသင်တို့အားရှင်းလင်းပြ၏။ သမစ်တိုကလီးအကြံ ဉာဏ် ပေးသည့်အတိုင်း အေသင်တို့သည် စစ်သင်္ဘောများကို အ ကြီးအကျယ်ဆောက်လုပ်၏။ ရှေးကသင်္ဘောများသည် ရှည်ရှည် မျောမျောနှင့်သင်္ဘောဝမ်းကျင်း၏။ တက် ၅၀ သာပါ၏။ သမစ်တို ကလီး ဆောက်လုပ်သော သင်္ဘောများသည် အနည်းဆုံးတက် ပေါင်း ၁၅၀ ပါ၏။ ဖိနီရှန်းသင်္ဘောများကဲ့သို့ ကျယ်ကျယ်ဝန်းဝန်း လည်းရှိပေသည်။

---

၁၅ *Xerxes* ၁၆ *Themistocles*

ဂရိ-အီရန်တတိယစစ်ပွဲကြီး (ဘီစီ ၄၈၀)။ ။ဇာဇီးဘုရင်သည် အစီအမံ အဆောင်အရွက်များ ပြီးစီးပြည့်စုံသော အခါ အာရှမိုင်းနားမှနေ၍ ဂရိကျွန်းဆွယ်သို့ မြောက်ပိုင်းမှ ချင်းနင်းချီတက်ရန် ဒါဒနယ်ရေလက်ကြားကို တန်တားဆောက်၍ကူးလေ၏။တန်တားသည်လည်း သင်္ဘောများကို တစင်းနှင့်တစင်း ကပ်၍ ဆက်ထားသောတန်တားဖြစ်လေသည်။ ဇာဇီးဘုရင်မင်းမြတ်သည် ကမ်းခြေ၌ ရွှေထီးဖြန့်မိုးကာ ဆောက်ထားသောကျောက်ဖြူပလ္လင်ကြီးထက် စံမြန်းကာ အီရန်တပ်မတော်ကြီးက တဖက်ကမ်းမှ တဖက်ကမ်းသို့ ဖြတ်ကူးသည်ကိုရှုစားတော်မူလေသည်။အီရန်တပ်မတော်ကြီးတွင် လူမျိုးစုံပါဝင်၏။ အီရန် လေးသည်ကျော်များသည် ချပ်ဝတ်တန်ဆာများနှင့် ဒေါက်ချာကဲ့သို့သော သံခမောက်များကို ဆောင်းကြ၏။ အီဂျစ်များ၊ အိန္ဒိယများ၊ အဆီရီယားများ၊ အာဖရိကတိုက်မှ လူရိုင်းများ၊ကော့ကေးရှနယ်မှ လူများသည်လူမျိုးအလိုက် အဝတ်အစား အမျိုးမျိုးကို ဝတ်ဆင်လျက် လက်နက်အမျိုးမျိုးကို ကိုင်စွဲကြလေသည်။ အချို့စစ်သည်များသည် တင်းပုတ်ကြီးများကိုသာ ကိုင်ဆောင်ကြ၏။

အီရန်တပ်မတော်ကြီး ဂရိကျွန်းဆွယ်ပေါ်သို့ ရောက်သောအခါ အေသင်နှင့် စပါတာနိုင်ငံငယ် နှစ်ခုစလုံးမှ စစ်သည်ရဲမက်များသည် တစည်းတလုံးတည်းစုရုံးကာ ရှေးကအီရန်စစ်သည်တို့ကို တွန်းလှန်ခဲ့ဘူးသည့်အေသင်သို့ဝင်ရာ လမ်းတလမ်းတည်း ဖြစ်သောတောင်ကြားလမ်းကြီးမှ ဆီးကြိုခံလင့်ကြ၏။ အီရန် တပ်မတော်ကြီးနှင့် ဂရိတို့ ရင်ဆိုင်မိသောအခါ အပြင်းအထန် တိုက်ခိုက်ကြ၏။ ရှေးနည်းအတိုင်းပင် အီရန်စစ်သည် ရဲမက်တို့သည် ရှေ့သို့ မတိုးနိုင်လောက်အောင် တန့်နေ၏။ သို့သော် ဇာဇီးဘုရင်သည် စစ်ပရိယာယ်၌ အလွန်လိမ္မာ၏။ သဘောလွယ်မည်ထင်သော ဂရိတဦး

အား လှည့်ပတ်ဖြားယောင်းကာ တောင်ကြားလမ်းကို ကွေ့ရှောင်၍ အနောက်ဖက်မှ ဝန်းရံမိအောင် အခြား ဖြတ်လမ်း ရှိမရှိ စုံစမ်း၏။ ဖြတ်လမ်းရှိကြောင်းကို သိသောအခါ အီရန် တပ်မတော်ကြီးသည် တောင်ကြားလမ်းကိုဟန်မပျက်သာ တိုက်လျက် ဖြတ်လမ်းမှ အလုံးအရင်းနှင့် ဂရိစစ်သည်တို့၏ နောက်ကျောဖက်သို့ ချီတက်လေ၏။ ဂရိတို့လည်း တောင်ကြားလမ်းကိုသာ သဲသဲမဲမဲ ဂရုစိုက်၍ ခုခံနေရာရုတ်ဘရက်နောက်ကျောမှ အီရန်စစ်သည်တော်များ ပိတ်ဆီးလိုက်သဖြင့် မကြံတတ်အောင် ဖြစ်သွားကာ တောင်ကြား၌ပင် အီရန်တို့၏ လက်ချက်ဖြင့် တယောက်မကျန် ကျဆုံးကြလေသည်။ အေသင်မြို့သို့ တိုက်ရိုက်ပေါက်ရောက်သောလမ်းမကြီးကို အီရန်တို့ သိမ်းပိုက်မိလတ်သော် အေသင်တို့သည် ပြင်းစွာ ထိတ်လန့်တုန်လှုပ်ကြ၏။အေသင်မြို့တွင် နေထိုင်သော ကလေး၊ မိန်းမ၊ သူအိုများကို စစ်ကြောင်းနှင့်ကင်းဝေးရာ တောင်ဖက်နိုင်ငံငယ်များသို့ တင်ကြို၍ ရွှေ့ပြောင်းကြ၏။ယောကျ်ားတို့ကမူ အီရန်တို့ကို ရေတပ်ဖြင့် တိုက်ခိုက်အံ့ဟု ဆောက်လုပ်ထားသော သင်္ဘောများပေါ်သို့ တက်ရောက်ကာ အေသင်မှ တိမ်းရှောင်ကြလေသည်။ အီရန်တပ်မတော်ကြီးလည်း မင်းလမ်းမအတိုင်း အောင်လံများ တလူလူလွင့်လျက် အောင်သံများကို ကြွေးကြော်လျက် အေသင်သို့ ရှေးရှုကာချီတက်ကြ၏။ လမ်းခရီး၌အီရန်တို့ကို ပြိုင်ဆိုင် ခုခံသော ဂရိစစ်တပ်များသည် တံစဉ်အောက်တွင် တိတိရိရိ ပြတ်ကျကုန်သော မြက်ပင်များကဲ့သို့ တပ်လုံးပြုတ်လျက် ပြုတ်လျက် ကျဆုံးသွားကြလေသည်။ အေသင်ကို အီရန်တို့ သိမ်းမိသောအခါ တမြို့လုံးကို ပြာကျသွားအောင် မီးတိုက်ဖျက်ဆီးလေ၏။ အီရန်ဘုရင် ဒရိယပ်လက်ထက်၌ ဂရိတို့ ဆားဒစ်မြို့ကို မီးဟုန်းဟုန်းတောက်မျှ ဖျက်ဆီးခဲ့သော ရန်စသည် သားတော် ဇာဇီးမင်းလက်ထက်၌ ပြန်၍ဝင့်လည်လေသည်။

ဇာဇီးဘုရင်သည် ခမည်းတော်အား ဂရိတို့ကို လက်စားချေပါမည်ဟု ကတိထားသည့်အတိုင်း တည်သွားပြီဖြစ်၏။ ထိုနှစ် (ဘီ၊စီ ၄၈၀) တွင်ပင် ဂရိတို့သည် အိရန်တို့၏ ရေတပ်ကို ဆာလာမစ်[၁၇] ကျွန်းအနီးတွင် ချေမှုန်းပစ်နိုင်သဖြင့်သာ သက်သာတော့သည်။ ဇာဇီးလည်း ဂရိတို့လမ်းမှ ပိတ်ဆို့ထားမည်စိုးသောကြောင့် စစ်ရေးတွင် ကျွမ်းကျင်လှသောသူ၏ စစ်ဗိုလ်ကြီးကိုအလုံးအရင်းနှင့် ထားခဲ့၍ ပြန်လည် ခရီးတက်သွားလေသည်။

ဂရိတို့သည် အိရန်ကုန်းတပ်ကို ဘီ၊စီ ၄၇၉ ၌ ပလာတီးယ[၁၈] စစ်ပွဲတွင် တိုက်ခိုက်နှိမ်နင်းနိုင်ပြန်၍ မိုင်ကေး အနီး ပင်လယ်ပြင်တွင် အိရန်ရေတပ်ကိုလည်း အောင်မြင်ခဲ့လေသည်။

---

၁၇ *Salamis* ၁၈ *plataea*

အခန်း ၁၂

ဂရိတို့တန်ခိုးကြီးလာခြင်း

လေပြင်းမုန်တိုင်း ကျရောက်ပြီးသောအခါ လေပြေလေညှင်းများတိုက်ခိုက်စမြဲဖြစ်၏။ ဂရိတို့သည် အီရန်စစ်သည် တော်တို့လက်တွင် ကြေမွခဲ့၏။ အေသင်နိုင်ငံငယ်လည်းပြာကျခဲ့၏။ အီရန်စစ်တပ်ကြီး တို့ပြန်သွားသော အခါ နိုင်ငံကို ပြန်လည်ထူထောင်ရန် အခါသို့ ရောက်လာ၏။ အေးဆေးငြိမ်သက်သော ခေတ်သို့ရောက်လာ၏။ ဂရိလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှ ပြင်ပရန်များကို ဖြိုဖျက်နိုင်မည်ဟု သိလာကြ၏။ အီရန်နိုင်ငံလည်း နီးကပ်လျက်ရှိ၏။ တနေ့နေ့လာရောက်တိုက်ခိုက်မည် ကိုလည်း စိုးရိမ်ရ၏။ ထိုကြောင့် အေသင်နိုင်ငံငယ်သည် ခေါင်းဆောင်ပြုလျက် ဂရိနိုင်ငံငယ်များကို စုပေါင်းကာ အဖွဲ့တခု ဖွဲ့ကြ၏။ ဂရိနိုင်ငံငယ်တိုင်း အင်အားကို လိုက်ကာ သင်္ဘော ဆောက်လုပ်ကြရသည်။ သင်္ဘောမဆောက်လုပ်နိုင်သော နိုင်ငံငယ်များသည် ကြေးငွေထောက်ပံ့ရလေသည်။ အီရန်တို့ ဖျက်ဆီး မီးတိုက်ခဲ့သော အေသင်နိုင်ငံငယ်ကိုလည်း အသစ်တဖန် တည်ဆောက်ကြ၏။ အေသင်ကိုထုထည်ခိုင်ခံ့သော မြို့ရိုးကြီးများဖြင့် ဆောက်လုပ် ဝန်းရံ၏။ သင်္ဘောဆိပ်ကမ်းကိုလည်း အခိုင်အခံ့ ပြုပြင်စီမံ၏။ ဂရိတို့နေထိုင်သောကျွန်းကလေးများနှင့် အခြားနိုင်ငံများသို့လည်း အေသင်တို့သွားရောက်ကာ ပညာဆည်းပူးကြလေသည်။ စပါတာတို့ကမူ အေသင်နိုင်ငံငယ်ကဲ့သို့ အဖျက်အဆီး မခံရသောကြောင့်ရှေးရိုးစဉ်လာ

အတိုင်းပင် နေထိုင်ကြ၏။ အေသင်နိုင်ငံငယ်မှုကား ဂရိနိုင်ငံငယ်တို့တွင် တိုးတက်ထူးချွန်လာ၏။ အေသင်သည် စည်ကားလာ၏။ အရောင်းအဝယ် သွက်လာ၏။ အေသင်တို့သည် စီးပွားဖြစ်ထွန်းလာကြ၏။ အီရန်တို့ အေသင်ကို မဖျက်ဆီးပါမူ ဤမျှလောက် တိုးတက်မည်မဟုတ်၊ အခြေပျက်စိတ်ပျက် ဖြစ်ခဲ့ရသောကြောင့် ပြန်လည်ထူထောင်သောအခါ စိတ်သစ်လူသစ်ဖြင့် အားကြိုးမာန်တက် ပြုလုပ်ကြလေသည်။

ပရိကလီးခေတ်[၁] (ဘီ၊ စီ ၅ ရာစု)။ ။မည်သည့်တိုင်းနိုင်ငံမဆို ခေါင်းဆောင်ကောင်းမှသာလျှင် နိုင်ငံသည် တိုးတက်ကြီးပွါးနိုင်၏။ အေသင်တို့သည် ခေတ်ပျက်ပြီးသော် ကံကောင်းထောက်မသောကြောင့် ပရိကလီးအမည်ရှိသော ခေါင်းဆောင်ကောင်းကို ရလေ၏။ ပရိကလီးသည် ဉာဏ်ပညာနှင့် ပြည့်စုံ၏။ အပြောအဆိုဍ်လည်း ပရိသတ်တို့၏ စိတ်ကို ဆွဲငင်လောက်အောင် ရှင်းလင်းပြတ်သားစွာ ပြောဆိုနိုင်၏။ အင်္ဂါရုပ်ဍ်လည်း အများ ကြည်ညိုလောက်အောင် ခန့်ညား တည်ကြည်၏။ ပရိကလီးသည် အေသင်နိုင်ငံငယ်ကို ပြုပုံမှနေ၍ ကမ္ဘာ့သမိုင်းတွင် မော်ကွန်းထိုးလောက်အောင် တည်ရစ်စေရန် အမျိုးမျိုး ဆောင်ရွက်ပေသည်။ ဂရိတို့ အထွန်းကားဆုံးအချိန်သည် ပရိကလီး ခေါင်းဆောင်သော အချိန်ဖြစ်သောကြောင့် ထိုအချိန်ကို ပရိကလီးခေတ်ဟု ခေါ်တွင်လေသည်။ ပရိကလီးသည် အမြော်အမြင်နှင့် ပြည့်စုံသူနည်းလျှင် ဂရိတို့ မကြီးပွါးနိုင်ကြောင်းကို သိ၏။ လူတိုင်းလူတိုင်း အမြင်ကျယ်မှသာ နိုင်ငံငယ်သည် တိုးတက်မည်ဖြစ်သောကြောင့် အေသင်တိုင်းကို တိုးတက်ရန် အစီအမံ ဟူသမျှတို့ကို အားပေးချီးမြှင့်လေသည်။

---

၁ *Pericles*



ပရိကလီးပုံ

အကရိုပိုးလစ်[၂]။ ။တိုင်ငုတ်တိုကြီးများသာ ကျန်ရစ်သော တန်ဆောင်းကြီးများကို ပရိကလီးသည် ကျောက်ဖြူများဖြင့် ပြန်လည်တည်ဆောက်၏။ တန်ဆောင်းကြီးများကို ဆောက်လုပ်ရာ၌ အစိုးရသည် ငွေကြေး အမြောက်အမြား အကုန်ခံပေသည်။ အဆောက်အအုံကြီးများကို တည်ဆောက်ခြင်းအားဖြင့်လည်း အေသင်တို့၏ဗိသုကာ အတတ်ကို တိုးတက်စေ၏။ အကရိုပိုးလစ် အမည်ရှိသော တောင်ထိပ်တွင် တန်ဆောင်းကြီးများကို အမျိုးမျိုး ပြန်လည်တည်ဆောက်၏။ အေသင်တို့ ဆောက်လုပ်ခဲ့သော တန်ဆောင်းကြီးများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ရှိ စေတီရင်ပြင်များ၌ တည်ဆောက်ထားသော တန်ဆောင်းကြီးများနှင့် အလွန်တူလေသည်။မြန်မာတန်ဆောင်းကြီးများတွင်ပြာသာဒ်အဆင့်ဆင့်စုလစ်မွန်ချွန်များနှင့် တန်းဆာ ဆင်ထားသော်လည်း ဂရိတန်ဆောင်းကြီးများ၌ အမိုးရိုးရိုးသာ ရှိလေသည်။ မြန်မာ တန်ဆောင်းကြီးများ၏ နံဖူးစည်းများတွင် မြတ်စွာဘုရား၏ ဖြစ်တော်ပေါင်းများကို ရုပ်လုံးများ ထုလုပ်ကာ မွမ်းမံတပ်ဆင်ထားသကဲ့သို့ ဂရိတန်ဆောင်းကြီး၏ နံဖူးစည်းများတွင် ဂရိနတ်ရုပ်တုများနှင့် ဂရိတို့တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ရုပ်လုံးထုကာ တန်းဆာဆင်ထားပေသည်။ မြန်မာတန်ဆောင်းကြီးများတွင် တိုင်လုံးကြီးများကို ခန့်ညားပေါ်လွင်အောင် ပြုလုပ်တတ်ကြ၏။ အချို့ကို မှန်စီရွှေချ၊ အချို့ကို ဖန်ကွက်မှန်ကွက်များဖြင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေအောင် ဖုံးအုပ်မွမ်းမံ၏။ ဂရိတန်ဆောင်းကြီးများတွင်လည်း တိုင်လုံးကြီးများကို ထင်ထင်လင်းလင်းနေအောင် ဂရုစိုက်ကာ တည်ဆောက်ကြ၏။ အကရိုပိုးလစ် တောင်ထိပ်ကို အဝေးမှနေကြည့်လျှင် ကျောက်ဖြူတန်ဆောင်း၏ တိုင်လုံးကြီးများ စီကာ

---

၂ *Acropolis*



အေသင်မြို့ရှိ အကရိုပိုးလစ်တောင်ကုန်း (ယခုခေတ်တွေ့မြင်ရပုံ)

စဉ်ကာ အတန်းအတန်း ဖြူးဖြောင့်နေသည်ကို ထင်ထင်လင်းလင်း တွေ့မြင်ရ၏။ အမှတ်မဲ့ကြည့်လျှင် တန်ဆောင်းတိုင်လုံးကြီးများ သည် အတူတူဟူ၍ ထင်ရသော်လည်း အသေအချာ ကြည့်ရှုလျှင် သုံးမျိုးသုံးစား ပြုလုပ်ထားသည်ကို တွေ့ရ၏။ ပဌမအစား တိုင် လုံးကြီးများသည် အလွန်ကြီးမား၏။ လုံးပတ်အလွန်ကြီးကာ တိုင် ထိပ်တွင် အလှအပဟူ၍ ဘာမျှ တပ်ဆင်ထားခြင်းမရှိချေ။ တိုင်လုံး ကြီးများသည် တတောင့်တည်းသာ ဖြစ်၏။ အချို့ကို အမြောင်း အမြောင်း ပြုလုပ်ထား၏၊ ဒုတိယ အစားတွင် တိုင်လုံးကြီးများ သည် အောက်ခြေ၌ ကြီး၍ တိုင်ဖျားသို့ ခပ်ရှူးရှူး တက်သွားလေ သည်။ တိုင်၏ လုံးပတ်လည်း မကြီးလွန်းချေ။ တိုင်ထိပ်ဖျားတွင် မျက်နှာကြက်နှင့် ထိသောနေရာ၌ ပန်းလိပ်များကို အရစ်ရစ် လှပဆန်းကြယ်စွာ ဆင်ယင်ထားပေ၏။ တတိယအစားတွင် ဒုတိယ အစားနှင့် တိုင်လုံးရှူးပုံ၊ ကြီးပုံတူသော်လည်း တိုင်ထိပ်တွင် အလှ အပ တပ်ဆင်ရာ၌ ကွဲပြားလေသည်။ တတိယအစား၏ တိုင်ထိပ် တွင် ပန်းလိပ်ပန်းရစ်များ အစား ပန်းခက်ပန်းရွက်များကို ရုပ်ရှက် ခတ် မျှတပ်ဆင်ထားပေသည်။

ကျောက်ဆစ်အတတ်။ ။ဂရိလူမျိုးသည် ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်ကျနခြင်းကို ဂရုစိုက်သောကြောင့် ကျောက်ဆစ်အတတ် တွင် အလွန် အထောက်အပံ့ ရပေသည်။ အိုလံပစ် ကစားပွဲတွင် အနိုင်ရသောသူတို့ကို ပုံတူကူး၍ ထုလုပ်ကြရာ၊ ကျောက်ဆစ်သမား တို့သည် လူ၏ ကိုယ်လုံးကိုယ်ထည် ကြွက်သား အကြောနေပုံများ ကို နိုင်နိုင်နင်းနင်း ကျနအောင် ထုလုပ်နိုင်ကြ၏။ ပရိကလီး လက် ထက်တွင် ရှေးကထက်ကျောက်ဆစ်အတတ်တွင်ထူးချွန်လာသည်။ ရှေးအီဂျစ်နှင့် အဆီရီယားတို့သည် လူရုပ်ကို ထုကြရာ၌ အရုပ်များ



အေသင်မြို့ရှိအဆောက်အအုံများ

သည် အများအားဖြင့် စန့်စန့်ကြီး မာမာတောင့်တောင့် ရပ်နေသော ရုပ်ပုံများသာ ဖြစ်၏။ ပရိကလီးခေတ်၌မူ လူ့အနေအထားနှင့် ဟန်အမူအရာ အမျိုးမျိုးကို ထုကြ၏။ လူများ နပန်းသတ်နေပုံ ကုန်းကွနေပုံ ထုလုပ်ထားသည်မှာ ပကတိ လူအစစ်များနှင့် မခြားနားလှပေ။ အချိုးအစား ညီမျှ၍ အလွန် မာန်ပါလေသည်။ ထိုကျောက်ရုပ်ထုများလည်း သေးသေးငယ်ငယ်များ မဟုတ်၊ အလွန်ကြီးမားသော အရုပ်များ ဖြစ်လေသည်။

အိုလံပီယာ။ ။ရှေးကအိုလံပစ် ကစားခုန်စားပွဲ ပြုလုပ်သောနေရာတွင် အဆောက်အအုံ အသစ်များ ထပ်မံတည်ဆောက်၏။ တန်ဆောင်းကြီးများ၊ ဇာတ်ပွဲရုံကြီးတခု၊ အပြေးပြိုင်ကွင်း၊ ပရိသတ်အတွက် ရုံကြီးများကို တခမ်းတနား ဆောက်လုပ်၏။ ဇာတ်ရုံကြီးသည် အလွန် ခမ်းနား၏။ ပွဲကြည့်ပရိသတ်များ ထိုင်သောနေရာ၌ အမိုးအကာမရှိသော်လည်း ထိုင်ခုံများသည် ကျောက်သားပကတိကို အထစ်အထစ် ပြုလုပ်ထားသော ခုံတန်းမြင့်များ ဖြစ်၏။ ကျွန်ုပ်တို့ခေတ်၌ ဘောလုံးပွဲ၊ ဆပ်ကပ်ပွဲများတွင် ပွဲကြည့်များထိုင်ရသော ခုံတန်းရှည် မြင့်ကြီးများကဲ့သို့ပင် ဖြစ်၏။ ပွဲကြည့်များထိုင်ရန် ခုံတန်းလျားမြင့်ကြီးများ ကိုလည်း ယပ်တောင်သဏ္ဍာန် ခပ်ဝိုင်းဝိုင်းဆောက်လုပ်၏။ ထိုင်ခုံများရှေ့တွင် မြေလပ်ပြုလုပ်ထားသေး၏။ မြေလပ်တွင် အတီးအမှုတ်သမားများ တီးမှုတ်ကြ၏။ မြေလပ်ရှေ့တွင် ယခု ကျွန်ုပ်တို့ခေတ်တွင် တွေ့မြင်ရသော ရုပ်ရှင်ရုံ၊ ဇာတ်ခုံများကဲ့သို့ ဇာတ်စင်ကြီးကို အသီးအခြား လှပစွာ ဆောက်လုပ်လေသည်။ ပွဲကြည့် ခုံတန်းလျား များကို ပရိသတ်ပေါင်း တသောင်းကျော်ခန့် ဆန့်အောင် အကြီးအကျယ် ဆောက်လုပ်ပေသည်။



ဂရိတို့၏ ကျောက်ဆစ်အတတ်ပညာကို ရုပ်လုံးဖော်ထားပုံ

ပြဇာတ်။ ။ပရိးကလီး၏ လုံ့လကြောင့် အေသင်တိုင်း စာရေး စာဖတ် တတ်၏။ ကလေးများသည် ငယ်ရွယ်စဉ်ကပင် ပလွေမှုတ တတ်၊ ဂရိစောင်းကို တီးတတ်ကြ၏။ အတီးအမှုတ် ဆရာများ လည်း ကလေး များကို ကျနစွာ သင်ပေးကြ၏။ သီချင်းဆန်း၊ အသံဆန်း များကို ရေးစပ်ကြ၏။ ပရိကလီး ခေတ်၌ ပြဇာတ်ဆရာ ပေါင်း မြောက်မြားစွာ ထွက်ပေါ် လာ၏။ အလွမ်းအသော နှစ်မျိုးစလုံးကို ရေးကြ၏။ ဂရိမိန်းမများသည် အလွမ်းဇာတ် များကိုသာ ကြည့်ကြရ၏။ အသောဇာတ်များမှာ အေသင် ခေါင်းဆောင်ကြီး များ၏ အပြုအမူများကို ပြောင်လှောင်ရေး သား ကပြသော နိုင်ငံရေး ပြဇာတ်များ ဖြစ်၏။ ဂရိတို့သည် မိန်းမများ နိုင်ငံရေး၌ ဝင်ရောက် စွက်ဖက်သည်ကို မကြိုက်ကြချေ။ မိန်းမတို့ နေရာသည် အိမ်မှုကိစ္စနှင့် မီးဖိုဆောင်သာ ဖြစ်သည်ဟု ယူဆကြ၏။ ပြဇာတ်ရေးသားသော ဆရာများသည် ကိုယ်တိုင် ဇာတ်ခုံပေါ် သို့ တက်၍ ဆိုင်ရာအခန်း၌ ဝင်ရောက် ကပြကြရ၏။ တဇာတ်လုံး အတွက်လည်း စီစဉ်ရ၏။ ပြဇာတ် အရေးကောင်း လျှင် အလွန် နာမည်ကျော် သွားပေ၏။ ဆုများကို ရ၏။ ညံ့ဖျင်း လျှင် ပွဲကြည့်ပရိသတ်များသည် အောင့်အည်း မနေကြ၊ လက်တွင် ကိုင်စွဲမိသမျှ သစ်သီး၊ မုံ့၊ ဘိနပ်စသည်တို့ဖြင့် ဇာတ်ခုံပေါ် သို့ ပေါက်ပြီးလျှင် အော်ကြ၊ ဟစ်ကြ၊ ပြောင်ကြ၊ သရော်ကြ၏။ ပြဇာတ်ရေး ဆရာသည် ပွဲလယ်တွင်ပင် အရှက်ကွဲ ရလေသည်။ အေသင်ဇာတ်ပွဲ၏ ထူးခြားချက် တရပ်မှာ ဇာတ်ကပြရာ၌ မိန်းမ မင်းသမီးများ မပါဝင်ခြင်း ဖြစ်၏။ ဇာတ်သဘင်တွင် ယောကျ်ား မင်းသမီး များသာ ကပြကြ၏။ သို့သော် အေသင်တို့ သောက်စား မူးယစ်ကြသော သီးသန့် ဧည့်ခံပွဲများ၌ မိန်းမ အဆို တော်၊ မိန်းမ ကခြေသည် များသည် မြန်မာ အငြိမ့်များမှာကဲ့သို့



(ဥှစလှိုဲယြုဂိ ဥှ်ယနဲခ ဓံ့ဟွငေခ ငလေခန်ခးစ္စဟ့ယါဂ) ဓံ့ဟွငေခဗွ်ပ

ကိုယ်ဘိုင် ပလေ့ကို မှတ်ကာ ဂရိစောင်းကို တီးကာ ဧည့်ခံကြပေသည်။

ပန်းချီ။ ။အေသင် တို့၏ ပန်းချီ အတတ်သည်လည်း အဆင့် အတန်းမြင့်၏။ ကျွန်ုပ်တို့ မြန်မာဖြစ် ယွန်းထည်များပေါ်တွင် ဇာတ်နိပါတ် များမှ အဖြစ်အပျက်များကို လှပစွာ ရေးဆွဲထား သကဲ့သို့ အေသင်တို့၏ အိမ်သုံးပစ္စည်း ရေအိုး၊ ရေကရား၊ မြေဖလားပေါ်တွင် အေသင်တို့၏ နေ့စဉ် အဖြစ်အပျက်များကို လှပစွာ ရေးထား၏။ ရုပ်ပုံကလေး များသည် သေးသေး သွယ်သွယ်နှင့် အသက်ရှင်ကာ လှုပ်ရှား နေသကဲ့သို့ ထင်မှတ်ရ၏။ ဂရိမဂိုလာဆောင် အခမ်းအနား၊ ဆရာနှင့် တပည့်စောင်းအတတ် သင်နေပုံ စသည်ဖြင့် အမျိုးမျိုး ရေးထားရာ ရှုကြည့်၍ မငြီးနိုင်ဘွယ်ပင် ဖြစ်၏။ ဆေးရေးထားသော မြေဖလားနှင့် ရေကရား များ၌လည်း လက်ကိုင်နှစ်ခုစီ တပ်ထားလေသည်။ အခြား လူမျိုးကဲ့သို့ လက်ကိုင် တခုတည်း မတပ်ပေ။

ရာဇဝင်နှင့်ပထဝီဝင်။ ။ပရိကလီး၏ "လူတိုင်းအမြင်ကျယ်ရမည်" ဟူသော ဝါဒအရ အေသင်တို့သည် အီရန် နိုင်ငံ အီဂျစ်နိုင်ငံနှင့် မြေထဲ ပင်လယ်တလျှောက်သို့ ရောက်ဘူး ကြ၏။ ဟီရိုဒိုတပ်[၄] အမည် ရှိသော နိုင်ငံသမိုင်းပြု ဆရာသည် အီရန်တို့၏ သမိုင်း၊ ဂရိတို့၏ သမိုင်းများကို သေချာ ကျနစွာ ရေးသားခဲ့သည်။ သူရေးခဲ့သော သမိုင်းများကို အမှီပြုပြီးလျှင် ကျွန်ုပ်တို့သည် ရှေးအီရန်နှင့် ဂရိတို့၏ အဖြစ်အပျက်များကို သိရပေသည်။ အကျွန်းကျွန်းနှင့်နိုင်ငံအသီးသီးသို့ရောက်ဘူးသော ဟီရိုဒိုတပ်သည် ကမ္ဘာကြီး၏

[၄] *Herodotus*



အေသင်တို့၏ ပန်းကန်ပြားနှင့်အိုး

မြေပုံကို အဦးဆုံး ရေးဆွဲခဲ့ပေသည်။ သူရောက်ဘူးသမျှ ကြားဘူးသမျှကို ရေးဆွဲရသဖြင့် ကမ္ဘာ့ မြေပုံသည် မစုံလင် သော်လည်း မြေပုံ ရေးဆွဲခြင်း၏ အကျိုးကို နောက်လူများ မျက်စိပွင့်လာအောင် ရေးဆွဲ ထားခဲ့သဖြင့် ကျေးဇူး တင်ဘွယ်ရာ ဖြစ်ပေသည်။ "ပိုင်သဂိုရပ်"[၄]စသော ပညာရှိများလည်း ဂျီသြမေတြီ အတတ်ကို စတင် စဉ်းစား ရေးသား ခဲ့ပေသည်။

ဆိုကရေးတီး[၅]။ ။အေသင်တို့ ကောင်းစားသော အချိန်၌ အဖက်ဖက်တွင် တိုးတက်လျက် ရှိပေ၏။ ပညာရှိ များလည်း အများအပြား ပေါ်ထွန်း၏။ ပညာရှိများ အနက် အေသင်တို့၏ စိတ်ဓာတ်ကို ပြုပြင်ခဲ့သော ဆိုကရေးတီး အမည်တွင်သော ပညာရှိ တဦး၏ နာမည်သည် ယခုခေတ်တိုင်အောင် ကျော်ကြားလျက်ရှိပေသည်။ ဆိုကရေးတီးသည် အစိုးရ ဖက်သားလည်း မဟုတ်။ စာရေး ဆရာလည်း မဟုတ်။ လူတိုင်းနှင့် ဆွေးနွေးစရာ အကြောင်း ပေါ်ပေါက်လာလျှင် လက်သင့်ခံ၍ ဆွေးနွေးသော ပုဂ္ဂိုလ်ဖြစ်၏။ ဆိုကရေးတီး၏ အမြော်အမြင် စဉ်းစား ဉာဏ်သည် နက်နဲသောကြောင့် လူအများက သူ့အား ကြည်ညို ကြ၏။ လေးစား ကြ၏။

သူ့ဝါဒသည် လူတိုင်း လူတိုင်း မိမိကိုယ်ပိုင်ဉာဏ်နှင့် မည်သည့်အရာမျိုးမဆို ချင့်ချိန်စဉ်းစား လုပ်ကိုင်ရမည် ဟူသော ဝါဒဖြစ်၏။ နိုင်ငံ၏ ဥပဒေသည် မည်ကဲ့သို့ ပြုလုပ်ထားစေကာမူ မည်သူကပင် မိမိ၏ ဝါဒကို ဆန့်ကျင်မနေစေကာမူ မိမိ လမ်းမှန်သည်ဟု ထင်မြင်က ထင်သည့်အတိုင်း ပြုလုပ်ရမည်ဟု ဆိုကရေးတီး အယူရှိ၏။ မိဘမိုက် တို့၏ စကားကို သားသမီးများ မလိုက်နာအပ်၊ အသက်ကြီး၍ ပညာအမြော်အမြင် ဗဟုသုတ ရှိသော လူကြီးများ

[၄] *Pythagoras* [၅] *Socrates*



ဟီရိုဒိုတပ်

ကိုသာ လူငယ်များသည် ရှိသေထိုက်၏။ လူတိုင်း လူတိုင်း မှန်ကန်စွာ စဉ်းစား ချင့်ချိန်နိုင်အောင် လူမှုလူရေး၌ ကျွမ်းကျင်ရမည် စသည်ဖြင့် ဆိုကရေးတီးသည် အေသင်တို့ကို ဟောပြောလေ့ရှိ၏။

ဆိုကရေးတီး၏ ဝါဒသည် အသစ်အဆန်း ဖြစ်သောကြောင့် ကြိုက် နှစ်သက်သူလည်း ပေါများ၏။ ရှေးရိုးစဉ်လာ အတိုင်း လိုက်သူများကား ဆိုကရေးတီးအား "ဂွစာ" ဟူ၍ မုန်းတီးကြ၏။ ဆိုကရေးတီး၏ ဝါဒကို မကျေနပ်၍ ဆိုကရေးတီးနှင့် ဖက်ပြိုင်ကာ လူပုံ အလယ်၌ အခြေအတင် ပြောကြသော အေသင် လူကြီး လူကောင်း များလည်း ဆိုကရေးတီး ရှင်းလင်း ပြသောအချက်တို့ မှာ မှန်ကန်နေသောကြောင့် ရှုံးကြ၏။ အရှက် ရကြ၏။

ဆိုကရေးတီးကို ချစ်ခင်သူ ပေါသလောက် မုန်းတီးသူများ လည်း ရှိလေသည်။ နောက်ဆုံး၌ ဂရိတို့ ကိုးကွယ်သော နတ်များ ကို မယုံကြည်သူ မိစ္ဆာဒိဋ္ဌိဟူ၍ တရားစွဲ ခံရ၏။ လူငယ်များကို ဖျက်ဆီးသူ ဟူ၍လည်း စွပ်စွဲခံရ၏။ အမှန်အားဖြင့်လည်း ဆိုကရေး တီးသည် နတ်များကိုလည်း မယုံ၊ စုန်းတစ္ဆေ တိတ်နိမိတ် စသော ဗာဟိရအယူဝါဒများကိုလည်း မယုံကြည်သူ ဖြစ်လေသည်။ ထို ကြောင့် ရှေးရိုးသမားများ ဖြစ်သော ခေါင်းဆောင်တို့က သေဒဏ် အပြစ်ပေး လိုက်၏။ အေသင်တို့ ဥပဒေတွင် အပြစ်ပေးခြင်း ခံရသူ သည် အလားတူ အနည်းငယ် ပေါ့သော အပြစ်ဒဏ်ကို ပြောင်းလဲ ပေးရန် လျှောက်ထား နိုင်၏။ လျှောက်ထားသော အပြစ်ဒဏ် သည် သင့်လျော်ပါက ပြောင်းလဲ ပေးလေ့ ရှိ၏။ ဆိုကရေးတီး လည်း တသက်တကျွန်း အပြစ်သို့ ပြောင်းပေးပါဟု လျှောက်ထား က တရားသူကြီး များသည် ပြောင်းလဲ ပေးချိမ့်မည်။ တရားသူကြီး များအနက် ဆိုကရေးတီးကို ချစ်ခင် ကြည်ညို သူများလည်း ပါရှိ ၏။ သို့သော် ဆိုကရေးတီးသည် မိမိအပေါ်၌ အပြစ်မရှိဟု ယူဆ

ဆိုကရေးတီး

သောကြောင့် ဒဏ်ငွေ အနည်းငယ် တပ်ရန်သာ လျှောက်ထား၏။ တရားသူကြီး များသည် သူ၏ လျှောက်လဲချက်သည် မသင့်လျော်ဟု ယူဆသဖြင့် သေဒဏ်ကို အတည် ပြုလိုက်၏။ သူ၏ မိတ်ဆွေများလည်း သူအား ကယ်ယူခိုးပြေးပါရစေဟု တောင်းပန်ကြ၏။ ဆိုကရေးတီးသည် မှန်သည် ထင်တိုင်း ပြုလုပ်ပြီး ဖြစ်၍ ငြင်းပယ်ကာ ရဲရဲဝံ့ဝံ့ အသေခံ၏။ ဆိုကရေးတီးသည် ဘီ၊စီ ၃၉၉ ၌ သေဒဏ်

ပလာတို

အပေးခံရခြင်း အားဖြင့် အေသင်သည် ကမ္ဘာပေါ်တွင် အမြော်အမြင်ကြီးသော ပညာရှိ တဦးကို ဆုံးရှုံးရလေသည်။

ဆိုကရေးတီး မရှိသည့်နောက် တပည့်ရင်း ပလာတို[၆] သည် ဆိုကရေးတီး အခြေအတင် ပြောဆိုခဲ့သော အချက် အလက်များကို ဆရာတပည့် နှစ်ဦး ဆွေးနွေးလေဟန် ဆောင်းပါးများကို

၆ *Plato*

ရေးသား လေသည်။ ဤနည်းဖြင့် ဆိုကရေးတီး၏ ဝါဒသည် ဂရိ နိုင်ငံတွင် အမြစ်မပြတ်ဆက်လက် စည်ပင်လျက် ကျန်ရစ် ပေ သည်။

စကား အဟော အပြော။ ။ပရိကလီး ကိုယ်တိုင်ပင် စကား အရာ၌ ချောင်၏။ နိုင်ငံကို ခေါင်းဆောင်သော သူများသည် စကား အရာ၌ လိမ်မာမှသာ နိုင်ငံသူ နိုင်ငံသားများကို လိုရာသို့ ဆွဲဆောင် နိုင်ပေသည်။ ပရိကလီးလည်း စကား အဟောအပြော အရေးကြီး ခြင်းကို သိသဖြင့် အေသင် နိုင်ငံရှိ တက်လူကလေးများကို စကား အဟော အပြော ကောင်းအောင် လေ့ကျင့် စေ၏။ နိုင်ငံငယ်၏ ခေါင်းဆောင်များလည်း ကျောက်စင်မြင့် ကလေးများပေါ်မှ နေ၍ လူစုဝေးကြီးများကို စကား ဟောပြောလေ့ ရှိသည်။

သွေးကွဲခြင်း။ ။ဂရိ နိုင်ငံငယ်များ အနက် အေသင် နိုင်ငံငယ် တခုတည်းသာ ရောင်းဝယ် ဖေါက်ကားမှုမှ စ၍ အစစ အရာရာတွင် ထွန်းကား တိုးတက် သောကြောင့် အခြား နိုင်ငံငယ်များသည် မနာလိုစိတ် ကြောက်ရွံ့စိတ်များ ဖြစ်ပေါ် လာကြ၏။ အေသင် နိုင်ငံငယ် စည်ကားကြီးပွါး သလောက် ကျန်နိုင်ငံငယ်များသည် ရှေးရိုး သက်သက် နေထိုင် ကြတုန်းပင် ဖြစ်၏။ စပါတာသည် အေသင်ကို မနာလို မုန်းထားဆုံး ဖြစ်၏။ အီရန်ကို ကြောက်ရွံ့ သဖြင့် ဂရိတို့ ရေတပ်ဖွဲ့စည်းရာ၌ အေသင်ကသာ ခေါင်းဆောင် သဖြင့် ရေတပ်တွင် အေသင်သာ စိုးမိုး လေ၏။ စပါတာ တို့သည် စစ်သည် အင်အား၌ အထူးချွန်ဆုံး နိုင်ငံငယ် ဖြစ်ပါလျက် အေသင်တို့ တိုးတက် နေသည်ကို မရှုလိုသော ကြောင့် စစ်တိုက် ရန်အကြောင်းရှာပြီးလျှင် အေသင်ကို တိုက်ခိုက်၏။

စပါတာတို့ အလုံးအရင်းနှင့် ချီတက်လာသော အခါ အေသင် အနီးတွင် နေထိုင် ကြသော ရွာကလေးများမှ ဂရိတို့သည် အေသင် မြို့ရိုး အတွင်းသို့ ဝင်ရောက် ပုန်းခိုကြ၏။ ချီတက်လာသောစပါတာ တို့လည်း အမျိုးသားချင်းကိုမျှ မညှာမတာ အေသင် ရွာများကို မီးရှို့ ဖျက်ဆီးကြလေ၏။ အေသင်မြို့ရိုးအပြင်ဖက်တွင်ကား မီးခိုး တလူလူနှင့် မှိုင်းညို့ သွားတော့၏။

အေသင် မြို့ရိုး ပြင်ဖက်တွင် မီးလောင်မြေ ဖြစ်ပြီးသော အခါ စပါတာ တို့သည် အေသင် တို့ကို မြို့ရိုးပြင်ဖက်သို့ ထွက်လာအောင် သွေးဆောင်၏။ သို့သော် အမြော် အမြင်နှင့် ပြည့်စုံ၍ နိုင်ငံသူ နိုင်ငံသားများအား နားဝင်အောင် ရှင်းလင်း ပြောတတ်သော ပရိကလီးသည် အေသင်တို့၏ စိတ်ကို ငြိမ်းအေးစေ၏။ မြို့ရိုးပြင် ဖက်သို့ ထွက်၍ စစ်မပြိုင်ရန် တိုက်တွန်း၏။

တနှစ်ပတ်လုံး မြို့ကို အဝိုင်းခံနေရသော အေသင်တို့သည် စပါတာတို့အား စစ်ပြေငြိမ်းရန် စကား ဆို၏။ သို့သော် စပါတာ တို့သည် အထင်ကြီးပြီးလျှင် သွေးမြင့် နေသဖြင့် စစ်ပြေငြိမ်းရန် စကားကို ငြင်းဆို၏။ စစ်ပြေငြိမ်းရန် ငြင်းဆိုသော်လည်း အေသင် မြို့ရိုးကိုမူ မည်ကဲ့သို့မျှ ဖောက်ထွင်း ဖြိုဖျက်ရန် မတတ်နိုင်ကြချေ။ တဖက်နှင့် တဖက် စောင့်၍သာ အချိန်ဖြုန်း ကြလေ၏။

တနှစ်ထက် တနှစ် ကြာမြင့် လာသောအခါ အေသင်တို့သည် လှုန်မ်း စိတ်ပန်း ဖြစ်လာ ကြ၏။ ဆူပူလှုပ်ရှား လာကြ၏။ ပရိ ကလီးကို အပြစ်တင်ပုတ်ခတ် ပြောဆိုကြ၏။ သို့ပါလျက် ပရိကလီး သည် နိုင်ငံသူ နိုင်ငံသားများအား ဇွဲဖြင့် ခုခံပါက တနေ့တွင် အနိုင် ရမည့် အကြောင်းကို ပြတ်ပြတ် သားသား ဟောပြောပြန်ရာ ဆူပူ လှုပ်ရှားမှု များသည် ငြိမ်းအေးသွား၏။ အေသင် နိုင်ငံငယ်သည် မြို့ရိုးကြီးနှင့် ပရိကလီး၏ နှစ်သိမ့်သော စကားလုံးများကြောင့်



အေသင်မြို့ အိုလံပစ်တောင်တန်းရှိ ဂျူပီတာနတ်ကွန်း

သက်တမ်း ရှည်ပေ၏။ နောက်ဆုံး၌ အေသင်တွင် ပလိပ်ရောဂါ ပြန့်ပွား လေ၏။ လူပေါင်း အမြောက်အမြား သေဆုံး ကြ၏။ ပရီကလီးလည်း ပလိပ်ရောဂါစွဲကပ်ကာ သေဆုံးသွား၏။ ဤမျှ လောက် အတိဒုက္ခရောက် နေသော်လည်း အေသင် တို့သည် ငါတို့ ၏ အဆွေများသည် မြို့ကို ခုခံနေစဉ် သေဆုံးကြပြီ။ ငါတို့ အသက် ရှင်ရစ်ခဲ့သော လူများလည်း မြို့ကို ကာကွယ်အံ့ဟု စိတ်တင်းကာ ဇွဲမြဲကြီးစွာဖြင့် နေထိုင် ကြ၏။

ဆယ်နှစ် ကြာသောအခါ နှစ်ဦးနှစ်ဖက် ကြေအေး ကြပြီး လျှင် မည်သူ အားမျှ အကျိုး မထင်စေဘဲ စစ်ပွဲသည် ပြီးဆုံးသွား လေ၏။

ထိုအချိန်မှ စ၍ စပါတာနှင့် အေသင်တို့ ရန်စသည် တငွေ့ငွေ့ လောင်လေ၏။ အေသင်၌ ခေါင်းဆောင်ကောင်း တဦး ဆုံးသွား သဖြင့် အီရန် ဘုရင်များထံ စပါတာကို နှိမ်နင်းရန် အကူ အညီ တောင်းရ၏။ အီရန်တို့သည် နိုင်ငံခြား၏ ပြည်တွင်းရေး ကိစ္စတွင် ဝင်ရောက် စွက်ဖက်ခြင်း မပြုပေ။ မကြာခဏ စစ်ပွဲကြီးများဖြစ်ပွါး ပြန်ရာ နှစ်ဘက် စလုံးပင် ရှုံးချည်တခါ နိုင်ချည်တလှည့် ဖြစ်ခဲ့၍ နောက်ဆုံး ဘီ၊ စီ ၄၀၄ တွင် စပါတာသည် အေသင်ကို ထပ်မံ တိုက်ခိုက်အောင်မြင် လေ၏။ အေသင် တို့သည် ထိုအခါ၌ ပလိပ် ရောဂါ နှိပ်စက် ခဲ့သဖြင့် လူဦးရေလည်း နည်းပါး လေပြီ။ ခေါင်း ဆောင်ကောင်းလည်း မရှိတော့ပြီ။ ထိုကြောင့် စပါတာတို့ လက် တွင် အေသင် မြို့ရိုးကြီးများသည် ပြိုကျပျက်စီးတော့၏။ ရေတပ် လည်း ဆုတ်ယုတ် သွား၏။ ပရီကလီးကြောင့် ထွန်းကား ခဲ့သော အေသင် နိုင်ငံငယ်သည် ပရီကလီးနှင့် အတူ ညှိုးမှိန် သွားလေ၏။ ဂရိ ကျွန်းဆွယ်တွင် စပါတာတို့ တန်ခိုး ကြီးလာ၏။ စစ်သားစိတ် နှင့် တိုးတက် လာသော စပါတာတို့သည် နိုင်ငံငယ်များကို အုပ်

ချုပ်ရာ၌ ကြမ်းကြုတ် ရက်စက်လှ၏။ စပါတာ လက်အောက်တွင် နေကြရသော နိုင်ငံငယ် များသည် စပါတာကို မကြည်ညိုကြချေ။ မကြည်ညိုသူများအနက် အေသင်တို့သည် ခေါင်းဆောင်ဖြစ်ကြ၏။ အေသင် ရေတပ်ဗိုလ်မှူးကြီး တဦးသည် အီရန် ဘုရင်များထံ အောက်ကျို့ပြီးလျှင် သင်္ဘောများကို ငှါးရမ်းကာ စပါတာတို့ကို သင်္ဘောတပ်ဖြင့် တိုက်ခိုက် သေး၏။ စပါတာတို့လည်း သူ့ပုန်ကို ခုခံ တိုက်ခိုက်ရုံမျှ မက အီရန် ဘုရင်ထံ သွားရောက်ပြီးလျှင် အီရန်တို့ကို ရေမြေအရှင် သခင်မင်းမြတ် အဖြစ်ဖြင့် သစ္စာတော် ခံပါသည်။ အခြား ဂရိ နိုင်ငံငယ်များကို မကူညီပါနှင့်ဟု ခယ တောင်းပန် ရလေသည်။ စပါတာ တို့သည် ကိုယ့်လူမျိုး အချင်းချင်း အပေါ်တွင် တန်ခိုးလွှမ်းမိုးသော်လည်း လူမျိုးခြား လက်အောက်တွင် ရှက်ဖွယ်လိလိ အောက်ကျ နောက်ကျဖြစ်ရလေသည်။

ဂရိတို့ကား သွေးကွဲ လေ၏။ ဂရိလူမျိုးချင်း ပူးပေါင်းမည့်အစား လူမျိုးခြား အီရန် တို့ကိုသာ အမြတ်တနိုး အောက်ကျို့ကြ၏။ သီးဘီး[၁]အမည် ရှိသော ဂရိ နိုင်ငံငယ် တခုသည် စစ်ဆင်စစ်တက်၌ နည်းသစ် ရှာဖွေ၍ ရသော အခါ စပါတာတို့နှင့် စစ်ပြိုင်လေ၏။ စပါတာတို့သည် စစ်တိုက်ရာ၌ တတန်းနောက် တတန်းစီပြီးလျှင် ရန်သူတို့ကို တိုက်ခိုက်လေ့ ရှိ၏။ သီးဘီးတို့မူ မြားဦးကဲ့သို့ စစ်သား များကို စီစဉ်ပြီးလျှင် ရန်သူတို့ကို အားကုန် သွန်၍တိုက်သော နည်းကို အသုံးပြုပြန်၏။ နိုင်ငံတွင်း စစ်ပွဲတွင် သီးဘီးတို့ အရေးလှ၍ သီးဘီးတို့သည် စပါတာတို့၏ အာဏာကို ဟန့်တားနိုင်ပေ၏။ ဘီ၊ စီ ၃၇၁ တွင် စပါတာ လက်အောက်မှ လွတ်၏။ သို့သော် လွတ်လပ်သော နိုင်ငံငယ်အဖြစ် အသိအမှတ်ပြုရန် အီရန်

---

၁ *Thebes*

ဘုရင်ထံတောင်းပန်ရလေသည်။ အေသင်နိုင်ငံငယ်လည်း စပါတာ တို့လက်အောက်မှ လူးချည်လွန့်ချည်နှင့် ပုန်စား ပုန်ကန် ပြုလေ့ ရှိ၏။ ဂရိကျွန်းဆွယ် တခုလုံးရှိ နိုင်ငံငယ်အသီးသီးသည် စည်းလုံး ညီညွတ်ခြင်း မရှိကြချေ။ အချင်းချင်း စစ်ပြိုင် တိုက်ခိုက် နေသည့် သာ များလေသည်။

အခန်း ၁၃

အလက်ဇန္ဒား မင်းတရား

မက်ဆီဒိုနီးယား။ ။ဂရိတို့ သွေးကွဲပြီးလျှင် အချင်းချင်း တိုက်ခိုက် ဂုဏ်ပြိုင်နေကြသော အခါ ဂရိနိုင်ငံ၏ မြောက်ဖက်တွင်ရှိသော မက်ဆီဒိုနီးယားနယ်ကိုမူ မည်သည့် နိုင်ငံကမျှ ဂရုမထားချေ။ မက်ဆီဒိုနီးယား နယ်မှ လူများလည်း သူတို့ ကိုယ်ကို သူတို့ဟဲလင် လူမျိုးဟုခေါ်ကြသော်လည်း ဂရိတို့လောက် မယဉ်ကျေးချေ။ မက်ဆီဒိုနီးယား နယ်မှအိမ်ရှေ့ မင်းသားဖိလစ်သည် ငယ်စဉ်က သီးဘီး နိုင်ငံငယ်သို့ သွားရောက်ကာ စာပေနှင့် ယဉ်ကျေးမှုအမျိုးမျိုးကို ဆည်းပူး သင်ကြားခဲ့၏။ သီးဘီးတို့၏ စစ်ဆင် စစ်တက်နှင့် စစ်သားများကို စစ်ရေးစစ်ရာ ကျင့်ပေးခြင်း အတတ်တို့ကို အထူးသဖြင့် လေ့လာ လိုက်စားခဲ့၏။

ဖိလစ်(ဘီ၊ စီ ၃၆၀-၃၃၆)။ ။အသက်နှစ်ဆယ့်သုံးနှစ် အရွယ်သို့ ရောက်သောအခါ ဖိလစ်သည် မက်ဆီဒိုနီးယား၏ထီးနန်းကို သိမ်းမြန်းစိုးစံ၏။ နန်းတက်လျှင် တက်ချင်းပင်သီးဘီး၌ ဆည်းပူးခဲ့သောစစ်အတတ်ကို အသုံးချလေ၏။ ရှေးဦးစွာ ဖိလစ်ဘုရင်သည် မက်ဆီဒိုနီးယား နယ်စပ်၌ တည်ရှိသော မြို့ကလေးများကို တမြို့ပြီးလျှင် တမြို့ သိမ်းယူ၏။ သင်္ဘောတပ်များ တည်ဆောက်ရန် အတွက်လည်း သင်္ဘောဆိပ် တမြို့ကို သိမ်းယူ၏။ တစ တစဖြင့် ဖိလစ်သည် ဂရိကျွန်းဆွယ်မြောက်ဖက်တလွှားကို တိုက်ခိုက် လေ၏။ အောင်

နှင့် စပါတာတို့သည် ဖိလစ်ဘုရင်နှင့် တနေ့နေ့တွင် စစ်ပြိုင် ရမည်ဟု သိရှိသော်လည်း အချင်းချင်း စစ်တိုက် နေရသောကြောင့် မြောက်ဖက်မှ ထိပါးလာသော ရန်သူတို့ ဂရုမစိုက်နိုင်ကြချေ။ အိမ်သား အချင်းချင်း မသင့်မမြတ် ဖြစ်နေလျှင် သူစိမ်းသည် ဝင်ရောက်ကုန်းချောဖျက်ဆီးရန် လွယ်ကူသကဲ့သို့ အမျိုးသား အချင်းချင်း မညီမညွတ် ဖြစ်နေလျှင် ပြင်ပရန်သူသည် ဝင်ရောက် တိုက်ခိုက်ရန် လွယ်ကူ၏။ ဖိလစ်သည် ဂရိကျွန်းဆွယ်၏ မြောက်ပိုင်းနယ်များကို သိမ်းယူ ပြီးသော် အေသင်နိုင်ငံငယ်ကို တိုက်ခိုက်၏။ အေသင်တို့သည် ရှေးအေသင်တို့ မဟုတ်၊ စပါတာနှင့် အချင်းချင်း စစ်တိုက်ရလွန်းသဖြင့် စစ်ပန်း နေပြီ ဖြစ်သောကြောင့် အေသင်သည် ဖိလစ်ဘုရင်၏ ခြေဖဝါး အောက်သို့ ကျရောက်လေ၏။ သို့သော် ဖိလစ်သည် ဂရိတို့၏ စာပေနှင့် အတတ် အမျိုးမျိုးကို လေးစားသောကြောင့် အခြား နိုင်ငံငယ်ကို ဖျက်ဆီးသကဲ့သို့ စာပေနှင့် ယဉ်ကျေးမှုအမျိုးမျိုး ထွန်းကားရာ အေသင်ကို မဖျက်ဆီးပေ။

ဂရိနိုင်ငံ တခုလုံးကို လက်ရသိမ်းယူပြီးသော အခါ ဖိလစ်သည် စစ်သည် အင်အား ရေတပ် အင်အား တောင့်တင်းလာပြီး ဖြစ်၍ အီရန် နိုင်ငံသို့ စစ်ဦးလှည့်ရန် စီစဉ်ပြန်၏။ စစ်မက်အင်အား စုဆောင်း နေစဉ်ပင် ဖိလစ်သည် ရန်သူတဦး၏ လက်ချက်ဖြင့် အသက်ဆုံး လေ၏။

လှံပျံ။ ။ဖိလစ် လက်ထက် မတိုင်မီ ရှေးဂရိတို့သည် ခွန်အား ဗလကိုသာ များစွာ အားကိုး၏။ စစ်တိုက်ရာ၌ စစ်ရထား၊ မြင်း၊ ဓား၊ လှံ၊ လေးမြား တို့ကိုသာသုံး၏။ ဖိလစ်သည် စစ်ဆင်စစ်တက်၌ အသစ် အဆန်းဖြစ်သော သီးဘီး၏ မြားဦးပုံ စစ်ဆင်နည်းကို အတုယူကာ တိုက်ခိုက်၏။ စစ်ပြိုင်ရာ၌ ခွန်အား ဗလသည်

အလက်ဇန္ဒားမင်း

လူချင်း နီးကပ်မှသာ အရာရောက်၏။ တဦးနှင့်တဦးအလှမ်းဝေးဝေးမှ တိုက်လျှင် အရာ မရောက်ချေ။ လက်နက်ကောင်းမှသာ စစ်ရေးတွင် ထူးချွန်နိုင်၏။ ထို့ကြောင့် ဖိလစ်သည် လက်နက်သစ် တခုကိုတီထွင်၏။ လက်နက်သစ်သည် တူးလေးသဏ္ဌာန်ရှိ၍လုံကြီးများကို တပ်ဆင်ကာ အချက်ပေါင်း များစွာ ပစ်ခတ်နိုင်သော အဆောက်အဦ တမျိုး ဖြစ်၏။ ထိုအဆောက်အဦသည် မြားနှင့် ပစ်သကဲ့သို့ပင် လုံကြီးများကို အဝေးမှ နေ၍ ရန်သူတို့ ဦးခေါင်းပေါ်သို့ မိုးသီး မိုးပေါက်များ ရွာချ သကဲ့သို့ ကျရောက်အောင် ပစ်နိုင်၏။ ဤလက်နက် သစ်ဖြင့် ဂရိကျွန်းဆွယ် တခုလုံးကို ပြားပြား ဝပ်အောင် သိမ်းယူ နိုင်ခဲ့သည်။

အလက်ဇန္ဒား။ ။(ဘီ၊ စီ ၃၅၆ - ၃၂၃)။ ။ဖိလစ် ဘုရင်သည် အသက်ရှင်စဉ်က တကမ္ဘာလုံးကို အုပ်စိုးလိုသော ဆန္ဒရှိ၏။ သားတော် အလက်ဇန္ဒားကိုလည်း သူ့ခြေရာကို နင်းကာ ဘုန်းတန်ခိုးကြီးသော ဘုရင် ဖြစ်စေလို၏။ သားတော်ငယ်စဉ်ကပင် ဆိုကရေးတီးဂိုဏ်းဝင် ပညာရှိ အရစ္စတိုတယ်[၁]ထံ ပညာ ဆည်းပူးစေ၏။ အလက်ဇန္ဒား၏ မယ်တော်သည် ရှေးဟောင်း ပုံပြင်များကို အလွန်နှစ်သက်၏။ မယ်တော့် ရင်ခွင်တွင် အလက်ဇန္ဒား မင်းသားငယ်သည် ရှေးသူရဲကောင်းတို့ အကြောင်းကို စပ်ဆိုထားသော သီချင်းများကို အစဉ်ကြားခဲ့ရ၏။ ဤသို့ ကြီးပြင်းလာရာ အလက်ဇန္ဒားသည် ရှေးသူရဲကောင်း များကဲ့သို့ စွန့်စား လို၏။ အရစ္စတိုတယ်၏ တပည့် ဖြစ်ခဲ့သောကြောင့်လည်း လူမှုလူရေး၌ အမြော်အမြင်ရှိလေ၏။

တဆယ့် ခြောက်နှစ် အရွယ်ကပင် အလက်ဇန္ဒား မင်းသား

---

၁ *Aristotle*

သည် စစ်မြေပြင်သို့ ထွက်ရောက် တိုက်ခိုက် ခဲ့၏။ မက်ဆီဒိုံစစ်သည် ရဲမက်များကို ခေါင်းဆောင်ကာ နယ်စပ်ရှိ လူရိုင်းများနေသော ရွာတို့ကို တိုက်ခိုက် သိမ်းယူခဲ့၏။ အသက် နှစ်ဆယ်ရွယ်သို့ ရောက်သော အခါ ခမည်းတော် ဖိလစ်ဘုရင်၏ ထီးမွေ နန်းနှစ်ကို ဆက်ခံလေ၏။

ပြည်တွင်းရန်။ ။ဂရိ နိုင်ငံငယ် အသီးသီးသည် ဖိလစ် ဘုရင် ရုတ်တရက် နတ်ပြည်စံသော အခါ များစွာ ဝမ်းမြောက်ကြ၏။ အေသင် နိုင်ငံငယ်မှ စ၍ ဂရိကျွန်းဆွယ်ရှိ နိုင်ငံငယ် အသီးသီးသည် မက်ဆီဒိုံတို့ လက်အောက်မှ လွတ်ပြီ ဟူ၍ အောင်သဘင် များကို စီရင် ရှင်မြူးကြ၏။ မက်ဆီဒိုံတို့အညွန့်တုံးသွားပြီဟု ထင်မှတ်ကြ၏။ နိုင်ငံငယ်တိုင်း ကိုယ့်မင်း ကိုယ့်ချင်းနှင့် ပြန်လည်ကာ အုပ်ချုပ်လျက် မက်ဆီဒိုနီးယားကို ပုန်ကန် ကြလေ၏။ သို့သော် ဖိလစ်ဘုရင်ထက် ပိုမို ထက်မြက်သော သားတော်၏ အစွမ်းကိုမူ မသိရှာကြသေးချေ။

အလက်ဇန္ဒားသည် မက်ဆီဒိုနီးယား ထီးနန်းကို သိမ်းမြန်းပြီးလတ်သော် အကွဲကွဲ အပြားပြား တထီးတနန်း စံကြလေသော နိုင်ငံငယ် များကို ပြန်လည် စုပေါင်းရန် စီမံ၏။ အလက် ဇန္ဒားသည် သူ၏ခမည်းတော် ကဲ့သို့ပင် ကမ္ဘာတဝန်းလုံးကိုအုပ်စိုးလို၏။ အာရှတိုက်နှင့် ဥရောပ တိုက်ကို သူ့ လက်အောက်သို့ သိမ်းသွင်းလို၏။ ကမ္ဘာ တဝန်းလုံးကို မအုပ်စိုးမီ နိုင်ငံတွင်းရန် ငြိမ်သက်အေးချမ်းမှသာ ရှေ့သို့ တိုးတက် ချီတက် တိုက်ခိုက် သိမ်းယူနိုင်မည်ကို မြင်သောကြောင့် အလက်ဇန္ဒားသည် ရဲမက်ဗိုလ်ပါ စုဆောင်းလျက် တောင်ဖက်သို့ ချီတက်ကာ ဝံ့ဝံ့စားစား ပုန်ကန်သော သီးဘီး နိုင်ငံငယ်ကို ရှေးဦးစွာ နှိမ်နင်း၏။ သီးဘီးနိုင်ငံငယ် တခုလုံး



အရစ္စတိုတယ်

ကို မီးတိုက်၏။ နိုင်ငံသူ နိုင်ငံသားများကို ရက်ရက် စက်စက် သတ်ဖြတ်၏။ အများအပြားကို ကျွန်အဖြစ်ရောင်းပစ်၏။ သို့သော် ဂရိစာပေနှင့် ယဉ်ကျေးမှု များကို လေးစားသူဖြစ်သဖြင့် ပင်ဒါ[၂]ခေါ် ကဗျာ ဆရာကြီး တဦး၏ အိမ်တလုံးကို ချန်လှပ် ထားခဲ့ပေသည်။

သီးဘီး၏ အဖြစ် အပျက်ကို ကြားကြသော အခြား နိုင်ငံငယ်များသို့ အလက်ဇန္ဒားသည် ချီတက် သိမ်းယူရန် မလိုတော့ပေ။ အလက်ဇန္ဒားကို ဂရိ ကျွန်းဆွယ် တခုလုံးသည် သိမ့်သိမ့်တုန်မျှ ကြောက်ရွံ့ကြလေ၏။ အလို အလျောက် အသီးသီး နှိမ့်ချကာ ခြေဖဝါးတော်အောက်သို့ ဝင်ရောက်လာကြ၏။ ဤသို့ ပြည်တွင်းရန်သည် ငြိမ်းအေးသွား သဖြင့် အီရန်နိုင်ငံသို့ စစ်ဦးလှည့်ရန်သာ လိုသောကြောင့် အလက်ဇန္ဒားသည် မက်ဆီဒိုနီးယား နယ်သို့ သီးဘီးမှ ပြန်လည်ချီတက်ပြီးလျှင် အီရန် နိုင်ငံသို့ ချီတက်ရန် ဗိုလ်ဝင်ခံ၏။ စီမံဘွယ်ရာရှိသည်များကို အကြီး အကျယ် စီမံလေ၏။

လောက်လွှဲ။ ။ဖိလစ် လက်ထက်၌ လှံပျံကြီးများကို စီမံသကဲ့သို့ အလက်ဇန္ဒားသည် ကျောက်ခဲ လုံးကြီးများကို ရန်သူ စစ်တပ်များပေါ် သို့ ကြဲချနိုင်ရန် လက်နက်တမျိုးကို စီမံပြန်၏။ လောက်လွှဲကြီးများသည် လှံပျံ၏ အဆောက်အဦကဲ့သို့ ဖြစ်၍ လှံအစား ကျောက်တုံးကြီးများကို ထည့်သွင်း ပစ်ခတ်နိုင်သော အဆောက်အဦများဖြစ်၏။ ကျောက်တုံး မိုးကြီးရွာသကဲ့သို့ လောက်လွှဲများမှ ပစ်ခတ်လိုက်သော ကျောက်တုံး ကျောက်ခဲများကို ရန်သူတို့သည် မခံမရပ်နိုင်၊ ဖရိုဖရဲ ကစင့်ကလျား ပြေးလွှားရ၏။ ကျွန်ုပ်တို့ ခေတ်၌ အသုံးပြုသော အမြောက်ကြီးများကဲ့သို့ပင် လောက်လွှဲကြီးများသည်

---

၂ *Pindar*

ထိုခေတ်က ကြောက်ခမန်းလိလိ ဖြစ်သော လက်နက် ကြီးများ ဖြစ်လေသည်။

အီရန်နိုင်ငံသို့။ ။ရဲမက် ဗိုလ်ပါနှင့် လက်နက်များကို စုဆောင်း ပြီးသော အခါ အလက်ဇန္ဒား ဘုရင်သည် ဂရိကျွန်းဆွယ်၏ မြောက် ဖက် ကမ်းရိုးတန်း အတိုင်း အီရန် နိုင်ငံတွင်းသို့ ချီတက် လေ၏။ အလက်ဇန္ဒား မတိုင်မီ ရှေးနှစ်ပေါင်း ၁၅၀ ခန့်က ဇာဇီး ဘုရင်သည် အီရန် နိုင်ငံမှ ဂရိ ကျွန်းဆွယ်သို့ အလုံးအရင်းနှင့် ချီတက်ခဲ့ဘူးသော စစ်ကြောင်း အတိုင်း အလက်ဇန္ဒားသည် အီရန် နိုင်ငံတွင်းသို့ ပြန် လည် ချီတက် လေ၏။ ဒါဒနယ် ရေလက်ကြားကို ဖြတ်ကျော်ကာ အာရှ မိုင်းနားမြေသို့ နင်းမိလေသော် အာရှမိုင်းနားရှိ အီရန်မြို့ စောင့် စစ်တပ်ကလေးများသည် မက်ဆီဒို စစ်တပ်နှင့် ယှဉ်ပြိုင်ရန် အင်အားချင်း မမျှသော ကြောင့် ဆုတ်ခွါ ကြရ၏။ အလက် ဇန္ဒားသည် အာရှမိုင်းနားရှိ မြို့များကို တမြို့ပြီးလျှင် တမြို့ သိမ်းယူ လေ၏။ အီရန်ဘုရင်မှာ ကြွယ်ဝသော နိုင်ငံကြီးကို အုပ်စိုးနေရ သဖြင့် စည်းစိမ်၌ ယစ်မူးနေကာ စစ်မှုကို အမေ့အလျော့ နေ၏။ ထို့ပြင် အီရန် တပ်မတော်မှာ လူမျိုးစုံ ပါဝင်၍ နိုင်ငံချစ်စိတ် မရှိ သော ကြေးစား စစ်သည်များသာ ဖြစ်သည်။ ထို့ကြောင့် အီရန်တို့ စစ်ရေး နိမ့်ရလေသတည်း။

အိန္ဒိယသို့။ ။အီရန် နိုင်ငံကြီးကို လုံးဝ ရရှိလေသော် အလက် ဇန္ဒားသည် အီရန်ဘုရင်မင်းမြတ်တို့ စံရာ ပါစီပိုလစ်[၃] မြို့တော်ရှိ နန်းတော်ကြီး၌ သေရည် သေရက်ကို သောက်စားကာ အပျော် ကြူး၍ နေလေ၏။ အီရန် မှူးမတ်များနှင့် စစ်သူကြီးများက

[၃] *Persepolis*

မြောက်ပင့် ချီးကျူးလွန်းသဖြင့် အလက်ဇန္ဒားသည် စိတ်ကြီးဝင် လျက် နေ၏။ တနေ့သ၌ မူးယစ်သောက်စား ကြသော မင်းပွဲ သဘင်တွင် ရှေးအီရန်ဘုရင် ဇာဇီးသည် အေသင် နိုင်ငံငယ်ကို မီးတိုက် ဖျက်ဆီးခဲ့သော အကြောင်းသို့ စကားစပ်မိ ကြရာ အလက် ဇန္ဒားသည် ဒေါသထွက်ကာ ရုတ်ခြည်းထ၍ နန်းတော်ကြီးကို ကိုယ်တိုင် မီးရှို့လေ၏။ နှစ်ပေါင်း ၂၀၀ ခန့် အာရှတိုက်၏ ကျက် သရေအဖြစ် တည်ရှိခဲ့သော ခမ်းနားလှပသည့် နန်းတော်ကြီးသည် အလက်ဇန္ဒား၏ လက်တွင် လောင်ကျွမ်း ပြာကျရ၏။ မီးမလောင် နိုင်သော နန်းတော်၏ ကျောက်လုံး တိုင်ကြီးများသာ ငုံးတိတိ ကျန်ရစ်လေသည်။

အီရန် နိုင်ငံ၌ အပျော်ကြူးနေစဉ် အလက်ဇန္ဒားသည် မြို့ပြ များနှင့် စည်ကား ကြွယ်ဝ နေသော အိန္ဒိယနိုင်ငံ အကြောင်းကို ကြားပြန်၏။ လောဘ မသတ်နိုင်သော အလက်ဇန္ဒားသည် အိန္ဒိယ သို့ ဆက်လက် ချီတက်ပြန်၏။ ထိုစဉ်အခါက အိန္ဒုမြစ်ဝှမ်းတွင် ကိုယ့်မြို့နှင့်ကိုယ် စိုးစံ နေသော ဘုရင်ပေါင်း မြောက်မြားစွာ ရှိ၏။ တမြို့နှင့် တမြို့လည်း မသင့်မတင့် မညီမညွတ်၍ မကြာမကြာ အချင်းချင်း စစ်ပြိုင်လျက် ရှိ၏။ ထို့ကြောင့် အလက်ဇန္ဒား တပ် မတော်ကြီးသည် အိန္ဒိယ တောင်ကြားလမ်းမှ ဖြတ်ကျော်ဝင်ရောက် လာကာ အိန္ဒုမြစ်ဝှမ်းကို အလွယ်တကူ အောင်နိုင် လေသည်။ ပေါရုသ ၄အမည် ရှိသော ဘုရင်တပါးတည်းသာ ခုခံ တိုက်ခိုက်၏။ ပေါရုသနှင့် တိုက်ခိုက်သော စစ်ပွဲတွင် အလက်ဇန္ဒားသည် အပြင်း အထန် ဒဏ်ရာ ရသော်လည်း ပေါရုသဘုရင်၏ စစ်တပ်သည် လက် နက် အင်အား မပြည့်စုံသောကြောင့် စစ်ရှုံးနိမ့်ရလေ၏။ အိန္ဒု မြစ်ဝှမ်းကို ရပြီးသောအခါ အလက်ဇန္ဒားသည် ဂင်္ဂါမြစ်ဝှမ်းကို

---

၄ *King Porus*

ဆီလူကပ်

ချိန်ပြန်၏။ သို့ရာတွင် အခက်အခဲပေါင်း မြောက်မြားစွာ တွေ့ရသဖြင့် အိရန်သို့ ရေကြောင်းက လှည့် ပြန်ရလေသည်။ အိရန်နိုင်ငံ ဆူဆာ[၅]မြို့သို့ရောက်၍ မကြာမီပင် အလက်ဇန္ဒားသည် အရက်အသောက် လွန်သောကြောင့် အပြင်းဖျားကာ သေဆုံး လေ၏။

အလက်ဇန္ဒား မရှိသည့်နောက် သူပြုစုခဲ့သော နိုင်ငံကြီးသည် အစိတ်စိတ်အမြွာမြွာ ကွဲလေ၏။ အိရန် နိုင်ငံကြီးကို ဂရိစစ်သူကြီး ဆီလူကပ်[၆]သည် ဆက်လက် အုပ်စိုး၏။ အီဂျစ်နိုင်ငံကို တောလမီ[၇]အမည် ရှိသော စစ်သူကြီး အုပ်ချုပ်၏။ မက်ဆီဒိုနီးယားကို အင်တီဂိုးနပ်[၈] အမည်ရှိသော စစ်သူကြီး အုပ်ချုပ်၏။

မီးပြတိုက်။ ။တောလမီလက်ထက်၌ အီဂျစ် နိုင်ငံရှိ အလက်ဇန္ဒြီယားမြို့သည် အလွန်စည်ကားလေသည်။ မြေထဲပင်လယ်ရှိ အရပ်ရပ်မှအလက်ဇန္ဒြီယားမြို့သို့ လာရောက် ရောင်းဝယ်ကြ၏။ အိန္ဒိယမှလည်း သင်္ဘောများဖြင့် လာရောက် ကုန်ကူးကြ၏။ ညအခါ၌ သင်္ဘော အသွားအလာ လွယ်ကူ စေခြင်းငှါ တောလမီသည် အလက်ဇန္ဒြီယားမြို့ အဝင်ဝတွင် မြင့်မားသော မီးပြတိုက်ကြီး တခုကို ဆောက်လုပ်၏။ ကမ္ဘာပေါ်တွင် ဤမီးပြတိုက်ကြီးသည် ပဌမဦးဆုံး ဆောက်လုပ်သော မီးပြတိုက်ကြီး ဖြစ်ပေ၏။ ညအခါများတွင် အလက်ဇန္ဒြီယားမြို့သို့ ဆိုက်ကပ်မည် ဖြစ်သော သင်္ဘောများသည် မီးပြတိုက်မှ မီးရောင် တလက်လက်ကို အဝေးမှပင် မြင်ကြရ၏။

ပြတိုက်။ ။အဲသင် နိုင်ငံငယ် ခေတ်မှိန် သွားသောအခါ အလက်ဇန္ဒြီယားမြို့သည် တက္ကသိုလ်သဖွယ် ပညာအမျိုးမျိုး အတတ်

[၅] *Susa* [၆] *Seluceus* [၇] *Ptolemy* [၈] *Antigonus*



အလက်ဇန္ဒြီယား မီးပြတိုက်

အမျိုးမျိုး ထွန်းကားရာ နေရာကြီး ဖြစ်လာ၏။ အလက်ဇန္ဒြိယား မြို့ရှိ ပြတိုက်ကြီးသို့ အဝေးအနီးမှ ပညာရှာမှီး လိုသူတို့သည် လာ၊ ရောက် ဆည်းပူးကြ၏။ ပညာအရပ်ရပ်ကို စုံစမ်း ရှာဖွေကြ၏။ တိမ်မြုပ်နေသော ရှေးဟောင်း ပညာရပ်များ ကိုလည်း ပြန်လည် ရှာဖွေ ကြ၏။ ကမ္ဘာမြေပြင်ကြီး၏ အကျယ် အဝန်းကိုသြမေတြီ ပညာ၊ နက္ခတ် တာရာတို့ သွားလာပုံ၊ ကမ္ဘာကြီး၏ မြေပုံ၊ ဆေး ပညာ အရပ်ရပ်၊ ခွဲစိတ်ကုသသော အတတ်များကို ရှာမှီးရေးသား ကြ၏။ ရေနွေးငွေ့ဖြင့် သွားသော စက်ကိုပင် စမ်းသပ်အောင်မြင် ကြ၏။ ကျွန်ုပ်တို့ ခေတ်နီးနီး လောက်ပင် ထိုအခါက အလက် ဇန္ဒြိယားမြို့တွင် အတတ်ပညာ အမျိုးမျိုး တိုးတက်ခဲ့၏။ သို့သော် ပြတိုက်ကြီးသည် အများ အတွက် မဟုတ်၊ ဘုရင်နှင့် ဥစ္စာပစ္စည်း ကြွယ်ဝသော ပညာရှိများလောက်သာ ပါဝင်ဆည်းပူး နိုင်သဖြင့်အ တတ်ပညာများသည်ကမ္ဘာသို့ပြန့်နှံ့ ခြင်းမရှိချေ။အီဂျစ်နိုင်ငံတွင်း လောက်ပင် မပြန့်နှံ့ ခဲ့။ မှန်ပြောင်းများ ကိုအနက်သုတ်ထားသော မီးအိမ်ကဲ့သို့ အတတ်ပညာ များသည် ဘုရင်နှင့် ချမ်းသာ သူများ အတွက်၌သာ ထွန်းလင်း၏။ ပြင်ပသို့ ပညာရောင်သည် မထိုးထွက် ချေ။တောလမီနောက် အုပ်စိုးသောဘုရင်များလည်း ရှေးရိုးသမား များဖြစ်ရာ ပညာသစ် အတတ်များကိုစမ်းသပ် လုပ်ကိုင်ရန်အား မပေးသောကြောင့် ပြတိုက်ကြီးသည်တိမ်ကော ရလေ၏။

စာကြည့်တိုက်။ ။တောလမီသည် စာကြည့်တိုက်ကြီး တခုကို လည်း ဆောက်၏။ ရှေးဟောင်း စာပေနှင့် ခေတ်စာပေများကို များစွာ အားပေး၏။ စာရေးပေါင်း များစွာနှင့် စာအုပ်ပေါင်း အမြောက်အမြားကို ရေးကူးစေ၏။ ထိုစဉ် အခါက စက္ကူသည် တရုပ် နိုင်ငံမှ အနောက် နိုင်ငံသို့ မရောက်သေးချေ။ စာအုပ်ဟု


မက်ဆီဒိုနီယား
ဂရိ
အေသင်
သားဒစ်
ကရီ
ဆီးရီးယား
တိုင်ရာ
အီဂျစ်
ဂျရုစလင်
ဘေဘီလုံ
ဆူဆာ
ဒီးယား
အီရန် ကုန်းပြင်မြင့်
ပါစီပိုလစ်
ပါရှား
သီဘီး

အလက်ဇန္ဒား၏နိုင်ငံတော်

တောလမိဘုရင်

ဆိုရသော်လည်း ကျူပင်များကို ဆက်စပ် ချုပ်လုပ်၍ ရေးသား ထားသော စာလိပ်ကြီးများ ဖြစ်၏။ စာချပ် အရွယ် အစားလည်း တချပ်နှင့် တချပ် မတူ၊ အလိပ်ရ ခက် အဖတ်ရခက် ဖြစ်၏။ အဘိဓာန် များလည်း မပေါ်သေးချေ။ လိုချင်သော အကြောင်း အရာကို ရှာဖွေရသည် မှာလည်း စာလိပ်များကို တလိပ်ပြီးလျှင် တလိပ် ဖြေကာ ရှာဖွေရသောကြောင့် အလွန်ပင်ပန်း၏။ စာလိပ်များကို မကြာမကြာ ကိုင်တွယ်လျှင်လည်း စုတ်ပြတ် ရိပြဲ၏။ ရုပ်ပုံ၊ မြေပုံ များကို ရေးဆွဲရာ၌လည်း စာချပ်များသည် ချောမွေ့ နူးညံ့ခြင်းမရှိ

သောကြောင့် မသေသပ် လှချေ။ ဤမျှ အခက်အခဲများ ရှိသော်လည်း တောလမ်းသည် စိတ်ရှည်လက်ရှည်ဖြင့် ဘာသာအမျိုးမျိုးကို အခန်း အခန်းခွဲလျက် မာတိကာဖွဲ့ကာ သပ်သပ်ယပ်ယပ်ထားရှိပေ၏။ စာကြည့်တိုက်ထဲတွင် စင်ကလေး များပေါ်၌ ကြွေအိုးများတွင် ထည့်ထားသော စာလိပ် များသည် အစီအရီ တန်း နေ၏။

ပညာရေးတွင် တောလမ်းသည် အားပေး ပြုစုသောကြောင့် စာရေးများကို ပေးရသော အခါ၊ စာချုပ်လုပ်ရသော အခသည် မြောက်မြားစွာ ကုန်ကျ၏။ စာအုပ်များကိုလည်း လိုသလောက် မထုတ်ဝေ နိုင်ချေ။ ထုတ်ဝေပြီးသော စာအုပ် များလည်း အလွန် ဈေးကြီး၏။ ပဋ္ဋည်း အလွန်ကြွယ်ဝသူများသာ ဝယ်ယူ ဖတ်ရှုနိုင်၏။ စာကြည့်တိုက်ဟု ဆိုရသော်လည်း ထိုဌာနသည် စာအုပ်ရေး စာအုပ် ထုတ်ဝေသော နေရာ ဌာနလည်း ဖြစ်၏။ လက်ဖြင့်သာ ရေးကူး၍ ထုတ်ဝေ ရသောကြောင့် စာအုပ် အထွက်နည်း၏။ အချိန်လည်း ကြာ၏။ ထွက်လာသော စာအုပ်များလည်း စာရေး များ၏ အကူးမှား အဖတ်မှားခြင်းကြောင့် စာမူနှင့် များစွာ ကွဲလွဲလေ၏။

စာအုပ် များသည် ဈေးကြီးမြင့်လွန်း၍ လူတိုင်း မဝယ်ယူ မဖတ်ရှု နိုင်သဖြင့် ပညာရပ်များသည် ကမ္ဘာအရပ်ရပ်သို့ မပြန့်ပွါးခဲ့ချေ။ တောလမ်းနောက် ဆက်ခံသော ဖရိုများ လက်ထက်တွင် တိမ်မြုပ် ပပျောက် သွားလေ၏။

အခန်း ၁၄

ရောမနိုင်ငံတော်

ဘုရင်ခေတ်။ ။ဂရိကျွန်းဆွယ်၏ အနောက်ဖက်တွင် မြေထဲ ပင်လယ်တွင်းသို့ ခြေထောက် ပုံသဏ္ဍာန် ထိုးထွက်နေသော ကျွန်းဆွယ်ကို အီတလီ ကျွန်းဆွယ်ဟု ခေါ်၏။ ဘီစီ ၁၀၀၀ ခန့်၌ အီတလီ ကျွန်းဆွယ်ရှိ တိုင်ဘား[၁] အမည်ရှိသော မြစ်၏ မြောက်ဖက်တွင် အီတြပ် စကင်း[၂] လူမျိုးတို့ နေထိုင် ကြ၏။ တောင်ဖက်တွင် လက်တင်[၃] လူမျိုးတို့ နေကြ၏။ အီတြပ်စကင်းတို့သည်လက်တင်တို့ထက် ယဉ်ကျေး၏။ မြို့နှင့်နန်းနှင့်အခြေတကျနေကြ၏။ ရွက်သင်္ဘော များဆောက်လုပ်ကာ ဂရိကျွန်းဆွယ်နှင့် အာရှမိုင်းနား ကမ်းခြေ တလျှောက်ရှိ မြို့များသို့ သွားကာ ကုန်ကူးသန်း ရောင်းဝယ်ကြ၏။ ဂရိတို့ကဲ့သို့ပင် ကောင်းကင်၊နေ၊ လ၊ နက္ခတ် တာရာများကို ရှိခိုး ကြ၏။ စစ်သား များကို စောင့်ရှောက်သော နတ်၊ မိန်းမများကို စောင့်ရှောက်သော နတ်၊ အချစ်ကို စောင့်သော နတ်သမီး စသည် ဖြင့် နေရာ တကာ၌ နတ်အမျိုးမျိုး ရှိလေသည်။ နတ်များ၏ ပုံကို လည်း ထုလုပ် ကိုးကွယ် ကြသည်။ တန်ဆောင်းများကိုလည်း ဆောက်လုပ် ကြ၏။ တန်ဆောင်းများကို ဆောက်လုပ် ရာ၌ ဂရိတို့ ကဲ့သို့ တိုင်လုံးကြီးများဖြင့် ခမ်းခမ်း နားနား မဆောက်လုပ်။ ရှေးအဆီရီးယားတို့ နန်းတော်များ ဆောက်လုပ် သကဲ့သို့ ခုံး ကြီး များကို ထည့်သွင်း တပ်ဆင်ကာ မွှမ်းမံခြယ်လှယ် ကြ၏။

---

၁ *The Tiber* ၂ *The Etruscans* ၃ *The Latins*

နေအိမ်များ၊ တန်တားများ၊ ရေမြောင်းများကိုလည်း ခုံးတန်တား ပေါင်းကူးများဖြင့် အများ အပြား ဆောက်လုပ် ကြ၏။ ဂရိတို့၏အက္ခရာများကို ယူကာ အီတြုပ်စကင်း ဘာသာနှင့် ကိုက်ညီအောင်ပြင်ဆင် သုံးစွဲ ကြ၏။ ဂရိတို့၏ အိမ်သုံး ပစ္စည်းများကို အတုယူလျက် အီတြုပ်စကင်းမြို့များတွင် လုပ်ကိုင် သုံးစွဲကြ၏။

အီတြုပ်စကင်းတို့ ဤမျှ တိုးတက်နေသော အခါက လက်တင်တို့သည် လယ်သမား ဘဝဖြင့် အရိုးခံ သက်သက် လုပ်ကိုင် စားသောက် နေကြတုန်းပင် ဖြစ်၏။ တိုင်းဘားမြစ်ကို အီတြုပ်စကင်းတို့ ဖြတ်ကျော် လာရောက်မည်ကို ကြောက်ရွံ့သောကြောင့် တတ်နိုင်သမျှ ကာကွယ် စောင့်ရှောက်ကြ၏။ တိုင်းဘားမြစ်ဝ အနီးအနားတွင် သစ်တပ် ဆောက်လုပ်ကာ အီတြုပ်စကင်း သင်္ဘောများမြစ်အတွင်းသို့ မဝင်ရောက် စိမ့်သောငှါ စောင့်ကြပ်၏။ သို့သော် အီတြုပ်စကင်းတို့နှင့် ကုန်ချင်းဖလှယ်မှုကိုကား မရှောင်နိုင်ကြချေ။ လယ်သမား ဖြစ်သော လက်တင်ကိုသည် သံထည်များလက်နက်များကို အီတြုပ်စကင်းတို့ထံမှ ဖလှယ် ယူရ၏။ အီတြုပ်စကင်း သင်္ဘော တစင်းတလေ တိုင်းဘား မြစ်ဝတွင် ဆိုက်ရောက်လာသောအခါ လက်တင် လယ်သမား တို့သည် နွားများကို ဆွဲလျက်၊ကောက်ပဲ သီးနှံများကို ထမ်းလျက် ကုန်ရောင်း ကုန်ဝယ်ရန် သတ်မှတ် ထားသော ဈေးနေရာသို့ ရောက်လာ ကြကာ အားတက် သရော ကုန်ချင်း ဖလှယ် ကြ၏။

ဘီစီ (၈) ရာစုတွင် အီတြုပ်စကင်း မင်းသားတပါးသည် တိုင်းဘားမြစ်ကို ကျော်ဖြတ်ကာ လက်တင်ရွာကလေးများကို သိမ်းယူပြီးလျှင် ရောမမြို့ကို တည်လေ၏။ ထိုမင်းသား လက်ထက်မှ စ၍ ရောမမြို့သည် တဖြည်းဖြည်း စည်ကား လာ၏။ လက်တင် တို့လည်း



(အီတလီကျွန်းဆွယ်)ရောမနိုင်ငံ

အီတြုပ်စကင်းတို့နှင့် ရောနှောကြကာ အီတြုပ်စကင်းတို့၏ အပြု အမူ အနေအထိုင်နှင့် အယူဝါဒများကို အတု ယူကြ၏။

လယ်သမား ဘဝမှ ကုန်သည် ဘဝသို့ အများ အပြား ကူး ပြောင်း လုပ်ကိုင်ကာ အသက်မွေး ကြ၏။ ရောမမြို့တွင် လူနေ အိမ်ခြေ များပြား လာ၏။ ရောမမြို့တွင် နေသော သူတို့သည် ရောမလူမျိုးဟု အမည် တွင်လေ၏။ ရောမ လူမျိုးဟု ဆိုရသော် လည်း လက်တင် ဘာသာကိုသာ ပြောဆိုကြ၏။ ဂရိသင်္ဘော သားများလည်း ရောမသို့ ဆိုက်ကပ် လာရောက်ကာ ကုန်ကူးသန်း ရောင်းဝယ် ကြ၏။ ရောမတို့သည် အီတြုပ်စကင်းတို့ ကဲ့သို့ပင် ဂရိအက္ခရာ များကို လက်တင် အသံထွက်နှင့် ကိုက်ညီအောင် ပြုပြင် ရေးသား သုံးစွဲ ကြ၏။ ဂရိ စာပေကိုလည်း သင်ကြား ကြ၏။

ရောမတို့သည် အီတြုပ် စကင်း ဘုရင်များလက်အောက်တွင် နှစ်ပေါင်း ၂၀၀ ခန့် အုပ်စိုးခြင်း ခံရသော အခါ အီတြုပ်စကင်းတို့ လောက်ပင် ယဉ်ကျေး လာကြ၏။ သင်္ဘောများ ဆောက်လုပ်ကာ နိုင်ငံခြားသို့ သွားရောက် ကုန်ကူးသန်း ရောင်းဝယ် ကြ၏။ အီတြုပ် စကင်း ဘုရင်များသည် ရောမတို့ကို နှိပ်နှိပ် စက်စက် အုပ်စိုးရာ ရောမတို့သည် မခံ မရပ် နိုင်၍၊ ဘီ၊စီ ၅ ရာစုတွင် ပုန်ကန် ထကြွပြီး လျှင် အီတြုပ်စကင်းမင်းဆက်ကို တိုက်ခိုက် နှင်ထုတ်ကာ ရောမမြို့ ကို ရောမတို့ ကိုယ်တိုင် စတင် အုပ်စိုး ကြ၏။

သမတခေတ် (ဘီ၊ စီ ၅ ရာစု)။ ။ရောမမြို့တွင် ဘုရင်ခေတ် ကုန်ဆုံး သွားသော အခါ လူအတန်းအစား နှစ်မျိုးကွဲပြားလျက် ရှိ၏။ ချမ်းသာ ကြွယ်ဝသူတို့သည် ရောမမြို့ကို အုပ်စိုး၏။ ဆင်းရဲ သားများသည် အုပ်ချုပ်ရေး၌ မပါဝင်ချေ။ တနှစ်လျှင် တကြိမ်

ကျ ချမ်းသာ ကြွယ်ဝသူ များထဲမှ "ကွန်ဆာ" ၄ လူကြီးနှစ်ဦးကို ရွေးကောက်ကာရောမမြို့ကိုအုပ်ချုပ်စေ၏။ ဆင်းရဲသားများသည် ရွေးကောက်ပွဲ များတွင် မိမိတို့ နှစ်သက်ရာ လူကြီး နှစ်ဦးအတွက် မဲထည့်နိုင်၏။ နှစ်ပေါင်း နှစ်ဆယ်မျှ ကြာလတ်သော် ဆင်းရဲသား များသည် ချမ်းသာ ကြွယ်ဝသူများ၏ တဖက်စီးနင်း အုပ်စိုးခြင်း ကို မခံ မရပ် နိုင်သောကြောင့် ရောမမြို့မှ ထွက်ခွါ သွားကြ၏။ မြို့ကြီးသည် မည်မျှပင် ထွန်းကား စေကာမူ ဆင်းရဲသားများ မရှိ လျှင် အုပ်ချုပ်ရေး၌ ထိထိ ရောက်ရောက် မဆောင်ရွက်နိုင်ချေ။ ထို့ကြောင့် ကွန်ဆာ လူကြီးများသည် လက်လျှော့ရကာ ဆင်းရဲ သားများ ပါဝင်နိုင်သည့် လွှတ်တော် တခုကို ဖွင့်လှစ်ရ၏။ ထိုမှ တပါး ဆင်းရဲသားတို့၏ အခွင့်အရေးများကို ကာကွယ် နိုင်ခွင့်ရှိသူ "ထရိုင်ဗျွန်း" ၅ ခေါ် လူကြီး နှစ်ဦးကို ရွေးကောက်ခွင့် ပေးရသေး သည်။

လွှတ်တော်၌ ပါဝင်သော လူကြီး များသည် တိုင်းပြည်ကို အုပ်ချုပ်သော လူကြီး နှစ်ဦး၏ အမိန့်အာဏာ များကို မတရား ပါက ပယ်ဖျက် နိုင်သော တချက်လွှတ် အာဏာကို ရလေသည်။ ဤနည်းဖြင့် ကွန်ဆာတို့သည် ဆင်းရဲသားများကို နိုင်ထက်စီးနင်း မနှိပ်စက် နိုင်တော့ချေ။ တဖြည်းဖြည်း အချိန်ကြာညောင်း လာ သောအခါ အုပ်ချုပ် ရေးလည်း စည်းကမ်း ကျနလာ၏။ ရောမမြို့ ကို အုပ်ချုပ်သော ကွန်ဆာလူကြီး နှစ်ဦးကို ချမ်းသာ ကြွယ်ဝသူ များမှသာ မဟုတ် ဆင်းရဲသားများမှပင် ရွေးကောက် ခွင့်ကို ရကြ လေသည်။ ချမ်းသာသူများနှင့် ဆင်းရဲသူများလည်း လက် ထပ်ခွင့် ရရှိသောကြောင့် ရှေးကကွဲ့သို့ နှစ်တန်းနှစ်စား မကွဲတော့ ချေ။ တဘန်းတည်း ဖြစ်လာပေ၏။

၄ *Consuls* ၅ *Tribunes*

ရောမလူမျိုးတို့သည် အုပ်ချုပ်ရေး၌ရင်း၊ စီးပွါးရေး၌ရင်း တိုးတက် လာသော အခါ အီတြုပ်စကင်း တို့ကို မိတ်ဆွေသဖွယ်သာ ဆက်ဆံ၏။ အီတလီ ကျွန်းဆွယ်ရှိ ဂရိမြို့များနှင့် လက်တင် ရွာများ ကိုလည်း ချေချေ ငံငံ ဆက်ဆံ၏။

ဂေါလလူမျိုး[၆]။ ။အီတလီ နိုင်ငံတွင် အေးချမ်း သာယာစွာ တိုးတက် ထွန်းကား နေစဉ်၊ ဘီ၊ စီ ၄ ရာစု ဆန်းစ၌ မြောက်ဖက်ရှိ တောင်တန်းကြီး များမှ ဂေါလ အမည်ရှိသော လူရိုင်းတို့သည် အီတလီ ကျွန်းဆွယ် အတွင်းသို့ အမြောက်အမြား ချင်းနင်း ဝင်ရောက် လာကြ၏။

အီတြုပ်စကင်း မြို့များကို ဖျက်ဆီး လုယက် ပြီးလျှင် ရောမမြို့၏ အပြင်မြို့ရိုးကြီးများကိုပင် ဖျက်ဆီး ကြ၏။ ရောမတို့လည်း ကလေး လူကြီးမကျန် မြို့တော်မကြီး အတွင်းသို့ ပြေးလွှား ဝင်ရောက် ကြကာ မြို့ရိုးကြီးကို အခိုင်အလုံ စီမံကာကွယ် နေကြရ၏။ ဂေါလတို့သည် ရောမဆင်ခြေဖုံး အရပ်များကို ဖျက်ဆီး လုယက်နိုင်သော်လည်း ရောမ အဘွင်း မြို့ရိုးကြီးကို မဖြိုဖျက် နိုင်ကြချေ။ ရောမမြို့ကို ခုနစ်လဘိုင်တိုင် ဝန်းရံနေကြ၏။ ထိုသို့ တာရှည်စွာ ဝန်းရံ ထားရသည်ကို ငြီးငွေ့ လာသဖြင့် ဂေါလတို့သည် လက်ဆောင်ထိုး လာသော ရွှေကို ယူ၍ တပ်ခေါက်လျက် မြောက်ဖက်သို့ ပြန်လည် ဆုတ်ခွါ သွား ကြလေသည်။

ဂေါလတို့ ရန်ကြောင့် ရောမတို့ ပျက်စီး နိမ့်ပါးရော ချစ်ခင် လေးစားသော မြို့ရွာများပင် ရောမမြို့ကို အထင်သေးကြ၏။ အဆက် အသွယ် ဖြတ်တောက်ကာ စိမ်းကား ကြ၏။ ရောမတို့လည်း ဂေါလရန် အေးသည်နှင့် တပြိုင်နက် ချက်ခြင်း ပြန်လည်

[၆] *The Gauls*

ထူထောင်ကာ ရှေးက မိတ်ဆွေဖြစ်ဘူးသော မြို့များကို တမြို့ပြီးလျှင် တမြို့သိမ်းယူ၏။ မြောက်ဖက်သို့ရှင်း၊ တောင်ဖက်သို့ရှင်း ရောမစစ်သည် များသည် ချီတက်ကာ ရောမမြို့၏ အသရေကို ပြန်ဆည်၏။ အကြည်ညို မခံသည်ကို မခံမရပ် နိုင်သဖြင့် အီတလီကျွန်းဆွယ်ရှိ မြို့များကို သိမ်းယူကာ ရောမတို့၏ အစွမ်းကို ပြသရန်ရည်ရွယ် ခဲ့သော်လည်း မြို့အသီးသီး စစ်အပွဲပွဲကို အောင်မြင်သောအခါ ရည်ရွယ်ချက် ပြောင်းလဲပြီးလျှင် အနိုင်ရသော မြို့များကိုလက်အောက်ခံ သဖွယ် အုပ်စိုးလေ၏။ အီတြုပ်စကင်းနှင့် လက်တင်မြို့ရွာများသာမက အီတလီ ကျွန်းဆွယ်ရှိ ဂရိမြို့များကိုပင်သိမ်းယူ၏။ ဤနည်းဖြင့် အီတလီ ကျွန်းဆွယ် တခုလုံးသည် ရောမတို့လက်အောက်သို့ ကျရောက်၍ ရောမနိုင်ငံတော်ဖြစ်လာလေသည်။

ရောမလက်နက်။ ။အီတလီ တလျှောက်၌ ရောမတို့ စစ်နိုင်ရခြင်းသည် လက်နက် ကောင်းမွန်သောကြောင့် ဖြစ်၏။ စစ်မြေပြင်တွင် ရောမတို့သည် ဂရိတို့ သုံးခဲ့ဘူးသော လောက်လွှဲကြီးများ၊ လှံပျံများကို အသုံးပြုကြ၏။ မြို့တမြို့ကို ဝန်းရံ ထွင်းဖောက် လျှင်လည်း ဘီးတပ်ထားသော မျှော်စင်ကြီးများကို မြို့ရိုးနှင့် တညီတည်းရှိအောင် ဆောက်လုပ်၍ မြို့ရိုးသို့ ချဉ်းကပ်ပြီးလျှင် စစ်သည်များသည် မြို့ရိုးပေါ်သို့ ခုန်တက်တိုက်ခိုက် နှိမ်နင်းကာ မြို့တံခါးများကိုဖွင့် ကြလေသည်။ စစ်မြေပြင်တွင်လည်း စစ်သားများသည် စစ်သူကြီး၏ ဩဇာကို တသွေမတိမ်း လိုက်နာကြ၏။အသက်ကို ဖက်ရှက်လောက်မျှ ပမာဏမထားပေ။ စစ်သူကြီး၏ အမိန့် အတိုင်းသာ စွန့်စွန့် စားစား ရဲရဲဝံ့ဝံ့ တိုက်ခိုက် ကြ၏။ စစ်ဆင် စစ်တက်၌လည်း မက်ဆီဒိုနီးယားတို့၏ စစ်ဆင်နည်း အတိုင်း မြားဦးပုံ ချီတက်တိုက်ခိုက် ကြလေ၏။

ရောမနှင့်ကာသေ့[၁]။ ။ရောမတို့သည် အီတလီ ကျွန်းဆွယ် တခုလုံးကို စိုးမိုးပိုင်သသော အခါ ရှေ့သို့ တလှမ်း တိုးရန် စီစဉ်ကြပြန်၏။ အီတလီကျွန်းဆွယ်နှင့် ကပ်လျက်ရှိသော စီစလီကျွန်း[၈] ကို လိုချင် လာကြ၏။ စီစလီကျွန်းကို စိုးမိုးသော သူများသည်ကာသေ့များ ဖြစ်၏။ ကာသေ့မြို့သည် ရှေးဖိနီရှန်းတို့ ကောင်းစားစဉ်က အာဖရိကတိုက် မြောက်ဖက် ကမ်းခြေတွင် တည်ထားခဲ့သော မြို့ ဖြစ်လေသည်။ ဖိနီရှန်းတို့ ခေတ်မှိန် သွားသော အခါ ကာသေ့တို့သည် မြေထဲ ပင်လယ်တွင် ကုန်သည် အဖြစ်ဖြင့် အမွေဆက်ခံကာ ကြီးပွါး လာ၏။ မြေထဲပင်လယ် အနောက်ပိုင်း တလျှောက်တွင် ကာသေ့ သင်္ဘောများသာ ကူးသန်း ရောင်းဝယ် ကြ၏။ စီစလီကျွန်း ကိုလည်း သိမ်းယူ ထား၏။

ရောမတို့သည် စစ်သည် ရဲမက် အင်အား တောင့်တင်းသော်လည်း သင်္ဘောတပ်၌ ကာသေ့တို့နှင့် ဖက်ပြိုင်ရန် အင်အားမပြည့်စုံသောကြောင့် သင်္ဘောများကို ဆောက်လုပ်ကြ၏။ တိုက်သင်္ဘောများ ဆောက်လုပ် ရာ၌ သင်္ဘော၏ နံဘေးတွင် ရန်သူတို့၏ သင်္ဘောကို ချိတ်လျက် စစ်သည် ရဲမက်များ တက်ရောက် ထိုးခုတ်နိုင်ရန် ပျဉ်ကုန်းဘောင်နှင့် ချိတ်များကို တပ်ဆင် ကြ၏။

စစ်မှု ကရိယာများကို ပြင်ဆင်ပြီးသော အခါ ရောမတို့သည် ကာသေ့တို့ကို ဘီ၊ စီ ၃ ရာစုလောက်တွင် ရန်စ၏။ ကာသေ့တို့သည် စီစလီကျွန်းရှိ မြို့ကလေးတမြို့ကို တရားသဖြင့်ဆုံးမသည်ကို မတရားဆုံးမသည်ဟု စွပ်စွဲကာ မဆီမဆိုင် ဝင်ရောက် စွက်ဖက်လျက် စစ်တိုက်၏။ ကာသေ့တို့သည် ရေပြင်၌ ကျက်စား သော်လည်း စစ်သည် တပ်သား များသည် လူမျိုးခြား ကြေးစား စစ်သည်များသာ ဖြစ်သဖြင့် စည်းကမ်း သေဝပ်သော ရောမစစ်သည်တို့နှင့်

---

၁ *Corthage*   ၈ *Sicily*



ရောမစစ်သည်တော်

ယှဉ်ပြိုင်သော အခါ စစ်ရှုံး ရလေ၏။ ရောမတို့ကို စင်ပြေးရာ မြေ ကြောင်းတောင်းပန်ကာ စီစလီကျွန်းကို ရောမတို့ လက်သို့ အပ် လိုက်ရ၏။ ထိုအခါချိန်တွင် အီတလီကျွန်းဆွယ်နှင့် ကပ်လျက်ရှိသော ဆာဒီးနီးယား[၉]နှင့် ကော်ဆီကား[၁၀]ကျွန်းများလည်း ကာသေ့တို့ကို ပုန်ကန်ထကြွသောကြောင့် ရောမတို့သည် အခါ အခွင့် သင့်သည့် အလျောက် သွားရောက်သိမ်းယူလေ၏။ ဤသို့လျှင် ရောမနိုင်ငံ တော်သည် ပို၍ကျယ်ဝန်းလာ၏။

အကိုင်း အခက် အရွက်တို့ဖြင့် ဝေဆာနေသော သစ်ပင်ကြီးမှ တကိုင်း နှစ်ကိုင်းကို ခုတ်ကာမျှဖြင့် သစ်ပင်ကြီးသည် မသေနိုင် သကဲ့သို့ ကာသေ့တို့၏ ကျွန်းနှင့်ကျွန်း သုံးကျွန်းကို သိမ်းယူကာ မျှဖြင့် ကာသေ့သည် တန်ခိုး မမှိန်ပေ။ ကာသေ့တို့သည် ကြီးပွါးမြဲ ကြီးပွါးပေ၏။ ရောမတို့သည် မြောက်ဖက်သို့ စစ်ဦးလှည့်ကာ ဂေါလတို့ကို တွန်းလှန်တိုက်ခိုက်နေစဉ် ကာသေ့ စစ်သူကြီးများ သည် စပိန်ကျွန်းဆွယ်၌ နိုင်ငံသစ်များကို ထူထောင်ကြ၏။ ရောမ တို့ မတရားသဖြင့် လုယူသော ကျွန်းများနှင့် စစ်ပွဲများကို အခဲ မကြေဘဲ အမှတ်ရလျက် ရှိ၏။

ဟန်နီဘော[၁၁]။ ။စပိန်၌နိုင်ငံသစ်များထူထောင်ပြီးစီးသောအခါ ဘီ၊စီ ၂၁၈ ခုတွင် ကာသေ့ စစ်သူကြီး ဟန်နီဘောသည် စပိန်မှနေ၍ ကုန်းကြောင်းခရီးဖြင့် အသွားအလာ ခက်ခဲသော တောင်တန်းကြီး များကို ဖြတ်ကျော်ကာ ဆင်တပ်၊ မြင်းတပ် ခြေသည်တပ် အလုံး အရင်းနှင့် အီတလီအတွင်းသို့ ချဉ်းနင်းတိုက်ခိုက်၏။ သူရသတ္တိနှင့် ပြည့်စုံ၍ အစီအမံ သေသပ်သော ဟန်နီဘော၏ စစ်သည်များကို ရောမစစ်သည်များသည်ယှဉ်ပြိုင်၍ မတိုက်ဝံ့လောက်အောင် ဆုတ်

[၉] *Sardinia* [၁၀] *Corsica* [၁၁] *Hannibal*

ကာ ဆုတ်ကာ ပြေးရ၏။ ရင်ဆိုင် တိုက်ခိုက်သော ရောမစစ်သည် ရဲမက်တို့လည်း တပ်လုံး ပြုတ်၍ ပြုတ်၍သာ သွားလေ၏။ သို့သော် ရောမတို့သည် ကံကောင်း ထောက်မသည့် အလျောက် ရောမ စစ်သူကြီး "စစ်ပီယို"၁၂ သည် စပိန်သို့ ကြွားဖြတ် သွားရောက် တိုက်ခိုက်ရာ၌ အောင်မြင်ရုံမျှမက ကာသေ့ဖက်သို့ပင် စစ်ဦး လှည့်နေကြောင်း သတင်းရသဖြင့် ဟန်နီဘောသည် ရောမမြို့ကို သိမ်းယူမည့် ဆဲဆဲတွင် တပ်များကို ပြန်ခေါက်ကာ စပိန်သို့ ချီတက် ရလေ၏။ ကာသေ့တွင်လည်း အစိုးရထဲတွင် အချင်းချင်း မညီ မညွတ် စိတ်ဝမ်းကွဲပြား နေသဖြင့် ဟန်နီဘော အရောက်ကိုပင် မစောင့်တော့ဘဲ ရောမတို့နှင့် စစ်ပြေငြိမ်းရန် စေ့စပ်နေဆဲဖြစ်၏။ သို့သော် စေ့စပ်ရေးပျက်ပြားသွား၍ ကာသေ့မြို့အနီး "ဇေးမ"၁၃ အရပ်၌ ကာသေ့နှင့် ရောမတို့ ဘီ၊စီ ၂၀၂ တွင် ယှဉ်ပြိုင်တိုက်ခိုက်ရာ ကာသေ့တို့ အရေးနိမ့်လေသည်။ ကာသေ့တို့က စပိန်နယ်သစ်များ ကာသေ့ပိုင် သင်္ဘောများနှင့် စစ်လျော်ကြေး အမြောက် အမြား ရောမတို့အား ပေးရလေသည်။ ဟန်နီဘောလည်း ကာသေ့သို့မဝင် နိုင်၊ အာရှ မိုင်းနားသို့ လက်လွတ် ထွက်ပြေးရ၏။

ကာသေ့ရန် အေးသွားသော အခါ ရောမတို့သည် ဂရိနိုင်ငံ များကို တိုက်ခိုက် သိမ်းယူပြန်၏။ ဂရိနိုင်ငံငယ်များမှ ကြီးလေး သော လျော်ကြေးများကို တောင်းယူ၏။ ဂရိသုံ့ပန်းများကို ရောမမြို့သို့ အမြောက်အမြား ယူဆောင်လာကာ ကျွန်စျေး၌ ရောင်းချကြ၏။ မြို့များကိုသိမ်းစဉ် ရရှိသော အဖိုးတန် ပစ္စည်း များကိုလည်း အများအပြားယူဆောင်လာ၏။

ရောမတို့သည် စပိန်၊ အီတလီ၊ ဂရိနိုင်ငံတလျှောက်လုံးကို စိုးမိုး ရပြီးသော်လည်း ကာသေ့တို့၏ ရန်ကို ကြောက်ရွံ့တုန်းပင် ဖြစ်၏။

---

၁၂ *Scipio* ၁၃ *Zama*

ရောမ အစိုးရသည် ကာသေ့ကို အမြစ်ပါ မကျန် လုံးဝသုတ်သင် ပစ်ရန် အားထုတ် ကြ၏။ နောက်ဆုံး၌ ကာသေ့တွင်ရှိသော စစ်နှင့် သက်ဆိုင်သည့် လက်နက်များကို အကုန် အစင် တောင်း၏။ ကာသေ့တို့လည်း ပေးဆက်ရှာ၏။ တဖန် ကာသေ့မြို့ကို ဖျက်ဆီး ရှင်းလင်းလျက် မြို့ကို ပင်လယ်ကမ်းခြေမှ ဝေးဝေးတွင် ပြန်တည် ရမည်ဟု အမိန့်ထုတ်၏။ ကာသေ့တို့သည် မခံ မရပ်နိုင်တော့ပေ။ ရောမတို့နှင့် နောက်ဆုံး အကြိမ် စစ်ပွဲကြီးကို တိုက်ခိုက် ကြ၏။ ရောမတို့သက်သက်အပြစ်ရှာ၍ တိုက်လာသောစစ်ကို ကမ္ဘာ့သမိုင်း တွင်မော်ကွန်းတွင်လောက်အောင် အစွမ်းကုန်ခုခံကြ၏။စစ်လက် နက်များ တစိုးတစိမျှ မရှိသော လက်မဲ့ ဘဝ၌ပင် အိမ်များကို ဖျက်၍ သစ်တပ် ဆောက်လုပ်၏။ မိန်းမများသည် ဆံပင်များကို ဖြတ်ပေးကာ လောက်လွှဲကြိုးများတွင် ကြိုးအဖြစ် အသုံးချစေ၏။ ကာသေ့တို့သည် ရှပ်ရှပ်ချွံချွံ ခုခံသော်လည်း လက်ခြေအတုပ်ခံရ သော သူပမာ အရှုံးခံရလေသည်။ ဘီ၊ စီ ၁၄၆ ခုတွင် ကာသေ့မြို့ ကြီးသည် ရောမတို့ လက်တွင်ဆယ့်ခုနစ်ရက်တိုင်တိုင် မီးဟုန်းဟုန်း တောက်လောင်ကာ ပြာကျသွားလေ၏။

ရောမတို့သည် ပြိုင်ဖက်ကင်း၍ ရန်ဆူးရန်ငြောင့်များ ရှင်း လင်းသွားသော အခါ ရောမစစ်သူကြီးများသည် အလွန် မျက်နှာ ပွင့်လန်းကြ၏။ အောင်ပွဲ ရလာသော စစ်သူကြီးများကို ရောမ တို့သည် မြို့တံခါးဝမှ ထွက်ကာ သောင်းသောင်းဖြဖြ ဆီးကြို ကြ၏။ ရောမ ရဲအဖွဲ့သည် စစ်သူကြီးများ ရှင်းရှင်း လင်းလင်း သွားလာနိုင်ရန် ရှေ့မှ လမ်းကို ရှင်းလင်းပေး၏။ နောက်မှ စစ်သူ ကြီးများသည် အမောက်တပ်ထားသော သံခမောက်ကို ဆောင်း လျက် တောက်ပြောင်သော သံချပ်အင်္ကျီကို ဝတ်လျက် မြင်းဖြူကို စီးလျက်၊ မြို့တွင်းသို့ ထယ်ထယ်ဝါဝါ ခန့်ခန့် ညားညား ဝင်လာ၏။


ဗြိတိန်
ဂေါ(လ်)
စပိန်
ကော်ဆီကာ
ဆာဒီနီးယား
ရောမမြို့
ကာသေ့
စစ္စလီကျွန်း
ဂရိ
ကရိကျွန်း
မက်ဆီဒိုနီယား
ကွန်စတင်တီနိုပဲမြို့
မက်ဆိုပိုတေမီးယား
ပါလက်စတိုင်း
အီဂျစ်

ရောမနိုင်ငံတော်

စစ်သူကြီး၏ နောက်တွင် မြို့သိမ်းစဉ်က ရခဲ့သော ပစ္စည်းများနှင့် သံခြေကျင်း ခတ်ထားသော သုံ့ပန်းများသည် တသီတတန်း ပါလာ၏။ စစ်သူကြီးများလည်း မျက်နှာမော့မော့ ရင်ကော့ကော့ ဖြင့် အလွန် သွေးမြင့် ကြ၏။

ထိုအချိန်မှ စ၍ ရောမမြို့လည်း ခမ်းနားကြီးကျယ်လာလေ၏။ နိုင်ငံခြား လူမျိုးခြားများနှင့် အတွေ့ အကြုံ များသောကြောင့် ယဉ်ကျေးမှု အမျိုးမျိုးကို အတုယူကြ၏။ အများအားဖြင့် ဂရိတို့ ထံမှ အများ အပြား အတုခိုးလေသည်။

ရောမအိမ်။ ။ရှေးရောမ အိမ်များသည် တထပ်တိုက်ကလေးများ သာ ဖြစ်၏။ အိမ်ရှေ့ မျက်နှာစာတွင် ခွေးခတက်မရှိ၊ ဝရံတာမရှိ၊ ငုံးတိတိဖြစ်၏။ တအိမ်လုံးတွင် ပြတင်းပေါက်ကလေး နှစ်ပေါက်နှင့် တံခါးမကြီးတခုသာရှိ၏။ အိမ်ခေါင်မိုး အလယ်တွင်လည်း အ အပေါက်ဖောက်ထား၏။ ထိုအပေါက်မှ မိုးရေသည် အိမ် အလယ် တွင် ရှိသော ရေကန်တွင်းသို့ ကျ၏။ ထိုရေကန် နံဘေးတွင် အိပ်ရာ စားသောက်ရန် စားပွဲ စသည်တို့ဖြင့် ရှုပ်ထွေနေ၏။ အိမ်၏ ထောင့် တထောင့်တွင် မီးဖိုရှိ၏။ ကျပ်ခိုးစင် မရှိ။ အကွယ် အကာ မရှိ။ မီးခိုး ထွက်ပေါက် မရှိသောကြောင့် တအိမ်လုံး ကျပ်ခိုးဖြင့် ပြည့် နှက်နေ၏။

ဂရိကျွန်းဆွယ်နှင့် အာရှတိုက်၏ အစွန် အဖျား နိုင်ငံများသို့ ရောမတို့ ရောက်ပြီးမှသာ ရောမတို့သည် သန့်ရှင်းသော အိမ်များကို ဆောက်တတ်လာကြ၏။ ဂရိတိုင်လုံးကြီးများကို အတုယူကာ အိမ် အတွင်း၌ အဆောင်ဆောင် ထား၍ သပ်သပ်ယပ်ယပ် နေထိုင်တတ် ကြလေသည်။ ပန်းကန် ခွက်ယောက်များကိုလည်း အမျိုးမျိုး လုပ်ကိုင် သုံးစွဲတတ်လာကြ၏။

စာကြည့်ခန်း။ ။ရောမ လူကုံထံ အိမ်များတွင် ဂရိကျွန်များကို ထားကြရာ ဂရိကျွန်များသည် ရောမတို့အား ဂရိစာပေကို သင်ပေး၏။ ကလေးများကိုလည်း ဂရိပုံတိုပတ္တိများကို ပြောပြ၏။ ထို့ကြောင့် ဂရိစာပေသည် ရောမ၌ ပြန့်ပွါးလေ၏။ ဂရိဘာသာ သက်သက်နှင့် ဂရိမှ လက်တင်သို့ ဘာသာပြန်ထားသော ကဗျာ စကားပြေများသည် ရောမလူကုံထံတို့အိမ်ရှိ စာကြည့်ခန်းများတွင် စင်အကန့်အကန့်များပေါ်၌ အလိပ်လိပ်ထပ်လျက် နာမည်အသီးသီးတပ်ကာ စီကာစဉ်ကာ ထားကြလေသည်။ စစ်သူကြီးများ၏ အိမ်၌လည်း စာကြည့်ခန်းများတွင် စာပေ အမျိုးမျိုးကို တခမ်းတနား စုံစုံလင်လင် ထားကြ၏။

စာသင်ကျောင်း။ ။ကြွယ်ဝ ချမ်းသာသော အိမ်များ၌ သားများကို အိမ်ရှိ ဂရိဆရာများက စာသင်ပေး၏။ ဆင်းရဲသား၏ ကလေးများသည် ကျွန်အဖြစ်မှ လွတ်လာသော ဂရိတို့ ဖွင့်ထားသည့်ကျောင်းတွင် စာသင်ရလေသည်။ ကျောင်းသားများသည် ဂရိဘာသာနှင့် လက်တင်ဘာသာ နှစ်မျိုးစလုံးကို သင်ကြ၏။လူပုံအလယ်၌ ပရိသတ်တို့၏ စိတ်ကို ဆွဲငင် ညွတ်နူး လောက်အောင် ဟောပြောနိုင်သော အတတ်ကိုလည်း ဂရိဆရာများက ကျောင်းသားများကို သင်ကြားပေး၏။ ရှေးဂရိသူရဲကောင်းများ၏ သမိုင်းများ၊ ပထဝီဝင်နှင့် နက္ခတ်တာရာ အကြောင်းကိုလည်း သင်ပြပေး၏။ ဂရိပညာဟူသမျှကို ရောမ ကလေးငယ်များသည် ဂရိဆရာများထံမှ ဆည်းပူး ရယူကြလေသည်။

အင်္ဂလိပ်ယာအတတ်။ ။အင်္ဂလိပ်ယာ အတတ်တွင်လည်း ဂရိတို့သာ ရောမတို့၏ ဆရာဖြစ်၏။ ဂရိတိုင်လုံးပုံများကိုလည်း ရောမ



ရောမမြို့ရှိပြတိုက်အတွင်းရုပ်တုများ

တို့ တန်ဆောင်းများ၊ အိမ်များတွင် ထည့်သွင်း ဆောက်လုပ်ကြ၏။ ရောမတို့ထွင်သော ပုံမှာ ရှေးအဆီရီယားတို့ တည်ဆောက်ခဲ့သော ပေါင်းကူးများ၊ ခုံးများပင်ဖြစ်၏။ ရောမတို့၏ လက်စွမ်းကို ရေမြောင်းကြီးများ ဆက်သွယ် ဖောက်လုပ်ရာ၌ တွေ့ရ၏။ ရေမြောင်းကြီးများကို အောက်မှ ပေါင်းကူးကြီးများဖြင့် မိုင်ပေါင်းများစွာ ဆက်ကာဆက်ကာ ခံထားလျက် ဆောက်လုပ်၏။ ကြီးကျယ်သော အဆောက်အအုံနှင့် ခန်းမကြီးများတွင်လည်း မျက်နှာကြက်များကို ပေါင်းကူးများဖြင့်ပင့်လျက် ဆင်ဝင်သဖွယ် ဆောက်လုပ်ကြ၏။

ကျောက်ဆစ်အတတ်။ ။ရောမတို့သည် ကျောက်ဆစ် အတတ်ကို ဂရိတို့ထံမှ လုံးဝအတုခိုးကြလေသည်။ ဂရိတို့သည် ကိုယ်လက်လှုပ်ရှား ကစားမှုကို အားပေးသူများ ဖြစ်သဖြင့်၊ လူ၏ ကိုယ်နေကိုယ်ထား ဟန်အမူအရာတို့ကို ထုလုပ်ရာ၌ ကျွန ပြေပြစ်ပြီး ဖြစ်၍၊ ရောမတို့ ဖြည့်စွက် ထည့်သွင်းရန် မလိုတော့ချေ။ ရောမတို့သည် စစ်မှု၌သာ လုံးပန်းနေသဖြင့် လက်မှု အနုပညာများကို ဂရုစိုက်၍ တိုးချဲ့ရန် အချိန်မရကြချေ။

သတ်ဖြတ်ပွဲများ။ ။ရောမတို့၏ ရက်စက်ကြမ်းကြုတ်သော သဘောထားကို သတ်ဖြတ်ပွဲများကျင်းပခြင်း၊ ထိုပွဲများကိုခုံခုံမင်မင် အားရဝမ်းသာစွာ ကြည့်ရှု အားပေးခြင်းတို့ဖြင့် ထင်ရှားစွာသိရ၏။ အီတြပ် စကင်းတို့ လက်အောက်၌ နေစဉ်ကပင် လူသတ်ပွဲများကို စတင် ကျင်းပကြ၏။ အီတြပ်စကင်းတို့သည် မိဘသေဆုံးသောအခါ၌ဖြစ်စေ၊ အကြီးအမှူးများ သေဆုံးသောအခါ၌ဖြစ်စေ သေသူအား အရိုအသေပြုခြင်းအားဖြင့် သေသူအား ကြည်ညိုသူ



ခြင်္သေ့စာ အကျွေးခံရသော ခရစ်ယာန်တသိုက်ပုံ (ရောမတိုင်း)

နှစ်ဦးသည် ဓားချင်း ယှဉ်ပြိုင်ခုတ်ကာ အသက်ကို လှူကြလေ၏။ ဤသို့ အသက်ပူဇော်ပွဲများကို ရောမတို့ မြင်ဖန် များလတ်သော် သတ်ဖြတ်ပွဲများကို ဝါသနာပါလာကြ၏။ သမတခေတ်သို့ရောက်သောအခါ ကွန်ဆာလူကြီးအဖြစ် ရွေးကောက်ခံလိုသူတို့သည် မဲဆန္ဒ အများဆုံး ရရှိရန် ရည်ရွယ်၍ မြို့သူမြို့သားများ အကြိုက် သတ်ဖြတ်ပွဲများကို ငွေကုန်ကြေးကျခံကာ ကျင်းပကြ၏။ သတ်ဖြတ်ပွဲများသည် ရှေးကကဲ့သို့ လူကြီးမိဘ သေသော အခါမှာမှ မဟုတ်၊ သက်သက် ပွဲလမ်းသဘင် တခုသဖွယ် ကျင်းပကြ၏။ ရှေးဦးစွာ သေဒဏ်ပေးထားသော အကျဉ်းသမားများကို အချင်းချင်း ထိုးခုတ် သတ်ဖြတ်စေ၏။ နောင် ဤပွဲမျိုး အလွန်အမင်း ခေတ်စားလာသောအခါ စစ်မြေပြင်မှ ဖမ်းဆီးလာသော သုံ့ပန်းများ ကျွန်များကို ပွဲပေါင်းမည်မျှ၌ သတ်ဖြတ်အစွမ်းပြနိုင်လျှင် သုံ့ပန်းအဖြစ်မှလွတ်မည် ကျွန်အဖြစ်မှလွတ်မည်ဟူ၍ ခံဝန်ချုပ်များဖြင့် လူကြီးများက ဝင်ရောက် သတ်ဖြတ်ခိုင်း၏။ စစ်သူကြီးများ တန်ခိုးကြီးလာသောအခါ သူရဲ သူခက်များ စစ်သူကြီးများ၊ မိန်းမများပင် ဝင်ရောက် ယှဉ်ပြိုင် သတ်ဖြတ်ကြ၏။ ရှေးကကဲ့သို့ လူလူချင်း သတ်ဖြတ်ရုံမျှမက လူနှင့်ခြင်္သေ့၊ သစ်၊ ကျားစသော သားရဲတိရစ္ဆာန်များနှင့် ယှဉ်ပြိုင်သတ်ဖြတ်ကြ၏။ တဖြည်းဖြည်း ထိုးခုတ် သတ်ဖြတ်ပွဲ အမျိုးမျိုးကို အသစ်အဆန်း တီထွင်ကာ ကျင်းပလေ၏။ ထိုပွဲများကို ဘုရင်ခေတ်၌ တရက်မျှသာ ကျင်းပသော်လည်း နှောင်းခေတ်များ၌ ရက်ပေါင်းများစွာ ကျင်းပကြ၏။

ထိုပွဲများကို စတင် ကျင်းပသော ခေတ်၌ ဖြစ်ကတတ်ဆန်း ဇာတ်ပွဲရုံများတွင် ကျင်းပသော်လည်း ခေတ်စားလာသောအခါ ဇာတ်ပွဲရုံကြီးများကို ခမ်းခမ်းနားနား ဆောက်လုပ်ကြ၏။ ရောမမြို့ရှိဇာတ်ပွဲရုံကြီးသည်အကြီးဆုံးဖြစ်၏။ဇာတ်ရုံကြီးသည် ဂရိတို့၏

ရောမမြို့တော်ရှိ ကော်လောဆီယံ ခေါ် မဟာရုံတော်ဝိုင်းကြီး

ဇာတ်ပွဲရုံကဲ့သို့ ယပ်တောင်ပုံမဟုတ်၊ အဝိုင်းကြီး ဖြစ်လေသည်။ အလယ်ဘွင် မြေလပ်ထား၍ ထိုမြေလပ်ကို မြင့်မားသော တံတိုင်းကြီးဖြင့် ဝန်းရံထား၏။ ပရိသတ်ထိုင်ရန် ခုံတန်းများသည် တံတိုင်းအနောက်မှစ၍ အဆင့်ဆင့် မြင့်တက်သွား၏။ ဇာတ်ရုံကြီး၏ နံရံတခုလုံးတွင်လည်း ပြတင်းပေါက်ကြီးများကို တိုင်လုံးကြီးများဖြင့် ခြားကာခြားကာ ဆက်စပ်ထား၏။ ပြတင်းပေါက်တိုင်း အထက်ဘောင်တွင် ပေါင်းကူးတင်ထား၏။ ဇာတ်ရုံကြီး တခု၌ အထပ်ပေါင်း အနည်းဆုံး လေးထပ်ရှိလေသည်။ အကြီးဆုံး ဇာတ်ရုံတွင် ပရိသတ် ငါးသောင်းခန့် ဝင်ရောက် ကြည့်ရှု နိုင်လေသည်။ ရောမမြို့တိုင်းတွင် ဇာတ်ပွဲရုံကြီး တခုစီရှိလေသည်။

ဇာတ်ပွဲသဘင်။ ။ဂရိတို့သည် အဆွေးဇာတ် အသောဇာတ် နှစ်မျိုးစလုံးကို အားပေးသော်လည်း ရောမတို့သည် အသောဇာတ်ကိုသာ နှစ်သက်ကြ၏။ ရက်စက်ကြမ်းကြုတ်သော လူမျိုးဖြစ်သဖြင့် လွမ်းရ ဆွေးရမှန်း မသိချေ။ သတ်ဖြတ်ပွဲများတွင် တကယ့် ကြေကွဲစရာတို့ကို မြင်နေကျဖြစ်သောကြောင့် အဆွေးဇာတ်များသည် ရောမတို့ကို အနည်းငယ်မျှ မထိခိုက်ချေ။ အသောဇာတ်ကို နှစ်သက်သည် ဆိုရာ၌လည်း နုနု နယ်နယ် ယဉ်ယဉ်ကျေးကျေးဖြင့် ဂရိတို့ကဲ့သို့ အစိုးရအား ပြောင်လှောင်သောဇာတ်မျိုးကို နှစ်သက်သည်မဟုတ်။ ကိုယ်ဟန်လက်ဟန်နှင့် ရယ်စရာ ပြုလုပ်မှသာ နှစ်သက်ကြလေသည်။ ကိုးရိုးကားရား အဆင်းတန်ဆာများနှင့် မျက်စိတွင် ကန့်လန့်ကျအောင် ပြုလုပ်ကပြမှသာ ပရိသတ်တို့ ပွဲကျကြလေသည်။

စစ်ရထားပြိုင်ပွဲ။ ။ရောမ တို့သည် အထူးသဖြင့် စစ်ရထားချင်း

ယှဉ်ပြိုင် မောင်းနှင် ပန်းဆွတ်ခြင်းကို အလွန် အမင်း နှစ်သက်ကြ၏။ ဇာတ်ရုံကြီးအတွင်းတွင် ရထားများပြိုင်ရန် နေရာ ပြုလုပ်ထား၏။ စစ်ရထား လေးစီး ငါးစီး တပြိုင်တည်း ပြိုင်ကြ၏။ စစ်ရထားပြိုင်ပွဲသည် ကျွန်ုပ်တို့ခေတ်၌ ကျင်းပသောမြင်းပြိုင်ပွဲများနှင့် တူလေသည်။ သို့သော် မြင်းများ ပြေးရသကဲ့သို့ တာတို မပြေးရ။ တာရှည်ရှည်ကို အပြေးပြိုင်ရသည်။ ဤစစ်ရထား ပြိုင်ပွဲများ၌ များသောအားဖြင့် စစ်ရထားမောင်း အကျင်လည်ဆုံးသောသူများနှင့် စစ်သူကြီးများသာ ဝင်ရောက် ပြိုင်ဆိုင်ကြ၏။

ရေချိုးအိမ်။ ။ပွဲလမ်းများအပြင် ရောမတို့ စည်းစိမ် ခံရာရေချိုးအိမ်များ ရှိလေသည်။ အစိုးရ အရာရှိကြီးများနှင့် ကြွယ်ဝချမ်းသာ သူများသည် ရေချိုးအိမ် များကို အများအပြားဆောက်လုပ်ကြ၏။ ရေချိုးအိမ် များတွင် မည်သူ မဆို အခမဲ့ ဝင်ရောက်ချိုးနိုင်၏။ ရေချိုးအိမ်ဟု ဆိုရသော်လည်း ခမ်းနားသော အဆောက်အအုံကြီးများဖြစ်လေသည်။ အိမ်အတွင်းတွင် ရေကူးကန်၊ ရေအေးချိုးရန် အခန်း၊ ရေနွေးချိုးရန်အခန်း၊ အဝတ်လဲခန်း၊ စာကြည့်ခန်း၊ ပြတိုက်ခန်းစသည်ဖြင့် အဆောင်ဆောင် အခန်းခန်း သီးခြားထား၏။ ရေချိုးအိမ်သည် စင်စစ်အားဖြင့် ရောမတို့အားလပ်ချိန်၌အပန်းဖြေရာ၊ စားသောက်ရာ၊ စကားစမြည် ပြောဆိုရာ နေရာဖြစ်လေသည်။

ဈေးနေရာ။ ။အိတြုပ်စကင်း တို့နှင့် ရှေးက ကုန်ရောင်းကုန်ဝယ်ပြုခဲ့သော ဈေးနေရာတွင်လည်း ရောမတို့သည် ခမ်းနားသော အဆောက်အအုံကြီးများဖြင့် ဈေးဆောက်၏။ အဆောက်အအုံ အသီးသီးတွင် ကုန်အမျိုးမျိုးတို့ကို ရောင်းကြ၏။ ကျွန်များကိုပင်



ရောမရေချိုးအိမ်

စျေး၌ အစီအရီ ကြိုးဖြင့် သီတန်းကာ လေလံပစ်ကြ၏။ ရောမတို့သည် ကုန်ရောင်းကုန်ဝယ် ပြုရာ၌ ငွေဒင်္ဂါးများကို သုံးကြသည်။

စစ်သူကြီးခေတ်(ဘီ၊ စီ ၁ ရာစုခေတ်)။ ။ရောမမြို့ကို ကွန်ဆာလူကြီးများက အုပ်စိုး သော်လည်း ပြင်ပနိုင်ငံများနှင့် စစ်ပြိုင်ဖန်များသော အခါ စစ်သူကြီးများသည် တန်ခိုး ကြီးမားလာ၏။ ရောမတို့လည်း ကျင့်သား ရပြီးသော စစ်သားများ ဖြစ်လာကြ၏။ ရောမနိုင်ငံကို အုပ်ချုပ်သော ကွန်ဆာလူကြီး များကို ကြောက်ရွံ့ရမည့်အစား စစ်သူကြီးများကိုသာ ချစ်ကြောက် ရိုသေကြ၏။ စင်စစ် အားဖြင့် ရောမနိုင်ငံကို စစ်သူကြီးများသာလျှင် လွှမ်းမိုး အုပ်စိုး ကြ၏။ ကွန်ဆာလူကြီးများမှာ အမည်သာ ရှိ၍ စစ်သူကြီးများကြိုးဆွဲတိုင်း က, ကြရလေသည်။

စစ်ပွဲယို စစ်သူကြီးနောက် ကျော်စောသော စစ်သူကြီးသည် ပွန်ပီဖြစ်၏။ပွန်ပီ[၁၄]သည် စပိန်၊ အီဂျစ်၊ ဂရိ၊ ဆီးရီးယား နိုင်ငံများတွင် ထကြွသော သူပုန်ရန်များ နှိမ်နင်းရာမှ စ၍ ကျော်စောသူဖြစ်၏။ ပွန်ပီနှင့် တွဲဖက်လျက် ဂျူလီယက်ဆီဇာ[၁၅]နှင့် ကရေစပ်[၁၆]တို့သည် ရောမနိုင်ငံကို အုပ်ချုပ် ကြ၏။ ပွန်ပီ၏ တန်ခိုးအာဏာ ထက်မြက်ပုံနှင့် နိုင်ငံသူ နိုင်ငံသား များက ကြည်ညိုကြပုံကို တွေ့မြင်သော အခါ ဂျူလီယက်ဆီဇာလည်း အားကျသောကြောင့် ပွန်ပီကဲ့သို့ တန်ခိုး ကြီးရန် စစ်ထွက် တိုက်ခိုက်၏။ အီတလီကျွန်းဆွယ် အရှေ့ဖက်ရှိ နိုင်ငံများကို ပွန်ပီသည် အောင်မြင်ခဲ့ပြီး ဖြစ်သဖြင့် ဂျူလီယက်ဆီဇာသည် အနောက် ဖက်သို့ စစ်ဦးလှည့်၏။ ကျွန်ုပ်တို့ ခေတ်၌ ပြင်သစ်ဟု ခေါ်သော ဂေါလနယ်များကို အောင်မြင်စွာ

---

[၁၄] *Pompey* [၁၅] *Julius Caesar* [၁၆] *Crassus*



စစ်သူကြီးပွန်ပီ

သိမ်းယူ ပြီးလျှင် အင်္ဂလန်ကျွန်း တောင်ပိုင်းကိုပါ နိုင်လေ၏။ ထိုစဉ် အခါက အင်္ဂလိပ် များသည် လူရိုင်းသာသာမျှသာ ရှိသေး၏။

အနောက် နိုင်ငံများတွင် ဂျူလီယက် ဆီဇာသည် စစ်ပွဲများကို ရှုံးသည် မရှိ နိုင်သည်ချည်းသာ ဖြစ်ကြောင်းကို ပွန်ပီ ကြားရသောအခါ မိမိနှင့် တန်ခိုးချင်းတူတော့မည်ကို မနာလိုစိတ် ဖြစ်ပေါ်လာ၏။ ဂျူလီယက် ဆီဇာသည် အောင်ပွဲ အသီးသီးကို ခံယူပြီး၍ ရောမမြို့သို့ ပြန်လာသော အခါ ပွန်ပီသည် ဂျူလီယက် ဆီဇာအား လမ်းခရီးတွင် စစ်သည် ရဲမက်များကို ဖြုတ်ပစ်ရန် အမိန့် ထုတ်၏။ ဂျူလီယက်ဆီဇာသည် ရရှိပြီးသော တန်ခိုးအာဏာကို လက်မလွှတ်တော့ပေ။ စစ်သည် အင်အား အပြည့်အစုံနှင့် ရောမမြို့သို့ ရှေ့ရှုချီတက်၏။ ရှေးက စစ်သူကြီး များသည် ရောမမြို့သို့ စစ်ပွဲမှ အောင်ပွဲခံလျက် ပြန်လာသော အခါ မြို့သူမြို့သား များသည် သောင်းသောင်း ဖြဖြ ဆီးကြိုကြသော်လည်း ဂျူလီယက်ဆီဇာကိုမူ သူပုန် သဖွယ် ပြုမူကြ၏။ ဂျူလီယက်ဆီဇာ၏ စစ်သည်များနှင့် ပွန်ပီ၏ စစ်သည် ရဲမက်များ တိုက်ခိုက် ကြရာပွန်ပီရှုံး၍ ဂရိနိုင်ငံသို့ ထွက်ပြေးရ၏။ ဂျူလီယက် ဆီဇာလည်းဂရိသို့ လိုက်တိုက်ရာ ပွန်ပီရှုံးပြန်၏။ စစ်မြေပြင်မှ ထွက်ပြေးရာပွန်ပီသည် ရန်သူ တဦး၏ လက်ချက်ဖြင့် အသက်ဆုံးလေ၏။

ပွန်ပီ မရှိသည့်နောက် ကျယ်ပြန့်သော ရောမနိုင်ငံတော်ကြီးသည် ဂျူလီယက်ဆီဇာ၏ လက်သို့ ရောက်သွား၏။ သို့သော် ဂျူလီယက် ဆီဇာသည် အသက်ဦးဆံပိုင် ဘုရင်သဖွယ် အုပ်စိုးလိမ့်မည်ဟု အယူရှိသော သူ၏ မိတ်ဆွေ များသည် ဂျူလီယက် ဆီဇာအား လွှတ်တော် အတွင်းတွင် ဓားဖြင့် ထိုးသတ်လေသည်။

ဂျူလိယက်ဆီဇာ

ဩဂုပ်စတပ်ခေတ်။ ။ဘီ၊ စီ ၄၄ ခုတွင် ဂျူလီယက်ဆီဇာ ကံကုန်သောအခါ ရောမနိုင်ငံကို တူတော် အော့ကတေးဗီယပ်[၁၇]သည် ဆက်ခံ စိုးစံ၏။ ရောမနိုင်ငံတော်ကြီးကို မအုပ်စိုးမီ အောက်တေးဗီယပ်သည် ပုန်ကန် ထကြွသော ဂရိ၊ ဆီရီးယား၊ အီဂျစ်နိုင်ငံများကို နှိမ်နင်း၏။ ထိုနိုင်ငံများ ငြိမ်ဝပ်သော အခါမှ ရောမမြို့သို့ ပြန်လာကာ ပြည်ဘွင်း တိုးတက်မှုများကို ဆောင်ရွက်လေ၏။ အတုမရှိ စစ်ပွဲတိုင်း နိုင်သော စစ်သူကြီး ဖြစ်သောကြောင့် ရောမနိုင်ငံကို အုပ်ချုပ်သော ကွန်ဆာလူကြီး များသည် အောက်တေးဗီယပ်အား "ဩဂုပ်စတပ်"[၁၈]ဟူသောဘွဲ့ဖြင့် ချီးကျူးနှင်းအပ်၏။ ဂရိ သမိုင်းတွင် ပရီကလီး ခေတ်သည် ဂရိတို့ အထွန်းကားဆုံး အချိန် ဖြစ်သကဲ့သို့ ဩဂုပ်စတပ် အုပ်စိုးသော အချိန်သည် ရောမနိုင်ငံ သမိုင်းတွင် အထွန်းကားဆုံး အချိန် ဖြစ်၏။

ဩဂုပ်စတပ်သည် အုပ်ချုပ်ရေး၌ လိမ္မာ၏။ ရောမ နိုင်ငံတော်ကြီးကို ကွန်ဆာ လူကြီးများအား လုံးဝလွှဲအပ်ကာ အုပ်စိုးစေသော်လည်း ထိုလူကြီး များအား ထင်သလို မအုပ်စိုးနိုင်ကြစေရန် ကြိုးကိုင် ထား၏။ လမ်းကြီးလမ်းကျယ် များကို ရောမနိုင်ငံတော်ဘွင်းတွင် ဖောက်လုပ် ဆက်သွယ်၏။ ရောမ မြို့တော်ကြီးကိုလည်း အီတလီကျွန်းဆွယ် တခုလုံးတွင် အကြီးအကျယ် အခမ်းနားဆုံး မြို့ကြီး ဖြစ်အောင် လှပခမ်းနားသော အဆောက်အအုံသစ်များဖြင့် ထပ်မံ ဖြည့်စွက်၏။ ဂရိ စာပေ များသာ မက ရောမကဗျာနှင့် သမိုင်း များကိုလည်း အားပေး၏။ ရှေးမင်းများနှင့် ကွန်ဆာ လူကြီးများ စီရင်ဆုံးဖြတ်ခဲ့သော ဥပဒေများကိုလည်း တစုတရုံးတည်း ပေါင်းစည်းကာ ရောမ ဥပဒေကို ပြုစု၏။ နှစ်ပေါင်းများစွာ ပြုပြင်ခဲ့သော ဥပဒေဖြစ်သဖြင့် ရောမဥပဒေသည် လိုလေ

၁၇ *Octavius*   ၁၈ *Augustus*



'ဂျူလီယက်-ဆီဇာ' လွှတ်တော်တွင် အသတ်ခံရပုံ

သေး မရှိ စေ့စပ်သေချာသောကြောင့် ယခုခေတ် တိုင်အောင် အနောက်နိုင်ငံများတွင် လိုက်နာ သုံးစွဲ ကြပေ၏။

ရောမတို့ခေတ်မှိန်ခြင်း။ ။ဩဂုပ်စတပ်နောက် ဆက်ခံ အုပ်စိုးသော စစ်သူကြီး လေးငါးဦး လက်ထက်တွင် ရောမ နိုင်ငံတော်ကြီးသည် တည်တံ့ သော်လည်း ထိုနောက် ဆက်လက် အုပ်စိုးသော စစ်သူကြီး များသည် နိုင်ငံသူ နိုင်ငံသား များကို ရက်စက်စွာ အုပ်စိုးကြလေ၏။ အီတလီကျွန်းဆွယ်မြောက်ဖက်မှ လူရိုင်းများလည်း နယ်စပ်များကို ထိပါးလာ၏။ ရောမမြို့တွင်လည်း နိုင်ငံသူနိုင်ငံသားနှင့် စစ်သူကြီး များသည် မကြာခဏ စိတ်ဝမ်းကွဲပြားကြကာ မင်းပြောင်း မင်းလွဲ ဆက်ကာဆက်ကာ ဖြစ်၏။ ကွန်စတင်တိုင်[၁၉] လက်ထက် (အေ၊ ဒီ ၃၂၄၊၃၃၇ ခု) သို့ရောက်သော အခါ အာရှ မိုင်းနားရှိ လက်အောက်ခံ နယ်များသည် ရံဖန်ရံခါ ထကြွသဖြင့် အရှေ့နိုင်ငံတော် များနှင့် နီးကပ်စိမ့်သောငှါ မြို့တော်ကို ရောမမှ ကွန်စတန်တီနိုပဲ[၂၀]သို့ ရွှေ့ပြောင်း၏။ ကွန်စတန်တီနိုပဲ ကိုလည်း ရောမမြို့ကဲ့သို့ ကြီးကျယ်အောင် တည်လေ၏။ ထိုကြောင့် ရောမ နိုင်ငံတွင် အရှေ့မြို့တော်၊ အနောက်မြို့တော်ဟူ၍ မြို့တော်နှစ်ခု ဖြစ်ပေါ်လာပေ၏။

ရောမတို့သည် ထိုခေတ်၌ လူမှု လူရေးတွင် အဆင့်အတန်း မြင့်ပေသောကြောင့် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားကြ၏။ သို့သော်လည်း ရောမတို့အပြင် အာရှတိုက် အလယ်ပိုင်းနှင့် ဥရောပတိုက် အလယ်ပိုင်း များတွင် နေရာ ထိုင်ခင်းကောင်းမွန်ရာကို လိုက်လံ ရှာဖွေနေထိုင်ကြသော ဂေါ်သ်[၂၁]လူစုများလည်း ရှိသေး၏။ ထိုဂေါ်သ် လူမျိုးသည် တောင်ဖက်သို့ အစုလိုက်၊ အပြုံလိုက်

---

၁၉ *Constantine* ၂၀ *Constantinople* ၂၁ *The Goths*

ဩဂပ်စတပ်

ပြောင်း ရွှေ့လာကြ၏။ ကွန်စတန်တီနိုပဲမြို့သည် ကြီးကျယ်ထွန်း ကားနေသောကြောင့် ဂေါသ်တို့သည် မြို့အနီးသို့ မကပ်ကြချေ။ ထိုမြို့ကို ကွင်း၍ တောင်ဖက် ဂရိကျွန်းဆွယ်နှင့် အီတလီကျွန်း ဆွယ် များသို့ ဝင်ရောက် နေထိုင်ကြ၏။ ရောမမြို့ကြီးကိုပင် ဝင် ရောက် တိုက်ခိုက် လုယက်ကြ၏။

ထိုအခါ၌ အာရှတိုက် အလယ်ပိုင်း တွင်လည်း ဟန်း[၂၂] လူမျိုး မြင်းစီးသူရဲကောင်းများရှိ၏။ ဟန်းတို့သည် ဘယ်နေရာမျှ အတည် တကျ အိုးအိမ် ထူထောင်၍ မနေ။ မြင်းစု သင်းစုဖြင့် ခြေဦးတည့် ရာသို့ သွားလာ တိုက်ခိုက်ကာ နေကြ၏။ အတီးလား[၂၃] အမည်ရှိ သော ဟန်းဗိုလ်မှူးကြီးသည် ဟန်းတို့ကို ခေါင်းဆောင်ကာ ဥရောပ တိုက်သို့ နယ်ကျွံလာ၏။ ဥရောပအလယ်ပိုင်း တခွင် တပြင်ကို မြင်းခွါရာချင်း ထပ်အောင် တိုက်ခိုက် အောင်မြင်လေ၏။

ဟန်းတို့သာ နိုင်ငံများကို အုပ်စိုးတည်ထောင် လိုသော စိတ်ရှိ လျှင် ထိုစဉ်အခါကပင် ဥရောပတတိုက်လုံးသည် ဟန်းတို့၏ မြင်းခွါ အောက်တွင် ပြားပြားဝပ်လျက် ရှိတော့မည်။ သို့သော် ဟန်းတို့ သည် သူ့ရ သတ္တိကိုသာ ပြလိုသော လူမျိုး ဖြစ်သောကြောင့် ဥရောပ တိုက်ကို သိမ်းပိုက် စိုးစံခြင်း မပြုပေ။ အာရှတိုက် အလယ် ပိုင်းသို့ ပြန်လည် သွားကြ၏။ ထိုကြောင့် ဥရောပတိုက်သားများ သက်သာရာ ရရှိခဲ့ကြ၏။

ဟန်းတို့ကို သိမ့်သိမ့်တုန်အောင် ကြောက်ရွံ့သော ကြောင့် ဥရောပ တိုက် အလယ်ပိုင်းမှ လူစု အချို့သည် တောင်ဖက်သို့ ပြို ဆင်းလာကြ၏။ ဗင်းဒေါ[၂၄] အမည်ရှိသော လူစုသည် စပိန်ကျွန်း ဆွယ်သို့ ရောက်ပြီးနောက် ရှေးကာသေ့တို့ နေထိုင်သော အာဖရိက မြောက်ပိုင်းသို့ ဆက်လက် သွားရောက် နေထိုင် ကြ၏။

---

၂၂ *The Huns* ၂၃ *Attila* ၂၄ *The Vandals*



ရောမမြို့တော်၏ တစိတ်တဒေသ

ထိုဗင်းဒေါတို့သည် အေ၊ ဒီ ၅ ရာစုတွင် ရောမမြို့၏ ကြွယ်ဝချမ်းသာပုံကို သိရှိသောအခါ သင်္ဘောဖြင့် ရောမမြို့သို့ သွားရောက်တိုက်ခိုက်ကြ၏။ ရောမမြို့သို့ ကွန်စတန်တီနိုပဲမှ လာရောက် မကူညီချေ။ ရောမမြို့ရှိ အဖိုးတန် ပစ္စည်းဟူသမျှတို့ကို ဗင်းဒေါတို့သည် လှေကြီး လှေငယ်ဖြင့် အကုန်အစင် သယ်ယူ၍ ကာသေ့မြို့သို့ ယူဆောင်သွား ကြလေ၏။ ကာသေ့တို့အား မတရားသဖြင့် နှိပ်စက်ခဲ့သော ဝဋ်ကြွေးကို ရောမတို့သည် ကာသေ့တွင် နေထိုင်ကြသော လူသစ် ဗင်းဒေါတို့ လက်ထက်ကျမှပင် ပြန်လည် ခံစားရလေ၏။

ရောမမြို့ကား ထိုအခါမှစ၍ ညှိုးမှိန်သွားရာ ပြန်လည်နာလန်မထူတော့ချေ။

အခန်း ၁၅

ခရစ်တော်နှင့် ခရစ်ယာန် သာသနာ[1]

ခရစ်တော် ။ ။ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၅၀၀ ခန့်ကြာသောအခါ ရောမမြို့တွင် ဩဂုပ်စတပ်ဘုရင်သည် ကျယ်ပြန့်သော ရောမနိုင်ငံကြီးကို အုပ်စိုးလေ၏။ ထိုဘုရင်လက်အောက်ခံ ဖြစ်သော ပါလက်စတိုင်း နိုင်ငံ ဂျူဒါးနယ်တွင် ခရစ်တော်ကို ဖွားမြင်တော် မူ၏။ ခရစ်တော်သည် သက်တော် သုံးဆယ် အရွယ်သို့ ရောက်သော အခါ ရှေးပုရောဟိတ်များ တရားဟောသကဲ့သို့ ဂျူဒါးနယ်တွင် လှည့်လည်ကာ တရားဟောလေသည်။ ဖွားမြင်သည်မှ စ၍ တရားမဟောမီ အကြားတွင် ခရစ်တော်သည် မည်သို့ နေထိုင် ကျင့်ကြံခဲ့သည်ကို အသေအချာ မသိရချေ။ ခရစ်တော်၏ အကြောင်းနှင့် ခရစ်တော်၏ တရားများကိုပင် တပည့်ကြီး လေးပါးထံမှ တဆင့်ကြားရလေသည်။ ခရစ်တော် ထင်ရှား ရှိစဉ်အခါက ဟောတော်မူသော တရားများလည်း ဂျူဒါးနယ် တလျှောက်၌ ထင်ရှား၏။ ကွယ်လွန်တော် မူပြီးနောက်တပည့်ကြီးများမှ အဆင့်ဆင့် ဟောပြောခြင်းကြောင့် တစတစ ပြန့်ပွားလေသည်။ ယခု ခေတ်၌ အနောက်နိုင်ငံတွင် ခရစ်ယာန် သာသနာကို လူမျိုးတိုင်း လိုလိုပင် ယုံကြည်ကိုးကွယ် ကြလေသည်။

ခရစ်တော်သည် တရားဟောရာ၌ ကောင်းကင်ဘုံ ရှိကြောင်း ထာဝရဘုရားသခင်[2]၏ ကောင်းကင်နိုင်ငံတော် တည်ထောင်ရန်

---

၁ *Christ and Christianity*   ၂ *God*

အကြောင်းများကို အဓိကထား၍ ဟောကြားလေ့ရှိရာ ဂျူဒါး တွင်အုပ်စိုးသော ရောမဘုရင်ခံတို့သည် ခရစ်တော်အား ရောမ ဘုရင်မင်းမြတ်ကို ပုန်ကန်၍ နိုင်ငံသစ် တည်ထောင်မည့်သူ ဟူ၍ အထင်မှားပြီးလျှင် ရက်စက်စွာ လက်ဝါးကပ်တိုင်၌တင်ကာ သတ် လေသည်။

ခရစ်ယာန်သာသနာ။ ။ခရစ်တော် ဖွားမြင်သော ခေတ်၌ယဟူဒီ တို့သည် ရွှေးကကဲ့သို့ပင် ပစ္စည်း ဥစ္စာများကို ရအောင် ငမ်းငမ်း တက် ရှာဖွေ ကြဘုန်းပင် ဖြစ်၏။ အချင်းချင်းလည်း တဦးနှင့်တဦး အကြင်နာ တရား ကင်းမဲ့ကြ၏။ ကြွယ်ဝချမ်းသာ သူသည် ဆင်းရဲ သူများကို နှိပ်စက် ခိုင်းစေကြသည်။ လူလူချင်း တပါလျက် ပစ္စည်း ဂုဏ်အင်ကို လိုက်ပြီးလျှင် မာန ထောင်လွှား ကြသည်။ ဤသို့ စိတ်သဘောထား ပျက်ပြား နေသူ များကို ခရစ်တော်သည် ပြုပြင် လိုသောကြောင့် ဂျူဒါးနယ် တဝန်းလုံးသို့ လှည့်လည်ကာ ဟောပြော ဆုံးမပေသည်။ ခရစ်ယာန် အယူဝါဒ၌ ကောင်းကင်တွင် နိုင်ငံတော် တခု ရှိ၏။ ထိုနိုင်ငံတော်တွင် ထာဝရ ဘုရားသခင် ကိန်းအောင်းမွေလျော်တော်မူ၏။ လူ့ပြည်မှ သေလွန် ပြီး၍ တက်ရောက်လာသော သူများကို ထာဝရ ဘုရားသခင်သည် မျက် နှာကြီးငယ် မရွေး လက်ခံတော် မူ၏။ ထိုသူများကို ကောင်းကင် ဘုံ၌ပင် ထာဝရ ဘုရားသခင်သည် အေးချမ်း သာယာစွာ ထားပေ ၏။ ထာဝရ ဘုရားသခင်ထံ ရောက်ရန် လူတို့သည် စိတ်သဘော ထား ဖြူစင်စွာ ထား၍ ကျင့်ကြံ နေထိုင်ရ၏။ သူတပါး အသက်ကို မသတ်ရ၊ သူတပါး ပစ္စည်းကို မခိုးယူရ၊ သူတပါး သားမယားကို မပြစ်မှားရ၊ လိမ်လည် မပြောရ၊ မိဘကို ရိုသေ ရမည်၊ ပစ္စည်း ရှိသမျှကိုလည်း ဆင်းရဲသော သူများကို ပေးကမ်း လှူဒါန်းရ

ကွန်စတင်တိုင်ဘုရင်

မည်။ လူအချင်းချင်းလည်း ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင် ကြင်နာစွာ စောင့်ရှောက် နေထိုင်ရမည်ဟု ခရစ်တော်သည် လူများအား ဟောကြား လေသည်။ ခရစ်တော်၏ အဖြစ်အပျက်နှင့် တကွ ဟောကြားသောတရားစုသည် "ဘိုင်ဘယ်"[၁] သမ္မာကျမ်းစာအဖြစ်ဖြင့် တည်ရှိ ခဲ့လေသည်။

ရောမစစ်သူကြီးများ လက်ထက်၌ ခရစ်ယန် သာသနာဝင်များသည် များစွာ အနှိပ်စက်ခံရလေသည်။ အထူးသဖြင့် ဆင်းရဲသားများသည် ခရစ်ယန်သာသနာကို များစွာ နှစ်ခြိုက် ကြသည်။ ထို့ကြောင့် ရှေးရောမ ဆင်းရဲသားတို့သည် ခရစ်ယန် သာသနာကို အများ အပြား ကိုးကွယ်ကြရာ ရောမစစ်သူကြီး၊ ရောမလူကုံထံများနှင့် ခရစ်ယန် သာသနာဝင် တို့သည် မကြာခဏ အဓိကရုဏ်း ဖြစ်ကြ၏။ ခရစ်ယန် သာသနာဝင်တို့လည်း ဂျူဒါးမှ ရောမနိုင်ငံ တလျှောက်သို့ လှည့်လည်ကာ ပုန်းလျှိုး ကွယ်လျှိုး သာသနာ ပြုကြ၏။ ခရစ်တော် ဖွားမြင်ပြီးနောက်မှ ရေတွက်သော် အေဒီ ၃၀၆ မှ စ၍ ခရစ်ယန် သာသနာ ထွန်းကားရန် အကြောင်း ဖြစ်ပေါ်လာသည်။ ထိုနှစ်တွင် ရောမဘုရင် ကွန်စတင်တိုင်[၂] နန်းတက်သည်။ ထိုမင်းသည် ခရစ်ယန် သာသနာကို ကိုးကွယ်၏။ ခရစ်ယန် သာသနာ ကိုလည်း သူ၏ နိုင်ငံတော် တလျှောက်လုံး မင်းကိုးကွယ်သော သာသနာ အဖြစ်ဖြင့် အသိအမှတ် ပြု၏။ ထိုမင်း လက်ထက်မှ စ၍ ရောမတို့သည် ခရစ်ယန် သာသနာဝင်များ ဖြစ်ကုန်ကြ၏။ ရောမ နိုင်ငံမှ တဆင့် ခရစ်ယန် သာသနာသည် ဥရောပတိုက်ရှိ နိုင်ငံအသီးသီးသို့ ပြန့်သွား လေသည်။

ပုပ်ရဟန်းမင်း[၃]။ ။ဥရောပတိုက်တွင် ခရစ်ယန် သာသနာ ထွန်း

---

၁ *The Bible* ၂ *Constantine* ၃ *Pope*

ကား လာသော အခါ နိုင်ငံ အသီးသီး၌ ဘုရားရှိခိုးကျောင်း အမြောက်အမြား ပေါ်ပေါက် လာ၏။ ခရစ်ယန် ဘုန်းကြီးများလည်း ပေါ်ပေါက် လာ၏။ ထိုဘုရားရှိခိုးကျောင်း များနှင့် ဘုန်းတော်ကြီးများကို ပုပ်အမည် ရှိသော ရဟန်းမင်းကြီးသည် ရောမမြို့မှ နေ၍ စီမံ အုပ်ချုပ်၏။ နှစ်ရှည် လများ ကြာသော အခါ ခရစ်ယန် သာသနာ ထွန်းကား သည်နှင့် အညီ ပုပ်ရဟန်းမင်း၏ တန်ခိုးလည်း ကြီးမား လာ၏။ ပုပ်ရဟန်း မင်းသည် ခရစ်ယန်များ လှူဒါန်းသော မြေ၊ ယာ၊ ပစ္စည်း ဥစ္စာများနှင့် ပြည့်နှက် နေသောကြောင့် ချမ်းသာ ကြွယ်ဝ၏။ ဥရောပတိုက် နိုင်ငံ အသီးသီးကို အုပ်စိုးသော မင်းအပေါင်းသည် ခရစ်ယန်များ ဖြစ်သောကြောင့် ပုပ်ရဟန်းမင်းကို တရိုတသေ ကိုးကွယ် ကြ၏။ ပုပ်ရဟန်း မင်း၏ သြဝါဒကို လိုက်နာ ဆောင်ရွက် ကြ၏။ ပုပ်ရဟန်း မင်းလည်း သာသနာကို လက်ကိုင် ထားကာ မင်းအပေါင်းတို့ အပေါ်၌ သြဇာ လွှမ်းမိုး လာပေ၏။

နှစ်ပေါင်း ရင့်ညောင်း လာသောအခါ နိုင်ငံအသီးသီးမှ မင်းအများ တို့သည် ပုပ်ရဟန်းမင်း၏ သြဇာကိုသာ လိုက်နာရ၍ အစစ အရာရာ၌ ပုပ်ရဟန်းမင်း ဝင်ရောက်စွက်ဖက် ခြင်းကြောင့် နိုင်ငံကို လွတ်လွတ် လပ်လပ် စိတ်တိုင်းကျ မအုပ်ချုပ်ကြရပေ။ ထိုကြောင့် ပုပ်ရဟန်းမင်းနှင့် အဆက်အသွယ် ဖြတ်ကြ၏။ နိုင်ငံအသီးသီး၌ မိမိ၏ နိုင်ငံအတွက် သာသနာရေးကို စောင့်ရှောက်ရန် နိုင်ငံတွင်း ရဟန်းများ ထားကာ မင်းများသည် ချီးမြှင့် ထောက်ပံ့ကြ၏။ ထိုကြောင့် ဥရောပ တိုက်တွင် ခရစ်ယန်ဂိုဏ်းအသီးသီးကွဲပြား ထွက်ပေါ် လာ၏။ ပုပ်ရဟန်းမင်း သြဇာလည်း ဘုရင်များ အပေါ်၌ မလွှမ်းမိုးနိုင်တော့ချေ။

အခန်း ၁၆

ကွန်ဖြူးရှပ်[၁]နှင့် တရုပ်နိုင်ငံ တိုးတက်လာခြင်း

ဘီ၊ စီ ၁၀၀၀ ကျော်ခန့်က စ၍ တရုပ် နိုင်ငံတွင် ချောင်မင်းဆက်[၂]သည် မြို့ကလေးများကို တညီတညွတ်တည်း စုပေါင်းကာ စည်းစံနစ် ကျနစွာ အုပ်စိုး၏။ ဘုရင် များသည် နိုင်ငံတလျှောက်တွင် နယ်စား ပယ်စားများ အသီးသီး ခန့်ထားကာ စံနစ် တကျ အုပ်ချုပ်၏။ တရုပ်လယ်ပိုင်ရှင်ကြီးများလည်း ကြွယ်ဝချမ်းသာကာ မြို့မှ ရွာမှုများတွင် သြဇာညောင်း၏။ ချောင်မင်းများသည် တရုပ်နိုင်ငံကြီးကို နိုင်နိုင်နင်းနင်း ချမ်းငြိမ်းသက်စွာ အုပ်စိုးသော်လည်း ရောမနှင့် ဂရိတို့ကဲ့သို့ အခြားနိုင်ငံများကို သိမ်းပိုက်အုပ်စိုးလိုသောစိတ် မရှိချေ။ စိတ်သဘောထား နူးညံ့သိမ်မွေ့စွာထားလျက် တရုပ်နှင့် မသက်ဆိုင်သော အခွင့်အရေးများတွင် ဝင်ရောက်မစွက်ဖက်ပေ။ လယ်သမားနိုင်ငံ ဖြစ်သောကြောင့် စစ်သည်ရဲမက်များကိုလည်းမစုဆောင်း၊စစ်တိုက်ရန်လည်း စိတ်ကူးတွင်မျှမထည့်။ ရှေးရိုးစဉ်လာ အတိုင်း လယ်ယာလုပ်ကိုင်ကာ အရောင်းအဝယ်ပြုလုပ်ကာသာ အသက်ထက်ဆုံး နေကြပေ၏။ ထိုကြောင့် တရုပ်နိုင်ငံသည် နိုင်ငံခြား ယဉ်ကျေးမှု အငွေ့အသက် ကင်းလျက် တရုပ်ယဉ်ကျေးမှု သက်သက်ဖြင့် ကြီးပွါးထွန်းကားပေ၏။

ချောင်မင်းများသည် နှစ်ပေါင်း လေးရာခန့် အုပ်စိုးပြီးသော အခါ နောက်ဆက်ခံသော မင်းများသည် တရုပ်နိုင်ငံကြီးကို စီးစီး

---

၁ *Confucius (Kong Fu Tse)*   ၂ *The Chou (Chow) Dynasty*

နင်းနင်း မအုပ်ချုပ်နိုင်ကြချေ။ နယ်စား ပယ်စားများသည် မိမိ နယ်အသီးသီးကို ဘုရင်သဖွယ်လုံးဝ အုပ်ချုပ်ကြလေသည်။ ဤခေတ်တွင် တရုပ်ပညာရှိကြီးများ ပေါ်ပေါက်လာလေ၏။

လာအိုဇီး ¹(ဘီ၊စီ ၆၀၅-၅၃၁)။ ။ပဌမဦးဆုံး ပေါ်ပေါက်လာသော ပညာရှိကြီးသည် လာအိုဇီးဖြစ်၏။ လာအိုဇီး ဟောပြောသော တရားသည် လောကတွင် အမြဲတည်နေသော နတ်ကြီးတပါးရှိ၏။ လူများသည် တရားမှန် လမ်းမှန်ကို ကျင့်ကြံလိုက်နာလျှင် ထိုနတ်ကြီးသည် နှစ်သက်၏။ လူများသည် မည်သည့်အလုပ်၌မဆို အကြွားအဝါ အသိုင်းအဝိုင်းမပြုလုပ်ရ။ ရိုးရိုးသားသား ကျင့်ကြံ နေထိုင်ရမည်။ အရေးအကြီးဆုံး အချက်မှာ လူတိုင်း မိမိစိတ်ကို နှိမ့်ချခြင်း ဖြစ်၏။ ကိုယ့်ကိုယ်ကို နှိမ့်ချမှ ထိုနတ်ကြီးနှင့် တွေ့သိမ့်မည် ဟူသော တရားများဖြစ်၏။ စင်စစ်အားဖြင့် လာအိုဇီးသည် တရုပ်များအား ရိုးရိုးကျင့် မြဲ့မြဲ့ကြံ ဟူသော အချက်ကို ဟောပြောခဲ့၏။

ကွန်ဖူဇီး(ဘီ၊စီ ၅၅၁-၄၇၉) ။ ။လာအိုဇီးအပြင် ကွန်ဖူဇီးဆိုသူ ပညာရှိ တဦးလည်း ပေါ်လာပြန်၏။ ကွန်ဖူဇီးသည် လာအိုဇီးကဲ့သို့ ရှေးဘဝ နောင်ဘဝ အကြောင်းတို့ကို မစဉ်းစားချေ။ ယခု မျက်မှောက်ဘဝ၌ နေထိုင်မှု၊ ကြီးပွါးမှုတို့ကိုသာ တပည့်များအား သွန်သင်ဆုံးမ၏။ ငယ်စဉ်ကပင် ကွန်ဖူဇီးသည် ရှေးစာဟောင်း ပေဟောင်းများကို သင်ကြားဆည်းပူးခဲ့၏။ စာပေအရာ၌ ထူးချွန်သောကြောင့် မင်း၏ ချီးမြှောက်ခြင်းကို ခံရ၏။ လူအများအား ကိုယ်ကျင့်တရား ကောင်းမွန်ရန် အမြဲဆုံးမ၏။

၁ *Lao- Tse*

မိဘကိုရိုသေကြပါ။ ရှေးလူကြီး သူမများကို ကိုင်းရှိုင်း ကြပါ။ ကိုယ်မနှစ်သက်သော အပြုအမူ အကျင့်အကြံများကို အခြား လူများအား မပြုလုပ်ပါနှင့် စသည်ဖြင့် တပည့်များကို ဆုံးမ၏။ ကိုယ်ချင်းစာ တရားကို အဓိကထားကာ ရှေး စာဟောင်း ပေ ဟောင်း များကိုလည်း လေ့လာမှတ်သား လိုက်စားရန် အမြဲ သွန်သင် ပြသ၏။ တရုပ်လူမျိုးသည် မူလကပင် မိဘနှင့် ရိုးရာကို အထူး ရိုသေသူများ ဖြစ်သဖြင့် ကွန်ဖူဇီးဆုံးမသည်ကို နှစ်သက် ကြကာ ကွန်ဖူဇီးအား ဆရာကြီးအဖြစ် ဆည်းကပ် ကြ၏။ တပည့် ပေါင်း များစွာသည် အမြဲလာရောက် အဆုံးအမခံကြ၏။ ကွန်ဖူဇီး သည် မတရားနှိပ်စက်ခြင်း၊ တံဆိုးလက်ဆောင်စားခြင်း၊မျက်နှာ ကြီးငယ်လိုက်ခြင်းများကို ပပျောက်စေခြင်းငှါ တရုပ်နိုင်ငံတွင် ရှေးကထင်ရှားခဲ့သော ဖြောင့်မှန်တည်ကြည်သည့် ပုဂ္ဂိုလ်ကြီးများ အကြောင်းကို စံနမူနာတင်ကာ တပည့်များနှင့် အခြားမြို့သူမြို့သား များအား ဆုံးမတတ်၏။ သို့သော်နယ်စားများနှင့် ဘုရင်များသည် အပျော်အပါး၌သာ ခုံမင်ကြသောကြောင့် ကွန်ဖူဇီး၏ ဆုံးမချက် များကို နားမဝင်သည်နှင့် ကွန်ဖူဇီးသည် မင်းခစား အဖြစ်ကို စွန့်၍ တမြို့မှ တမြို့၊ တရွာမှတရွာသို့ လှည့်လည်သွားလာကာ နိုင်ငံသူ၊ နိုင်ငံသားများကို ဆုံးမ သွန်သင်လေ၏။

တပည့် တပန်းများကို ဆုံးမကာ ဆုံးမစာများ ရေးသား ကာဖြင့် ကွန်ဖူဇီးသည် အသက် ခုနစ်ဆယ်ကျော်တွင် ကွယ်လွန်၏။ ကွယ်လွန်ခါနီးတွင်ပင် တပည့်တပန်းများအား "ငါ့အဆုံးအမကို ဘုရင်က အားပေးဆောင်ရွက်ခြင်း မပြုဘူး" ဟု ညည်းတွားသွား ၏။ ကွန်ဖူဇီး အသက်ရှင်စဉ်၌ သူ၏ အဆုံးအမသည် မပြန့်ပွါး သော်လည်း ကွယ်လွန်ပြီးသည့်နောက်၌ မင်းနှင့်တကွနိုင်ငံသူ နိုင်ငံ သားပါ ကွန်ဖူဇီး၏အဆုံးအမကိုအထူးလေးစားနှစ်သက်ကြပေ၏။

ရှိဝှမ်တီ[၄] **(ဘီစီ ၂၄၆-၂၁၀)။** ။ချောင်မင်းဆက်နောက် ချင်မင်းဆက်[၅] တွင် ရှိဝှမ်တီဘွဲ့ကို ခံယူသော ဘုရင်သည် ဟွန်ဟိုမြစ်နှင့် ယန်စီမြစ်အကြားရှိ မြို့များကို တလုံးတစည်းတည်း ညီညီညွတ်ညွတ် ရှိအောင် ပူးပေါင်းကာ အုပ်ချုပ်လေ၏။ မြောက်ဖက်မှ ရံဖန်ရံခါ တရုပ်နိုင်ငံသို့ ဝင်ရောက် လုယူဖျက်ဆီးလေ့ ရှိသော တာတာ[၆] အမည်ရှိ လူရိုင်းများကိုလည်း တိုက်ခိုက် နှိမ်နင်း၏။ တာတာတို့ကို တရုပ်နိုင်ငံ၏ နယ်နိမိတ်မှ ဝေးသည်ထက် ဝေးစေခြင်းငှါ လိုက်လံနှင်ထုတ်၏။

မြို့ရိုးကြီး။ ။ကွန်ဖူးဇီးနှင့် လာအိုဇီးတို့၏ အဆုံး အမများကြောင့် ထိုစဉ်အခါက တရုပ်တို့၏ စိတ်သည် အလွန် နူးညံ့ ပျော့ပျောင်း၏။ မကြာမကြာ နိုင်ငံတွင်းသို့ ဝင်ရောက်လုယူ ဖျက်ဆီးလေ့ရှိသော တာတာတို့၏ ရန်ကို တွန်းလှန်ရန် စစ်သည်ရဲမက်နှင့် လက်နက်ကိရိယာများကို စုဆောင်းမည့် အစား၊ သွေးထွက်သံယို ဖြစ်မည့် အစီအမံများကို ရှောင်ရှားလျက်၊ လူကုန် ငွေကုန် အချိန်ကုန်ခံကာ၊ ကြီးမားသော မြို့ရိုးကြီးကို တရုပ်နိုင်ငံ၏ မြောက်ပိုင်းတွင် အနောက်မှ စတင်၍ အရှေ့သို့ မိုင်ပေါင်း (၂,၀၀၀) ခန့်ရှည်လျားအောင် ဆောက်လုပ်လေသည်။ ထိုခေတ်တွင် ရှိဝှမ်တီ ဆောက်ခဲ့သော မြို့ရိုးကြီးသည် တာတာတို့ တရုပ်နိုင်ငံတွင်းသို့ ဝင်ရောက် တိုက်ခိုက်ခြင်းကို ထိထိရောက်ရောက် ကာဆီးတားမြစ်နိုင်ခဲ့သော်လည်း နှောင်းခေတ်များတွင် မြို့ရိုးကြီးသည် ရှေးတရုပ်လူမျိုး၏ အင်ဂျင်နီယာ အတတ်နှင့် စိတ်ရှည်ပုံ၊ ဇွဲရှိပုံကို ချီးမွမ်းနိုင်ရုံ အဆောက် အအုံသဖွယ် တည်တံ့သည်မှ အပ ရန်သူများကို တားမြစ်ရန် လုံးဝအရာမရောက်တော့ချေ။

---

၄ *Shih Huang Ti* ၅ *The Chin Dynasty* ၆ *The Tartars*

တရုတ်ပြည်-မြို့ရိုးကြီး

တောင်ဖက်သို့ ။ ။ရှိဝှမ်တီ မတိုင်မီ အုပ်စိုးခဲ့သော ဘုရင်များသည် ဟွန်ဟိုနှင့် ယန်စီမြစ် နှစ်စင်းကြားတွင် တည်ရှိသော နိုင်ငံကို အုပ်စိုးရကာမျှဖြင့် တင်းတိမ်ရောင့်ရဲခဲ့ကြ၏။ ရှိဝှမ်တီမူ စွန့်စားလိုသော စိတ်ရှိ၏။ တရုပ်နိုင်ငံ၏ တောင်ဖက်တွင် မည်ကဲ့သို့သော နေရာနှင့် မည်သည့် လူမျိုးများ ရှိသည်ကို သိလို၏။ ထို့ကြောင့် တောင်ဖက်နယ်များသို့ လှည့်လည်ရာ တရုပ်နိုင်ငံ တောင်ပိုင်းနှင့် အာနံနယ်များသို့ ရောက်လေ၏။ ထိုနယ်သစ်များကိုလည်း တရုပ်နိုင်ငံတွင်းသို့ တလုံးတစည်းတည်း သိမ်းသွင်းပေ၏။

ဝူတီဘုရင် [၁] (ဘီ၊ စီ ၁၄၀-၈၆)။ ။ရှိဝှမ်တီ နတ်ပြည်စံပြီးသည့်နောက် ဟန်မင်းများ ဆက်ခံစိုးစံ၏။ ဟန်မင်းဆက်တွင် ထင်ပေါ်ကျော်စောသော မင်းသည် ဝူတီဘုရင် ဖြစ်၏။ တရုပ်နိုင်ငံ တောင်ပိုင်းနှင့် အာနံနယ်များသည် ရှိဝှမ်တီ မရှိသည့်နောက် တရုပ်နိုင်ငံမှ တသီး တခြား ခွဲထွက် ကြ၏။ ရှိဝှမ်တီနောက် ဆက်ခံ အုပ်စိုးသော မင်းများသည် နိုင်ငံကို ပြန်လည် စည်းရုံးခြင်း မပြု။ အမှုမဲ့သာ နေကြ၏။ ဝူတီဘုရင် လက်ထက်သို့ ရောက်သော အခါ ရှိဝှမ်တီ လက်ထက်ကကဲ့သို့ပင် နိုင်ငံနီးချင်း စုစုရုံးရုံး ညီညွတ်လို၍ တရုပ်နိုင်ငံတောင်ပိုင်းနှင့် အာနံနယ်များကို တိုက်ခိုက် သိမ်းယူကာ တရုပ်နိုင်ငံကြီးထဲသို့ ပူးပေါင်းပြန်၏။ ဝူတီဘုရင် လက်ထက်၌ တရုပ်တို့သည် မိမိတို့နိုင်ငံကြီးကို ရံဖန်ရံခါ စော်ကား လာသော တာတာများကို၎င်း၊ တောင်ဖက်နယ်များကို၎င်း၊ စစ်ချီတိုက်ခိုက် ဆုံးမရသဖြင့် စစ်သည် သူရဲကောင်းများ ဖြစ်လာကြ၏။ မြောက်ဖက်တွင် ဝူတီဘုရင်သည် ကိုရီးယားကျွန်းဆွယ် မြောက်ပိုင်းကို တိုက်ခိုက်ကာ တရုပ်နိုင်ငံကြီး အတွင်းသို့ သွတ်သွင်းစုပေါင်း၏။

[၁] *Wu Ti*

အနောက် မြောက်ဖက်နှင့် အနောက်ဖက် ဒေသများမှ နိုင်ငံတွင်းသို့ ကျူးကျော်စော်ကားလေ့ရှိသော တာတာများကိုလည်း ကက်စပီယန် ပင်လယ်ကမ်းခြေအထိ လိုက်လံတိုက်ခိုက် နှိမ်နင်း၏။ ရှေးအခါက နိုင်ငံတွင်း၌သာ အေးအေးဆေးဆေး နေတတ်သော တရုပ်တို့သည် လူဖြောင့် စိတ်တိုပိပိ ရန်သူများကို နှိမ်နင်းရာမှအစ အနောက်နိုင်ငံများနှင့် ဦးဆုံးတွေ့ဆုံကြလေသည်။

ရောမနှင့်တရုပ်နိုင်ငံ။ ဤသို့ တရုပ်တို့သည် ပြင်ပနိုင်ငံများနှင့် စတင် ဆက်သွယ်မိလျှင်မိခြင်း အနောက်နိုင်ငံများသို့ကုန်းကြောင်းခရီးဖြင့် စတင်ကုန်သွယ် ကြ၏။ အာရှမိုင်းနားနှင့် ရောမနိုင်ငံအထိ တရုပ်ကုန်သည် များသည် ပိုးထုပ်များ၊ ကြွေအိုး၊ ကြွေထည်များကို တင်ပို့ ရောင်းချကြ၏။ ထိုအခါမှပင် အနောက်နိုင်ငံသား ရောမနှင့် ဂရိတို့သည် ပိုးနှင့် ကြွေထည်များကို စတင်သုံးစွဲကြရ၏။ ရောမနိုင်ငံတော်ထက် ကြီးကျယ် ယဉ်ကျေးသော တရုပ်နိုင်ငံကြီး ရှိမှန်းသိကြ၏။ ထိုအခါမှပင် ရောမတို့သည် သင်္ဘောဖြင့် ၎င်းနှစ်ဖြင့်စား ကာ တရုပ်နိုင်ငံသို့ ကုန်စည်ကူးသန်းရန် သွားရောက်ကြ၏။ ရောမနိုင်ငံကြီးပြိုအက်ပျက်စီးကာ အနောက်နိုင်ငံများတွင် အချင်းချင်း သတ်ဖြတ် စစ်ပြိုင်ကြသော အခါမှ တရုပ်နှင့် ရောမတို့ ကူးသန်းရောင်းဝယ်ရေးသည် ရပ်တန့် သွားလေသည်။

တရုပ်နှင့် ဂျပန်။ ။ရောမနှင့် ကူးသန်း ရောင်းဝယ်ရေး ရပ်နားလိုက်သော အခါ တရုပ်တို့သည် နိုင်ငံနီးချင်းများနှင့်သာ ဆက်ဆံရောင်းဝယ်ကြ၏။ ကိုရီးယားသို့ တရုပ်ကုန်သည်များ ရောက်သွားသော အခါ ဂျပန်ကျွန်းများနှင့် အခြားကျွန်းများသည် တရုပ်နိုင်ငံအရှေ့ဖက်တွင် တည်နေကြောင်းကို သိကြသည်။ ဂျပန်ကျွန်းသို့

တရုပ်ကုန်သည်များသည် စမ်းသပ်သွားရောက်ကာ ကုန်ကူးသန်း ကြပေ၏။

မင်းတိဘုရင်[၈]။ ။ဝူတိဘုရင် နတ်ပြည်စံပြီးသည့်နောက် မင်းတိဘုရင်သည် ဟန်မင်းဆက်[၉]တွင် ကျော်စောခဲ့သော ဘုရင်တပါး ဖြစ်၏။ ဝူတီသည် ပြင်ပနိုင်ငံများနှင့် စတင် ဆက်သွယ်သော ကြောင့် တရုပ်နိုင်ငံသမိုင်းတွင် ထင်ရှား သကဲ့သို့ မင်းတိဘုရင် လည်း သူ့လက်ထက်တွင် ဗုဒ္ဓသာသနာသည် တရုပ်နိုင်ငံတွင်းသို့ စတင် ပျံ့နှံ့သောကြောင့် ကျော်စောပေ၏။ မင်းတိဘုရင်သည် အခါတပါး၌ စက်တော်ခေါ်နေစဉ် အရပ်ဆယ့်ခြောက်ပေခန့်ရှိ၍ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းသောလူတဦးကို အနောက် အရပ်၌ တွေ့ရှိသည်ဟု အိပ်မက်မြင်မက်သောကြောင့် မင်းလုလင်များကို ရှာဖွေရန် စေလွှတ်ရာ ဂေါတမမြတ်စွာဘုရား၏ ရုပ်ပွါးတော်တဆူ နှင့်ပိဋကတ် အချို့ကို ရရှိလေသည်။ ဘုရင်မင်းမြတ်လည်း နှစ် ထောင်းအားရစွာ မြတ်စွာဘုရား၏ ရုပ်ပွါးတော်ကို ပူဇော်၏။ ပိဋကတ်များကိုလည်း လေ့လာ၏။ ထိုမင်းလက်ထက်မှ စ၍ တရုပ် နိုင်ငံတွင် မင်းနှင့် တကွ နိုင်ငံသူ နိုင်ငံသားတို့သည် ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်စွာ ကိုးကွယ်ပူဇော်ကြလေသည်။ တရုပ်နိုင်ငံမှ တဆင့် ကိုရီးယားနှင့် ဂျပန်ကျွန်းများသို့ ဗုဒ္ဓသာသနာသည်တဆင့် ပြန့်ပွါးပေသည်။

စာပုံနှိပ်အတတ်။ ။ဟန်မင်းဆက်တွင် တရုပ်တို့သည် သစ်သား စာလုံးများကို ထုလုပ်ကာ လက်နှင့် ပုံနှိပ် ကြ၏။ ကမ္ဘာပေါ်တွင် တရုပ်တို့သည် စာပုံနှိပ် အတတ်ကို စတင် တတ်ကျွမ်းကြသူများ

---

၈ *Ming Ti* ၉ *The Han Dynasty*

ဖြစ်၏။ ဟန်မင်းဆက်တွင် စာပုံနှိပ် အတတ်ကို ကုန်သည် အနည်းငယ်တို့ စတင်အသုံးပြုကြ၏။ ရှင်ဘုရင်များသည် စာပုံနှိပ်အတတ်ပေါ်ပေါက်နေမှုန်း မသိကြချေ။ ဟန်မင်းဆက်တိုးပြီးနောက် နှစ်ပေါင်း (၇၀၀) ခန့်ကြာမှ စာပုံနှိပ် အတတ်ကို တရုပ်နိုင်ငံ အနှံ့အပြား၌ လုပ်ကိုင်သုံးစွဲကြလေသည်။ တရုပ်နိုင်ငံ၌ ပုံနှိပ်အတတ်ကို သူသူငါငါ လုပ်ကိုင် သုံးစွဲကြသောအခါမှ အနောက် နိုင်ငံများသည် တရုပ်နိုင်ငံမှ အတုခိုးနည်းခံကာ စတင်သုံးစွဲကြရသည်။ အနောက် နိုင်ငံများထက် တရုပ်နိုင်ငံသည် စာပုံနှိပ် အတတ်ကို နှစ်ပေါင်း (၅၀၀) ကျော်ကျော်ခန့် စော၍ တတ်မြောက်ပေသည်။

စက္ကူ။ ။စာဟောင်း ပေဟောင်းများကို အမြတ်တနိုးလေ့လာဆည်းပူးသော လူမျိုးများ အနက် တရုပ်တို့သည် ရှေ့တန်းကနေကြ၏။ စက္ကူကိုလည်း ကမ္ဘာပေါ်တွင် တရုပ်များသာ အဦးဆုံး လုပ်ကိုင်သုံးစွဲကြသူများဖြစ်၏။ ရောမတို့နှင့် တခေတ်တည်း ထွန်းကားသော ဟန်မင်းတို့သည် အုပ်ချုပ်ရေး၊ ကုန်သွယ်ရေးနှင့် ပတ်သက်သော စာတမ်းများကို စက္ကူပေါ်တွင် ရေးသားကြလေပြီ။ ထိုအခါ၌ ရောမတို့မူ ကျူရိုးပြန့်များကို ဆက်စပ်ကာ စက္ကူအဖြစ် သုံးစွဲကြတုန်းပင် ရှိသေး၏။ တရုပ်ကုန်သည်များ ရောမတို့နှင့် ကုန်သွယ်ကြသော အခါမှ အနောက် နိုင်ငံများတွင် စက္ကူကို မြင်ဘူးကြကာ သုံးစွဲကြရ၏။

လက်ဖက်ခြောက်။ ။ဟန်မင်းများသည် ကမ္ဘာပေါ်တွင် လက်ဖက်ခြောက်နှင့် လက်ဖက်ရည်ကြမ်းကို အဦးဆုံး သောက်သူများဖြစ်သည်။ ထိုစဉ် အခါက လက်ဖက်ရည်ကြမ်းသည် မင်းသုံး စိုးသုံး

ဖြစ်၏။ ကျွန်ုပ်တို့ မြန်မာရှင်ဘုရင်များသည် လက်ဖက်စို လက်ဖက်ခြောက်များကို အုပ်များဖြင့် တခမ်းတနားထည့်ကာ ပွဲတော်တည်သကဲ့သို့ ဟန်မင်းများလည်း လက်ဖက်ရည်ကြမ်းကို ခုံခုံမင်မင် ပွဲတော် တည်ခဲ့ကြလေသည်။ တရုပ်နန်းတွင်း ကဗျာဆရာကြီးများလည်း လက်ဖက်ရည် တခွက်သောက်လိုက်လျှင် မည်မျှအရသာထူး၍ အကြောင်းဆိုင်၊ အကြောင်းသေးများ စိမ့်သွားပုံကို ဖွဲ့ဖွဲ့နွဲ့ နွဲ့ စပ်ဆိုခဲ့ကြသည်။ ကျွန်ုပ်တို့ ကဗျာဆရာကြီး ဦးပုညပင် လက်ဖက် အကြောင်းကို အကျယ်တဝင့် စာဖွဲ့ခဲ့ဘူးသည်။ ယခုခေတ် ဂျပန်တို့လည်း လက်ဖက်ရည်ကြမ်းကို ဧည့်ဝတ်ပြုရာ၌ ဂုဏ်ယူကာ တည်ခင်းပေသည်။ ကျွန်ုပ်တို့ အရှေ့နိုင်ငံသားများ သုံးစွဲပြီး၍ ရိုးနေမှ လက်ဖက်ရည်သောက်ခြင်း၊ ဧည့်သည်အား လက်ဖက်ရည်တည်ခြင်း စသော ယဉ်ကျေးမှုများကို အနောက်နိုင်ငံသားများသည် ကျွန်ုပ်တို့ အရှေ့ နိုင်ငံသားများထံမှ အတုယူကြရလေသည်။

နိုင်ငံ့ဝန်ထမ်း စာမေးပွဲများ။ ။ကမ္ဘာဦးမှ စ၍ လူမျိုး အသီးသီး ထွန်းကားလာကြသော်လည်း ဘယ်နိုင်ငံမှ နိုင်ငံကို အုပ်ချုပ်ရန် ရာထူးခံများကို ခန့်ရာ၌ ဉာဏ်ရည် စွမ်းရည်ကို စစ်ဆေးစုံစမ်း၍ ခန့်ထားခြင်း မပြုကြချေ။ စာပေလိုက်စားသော ဂရိတို့ပင် လူများ အကြိုက်ကို လိုက်ကာ ပြောဆို လုပ်ကိုင်၍ ရာထူးလုကြလေသည်။ ရောမတို့လည်း လက်နက်အားကိုးဖြင့် ရာထူးလုကြ၏။ တရုပ် လူမျိုးမူ ရှေးနှစ်ပေါင်း ၂,၀၀၀ ခန့်ကပင် နိုင်ငံကို အုပ်ချုပ်မည့် သူများကို မျက်နှာကြီးငယ် မလိုက်၊ မျိုးရိုးမလိုက်၊ ပညာသာသူ၊ ဉာဏ်ရည် ထက်မြက်သူများကို စာမေးပွဲများ စစ်ကာ ရွေးချယ်လေသည်။ ဟန်မင်းတို့ လက်ထက်တွင် ရှေးစာဟောင်း ပေဟောင်းများကို ကျွမ်းကျင် တတ်မြောက်၍ ဘုရင်က စစ်ဆေးသော စာမေး

ပွဲများတွင် ထူးချွန်စွာ အောင်မြင်သူတို့သည် နိုင်ငံ ဝန်ထမ်းရာထူး များ အတွက် ရွေးချယ် ခန့်ထားခြင်းကို ခံရလေသည်။ စာမေးပွဲ စစ်၍ ရွေးချယ်ရာ၌လည်း အသက်ငယ်သည် ကြီးသည်ကို ပမာဏ မထားပေ။ မည်သူ မဆို ဝင်ရောက် ဖြေဆိုနိုင်ကြသည်။ အချို့ မင်းမှုထမ်းများသည် အသက် ခုနစ်ဆယ်မှပင် ရာထူးခန့်ထားခြင်း ကို ခံရလေသည်။

သုံးနိုင်ငံ။ ။ဟန်မင်းများသည် တရုပ် နိုင်ငံကြီးကို နှစ်ပေါင်း ၂၀၀ ကျော်ခန့် အုပ်စိုးပြီးစီးသော အခါ နောက်ဆက်ခံသော မင်းများသည် တရုပ်နိုင်ငံကြီးကို စည်းစည်းလုံးလုံး မအုပ်ချုပ် နိုင်ကြချေ။ တရုပ်နိုင်ငံကြီးသည် သုံးစုကွဲကာ သုံးနိုင်ငံတည်ထောင် အုပ်ချုပ် ကြ၏။ သုံးနိုင်ငံ ကွဲပြားရာမှ တဖန် နောက် အနှစ် သုံးရာကျော်ပတ်လုံး နိုင်ငံကလေးများအဖြစ်သို့ အစိတ်စိတ်အမြွာ မြွာ ကွဲသွားလေသည်။ တရုပ်နိုင်ငံတခုလုံးတွင် မင်းအသီးသီး နိုင်ငံအသီးသီး ခွဲခြားကာ အုပ်စိုးကြ၏။

အမေရိကန်ကျွန်းကို တွေ့ခြင်း။ ။ဤကဲ့သို့ တရုပ် နိုင်ငံကြီး အစည်းပြေနေသောခေတ်၌ ဗုဒ္ဓသာသနာဝင် တရုပ်ဘုန်းတော်ကြီး ဝှီရှိုင်း[၁၀] သည် ပင်လယ်ပြင်ကြီးကို သင်္ဘောဖြင့် ဖြတ်ကျော်ကာ ကျွန်းတကျွန်းသို့ ရောက်သွား၏။ ထိုဘုန်းတော်ကြီး တရုပ်နိုင်ငံသို့ အေဒီ ၄၉၉ ခု၌ ပြန်လာသော အခါ ထိုဝေးလံသော ကျွန်းကြီးကို ဖူစိုင်း[၁၁] ဟု အမည်မှည့်လေသည်။ ဘုန်းတော်ကြီးသည် တွေ့ခဲ့မြင်ခဲ့ သမျှ ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ် အပျက်အရပ်ဒေသကို ဖော်ပြ ရေးသားခဲ့ရာ ယခုခေတ် အမေရိကန်ရှိ မက်စီကို တည်ရာနေရာနှင့်

၁၀ *Hui Sheng* ၁၁ *Fu Sang*

တထပ်တည်း တူညီပေသည်။ ထို့ကြောင့် အမေရိကန် ကျွန်းကို တရုပ်လူမျိုးသာ ဦးစွာတွေ့၏။ တရုပ် ဘုန်းတော်ကြီး အမေရိကန်သို့ ရောက်ပြီးနောက် နှစ်ပေါင်း ၁,၀၀၀ ခန့် ကြာမှ အနောက် နိုင်ငံသားများသည် အမေရိကန် ကျွန်းကြီးကို တွေ့ကြ၏။ ဤမျှမိုင်ပေါင်း များစွာဝေး၍ လှိုင်းလေ ပြင်းထန်သော သမုဒ္ဒရာကြီးကို အသွားအပြန် ချောမောစွာ ကူးသန်းနိုင်ခြင်း အားဖြင့်လည်း တရုပ်တို့သည် ရေကြောင်းတွင် ဖိနီရှန်းနှင့် ဂရိတို့ထက်ပင် ကျွမ်းကျင် လိမ္မာသည်မှာ ထင်ရှားပေသည်။

အခန်း ၁၇

သိရိမဗ္ဗာသောကမင်းကြီး

တိုင်းကြီး ၁၆ တိုင်း။ ။အိန္ဒိယတွင် အာရိယန်တို့သည် ဘီ၊စီ (၇)ရာစုကုန်ခါနီးမှ တိုင်းနှင့် ပြည်နှင့် အခြေကျကျ နေထိုင်ကြရာ ဂင်္ဂါမြစ်ဝှမ်းတလျှောက်၌ တိုင်းကြီး ၁၆ တိုင်း ထွန်းကားလာ၏။ ထိုတိုင်း များ အနက် မဂဓ၊ ကောသလ၊ ကောသမ္ဗီ၊ အဝန္တီ တို့သည် စည်ကား ခမ်းနားသော တိုင်းကြီးများ ဖြစ်ကြ၏။ တတိုင်းနှင့် တတိုင်းသည် သမီးကညာ အလဲအလှယ် ဆက်သကာ ဆွေမျိုး ဖွဲ့ကြသော်လည်း မကြာခဏ စစ်ခင်းကာ ထီးနန်းကို လုတတ်ကြ၏။

မဂဓတိုင်း။ ။မဂဓတိုင်းကို သိသုနာဂမင်း[၁]တည်ထောင်၏။ ဘီ၊စီ (၅) ရာစု ဆန်းစတွင် အဇာတသတ် မင်းသည် ထီးပြိုင် ဖြစ်သော ကောသလတိုင်းကို စစ်သည် အလုံးအရင်းဖြင့် နှိမ်နင်း အောင်မြင်သောကြောင့် တိုင်းကြီး ၁၆ တိုင်းတွင် မဂဓတိုင်းသည် တန်ခိုး အကြီးဆုံး ဖြစ်လာ၏။ ဘီ၊ စီ (၄) ရာစုတွင် မဂဓတိုင်းကို မဟာနန္ဒိနမင်း စိုးစံသော အခါ နန္ဒအမည်ရှိသော မင်းသားသည် ခမည်းတော်ကို နန်းမှချကာ နန္ဒမင်းဆက်ကို တည်ထောင်လေသည်။

နန္ဒမင်းဆက်။ ။နန္ဒမင်း[၂]သည် စစ်မှု၌ အလွန် ကျွမ်းကျင်၏။

၁ *Saisunaga* ၂ *Nanda*

ဂင်္ဂါမြစ်ဝှမ်း တလျှောက်ရှိ ကောသလ၊ ကောသမ္ဘီ၊ အဝန္တိ စသော တိုင်းများကို ကြီးစွာသော စစ်သည် ဗိုလ်ထုဖြင့် တိုက်ခိုက် သိမ်းယူကာ အိန္ဒိယတွင် နိုင်ငံတော်ကြီးကို အဦးအစ တည်ထောင်၏။ ထိုအခါ၌ အိန္ဒုမြစ်ဝှမ်းတွင် ထီးပြိုင် နန်းပြိုင် ပြည်ငယ်ပေါင်းများစွာရှိ၏။ တပြည်နှင့် တပြည်လည်း မသင့်မတင့်ဘဲ ရံဖန် ရံခါ စစ်ပြိုင်ကြ၏။ ဤသို့အမျိုးသားအချင်းချင်းသွေးကွဲနေစဉ် ဂရိဘုရင် အလက်ဇန္ဒားသည် ၊ အိန္ဒုမြစ်ဝှမ်းသို့ ကျူးကျော် လာကာပြည် အသီးသီးကို သိမ်းပိုက်၏။ အိန္ဒုမြစ်ဝှမ်းကို လုံးဝစိုးပိုင်ပြီးသော အခါ နန္ဒမင်း၏ နိုင်ငံတော်ကို ထိပါးမည်ဟု ကြံစည်၏။ ။သို့သော် ဂရိစစ်သည် တို့သည် စစ်ပန်းနေပြီ ဖြစ်၍ တကြောင်း၊ နန္ဒမင်း၏ စစ်သည် အင်အားကိုလည်း ရွံ၍ တကြောင်း အလက်ဇန္ဒားသည် အီရန်နိုင်ငံသို့ တပ်ခေါက်၍ပြန်၏။ ထိုကြောင့် အိန္ဒိယ မြောက်ပိုင်းတွင် ဂရိတို့ ကြီးစိုးသော အိန္ဒုမြစ်ဝှမ်းနှင့် အမျိုးသားတို့ ထူထောင် အုပ်စိုးသော ဂင်္ဂါမြစ်ဝှမ်း တို့သည် အပြိုင်တည်ရှိ၏။

မောရိယမင်းဆက်[၃] ။ ။ဘီ၊ စီ ၃၂၂ ခန့် စန္ဒဂုတ္တ မောရိယ[၄] (စန္ဒဂုတ်)မင်းသားသည် နန္ဒမင်းဆက်ကိုလုပ်ကြံကာ မဂဓတိုင်းကို အုပ်စိုးလေ၏။ စန္ဒဂုတ္တမောရိယသည် စစ်မှုရေးရာ၌ တဖက်ကမ်းခပ်အောင် ကျွမ်းကျင်၏။ အုပ်ချုပ်ရေး၌ ဥာဏ်အမြော်အမြင်နှင့် ပြည့်စုံသောဇာနက္က (စာဏကျ)[၅] အမည်ရှိ အမတ်ကြီးသည် စန္ဒဂုတ္တမောရိယမင်းအား အဖက်ဖက်၌ ကူညီ၏။ ထိုကြောင့် စန္ဒဂုတ္တမောရိယသည် ဂင်္ဂါမြစ်ဝှမ်းတလျှောက်ရှိ တိုင်းအသီးသီးကို တိုက်ခိုက်၍ မောရိယလက်နက် နိုင်ငံကို ထူထောင် နိုင်၏။ တဆင့်

---

၃ *The Mauryan Dynasty*   ၅ *Chanakya*

၄ *Chandragupta Maurya*

တိုး၍ ဂရိတို့ သိမ်းပိုက်ထားသော အိန္ဒုမြစ်ဝှမ်းကိုပါ မောရိယ နိုင်ငံတော်တွင်းသို့ သိမ်းသွင်း၏။ ထိုအချိန်၌ အလက်ဇန္ဒား ဘုရင်သည် နတ်ပြည်စံပြီး လေပြီ။ ဆီလူကပ် အမည်ရှိ ဂရိ စစ်သူကြီးသည် ဆီးရီးယားမှ အိန္ဒုမြစ်ဝှမ်း အထိ ကျယ်ပြန့်သော နိုင်ငံစိတ်ကို ဆက်ခံ စိုးစံသောအခါ ဖြစ်၏။ ဆီလူကပ်သည် လက်လွှတ် သွားသော အိန္ဒုမြစ်ဝှမ်းကိုပြန်လည်စိုးပိုင်နိုင်ရန် စန္ဒဂုတ္တမင်းနှင့်ကြီးစွာသော စစ်ပွဲကို တိုက်ခိုက် ကြ၏။ စစ်ပွဲကြီးတွင် ဂရိတို့သည် စစ်ရေးကျွမ်းကျင်၍ စည်းကမ်း သေဝပ်သော စန္ဒဂုတ္တမင်း၏ စစ်သည်ရဲမက်များကို မခံမရပ် နိုင်သောကြောင့် ဆီလူကပ်သည် သမီးတော်နှင့်တကွ ဗလူချီစတန်နှင့် အာဖဂန်နီစတန် နယ်များကို သိမ်းပိုက်၍ စစ်ပြေငြိမ်းရန် စန္ဒဂုတ္တမင်းထံ အရေးဆို ရသည်။ စစ်ပွဲပြီးသော အခါ စန္ဒဂုတ္တမောရိယ၏ နိုင်ငံတော်ကြီးသည် အိန္ဒိယမြောက်ဖက် တလွှားတွင် ဗလူချီစတန်၊ အာဖဂန်နီစတန်မှသည် ဂင်္ဂါမြစ်ဝ အထိ ကျယ်ပြန့်လေသည်။ နိုင်ငံတော်ကြီး၏ နေပြည်တော် ပါဋလိပုတ်သို့ အခြားနိုင်ငံများမှ သံတမန်ကြီးများ လာရောက်ကြ၏။ သံတမန် ကြီးများ အနက် ဆီလူကပ် ဘုရင်၏ သံတမန်ကြီး မိဂသေန[၆] သည် စန္ဒဂုတ္တ မောရိယမင်း၏ နန်းတော်ကြီးနှင့် နေပြည်တော်တို့ ခမ်းနားပုံ အကြောင်း အရာများကို မှတ်တမ်း တင်ခဲ့ ပေသည်။

ဗိန္ဒုသာရမင်း။ ။စန္ဒဂုတ္တမင်း နတ်ပြည်စံသော အခါ သားတော် ဗိန္ဒုသာရ မင်းသားသည် မောရိယ နိုင်ငံတော်ကြီးကို ဆက်ခံ စိုးစံ၏။ ဗိန္ဒုသာရ မင်းသည် မဓုရ[၇] အထိ နိုင်ငံကို ချဲ့ထွင်၏။ စည်းလုံးပြီးသော နိုင်ငံကိုလည်း စည်ပင်သာယာ ဝပြောရန် အမျိုးမျိုး

၆ *Megasthes* ၇ *Madura (Mathura)*

စီမံ၏။ ထိုမင်းလက်ထက်၌ အခြားသော နိုင်ငံတို့နှင့် သံတမန်ချင်း အလဲအလှယ် ဆက်သွယ်၏။ အီဂျစ်နိုင်ငံ၊ ဂရိနိုင်ငံ၊ အာရှအလယ် ပိုင်းရှိ နိုင်ငံ၊ တရုပ်နိုင်ငံတို့မှ သံတမန် ကြီးများသည် ပါဋလိပုတ် နေပြည်တော်သို့ လာရောက် ကြကာ အကြည်တော် အဖြစ်ဖြင့် မိတ်ဆက် ကြလေသည်။ အီဂျစ် သံတမန်ကြီး ဒီအိုနီသိသည် မောရိယ နိုင်ငံတော်ကြီး၏ အကြောင်း အရာများကို စုံစုံ လင်လင် မှတ်တမ်း တင်ခဲ့ပေသည်။

သီရိဓမ္မာသောကမင်းကြီး ။(ဘီ၊စီ၂၇၃-၂၃၂)။ ။ဗိန္ဒုသာရမင်း နတ်ပြည် စံသော အခါ သားတော် အသောက မင်းသည် မောရိယ နိုင်ငံတော်ကြီးကို ဆက်ခံ၏။ အသောက မင်းကြီးသည် ရာဇာဘိ သေကကို ခံယူတော် မူသော အခါ "ဒေဝါနံပိယ" ဟူသော ဘွဲ့နှင့် "ပိယဒဿီ" ဟူသော ဘွဲ့များကို ခံယူတော်မူ၏။ နိုင်ငံတော်အတွင်း ရှိ နယ်အသီးသီးသို့ မင်းညီ မင်းသားများနှင့် ယုံကြည် စိတ်ချရ သော အမတ်ကြီးများကို စေလွှတ်ကာ အုပ်ချုပ်စေ၏။ နိုင်ငံခြား အရပ်ရပ်သို့လည်း သံတမန်ချင်း လဲလှယ်ကာ ချစ်ကြည်စွာ ဆက် ဆံ၏။ နိုင်ငံ အုပ်ချုပ်ရေး၌လည်း စည်းစံနစ်ကျနစွာ အုပ်ချုပ်၏။ နိုင်ငံတခုလုံးကို ခြောက်ဌာနခွဲကာ အုပ်ချုပ်၏။ ပဌမ ဌာနသည် စက်မှု လက်မှု လုပ်ငန်းကို ကြီးကြပ်၏။ ဒုတိယ ဌာနသည် နိုင်ငံ ခြားသားတို့၏ သာရေး နာရေးကို စောင့်ရှောက်၏။ တတိယ ဌာနသည် အခွန်တော် စည်းကြပ်ရေးနှင့် စစ်တမ်းကောက်ယူရေး တို့ကို ဆောင်ရွက်၏။ စတုတ္ထ ဌာနသည် နိုင်ငံတွင်း နိုင်ငံပ ကုန်ကူး သန်းရောင်းဝယ်ရေးကို အုပ်ချုပ်၏။ ပဥ္စမ ဌာနသည် တိုင်းရင်း ထွက် ကုန်ပစ္စည်းများကို စီမံခန့်ခွဲ၏။ ဆဋ္ဌ ဌာနသည် အမြတ် တော်ကြေးကို ကောက်ခံ၏။ စစ်ဖက်၌လည်း ဤနည်းနှင်နှင်

သီရိဓမ္မာသောကမင်းကြီး နိုင်ငံတော်
ဘီ·စီ·၂၅၀



ခြောက်ဌာနခွဲကာ အုပ်ချုပ်၏။ ပဌမ ဌာနသည် ရေကြောင်းဗက် ဆိုင်ရာ ဌာနဖြစ်၍ မြစ်ချောင်းတွင် သွားလာသော လှေသင်္ဘော များနှင့် တာကွ ပင်လယ်ကူး သင်္ဘောကြီးများကိုပါ အုပ်ချုပ်၏။ ဒုတိယ ဌာနသည် စစ်သည် ရဲမက်တို့နှင့် စားနပ်ရိက္ခာ များကို တင်ပို့သော ဌာနဖြစ်၏။ တတိယ ဌာနသည် ခြေသည်တပ်သား များကို အုပ်ချုပ်၏။ စတုတ္ထ ဌာနသည် မြင်းစီး သူရဲများ၊ ပဉ္စမ ဌာနသည် စစ်ရထားများ၊ ဆဋ္ဌ ဌာနသည် စစ်တိုက်ရန် ယဉ်ကျေ ရပြီးသော ဆင်များကို အသီးသီး အုပ်ချုပ် စီမံ၏။

အုပ်ချုပ်ရေးကို ဆောင်ရွက်ရာ၌ သီရိဓမ္မာသောက မင်းကြီး သည် အချိန်မရွေး၊ နေရာမရွေး မဆိုင်းမတွ ဆောင်ရွက်တတ်သည်။ နိုင်ငံတွင်း၌ အရေးကြီးသော ကိစ္စများ ပေါ်ပေါက်ပါက မင်းကြီး သည် မိဖုရားဆောင်သို့ ကူး၍ စံပျော်နေသော အခါ၌ ဖြစ်စေ ချက်ခြင်း ဝင်၍ သံတော်ဦး တင်နိုင်ရန်ပင် အခွင့် ပေးထား လေ သည်။ နိုင်ငံငြိမ်းချမ်းမှု သာယာမှုကို မင်းကြီးသည် ကိုယ်ရေး ထက် မကပင် အလေးပြုပေသည်။

ဗုဒ္ဓသာသနာဝင် ဖြစ်လာခြင်း။ ။ရာဇာ ဘိသေကကို ခံယူတော် မူပြီးသည့်နောက် ကိုးနှစ်ခန့် ကြာသောအခါ သီရိဓမ္မာသောကမင်း ကြီးသည် ကလိင်္ဂတိုင်းသို့ ရေတပ် ကြည်းတပ် အလုံးအရင်းနှင့် ချီတက် တိုက်ခိုက် လေ၏။ ကလိင်္ဂ စစ်ပွဲကြီးတွင် ကလိင်္ဂ တိုင်းသား အမြောက် အမြားသည် မင်းကြီး၏ စစ်သည်ရဲမက်များလက်ချက် ဖြင့် သေွးချောင်းစီးမျှ မမြင်ဝံ့ မရှုရက်အောင် သေကျေ ပျက်စီး ကြ၏။ အိုးမဲ့ အိမ်မဲ့ ဖြစ်ကုန် ကြ၏။ ဤအခြင်းအရာ များကို မင်းကြီး ကိုယ်တော်တိုင် မျက်ဝါး ထင်ထင် တွေ့မြင်ရသော အခါ ရန်သူများကို လွန်စွာ သနား၏။ အင်အား ကြီးမားစွာဖြင့် လက်

နက်အားကိုး တပါးသူအား နှိပ်စက် မိလေပြီဟု ယူကျုံးမရ ဖြစ်၏။ အခြား မင်းတပါးသော သီရိဓမ္မာ သောကမင်းကြီးကဲ့သို့ ကြီးစွာသော စစ်ပွဲကို အနိုင်ရလျှင် ဆက်လက်၍ အောင်ပွဲ အသီးသီးကို အရယူ၍ တန်ခိုး ပြမည် ဖြစ်၏။ သီရိဓမ္မာသောက မင်းကြီးမှုကား လူအချင်းချင်း အပေါ်ဝယ် မေတ္တာ တရား ကိုယ်ချင်းစာတရားတို့ကို လွန်စွာ ရှေးရှုတော်မူခြင်းကြောင့် စစ်အတိုက် အခိုက်၌ ငြီးငွေ့သွား၏။ မိမိထက် အင်အားငယ်သော နိုင်ငံများကို လက်နက် အင်အား၊ လူအင်အားဖြင့် ဖိ၍ နှိပ်စက် အနိုင်ယူမည့် အစား မေတ္တာတရားဖြင့်သာ အနိုင် ယူတော့မည်ဟု စိတ်ကို ဆုံးဖြတ်၏။ ကလိင် စစ်ပွဲကြီးကို အောင်မြင်ပြီးသော အခါ သီရိဓမ္မာသောက မင်းကြီး၏ နိုင်ငံတော်သည် တောင်ဖက်စွန်းရှိ ပြည်နယ်များမှ အပ အိန္ဒိယ ကျွန်းဆွယ်တခုလုံးကို စုပေါင်း မိလေ၏။ မင်းကြီးသည် ပါဋလိပုတ် နေပြည်တော်သို့ ပြန်လည် ရောက်ရှိသော အခါ ဗုဒ္ဓသာသနာသည် မေတ္တာကို အရင်းခံထား၍ လူအပေါင်း တို့၏ စိတ်ထားနှင့် ကိုယ်ကျင့် တရားကို ဖြူစင်မွန်မြတ်အောင် သွန်သင်သော တရား ဖြစ်ကြောင်းကို သိမြင်သောကြောင့် မိမိကိုးကွယ်ခြင်း ဖြစ်သော ဗြာဟ္မဏ အယူဝါဒကို စွန့်ကာ ဗုဒ္ဓသာသနာကို ကူးပြောင်း ကိုးကွယ်၏။ ထိုအချိန်မှ စ၍ မင်းကြီးသည် ဘုရားပွင့်တော်မူရာ အရပ်များသို့ အဖူးအမြော် သွားခြင်း၊ ဘုရား စက်တော်ရာ ချထားရာ ကျောက်ဖျာ ကြီးသို့ နေ့စဉ်သွားရောက် ကန်တော့ခြင်း၊ မရှိဆင်းရဲသူတို့အား ဇာတ်မရွေး၊ လူမျိုးမရွေး ပေးကမ်း စွန့်ကြဲခြင်းဖြင့် အချိန်ကို ကုန်စေ၏။ ပွဲတော် တည်ရာ၌ပင် သက်သတ်လွတ်ကိုသာ စားတော်ခေါ်၏။ ဥပါသကာ အဖြစ်ဖြင့် နှစ်နှစ်ကျော်မျှ ဗုဒ္ဓသာသနာကို ဆည်းပူးပြီးသော အခါ ဘိက္ခု အဖြစ် ရဟန်း ပြုလေသည်။



သီရိဓမ္မာသောကမင်းကြီး တည်တော်မူခဲ့သော ထူပါရုံစေတီတော်ကြီးများ (ဆန်ချီမြို့-အိန္ဒိယပြည်)

သာသနာကို ပြုစုခြင်း။ ။သီရိဓမ္မာ သောက မင်းကြီးသည် သာသနာတော်ကို လွန်စွာ နှစ်သက်ယုံကြည်သည့် အားလျော်စွာ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွါးရန် အမျိုးမျိုး အားပေး ဆောင်ရွက်၏။ သားတော် သမီးတော်တို့နှင့် တကွ နိုင်ငံတွင်းနေ လူအားလုံး တို့ကိုလည်း ဗုဒ္ဓသာသနာကို ကိုးကွယ်ခြင်းဖြင့် ရရှိအပ်သော မျက်မှောက် ကောင်းကျိုး နောင်ဘဝ ကောင်းကျိုး များကို ပြသကာ ဗုဒ္ဓသာသနာကို ကိုးကွယ် ကြစေ၏။ နိုင်ငံတော် အတွင်းရှိ အနယ်နယ်ကို အုပ်ချုပ်သော ရာထမ်း မှုထမ်းများကို လည်း ငါးနှစ်တကြိမ် သက်ဆိုင်ရာ နယ်အတွင်းသို့ လှည့်လည်၍ တရားဓမ္မများကို လူအများအား ဟောပြောရန် ညွှန်ကြား၏။ တရားဟောပြောရန် အတွက် အထူး အရာရှိများကိုလည်း ခန့်ထားကာ နယ်အသီးသီးသို့ စေလွှတ်၏။ မင်းကြီးသည် မိမိ ဆောင်ရွက်သမျှ အကြောင်း အရာများနှင့် ဓမ္မတရားတော် အတိုင်း ဆုံးမသော အမိန့်တော်များကို ကြာရှည်စွာ မပျောက် မပျက် တည်တံ့စိမ့်သောငှါ ကျောက်တိုင်များ၊ ကျောက်ပြားများ၊ ကျောက်ဂူလိုဏ် ၏ နံရံများပေါ်တွင် ကမ္ပည်းထွင်း၍ နိုင်ငံတွင်းရှိ နယ်ပယ်အသီးသီး၌ အနှံ့အပြား စိုက်ထူ ပြုလုပ်၏။ မြတ်စွာ ဘုရား၏ ဓာတ်တော် မွေတော် များကိုလည်း စုဆောင်း ရှာဖွေပြီးလျှင် နိုင်ငံ တွင်းရှိ ဗုဒ္ဓသာသနာဝင် အပေါင်းတို့ ဖူးမြော်ကိုးကွယ် နိုင်ရန် ထူပါရုံစေတီတော်ပေါင်း ရှစ်သောင်း လေးထောင်ကို အနယ်နယ်၌ ဖြန့်ချီတည်ထား၏။ဘုရား၏ သာသနာကို အယူ အဆ ကွဲလွဲ၍ ရဟန်း အချင်းချင်း သင်းကွဲနေသည်ကို ညီညွတ်စေရန် သင်္ဂါယနာ တင်၏။ ဤသင်္ဂါယနာ တင်ခြင်းသည် တတိယ သင်္ဂါယနာတင်ခြင်းဖြစ်၏။ ကျမ်းဂန်တတ် ရဟန်းများကိုလည်း အီဂျစ်နိုင်ငံ၊ ဂရိနိုင်ငံ၊ အရှေ့ဥရောပ နိုင်ငံများ၊ အိန္ဒိယ အနောက် မြောက်ဖက် နိုင်ငံများ



သီရိဓမ္မာသောကမင်းကြီး၏ကျောက်တိုင်

တောင်ဖက်စွန်းရှိ ပြည်နယ်နှင့် သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံတော်နှင့် အာရှ အရှေ့တောင်ဖက်ကျွန်းစု များသို့ သာသနာပြုရန် စေလွှတ်၏။ ဤသို့ သာသနာပြုခြင်းကြောင့် ဗုဒ္ဓသာသနာသည် ကမ္ဘာပေါ်ရှိ လူအများဆုံး ကိုးကွယ်သော သာသနာတော်ကြီး အဖြစ်သို့ ရောက်သွား ပေသည်။

မင်းကြီး ဆောင်ရွက်ခဲ့သမျှ။ ။သီရိဓမ္မာ သောကမင်းကြီးသည် နိုင်ငံအတွင်း၌ နေထိုင်ကြသော လူအပေါင်းကို သားသမီးနှင့်မခြား ချစ်ခင် ပေ၏။ ကျောက်စာတော် တခု၌ "ငါသည် ငါ၏ သားတော် သမီးတော်တို့ အတွက် ဤမျက်မှောက်ဘဝ၌သာ မက နောင်ဘမလွန် ဘဝ၏ ကောင်းကျိုးကို လိုလားတော် မူသကဲ့သို့ လူခပ်သိမ်းတို့ အတွက်လည်း လိုလားတော် မူသည်။ လက်အောက်ခံ လူမျိုးတို့၏ စိတ်၌ မင်းတရားကြီးသည် ငါတို့၏ ဘခင်သဖွယ် ဖြစ်ပါပေသည်။ ငါတို့ကို သူ့ကိုယ်ကို ချစ်သကဲ့သို့ ချစ်ပါပေသည်။ ငါတို့ကား မင်းတရားကြီး၏ သားသမီး သဖွယ် ဖြစ်ပါပေသည်ဟူ၍ အောက်မေ့ သဘောထား လာရန် ဆောင်ရွက် ရမည်" ဟု အရာရှိ အမှုထမ်းတို့အား ညွှန်ကြား ပေသည်။ မင်းတရားကြီးသည် စိတ် သဘောထားလည်း ကြီးမား မြင့်မြတ် ပေ၏။ ဗုဒ္ဓသာသနာကို စိတ်အား ထက်သန်စွာ စောင့်ရှောက် ပြုစုပါလျက် အခြား အယူဝါဒ များကိုလည်း နှိမ့်ချခြင်း နှိပ်စက်ခြင်း မပြုပေ။ နိုင်ငံသူ နိုင်ငံသားတို့ကို စိတ်ချမ်းမြေ့စွာ အေးအေး ဆေးဆေး နေထိုင်စေလို၏။ လူအပေါင်းအား စိတ်ကိုရင်း၊ ကိုယ်ကိုရင်း၊ နှိပ်စက် ညှဉ်းပန်းခြင်းကို မပြုပေ။ မင်းကြီးသည် နိုင်ငံသာယာမှု၊ ဝပြောစည်ပင်မှု၊ တိုးတက်မှုအရပ်ရပ်ကို စီမံပေသည်။ မောရိယ နိုင်ငံ တလျှောက်တွင် ခရီးအဆက်အသွယ် လွယ်ကူစေခြင်းငှါ မင်းကြီးသည် ဖြူး

ဖြောင့်သော လမ်းကြီးများကို ဖောက် လုပ်၏။ လမ်းဘေး နှစ်မြောင်တွင်လည်း ခရီးသည်များ အရိပ်ရစေရန် သစ်ပင် များကို စီကာ စဉ်ကာ စိုက်ပျိုး၏။ တမြို့မှ တမြို့၊ တစခန်းမှ တစခန်း အဆင့်ဆင့် ခရီးသည်များ အပန်းဖြေ အနားနေနိုင်ရန် စရပ် အဆောင်ဆောင်ကို ဆောက်၏။ လူနှင့် တိရစ္ဆာန် နှစ်ဦး စလုံးခရီးသွားရာ၌ရင်း၊ နေထိုင်ရင်း ဒေသများ၌ရင်း၊ ရေ လုံလုံ လောက်လောက် သုံးရ၊ သောက်ရ၊ ချိုးရရန် ရေတွင်း ရေကန်ပေါင်း များစွာကို တူး၏။ နိုင်ငံသူ နိုင်ငံသားတို့ကောက်ပဲ သီးနှံမှ စ၍ အစာရေစာ ဖွံ့ဖြိုးစွာ ရစေခြင်းငှါ ဆည်မြောင်းများကို ဖို့ပေး၏။ ပြုပြင် တူးဖောက်၏။ ကြီးစွာသော ခြံကြီးများကို အမိန့်တော်ဖြင့် သတ်မှတ်ကာ အသီးအပွင့် အခိုင် တို့ဖြင့် ဝေဆာ နေအောင်ပြုစုသိုမှီး၏။ မောရိယနိုင်ငံတွင်းသာမက နိုင်ငံနီးချင်း များ၌ပင် လူနှင့်တကွ တိရစ္ဆာန်ပါမကျန် ကျန်းမာစေရန် လူအတွက်ရင်း၊ တိရစ္ဆာန်အတွက်ရင်း၊ ဆေးရုံများကို တည်ဆောက်၏။ ဆေးရုံ များတွင် သုံးရန် လတ်ဆတ်သောဆေးအမျိုးမျိုးကိုအချိန်မရွေး၊ နေရာမရွေး လိုလေသေးမရှိအောင် ရရှိစေရန် နိုင်ငံတလျှောက်တွင် အနယ်နယ် အရပ်ရပ်၌ ခြံကြီးများ ပြုစုကာ ဆေးပင် အမျိုးမျိုးကို စိုက်ပျိုး၏။ လူအပေါင်းတို့ တတ်သိ လိမ္မာစေခြင်းငှါ ကျောက်စာတိုင်နှင့် အမိန့်တော်များကို နိုင်ငံတလျှောက်၌ စိုက်ထူစေ၏။ ဤသို့ ပြုခြင်းသည် လူအပေါင်းအား ကိုယ်ကျင့်တရားကို ကောင်းမွန်အောင် ဆုံးမသည်သာမက ကျောက်စာတိုင် များကို ပြုလုပ် မွမ်းမံသော ကျောက်ဆစ် အတတ်ကိုလည်း အားပေးရာ ရောက်၏။ သီရိဓမ္မာသောက မင်းကြီးလက်ထက် ကျမှသာ ထူပါရုံစေတီ တည်သော အတတ်၊ စရပ်တန်ဆောင်း များကို ဆောက်လုပ်သော ဗိသုကာ အတတ်တို့သည် တိုးတက်လာ၏။

ဤသို့ မျက်မှောက် ဘဝ၌ နိုင်ငံသာယာ စည်ပင်ရေး လောကုတ္တရာ ကောင်းစားရေး တို့ကို ဆောင်ရွက် ပြုစုပြီးနောက် ဘီ၊ စီ ၂၃၂ ခန့်တွင် မင်းကြီးသည် လွန်လေ၏။ ကမ္ဘာ့သမိုင်း့တွင် သီရိဓမ္မာသောကမင်းကြီးကဲ့သို့သက်ရှိသတ္တဝါအားလုံးအတွက်ကောင်းကျိုးကို ဆောင်ရွက် ခဲ့သော မင်းသည် အလွန်နည်းပေသည်။

အခန်း ၁၈

ဟိန္ဒူမင်းများ၏ အိန္ဒိယနိုင်ငံ

မင်းဆက် သုံးကြိမ်။ ။သိရိမမှာ သောက မင်းကြီး လွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း (၂၀၀) အတွင်းတွင် မဂဓတိုင်း၌ မင်းဆက် သုံးကြိမ်တိုင်တိုင် ပြောင်းလဲ၏။ ရှေးဦးစွာ ပုဿျမိတြ[၁] မင်းသည် မိတြမင်းဆက်ကို စတင် တည်ထောင်ကာ နှစ်ပေါင်း ၆၀ နှစ်တိုင်တိုင် မဂဓတိုင်းကို အုပ်စိုး လေသည်။ တဖန် ဝါသုဒေဝ မင်းသည် ကန်ဝ[၂]မင်းဆက်ကိုတည်ထောင်ကာ မဂဓတိုင်း၌ပင်နှစ်ပေါင်း ၄၄ နှစ်စိုးစံ၏။ နောက်ဆုံးမင်းဆက် ဖြစ်သော အန္ဓရ[၃]မင်းတို့သည် မဟာရာဿျတြအရပ်မှ လာရောက်၍ မဂဓတိုင်းကို အုပ်စိုး ကြသည်။ အန္ဓရမင်းတို့သည် မဂဓတိုင်းသို့ သွားရောက် မအုပ်စိုးမီ အိန္ဒိယကျွန်းဆွယ် ဒက္ခိဏ ကုန်းမြေမြင့်တွင် နေထိုင် စဉ်ကပင် တန်ခိုးကြီးမားသော မင်းများ ဖြစ်ကြ၏။ မဂဓတိုင်း၌ အုပ်စိုးကြသော အခါ အိန္ဒိယ နိုင်ငံ၏ မြောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်း တခွင်လုံးကို တန်ခိုးဖြန့်၍ အုပ်စိုး ကြ၏။

မဂဓတိုင်း၌ အန္ဓရ မင်းများ အုပ်စိုးသော အခါ၌ အာရှတိုက် အလယ်ပိုင်းမှ ဆီသီယန်[၄]လူမျိုးသည် အိန္ဒိယနိုင်ငံတွင်းသို့ ဘီ၊ စီ (၁) ရာစုခန့်က စ၍ ဝင်ရောက် လာကြ၏။

ဆီသီယန်။ ။ဆီသီယန် တို့သည် အာရှတိုက် အလယ်ပိုင်းတွင်

၁ *Pushyamitra* ၂ *Kanva* ၃ *The Andhras* ၄ *The Scythians*

နေသော လူမျိုး ဖြစ်၏။ ပင်းရင်းဒေသ၌ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး ကျဉ်းကျပ်၍ အိန္ဒိယနယ် နိမိတ် မြောက်ဖက်တွင် ရှိသော ယာတန်[၅]ခိုတန်[၆]နယ်များကို စတင်သိမ်းပိုက် ရွှေ့ပြောင်း နေထိုင်ကြ၏။ ထိုနောက် တောင်ဖက်သို့ အလုံးအရင်းဖြင့် ဆင်း လာကာ ဂရိတို့ စိုးပိုင်သော ဟိမဝန္တာ အနောက် ဖက်ရှိ ဗက်တြီ ယန်[၇]နိုင်ငံကို တိုက်ခိုက် သိမ်းယူ၏။ အိန္ဒိယ အနောက် မြောက် ဖက် နယ်စပ်များ ဖြစ်သော အထက်ပါ နိုင်ငံများကို သိမ်းယူ ပြီးနောက် အိန္ဒိယ နိုင်ငံတွင်းသို့ တောင်ကြားလမ်းများမှ ပြုဆင်း ဝင်ရောက် လာကာ အိန္ဒုမြစ်ဝှမ်း တလျှောက်၌ နေထိုင် ကြလေ သည်။ အိန္ဒိယနိုင်ငံ၏ အနောက် မြောက်ဖက်ရှိ တောင်ကြားလမ်း များသည် အိန္ဒိယ နိုင်ငံသမိုင်းကို အမြဲ ပြုပြင် ပြောင်းလဲစေ၏။ ရှေးအာရိယန်တို့သည် ဤတောင်ကြား လမ်းများမှပင် အိန္ဒိယ နိုင်ငံတွင်းသို့ ဝင်ရောက် လာကြကာ လူမျိုးသစ် များကို ဖြစ်ပေါ် စေခဲ့၏။ ဇာတ်အမျိုးမျိုး ပျိုးထောင်ခဲ့ကြ၏။ အီရန်တို့လည်း ဤ တောင်ကြားလမ်း များမှပင် ချင်းနင်းဝင်ရောက်ကာ အာရိယန် တို့ကို နှောင့်ယှက်ခဲ့၏။ အလက်ဇန္ဒားဘုရင်လည်း ဤလမ်းကိုပင် နင်းလျက် အိန္ဒုမြစ်ဝှမ်းကို စိုးမိုးခဲ့၏။ ဆီသိယန် တို့လည်း ရှေးလူ များ အသုံးပြုခဲ့သော လမ်းအတိုင်းပင် လိုက်လျက် ဝင်ရောက် တိုက်ခိုက် စိုးစံကြ၏။

အိန္ဒိယ နိုင်ငံ မြောက်ပိုင်းတွင် အနောက်ဖက်၌ ဆီသိယန်၊ အရှေ့ဖက်၌ အန္ဓရ မင်းတို့သည် နယ်သတ်မှတ်လျက် ထီးပြိုင် နန်းပြိုင် အုပ်စိုး ကြလေသည်။ အန္ဓရမင်းတို့သည် ဆီသိယန် တို့ ထက် ယဉ်ကျေးသည့် အလျောက် ဆီသိယန်တို့သည် အယူဝါဒမှ စ၍ ယဉ်ကျေးမှုများကို အန္ဓရနိုင်ငံမှ အတုယူ ကြသည်။ ဆီသိယန်

[၅] *Yarkand* [၆] *Khotan* [၇] *Bactrian Kingdom*

တို့ နယ်အတွင်း၌လည်း တနယ်စီ တခုစီတွင် မင်းတပါးစီဖြင့် အသီး အခြား အုပ်စိုး ကြသည်။

ကနိသျှကဘုရင်[၁]။ ။ဆီသီယန်တို့တွင် အေ၊ ဒီ (၁) ရာစုခန့်က တန်ခိုး အာဏာ အကြီးဆုံးသောမင်းသည် ကနိသျှက ဘုရင် ဖြစ်၏။ ယခုခေတ်၌ ပက်ရှဝါး[၂]အမည်တွင်သော မြို့ကို ကနိသျှကသည် ပုရုသျှပူရ ဟူသော အမည်ဖြင့် နေပြည်တော် အဖြစ် တည်ထောင်သည်။ ကနိသျှကသည် ပုရုသျှပူရမှ စ၍ အိန္ဒိယ အနောက်မြောက် ဖက်ရှိ နယ်စပ် အကုန်လုံးကို အုပ်စိုး၏။ အာရှတိုက် အလယ်ပိုင်းရှိ နယ်အမြောက်အမြားကိုလည်း သိမ်းရုံးအုပ်ချုပ်၏။ အိန္ဒိယ ကျွန်း ဆွယ် အလယ်ပိုင်းသို့မူ ချင်းနင်း ဝင်ရောက်ခြင်း မပြုပေ။ အိန္ဒိယ ပြင်ပ နယ်များကိုသာ မြောက်မြားစွာ တိုက်ခိုက် သိမ်းယူ လေ၏။

အန္ဓရမင်းတို့နှင့် ဆီသီယန် တို့သည် နှစ်ပြည့်တပြည် ရွှေလမ်း ငွေလမ်း ဖောက်ကြသောကြောင့် ဆီသီယန်တို့သည် ဗုဒ္ဓသာသနာ ဝင်များ ဖြစ်ကုန် ကြသည်။ ကနိသျှကမင်းသည် ဗုဒ္ဓသာသနာကို အလွန် အကျုံး ယုံကြည်သက်ဝင်၍ ဗုဒ္ဓသာသနာကို ပြန့်ပွါး ထွန်းကားရန် များစွာ ဆောင်ရွက်ပေသည်။ ထိုမင်းလက်ထက် တွင် ဗုဒ္ဓသာသနာသည် ပုရုသျှပူရနေပြည်တော်မှ စ၍ မြောက်ဖက် တလွှားရှိ အာရှတိုက် အလယ်ပိုင်းနှင့် တရုပ်နိုင်ငံသို့ ပြန့်သွား၏။ သီရိဓမ္မာသောက မင်းကြီးကဲ့သို့ပင် ကနိသျှကသည် ကျမ်းဂန်တတ် သံဃာတော်ကြီး များကို စုဝေးစေပြီးလျှင် ဗုဒ္ဓသာသနာတော်၌ တင်ရှိသော အညစ်အကြေးနှင့် အယူအဆ မှားယွင်းချက်ပေါ် ပေါက် လာသည် များကို သုတ်သင်ကာ သင်္ဂါယနာ တင်ပေသည်။

---

၁ *King Kanishka*

၂ *(Peshawar) Purusha Pura*



ကနိသျှက ဘုရင်လက်ထက် အိန္ဒိယနိုင်ငံတော် (အေဒီ ၁ ရာစု)

ဤသင်္ဂါယနာ တင်ခြင်းသည် အိန္ဒိယ နိုင်ငံတွင် နောက်ဆုံး သင်္ဂါယနာတင်ခြင်း ဖြစ်၏။

ဂုတ္တမင်းဆက်[၁၀]။ ။အေဒီ (၄)ရာစုခန့်တွင် အန္ဒရမင်းများတန်ခိုးညှိုးနွမ်း သွား၏။ ထိုအခါ မဂဓတိုင်း အတွင်း ပြည်ငယ် တခုကို စိုးစံသော သီရိဂုတ္တအမည်ရှိ မင်းတပါးသည် ဂုတ္တမင်းဆက်ကို တည်ထောင်လေ၏။ ထိုမင်း၏သားတော် စန္ဒဂုတ္တ[၁၁]သည် ပြည်ငယ် အဖြစ်မှ နိုင်ငံကြီး ဖြစ်အောင် အနီးအနား နိုင်ငံအသီးသီးကို တိုက်ခိုက်သိမ်းယူကာ အုပ်စိုး ပေ၏။ နိုင်ငံကြီးကို အစိုးရသော မင်းဖြစ်သောကြောင့် မဟာရာဇာဓိ ရာဇာဟူသော ဘွဲ့ကိုလည်း ခံယူလေ၏။ စန္ဒဂုတ္တမင်းကြီး၏ နိုင်ငံတော် သည် မဂဓတိုင်းမှသည် အနောက်ဖက် အလာဟာဘတ် အထိ ကျယ်ဝန်း၏။ နေပြည်တော်ကိုလည်း ကုသုမပူရ၌ တည်ထောင်သည်။

သမုဒ္ဒြ ဂုတ္တ[၁၂]။ **(အေဒီ ၃၃၀-၃၈၁)**။ ။စန္ဒဂုတ္တ နတ်ပြည်စံသော အခါ သားတော် သမုဒ္ဒြ ဂုတ္တသည် ထီးနန်းကို ဆက်ခံစိုးစံ၏။ ဘိုးတော် ခမည်းတော်များထက် သမုဒ္ဒြဂုတ္တသည် စစ်ရေး စစ်ရာ၌ လိုက်စား၏။ အိန္ဒိယသမိုင်းတွင် ထင်ရှား ကျော်စောသော စစ်သူကြီးများအနက် သမုဒ္ဒြဂုတ္တသည် တဦး အပါအဝင်ဖြစ်ပေသည်။ နန်းသက် တလျှောက်လုံး သမုဒ္ဒြဂုတ္တသည် စစ်မြေ ပြင်သို့ ထွက်ရောက် တိုက်ခိုက် နေသည်သာ များ၏။ ရှေးဦးစွာ နိုင်ငံနီးချင်း ဖြစ်သော အိန္ဒိယမြောက်ပိုင်းရှိ နိုင်ငံများကို တိုက်ခိုက်ကာ ဂုတ္တနိုင်ငံတွင်းသို့ ပူးပေါင်း၏။ သမုဒ္ဒြ ဂုတ္တ၏ စစ်ပရိယာယ်၊ စစ်သည်

---

၁၀ *The Gupta Dynasty*

၁၁ *Chandra Gupta*

၁၂ *Samudra Gupta*


ဂုတ္တနိုင်ငံတော်
(အေဒီ-၃၅၀)
ဂုတ္တနိုင်ငံတော်
ပါဋလိပုတ္တရ
မဂဓတိုင်း
ဂုဇရတ်
မလဝနယ်
ကသိအာဝါ
ပလ္လဝါ
ကန်ချီ
သီဟိုဠ်
သမုဒြဂုတ္တဘုရင်
တောင်ဘက်စစ်ကြောင်း။

ရဲမက်အင်အားနှင့် ရဲစွမ်း သတ္တိရှိပုံကို အခြား မင်းများ ကြားသိကြသောအခါ ပဏ္ဏာ လက်ဆောင်များ ပို့ဆက်ကာ အလိုအလျောက် ကြို့ဝင်လာကြ၏။ အိန္ဒိယ နိုင်ငံ အနောက်ဖက်မှ ရင်း၊ အရှေ့ဖက်မှရင်း၊ အနောက် မြောက်ဖက် နယ်စပ်များမှရင်း မင်းအပေါင်း တို့သည် သိမ့်သိမ့်တုန်မျှ ကြောက်ရွံကြကာ ဂုတ္တ နိုင်ငံ၏ ဘုန်းရိပ်ကို ခိုလှုံရန် ဝင်ရောက် လာကြပေ၏။ ဤနည်းဖြင့် ဂုတ္တနိုင်ငံကြီးသည် အိန္ဒိယ မြောက်ပိုင်း တလျှောက်တွင် ကျယ်ပြန့်စွာ ဖြန့်၍ စိုးမိုးပေသည်။ သို့သော် အိန္ဒိယ တောင်ပိုင်းရှိ နိုင်ငံအသီးသီး တို့သည် ကြံ့ကြံ့ခံလျက် နေကြ၏။ ထို့ကြောင့် သမုဒ္ဒဂုတ္တသည် ရေတပ် ကုန်းတပ် ပြည့်ပြည့် စုံစုံဖြင့် အလုံးအရင်းကြီးမားစွာ တောင်ဖက်သို့ ချီတက် လေသည်။ တောင်ပိုင်း နိုင်ငံအသီးသီး တို့သည် သမုဒ္ဒဂုတ္တ၏ စစ်သည် ရဲမက်တို့ လက်ချက်ဖြင့် ဖရိုဖရဲ ပျက်စီးကြ၏။ သမုဒ္ဒဂုတ္တလည်း မိမိ၏ နေပြည်တော်မှ ဤမျှ ဝေးလံ၍ အသွားရ အလာရ ခက်ခဲသော နိုင်ငံများကို အုပ်စိုး ရကာမျှဖြင့် အကျိုးထူးမည် မဟုတ်သည်ကို စဉ်းစားမိသောကြောင့် ထိုနိုင်ငံအသီးသီးကို ရှေးက အုပ်စိုးခဲ့ရင်း ဖြစ်သော မင်းများကိုပင် ပြန်လည် ထီးနန်းလွှဲအပ်ကာ ထီးရံ နန်းရံ အဖြစ်ဖြင့် အုပ်စိုးစေ၏။

ဤကဲ့သို့ စစ်ထွက် တိုက်ခိုက်ခြင်းအားဖြင့် ဂုတ္တနိုင်ငံတော်ကြီးသည် အိန္ဒိယ နိုင်ငံတခုလုံးကို သိရှိမွှာသောက မင်းကြီး လက်ထက်ကဲ့သို့ပင် ပြန်လည် ပူးပေါင်း နိုင်ပြန်၏။

သမုဒ္ဒ ဂုတ္တ၏ စိတ်နေ စိတ်ထား။ ။သမုဒ္ဒ ဂုတ္တသည် စစ်သူကြီးပင် ဖြစ်သော်လည်း စစ်မြေပြင်၌သာ လက်ရုံး အားစွမ်းဖြင့် တိုက်ခိုက်၏။ စစ်မထွက်သော အချိန်အခါ များ၌ စိတ်သဘောထား

အလှန်နူးညံ့ပျော့ပျောင်းပေ၏။ နှလုံးရည် လက်ရုံးရည် နှစ်ပါးနှင့် ပြည့်စုံသော ကျွန်ုပ်သို့ မြန်မာဘုရင် များကဲ့သို့ သမုဒြဂုတ္တသည် တူရိယာ အတီးအမှုတ်၌ ကျွမ်းကျင်၏။ နာမည်ကျော် ကဗျာ ဆရာကြီးလည်း ဖြစ်ပေ၏။ နိုင်ငံသူ နိုင်ငံသားများကိုလည်း သနား ညှာတာစွာ အုပ်ချုပ်၏။ တနိုင်ငံလုံး ကပင် သမုဒြဂုတ္တကို ကြည်ညို လေးစား၏။ သမုဒြဂုတ္တသည် ဗြာဟ္မဏဂိုဏ်းဝင် ဖြစ်၏။ သို့ပါ လျက် ဗုဒ္ဓသာသနာကို နှိမ့်ချခြင်း ဖျက်ဆီးခြင်းမပြုပေ။ သီဟိုဠ်မှ ဘုရားဖူးများ တည်းခိုရန် စရပ်များကိုပင် ဗုဒ္ဓဂယာ၌ ဆောက်လုပ် ခွင့်ပြုပေသည်။

ဒုတိယ စန္ဒဂုတ္တ (ကြာမ္ဘာဒိုက်မင်း) အေ၊ ဒီ ၃၇၀-၄၁၅။ ။သမုဒြဂုတ္တ နတ်ပြည် စံသောအခါ သားတော် စန္ဒဂုတ္တသည် ထီးနန်းကို ဆက်ခံ စိုးစံလေ၏။ ခမည်းတော် လက်ထက်၌ အိန္ဒိယ အနောက် ပိုင်း နယ်များမှ သစ္စာတော်ခံလာရုံနှင့် ကျေနပ် သော်လည်း ဒုတိယ စန္ဒဂုတ္တသည် ဂူဂျရတ်နှင့် ကသိအာဝါ ကျွန်းဆွယ်သို့ အလုံးအရင်းဖြင့် ချီတက် တိုက်ခိုက် လေ၏။ ဂူဂျရတ် ကမ်းခြေကို တိုက်ခိုက် အောင်မြင်၍ ဆိပ်ကမ်းမြို့များကို လက်ရ သိမ်းပိုက် မိခြင်းအားဖြင့် ဂုတ္တနိုင်ငံကြီးသည် အနောက် နိုင်ငံများနှင့် ပင် လယ် ခရီးဖြင့် တိုက်ရိုက် ဆက်သွယ်မိကာ ကုန်စည် ကူးသန်း ရေး၌ ဖွံ့ဖြိုးလာ၏။ ဂုတ္တနိုင်ငံကြီးသည် ချမ်းသာ ကြွယ်ဝ လာ လေ၏။

ဖာဟီယန်[၁၃]**။** ။ဂုတ္တဘုရင်များ ကောင်းစားသောခေတ်၌ ဖာဟီ ယန်အမည်၏ရှိ တရုပ်ဘုရားဖူးသည် အိန္ဒိယနိုင်ငံသို့ ရောက်လာ၏။

၁၃ *Fa-Hien*

ဖာဟီယန်၏ အိန္ဒိယနိုင်ငံ မှတ်တမ်းတွင် ဂုတ္တနိုင်ငံကြီး သာယာဝပြောစည်ပင်ပုံ၊ အရောင်းအဝယ်များသွက်လက် မြတ်စွန်းပုံ၊ ခမ်းနားသော အဆောက်အအုံများ တည်ရှိပုံကိုဖော်ပြထားလေသည်။

ဂုတ္တခေတ်၏ ကျက်သရေ။ ။ဂုတ္တခေတ်မှ ဘုရင်များသည် အတတ် အမျိုးမျိုး သိပ္ပံပညာ ပြဇာတ်များနှင့် ကဗျာ လင်္ကာများကို လွန်စွာ အားပေး၏။ နန်းတွင်း စာဆို တော်ကြီးများကိုလည်း စစ်ချီ ကဗျာများ ဘုန်းတော်ဖွဲ့ များကို စပ်ဆိုစေ၏။ အဖွဲ့ အနွဲ့ များကို သီကုံးရာ၌ စာဆိုတော်ကြီးများသည် သက္ကဋ ဘာသာဖြင့် စီကုံးကြရာ သက္ကဋ ဘာသာသည် ပြန်လည် ထွန်းကား လာ၏။ ဒုတိယစန္ဒဂုတ္တလက်ထက်၌ နန်းတွင်း စာဆိုတော်ကြီး ကိုးယောက် ပေါ်ပေါက် ခဲ့၏။ သူတို့သည် ကဗျာ အဖွဲ့အနွဲ့၌ ထင်ရှား ကျော်စောသောကြောင့်"ရတနာကိုးပါး"ဟူ၍ တင်စားခေါ်ဝေါ်ခြင်းကို ခံရပေသည်။ ကာလီဒါသ[၁၄]သည် ၎င်းစာဆိုတော်ကြီးများတွင် တဦးအပါအဝင် ဖြစ်သည်။ သူ စပ်ဆိုခဲ့သော ပြဇာတ် သုံးခု အနက် "သကုန္တလ"[၁၅]ပြဇာတ်သည် ကမ္ဘာကျော်ပြဇာတ်ဖြစ်၏။ ပြဇာတ်များအပြင် ကာလီဒါသစပ်ဆိုသော "မေဃဒူတ"[၁၆]ခေါ် တိမ်စေကဗျာနှင့် "ရိတုသမ္ဘာရ"[၁၇]ခေါ်ရာသီဖွဲ့ ကဗျာများသည် စိတ်ကူးဉာဏ်ဆန်းကြယ်၍ အဖွဲ့အနွဲ့ အလွန် သိမ်မွေ့သော ကဗျာကျော်များ ဖြစ်ပေသည်။

ဂုတ္တခေတ်၌ ဟိန္ဒူ သာသနာနှင့် အခြား စာပေတို့လည်း တိုးတက် လာ၏။ ဇာတ်လေးမျိုးတို့ တဦးနှင့် တဦး ဆက်ဆံပေါင်းသင်းရေး ဝတ္တရားများနှင့် အခွင့်အရေး များကို သတ်မှတ် ထား

---

၁၄ *Kalidasa*

၁၅ *Sakuntala*

၁၆ *Meghaduta*

၁၇ *Ritusanbhara*

သော မနုဓမ္မသတ်[၁၇] ကျမ်းကြီးကို အကျယ်တဝင့်စီရင်၏။ ရာမယဏ[၁၉]နှင့် မဟာဘာရတ[၂၀] ကဗျာစုများကိုလည်း တည်းဖြတ် ဖြည့်စွက်၏။ မဟာဘာရတတွင် ဘဂဝါဂီတ[၂၁] အမည်ရှိသော ကဗျာစုကို ထပ်မံထည့်သွင်း၏။ ဘဂဝါဂီတတွင် ဟိန္ဒူ တရားနှင့် စပ်လျဉ်းသော အယူအဆများကို ဖွဲ့နွဲ့ထားရာ နှောင်းဟိန္ဒူ များသည် ဤကဗျာစုများကို နှစ်သက် ကြည်နူးစွာ လေးစား ကြပေသည်။

နက္ခတ္တဗေဒ၊ သင်္ချာ အတတ်၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ စသော သိပ္ပံပညာရပ်များလည်း ဂုတ္တခေတ်၌ တိုးတက် ထွန်းကား ပေသည်။ နက္ခတ်ဆရာ များသည် နေလ နက္ခတ် တို့၏ လှည့်ပတ် ရွေ့ပြောင်းပုံကို အတိအကျ တွက်ချက်နိုင်ကြသည်။ ကမ္ဘာမြေကြီး၏ အချင်းကိုပင် ခန့်မှန်း နိုင်ရန် ကြိုးပမ်းကြ၏။ နက္ခတ်ဆရာ ဘက္ကရသည် မြေ၏ဆွဲအားစည်း[၂၂]ကို အဦးအစ သေချာစွာ ထုတ်ဖော် ရှင်းလင်းပြနိုင်သူ ဖြစ်ပေသည်။ ရူပဗေဒ အတတ်တွင် အနုမြူဝါဒကို ရှင်းလင်း ထုတ်ဖော် ပြသကြ၏။ ဆေးပညာ ကိုလည်း လူအများ လိုက်စားကြ လေသည်။ ဆေးကျောင်းသားများသည် လူ့ကိုယ်ခန္ဓာကို ခွဲစိတ်ဖြတ်တောက် ကုသနိုင်ကြ၏။ စရကနှင့် သုရုတ အမည်ရှိသော သမားတော်ကြီး နှစ်ဦးသည် ဆေးကျမ်းများကို ပြုစုပေသည်။ ဆေးအမျိုးမျိုးကို ဖော်စပ် ကြသောကြောင့် ရုက္ခဗေဒနှင့် ဓာတုဗေဒ အတတ်များသည် တိုးတက် လာ၏။ ယင်းသို့ တိုးတက် လာခြင်း အကြောင်းရင်း တရပ်မှာ သစ်ခေါက်ပေါ်တွင် မင်ဖြင့် စာရေးသောနည်း၊ ပေရွက်ပေါ်တွင် ကညစ်ဖြင့် စာရေးသော နည်းတို့ကို အများအပြား သုံးကြသောကြောင့် ဖြစ်သည်။

---

၁၇ *Manu Dhammathat* ၂၀ *Mahabharata* ၂၂ *Law of Gravitation*

၁၉ *Ramayana* ၂၁ *Bhagavad Gita*

ဂုတ္တခေတ်၌ ကျောက်ဆစ် အတတ်တွင်လည်း အလွန် အဆင့် အတန်းမြင့်လာ၏။ ကနိသျှ်က လက်ထက်၌ ရုပ်တုများသည် ဂရိ ကျောက်ဆစ် အတတ်၏ အရိပ်အငွေ့နှင့် မကင်းချေ။ ဂုတ္တခေတ် ကျောက်ဆစ် ဆရာများ၏ လက်ရာသည် အိန္ဒိယ လက်ရာထက် ပို၍ ပေါ်လာပေသည်။ ရုပ်တုများသည် လူပကတိကဲ့သို့ အရပ် မြင့်မြင့် နှင့် ကိုယ်ဟန် ကြော့ရှင်း၏။ ရုပ်တုများပေါ်၌ အဝတ်ပါးပါးကို ဝတ်ဆင် ထားလေဟန် ထင်မြင် လာအောင် ရုပ်လုံးဖော်ရာ၌ အလွန် လက်မြောက် ကြပေသည်။ ပန်းချီဖက်၌လည်း အထွတ် အထိပ်သို့ရောက်ပေ၏။ အဇန္တ[၂၃]လိုဏ်ဂူ၏နံရံတွင်ရေးဆွဲထားသော ရုပ်ပုံ များသည် အလွန်ထင်ရှား ပြတ်သား ၍ လှပဆန်းကြယ်ပေ သည်။ ဗိသုကာ အတတ်၌လည်း ဂုတ္တခေတ် ဗိသုကာ ဆရာများ သည် ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးများကို သံတိုင် ကြီးများဖြင့် မွမ်းမံဆောက် လုပ်ပေသည်။ သံလုပ်ငန်းကို ကျင် လည်စွာ တတ်ကျွမ်းရုံမျှမက ကြေးဖြင့် ရုပ်တုများ ပုံသွင်းရာ၌ အလွန်သေသပ် လှပ၍ ပုံပန်း ကျနပေသည်။

ဟန်းလူမျိုး[၂၄]။ ။အေဒီ (၄၅၅) ခုနှစ်၌အာရှတိုက် အလယ်ပိုင်းမှ ဟန်းလူမျိုးသည် အိန္ဒိယ အနောက်မြောက်ရှိ တောင်ကြားလမ်း များမှ သွန်၍ ဆင်းလာ ကြ၏။ လမ်းခရီးတလျှောက်ရှိ ရွာများကို မီးတိုက်၊ အဆောက်အအုံ ကောင်းများကို ဖြိုဖျက်၊ လူတွေလျှင် လည်း ဝင်ရောက် သတ်ဖြတ် ကြ၏။ ထိုအချိန်မှ စ၍ ရှေးက စည် ကား ခမ်းနားခဲ့သော အိန္ဒိယ အနောက်မြောက် ဒေသရှိ မြို့များ သည် မြေပုံအုတ်ပုံ မီးလောင် မြေဘဝသို့ ရောက်လေ၏။ ယနေ့တိုင် ပြန်လည်၍ နာလန်မထူတော့ချေ။

---

၂၃ *Ajanta Caves* ၂၄ *The Huns*


ဟာန်းလူမျိုးများ
နိုင်ငံတော်
(အေဒီ-၅၀၀)
ဟာန်းလူမျိုးများ
နိုင်ငံတော်
သာကလ
မလဝနယ်
မဂဓ
စလုကျ
ပလ္လဝါ
သီဟိုဠ်

ဟန်းလူမျိုးတသုတ်ကို ခေါင်းဆောင် လာသော တောရမန်[၂၅] သည် အေဒီ (၆)ရာစုဆန်းစတွင် ပန်ဂျပ်နယ်၌ သကလ[၂၆] မြို့ကို တည်ထောင်ကာ ထီးနန်းစိုက်ထူ၏။တောရမန်၏သား မိဟိရဂုလ[၂၇] လည်း အိန္ဒိယမြစ်ဝှမ်းမှ အရှေ့သို့ရှင်း၊ တောင်ဖက်သို့ရှင်း၊ အကြိမ်ကြိမ် ချီတက်ကာ ဂုတ္တနိုင်ငံကြီးကို စော်ကား လေ၏။ ဂုတ္တဘုရင်များနှင့် လက်အောက်ခံ နိုင်ငံများလည်း ပူးပေါင်း ကြကာ စိတ်ရော မာန်ပါ ဟန်းတို့ကို ခုခံတိုက်ခိုက် ကြ၏။ ဟန်းတို့သည် မြင်းစီးသူရဲကောင်းများ ဖြစ်ရုံသာမက အလွန် ကြမ်းတမ်း ခက်ထန်သော လူများ ဖြစ်သဖြင့် အိန္ဒိယတိုင်းသားများသည် ဇွဲအားကြီးစွာ ကြံ့ကြံ့ခံ၍ ခုခံကြရ၏။

ယသော-ဓရမန်[၂၈]။ ။ဤသို့ အိန္ဒိယ နိုင်ငံသားများ အခက်အခဲနှင့် ရင်ဆိုင် တွေ့ကြုံနေကြသော အခါ မလဝနယ်မှ ယသော-ဓရမန် အမည်ရှိသော စစ်သူကြီးသည် အေဒီ ၅၂၈ ခု၌ ဟန်းမင်းကြီး မိဟိရဂုလ၏ စစ်သည်ရဲမက်များကို အောင်မြင်စွာ နှိမ်နင်းပေ၏။ ဟန်းလူမျိုးကိုလည်း အိန္ဒိယနိုင်ငံမှ နှင်ထုတ်လိုက်၏။ ဟန်းလူမျိုးကို အိန္ဒိယမှ နှင်ထုတ် ပြီးသော အခါ အိန္ဒိယမြောက်ပိုင်း တခွင် အပြင်လုံးကို ဟိမဝန္တာတောင်ခြေအထိ တိုက်ခိုက် သိမ်းယူပြန်၏။ ဂုတ္တနိုင်ငံကြီးသည် ယသော-ဓရမန် စစ်သူကြီးကြောင့် ပျက်စီးရလေ၏။ ယသော-ဓရမန်သည် အိန္ဒိယ တောင်ပိုင်း နိုင်ငံအချို့ကိုပင် ထပ်လောင်း သိမ်းယူပေသေး၏။ သို့သော် ယသော-ဓရမန် သိမ်းယူသောနိုင်ငံများသည် ဓရမန်လွန်သည်နှင့်တပြိုင်နက် အစိတ်စိတ် အမြွာမြွာ ကွဲပြား သွားပေ၏။

နိုင်ငံအသီးသီးတွင် မင်းအဆူဆူ အုပ်စိုးကြလေသည်။ ထို

၂၅ *Toraman* ၂၆ *Sakala* ၂၇ *Mihiragula* ၂၈ *Yasodharman*

နိုင်ငံများအနက် သနေသဝရ[၂၉]နှင့် ဗင်္ဂလားနိုင်ငံတို့သည် အင်အား တောင့်တင်းသော နိုင်ငံများ ဖြစ်ကြပေသည်။

ဟာသျှဘုရင်[၃၀] (၆၀၆-၆၄၇)။ ။သနေသဝရ နိုင်ငံကို အုပ်စိုးသော ဟာသျှ ဘုရင်သည် အိန္ဒိယ နိုင်ငံ၏ မြောက်ပိုင်းကို ပြန်လည်စုပေါင်း စည်းရုံးကာ အုပ်ချုပ်သောမင်း ဖြစ်လေ၏။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းရှိ နိုင်ငံအသီးသီးတို့သည် တဦးနှင့်တဦး စစ်ပြိုင်နေသည်သာ များ၏။ ဟာသျှသည် မင်းပျို မင်းလှ ဖြစ်၏။ စစ်အတိုက် အခိုက်ကိုလည်း လေ့လာဆည်းပူးခဲ့၏။ ထို့ကြောင့် နန်းတက်လျှင် တက်ခြင်း ဗင်္ဂလားနိုင်ငံကို စတင်တိုက်ခိုက်လေ၏။ ထီးနန်းကို သိမ်းပိုက် စိုးစံပြီးသည့် နေ့မှ စ၍ ခြောက်နှစ်တိုင်တိုင် ဟာသျှဘုရင်သည် ဂင်္ဂါမြစ်တလျှောက်ရှိ နိုင်ငံ အသီးသီးကို ဆင်တပ် မြင်းတပ် အလုံးအရင်း ကြီးစွာဖြင့် လိုက်လံ တိုက်ခိုက်၏။ ပန်ဂျပ် နယ်နိမိတ်မှ ဗင်္ဂလားအထိ အိန္ဒိယကျွန်းဆွယ်မြောက်ပိုင်း တခွင်တပြင်လုံးကို နောက်ဆုံး၌ သိမ်းရုံး စုပေါင်း နိုင်လေ၏။ တောင်ဖက် ဒက္ခိဏ ကုန်းမြေမြင့်သို့ပင် စစ်ဦး လှည့်ပေသေး၏။ ဒက္ခိဏကုန်းမြေမြင့်တွင် စိုးစံသောစာလုကျ[၃၁]မင်းများကတွန်းလှန်တိုက်ခိုက်သောကြောင့် တောင်ပိုင်းသို့ချဲ့ထွင် တိုးဖောက်ခြင်းငှါ မအောင်မြင်ခဲ့ချေ။ ကျယ်ပြန့်သော မြောက်ပိုင်း တလွှားတွင် သနေသဝရ နိုင်ငံကြီး ထူထောင်ကာ ကနောဇ နေပြည်တော်မှ နေ၍ အုပ်ချုပ်လေ၏။ ထိုမင်း နတ်ပြည်စံသောနှစ်သည် ၆၄၇ ခုနှစ်ဖြစ်၏။ ထိုအခါ ထီးပြိုင်နန်းပြိုင်များ ပေါ်လာကြပြန်သည်။

အုပ်ချုပ်ရေး။ ။ကျယ်ပြန့်သော နိုင်ငံကြီးကို ထူထောင်သော

---

၂၉ *Thanesavara* ၃၀ *King Harsha* ၃၁ *Chalukya*

ဟာသျှာဘုရင်၏
နိုင်ငံတော်
(အေဒီ-၆၁၂)
ဂန္ဓာရ
သိန္ဓု
ဂုဂျရတ်
သနေ့သဝရ
ကနောဇ်
ကပိလဝတ်
မိထိလာ
ကုသိနာရုံ
နာလန္ဒ
မဂဓ
မလဝနယ်
စာလုကျ
ပလ္လဝ
သီဟိုဠ်

မင်းများသည် စည်းစနစ်ကျနစွာ အုပ်ချုပ်ရန်လို၏။ ဟာသျှ ဘုရင်သည် အုပ်ချုပ်ရေး၌လည်း လိမ္မာသော ဘုရင်ဖြစ်၏။ သိရိမမ္မာသောကမင်းကြီးကဲ့သို့ပင် နိုင်ငံရေးရာ၌ ကိုယ်တိုင် ကိုယ်ကျ ဆောင်ရွက်ပေ၏။ ပူးပေါင်းထားရှိပြီးသော နိုင်ငံများသို့ တိုင်းခန်းလှည့်လည်ကာ လက်အောက်ခံ ဘုရင်များသည် နိုင်ငံသူ နိုင်ငံသားတို့အား စည်းကမ်းကျနစွာ အုပ်ချုပ်သည် မအုပ်ချုပ်သည်ကို စစ်ဆေး ကြည့်ရှုတော်မူ၏။ ဟာသျှ ဘုရင်သည် တရားမမှုများ၌ မလျော့မတင်း သက်သက်သာသာ စီရင်သော်လည်း ရာဇဝတ်မှုများ၌ နောင်ကြဉ်လောက်အောင် အပြစ်ပေးတတ်သည်။ ကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်သော သူများအား နှာခေါင်းနား၊ ခြေလက် ဖြတ်တောက်ခြင်းစသော အပြစ်ဒဏ်များကို ပေး၏။ မီး၌ အစီရင်ခံ၊ ရေလား အစိဋ္ဌာန် အဆိပ်ကျွေး အစိဋ္ဌာန် စသည်များဖြင့်လည်း အမှုအခင်းများကို စီရင်ပေသေး၏။

စာပေအားပေးမှု။ ။ဟာသျှ ဘုရင်သည် ရဲရင့်၏။ အုပ်ချုပ်ရေး၌ စေ့စပ်သော ဘုရင်လည်း ဖြစ်၏။ စာပေကို လိုက်စားသော စာဆိုကြီးလည်း ဖြစ်ပေသည်။ ဟာသျှဘုရင်ကိုယ်တော်တိုင် သက္ကဋဘာသာဖြင့် ရေးသားခဲ့သော နာဂါနန္ဒ၊ ရတနာဝလီနှင့် ပရိဒယသိကာ ပြဇာတ်များလည်း ကျွန်ုပ်တို့ခေတ်တိုင်အောင်ပင် အိန္ဒိယ စာပေကို လိုက်စား ဆည်းပူးသူတို့ အမြတ်တနိုး လေ့လာသော ပြဇာတ်ကျော်များ ဖြစ်ပေသည်။ ဗာဏဘဋ္ဋစသော စာဆိုကျော်ကြီးများလည်း ထိုမင်း၏ အပါးဝယ် အမြဲစားလျက် မင်း၏ ချီးမြှောက်ခြင်းကို များစွာခံကြရလေသည်။ ဟာသျှဘုရင်သည် ပညာရှိ များကိုသာ နှစ်သက်၏။ ထီးရံနန်းရံများနှင့် မှူးမတ်ကြီးများကိုလည်း ပညာဆည်းပူးလေ့လာမှ နှစ်သက်တော်မူ၏။ပညာ

မဆည်းပူး မလိုက်စားသူ ထီးရုံ နန်းရုံများကို စကားမျှပင် ဖက်ပြိုင်၍မပြောပေ။

ဟူအင်စံ[၃၂]။ ။ထိုမင်းလက်ထက်၌ တရုပ်နိုင်ငံမှ အိန္ဒိယ နိုင်ငံသို့ ဘုရားဖူးရန် လာရောက်သော ဟူအင်စံသည် အိန္ဒိယနိုင်ငံတွင် ဆယ့်ငါးနှစ်တိုင်တိုင် လှည့်လည်နေထိုင်၏။ ဟာသျှ မင်းနှင့်လည်း များစွာ ရင်းနှီးပေသည်။ လိုလေသေး မရှိအောင် ချီးမြှင့် မြှောက်စားခြင်းကိုလည်း ခံရပေသည်။ ဟူအင်စံ ရေးသားခဲ့သော မှတ်တမ်းများကို ဖတ်ရှုရခြင်းအားဖြင့် ထိုခေတ်၏ အိန္ဒိယ အခြေအနေနှင့် ဟာသျှ ဘုရင်၏ အကြောင်းကို အစုံအလင် သိရပေသည်။

ဗုဒ္ဓသာသနာ။ ။ဟာသျှသည် နန်းတက်စဉ်၌ ဗြာဟ္မဏ အယူဝါဒကို ကိုးကွယ်သော်လည်း တဖြည်းဖြည်း ဗုဒ္ဓသာသနာဝင်ဖြစ်လာကာ ဗုဒ္ဓသာသနာကို အလွန်ချီးပင့်လေသည်။ စရပ်များ ဆေးရုံများကို အနှံ့ အပြား ဆောက်လုပ်ပေသည်။ဂင်္ဂါမြစ်တလျှောက်၌ ထောင်သောင်း မကသော ပုထိုးများ၊ ဘုန်းကြီးကျောင်းများကိုလည်း တည်ဆောက်လှူဒါန်း၏။ နှစ်စဉ်နှစ်တိုင်း သံဃာတော်များအား ပင့်ဖိတ်ကာ စည်းဝေးစေ၍ မြတ်စွာဘုရားသခင်၏ သာသနာတော်ကို သုတ်သင်ဆွေးနွေးပေ၏။ ထိုမင်းလက်ထက်တွင် နာလန္ဒ[၃၃] ခေါ် ဗုဒ္ဓသာသနာ တက္ကသိုလ် ကျောင်းတော်ကြီးမှာ အလွန် ထင်ရှားကျော်စောလေသည်။ သို့ရာတွင် ထိုမင်း နတ်ပြည်စံသောအခါ ဗုဒ္ဓသာသနာလည်း တဖြည်းဖြည်း ညှိုးနွမ်းသွားလေသည်။

ပလ္လဝါလူမျိုး[၃၄]။ ။အိန္ဒိယသမိုင်းသည် အများအားဖြင့် မြောက်

၃၂ *Hieun Tsung (Yuan-Chwang)* ၃၃ *Nalanda* ၃၄ *The Pallavas*

ပိုင်း ဒေသများနှင့်သာ စပ်ဆိုင်၏။ တောင်ဖက်ပိုင်း၌ သမိုင်းတင်လောက်အောင် ထူးခြားသော အဖြစ် အပျက်၊ ကျော်စောသော မင်းဆက်များသည် မပေါ်ပေါက်ခဲ့ချေ။ ဂုတ္တမင်းဆက်ခေတ်အေ၊ ဒီ ၄ ရာစု ကျရောက်သော အခါမှသာ တောင်ပိုင်းဒေသများသည် ထင်ပေါ်လာ၏။ သမုဒြဂုတ္တသည် တောင်ပိုင်း နိုင်ငံများသို့ စစ်ချီသော အခါမှ စ၍ အိန္ဒိယကျွန်းဆွယ် အရှေ့ ကမ်းခြေတလျှောက်တွင် ပလ္လဝါမင်းများ တန်ခိုး ပွင့်လင်းလာကြ၏။ ပလ္လဝါဘုရင် ဝိဿနိုး ဂေါပကသည် သမုဒြဂုတ္တဘုရင်၏ နှိမ်နင်းခြင်းကို ခံရသေး၏။ ထိုနောက်၌မူ ပလ္လဝါတို့သည် မြောက်ဖက်နိုင်ငံမှ မင်းများ၏ အနှောင့်အယှက်မှ ကင်းစွာ တိုးတက်စည်ကားလာကြ၏။ ပလ္လဝါတို့၏ လက်မှန် အစ တည်ထောင်သော နေပြည်တော်သည် ကန်ချီ[၃၇]ဖြစ်၏။ဘုရင်သီဟပိဿနိုးလက်ထက်၌ ပလ္လဝါတို့သည် တောင်ပိုင်း တခွင် တပြင်လုံးကို စည်းလုံး ပူးပေါင်း၍ ပလ္လဝါ နိုင်ငံကို စတင် ပျိုးထောင်ပေသည်။ သီဟိုဠ်ကျွန်းကိုလည်း ပလ္လဝါမင်းတို့ တိုက်ခိုက် သိမ်းယူ အုပ်ချုပ်၏။ အာရှ အရှေ့တောင်ဖက် ကျွန်းစုတို့လည်း ပလ္လဝါကုန်သည် သင်္ဘောသားများသည် သွားရောက် ကုန်စည် ကူးသန်း ကြ၏။ ထိုကျွန်းများပေါ်၌ နိုင်ငံသစ် နယ်သစ်များကိုလည်း စိုက်ထူ တည်ထောင်ကြပေသည်။ ပလ္လဝါတို့သည် နိုင်ငံငယ် ကလေးအဖြစ်ဖြင့် နေထိုင်ကြသော အခါ၌ မင်းနှင့် တကွ နိုင်ငံသူ နိုင်ငံသားများသည် ဗြာဟ္မဏအယူဝါဒကို ကိုးကွယ် ကြ၏။ ပလ္လဝါမင်းများ တန်ခိုးဖွံ့ဖြိုးလာသော အခါ ဗုဒ္ဓသာသနာသို့ ကူးပြောင်း ကိုးကွယ်ကြလေသည်။

စာလုကျနိုင်ငံ[၃၈]။ ။အိန္ဒိယ တောင်ပိုင်း အရှေ့ပင်လယ်ကမ်းခြေ

---

၃၇ *Kanchipura (Conjeevaram)* ၃၈ *Chalukyan Empire*

တလျှောက်တွင် ပလ္လဝါတို့ တန်ခိုးကြီးလာသော အချိန်၌ ဒက္ခိဏ ကုန်းမြေမြင့်တွင် စာလုကျ လူမျိုးထွန်းကားလာ၏။ စာလုကျ မင်းများ အနက် အထင်ရှားဆုံးသော မင်းသည် ဒုတိယ ပုလကေသီ[၃၇]ဖြစ်ပေ၏။ မြောက်ဖက်မှ ဟာသျှဘုရင်သည် ဒက္ခိဏ ကုန်းမြေမြင့်သို့ စစ်ချီလာသော အခါက ပုလကေသီသည် တွန်းလှန် ခုခံလိုက်ပေ၏။ ဟာသျှ ဘုရင်၏ ရန်အေးသွားသော အခါ ပုလကေသီသည် နိုင်ငံနီးချင်း မင်းအပေါင်းတို့အား တိုက်ခိုက်ကာ စာလုကျ နိုင်ငံကို ထူထောင်၏။ ပလ္လဝါ နိုင်ငံသို့ပင် သွားရောက် တိုက်ခိုက် ပေသေး၏။ ဤနည်းဖြင့် အိန္ဒိယ ကျွန်းဆွယ် အလယ်ပိုင်း တခွင် တပြင်လုံးကို စာလုကျတို့ စိုးပိုင် အုပ်ချုပ်၏။ တရုပ်ဘုရားဖူး ဟူအင်စံသည် စာလုကျ နိုင်ငံသို့လည်း ရောက်ဘူး၏။ ဟူအင်စံ ၏မှတ်တမ်း၌ စာလုကျများသည် ကိုယ်လုံးကိုယ်ထည်ထွားကျိုင်း၍ ရိုးသားဖြောင့်မတ်သော လူမျိုးဖြစ်ကြောင်း၊ သူတထူး၏ ကျေးဇူး ကို သိတတ်ကြောင်း၊ သူတထူး ဒုက္ခတွေ့ကြုံလျှင် စိတ်ရောကိုယ်ပါ ကူညီသော လူမျိုးဖြစ်ကြောင်းကို ဖော်ပြထားပေသည်။ စစ်သူကြီး များ စစ်ရှုံးသောအခါ နိုင်ငံသူ နိုင်ငံသားများသည် ထိုစစ်သူကြီး အား ကဲ့ရဲ့ ရှုံ့ချသောသဘောဖြင့် မိန်းမထဘီများကို လက်ဆောင် ပေးကြ၏။ ထဘီလက်ဆောင်ရသော စစ်သူကြီးများသည် ရှက် စိတ် မွန်သောကြောင့် သူတို့ကိုယ်ကို သူတို့သတ်၍ သေတတ်ကြ လေသည်။ စစ်ထွက်သော အခါ စာလုကျ စစ်သည်များသည် အရက်ကို မူးအောင် သောက်လျက် တိုက်ဆင်များကိုလည်း အရက် အလွန် အကျွံ တိုက်တတ်ကြသည်။ စစ်သည် များနှင့် ဆင်တပ် များလည်း တဖက်ရန်သူ တို့ကို အတင်းဝင်ရောက် တိုက်ခိုက် နင်းဖိ သတ်ဖြတ် တတ်ကြ၏။

[၃၇] *Pulakesin II*

မငြိမ်သက်သောခေတ်။ ။ပုလကေသိ နတ်ပြည် စံလွန်ပြီးသည့် နောက် ပလ္လဝါနှင့် စာလုကျ နိုင်ငံတို့သည် သူတပြန် ငါတပြန် တိုက်ခိုက် စိုးမိုးကြ၏။ နောက်ဆုံး၌ စာလုကျတို့သည် ပလ္လဝါ တို့ကို နိုင်၏။ ပလ္လဝါတို့ကို အုပ်စိုးနေစဉ် ရသျှတြ-ကုတြ[၃၁] လူမျိုး သည် စာလုကျတို့ကို နှိမ်နင်းကာ စာလုကျ နိုင်ငံကို စိုးစံကြ၏။ ရသျှတြ-ကုတြတို့ကို စာလုကျ လူမျိုးများက တဖန် ပုန်ကန်ထကြ ကာ နိုင်ငံသစ် ထူထောင် ကြပြန်၏။ စာလုကျတို့သည် နှစ်ပေါင်း (၆၀၀) ခန့် အုပ်စိုးပြီးကြသောအခါ စာလုကျတို့ကိုယာဒဝ[၃၆]အမည်ရှိ သော လူမျိုးသစ်သည် အကြွင်းမဲ့ နှိမ်နင်းကာ ဒက္ခိဏ ကုန်းမြေမြင့် ကို စိုးမိုးကြလေ၏။

မွတ်စလင်များ ဝင်ရောက်ခြင်း။ ။အိန္ဒိယ မြောက်ပိုင်း နှင့် တောင်ပိုင်း နှစ်ခု စလုံး၌ အမျိုးသား အချင်းချင်း ဤသို့ အစည်း ပြေနေသော အခိုက်တွင် ရှေးဦးစွာ အာရပ်လူမျိုးသည် အိန္ဒိယ မြောက်ပိုင်းသို့ အလွယ်တကူ ဝင်ရောက် နေထိုင်ကြ၏။ အာရပ် လူမျိုးတို့ လာရောက်ပြီးနောက် အစ္စလာမ် ဘာသာဝင် တရက် လူမျိုးသည် အိန္ဒိယ နိုင်ငံတွင်းသို့ အနောက်မြောက် တောင်ကြား များမှပင် ဝင်ရောက်လာကြပြန်ကာ အိန္ဒိယ နိုင်ငံကို စိုးမိုးကြလေ သည်။

---

၃၁ *The Rashtra Kutas* ၃၆ *The Yadava*

အခန်း ၁၉

တရုပ်နိုင်ငံ တင်မင်းဆက်[၁] တန်ခိုးကြီးလာခြင်း

"ဆူ"မင်းဆက်[၂]။ ။"ဟန်"မင်းဆက်များ ဘုန်းတန်ခိုး ညှိုးမှိန်သွားသောအခါ တရုပ်နိုင်ငံကြီးတွင် နယ်စား ပယ်စားများသည် အသီးသီး တထီးတနန်းစီ စိုးစံကြလေ၏။ တရုပ် နိုင်ငံကြီးသည် အစည်းပြေသော ဝါးကဲ့သို့ နိုင်ငံသေး နိုင်ငံစိတ်ကလေးများဖြင့် ပြည့်နှက်၍ နေလေသည်။ နှစ်ပေါင်းလေးရာခန့် ဤကဲ့သို့ အဖြာဖြာ ခွဲဝက်ပိုင်းခြား အုပ်စိုးကြပြီးနောက် ယန်ချိန်[၃]အမည်ရှိသော ဘုရင်သည် ဆူမင်းဆက်ကို စတင်တည်ထောင်ကာ တရုပ် နိုင်ငံကြီးကို ပြန်လည်စုပေါင်း စည်းလုံးလေ၏။ ယန်ချိန်သည် တရုပ်နိုင်ငံ တခုတည်းကိုသာ စည်းစည်းလုံးလုံး စုပေါင်းအုပ်ချုပ် နိုင်သော်လည်း သားတော်ယန်တီ[၄]မင်း လက်ထက်၌ ရှေး 'ဟန်' မင်းဆက်တို့ သိမ်းပိုက် စိုးစံခဲ့ဘူးသော တောင်ဖက်နှင့် မြောက်ဖက်နယ်များကိုပါ တရုပ်နိုင်ငံတွင်းသို့ ဖြည့်သွင်း အုပ်စိုးလေ၏။ ယန်တီ ဘုရင်သည် စစ်အတတ်၌ ကျွမ်းကျင်၏။ သူရသတ္တိနှင့် ပြည့်စုံသော နယ်စား မှူးစားများကို မြောက်စားချီးပင့်၏။ ထို့ကြောင့် တောင်ဖက်တွင် ကမ္ဘောဇ[၅]နိုင်ငံနှင့် မာလာယု ကျွန်းဆွယ်များအထိ စစ်ဦးလှည့်ကာ တရုပ်နိုင်ငံတော်ကို တိုးချဲ့ နိုင်ပေ၏။ မြောက်ဖက်သို့လည်း ကိုရီးယားနိုင်ငံသို့ သုံးကြိမ်တိုင်တိုင် ချီတက်လေ၏။

---

၁ *The Tang Dynasty* ၃ *Yang Chien* ၅ *Kambo ja (Cambodia)*

၂ *The Sui Dynasty* ၄ *Yangti*

ကိုရီးယားမြောက်ပိုင်းကို နောက်ဆုံး အကြိမ်၌ ကျူးကျော်အောင် ဆုံးမပြီးသော် တရုပ်နိုင်ငံသို့ ပြန်လည် ချီတက်စဉ် လမ်းခရီး၌ တာတာတို့သည် ယန်တီဘုရင်အား ဝန်းရံ တိုက်ခိုက်လေ၏။ ထို အချိန်အခါ၌ တာတာတို့သည် တရုပ်နိုင်ငံ၏ မြောက်ဖက်တွင်စိုးမိုး နေကြပြီဖြစ်၏။ တာတာတို့သည် ယန်တီဘုရင်ကို ဖမ်းယူသွား၏။ တရုပ် တပ်မတော်ကြီးတွင် အမှုထမ်းနေသော အသက် ၂၀ မျှသာ ရှိသေးသည့် လီရှိမင်း[၆]အမည်ရှိ တပ်ကြပ်သည် တာတာတို့လက်မှ ယန်တီဘုရင်ကို စွန့်စွန့်စားစား ပြန်လည် ကယ်ယူပေသည်။

ယန်တီဘုရင်ဆောင်ရွက်ခဲ့သမျှ။ ။ယန်တီဘုရင်သည် စစ်သူကြီး ပီပီ စိတ်ခက်ထန်သော်လည်း တရုပ် နိုင်ငံကြီး၏ အကျိုးကို များစွာ ဆောင်ရွက်ခဲ့ပေသည်။ ဟွန်ဟိုမြစ်နှင့် ယန်စီမြစ်ကို ဆက်မိရန် လှေပေါင်းမြောက်မြားစွာဖြင့် တူးမြောင်းကြီးကို ဖောက်လုပ်၏။ တူးမြောင်းငယ်ပေါင်းများစွာကိုလည်း ထပ်မံ ဖောက်လုပ်၏။နယ်စပ်များတွင်လည်း မြို့ရိုးများကို ဆောက်လုပ်၏။ နန်းတော်ကြီး ပေါင်း ၄၀ ခန့်ကိုလည်း ထပ်မံ တည်ဆောက်ပေသည်။ နယ်စပ် တလျှောက်နှင့် နေပြည်တော်မှ ဝေးကွာသော နယ်များကို ထိထိ ရောက်ရောက် အုပ်ချုပ် နိုင်ရန် နယ်လှည့် ကင်းအမှုထမ်းများကို ခန့်ထားလေသည်။ နယ်တိုင်း နယ်တိုင်း၌လည်း စာသင်ကျောင်း များကို ဖွင့်လှစ်၏။ ဉာဏ်ထက်မြက်သော လူငယ်များကိုလည်း အထက်တန်း စာပေများကို သင်ကြားနိုင်ရန် နန်းတော်တွင်း၌ စာမေးပွဲများကို ကျင်းပ၏။ အထက်တန်း စာပေများကို သင်ကြား ပြီးနောက် စာမေးပွဲတွင် အောင်မြင်သူများကို ယခုခေတ်၌ ဘွဲ့ထူးများ နှင်းအပ် သကဲ့သို့ "ချင်းရှီ" ဘွဲ့ထူးကို နှင်းအပ်လေသည်။

၆ *Li Shih Min*

“ချင်းရို”၏ အဓိပ္ပါယ်သည် တဖက်ကမ်းခပ် တတ်မြောက်သော ပါရဂူပညာရှိဟုဆိုလိုသည်။ ဘွဲ့ထူးရရှိပြီးသော လူများကိုသာ နိုင်ငံဝန်ထမ်းရာထူးတို့၌ ခန့်ထားပေသည်။ စာကြည့်တိုက်များကိုလည်း အများအပြား ဆောက်လုပ်ကာ စာဟောင်း ပေဟောင်းများကို စုံစုံလင်လင်စုဆောင်း၍စာကြည့်တိုက်တွင် သိမ်းထား၏။ အုပ်ချုပ်ရေးမှ စ၍ စာနှင့် သက်ဆိုင် သမျှကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပေသည်။ သို့သော် ပုံနှိပ်စာများကို စာရွက် စာတမ်း အဖြစ် လောက်သာ ထုတ်ဝေနိုင်သေး၏။ စာအုပ်ချုပ်လုပ်ရန် မတတ်ကြသေးချေ။တင်မင်းများလက်ထက်၌သာ စာအုပ်များ စတင်ပေါ်ပေါက်ပေသည်။

“တင်”မင်းဆက် (အေဒီ ၆၁၈-၉၀၇)။ ။တရုပ် နိုင်ငံ သမိုင်းတွင် တင်မင်းဆက်သည် အလွန်ထင်ရှား ကျော်စောသောခေတ်ဖြစ်၏။ ဆူမင်းဆက်သည် တင်မင်းဆက်များ ဘုန်းတန်ခိုးကြီးကျယ်ရန် အခြေခံရအောင် ရှေ့ဆောင်လမ်းပြပြုကာ နိုင်ငံရေး၌၎င်း၊ တိုးတက်မှုများ၌၎င်း၊ အုတ်မြစ်ချ၍ ပေးခဲ့ပေသည်။ တင်မင်းဆက်များသည် ထိုအုတ်မြစ်ပေါ်၌ လှပဆန်းကြယ်သော တင်မင်းဆက် အဆောက်အအုံကြီးကို တည်ဆောက်လေသည်။

ယန်တီဘုရင်သည် ကိုရီးယားမှ အပြန် တာတာတို့ဖမ်းယူသွားပြီးသည့် အချိန်မစ၍ စိတ်နှလုံး မငြိမ်မသက်သော ရောဂါကပ်ငြိလေ၏။ တိုင်းနိုင်ငံကိုလည်း အုပ်စိုးခြင်းငှါ မစွမ်းနိုင်ချေ။ ယန်တီဘုရင်၏ ထီးမွေနန်းမွေကို ဆက်ခံရန်လည်း သားသမီးမထွန်းကားသောကြောင့် တင်နယ်စားလီယွန်း[၇]အမည်ရှိသော စစ်သူကြီးသည် တရုပ်နိုင်ငံကြီးကို အေဒီ ၆၁၈ ခု၌ ဆက်ခံ အုပ်ချုပ်လေ၏။ တာတာတို့လက်မှ ယန်တီဘုရင်ကို ကယ်ဆယ်သော တပ်ကြပ်သည်

---

၇ *Li Yuan*

လီယွန်း၏ သားပင် ဖြစ်လေသည်။ လီယွန်းသည် ဘိသိက်မင်္ဂလာကို ဆင်မြန်း၍ နန်းတက်သော အခါ "ကအိုဇူး"[၈] ဘွဲ့ကိုခံယူလေသည်။ သားတော် လီရှိမင်းလည်း အိမ်ရှေ့ ဥပရာဇာအဖြစ်ဖြင့်ရင်း၊ စစ်သူကြီး အဖြစ်ဖြင့်ရင်း၊ အမှုတော်ကို ထမ်းရွက်ရလေ၏။

လီရှိမင်း သည် ကိုရီးယား နိုင်ငံမှ စီလာ[၁၀] တို့ စင်ကူတောင်းလာသောအခါ သွားရောက်၍ ကိုဂူရူး[၁၁] နိုင်ငံကို နှိမ်နင်း၏။ တဖန် ကိုဂူရူး နိုင်ငံ၏ မြောက်ဖက်ရှိ မန်ချူး တို့ကိုလည်း ဆုံးမ၏။ ဤနည်းဖြင့် တရုပ် နိုင်ငံ၏ မြောက်ဖက် တလွှားကို အေးချမ်းငြိမ်သက်စွာ ပူးပေါင်းစောင့်ရှောက် ထားသည်။

တိုင်းစွန်းဘုရင်[၁၂] (၆၂၇-၆၅၀)။ ။ကအိုဇူးဘုရင်သည် (၉)နှစ်မျှ ထီးနန်းစိုးစံပြီးသော အခါ သားတော်လီရှိမင်းသည် နိုင်ငံကြီးကို စီးစီးနင်းနင်း အုပ်ချုပ် နိုင်မည်ကို မြင်၍ နိုင်ငံကြီးတိုးတက်စည်ပင်ဝပြောစေခြင်းငှါ ထီးနန်းကို လွှဲအပ်ပေ၏။ လီရှိမင်း နန်းတက်သော အခါ "တိုင်းစွန်း" ဟူသော ဘွဲ့ကို ခံယူ၏။ တင်မင်းဆက်များတွင် တိုင်းစွန်းဘုရင်သည် သူရသတ္တိနှင့် အပြည့်စုံဆုံး၊ နိုင်ငံကို စည်းစံနစ်ကျနစွာ အအုပ်ချုပ်နိုင်ဆုံး သော ဘုရင်ဖြစ်ပေသည်။

တိုင်းစွန်း လက်ထက်၌ တရုပ်နိုင်ငံတော်ကြီးသည် မြောက်ဖက်တွင် ကိုရီးယား၊ တောင်ဖက်တွင် ကမ္ဘောဇနှင့် မာလာယူကျွန်းဆွယ် အထိ ကျယ်ပြန့်လေသည်။ အနောက်ဖက်မှ တရက်အမည်ရှိသော လူမျိုးသည် တရုပ် နိုင်ငံသို့ ရံဖန် ရံခါ ကျူးကျော်ထိပါး နှောင့်ယှက်လေရာ တိုင်းစွန်းသည် စစ်သူကြီးပိုပိ ထွက်ရောက်တိုက်ခိုက်လေ၏။ တိုင်းစွန်းသည် အာရှတိုက်အလယ်ပိုင်းကို ကျော်

---

၈ *Kao Tsu* ၁၀ *Silla* ၁၂ *Tai-Tsung*

၉ *Li Shih Min* ၁၁ *Koguru*

လွန်၍ အီရန်နှင့် ကက်စပီယန်းပင်လယ် ကမ်းခြေသို့ပင် ရောက်သွား၏။ စစ်ကြောင်း တလျှောက် အနိုင်ရသော ရွာစု အုပ်စု များတွင်လည်း ရှေးက အုပ်ချုပ်ခဲ့သော အကြီးအကဲများကိုပင် ပြန်လည်ခန့်ထားပေသည်။

တရုပ် နိုင်ငံတော်၏ အနောက်ပိုင်း တလွှားတွင် တရက်ရန်အေးချမ်းသွားသော အခါ တရုပ်နိုင်ငံတော်ကြီးသည် ရှေးဟန်မင်းဆက် ဝူတီဘုရင်အုပ်ချုပ်ခဲ့သော နယ်နိမိတ်ထက်ပင် ကျယ်ပြန့်၏။ ပန်းမျိုးစုံ ကြဲဖြန့်ထားသကဲ့သို့ တိုင်းစွန်း၏ နန်းတော်တွင် နိုင်ငံအသီးသီးမှ သံတမန်များသည် အမျိုးသား အဝတ် အစား အမျိုးမျိုး အရောင် အမျိုးမျိုးကို ဝတ်ဆင်လျက် ဦးညွှတ်ခစား ကြလေသည်။ တရုပ် နိုင်ငံ အတွင်းသို့လည်း နိုင်ငံတကာမှ ကုန်သည်အမျိုးမျိုး၊ ပညာသည်အမျိုးမျိုးတို့သည် ကုန်သွယ်ရန်ရင်း၊ ပညာဆည်းပူးရန်ရင်း လာရောက်ကြပေသည်။

တိုင်းစွန်းဘုရင် စိတ်ထားမြင့်မြတ်ခြင်း။ ။တိုင်းစွန်းဘုရင်သည် စစ်ထွက်ရာ၌ တပ်ဦးမှ နေ၍ တိုက်ခိုက်လေ့ရှိ၏။ ရန်သူများသည် လက်နက်ချ၍ အရှုံးပေးသော အခါ ရန်သူတို့အား နှိပ်စက် ညှဉ်းပန်းခြင်းကို မပြုပေ။ ထိုက်သည့်အားလျော်စွာ မြှောက်စားချီးပင့်တတ်လေသည်။ တိုင်းစွန်းသည် ဗုဒ္ဓသာသနာကို များစွာ စောင့်ရှောက်ပေသည်။ ဗုဒ္ဓသာသနာအပြင် နက်စတိုးရီးယန်း[၁၃] ခရစ်ယန်သာသနာကိုလည်း တရုပ် နိုင်ငံတွင်းဝယ် ကြိုက်နှစ်သက် သူများအား ကိုးကွယ်စေလေသည်။ နက်စတိုးရီးယန်း ခရစ်ယန်သာသနာသည် တိုင်းစွန်းဘုရင် အာရှတိုက် အလယ်ပိုင်းသို့ သွားရောက်နှိမ်နင်းကာ ဥရောပတိုက်နှင့် တရုပ် နိုင်ငံကို ခရီးလမ်း ဖွင့်ပေးသည်

၁၃ *Nestorians*


တင်မင်းများလက်ထက် တရုပ်နိုင်ငံတော်
မန်ချူးရီးယား
ပီကင်း
ကိုရီးယား
ကက်စပီယန်ပင်လယ်
ယာတန်
စီအာန်ဖူး
ယန်စီမြစ်
ကမ္ဘောဇ
မာလာယု

မှအစ ပြန့်ပွါး ဝင်ရောက်လာခြင်း ဖြစ်သည်။ နက်စတိုးရီးယန်း ခရစ်ယန် သာသနာ အပြင် အစ္စလာမ် သာသနာကိုလည်း တိုင်းစွန်း ဘုရင်သည် အခွင့် ပြုတော်မူ၏။ အစ္စလာမ် သာသနာလည်း နက်စတိုးရီးယန်း သာသနာကဲ့သို့ပင် အနောက် အရပ် အာရှတိုက် အလယ်ပိုင်းမှ စတင်၍ တရုပ် နိုင်ငံသို့ ပြန့်ပွါးလာလေသည်။

အုပ်ချုပ်ရေး။ ။တိုင်းစွန်း ဘုရင်သည် စိတ်သဘောထား မြင့်မြတ်၍ ရဲစွမ်း သတ္တိနှင့် ပြည့်စုံသော စစ်သူကြီး ဖြစ်သည်သာမက ပူးပေါင်းထူထောင်ပြီးသော တရုပ်နိုင်ငံကြီးကို စီးစီးနင်းနင်းအုပ်ချုပ်နိုင်သော နိုင်ငံပြုသုခမိန်ကြီးလည်း ဖြစ်ပေသည်။ နိုင်ငံရေးနှင့် စစ်ဖက်တို့၌ အကြားမရှိ မလစ်ဟင်း စေရန် စီမံ ဆောင်ရွက်လေသည်။ အုပ်ချုပ်ရေး၌ ရှေး ဟန် အဆက်အနွယ်မင်းတို့သည် တရုပ်နိုင်ငံကြီးကို နယ်ကြီးကိုးနယ်ခွဲ၍အုပ်ချုပ်၏။ တိုင်းစွန်းသည်တရုပ်နိုင်ငံကြီးကို နယ်ကြီး(၁၀)နယ်ခွဲကာ အုပ်ချုပ်၏။ တနယ်တနယ်တွင် အကြီးအကဲတဦးစီခန့်၏။နယ်ကြီးတနယ်တွင်လည်းရွာပေါင်း (၁၀၀) စီ ခွဲကာ ရွာတရွာလျှင် အကြီးအကဲတဦးစီ ခန့်ထား အုပ်ချုပ်စေ၏။ ရွာတရာအုပ် သူကြီးများ လက်အောက်၌လည်း ငါးရွာစီကို အုပ်ချုပ်သော ရွာခေါင်းများကို ခန့်ထားပြန်လေသည်။ ဤနည်းဖြင့်တရုပ်နိုင်ငံကြီးတခုလုံးကို နေပြည်တော် "စီအန်ဖူး"[၁၄] မှနေ၍ ခိုင်မြဲထိရောက်စွာ အုပ်ချုပ်ပေသည်။ နိုင်ငံတော်ဖြစ်သော မျိုးခြား နယ်များကိုကား မူလအုပ်စိုးခဲ့သော အကြီးအကဲများကိုပင် အုပ်ချုပ်စေ၏။ စီအန်ဖူး နေပြည်တော်မှနေ၍ ရှေးဆူမင်းဆက်တွင် ပျိုးထောင်ခဲ့သော စနစ်အတိုင်း နယ်လှည့် ကင်းအရာရှိများကို စေလွှတ်ကာ အုပ်ချုပ်ရေးတွင် အကြံဉာဏ် ပေးစေလေသည်။

၁၄ *Si-an-fu*

အုပ်ချုပ်ရေး၌ တိုင်းစွန်းသည် ထီး၏ ခရိုင်သဖွယ် ဗဟို နေပြည်တော်မနေ၍ ပြည်ထောင်အသီးသီးကိုကိုင်ချုပ်ကာ စိုးမိုးပေသည်။

စစ်ဖက်၌ တင်မင်းဆက် မတိုင်မီ ဖရှေးမင်းများသည် နိုင်ငံ ပြင်ပမှ ရန်သူများဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်စေရန် မြို့ရိုးများကိုသာ တည်ထောင်ခဲ့ကြ၏။ တိုင်းစွန်းကမူ အားအင်တောင့်တင်းသော စစ်တပ်များပြည့်စုံမှ ပြင်ပရန်များကို တွန်းလှန်ခုခံနိုင်မည်ကိုသိသဖြင့် ခြေလျင်တပ်၊မြင်းတပ်များကို အကြီးအကျယ်စုဆောင်း ဖွဲ့စည်းလေသည်။

နိုင်ငံခြားသားများနှင့် ဆက်ဆံရေး။ ။ တိုင်းစွန်းဘုရင် လက်ထက်တွင် တရုပ် နိုင်ငံကြီးသည် အလွန် စည်ပင် သာယာဝပြော၏။ တရုပ်နိုင်ငံသို့ နိုင်ငံခြားသား အများအပြားလာရောက် ကုန်ကူးသန်းကြ၏။ နိုင်ငံခြားသားများအား ဆက်ဆံရာ၌ အလွန် အရေးကြီးလေသည်။ တိုင်းစွန်းဘုရင်သည် နိုင်ငံခြားသားများ အတွက် သတ်သတ် ဥပဒေ တခုကို ထုတ်ပြန်၏။ တရုပ် နိုင်ငံသို့ လာရောက်နေထိုင်သော လူမျိုးတိုင်း အကြီး အကဲ တဦးစီ ရွေးကောက်တင်မြှောက်ရ၏။ ထိုအကြီးအကဲကို တရုပ် အစိုးရက အသိအမှတ်ပြုလေသည်။ အကြီးအကဲတိုင်းသည် မိမိ အမျိုးသားများ အေးချမ်း ငြိမ်ဆိမ်စွာ စည်းကမ်းတကျ သေသေဝပ်ဝပ် နေထိုင်ရန် လုံးဝတာဝန်ယူရသည်။ တရုပ် အစိုးရ၏ စည်းမျဉ်း ဥပဒေ များကိုလည်း အကြီးအကဲတိုင်းအား နားလည်အောင် ပြသလဲ့အပ်၏။ အကြီးအကဲများက တဖန် ဆိုင်ရာ အမျိုးသားများအား တဆင့် သွန်သင်ပြသကာ စည်းမျဉ်းဥပဒေ အတိုင်း လိုက်နာစေသည်။

မင်းဝှမ်ဘုရင်(၇၁၃-၇၅၅)။ ။တင်မင်းဆက် အလယ်လောက်

တွင် မင်းဝုမ် အမည်ရှိသော ဘုရင်သည် နိုင်ငံတွင်း သာယာ တိုးတက်မှုများကို အားပေး ချီးမြှောက်သောကြောင့် ထင်ရှား ကျော်စောပေသည်။ ထီးနန်းကို မသိမ်းပိုက်မီ မင်းဝုမ်ဘုရင်သည် စူအန်စွန်း[၁၅] အမည်ဖြင့် အညာတြနေထိုင်၏။ မင်းအဖြစ်ကို ရပြီးသော် စူအန်စွန်းသည် တရုပ် နိုင်ငံကြီးကို ပြုပြင် ပြောင်းလဲကာ တိုးတက်မှု အရပ်ရပ်ကို အားပေးသောကြောင့် တရုပ်နိုင်ငံကြီး ထွန်းလင်းလာသည်ကို အစွဲပြု၍ စူအန်စွန်းအား "ထွန်းလင်း တောက်ပသော ဘုရင်" ဟူသော ဘွဲ့ထူးဖြင့် တပ်ဆင် ခေါ်ဝေါ် ကြသည်။ တရုပ် ဘာသာဖြင့် "မင်းဝုမ်" ဟူသော ဘွဲ့ထူး ဖြစ်ပေသည်။

မင်းဝုမ် ဘုရင်သည် ပကာ သနကို မနှစ်သက်ချေ။ နိုင်ငံကြီးကို စိုးစံရသော ဘုရင်ဖြစ်ပါလျက် ရိုးရိုးသားသား ဝတ်စားနေထိုင်ပေသည်။ စာပေနှင့် ပန်းချီ၊ ပန်းပု၊ ဂီတတူရိယာ စသော အနုပညာများကို များစွာ မြှောက်စားချီးမြှင့်တော်မူပေသည်။ ဘိသိက်ခံတော်မူပြီးလျှင် ပြီးခြင်း နန်းတွင်းရှိ မိဖုရားခေါင်ကြီးမှ အစပြု၍ အပျိုတော်များ အထိ တောက်ပ ပြောင်လက်၍ အဖိုးထိုက် အဖိုးတန်အဝတ်အစားများနှင့်အဆင်တန်ဆာကိုဝတ်စားဆင်ယင်ခြင်းမှ တားမြစ်ပိတ်ပင်တော် မူလေသည်။ နန်းတော်ရှေ့ရှိ ရင်ပြင်ကြီး၌ နန်းတွင်းသူတို့ ဝတ်စား ဆင်ယင်သော ရွှေကြယ်ဖောက်၊ စိန်ကြယ်ဖောက် အဝတ်အစားများ၊ ရတနာတို့ဖြင့် စီခတ်မြုပ်နှံအပ်သော အဆင် တန်ဆာများကို စုပုံစေပြီးသော် မီးရှို့၏။ ဤသို့ စံနမူနာပြခြင်းသည် နိုင်ငံတွင်းရှိ မှူးမတ်ကတော်များမှစ၍ သူဌေးဆင်းရဲ သားမကျန် လိုက်နာ ကျင့်ဆောင်ရန် ရည်ရွယ်ခြင်းပင် ဖြစ်လေသည်။ ဘုရင် ကိုယ်တော်တိုင်လည်း လိုအပ်သော အသုံးအဆောင်မှ အပ အပိုအမိုများကို မချွထွင်ပေ။ ဤသို့ ချီးခြံစွာ နေခြင်းမှာ

၁၅ *Hsuan Tsung*

တရုပ်နိုင်ငံကြီးကို ရှေးမင်းများ စိုးစံ သွားစဉ်က စည်ပင် ကြွယ်ဝပြီး ဖြစ်သဖြင့် နိုင်ငံသူ နိုင်ငံသားတို့သည် အဝတ် အစားတို့၌သာ ဂုဏ်တု ဂုဏ်ပြိုင် ပလွှားကာ အချိန်ကို ဖြုန်းတီးနေသောကြောင့် မင်းဝုမ်ဘုရင်သည် နိုင်ငံသူ နိုင်ငံသားတို့အား ပြန်လည် ဆယ်ယူသော စီမံချက် တရပ်ပင် ဖြစ်ပေသည်။

ဟန်လင်းပညာ့တံခွန် အသင်း[၁၆]**။** ။မင်းဝုမ်ဘုရင်သည် ပညာကို ထူးချွန်စွာ တတ်မြောက်သူ၊ လက်မှုပညာ၌ အလွန် လက်မြောက်သူတို့ကို ရွေးချယ်ကာ ဟန်လင်း ပညာ့တံခွန် အသင်းကို ဖွဲ့စည်းလေသည်။ ပညာရှိကြီးများ၊ ကဗျာ ဆရာကြီးများနှင့် ပန်းချီကျော်ကြီးများသည် ထိုအသင်းတွင် ပါဝင်လေသည်။ ဤဆရာကြီးများသည် တပည့်များအား တဆင့် သင်ကြား ပြသပေသည်။ မင်းဝုမ်ဘုရင် လက်ထက်၌ တရွာတွင် ကျောင်းတကျောင်းစီရှိရာ ရွာကျောင်းမှ အောင်မြင် တတ်မြောက်လာသော သူများသည် နယ်ကျောင်းသို့၊ နယ်ကျောင်းမှ တဆင့် နေပြည်တော်သို့ လာရောက် ပညာ ဆည်းပူးကြလေသည်။ ဟန်လင်း ပညာ့တံခွန် အသင်းသည် ကွန်ဖြူးရှပ်တို့ခေတ် တက္ကသိုလ်များကဲ့သို့ပင် ပညာ အတတ် မျိုးစုံကို သင်ကြား ပြသပေ၏။ ပိုးလုပ်ငန်း၊ ကြွေလုပ်ငန်း စသော အသက်မွေး ဝမ်းကျောင်း ပညာများကိုလည်း နေပြည်တော်၌ သင်ကြား ပေးလေသည်။

ပြဇာတ်နှင့် အငြိမ့်။ ။မင်းဝုမ် ဘုရင်သည် စာပေနှင့် ပန်းချီ စသော အတတ် ပညာတို့ကို အားပေး ချီးမြှင့်သူဖြစ်ရာ ဂီတအဖွဲ့များကို တည်ထောင်လေသည်။ ဘုရင် မင်းမြတ် ကိုယ်တော်တိုင်

၁၆ *The Hanlin Academy*

ဇာတ်တိုက်ရန် နေရာ၊ သီချင်းတိုက်ရန် နေရာများကို ရွေးချယ် သီးသန့် ထားပေးပေသည်။ "ပုလဲပွင့် ဥယျာဉ်" နှင့် "နွေဦးပမာ ခြံသာယာ" ဟု အမည် မှည့်ထားသော ဥယျာဉ်ကြီးများအတွင်း တွင် ဘုရင်၏ဇာတ် သဘင်အဖွဲ့သည် ဇာတ်တိုက်၏။ ကချေသည် များသည် အကကျင့်၏။ ဂီတ ပညာသည် များသည် အတီးအမှုတ် အဆိုလေ့လာကြ၏။

လီပို။ ။ကဗျာ ဆရာကြီးများ အနက် ပိုးချူအိ[၁၇] တူးဖူး[၁၈] နှင့် လီပို[၁၉] တို့သည် အထူးကျော်စောသော ကဗျာ ဆရာကြီးများ ဖြစ်၍ ဘုရင့် လက်ရုံးတော် စာဆိုကြီးများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ မြန်မာသမိုင်း၌ အမတ်ကြီးဦးပေါ်ဦးကို ဘိုးတော် မင်းတရားကြီး သည် အလိုလိုက်ကာ သက်တော်ရှည် အမတ်ကြီး အဖြစ် ခန့်ထား၍ သူ့အား ရှင်လန်းအောင် ဖြေဖျော်စေ သကဲ့သို့ လီပိုသည် မင်းဝှမ် ဘုရင်အား ပျော်တော် ဆက်ရလေသည်။ ကဗျာရေးသား ဆက် သွင်းရလေသည်။ သို့ရာတွင် လီပိုသည် အရက်ကို အလွန် အကျူး သောက်တတ်၏။ မူးယစ် လာသော အခါ၌ စပ်ဆိုသော ကဗျာ များသည် အလွန်ကောင်းမွန်၏။ မင်းဝှမ်ဘုရင်၏ အနောက်နန်း မိဖုရား "ကွေးဖိး"[၂၀] သည် ရုပ် အဆင်း အလွန် လှပချော မွေ့၏။ အခါ တပါး မင်းပွဲသဘင်၌ ရှင်ဘုရင်နှင့် မိဖုရားကြီး ကွေးဖီးသည် ပုလဲပွင့် ဥယျာဉ်မှ ဂီတအဖွဲ့ကို နားဆင်နေစဉ် လီပိုအား အခေါ် တော်လွှတ်ရာ သတိကင်း၍ လဲနေအောင် မူးယစ်နေသော လီပိုကို မင်းလုလင် များသည် ဘုရင့်ရှေ့တော်မှောက်သို့ တွဲယူဆက်သရ၏။ ရှေ့တော်မှောက်၌ပင် သတိရစေရန် ရေအေးဖြင့် ပက်ဖျန်းပြီး နောက် လီပိုသတိရလာသော အခါ ဘုရင် မင်းမြတ်သည် အပျို

၁၇ *Po Chu-i* ၁၈ *Tu Fu* ၁၉ *Li Po* ၂၀ *Kwei Fei*

တော် နှစ်ဦးအား ပိုးစရှည် တခုကို လီပိုရှေ့၌ တန်းစေ၍ ဖိဖုရားကြီး၏ ချောမွေ့ လှပပုံကို ကဗျာစပ်ဆိုရန် လီပိုအား အမိန့် ရှိ၏။ လီပိုလည်း ချက်ခြင်းပင် ကဗျာသုံးပိုဒ်ကို စပ်ဆိုရေးသား လေသည်။ ထိုကဗျာများကို ဘုရင်ကိုယ်တော်တိုင် ကျောက်စိမ်းပုလွေဖြင့် နှစ်ခြိုက် ဝမ်းမြောက်စွာ သာယာညှင်းညှင်း တီးမှုတ် ပေ၏။

တင်ခေတ် နိဂုံး။ ။တင်ခေတ်သည် ဤသို့ သာယာ စည်ပင်တိုးတက်စွာ နှစ်ပေါင်း သုံးရာနီးပါးခန့် ထင်ရှား ကျော်စောပေသည်။ အတီးအမှုတ်၊ အကအခုန်၊ ကဗျာတို့၌လည်း အများအပြား တိုးတက်၏။ တင်မင်းဆက်တွင် ရေးဆွဲခဲ့သော ပန်းချီကား များသည် တရုပ် သမိုင်းတွင် အလှပဆုံးသော ကားများ ဖြစ်ပေသည်။ ပုံနှိပ်အတတ်တွင်လည်း စာအုပ်များကိုစတင်ထုတ်ဝေသည်။ နိုင်ငံတော်အစိုးရသည် ပီကင် အမိန့်တော် ပြန်တမ်း စာစောင်ကို ပုံနှိပ် ထုတ်ဝေ၏။ ဤစာစောင်ကို ကမ္ဘာပေါ်တွင် အစောဆုံး ထုတ်ဝေသော သတင်းစာတမျိုးဟု မှတ်ယူ ကြသည်။ ပိသုကာ အတတ်တွင်လည်း နန်းတော်ကြီးများ၊ တန်ဆောင်းကြီးများကို ဆောက်လုပ်ခြင်းအားဖြင့် မည်မျှ လက်ရာ မြောက်ကြောင်းကိုသိသာ၏။

တင်မင်းဆက်တွင် ထုထားသော ဗုဒ္ဓမြတ်စွာ၏ ရုပ်ထုတော်များသည် ဂရိတို့၏ လက်ရာကဲ့သို့ပင် ကိုယ်နေ ကိုယ်ထား ပြေပြစ်တင့်တယ်ပေ၏။ သို့သော် တရုပ် ဆန်ဆန်ပင် ထုလုပ် ကြလေသည်။ ထိုစဉ်အခါက အာရှတိုက် တခုလုံးရှိ လူမျိုးအသီးသီးသည် ပညာရှာမှီးရန် တရုပ်နိုင်ငံသို့ သွားရောက် ဆည်းပူးရ၏။ တင်မင်းဆက် စိုးစံသော တရုပ် နိုင်ငံကြီးသည် အာရှတိုက်၏ တက္ကသိုလ်ကြီးသဖွယ် ဖြစ်ပေသည်။

အခန်း ၂၀

ဂျပန်နိုင်ငံ အစ

ဂျပန်ကျွန်းစု။ ။အာရှတိုက် အရှေ့မြောက်ဖက် ပစိဖိတ်သမုဒ္ဒရာထဲတွင် ကမ်ချက်က ကျွန်းဆွယ်နှင့် ကိုရီးယား ကျွန်းဆွယ်ကြား၌ အာရှတိုက် ကမ်းခြေကို ယှဉ်၍ ဂျပန်ကျွန်းစုတို့သည် တည်လျက် နေ၏။ ဂျပန်ကျွန်းစုများအနက် မြောက်ဖက် ဆုံးတွင် ယေးဇိုး၊အလယ်တွင်ဟွန်ရှူး၊တောင်ဖက်တွင် ရှိကိုကုနှင့်ကျူးရှူး ကျွန်းများသည် ကျွန်းကြီးများ ဖြစ်၍ ကျွန်းငယ်ပေါင်း များစွာလည်း ကျွန်းကြီးများ၏ အနီးတွင် တည်ရှိကြ၏။ ကမ္ဘာဦးက ဂျပန်ကျွန်းစု များသည် အာရှတိုက် မြေပြင်နှင့် ဆက်စပ်လျက်ရှိ၏။ ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲသွားသော အခါမှသာ အာရှတိုက်နှင့် ရေပြင် ခြား၍ သွားလေသည်။

နိုင်ငံအစ။ ။နိပွန်ရှောကိ[၁] ခေါ် ဂျပန်သမိုင်း၏ အဆိုအရ ဂျပန်နိုင်ငံဖြစ်ပေါ်လာပုံမှာ ရှေးဦးစွာ အမ-တဲ့ရစု အိုမိကာမိ[၂] ခေါ် နေနတ်သမီးသည် အို-ယရှိမာ[၃] ခေါ် ကျွန်းရှစ်ကျွန်း ဖြစ်ပေါ်လာသော အချိန်တွင် မိမိ၏မြေးတော် နိနိဂိနော မိကောတော[၄] ကို ထိုကျွန်းများသို့ လွှတ်၍ အုပ်ချုပ် စေ လေသည်။ ထိုမြေးနှင့် အတူ ရှစ်ရာမျှသောကာမိ[၅] နတ်များလည်း ဆင်းလိုက် လာကြ လေသည်။

---

၁ *Nippon Shoki* ၃ *O-yashima* ၅ *Kami*

၂ *Amaterasu O-mikami* ၄ *Ninigi-no-mikoto*

ထိုအခါမှစ၍ ဂျပန်နိုင်ငံဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ထို့နောက် နိနိဂိ၏ မြေးတော် ဖြစ်သော ဂျင်မုတင်နော[၆]ဘုရင်သည် ဘီ၊ စီ (၆၀၀) တွင် နန်းတက်တော် မူပြန်သည်။ ထိုဘုရင်သည့် နိုင်ငံတော်ကို တလုံးတစည်းတည်း ဖြစ်အောင် သိမ်းရုံး အုပ်ချုပ်၍ ယာမာတို[၇]ခေါ် အရပ်၌ ထီးနန်းစိုက်လေသည်။ ဘိသိက်တော် မခံမီကပင် အမိန့်တော် တခုကို ထုတ်ပြန်တော် မူသည်။ ထိုအမိန့်တော်၏ သဘောမှာ မင်းနှင့် တကွ ပြည်သူ လူအပေါင်း တို့သည် မိသားတစုကဲ့သို့ စည်းလုံး ညီညွတ်၍ ချစ်ခင် စေလိုသော ဆန္ဒတော်ပင် ဖြစ်လေသည်။

ဂျင်မုတင်နောမင်းဆက်များ။ ။ဂျင်မုတင်နောဘုရင်လက်ထက်၌ ဂျပန် တို့သည် ယဉ်ကျေးမှု၌ အလွန်နုနယ် သေး၏။ ယဉ်ကျေးခါစ လူများ၏ အခြေအနေလောက်ပင် ရှိသေး၏။ ယာမာတို နိုင်ငံကို စိုးစံသော်လည်း ယာမာတိုနယ်အပြင်ဖက်တွင်နေထိုင်ကြသော ဆွေမျိုးစုများသို့ ဘုရင်၏ တန်ခိုးအာဏာ စက်သည် မပြန့် သေးချေ။ ထို့ကြောင့် ယာမာတို့ကို အုပ်ချုပ်သော မင်းဆက်များသည် ထိုဆွေမျိုးစု များကို တနိုင်ငံတည်း စည်းစည်းလုံးလုံး ရှိစေရန် အမျိုးမျိုး ဆောင်ရွက် ကြပေသည်။ ဆွေမျိုးစုများ အားလုံး စည်းရုံးမိ၍ နိုင်ငံ ကျယ်ပြန့် လာသော အခါ လူ မျိုး၏ ယဉ်ကျေးမှု တိုးတက်ရာ တိုးတက်ကြောင်းကို ဆောင်ရွက် ကြ၏။ လယ်ယာ စိုက်ပျိုး လုပ်ကိုင်ရန် အားပေး၏။ ဆည်မြောင်းများကို ဖို့၏။ ရေမြောင်း များကိုသွယ်၏။ အခွန် အတုတ်များကိုလည်း နိုင်ငံသူ နိုင်ငံသားများ အပေါ်၌ စတင် ကောက်ခံ လေ၏။ မင်းဆွေ မင်း

---

၆ *Jimmu Tenno*

၇ *Yamato*

ဥငယခးကွ ဂငကၢ်ပဓ ဖွၣ်လၢကျၣ်ဂါပိ



ချီးမှ လေးယောက်ကို ရွေးချယ်ကာ နယ်အသီးသီးသို့ စေလွှတ် လျက် အုပ်ချုပ် စေ၏။

ကိုရီးယန်များ။ ။ဂျင်မူ တင်နော မင်းမှ တဆယ့် လေးဆက် မြောက် ချူအိုင်[၇] ဘုရင်လက်ထက် အေ၊ ဒီ ၄ ရာစုလောက်မှ စ၍ ကိုရီးယား နိုင်ငံကို အောင်နိုင်ရာ ကိုရီးယန် တို့သည် ဂျပန်ကျွန်းသို့ ကူးပြောင်း လာကြ၏။ ဂျပန် ဘုရင်များလည်း ကိုရီးယန် တို့ကို စောင့်ရှောက်ကာ နေရာထိုင်ခင်းမှ အစ အသက်မွေး ဝမ်းကျောင်း အတွက် အလုပ် အကိုင်များကို ရရန် ကူညီအားပေး ပေသည်။ ကိုရီးယန် တို့သည် လက်မှုပညာ အမျိုးမျိုးနှင့် စာပေကို တတ် မြောက် ကြ၏။ ဗုဒ္ဓသာသနာနှင့် တရားတော် များကိုလည်း ယုံ ကြည် သက်ဝင် လိုက်နာ ကြသူများ ဖြစ်၏။ ကိုရီးယန်များ ထံမှ ဂျပန် တို့သည် စာပေကို သင်ယူ ကြ၏။ နောင်အခါ "ရှင်တို" ဘာ သာ[၈] ဟုခေါ်သော ကာမိ အယူဝါဒအပြင် ဗုဒ္ဓသာသနာ ကိုလည်း လိုက်နာ ကိုးကွယ် ကြ၏။ ဗုဒ္ဓသာသနာမှ ဂျပန်တို့၏ စိတ်ဓာတ် နှင့် လျော်ညီ၍ ဂျပန် နိုင်ငံ တိုးတက်မှုကို ထောက်ပံ့မည့် ကျင့်ဝတ် တရား များကို ရွေးချယ် ကောက်နှုတ်ကာ ဂျပန် တို့သည် လိုက်နာ ကျင့်ဆောင် ကြ၏။

နိုင်ငံတွင်း အခြေအနေ။ ။ဂျပန် နိုင်ငံသည် တစတစ တိုးတက် လာရာ နိုင်ငံတွင်း၌ လူအတန်း အစား ကွဲပြားလျက် ရှိ၏။ ဘုရင် မင်းမြတ်သည် အချို့ အချို့သော ဆွေမျိုးစု အကြီးအကဲ များကို မှူးကြီး မတ်ကြီးခန့်၍ နယ်မြေများကို အပိုင်စား စေ၏။ အချို့မှာ မြေဟူ၍ အလျင်းမရှိ၊ လုပ်သား သက်သက်သာ ဖြစ်သည်။ ထို

[၇] *Chuat Tenno* [၈] *Shintoism*

ခေတ်က ဂျပန် နိုင်ငံသည် လယ်ယာစိုက်ပျိုးမှုတခုတည်းသာလုပ်ကိုင် သေးသောကြောင့် လယ်မြေများသည် အလွန် အဖိုးတန်၏။ လယ်မြေနှင့် စပါးများစွာ သိုမှီး နိုင်သော သူသည် လူချမ်းသာဖြစ်၏။ ထို့ကြောင့် မူးကြီး မတ်ကြီး အခန့် ခံရသောဆွေမျိုးစုအကြီးအကဲများမှာ လယ်မြေများစွာ ပိုင်သူများ ဖြစ်သည်နှင့်အညီ လူချမ်းသာကြီးများဖြစ်၍ သြဇာတိက္ကမနှင့် ပြည့်စုံကြ၏။ ကျန်လူ အပေါင်း တို့မှာ လူဆင်းရဲသော်ငှင်း၊ လယ်လုပ်နေရသောလုပ်သားသော်ငှင်းသာ ဖြစ်ကြရ လေသည်။ ယင်းသို့စီးပွါးရေး၊ ဆက်ဆံရေး မမျှတသဖြင့် မျှတသော အစီအမံကို လိုအပ်၏။ သို့မှသာ နိုင်ငံတော်၏ အခြေကို ခိုင်ခံ့အောင် ပြုရာရောက်ပေမည်။ ထိုမျှတသော အစီအမံကို "တိုင်းက-ပြုပြင်ရေး"[၁၀] ၌ တွေ့ရမည် ဖြစ်သည်။

ရှိုတိုကု-တိုင်းရှိ[၁၁] ။ ။ဂျင်မု တင်နေ့ာဘုရင်မှ သုံးဆယ့် သုံးဆက်မြောက် ဆုအိကောတင်နော[၁၂]ဘုရ င်လက်ထက်ဝယ်မင်းသားကြီး ရှိုတိုကု-တိုင်းရှိ (အေ၊ ဒီ ၅၇၃-၆၂၁)သည် နိုင်ငံတော်နှင့် ဂျပန်အမျိုးသားများ ကြီးပွါး တိုးတက်မှုတို့ကို များစွာ ဆောင်ရွက်ခဲ့ပေသည်။ ထိုအခါ တရုပ်နိုင်ငံ၌ဆူမင်းဆက်များ ထွန်းကားသောအချိန်နှင့် တပြိုင်တည်း ဖြစ်၏။မင်းသားကြီး ရှိုတိုကုသည် ဗုဒ္ဓသာသနာကို ယုံကြည်၏။ တရုပ်နိုင်ငံသို့ ဘုန်းတော်ကြီးများနှင့်ပညာတော်သင်များကို စတင် စေလွှတ်၏။ ထိုသို့ စေလွှတ်ခြင်းအကြောင်းရင်းမှာ တရုပ်နိုင်ငံရှိ ဗုဒ္ဓသာသနာနှင့် တကွ တိုးတက်နေသော တရုပ် ယဉ်ကျေးမှုအသစ် အဆန်းများကိုလေ့လာစေ၍ ဂျပန်နိုင်ငံ၌ ဖြည့်စွက်စေလိုခြင်းကြောင့်ပင် ဖြစ်၏။

---

၁၀ *Taika Reform* ၁၁ *Shotoku Taishi* ၁၂ *Suiko Tenno*

ဂျပန်ပြည်ရှိကြေးဆင်းတုတော်ကြီး

တိုင်းက ပြုပြင်ရေး (အေဒီ ၆၄၆)။ ။ရှိတိုကု-တိုင်းရှိ နတ်ပြည် စံလွန်ပြီးသည့်နောက် ဂျပန် နိုင်ငံသို့ ပညာတော်သင်များ ပြန်လည် ရောက်ရှိ လာသောအခါ ဂျပန် နိုင်ငံ၌ လူချမ်းသာနှင့် ဆင်းရဲသား အတန်းအစားချင်း အလွန်ကွာခြားနေလျှင် လူမျိုး မကြီးပွါးနိုင် ကြောင်းကို ပညာတော် သင်များသည် ဘုရင်ထံ သံတော်ဦး တင် ကြလေ၏။ဖူဂျီဝါရ[၁၃]ဆွေမျိုးစုမှဖြစ်သော ကာမတာရိ[၁၄]နှင့် တရုပ် နိုင်ငံမှ ပြန်လာ သော ပညာရှိကြီး နှစ်ဦးသည် အညီ အညွတ် တိုင်ပင်ကြကာ နိုင်ငံတော် အုပ်ချုပ်ရေးကို တဖြည်းဖြည်း အသစ် တဖန် ပြုပြင် ကြ၏။ ထိုပြုပြင်ရေးကို "တိုင်းက ပြုပြင်ရေး" ဟု မော်ကွန်း တင်ခဲ့ပေသည်။ ရှေးဦးစွာ အုပ်ချုပ်ရေးတွင် ဘုရင် သည် အမတ်ကြီး သုံးဦးကိုသာ အသစ်ခန့် ထားပေ၏။ ထို့နောက် နိုင်ငံတွင်းရှိ ဆွေမျိုးစု အကြီးအကဲတိုင်းအား ဘုရင့်သစ္စာတော်ကို ရှိသေကျိုးနွံရန် ကျမ်းကျိန်စာ ဆိုစေ၏။ ထို့နောက် ယာမာတို နိုင်ငံသို့ ပူးပေါင်းပြီးခါစ ဖြစ်သောဟွန်ရှူးကျွန်းကြီး၏အရှေ့ဖက် တလွှားတွင် ဘုရင်ခံ ရှစ်ဦးကို ခန့်ထားကာ အုပ်ချုပ် စေ၏။ ထို့ နောက် တဖြည်းဖြည်း ဆွေမျိုးစု အကြီးအကဲများ လက်တွင် ရှိသော မြေယာများကို ဖျက်သိမ်း၍ အများပြည်သူတို့အား ခွဲဝေ ပေးလေသည်။ ဤနည်းအားဖြင့် ဆွေမျိုးစု အကြီး အကဲများ၏ တန်ခိုး အာဏာသည် မှေးမှိန်၍ ဘုရင် မင်းမြတ်၏ တန်ခိုးအာဏာ မှာ တိုးတက် လာပြီးလျှင် နိုင်ငံ၏ စီးပွါးရေးမှာလည်း အသင့် အတင့် မျှတ ညီညွတ် လာလေသည်။

နာရခေတ်[၁၅]။ ။ကာမတာရိ၏ သားတော်ဖူဂျီဝါရဖူဗိတို[၁၆]သည်

---

၁၃ *Fujiwara* ၁၄ *Kamatari* ၁၅ *Nara*
၁၆ *Fujiwara Fubito*

ကြီးကျယ် ခမ်းနားသော နေပြည်တော်ကို နာရအရပ်၌ စတင်တည်ထောင်၏။ ဂျပန် နိုင်ငံတွင် နာရ နေပြည်တော်ကြီးသည် လက်မှန် အစ ကြီးကျယ်အခမ်းနားဆုံး တည်ထား ခဲ့သော မြို့တော်ဖြစ်လေသည်။ တည်သည့် နေ့မှ စ၍ နှစ်ပေါင်း (၇၀) တိုင်တိုင် ဂျပန် နိုင်ငံ၏ နေပြည်တော်ကြီး အဖြစ်ဖြင့် စည်ပင် သာယာစွာ ထွန်းကား ခဲ့ပေသည်။ နာရ နေပြည်တော် တည်သည်မှ စ၍ ဂျပန်တို့ တဆင့် တိုး၍ ကြီးပွါးသောကြောင့် ထိုခေတ်ကို နာရခေတ်ဟု ခေါ်တွင်လေသည်။

နာရခေတ်၌ မင်းသား တိုနေရိ[၁၇]သည် ဖူဂျီဝါရဖူဗိတို၏အကူအညီဖြင့် ဂျပန် သမိုင်းကို ကမ္ဘာဦးမှ စ၍ ရေးသား ပြုစုပေသည်။ ခမ္ဘသတ် ကျမ်းသစ်များကို ပြဋ္ဌာန်းပေ၏။ ဘုရင် မင်းမြတ်သည် ဘုန်းကြီး ကျောင်းများကို ဆောက်လုပ် လှူဒါန်း၏။ ဆွမ်း ကွမ်း လုံလောက် စေရန် လယ်မြေများကိုလည်း လှူဒါန်း၏။ ဂျင်မုတင်နောမှ လေးဆယ့်ငါးဆက် မြောက်သော ရှောမုတင်နော[၁၈] (၇၂၄-၇၃၉) မင်းလက်ထက်၌ ဗုဒ္ဓ သာသနာကို လွန်စွာ ချီးမြှောက်၏။ နေပြည်တော်မှ စ၍ နယ်အသီးသီး၌ ဘုန်းကြီးကျောင်းများ၊ သီလရှင် စရပ်များကို အမြောက်အမြား ဆောက်လုပ် လှူဒါန်း၏။ ထိုကျောင်းပေါင်း များစွာကို အုပ်ချုပ်သော သာသနာပိုင် ဆရာတော်ကြီး၏ ကျောင်းကြီးကိုလည်း နာရ နေပြည်တော်၌ ဆောက်လုပ်၏။ ဤကျောင်းတော်ကြီးတွင် မြတ်စွာ ဘုရား၏ ရုပ်တုတော်ကြီး တဆူကို တည်ထား ကိုးကွယ်၏။ နာရ နေပြည်တော်၌ မိဖုရားကြီးမှ အစ မင်းမှုထမ်းနှင့် သူဌေးသူကြွယ် များသည် တန်ဆောင်း စရပ်များကို မြောက်မြားစွာ ဆောက်လုပ် လှူဒါန်း ကြပေသည်။ စေတီ အဆူဆူကို လည်း တည်ကြ၏။

---

၁၇ *Toneri* ၁၈ *Shomu Tenno*

အာမူမြစ်
ယေဇို
မွန်ဂိုလီယား
ပီကင်မြို့
ဟွန်ရှူး
တိုကျို
ကျိုတို
ဖူဂျီယာမ
နာရ
ရှိကိုကု
ကျူရှူး
ကိုရီးယားကျွန်းဆွယ်
တရုပ်နိုင်ငံ
ဟန်ကော
နန်ကင်မြို့
ယန်စီမြစ်
ဖော်မိုဆား
ကန်တုံမြို့
ဖိလစ်ပိုင်ကျွန်းများ

ဂျပန်နိုင်ငံ

နာရ နေပြည်တော်ကြီးသည် ထိုမင်း လက်ထက်၌ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ရှိ ပုဂံနိုင်ငံ ထွန်းကားစဉ်ကကဲ့သို့ပင် ဂူ၊ ကျောင်း၊ စရပ်၊ ပြာသာဒ်၊ တန်ဆောင်းတို့ဖြင့် အလွန် ကျက်သရေ ရှိပေ၏။ နန်းတော် အဆောင်ဆောင် အစိုးရရုံးတော်၊ အသီးသီး၊ အရာထမ်း အမှုထမ်း များနေသော ဝင်းတော်၊ အိမ်တော်၊ စားနပ်ရိက္ခာမှအစ ကုန်အမျိုးမျိုးကို သိုလှောင်ရာ ရုံးများ၊ ကျီကြများဖြင့်လည်း အလွန် စည်ကား တင့်တယ် ပေသည်။

ရောင်းဝယ်ရေး။ ။နာရ ခေတ်သည် တရုပ် နိုင်ငံတွင် 'တင်' မင်းဆက်များ အုပ်ချုပ်သော ခေတ်နှင့် တချိန်တည်း ဖြစ်၏။ ထိုခေတ်၌ ဂျပန်နိုင်ငံနှင့် တရုပ်နိုင်ငံတို့သည် သံတမန်ချင်း လဲလှယ် စေလွှတ်ကာ အကြည်တော် အချင်းချင်း မေတ္တာ မြဲမြံ ကြလေသည်။ တရုပ်နိုင်ငံသည် ထိုစဉ် အခါ၌ အိန္ဒိယနိုင်ငံ အီရန်နိုင်ငံတို့နှင့် ဆက်သွယ်မိပြီ ဖြစ်သောကြောင့် အိန္ဒိယနှင့် အီရန် ကုန်သည်တို့သည် အိန္ဒိယနှင့် အီရန်နိုင်ငံတို့မှ ထွက်သော ပစ္စည်း အမျိုးမျိုးကို တရုပ်နိုင်ငံသို့ ယူဆောင် လာကာ ရောင်းချကြ၏။ အီရန်နှင့် အိန္ဒိယတို့သည်လည်း အနောက် နိုင်ငံများနှင့် ဆက်သွယ် နေပြီ ဖြစ်၍ အနောက် နိုင်ငံမှ ထွက်ကုန်များလည်း ထိုကုန်သည်များနှင့် အတူ တရုပ်နိုင်ငံသို့ ရောက်ရှိ လာပြီးလျှင် တရုပ်နိုင်ငံမှ တဆင့် ဂျပန်ကျွန်းသို့ ရောက်ကြပြန်၏။

နိုင်ငံတွင်းလုပ်ငန်း။ ။နိုင်ငံခြားသား များနှင့် ရောင်းဝယ် ဆက်ဆံကြသောကြောင့် ဂျပန်တို့သည် နိုင်ငံထွက်ကုန်စည် ပစ္စည်းများကို တွင်တွင် ကျယ်ကျယ် လုပ်ကိုင်ကြပေသည်။ နယ်တိုင်း၌ မိမိတို့ တတ်ကျွမ်းသော ကုန်ပစ္စည်းများကို လုပ်ကြ၏။ နာရ နေပြည်

တော်၏ အရှေ့ပြင်နှင့် အနောက်ပြင် များတွင် အစိုးရပိုင် ဈေးရုံကြီး နှစ်ရုံကို ဆောက်လုပ်ထား၏။ ဤဈေးရုံကြီး နှစ်ရုံတွင် ဂျပန်ထွက် အထည်အလိပ်၊ ဆေးဝါး အမျိုးမျိုး၊ နံ့သာတုံး၊ ထင်း၊ စာရေးစရာ စုတ်တံ၊ စက္ကူ၊ သစ်အမျိုးစုံ၊ ဟင်းသီး ဟင်းရွက်၊ အရက်၊ ဆား၊ သကြား၊ ဆန်၊ ဂျုံ၊ ပဲ စသော ကုန်များကို ရောင်းချကြ၏။ ထွက်သမျှ ကုန်စည် များလည်း တွင်တွင် ကျယ်ကျယ် ရောင်းရပေသည်။ ထို့ကြောင့် နိုင်ငံတွင်း လုပ်ငန်းများသည် ထွန်းကားလာလေသည်။ ကုန်ပစ္စည်း အမျိုးမျိုးကိုလည်း ခွဲထွင် လုပ်ကိုင်ကြသည်။ ဤဈေးရုံများတွင် ငွေဒင်္ဂါးနှင့် ကြေးပြား များကို စတင်သုံးစွဲကြ၏။ နယ်များတွင်လည်း ဈေးရုံများကို ဆောက်လုပ်ကာ ရောင်းဝယ်ကြ၏။

တက္ကသိုလ်။ ။နာရနေပြည်တော်၌ တက္ကသိုလ်ကြီး တခုကို စတင်တည်ထောင်၏။ နယ်များတွင်လည်း တက္ကသိုလ် ကလေးများကို ဆောက်လုပ်၏။ တက္ကသိုလ် များတွင် အုပ်ချုပ်ရေး ပညာများကို ရာထမ်း မှုထမ်းများအား တက်ရောက် သင်ကြား စေ၏။ အုပ်ချုပ်ပုံ နည်းလမ်းများကိုလက်တွေ့ သင်ကြား ပေး၏။ အချို့နယ်များရှိ တက္ကသိုလ် များသည် မိမိတို့ နယ်နှင့် သက်ဆိုင်သော ပုံပြင်များ သမိုင်းများကို စုဆောင်း၍ မှတ်တမ်း တင်ကြ၏။ မှတ်တမ်းများကို နေပြည်တော်သို့ ဆက်သကြလေသည်။

နန်းတော်သုံး အဆောင်အယောင်။ ။ဂျပန် တို့သည် နာရခေတ်ကတည်းကပင် လက်မှု ပညာ၌ အခြားနိုင်ငံ များတွင် ဖြစ်မြောက်သရွေ့ ဟူသမျှကို မိမိတို့ နိုင်ငံ၌လည်း ဖြစ်မြောက်အောင် လုပ်ကိုင်ဆောင်ရွက်ကြသည်။ အလွန်လှပစွာပြုလုပ်ထားသော ဇျပ်စောင်း

များ၊တောသုံ တောင်ပုံ ရုပ်ပုံများဖြင့် ခြယ်လှယ်ထားသော တင်းတိမ် အမျိုးမျိုး၊ ကော်ဇော အမျိုးမျိုး၊ ပန်းကွက်ဖော် ထားသည့် သေတ္တာများ၊ ဖန်ထည်များသည် နန်းတော်တွင်းရှိ အဆောင်များ၌ ခင်းကျင်း ထားသော ပစ္စည်းများ ဖြစ်ခဲ့ပေသည်။

ကောင်းမှုတော်။ ။ဂျင်မု-တင်နော့မှ လေးဆယ့် ငါးဆက်မြောက် ဘုရင်၏မိဖုရားကြီးသည် နိုင်ငံသူနိုင်ငံသားတို့အတွက် အကျိုး ဖြစ်ထွန်းစေရန် များစွာဆောင်ရွက်ခဲ့ လေသည်။ လူနာများ အတွက် ဆေးရုံများကို ဖွင့်လှစ်၏။ ဆေးအမျိုးမျိုး ကိုလည်း လှူဒါန်း၏။ မရှိ ဆင်းရဲသူများအား ကြေးငွေထောက်ပံ့ ပေးကမ်း၏။ အကယ်၍ ငတ်မွတ်ခြင်း ဘေးသည် နိုင်ငံတွင်း၌ ဆိုက်ရောက် ပါက နိုင်ငံသူ နိုင်ငံသားများ ဝပြောစေရန် အစား အသောက် များကို ကုန်လှောင်ရုံကြီးများဆောက်လုပ်ကာအမြဲသိုလှောင် ထားပေသည်။

ဟိုင်းအန်-ခေတ်[၁၉]**။** ။နာရခေတ်၌ ဂျပန် တို့သည် နိုင်ငံခြားများနှင့် စတင် ဆက်သွယ်မိပြီ ဖြစ်၍ တိုးတက် ကြီးပွါး လာ၏။ ဘုန်းတော်ကြီး များလည်း တန်ခိုးကြီးမား လာ၍ အလဇ္ဇီရဟန်းများ လည်း ပေါများလာသည်။အချို့သြဇာအာဏာကြီးမား လာသော ဘုန်းတော်ကြီး များသည် ထီးနန်းကိုပင် လုရန် ကြံစည်ကြ၏။ ထို့ကြောင့် နိုင်ငံရေး ရှင်းလင်းခိုင်မြဲစေရန် ဘုရင်များသည် နေပြည်တော်ကို ဘုန်းတော်ကြီးများ၏ အနှောင့် အယှက် ကင်းရာ အရပ်သို့ ရွှေ့ရ၏။ရှေးဦးစွာ နာဂါအိုကာ[၂၀] အရပ်သို့ ရွှေ့၏။ နာဂါအိုကာမှ တဖန် အေ၊ ဒီ ၇၉၄ တွင် ဟိုင်းအန်ကျို[၂၁] အရပ်သို့ ရွှေ့ပြောင်း၏။ ဟိုင်းအန်ကျို အရပ်သည် ကျိုတိုဟု ယခုအခါ အမည် တွင်သော

၁၉ *Heian* ၂၀ *Nagaoka* ၂၁ *Heian-Kyo*

အရပ် ဖြစ်၏။ ဟိုင်းအန်ကျို ဆိုသည်မှာ ဂျပန် သမိုင်းအရ ခေါ်သော အမည်ဖြစ်၍ မြန်မာဘာသာအားဖြင့် အေးချမ်း ငြိမ်သက်သော နေပြည်တော်ဟု• အဓိပ္ပါယ် ရလေသည်။ ဟိုင်းအန်ကျို တည်ပြီးသည်နောက် ဂျပန်တို့သည် နာရခေတ်ထက်ပင် ကြီးပွါးလာ၏။ ဘုရင်နှင့် တကွ ရာထမ်း မှုထမ်းတို့၏ နေရေး ထိုင်ရေးသည် အဆင့်အတန်း မြင့်လာလေ၏။ လူကုံထံများလည်း ခမ်းခမ်းနားနား နေထိုင်ကြ၏။ ဟိုင်းအန်ခေတ်သည် နှစ်ပေါင်း လေးရာခန့် ထွန်းကားလေသည်။

ဟိုင်းအန်ခေတ်အခြေအနေ။ ။ဟိုင်းအန် ခေတ်တွင် နန်းတွင်းသူများသည် အဖိုး ကြီးစွာပေး၍ ဝယ်ယူရသော အရောင် မျိုးစုံဖြင့် ရက်လုပ်ထားသည့် အဝတ်များကို ဝတ်ဆင်ကြသည်။ အီရန်နိုင်ငံထွက်နံ့သာဆီများဖြင့် အဝတ်အစားများကိုဆွတ်ဖျန်းကြ၏။ ဝတ်ကောင်းစားလှဝတ်ခြင်းသည် ဟိုင်းအန် နန်းတွင်းသူတို့၏ နေ့စဉ်အလုပ်ဖြစ်၏။ အဝတ်အစားများဝတ်ရာ၌လည်း အဆင်အသွေး ပြေပြစ်အောင် ရွေးချယ် ဝတ်ခြင်ကြပေသည်။ နန်းတွင်းသူများသည် တနေ့တနေ့လျှင် အလုပ်ပြုခြင်းဖြင့် အချိန်ကုန်၏။ ကျွန်ုပ်တို့ခေတ် မိန်းကလေးများကဲ့သို့ပင် ဟိုင်းအန်ခေတ်မှ နန်းတွင်းသူများသည် မျက်ခုံးမွေးများကို ညှိလျက် ဆွဲလျက် နှုတ်ခမ်းနီ ပါးနီများကို ဆိုးလျက် အချိန်ဖြုန်းကြ၏။ နှင်းငွေ့ တဝေဝေနှင့် ချမ်းအေးလှသော ညများ၌ပင် နန်းတွင်းသူများသည် မွန်ဂိုလီးယားမှ မှာယူရသော အညိုရောင် ဝတ်လုံထူကြီးများကို နံ့သာဆီ ကြိုင်နေအောင် ဆွတ်ဖျန်းလျက် ဝတ်ဆင်ကြ၏။ ဝတ်ဆင်ကြပြီးသော် ယွန်းထည်ဖြင့် ပြုလုပ်ထားသော လှည်းယာဉ်များကို စီးကာ အပျင်းပြေ အလည် ထွက်တက်ကြသည်။ အညိုရောင် ဝတ်လုံထူ

များမှာ ခေတ်စားလှသဖြင့် ဘုရင်မင်းမြတ်ကပင် မင်းမျိုးမင်းနွယ်များသာ ဝတ်လုံညိုများကို ဝတ်ဆင်ရမည်ဟု အမိန့်တော် ထုတ်ရလေသည်။

မှူးရိုးမတ်ရာတို့ အပိုင်း၌လည်း သိမ်မွေ့ကြ၏။ မှူးမတ်သားပျို၊ သမီးပျိုများသည် ချစ်ရေး သွယ်ကြရာ၌ အလွန် ယဉ်ကျေး၏။ မွေးကြိုင်အောင် ပြုလုပ်ထားသော မှာတမ်းများကို ကဗျာများဖွဲ့နွဲ့ ရေးသားကာ ဆီးပင်ပျို၏ အကိုင်းတွင် ချိတ်ဆွဲ၍ အချင်းချင်း စာပေးစာယူ ပြုကြ၏။ လသာသော ညများတွင် လူကုံထံနှင့် မင်းစိုးများသည် မြစ်များ ကန်များအတွင်း၌ လှေများကို ဖြည်းဖြည်း ညှင်းညှင်း လှော်ခတ်ကြကာ လှေပေါ်၌ တူရိယာများကို တီးမှုတ်ကြကာ စည်းစိမ်ခံကြ၏။ အားလပ်သော အချိန်များ၌လည်း မှူးကြီးမတ်ကြီးများသည် ကဗျာစပ်ဆို ပြိုင်ဆိုင်ကြကာ စစ်တုရင် ထိုးကာ ကြွေအန် ကစားကာဖြင့် အပျင်းဖြေကြ၏။ ကျန်းမာရန် အတွက်လည်း ယောကျ်ားများသည် ဂူလီရိုက်ခြင်း၊ သိမ်းငှက်ဖမ်းခြင်းစသောကိုယ်အင်္ဂါလှုပ်ရှားခြင်းကို ပြုလုပ်ကြ၏။

ဟိုင်းအန် ခေတ်မှ အထက်တန်းစားများသည် အဖက်ဖက်၌ပင် ဝင့်ဝင့် ဝါဝါ နေကြပေ၏။ ဂျပန် စာပေလည်း စကားပြေ လင်္ကာနှစ်မျိုးစလုံး၌ တိုးတက်ပေ၏။ အထူးသဖြင့် ကဗျာ အရေးအသား၌ အလွန်အကျူး တိုးတက်လေသည်။ အမျိုးသမီးစာဆိုများလည်း အများအပြား ပေါ်ပေါက်လာ၏။ အချို့ အမျိုးသမီးစာဆိုများ ပြုစုခဲ့သော စာများသည် ကမ္ဘာကျော်လောက်အောင်ပင် ကောင်းမွန်၏။ လောက အကြောင်းကိုလည်း ရေရေ လည်လည် ရေးခဲ့ကြပေသည်။ ဟိုင်းအန် ခေတ်၌ပင် ဂျပန်သမိုင်းကြီး ခြောက်စောင်တိတိ ပြုစုခဲ့ပေသည်။ နောက်ဆုံး ပြုစုခဲ့သော ဂျပန်သမိုင်း၌ အတွဲပေါင်း (၅၀) ပါဝင်လေသည်။

မြောက်ဖက်သို့။ ။ဟိုင်းအန် ခေတ်၌ ဂျပန်တို့သည် ကျွန်းကြီး သုံးကျွန်းလုံးကို စိုးမိုးပြီးသော်လည်း မြောက်ဖက်ဆုံး ဖြစ်သော ယေးဇိုးကျွန်းကိုမူ မပူးပေါင်းရသေးချေ။ ယေးဇိုးကျွန်း၌နေသော သူများသည် ဂျပန်တို့ကဲ့သို့ တိုးတက်ခြင်းမရှိ။ ရှေးရိုး အတိုင်း ပင် နေထိုင်ကြ၏။ ဂျပန်ဘုရင်သည်လည်း ဂျပန်ကျွန်း အားလုံး ကို တပေါင်းတည်း စုရုံးမိစေရန် စစ်သူကြီးများကို စေလွှတ်ကာ ယေးဇိုးကျွန်းကို သိမ်းပိုက်စေ၏။ ယေးဇိုးကျွန်းကို ပူးပေါင်းပြီး နောက် ထိုကျွန်းမှ လူများကို ဟိုင်းအန်ကျိုသို့ ခေါ်ယူခဲ့ကာ ခေတ်မှီ ယဉ်ကျေးမှုများကို လက်တွေ့ သင်ကြား ပေးပေသည်။ ယေးဇိုးကို အောင်မြင်သော စစ်သူကြီးများအား ဘုရင်မင်းမြတ် သည် ထိုကျွန်းရှိ နယ်သစ် ပယ်သစ်များကို အပိုင်စား ပေးသနား တော်မူ၏။ ဤနည်းဖြင့် မြေပိုင်ရှင် စစ်သူကြီးများ ပေါ်ပေါက် လာလေသည်။

ဟိုင်းအန်ခေတ်နိဂုံး။ ။ဟိုင်းအန် မှူးကြီး မတ်ကြီးများနှင့် လူ ကုံထံများသည် ယခုဘဝ၌ စည်းစိမ်ဖြင့် ငြိမ်းငြိမ်းချမ်းချမ်း နေရ သောကြောင့် နောင်ဘဝ၌လည်း ဤသို့ပင် နေထိုင်လိုကြ၏။ တရုပ် နိုင်ငံမှ ပြန်လာသော ဘုန်းတော်ကြီးနှစ်ပါးသည် ဗုဒ္ဓသာသနာနှင့် ရောပြွမ်း၍ ပါလာသော ဆေးဝါး မန္တန် ဂါထာ အင်းအိုင် ခလဲ့• လက်ဖွဲ့များကို လူကုံထံအထက်တန်းစားများအား သင်ပေးပေ၏။ မင်းစိုးရာဇာ လူကုံထံများသည် ယုံကြည်လေးစား ကြသဖြင့် ဂါထာ မန္တန်များကို လိုက်စားကြလေသည်။

အခန်း ၂၁

အာရှအရှေ့တောင်ဖက်နိုင်ငံများ၏ မူလအစ

ကမ္ဘာ့သမိုင်းကို အသေအချာ လေ့လာစစ်ဆေး ကြည့်ရှုလျှင် ပန်းရုံကြီးနှင့် အလွန်တူ၏။ ပန်းရုံကြီးတွင် ပန်းပွင့်များသည် အချို့မနေရာ၌ လန်းလန်း ဆန်းဆန်း ပွင့်လျက်၊ အချို့ နေရာ၌ ဖူးလျက် ငုံလျက်၊ အချို့ နေရာ၌၍အညွန့်များ နွာမောင်းများ လိပ်လျက် ခွေလျက် နေသည်ကို အသီးသီး တွေ့မြင်ရလိမ့်မည်။ ကမ္ဘာ့သမိုင်းတွင်လည်း လူမျိုးအချို့သည် ခမ်းခမ်းနားနား တိုးတက်ယဉ်ကျေးလျက် အချို့လည်း ယဉ်ကျေးမည့် ဆဲဆဲ၊ အချို့လည်း လောကအကြောင်းကို မသိနားမလည် ဘာသာ ဘာဝ လုပ်ကိုင် စားသောက်လျက် တချိန်တည်းပင် နေရာ ဒေသအသီးသီး၌ ထွန်းပေါ်ကြ၏။ ပန်းပွင့် များသည် အစွမ်းကုန် ပွင့်ပြီးလျှင် ညှိုးနွမ်းသွားသကဲ့သို့ ရှေးအီဂျစ်၊ ဘေဘီလုံ၊ အဆီရီယား၊ အီရန်၊ ဂရိနှင့် ရောမတို့သည် ညှိုးနွမ်း မှေးမှိန် သွား၏။ ထိုပန်းပွင့်များ ညှိုးသွားသော အခါ ပန်းငုံပန်းဖူးကလေးများသည်ပွင့်လာသကဲ့သို့ လူမျိုးဟောင်းများ ခေတ်မှိန် သွားသော အခါ လူမျိုးသစ်များ ထွန်းကားလာပေ၏။ အာရှအရှေ့ တောင်ဖက်နယ် များတွင်လည်း ဖူးငုံကာစ ပန်းကလေးများ သဖွယ် မွန်ဂိုသွေး ဖြစ်သော လူမျိုးများသည် စတင် နေထိုင် ကြ၏။ ဥရောပ တိုက် အလယ်ပိုင်းနှင့် ကမ္ဘာကြီး၏ ချောင်ကျသော ကျွန်းငယ် များတွင်လည်း အညွန့် နွာမောင်းများနှင့် တူသော လူတို့သည် ဘာသာ ဘာဝ နေထိုင် ကြ၏။

တနေ့တွင် ထိုလူတို့လည်း ကြီးပွါး ထွန်းကား လာပေဦးမည်မှာ မလွဲတည်း။

ကန်ဆူ။ ။အာရှတိုက် အ်လယ်ပိုင်း ကန်ဆူ အမည်ရှိသော အရပ်တွင် သုတေသန ပညာကျော်တို့၏ အလိုအားဖြင့် နောင် တိဘက် လူမျိုးနှင့် မြန်မာလူမျိုးများ ဖြစ်မည့် မွန်ဂိုသွေးများသည် ရှေးက နေထိုင် ခဲ့ကြ၏။ ထိုလူမျိုးများသည် ယဉ်ကျေးခါစ လူများကဲ့သို့ မြေအိုး မြေခွက်များကို ကောင်းမွန် သေသပ်စွာ ဖုတ်တတ်၏။ ကြေးနီများကို ဓား လှံ လက်နက် ပြုလုပ် ကိုင်ဆောင် ကြ၏။ ပျားလဘို့ သဏ္ဍာန် ရှိသော တွင်းကြီးများကို တူးကာ မြေတွင်း အောင်းကြ၏။ သိုးများ၊ ဆိတ်များကို မွေးကြ၏။ ဆိတ်နို့ကို သောက်ကြ၏။ ကန်ဆူတွင် နေသော လူတို့ ဆေးရေး ထားသော အိုးများ ခွက်များ၏ လက်ရာကို ထိုခေတ်တွင် ပေါ်ပေါက် နေထိုင် ကြသော ကမ္ဘာပေါ်ရှိ ဘယ်လူမျိုးမျှ တုပြိုင်၍ မမှီကြပေ။ ကြေးနီနှင့် သံများကိုလည်း ကန်ဆူမှ တဆင့် တရုပ်တို့သည် ဝယ်ယူ သုံးစွဲကြရ၏။

တရုပ်တို့သည် နွားနှင့် ဝက်ကို မွေးမြူကြ၏။ ကန်ဆူ အရပ်၌ နေသော သူတို့၏ သိုးများ၊ ဆိတ်များ စားသောက် သွားသော စားကျက် များတွင် တရုပ်တို့သည် နွားများကို ဆက်လက်၍ မထိန်း နိုင်ကြချေ။ ထိုကြောင့် တရုပ်တို့နှင့် ကန်ဆူနေ လူတို့သည် မကြာခဏ ခိုက်ရန် ဖြစ်ပွါး ကြ၏။နှစ်ပေါင်း ရင့်ညောင်း လာသော အခါ တရုပ်တို့သည် မြို့နှင့် နန်းနှင့် ယဉ်ကျေးလာသော်လည်း ကန်ဆူနေ လူတို့သည် ရှေးကကဲ့သို့ပင် ရိုးရိုး နေထိုင်ကြလျက်ပင် ရှိသေး၏။ တရုပ်နိုင်ငံ ချောင်မင်းများ လက်ထက်သို့ ရောက်သော အခါ တရုပ်တို့သည် ကန်ဆူ၌ နေထိုင်သူတို့အား အမြောက်အမြား သွား

ရောက် ဖမ်းယူကာ တရုပ်နိုင်ငံတွင် ယဇ်ပူဇော် ကြလေသည်။ တရုပ်တို့သည် ကန်ဆူ အရပ်၌ နေသော လူတို့ကို "ချယိုင်း" ဟု အမည်ပေး၏။ "ချယိုင်း" ဆိုသည်မှာ တရုပ်ဘာသာ ဖြင့်၍ သိုးထိန်း၊ ဆိတ်ထိန်းဟု အဓိပ္ပါယ် ရလေသည်။

ဟန်မင်းများ လက်ထက်တွင် တရုပ်တို့သည် ချယိုင်းတို့အား ရံဖန်ရံခါ ထွက်ရောက် တိုက်ခိုက်၏။ ဝူတီဘုရင်သည် ချယိုင်းတို့ အား အကြီးအကျယ် နှိမ်နင်းလေသည်။ ချယိုင်းတို့သည် ထိုစဉ် အခါ၌ လမ်းနှစ်မျိုးကိုသာ ရွေးချယ်ရန် ရှိ၏။ တလမ်းမှာ တရုပ် တို့၏ လက်အောက်သို့ ဝင်၍ ယဉ်ကျေးစွာ နေထိုင်ရန်နှင့် တလမ်း မှာ နေရာထိုင်ခင်း အသစ်များကို ရှာဖွေ၍ လွတ်လပ်စွာ နေထိုင် ရန် ဖြစ်၏။ ချယိုင်းတို့သည် လွတ်လပ်ရေးကို ရွေးချယ်ကြ၏။ ကန်ဆူ၏ အနောက် အရပ် ဒေသများသို့ သိုးအုပ်၊ ဆိတ်အုပ်များ ကို ရွှေ့ကာ ပြောင်းကာ သွားရောက် နေထိုင်ကြ၏။ ဟန်မင်းများ လည်း ထိုနေရာများသို့ပင် လိုက်လံ တိုက်ခိုက် ကြပြန်၏။ ချယိုင်း တို့သည် တဖန် တောင်ဖက်သို့ သဲကန္တာရများကို ပင်ပန်းကြီးစွာ ဖြတ်သန်း၍၎င်း၊ တောင်ကြီးများကို ကျော်တက်၍၎င်း ရှိမြောင်း ကြီးများသို့ ဝင်ရောက်သွား လာ၍၎င်း၊ တရွေ့ရွေ့ တစိမ့်စိမ့် ပြောင်းလဲ နေထိုင် ကြရ၏။ သိုးအုပ်၊ ဆိတ်အုပ်များလည်း လမ်း တွင်ပင် တဖြည်းဖြည်း ယုတ်လျော့ သွား၏။ လူတို့လည်း တဖြည်း ဖြည်း သေပျောက် ကြ၏။ အချို့လည်း လမ်းတွင်ပင် အိုးအိမ် ထူထောင် နေရစ်ကြ၏။ သားသမီးများလည်း ပွါးများ လာကြ၏။ အချို့လည်း နေရာထိုင်ခင်း ကောင်းရာ တွေ့လိမ့်နိုးနိုးနှင့် ရှေ့သို့ တိုး၍ တိုး၍ သွားကြ၏။ ထိုစဉ်အခါ၌ မြန်မာနိုင်ငံ၏ မြောက်ဖက် အရပ် ဒေသများတွင် ကျား၊ ဆင်၊ ကြံ့စသော သားရဲ တိရစ္ဆာန် တို့သည် အလွန်ပေါ များသောကြောင့် ချယိုင်းတို့သည် ဘေးဒုက္ခ

အပေါင်းတို့ကို ခုခံ နှိပ်နင်း ကြရ၏။ အဖျား အနာ ရောဂါများလည်း စွဲကပ်ကာ သေပျောက် ကြ၏။ မြန်မာနိုင်ငံ၏ မြောက်ဖက်သို့ရောက်သော အခါ ချယိုင်း အချို့သည် အနောက်ဖက်သို့ လမ်းခွဲသွား ကြ၏။ အချို့မူ တောင်ဖက်သို့ ဆင်းကြ၏။

တိဘက်။ ။အနောက်ဖက်သို့ လမ်းခွဲသွားကြသူများသည် တဖြည်းဖြည်း ဟိမဝန္တာ တောင်တန်းကြီး၏မြောက်ဖက် ကုန်းမြေမြင့်သို့ ရောက်ကြရာ နေရာထိုင်ခင်း ကောင်းမွန် သဖြင့် တဲငယ်များကို ထိုးကာ စွဲစွဲ မြဲမြဲ နေထိုင် ကြ၏။ ပါလာသော သိုးအနည်းငယ်၊ ဆိတ်အနည်းငယ်မျှကို ဆက်လက် မွေးမြူ ကြရာ သိုးအုပ်၊ ဆိတ်အုပ်များ တိုးပွါး လာပြန်၏။ ထိုနေရာသို့ ရောက်သော အခါ ချယိုင်းတို့သည် သူတို့ကိုယ်ကို သူတို့ "ဗုတ်ပါး" လူမျိုးဟု အမည်မှည့်ကြ၏။ သားရဲ တိရစ္ဆာန်တို့သည် ဗုတ်ပါးတို့အား ရံဖန် ရံခါ ရန်မူတတ်သောကြောင့် ဗုတ်ပါးတို့သည် သားရဲတိရစ္ဆာန် တို့ကို တောင်းပန် တိုးလျှိုးကာ ကိုးကွယ်ကြ၏။ ကာလ ကြာမြင့်သော အခါ အိန္ဒိယမှ လူများသည် ဟိမဝန္တာ မြောက်ဖက်တွင် လူတမျိုး ရှိသည်ဟု သိကြသောအခါ ဗုတ်ပါးတို့ကို သက္ကတ ဘာသာဖြင့် ဗောဋလူမျိုးဟု ခေါ်ဝေါ် ကြ၏။ ဗောဋမှ ရွေ့လျော၍ပြီးလျှင် ဘုတန်ဟုခေါ်ကြသည်။ သီရိဓမ္မာသောက မင်းကြီး လက်ထက်၌ ဗုတ်ပါးတို့သည် မြို့ရွာများကို မတည်သေးသော သိုးထိန်းဘဝ၌ပင် ရှိသေး၏။

နန်ချို။ ။ယခု ယိုးဒယားလူမျိုးဟု အမည် ထွင်သော မြန်မာနိုင်ငံတော်၏ နိုင်ငံနီးချင်း လူမျိုးများသည် သီရိဓမ္မာသောက မင်းကြီး အိန္ဒိယနိုင်ငံ၌ စိုးစံသော အချိန်လောက်တွင် မြန်မာ

အာရှအရှေ့တောင်ဘက်နိုင်ငံများ
မွန်ဂိုလီယား
တိဗက်
တရုတ်နိုင်ငံ
ဘူတန်
အိန္ဒိယ
နန်ချို
ယိုးဒယား
(ထိုင်း)
အင်းကော
ကမ္ဘောဇ
ပလ္လဝ
သီရိဝိဇယနိုင်ငံ
ဘိုနီယို
မလာယု
ဆုမတြား
ဂျာဗား
သီရိဝိဇယနိုင်ငံတော်

နိုင်ငံတော်၏ မြောက်ဖက် နန်ချိုအမည်တွင်သော နယ်၌ နေထိုင်ကြ၏။ ယိုးဒယား နိုင်ငံသို့ ဆင်းသက်၍ မနေကြသေးချေ။ ကျွန်ုပ်တို့ မြန်မာ နိုင်ငံ၌ ရှင်း၊ ယခု ယိုးဒယားနိုင်ငံ၌ရှင်း၊ မွန်ခမာ အမည်ရှိသော လူမျိုးသာ နေထိုင် ကြ၏။ ယိုးဒယား တို့သည် လယ်ယာလုပ်ကိုင် စားသောက် ကြ၏။မြင်းများကို အကြီးအကျယ် မွေးမြူကြ၏။ ပိုးစာပင်မှ **သစ်**သားကို လေး မြား ပြုလုပ်ကိုင်ဆောင်ကြ၏။ စစ်အတိုက် အခိုက်၌လည်း များစွာ ကျွမ်းကျင် ကြပေသည်။

တောင်ဖက်သို့ ဆင်းလာသော ချယိုင်းတို့သည် နန်ချို ပြည်သို့ ရောက်ကြ ကုန်၏။ နန်ချိုတွင် ယိုးဒယားတို့၏ အတတ်ပညာများကို လေ့လာ လိုက်စား တတ်မြောက်သော အခါ နန်ချိုတွင် လွတ်လပ်စွာ မနေရ မထိုင်ရသောကြောင့် တောင်ဖက်သို့ ပြောင်းရွှေ့ကြပြန်ရာ မြန်မာ နိုင်ငံတွင်းသို့ ရောက်လာကြ၏။ ချယိုင်းတို့သည် ရေဝတီ မြစ်ကြောင်းကို လိုက်၍ ဆင်းသက် နေထိုင် လာကြပြီးသော် ရေဝတီနှင့် ချင်းတွင်း မြစ်ဆုံသို့ ရောက်သော အခါ ချင်းတွင်း မြစ်ညာသို့ တက်ရောက် နေထိုင်ကြ ပြန်၏။ အချို့လည်း အာသံပြည်သို့ ရောက်ရှိ နေထိုင် ကြပေ၏။ ချင်းတွင်း မြစ်ညာတွင် ထိုအခါက ရွာသူ ရွာသားများသည် ဆင်ကို ဖမ်း၍ ယဉ်အောင် ကျင့်ကာ ဆင်များနှင့်လယ်ကိုထွန်ကြပေသည်။ စပါး၊ ပဲ၊ ပြောင်း၊ ပိန်းဥ၊ မြောက်ဥများကို စိုက်ပျိုးကာ စားသောက်ကြ၏။ ထိုစဉ်အခါကပင် ယောကျ်ား များသည် ထိုးကွင်းဒူးကျ ထိုးကြပေသည်။

မြန်မာ-ယိုးဒယား-အာနံ။ ။ချယိုင်းတို့ မြန်မာနိုင်ငံတော်မြောက်ပိုင်းတွင် နေကြသော အခါသည် တရုပ်နိုင်ငံ၌ ဟန်မင်းဆက်များ တန်ခိုး အာဏာ ညှိုးနွမ်းသော အခါနှင့် တခေတ်တည်း ဖြစ်၏။ မြန်မာနိုင်ငံ၊ယိုးဒယား နိုင်ငံနှင့် အာနံ နိုင်ငံတို့သည် ထိုစဉ် အခါက

တောကြီး မျက်မည်းမျှသာဖြစ်၏။ မွန်ခမာ ရွာကလေး များလည်း ဟိုတစု သည်တစုဖြင့် ပြောက်တိ ပြောက်ကျားသာ ရှိလေသည်။ တရုပ် နိုင်ငံကဲ့သို့ရင်း၊ အိန္ဒိယ နိုင်ငံကဲ့သို့ရင်း၊ လူနေအိမ်ခြေလည်း မများသေး၊ လူဦးရေလည်း မပေါသေးချေ။ ဖူးငုံစ လူမျိုး အဖြစ်ဖြင့်သာ ရှိသေး၏။

မာလာယု(ပသျှူး)ကျွန်းစုများ။ ။မာလာယုကျွန်းစုရှိ လူများလည်း ကျောက်ခေတ်မှ လူများလောက်သာ ယဉ်ကျေးသေး၏။ ထိုကျွန်းများတွင် စတင် နေထိုင်ကြသူ များသည် လူပု လူမည်းများဖြစ်၏။ ထိုသူများသည် လူရိုင်းသက်သက် များသာတည်း။အာရှတိုက်အလယ်ပိုင်းမှ လူများ ရောက်ရှိ နေထိုင်သောအခါမှ တောင်ယာပဲခင်းများကိုလုပ်တတ်၊ တောင်းများကိုရက်တတ်၊ အိုးများကိုဖုတ်တတ်လာကြ၏။ ရေးကမူ တောများကို ခုတ်ထွင်ကာ ပိန်းဥ၊ မြောက်ဥများကို စိုက်ပျိုး စားသောက်ကြလေသည်။ မွန်ဂိုအဆက်အနွယ်တို့ တဖြည်းဖြည်း ရောက်လာသော အခါ လူပု လူမည်းများသည် ကျွန်းများ အလယ်တွင်ရှိသော တောင်များပေါ်သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ မွန်ဂိုတို့သည် ကမ်းစပ်များနှင့် မြစ်ဝများတွင် ရေမြောင်းဖောက်သွယ်ကာ လယ်ယာထွန်ယက်လျက် စပါးများကိုစိုက်ပျိုးကြ၏။ ခြေတံရှည်နှင့် အိမ်ကလေးများကို ရေစပ်များ၌ရင်း၊ ကုန်းပေါ်၌ရင်း၊ ဆောက်လုပ် နေထိုင် ကြ၏။ အချို့ကျွန်းများတွင် သစ်ပင်ခွကြားများပေါ်၌ သစ်ကိုင်းသစ်ခက်တို့ဖြင့် အဆောက် အအုံပြုကာ အိမ်ကဲ့သို့ နေထိုင်ကြပေသည်။ ထိုကျွန်းသားများသည် သံ၊ ကြေး စသော မာကျောသော အရာများကို အသုံးပြုရမှန်း မသိသေးချေ။ သစ်သားမြား သစ်သားလေးတို့ဖြင့်သာ ရန်သူများကို ခုခံ ကြရ၏။ ဝါးလုံးငယ် များတွင် အဆိပ်

လူးထားသော မြားကလေးများကို ထည့်သွင်းကာ ပါးစပ်ဖြင့် မှုတ်ထုတ်လျက် ရန်သူများကို သတ်ဖြတ် တတ်ကြလေသည်။

ပလ္လဝါနှင့်အရှေ့အိန္ဒိယကျွန်းစုများ။ ။မာလာယု စသောအရှေ့အိန္ဒိယ ကျွန်းစုများသည် ဘီစီ ၁ ရာစုခန့်တွင် အိန္ဒိယ နိုင်ငံတောင်ပိုင်းမှ ပလ္လဝါလူမျိုးကုန်သည်များ ရွက်သင်္ဘောများဖြင့် လာရောက်ကုန်ကူးသန်းသော အခါမှ တိုးတက်ထွန်းကားလာကြသည်။ ပလ္လဝါတို့သည် ရှေးဖိနီရှန်း သင်္ဘောသားတို့ကဲ့သို့ပင် ပင်လယ်ကမ်းခြေတလျှောက်၌ နေထိုင်ရသောကြောင့် ရေကြောင်း၌ ကျွမ်းကျင်ကြသည်။ ပလ္လဝါမင်းများ ဘုန်းတန်ခိုး ထွန်းတောက်လာသော အခါ၌ ပလ္လဝါတို့သည် တရပ် တကျေး၌ နယ်သစ် မြို့သစ် ထူထောင်လိုသော စိတ်ဓာတ်များ ပေါ်ပေါက်လာ ကြ၏။ သီရိဓမ္မာသောက မင်းကြီး လက်ထက်လောက်ကပင် ပလ္လဝါတို့သည် ကုန်သည် အဖြစ်ဖြင့် အရှေ့ကျွန်းစုများသို့ ရောက်ဘူးကြ၏။ ပုလဲများ ဆင်စွယ်များနှင့် စန္ဒကူး ကရမက်တိုးများကို အိန္ဒိယ နိုင်ငံသို့ ယူဆောင် ကြ၏။ အရှေ့ အိန္ဒိယ ကျွန်းစုများတွင် နေထိုင်ကြသော လူများအကြောင်းကိုလည်း ရေရေလည်လည် သိ၏။ ပလ္လဝါမင်းတို့ တန်ခိုး ကြီးလာသောအခါ မင်းများသည် ပလ္လဝါတို့အား အရှေ့ အိန္ဒိယကျွန်းစုများ၌ နယ်သစ် မြို့သစ်များ ထူထောင်ရန် အား ပေးသည်။ မာလာယုကျွန်းဆွယ်၊ စူမတြားကျွန်း၊ ဂျာဗားကျွန်း၊ ဘိုနီယိုကျွန်း၊ ဖီလစ်ပိုင်ကျွန်း၊ ဖော်မိုဆာကျွန်း များသို့ ထိအောင် ပလ္လဝါတို့သည် တကျွန်းမှ တကျွန်းသို့ ကူးကာ ရွှေ့ကာ တဖြည်းဖြည်း နယ်သစ်များကို ပျိုးထောင်နေထိုင် ကြ၏။ ကျွန်းများပေါ်၌ တွေ့သော တိုင်းရင်းသား များကိုလည်း ရွှေပုတီး၊ ရွှေသွယ်ပြောင်း၊ ဆင်စွယ်ဘီး စသော အသုံးအဆောင်များကို

ပေးကမ်းကာ မိတ်ဆွေဖွဲ့လျက် ရောနှောနေထိုင်ကြပေသည်။ မိမိတို့ တတ်သော အတတ်ပညာ များကိုလည်း ကျွန်းသူ ကျွန်းသားတို့အား သင်ကြားပေး၏။ ကျွန်းသားများလည်း ပလ္လဝါ တို့ကို ကျွန်းများပေါ်တွင် ကြည်ကြည်ဖြူဖြူ လက်ခံကာ ပေါင်းသင်းဆက်ဆံကြသည်။ နောင်အခါ အိန္ဒိယသားများ ဖြစ်ကြသော ပလ္လဝမင်းများပင် ထိုကျွန်းစုများကို စိုးမိုးအုပ်ချုပ်ကြလေသည်။

သိဿံပူရ။ ။ယခု စင်္ကာပူ အမည်ရှိသော အရပ်ဒေသသည် ရှေးပလ္လဝမင်းတို့ လက်ထက်၌ သိဿံပူရဟု အမည်တွင်လေသည်။ သိဿံပူရ ဆိပ်ကမ်းတွင် အရှေ့ အိန္ဒိယကျွန်းစုမှ ကုန်သည်များနှင့် အိန္ဒိယမှ ပလ္လဝါကုန်သည်များသည် ရွက်သင်္ဘောချင်း ထိစပ်လုမျှ ဆိုက်ကပ်ကာစည်ကားစွာရောင်းဝယ်ကြပေသည်။အာရှတိုက်တွင် သိဿံပူရသည် ပဌမဦးဆုံး စည်ကားသော သင်္ဘောဆိပ်ကြီး ဖြစ်သည်။ အရှေ့အိန္ဒိယကျွန်းစုများမှ ရောင်းဝယ်လိုသော ကုန်များကို ကုန်သည်များသည် သိဿံပူရသို့ ယူဆောင်လာကြကာ တွင်တွင်ကျယ်ကျယ် ရောင်းဝယ်ကြပေသည်။

စုမတြား။ ။ပလ္လဝါတို့ စတင် နေထိုင်သော နယ်သစ်သည် စုမတြားကျွန်း၏ အရှေ့မြောက်ပိုင်း ကမ်းခြေ တလျှောက်တွင် ဖြစ်သည်။ ရှေးဦး အစ၌ ပလ္လဝါတို့သည် ကုန်ကူးသန်း ရောင်းဝယ်ရန်အတွက် ဆိပ်ကမ်းကလေးများကို တည်ထောင်သော်လည်း ကာလကြာမြင့်လာသော အခါ ပလ္လဝါ ကုန်သည်များ စိတ်ချ လက်ချအနှောင့်အယှက်ကင်းစွာ နေထိုင်ရောင်းဝယ် နိုင်ကြရန် သစ်တပ်မြို့ကလေးများကို ဤကျွန်း၏ အတွင်းကျသော တောင်ကုန်းများနှင့် ကုန်းမြေမြင့်များပေါ်တွင် ထပ်မံ တည်ထောင်ကြလေသည်။ ထို

စဉ် အခါက စူမတြားကျွန်း အတွင်းရှိ ကုန်းမြေမြင့်များပေါ်တွင် မြို့ကလေးပေါင်း (၈)မြို့ခန့် ထွန်းကားလေသည်။ ကျွန်းပေါ်ရှိ တိုင်းရင်းသားများလည်း ပလ္လဝါဘိုနှင့် ရောနှောပေါင်းသင်းကြကာ ပလ္လဝါဘို၏ အဝတ် အစား အနေ အထိုင် အယူဝါဒတို့ကို အတုယူ သုံးစွဲကာ ယဉ်ယဉ်ကျေးကျေး နေထိုင်ကြပေသည်။ စူမတြားကျွန်း ပေါ်၌ နယ်သစ် ထူထောင်ကာ ပလ္လဝါဘို နေခါစ၌ ပလ္လဝါတို့သည် ဗုဒ္ဓသာသနာဝင်များ မဟုတ်ကြသေး။ ဗြာဟ္မဏကိုးကွယ်ဝင် ဟိန္ဒူ များသာ ဖြစ်ကြ၏။ သစ်တပ်ဖြင့် ဝန်းရံထားသော မြို့ကလေး များလည်း တဖြည်းဖြည်း အခိုင် အလုံ ဆောက်လုပ် ကြပေ၏။ ပလ္လဝါတို့သည် စူမတြားကျွန်းပေါ်၌ အနေ ကြာလာသော အခါ သစ်တပ်များကို ပယ်ဖျက်ပြီးလျှင် အုတ်မြို့ရိုးများဖြင့် မြို့ဝိုင်း ကလေးများကိုတည်ဆောက်ကြ၏။ မြို့တွင်း၌လည်း ရှေးက ယာယီပျဉ်အိမ်များကို ဆောက်ကြသော်လည်းတစတစဖြင့် ကျောက် အဆောက် အအုံများ၊ အုတ်တိုက်များကို ဆောက်လုပ် နေထိုင် ကြ၏။ ကျောက်အဆောက် အအုံများသည် အများအားဖြင့် ထို သူတို့ ကိုးကွယ်သော ဟိန္ဒူဘုရားရှိခိုးကျောင်းများ ဖြစ်လေသည်။

ဂျာဗားကျွန်း။ ။စူမတြား ကျွန်းကဲ့သို့ပင် ဂျာဗားကျွန်းတွင် လည်း ပလ္လဝါတို့ပင် စတင် အခြေစိုက် ကြ၏။ ဂျာဗားကျွန်းကို စတင် အုပ်စိုးသော ပလ္လဝါမင်းသည် 'အဇိသက' ဟု အမည်တွင် လေသည်။ အဇိသကမင်းမှစ၍ မင်းပေါင်းများစွာ ဆက်လက် အုပ်စိုးသော်လည်း ကာလကြာသော အခါ အဇိသက မင်းဆက် အပြင် ဂျာဗားတကျွန်းလုံးတွင် နိုင်ငံကလေးပေါင်း များပြားစွာ အသီးအခြား ခွဲထွက်ထူထောင်ကာ အုပ်စိုးကြလေသည်။

ဂျာဗားကျွန်းတွင် ထူးဆန်းသော အချက် တရပ်မှာ ဂျာဗား

ကျွန်းသားတို့သည် ပလ္လဝါဘာသာကို မပြောကြပေ။ "ကဝိ" ခေါ်သော ဘာသာစကားကို ပြောကြလေသည်။ ရေးသော စာများမှာ ပလ္လဝါတို့သုံးစွဲသော သက္ကဋ အက္ခရာများပင် ဖြစ်သော်လည်း ကဝိဘာသာ အသံထွက် အတိုင်း စာလုံးပေါင်း၍ ရေးသားကြ၏။ ဂရိအက္ခရာများကို အီတြုပ်စကင်းနှင့် လက်တင်တို့သည် မိမိတို့ဘာသာများ အဖြစ် ပြောင်းလဲ သုံးစွဲသကဲ့သို့ပင်ဖြစ်သည်။ အယူဝါဒ၌မူ ပလ္လဝါတို့ ကိုးကွယ်သော ဟိန္ဒူ အယူဝါဒကို သဲသဲမဲမဲ ယုံကြည် ကြသည်။ ကျောက်ဖြင့် ဆောက်လုပ်သော ဟိန္ဒူဘုရား ရှိခိုးကျောင်းများသည် လေးငါးရာခန့်ပင်ဂျာဗားကျွန်း၌တည်ရှိပေသည်။ ထိုကျောက် အဆောက် အအုံများ၏ လက်ရာသည် အလွန် ခမ်းနား ဆန်းကြယ်ရာ ကမ္ဘာပေါ်တွင် လက်အမြောက်ဆုံး တည်ထားသည်ဟု ချီးကျူးအပ်သော အဆောက် အအုံများ အနက် တခု အပါအဝင် ဖြစ်ပေသည်။

ဘိုနီယိုကျွန်း။ ။ဂျာဗားကျွန်းကဲ့သို့ပင် ဘိုနီယိုကျွန်းတွင်လည်း ပလ္လဝါတို့သည် နယ်သစ်စိုက်ပျိုးခဲ့ကြ၏။ လက်ဦး အစရောက်ရှိလာသော ပလ္လဝါတို့သည် ကုတိုင်းအမည်ရှိသော ဘိုနီယိုကျွန်း၏ အရှေ့မြောက်ပိုင်း အရပ်ဒေသတွင် နေထိုင်ကြလေသည်။ တဖြည်းဖြည်း ကုန်သည်များ၊ လူသစ်များ အရောက်များလာသော အခါ ဘိုနီယိုတကျွန်းလုံးတွင် ပလ္လဝါတို့ အနှံ့အပြား နေထိုင်ကြလေသည်။ ဘိုနီယိုကျွန်းတွင် လူကျပ်လာသော အခါ ပလ္လဝါတို့သည် မြောက်ဖက် ဆူလူကျွန်း ဖိလိပိုင် ကျွန်းနှင့် ဖော်မိုဆာကျွန်းများသို့ အဆင့်ဆင့် ကူးပြောင်းကာ နေထိုင်ကြ၏။

ဗုဒ္ဓသာသနာနှင့် အရှေ့အိန္ဒိယ ကျွန်းစုများ။ ။အိန္ဒိယ တောင်

ဥငယေခးဂွ ပွိုးနှ ပြယးဂေပေါ



ပိုင်းတွင် နေကြသော ပလ္လဝါတို့သည် ရှေးက ဟိန္ဒူ ဘာသာဝင် များ ဖြစ်သော်လည်း ပလ္လဝါမင်းတို့ကောင်းစား တိုးတက်လာသော အခါ ဒီ (၄) ရာစုမှစ၍ ဗုဒ္ဓသာသနာကို ယုံကြည် သက်ဝင် ကိုး ကွယ် ကြပေ၏။ မင်းနှင့် တကွ နိုင်ငံသူ နိုင်ငံသားများပါ ဗုဒ္ဓ သာသနာဝင်များဖြစ်လာကြသောအခါ ဗုဒ္ဓသာသနာသည် အရှေ့ ကျွန်းစုများသို့ လည်းရောက်၏။ ဦးစွာ ဗုဒ္ဓသာသနာသည် သိဿပူရ သို့ ပြန့်၏။ သိဿပူရ၌ နေသော ဟိန္ဒူဘာသာဝင်တို့သည် ဗုဒ္ဓ သာသနာဝင် ဖြစ်ကုန် ကြ၏။ တဖန် စုမတြား၌နေကြသော ဟိန္ဒူလူမျိုးတို့လည်း ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူများ ဖြစ် လာကြ၏။

ထိုအချိန်၌ အရှေ့အိန္ဒိယ ကျွန်းစုများတွင် နေထိုင်ကြသော ပလ္လဝါတို့သည် ကျွန်းအသီးသီးပေါ်၌ အတည်တကျ နေသားတကျ ရှိနေပြီ ဖြစ်သောကြောင့် ပကတိ အရှေ့အိန္ဒိယ ကျွန်းသားများ ဖြစ်နေကြ၏။ ကျွန်းတိုင်း ကျွန်းတိုင်းတွင် ကိုယ့်မင်း ကိုယ့်ချင်းနှင့် နိုင်ငံသစ် လူမျိုးသစ်များ သဖွယ် ဖြစ်ကုန် ကြ၏။ စုမတြားတွင် သိရိဝိဇယ[၁] အမည်ရှိသော နိုင်ငံတော်သည် တန်ခိုး ကြီးမား၍ ဗုဒ္ဓသာသနာကို ယုံကြည် သက်ဝင်သော နိုင်ငံတော် ဖြစ်၏။ သို့သော် ဂျာဗားကျွန်းနှင့် ဘိုနီယိုကျွန်းတွင် နေကြသော သူတို့ သည် ဟိန္ဒူဘာသာဝင် အဖြစ်ဖြင့် စွဲစွဲမြဲမြဲ နေကြလျက်ပင် ရှိ၏။

အင်ဒိုချိုင်းနား။ ။ယခု ပြင်သစ် အင်ဒို ချိုင်းနား ခေါ်သော ဒေသသည် ရှေးက အာနံဟု အမည်တွင်၏။ တရုပ်နိုင်ငံ၌ ဟန်မင်း များ အုပ်စိုးသော အခါ ဝူတိဘုရင်သည် အာနံ ထိအောင် ရောက်

၁ *Empire of Sri Vijaya*



အင်းကောနေပြည်တော်ရှိ ပုထိုးတော်ကြီး

ဘူး၏။ အချို့ တရုပ်တို့သည် အာနံတွင် အခြေစိုက်ထူကာ နေရစ်ကြ၏။သို့သော် ထိုအချိန် အခါ၌ အာနံ တလျှောက်တွင် ထူထပ်သော တောနက်ကြီးများဖြင့်သာ ဖုံးလွှမ်းလျက် ရှိ၏။ ထိုတောနက်ကြီးများ အတွင်းတွင်လည်း မွန်ခမာ ရွာစုကလေးများသည် ဟိုတကွက် သည်တကွက်ဖြင့် ဘာသာ ဘာဝ စားသောက်လုပ်ကိုင်ကြ၏။ တောကြီးများ ထူထပ်ကျယ်ဝန်းသလောက် ရွာကလေးများသည် နည်းလှပေ၏။

ပလ္လဝါတို့ အရှေ့အိန္ဒိယ ကျွန်းစု များသို့ စွန့်စားကာ ကုန်ကူးသန်းရန် လာရောက်သော အခါ အာနံ၏ တောင်ဖက်ကမ်းခြေသို့လည်း ဆိုက်ရောက်ကြ၏။ ပလ္လဝါတို့ ပဌမဦးဆုံး စတင် နေထိုင်သော နေရာသည် စမ္ပ[၂]အမည်ရှိသော နယ်ဘဝိုက်တွင် ဖြစ်သည်။ ပလ္လဝါတို့ စမ္ပတွင် အခြေစိုက်ကြကာ စူမတြားသို့ရင်း၊ ဂျာဗားနှင့် အရှေ့အိန္ဒိယ ကျွန်းစုများသို့ရင်း၊ ကူးချည် သန်းချည်ဖြင့် ရောင်းဝယ် ဖောက်ကားကြလေသည်။ နှစ်ရှည် ကြာလာသော အခါ စမ္ပသည် သင်္ဘောဆိပ်ကမ်းမြို့ ဖြစ်လာလျက် စည်ကား ကြီးပွါးလာပေသည်။ ပဌမဦးဆုံး စမ္ပဒေသကို အုပ်စိုးသော ဘုရင်သည် အိန္ဒိယ နိုင်ငံ ပလ္လဝါ နေပြည်တော် ကန်ချီမှ ဗြာဟ္မဏအနွယ် ကောဏ္ဍည ဖြစ်သည်။ ကောဏ္ဍညသည် ဘိသိက်ခံယူသော အခါ ပလ္လဝါမင်းများ ခံယူအပ်သော ဝရမန်[၃] ဟူသော ဘွဲ့ကို ခံယူလေသည်။

စမ္ပဒေသ၌ အေ၊ဒီ ၂၅၀ ပြည့်တွင် ပန္ဒုရင်္ဂန[၄]နေပြည်တော်ကို တည်လေသည်။ ထိုမြို့ကို တည်ပြီးသည့်နောက် အေ၊ဒီ ၄၃၅ ခု၌ ကမ္ဘောဇ[၅] နိုင်ငံကို တည်၏။ ထိုကမ္ဘောဇနယ်တွင် ဗုဒ္ဓသာသနာ

---

၂ *Champa*

၃ *Varman*

၄ *Pandurangan*

၅ *Kanboja*

အဆောက် အအုံများ ဖြစ်သော စေတီပုထိုးတို့ကို မြေပြင်နှင့်အမျ အနံ့ အပြားတည်ထွန်းပေသည်။ ဗုဒ္ဓသာသနာကို စုမတြားကျွန်း သီရိဝိဇယ နိုင်ငံမှ တဆင့် ပင့်ဆောင် ကိုးကွယ် ကြသည်။ ထိုစဉ် အခါ၌ ကမ္ဘောဇတွင်၎င်း၊ စုမတြားကျွန်းတွင်၎င်း၊ ဂျာဗားကျွန်း အနောက်ပိုင်းတွင်၎င်း၊ စေတီပုထိုးများသည် ရွှေရောင်ဖြင့် တဝင်း ဝင်းတောက်ပလျက် စိန်ကျောက် ရတနာတို့ဖြင့် တညီးညီးထွန်း လင်းလျက် မြောက်မြားစွာ အဆူဆူ တည်ရှိခဲ့ပေသည်။

ကမ္ဘောဇ နိုင်ငံကို တည်ထောင်ပြီးနောက် ပလ္လဝါတို့သည် တောနက်များကို တဖြည်းဖြည်း ခုတ်ထွင် ရှင်းလင်းကာ ကမ္ဘုပူရ နိုင်ငံ ဗျဓပူရ နိုင်ငံများကို တည်ထောင် ကြလေ၏။

ဇယဝရမန်[၆]။ ။ကမ္ဘောဇနိုင်ငံ၊ ကမ္ဘုပူရ နိုင်ငံ ဗျဓပူရနိုင်ငံများကို ဇယဝရမန် အမည်ရှိသော မင်းကြီးသည် အေဒီ (၉) ရာစုအတွင်း တွင် တနိုင်ငံတည်း စုပေါင်းကာ အုပ်စိုးလေသည်။ ထိုဇယဝရမန်မင်းကြီးသည် စုမတြားကျွန်းကို အုပ်စိုးသော သီရိ ဝိဇယ မင်း မျိုးမှ ဖြစ်၏။ ကမ္ဘောဇ နိုင်ငံတွင် အင်းကော အမည်ရှိသော နေပြည်တော်ကို စတင် တည်ထောင်လေ၏။ နေပြည်တော်ကြီး မပြီးမီ ကံကုန်ရာ နောက် စိုးစံသော ယသောဝရမန်သည် နေပြည် တော်ကြီးကို ပြီးစီးအောင် ဆက်လက် တည်ထောင်ရပေသည်။

ယသောဝရမန်[၇]စိုးစံသော အေဒီ (၉)ရာစုမှ အစပြု၍ အေဒီ ၁၂ ရာစု တိုင်အောင် ကမ္ဘောဇ နိုင်ငံကြီးသည် တနေ့ တခြား ကြီးပွါးထွန်းကား ပေ၏။ နိုင်ငံကြီးနှင့် အတူ ဗုဒ္ဓသာသနာလည်း တရှိန်ရှိန် ကြီးပွါးပွင့်လင်းပေ၏။ အင်းကော[၈]ရှိ ပုထိုးတော်ကြီး သည် ရှေးဝရမန်မင်းတို့ လက်ထက်၌ အဆန်းတကြယ် ခမ်းနား

၆ *Jaya Varman* ၇ *Yaso Varman* ၈ *Angkor*

လေးမျက်နှာဘုရားပုံ (အင်းကောနေပြည်တော်)

ကြီးကျယ်စွာ တည်ထားခဲ့ရာ ယခု ကျွန်ုပ်တို့လက်ထက် တိုင်အောင် ပင်တည်ရှိပေသည်။ တည်ဆောက်ထားသော ပုထိုးတော် ကြီးကို ကြည့်လျှင် ပန်းရံအတတ်၊ ကျောက်ဆစ်အတတ် တို့တွင် အလွန် လက်မြောက်ကြောင်းတွေ့ရမည် ဖြစ်၍ ရှေးအခါ၌ ဗုဒ္ဓသာသနာ ထွန်းကားရာ ကမ္ဘောဇ နိုင်ငံကြီး၏ ကြီးကျယ်ပုံကို ခန့်မှန်းနိုင်ပေ သည်

အခန်း ၂၂

အာရပ်လူမျိုးနှင့် အစ္စလာမ် သာသနာ

အာရှတိုက် အနောက် တောင်ဖက်စွန်းရှိ အာရေဗျကျွန်းဆွယ် တောင်ဖက် ကမ်းခြေတလျှောက်တွင် ဘေဘီလုံနိုင်ငံ ကောင်းစားသော အချိန်လောက်၌ အာရပ်တို့ နေထိုင်ကြလေသည်။ ဖိနီရှန်းတို့သည် မြေထဲပင်လယ်တွင်း၌ စတင်ကျက်စားသော သူများဖြစ်သကဲ့သို့ အာရပ်တို့လည်း အိန္ဒိယ သမုဒ္ဒရာတွင်း၌ စတင် ကျက်စားကြသူများဖြစ်သည်။ အိန္ဒိယ ကျွန်းဆွယ်သို့ ပဌမဆုံး ပင်လယ်ခရီးဖြင့် သွားရောက်ကုန်သွယ်ကြသူများလည်းဖြစ်၏။ ဟီးဗြူးတို့ ပါလက်စတိုင်း၌ ထွန်းကား ကြီးပွါးကြသောအခါ ဟီးဗြူးတို့သည် ဆီးရီးယားနယ်ရှိ ဖိနီရှန်းတို့နှင့် ပူးပေါင်းပြီးလျှင် ပင်လယ်နီမှနေ၍ သင်္ဘောများ ဆောက်လုပ်ကာ အိန္ဒိယ နိုင်ငံနှင့်ကုန်ကူးသန်းကြ၏။ အာရပ်နှင့် ဖိနီရှန်းတို့သည်လည်း ညီညီညွတ်ညွတ်ပင် ကုန်ဖက်စပ်ကြ၏။ အာရပ်ပိုင် သင်္ဘောများတွင် ဖိနီရှန်း သင်္ဘောသားများ လော်ခတ် ကြကာ အာရေဗျနိုင်ငံနှင့် အိန္ဒိယ နိုင်ငံကို ကူးချည်သန်းချည် ရောင်းဝယ် ဖောက်ကားခဲ့ ကြ၏။ ဂရိတို့ ကောင်းစား၍ ဖိနီရှန်း ကုန်သည်များ ခေတ်မှိန်သွားသော အခါ အာရပ် လူမျိုးသာလျှင် အိန္ဒိယနှင့် အနောက် နိုင်ငံများ အကြားတွင် ပင်လယ်ကူးကုန်သည် အဖြစ်ဖြင့် ဆောင်ရွက်ခဲ့ ကြ၏။ ရောမလူမျိုး ထွန်းကားလာသော အခါ အာရပ် လူမျိုး၏ စီးပွါးရေး ပျက်ပြားလောက်အောင်ပင် ရောမတို့သည် အိန္ဒိယ သမုဒ္ဒရာသို့ ဝင်ရောက်

ကာ အိန္ဒိယနှင့် ကုန်ကူးသန်း ကြ၏။ ပင်လယ်နီ တလျှောက်နှင့် ပါရှားပင်လယ်ကွေ့တွင် ရောမတို့သည် သင်္ဘောဆိပ် ဟူသမျှတို့၌ သင်္ဘောများ ဆောက်လုပ်ကာ အာရပ် ကုန်သည်တို့နှင့် ပြိုင်ဆိုင်ကြ၏။ အာရပ်တို့သည် ဆိုးဘေး အစဉ် အဆက်ကပင် ကုန်သည် လူမျိုးဖြစ်ခဲ့သည့်အလျောက် ရောမတို့ ဝယ်ယူ၍ မရနိုင်သော ကုန်များ ထွက်ရာ အရပ်များသို့ ရှာဖွေ ကြ၏။ ဤသို့ ရှာဖွေကြသောကြောင့် အိန္ဒိယ နိုင်ငံမှ ကျော်လွန်ကာ အာရှ အရှေ့တောင်ဖက် ကျွန်းစုများနှင့် တရုပ် နိုင်ငံ၏ တောင်ဖက်ပိုင်းသို့ ရောက်ကြ၏။ တရုပ် နိုင်ငံတောင်ပိုင်းရှိ ကန်တုံမြို့သည် အာရပ် ပင်လယ်ကူး ကုန်သည်များ ဆိုက်ကပ် ရောင်းဝယ်ရာ မြို့ကြီး ဖြစ်ခဲ့ ပေသည်။

အယူဝါဒ။ ။အာရပ်တို့သည် ကုန်သည် အဖြစ်ဖြင့် ပင်လယ်သို့ မထွက်မီက သိုးထိန်း၊ဆိတ်ထိန်းအဖြစ်ဖြင့် အသက်မွေးကြရသည်။ ရှေးရှေးက အီဗရာဟံ အမည် ရှိသော သိုးထိန်း ခေါင်းဆောင်တဦးကို အာရပ်တို့သည် အလွန် ရိုသေကိုင်းရှိုင်းကြ၏။ အီဗရာဟံအား နတ်သားတဦးက ကျောက်တုံး အမည်းတတုံးကို နှင်းအပ်ခဲ့သည် ဟု အာရပ်တို့ အယူရှိကြသည်။ ထိုကျောက်တုံးကို အထွတ်အမြတ်ထားကာ အာရပ်တို့ ကိုးကွယ်ကြသည်။ မက္ကာမြို့ရှိ ကားဘားတန်ဆောင်းတော်၌ ဤကျောက်တုံးကြီးကို ထား၏။ အာရေဗျကျွန်းဆွယ် တခုလုံးမှ အာရပ်တို့သည် မက္ကာမြို့သို့ ဘုရားဖူးသွားကြပေသည်။ နောင် အခါ ဤမက္ကာမြို့၌ပင် အစ္စလာမ် အမည်ရှိသော သာသနာပေါ်ထွန်းလာ လေသည်။ ထိုသာသနာကို တမန်တော်မုဟာမ္မဒ်က ဟောတော်မူသည်။

မုဟာမ္မဒ် (အေဒီ ၅၇၀-၆၃၂)။ ။အေဒီ ၅၇၀ ပြည့်တွင် မက္ကာမြို့



မက္ကာမြို့ရှိ ကာ့ဘာ့တန်ဆောင်းတော်

၌ တမန်တော် မုဟမ္မဒ်ကို ဖွားတော်မူသည်။ ငယ်ရွယ်စဉ်၌ မုဟမ္မဒ်သည် သဲကန္တာရ၌ ဝန်တင် ကုလားအုပ်များဖြင့် အရောင်း အဝယ် ပြုရာတွင် လှည့်လည်ခဲ့ဘူးလေသည်။ မုဟမ္မဒ်သည် အသက်မွေး ဝမ်းကျောင်း အလို့ငှါသာ အလုပ် အကိုင်များကို လုပ်ကိုင်သော်လည်း ဝိပဿနာ၌ စိတ်ပါ ဝင်စားသည်။ တရားဓမ္မများကို ပြည့်စုံအောင် ဆည်းပူးပြီးသော အခါ မုဟမ္မဒ်သည် အစ္စလာမ် သာသနာကို စတင်ဟောကြားလေ၏။ သုံးနှစ်ခန့် တရားဟောပြီးသောအခါ တပည့် သာဝကများ စုဆောင်းမိလေသည်။

ဟိဂျရတ်[၁] (အေဒီ ၆၂၂)။ ။တပည့် သာဝကများနှင့် တရားဟော ထွက်သောအခါ မုဟမ္မဒ်သည် အသက် ငါးဆယ်နှစ်နှစ်ခန့်ရှိလေပြီ။ မုဟမ္မဒ်သည် အာလ္လာဟ်ဘုရားတဆူတည်းသာ ကိုးကွယ်ရာဖြစ်သည်။ အာလ္လာဟ် အသျှင်သည် မိမိအား တရားဟောရန် စေလွှတ်သိုက်သည်ဟု ပရိသတ်တို့ကို တရားဟောပြောလေရာ ကားဘားတန်ဆောင်းကို စောင့်ရှောက်ကြသော လူကြီးများသည် ဒေါသအမျက် ဟုန်းဟုန်းထွက်ကြကာ မုဟမ္မဒ်နှင့် တပည့်များကိုလိုက်လံ နှိပ်ကွပ်လေ၏။ ထိုစဉ်အခါက အစ္စလာမ်သာသနာသည် အာရပ် လူမျိုး တမျိုးထဲ၌ပင် အနှံ့အပြား မပြန့်ပွါး သေးသည်ကတကြောင်း၊ ကားဘားတန်ဆောင်းကို စောင့်ရှောက်သော လူကြီးများသည် မက္ကာမြို့၌သြဇာအာဏာညောင်းကြသည်ကတကြောင်း ထိုအကြောင်းများကြောင့် မုဟမ္မဒ်သည် အေဒီ ၆၂၂ ခုနှစ်၌ မက္ကာမြို့မှ မဒီနာမြို့သို့ ပြောင်းရွှေ့၍ စံနေတော်မူလေသည်။ အစ္စလာမ် သာသနာ သမိုင်းတွင် ဤသို့ပြောင်းရွှေ့စံနေခြင်းသည် အသွန် အရေးပါ အရာရောက်သော အဖြစ် အပျက်တခုဖြစ်

၁ ***Hijrah***

သောကြောင့် နှောင်းခေတ် အာရပ်တို့သည် သက္ကရာဇ်များကို မုဟာမ္မဒ် ပြောင်းရွှေ့ စံနေတော်မူသော နှစ်မှစ၍ ရေတွက် ကြပေသည်။ ပြောင်းရွှေ့စံနေခြင်းဆိုသည်မှာ "ဟိဂျရတ်ပြုခြင်း" ဟု အဓိပ္ပါယ်ပေါက်သည်။ ဟိဂျရတ်ပြုသော နှစ်ကို ဟိဂျရီနှစ်ဟု ခေါ်သည်။

မဒီနာမြို့သို့ ရောက်သောအခါ မြို့သူမြို့သားများသည် မုဟာမ္မဒ် ဟောပြောသော တရားများကို အလွန် နှစ်ခြိုက် ကြပေသည်။ မုဟာမ္မဒ်ကိုလည်း များစွာ ရိုသေကိုင်းရှိုင်းကြပေသည်။ မုဟာမ္မဒ်သည် မြို့သူမြို့သားများအား တရားကိုလည်း ဟော၏။ လူမှုရေး၌ ကျေပြွန်အောင်လည်း သွန်သင်ဆုံးမ၏။

ကုရ်အာန်ကျမ်းစာ[၂]။ ။မုဟာမ္မဒ် ဟောကြားသော တရားများသည် ကုရ်အာန် ကျမ်းစာ၌ အလုံးစုံပါဝင်လေသည်။ မုဟာမ္မဒ် အသက် ထင်ရှား ရှိစဉ်၌ ဟောပြောသော တရားများကို တပည့်တို့သည် ရေးသား ထားကြပေ၏။ မုဟာမ္မဒ် လွန်တော်မူသော် တပည့်များသည် မုဟာမ္မဒ် ဟောပြောခဲ့သမျှသော တရားများကို စုပေါင်းကာ ကုရ်အာန်ကျမ်းစာကို ထုတ်ဝေလေသည်။

အစ္စလာမ်သာသနာ ပြန့်ပွါးခြင်း။ ။တမန်တော် မုဟာမ္မဒ်နောက် ဆက်ခံသူများသည် နိုင်ငံအသီးသီးသို့ သာသနာပြုရန် စစ်ချီကြပေသည်။ မုဟာမ္မဒ်နောက် ဆက်လက် စိုးစံသူ များကို ခလီဖွာ[၃] ဟု အမည်တွင်လေသည်။ မုဟာမ္မဒ် လွန်ပြီးနောက် နှစ်ပေါင်း တရာ အတွင်း၌ မွတ်စလင် အာရပ်တို့သည် နိုင်ငံပေါင်းများစွာကို သိမ်းပိုက်မိကြ၏။ အီရန် တနိုင်ငံလုံးကို တိုက်ခိုက် သိမ်းယူကာအစ္စလာမ်

---

၂ *Koran* ၃ *Caliph*

သာသနာပြု၏။ ရောမတို့ဖက်မှ ဆီးရီးယား နိုင်ငံကိုလည်း ဖွဲ့ယူလိုက်၏။ အာရှ မိုင်းနားတလျှောက်ကိုလည်း မွတ်စလင် အာရပ်စစ်သည်များ ချီတက်တိုက်ခိုက်၏။ အီဂျစ်နှင့် အာဖရိက မြောက်ပိုင်းတလျှောက်သည်လည်း မွတ်စလင်အာရပ်တို့ လက်အောက်သို့ကျရောက်ကြ၏။ အာဖရိက မြောက်ပိုင်းမှ တဖန် စပိန်သို့ ကူးကာတိုက်ခိုက် ကြ၏။ စပိန်တဝှန်းလုံးကို ရရှိသော အခါ စပိန်မြောက်ဖက်ရှိ ပီရနီး တောင်တန်းကို ကျော်တက်ကာ ယခု ပြင်သစ် နိုင်ငံဟုတွင်သော နယ်သို့ပင် ရောက်သွားကြ၏။ ထိုအခါက ပြင်သစ် နိုင်ငံ၏နေရာတွင် ဂေါလ်လူမျိုးနေထိုင်၏။ဂေါလ်နယ်သို့မွတ်စလင်များကျူးကျော်လာသော အခါ ခရစ်ယန်တို့သည် ထိတ်လန့်တကြားဖြစ်ကြ၏။ ထိုစဉ် အခါ၌ ခရစ်ယန် သာသနာသည် ဥရောပတိုက်တဝှန်းလုံးသို့ပင် ပြန့်ပွါးပြီး ဖြစ်လေသည်။ ထို့ကြောင့် ပီရနီးတောင်တန်းမှ ကျော်လွန်၍ မလာနိုင် စိမ့်သောငှါ ခရစ်ယန် နိုင်ငံအသီးသီးတို့သည် စုပေါင်းကြကာ မွတ်စလင်တို့အား စစ်ပြိုင်လေ၏။ ဂေါလ်နယ် အလယ်ပိုင်း၌ ရှိသော"တူး"[၄] လွင်ပြင်၌ မွတ်စလင်စစ်သည်နှင့် ခရစ်ယန် စစ်သည် များသည် အကြိတ် အနယ် တိုက်ခိုက်ကြလေသည်။ သွေးချောင်းစီးမျှ တိုက်ခိုက်ပြီးသော် မွတ်စလင်တို့သည် စစ်ရေးနိမ့်သောကြောင့် ပီရနီးတောင်တန်းသို့ ဆုတ်ခွါကြရ၏။

အာရှတိုက် အလယ်ပိုင်းသို့လည်း မွတ်စလင်တို့ သွားရောက်တိုက်ခိုက်၏။ သို့သော် တရုပ် နိုင်ငံတွင်မူ အသာတကြည် သာသနာပြုပေ၏။ တရုပ်နိုင်ငံတင် မင်းဆက်များသည် အစ္စလာမ် သာသနာကို နိုင်ငံတော် အတွင်း၌ ဖြန့်ချိရန် ခွင့်ပြုပေသည်။ အိန္ဒိယသို့လည်း မွတ်စလင်များဝင်ရောက် တိုက်ခိုက် ကြလေသည်။

---

၄ *Tours*



မှတ်စလင်နိုင်ငံကွဲအက်ခြင်း။ ။ခလီဖွာတို့သည် ရှေးဦးစွာ မဒီနာမှနေ၍ မှတ်စလင် နိုင်ငံတော်ကြီးကို အုပ်ချုပ်ကြ၏။ နောက်တဖန် ဒမတ်စကတ်မြို့မှ နေ၍ အုပ်ချုပ်၏။ ထိုနောက် ရှေးဘောဂီလုံမြို့တော် တည်ရာ နေရာဟောင်းတွင် ဘဂ္ဂဒက်မြို့ကို တည်ပြန်၏။ ဘဂ္ဂဒက်မြို့တော်သည် နှစ်ပေါင်း ငါးရာခန့် မှတ်စလင်အာရပ်တို့၏ ယဉ်ကျေးမှု ထွန်းကားရာ ဗဟိုဌာန အဖြစ်ဖြင့် တည်တံ့လေသည်။

ဘဂ္ဂဒက်မြို့ကို တည်သော အချိန်၌ မှတ်စလင် နိုင်ငံတော်ကြီးသည် သုံးနိုင်ငံကွဲပြားသွားလေသည်။ ခလီဖွာအဖြစ် နိုင်ငံကို အုပ်စိုးလိုသူတို့သည် နိုင်ငံကြီးမှခွဲထွက်ကာ တသီးတခြား အုပ်စိုးကြသည်။

မှတ်စလင်အာရပ်တို့၏ယဉ်ကျေးမှု။ ။အာရပ်တို့သည် အစ္စလာမ်ဘာသာဝင်မဖြစ်မီကပင် နိုင်ငံခြားများသို့ ရောက်ဘူးသော်လည်း စီးပွါးရှာမှု တခုတည်းကိုသာ စိတ်ဝင်စားခဲ့ကြ၏။ သို့သော် သာသနာပြုရာမှ အစပြု၍ နိုင်ငံပေါင်း များစွာကို အုပ်ချုပ်သူများအဖြစ်သို့ ရောက်ရှိသော အခါ တိုးတက်မှု အရပ်ရပ်ကို လိုက်စားကြပေ၏။ ဂရိတို့ ပျက်သုန်းပြီးသည့်နောက် ဂရိ ပညာရှိတို့၏ ပညာဉာဏ်သည် ကာလကြာမြင့်စွာ ညှိုးမှိန်လျက် နေရာ အာရပ်တို့က ဆက်လက်၍ အသက်ဆက်ပေးခဲ့၏။ ထို့ပြင် ဟိန္ဒူတို့၏ သင်္ချာကျမ်းများကိုလည်း အာရပ်တို့လေ့လာကြလေသည်။ ထိုဂရိကျမ်း သင်္ချာကျမ်းတို့ကို အခြေပြုကာ အာရပ်တို့သည် မိမိတို့၏ ပညာသစ် ဉာဏ်သစ်တို့ကို ကမ္ဘာသို့ အမွေပေးခဲ့လေသည်။ ဆေးပညာ၊ နက္ခတ္တပညာ၊ ရူပဗေဒတို့ကို အာရပ် ပညာရှိတို့သည် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။ ယခု အခါ ဥရောပတိုက်၌ အသုံးပြုလျက်နေသော တစ် နှစ် သုံး စသောဂဏန်းအရေးအသားတို့

ကြိုယဓပိင်ငေ



သည် အာရပ်တို့၏ ဂဏန်းအရေး အသားများ ဖြစ်သည်။ ဒသမ တွက်နည်း စံနစ်သည်လည်း အာရပ်တို့၏ စံနစ်ပင် ဖြစ်သည်။ အာရပ်တို့သည် သတ္တုရိုင်းကို အသုံးချသောနည်း၊ဆေးဆိုးနည်း၊ အဆီအနှစ်ထုတ်နည်း၊ မျက်မှန်စီရင်နည်း စသော နည်းတို့ကို သိခဲ့ကြလေသည်။

သို့ရာတွင် အာရပ်တို့သည် အဂ္ဂိရတ်ကိုသာ အထူးလိုက်စားကြသည်။ ရွှေဖြစ်ငွေဖြစ်လမ်း၊ပြဒါးဝိဇ္ဇာ၊သံဝိဇ္ဇာ၊မသေစေတတ်သော အမတဓာတ်ကိုသာ အာရုံစူးစိုက်ခဲ့ ကြလေသည်။ ထိုအဂ္ဂိရတ်နည်းသည် ဥရောပတိုက်သို့ ရောက်သွားရာ ထိုနည်းကို အမှီပြု၍ ဓာတုဗေဒသည် တစတစ ပေါ်ထွန်းလာသည်။ စာပေဖက်၌လည်း အာရပ်တို့သည် အလွန်တိုးတက်လာသည်။ အာရပ် စာဆိုများ ရေးခဲ့သော ကဗျာနှင့် ပုံပြင်တို့သည် ကမ္ဘာကျော် စာပေစု၌ ပါဝင်လေသည်။ အစ္စလာမ် သာသနာ ထွန်းကားသော နိုင်ငံများရှိ မြို့ကြီးများတွင် တက္ကသိုလ်နှင့် စာကြည့်တိုက် များစွာ ရှိရာ ဥရောပတိုက်မှ ကျောင်းသား အမြောက်အမြားပင် လာရောက် ပညာသင်ကြားရလေသည်။ လှပဆန်းကြယ်သော ဗလီ ဝတ်ကျောင်း များလည်း အနှံ့အပြားရှိလေသည်။ စပိန်နိုင်ငံရှိ ကော်ဒိုးဗား ဗလီဝတ် ကျောင်းကြီးသည် ကမ္ဘာကျော် အဆောက်အအုံများတွင် စံတင်လောက်သော အဆောက်အအုံတခု ဖြစ်လေသည်။

အခန်း ၂၃

ရှေးမြန်မာနိုင်ငံ

အသွင်အပြင်။ ။မြန်မာနိုင်ငံသည် အာရှတိုက် အရှေ့တောင်ဖက်ရှိ အင်ဒိုချိုင်းနား ကျွန်းဆွယ်တွင် ပါဝင်သည်။ အရှေ့ဖက်တွင် ယိုးဒယားနိုင်ငံနှင့် တရုပ်နိုင်ငံ၊ မြောက်ဖက်တွင် တရုပ် နိုင်ငံ၊ တိဘက်နိုင်ငံ၊ အနောက်မြောက်တွင် အာသံနှင့် မဏိပူရ၊ အနောက်ဖက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဖက်တွင် အိန္ဒိယသမုဒ္ဒရာတို့သည် အသီးသီး တည်ရှိပေသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတော် မြောက်ပိုင်းမှ စ၍ နိုင်ငံတွင်းကို ဖြတ်သန်းကာ အိန္ဒိယသမုဒ္ဒရာ တွင်းသို့ စီးဝင်လေ၏။ မြန်မာ နိုင်ငံ မြောက်ပိုင်းတွင် ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်တွင်းသို့ စီးဝင်၏။ တောင်တန်းကြီးများသည်လည်း မြန်မာနိုင်ငံ တခုလုံးကို နယ်နိမိတ် သတ်မှတ်ထားသကဲ့သို့ ဝန်းရံလျက်ရှိ၏။ ပြင်ပနိုင်ငံများမှ မြန်မာနိုင်ငံတွင်းသို့ တောင်ကြားလမ်းမှသာ လာနိုင်ပေသည်။

နိုင်ငံရင်းသားများ။ ။ဘီ၊စီ (၁) ရာစုခန့်က မြန်မာ နိုင်ငံသည် ယခု ကျွန်ုပ်တို့ နေထိုင်သော မြန်မာ နိုင်ငံကဲ့သို့လူနေအိမ်ခြေလည်း မများသေး၊ တောရိုင်း တောနက်ကြီးများလည်း မရှင်းလင်းသေးချေ။ မြန်မာ နိုင်ငံ၌ စတင်နေထိုင်သူများသည်အာရှတိုက် အလယ်ပိုင်းမှ ရွှေ့ပြောင်းလာကြသော မွန်ဂို အဆက် အနွယ် ခါယိုင်းလူမျိုး ဖြစ်၏။ ခါယိုင်းတို့ မနေထိုင်မီကပင် မြန်မာ နိုင်ငံ၌ အမျိုး


ရှေးမြန်မာနိုင်ငံ
တိဘက်
တရုပ်
အာသံ
မဏိပုရ
သက်
တကောင်း
ပုဂံ
ဓညဝတီ
သရေခေတ္တရာ
ဘင်္ဂလားအော်
ပဲခူး
မွန်
သထုံ
မွန်
ယိုးဒယား
(ထိုင်း)
ဟိန္ဒူပင်လယ်ကူးကုန်သည်များ
အိန္ဒိယသမုဒ္ဒရာ

အမည် မထင်ရှားသော လူများသည် တောကြီးများထဲ၌ ပြောက်တိ ပြောက်ကျား တစု ရွာစု ကလေးများဖြင့် နေထိုင်ကြ၏။ နှစ်ရှည် လများကြာသော အခါ ချယ်ပိုင်းတို့နှင့် သွေးနှော၍ သွားလေသည်။ မြန်မာ နိုင်ငံ သမိုင်းကို မှတ်တမ်းတင်၍ ရသော အချိန်၌ မြန်မာ နိုင်ငံတွင် ပျူ၊ ကမ်းယံ၊ သက်များ ရှိကြလေသည်။ ပျူ၊ ကမ်းယံ၊ သက်ဟူ၍ အမည်ကွဲသော်လည်း ချယ်ပိုင်းမှ ဆင်းသက်သော မွန်ဂိုများသာ ဖြစ်သည်။ ဤသုံးဦး အပြင် မွန်ခမာလူမျိုးလည်း နေထိုင် ကြ၏။ မွန်ခမာတို့လည်း မွန်ဂို အဆက် အနွယ်များဖြစ်သည်။ သို့သော် ထိုစဉ် အခါက ပျူ၊ ကမ်းယံ၊ သက်တို့လောက် လူဦးရေ မများသေးပေ။

နေထိုင်ရာဒေသ။ ။ပျူတို့သည် ဧရာဝတီ မြစ်ရိုးတလျှောက်တွင် ရွာကလေးများ တည်ထောင်၍ နေ၏။ ကမ်းယံနှင့် သက်တို့သည် အနောက် ရိုးမတောင်တန်း အနီး အပါးတွင် နေထိုင်၏။ ကမ်းယံတို့သည် အနောက်ရိုးမ တောင်တန်းကြီးများကို ဖြတ်ကျော်ကာ ယခု ရခိုင်ဟု ခေါ်သော မြန်မာ နိုင်ငံ အနောက်ဖက် ကမ်းရိုးတန်း၌ နေထိုင်ကြ၏။ မွန်ခမာတို့သည် မြန်မာ နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်း တလျှောက်တွင် ရွာတည်ကာ နေကြပေသည်။

ထီးပြိုင်နန်းပြိုင် နိုင်ငံများ။ ။ကျွန်ုပ်တို့ ခေတ်၌ မြန်မာ နိုင်ငံသည် တလုံးတစည်းတည်း မြောက်ဖက်စွန်းမှ တောင်ဖက်စွန်းအထိ ပူးပေါင်း မိပြီး ဖြစ်သော်လည်း ရှေးရှေး ကမူ ထီးပြိုင် နန်းပြိုင် နိုင်ငံငယ် သုံးစု ရှိလေသည်။ မြောက်ပိုင်း ယခု တကောင်းမြို့ရှိသော နေရာ၌ ပဉ္စာလရာဇ် တကောင်း နိုင်ငံတည်ရှိ၏။ တောင်ဖက် ယခု သထုံမြို့ရှိသော နေရာ၌ သုဝဏ္ဏဘူမိ သထုံနိုင်ငံ တည်ရှိ၏။

ယခု ရခိုင်ခေါ်သော နေရာ၌ ဓညဝတီ နိုင်ငံတည်ရှိ လေသည်။ ထို့နောက် တကောင်းပျက်၍ ယခုအခါ ပြည်မြို့အနီး မှော်ဇာအရပ်တွင် သရေခေတ္တရာ ပျူနိုင်ငံဟူ၍ ပေါ်ထွန်းလာပြန်သည်။ ထိုနိုင်ငံသစ်ကို ဒွတ္တပေါင်မင်းကြီး တည်ထောင်တော် မူ၍ နှစ်ပေါင်း ၆၀၀ ကျော်မျှ ကာလ ရှည်မြင့်စွာ တည်လေသည်။

သရေခေတ္တရာ မင်းနေပြည်တော်ကြီးသည် ထိုခေတ်၌ မြန်မာနိုင်ငံတွင် အကြီးကျယ် အခမ်းနားဆုံးသော မြို့ကြီးဖြစ်လေသည်။ ပင်လယ် ကမ်းရိုးတန်းပေါ်တွင် တည်ရှိသောကြောင့် စည်းကားသာယာသော ပင်လယ်ဆိပ်ကမ်းလည်း ဖြစ်သည်။ အိန္ဒိယ နိုင်ငံမှ ဟိန္ဒူကုန်သည် များသည် ရွက်သင်္ဘောဖြင့် ဆိုက်ကပ် လာရောက်ကာ ကုန်ကူးသန်းကြသည်။သရေခေတ္တရာမြို့ကြီး၏ မြို့ရိုးပျက်များနှင့် ကျုံးဟောင်း နေရာများကို ပြည်မြို့ အရှေ့တောင်ဖက်ရှိ မှော်ဇာမြို့တွင် ယခုထက်တိုင် တွေ့မြင်ရသေး၏။ဒွတ္တပေါင်မင်းကြီး တည်ထား ခဲ့သော ဘောဘောကြီး ဘုရားကြီး၊ ဘုရားမာစသော ပုထိုးတော်များကိုလည်း ယခုခေတ်တိုင် ဖူးမျှော်ရပေသည်။ ပုထိုးများ၏ ပုံသဏ္ဌာန်သည် မဇ္ဈိမဒေသ၌ တည်ဆောက်သော ပုထိုးများ၏ပုံနှင့် တထပ်တည်းပင် ဖြစ်၏။ ထိုမင်းများ၏ အရိုးအိုးနှင့် ရွှေပေများကိုလည်း ယခုအခါ တူးဖော်တွေ့ရပေသည်။ အရိုးအိုးများ ပေါ်၌ ရေးထားသော စာများမှာ ပျူစာများဖြစ်သည်။ အချို့စာလုံးများသည် မြန်မာစာနှင့်အသံထွက်ချင်း အဓိပ္ပါယ်ချင်း တူလေသည်။ သရေခေတ္တရာနိုင်ငံတွင် မင်းပေါင်း (၂၇) ဆက် စိုးစံ၏။ နောက်ဆုံး သုပညာမင်းသည်ကမ်းယံတို့၏ နိုင်ငံကို ရေကြောင်းခရီးမှ သွားရောက် တိုက်ခိုက်အောင်မြင်၏။ သို့သော် ထိုမင်းလက်ထက်၌ပင် မွန်နှင့် ကမ်းယံတို့က ပြန်လှန်တိုက်ခိုက်သောကြောင့် အေ၊ ဒီ (၉) ရာစုတွင် သရေခေတ္တရာနိုင်ငံပျက်ရလေသည်။



ဘောဘောကြီး

ပျူတို့ထွန်းကားစဉ်က။ ။သရေခေတ္တရာ နိုင်ငံ ထွန်းကားသော အချိန်၌ နိုင်ငံရင်းသားများသည် မြန်မာ လူမျိုးဟု မခေါ်ကြ သေးပေ။ ပျူလူမျိုး အဖြစ်နှင့်သာ ထွန်းကား ကြီးပွါး ကြပေ သည်။ ပျူလူမျိုး၏ ယဉ်ကျေးခမ်းနားပုံကို နိုင်ငံခြားသားများပင် မှတ်တမ်း တင်ကြ၏။ အိန္ဒိယနှင့် သီဟိုဠ်ကျွန်းသို့ လာရောက် ကုန် သွယ်ကြသော ရောမနှင့် အီရန် လူမျိုးတို့သည် ပျူတို့ အကြောင်း ကို ရေးသား ခဲ့၏။ အီရန်ကုန်သည် တဦး၏ မှတ်တမ်း၌ "ရာမဒေသ ကို အစိုးရသော မင်းသည် ထင်ရှား ကျော်စောပေ၏။ သူ၏ စစ် သည် ရဲမက်များသည် ဗလဟ၊ ဂူဂျရ၊ တကင် နိုင်ငံရှိ ရဲမက် ဗိုလ်ပါ များထက် များပြား လေသည်။ စစ်ချီ တက်သောအခါ တိုက်ဆင် ပေါင်း ငါးသောင်းနှင့် ချီတက်လေ့ ရှိ၏။ ဆောင်းတွင်း ၌သာ တိုက်ဆင်များ မမောမပန်း ချီတက်နိုင်မည် ဖြစ်၍ စစ်ချီရန် အခါ ရွေးသော အခါ ဆောင်းတွင်းများတွင် ချီတက်လေ့ ရှိ၏။ တပ်မ တော်ကြီးများတွင် စစ်သည် ရဲမက်များကို မဆိုထားဘိ၊ အဝတ် အစား လျှော်ဖွပ်ရန် ခဝါသည် ဦးရေပင် တသောင်းကျော်ကျော် ပါဝင် လေသည်။ ပျူနိုင်ငံတွင်း၌လည်း အခြား ဘယ်နိုင်ငံမျှ မရက်တတ်သော အဝတ်ထည် များကို တွေ့ရပေသည်။ ဤမျှ ကောင်းမွန်သော အဝတ်ထည် များကို အဝတ် အစားချုပ်လုပ်ပြီး သော် အခါ အလွန်ချောမွေ့ ပျော့ပျောင်းသောကြောင့် လက်စွပ် ကွင်းထဲသို့ပင် လျှိုသွင်း နိုင်ပေသည်။ ဤမျှ ချောမွေ့ ကျစ်လျစ် သော်လည်း အဝတ်အထည်များသည် ခြည်ထည်များသာ ဖြစ်၏။ ကျွန်ုပ်တို့ ကိုယ်တိုင်ပင် နမူနာ တခုကို တွေ့ခဲ့သည်။ နိုင်ငံသူ နိုင်ငံ သားများ ကုန်ချင်း ဖလှယ်ကြသော အခါ ကြေးငွေများကို ကြေး ငွေအဖြစ် သုံးစွဲ ကြ၏။ သို့ရာတွင် ရွှေငွေများကိုလည်း တွေ့ခဲ့၏။ သားမြီးယပ် များကိုလည်း မြင်ဘူးခဲ့၏။ ခေါင်းပေါ်၌ ဦးချို

တချောင်းသာ ရှိသော ကြံ့ခေါ်သည့် အကောင်မျိုး ကိုလည်း တွေ့ခဲ့သည်။ ကြံ့ဦးချိုတွင် လူရုပ်လုံးပုံများ ပါရှိ၏။ ကျွန်ုပ်တို့သည် ကြံ့သားကို စားခဲ့ ရသည်။ ဇတာကြီးများ အတွင်း၌ ကြံ့များ အလွန် ပေါပေသည်။ အခြား နိုင်ငံ၌ ကြံ့များကို ကျွန်ုပ်တို့ မြင်ဘူး သော်လည်း ပျူနိုင်ငံရှိ ကြံ့ချို များသည့် အလွန် အကျူး လှပပေသည်။ ကြံ့ဦးချို များတွင် ရုံဖန် ရုံခါ လူရုပ်၊ ဒေါင်းရုပ်၊ ငါးရုပ် စသည်ဖြင့် အရုပ်မျိုးစုံကိုတွေ့ရပေသည်။ တရုပ်တို့သည် ကြံ့ချိုများကို ခါးပတ် လုပ်ကာ ဝတ်ဆင် ကြ၏။ တန်ဖိုးကြီးစွာ ပေး၍လည်း ဝယ်ယူ ကြသည်။ တခါတရံ ကြံ့ချို၏ ပုံပန်းကို လိုက်၍ လှပလွန်းလျှင် ဒင်္ဂါး သုံးလေးထောင် ပေး၍ ဝယ်ယူ ကြပေသည်" ဟု ရေးသား ခဲ့လေသည်။ ကြံ့ချိုများအပြင် ပျူတို့သည် ဆင်စွယ် များကိုလည်း ရောင်းဝယ်ကြ၏။ တရုပ်တို့၏ သမိုင်း၌ ပျူတို့၏ အကြောင်းကို ရေးသားထားသော အခန်းတွင်လည်း ပျူမင်းနှင့် တကွ နိုင်ငံ၏ အခြေအနေကို ပါ စေ့စေ့စပ်စပ် ရေးသားခဲ့ပေသည်။ ထိုအခန်း၌ "ပျူမင်းကြီးသည်တိုင်းခမ်းလှည့်လည်တော်မူသော အခါ ဝေါတွင် ရွှေကြိုးများဖြင့် ဆိုင်းအပ်သော သလွန် ညောင်စောင်းထက်၌ လည်းလျောင်းကာ ထွက်တော်မူ၏။ ခရီးဝေးလံ ချိတော်မူသော အခါ ဆင်စီး၍ ထွက်တော်မူ၏။ နန်းတွင်း၌လည်း ဘုရင်မင်းမြတ်ကို ရာပေါင်းများစွာသော အပျိုတော်တို့သည် ဝန်းရံ ခစားပေသည်။ ပျူတို့သည် နိုင်ငံ၏ မြို့ရိုးကြီးများကိုလည်း စိမ်းဖန့်ဖန့် အရောင်ရှိသော စဥ့်အုတ်ချပ်များဖြင့် ဆောက်လုပ်၏။ မြို့များသည် မြို့ဝိုင်းများဖြစ်လျက် လီ[၁] ပေါင်း (၁၆၀) ခန့် ကျယ်ဝန်း ပေသည်။ မြို့ရိုးတံခါး (၁၂) ပေါက် ရှိ၏။ မြို့လေးထောင့်တွင် စေတီတဆူကျစီ တည်ထားပေ၏။ နိုင်ငံ

၁ *Li* (တရုပ်စကား) ၂,၁၁၅ ပေ

သူ နိုင်ငံသားများသည် မြို့တွင်း၌သာ နေကြသည်။ မြို့သူ မြို့သား များသည် အိမ်ကို ခဲ၊ သတ္တုများ သွပ်များဖြင့် ပြုလုပ်ထားသော အုတ်ကြွပ်ဖြင့် မိုးကြ၏။ ကြက်မောက်သားဖြင့် အိမ်ကို ဆောက် လုပ်ကြ၏။ နိုင်ငံသူ နိုင်ငံသား များသည် သူတထူး၏ အသက်ကို မသတ်ကြပေ။ တဦးနှင့်တဦး တွေ့သောအခါ တဦး၏ လက်မောင်း နှစ်ဖက်ကို တဦးက လက်နှစ်ဖက်ဖြင့် ဆုပ်လျက် နှုတ်ဆက် ကြပေ သည်။ လူတိုင်းပင် နက္ခတ်ဗေဒင်များကို ဟောတတ်ကြ၏။ ပျူတို့ သည် ဗုဒ္ဓသာသနာဝင်များ ဖြစ်ကြ၍ ဘုန်းကြီး ကျောင်းပေါင်း မြောက်မြားစွာ ဆောက်လုပ် ကိုးကွယ် ကြလေသည်။ ဘုန်းကြီး ကျောင်းများကိုလည်း မှန်အုတ်များဖြင့် ဆောက်လုပ်ကြ၏။ မှန် အုတ်များကို ဟင်္သပြဒါး သုတ်ကာ ရွှေငွေတို့ဖြင့် စီချယ်၏။ လှပ သော ဆေးရောင် များဖြင့်လည်း သုတ်၏။ ကျောင်းများ၏ ကြမ်း ပြင်ကိုလည်း ဆေးသုတ်၍ အရောင်တင်ကာ အဆန်းတကြယ်ပြုလုပ် ထားသော ကော်ဇောများဖြင့် ခင်းကြ၏။ ဘုရင့် နန်းတော်ကြီးကို လည်း ဘုန်းကြီးကျောင်းများကဲ့သို့ပင် လှပ ခမ်းနားစွာ ဆောက် လုပ်ပေ၏။ ကလေးများသည် ခုနစ်နှစ်သား အရွယ်သို့ ရောက် သော အခါ ခေါင်းတုံးရိတ်ပြီးလျှင် သင်္ကန်းဆီး ကြ၏။ အသက် နှစ်ဆယ်အရွယ်ထိအောင် ကိုရင်ဝတ်ပြီးမှ လောကုတ္တရာ စာပေကို မတတ်ကျွမ်းလျှင် လူဝတ်ပြန်၍ လဲရပေသည်။ ပျူတို့သည် ခြည်လုံ ကွင်းကိုသာ ဝတ်ဆင် ကြ၏။ ပိုးထည် များသည် ပိုးကောင်ကလေး များကို သတ်ဖြတ်ကာ ရက်လုပ်ရသဖြင့် သူတပါး အသက်နှင့် မလွတ်ကင်း သောကြောင့် မဝတ်ဆင်ကြပေ။ ရွှေဖြင့် ပြုလုပ်ထား သော ပန်းနွယ် ပန်းခက် များဖြင့် တပ်ထားသော ဦးထုပ်၊ ပုလဲများ စီခြယ် မြှုပ်နှံထားသော ဦးထုပ်များကို ပျူတို့ ဆောင်း ကြ၏။ ဘုရင့် နန်းတော်ကြီးတွင် ရွှေဖြင့် ပြုလုပ်ထားသော ခေါင်းလောင်း

ဘလုံး၊ ငွေဖြင့်သွန်းထားသော ခေါင်းလောင်းတလုံး ပေါင်းနှစ်လုံး ရှိလေသည်။ ရန်သူများ နိုင်ငံအနီးအပါးသို့ ချဉ်းကပ် လာသော အခါ ဤခေါင်းလောင်း များကို ထိုးလေ၏။ ကရမက်၊ နံ့သာတိုး များကို မီးရှို့ကာ စစ်နိုင်မည် ရှုံးမည်ကို နိမိတ် ကောက်ကြသည်။ ပျူနိုင်ငံတွင် ပေတရာမျှ မြင့်သော ဆင်ဖြူတော်ရုပ်ကြီး တခုရှိ၏။ အမှုအခင်း ဖြစ်ပွါးသော သူများသည် ထိုဆင်ဖြူတော် ရုပ်ကြီး၏ ရှေ့တွင် နံ့သာတိုးများကို မီးရှို့လျက် ဝဒူးတုပ်ဝပ်တွားကာ အမှု ရှုံးမည် နိုင်မည် အဓိဋ္ဌာန် ပြုကြ၏။ နိုင်ငံတွင်း၌ ကပ်ရောဂါ ဆိုက် ရောက်သော အခါများတွင် ဘုရင် ကိုယ်တော်တိုင် ဆင်ဖြူတော် ရုပ်ကြီး၏ ရှေ့သို့ သွားရောက် ဒူးတုပ်ကာ မင်းကျင့်တရားနှင့် အညီ ကျင့်ပါမည့် အကြောင်းကို တောင်းပန်ပေသည်။ ရာဇဝတ်ကောင် များကို ပျူတို့သည် အနှောင်အဖွဲ့ မပြုပေ။ ကြီးလေးသော ရာဇဝတ်မှု ကျူးလွန်သူ များကို ငါးလုံး ပူထားသော ကြိမ်ဖြင့် ကျောပြင်ကို ငါးချက်ရိုက်နှက်၏။ ပြစ်မှု သေးငယ် ကျူးလွန်သူ များကို ငါးလုံးပူး ကြိမ်ဖြင့် ကျောပြင်ကို သုံးချက်ရိုက်၏ လူသတ်မှု ကျူးလွန်သူများကိုမူ သေဒဏ် အပြစ် ပေးလသည်။ ပျူနိုင်ငံတွင် ပဲ၊ စပါး၊ ပြောင်းများကို စိုက်ပျိုးကြ၏။ ကြံပင်များလည်း လူ့ခြေသလုံးခန့် အလုံးထွားရှိ၍ သန်သန် စွမ်းစွမ်း ပေါက်ပေသည်။ ဂျုံနှင့် ပိုက်ဆံပင်များ မပေါက်ချေ။ ရွှေနှင့် ငွေများကိုလည်း လခြမ်းသဏ္ဍာန် ပြုလုပ်ကာ သုံးစွဲ ကြသည်။ ပျူတို့သည် ညများတွင် အလင်းရရန် ဖယောင်းတိုင်များ၊ နံ့သာတိုးများကို ထွန်းညှိအရှို့ ကြသည်။ နိုင်ငံနီးချင်း များနှင့် ကုန်ချင်း ဖလှယ်ကြသော အခါ ဖွတ်ရေ၊ ဝါဂွမ်း၊ သလင်းကျောက်၊ မြေရေတကောင်းများဖြင့် ဖလှယ်ကြ၏။ ပျူမိန်းမများသည် ဆံပင်ရှည် ထားကာ ဆံထုံး ထုံးကြလျက်ပုလဲသွယ်များကို ပန်ဆင် ကြသည်။ အရောင် အမျိုး

မျိုးဆိုးထားသော ထဘီများကို ဝတ်ကြ၏။ အင်္ကျီပေါ်၌လည်း ပိုးတဘက် ပါးပါးကလေး များကို ခြုံလွှမ်းကြ၏။ လမ်းထွက်သောအခါ ယပ်တောင်များကို ကိုင်ဆောင်ကြသည်။ မင်းမှူးမတ်ကတော်များ နောက်၌မူ ယပ်တောင်ကိုင် လေးငါးယောက်ခန့် လိုက်ပါ ကြပေသည်” ဟု စုံစုံလင်လင် ဖော်ပြ ထားပေသည်။

ပျူတို့ ထွန်းကားသော အချိန်နှင့် တရုပ် နိုင်ငံတွင် တင်မင်းဆက်များ ထွန်းကားသော အချိန်သည် တပြိုင်တည်း ပင် ဖြစ်ပေသည်။ ပျူနိုင်ငံမှ ဂီတအဖွဲ့သည် တရုပ်နိုင်ငံ၏ မြို့တော် စီအန်ဖူးသို့ ပင် သွားရောက်ကာ တရုပ် ဧကရာဇ် မင်းမြတ်ကို နှစ်သစ်ကူး မင်္ဂလာပွဲ သဘင်၌ တီးမှုတ် ဖြေဖျော်ခဲ့ ဘူး၏။ တရုပ်ဘုရင်နှင့် တကွ မှူးမတ်များ သည် ပျူဂီတ အဖွဲ့ကို အလွန် နှစ်သက် ချီးမွမ်းကြသည်။ တရုပ်ကဗျာ ဆရာကြီး များကလည်း ပျူအတီး အမှုတ်နှင့် အကကို ကဗျာသီကုံး စပ်ဆို ကြလေ၏။ ပျူသီချင်းများသည် အလွန် သာယာ နာပျော်ဘွယ်သော အသံဆန်းများ ဖြစ်၍သက္ကတ စာလုံးများ ပါဝင်လေသည်ဟု တရုပ်ပညာရှိများက ဝေဖန်ပြောဆိုကြသည်။ တရုပ် နိုင်ငံ၏ နေပြည်တော်နှင့် သာမက နိုင်ငံနီးချင်း ဖြစ်သော နန်ချိုနိုင်ငံနှင့်လည်း ပျူတို့သည်ဆက်သွယ်ကြ၏။ ယခု ရှမ်းလူမျိုးနှင့် ယိုးဒယားလူမျိုးတို့သည် နန်ချိုမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ ထိုအခါ၌ နန်ချိုတွင် လူဦးရေ နည်းနေသောကြောင့် ပျူနိုင်ငံမှ ပျူတို့သည် သွားရောက် နေထိုင်ပေးရပေသည်။ နန်ချိုကို ရန်သူများ ထိပါးလာသော အခါများ၌ ပျူစစ်သည် ရဲမက်များလည်း သွားရောက်ကူညီ တိုက်ခိုက် ကြပေသည်။

သထုံနိုင်ငံ။ ။ပျူနိုင်ငံနှင့် သထုံ နိုင်ငံတို့သည် တချိန်တည်းပင် ထွန်းကားသော နိုင်ငံများ ဖြစ်၏။ သရေခေတ္တရာသည် ပင်လယ်

ဆိပ်ကမ်းဖြစ်သကဲ့သို့သထုံလည်း ပင်လယ်ဆိပ်ကမ်းဖြစ်ခဲ့ပေသည်။ ရှေးမြန်မာ နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ပဲခူးသို့ရင်း၊ သထုံသို့ရင်း ဆိုက်ရောက် ပေသည်။ ပဲခူးမြို့မှ သံလွင်မြစ်အထိ မွန်တို့ နေထိုင်သော အရပ် ဖြစ်ပေ၏။ ပျူတို့ ယဉ်ကျေးသလောက် မွန်တို့လည်း ယဉ်ကျေး ပေသည်။ အိန္ဒိယမှဟိန္ဒူ ပင်လယ်ကူး ကုန်သည် များသည် ပဲခူးနှင့် သထုံသို့ လာရောက် ကုန်ကူး သန်းကြ၏။ ရံဖန်ရံခါ မွန်တို့နှင့် ဟိန္ဒူ ကုန်သည်များသည် အချင်း ဖြစ်ပွါးတတ်၏။ ဤကဲ့သို့ ခိုက်ရန် ဖြစ်ပွါးသော အခါ မွန်ဘုရင် များသည် ဟိန္ဒူတို့၏ ကုန်သင်္ဘောများကို သိမ်းယူ တတ်ကြ၏။ ပျူတို့ကဲ့သို့ ပင် မွန်တို့သည် ဗုဒ္ဓသာသနာဝင်များ ဖြစ်ပေသည်။ ဟိန္ဒူကုန်သည်များသည် အိန္ဒိယမှ မြတ်စွာဘုရား၏ ရုပ်တုတော်များကို ယူဆောင်လာကြကာ အလွန်မြတ်စွန်းသော ကုန်အဖြစ်ဖြင့် မွန်တို့အား ရောင်းချကြ၏။ မွန်ဘုရင်တို့သည် ဟိန္ဒူတို့ ယူဆောင်လာသော ရုပ်တုတော်များကို တန်ဖိုး ကြီးစွာပေး၍ ဝယ်ယူရုံမျှမက ထိုကုန်သည်များကိုပင် သူကောင်း ပြုပေ၏။ အသောကမင်းကြီးစေ လွှတ်သော သာသနာပြုများသည် သုဝဏ္ဏဘူမိ သထုံနိုင်ငံသို့ ပဌမရောက်လာကြပေသည်။ ပိဋကတ် သုံးပုံလည်း သထုံနိုင်ငံသို့ စတင် ရောက်ရှိ၏။ မွန်တို့သည် နိုင်ငံခြား သားများနှင့် သာမက ပျူတို့နှင့်လည်း ကုန်ကူးသန်း ရောင်းဝယ်ယင်း ၎င်းတို့၏ ယဉ်ကျေးမှု ဟူသမျှတို့ကိုရအောင် ယူခဲ့ကြပေသည်။ ပျူနိုင်ငံ စည်ကား ခမ်းနားသလောက် မွန်တို့ နေရာ သထုံ နိုင်ငံလည်း စည်ကား ကြီးပွါးလာပေသည်။

မြန်မာ။ ။အေဒီ (၉) ရာစု အဝင်လောက်တွင် သရေခေတ္တရာနိုင်ငံ ပျက်သုဉ်းပြီးသည့်နောက် ပျူနိုင်ငံသည် မငြိမ်မသက်ခဲ့ချေ။

ပျူနှင့် ကမ်းယံတို့သည် မကြာခဏ အချင်းချင်း တိုက်ခိုက် ကြသည့်အပြင် မွန်တို့လည်း ပျူတို့ကို တိုက်ခိုက် ကြ၏။ သရေခေတ္တရာ အရပ်တွင် အရည်အခြင်းနှင့် ပြည့်စုံသော မင်းဟူ၍ အတည်တကျ မရှိတော့သဖြင့် သရေခေတ္တရာ နိုင်ငံ၏ နောက်ဆုံး မင်းဖြစ်သော သုပညာ၏ တူတော် သမုဒ္ဒရာဇ်သည် မြောက်အရပ်သို့ သွားပြီးလျှင် ယုန်လွှတ်ကျွန်း အရပ်၌ ပျူတဆယ့် ကိုးရွာကို စုပေါင်းကာ နိုင်ငံသစ်ကို ထူထောင်၏။ တကောင်း၊ သရေခေတ္တရာ၊ ယုန်လွှတ်ကျွန်း အရပ်တို့၌ နေထိုင် ကြသော ပျူ၊ ကမ်းယံ၊သက်တို့နှင့်လည်း အချင်းချင်း ညီညီ ညွတ်ညွတ် ပေါင်းသင်း ဆက်ဆံကြကာ သွေးချင်းရော နှော သွား၏။ နိုင်ငံသစ်တွင် လူမျိုးသစ် ဖြစ်ပေါ်လာကာ မြန်မာ လူမျိုးဟု အမည်မှည့် ခေါ်ကြ၏။ သို့ရာတွင် အချို့ ပျူနှင့် မွန်တို့သည် အသီးအခြား နေထိုင် ကြလေသည်။ မွန်တို့သည် မြန်မာတို့အား မိမာဟု ခေါ်၏။ တရုပ်တို့သည် မိအန်ဟု ခေါ်၏။ ရှမ်းတို့သည် မန်ဟု ခေါ်၏။ ပုဂံခေတ် ကျန်စစ်သား မင်းလက်ထက် တိုင်အောင် ပျူ မြန်မာ မွန်တို့သည် နိုင်ငံသစ်၌ နေထိုင် ကြ၏။ အချင်းချင်း ရောင်းဝယ် ကုန်သွယ် ခဲ့ကြ၏။ ပုဂံခေတ်လယ်လောက်တွင် ပျူတို့သည် မြန်မာတို့နှင့် သွေးချင်း ရောနှောကာ မြန်မာဖြစ်ကုန်ကြ၏။ ပျူအမည်ကို စွန့်လွှတ် လိုက်ကြပေသည်။ မွန်တို့မူ ပင်လယ် ကမ်းခြေ၌ နေ၍ မြန်မာတို့နှင့် ဝေးသော ကြောင့် တသီးတခြား ထွန်းကားလေသည်။

ယဉ်ကျေးမှု ဆင်းသက်ခြင်း။ ။ရှေးမြန်မာတို့သည် မွန်ဂို လူမျိုးမှ ဆင်းသက်သော်လည်း မွန်ဂိုတို့၏ ထုံးစံဓလေ့များကို မေ့ပျောက်ကုန်ကြ၏။ မြန်မာ နိုင်ငံ၌ အတည်တကျ နေထိုင်သော အခါ အိန္ဒိယ လူမျိုးနှင့်ရင်းနှီးစွာ ဆက်ဆံကြရ၏။ တကောင်းနိုင်ငံ

ကောင်းစားစဉ်က မြောက်ပိုင်း အိန္ဒိယ နိုင်ငံသားဖြစ်သော သာကီဝင်မင်းများနှင့်နိုင်ငံရင်းသားသဖွယ် ဆက်ဆံကြ၏။သရေခေတ္တရာနှင့် သထုံနိုင်ငံ၌ နေသော သူများလည်း အိန္ဒိယ နိုင်ငံသား ပလ္လဝါလူမျိုး ကဒမ္ဗ လူမျိုးတို့နှင့် အများအပြားဆက်ဆံ၏။ ထို့ကြောင့် အိန္ဒိယတို့၏ ထုံးစံဓလေ့ အယူဝါဒတို့သည် မြန်မာတို့၏ ထုံးစံအယူများ ဖြစ်မှန်းမသိဖြစ်လာ၏။အထူးသဖြင့်မြန်မာတို့သည် နိုင်ငံခြားယဉ်ကျေးမှုများကိုနိုင်ငံရင်း ယဉ်ကျေးမှု ဖြစ်အောင် ပြောင်းလဲတတ်၏။ မြန်မာတို့၏ စိတ်သဘောနှင့် အလွန် ညီညွတ်သော ဗုဒ္ဓသာသနာကိုလည်း အိန္ဒိယမှ ယူငင် ကိုးကွယ်ကြ၏။ ဗုဒ္ဓသာသနာကို ကိုးကွယ်သောကြောင့် ပိဋကတ်အတတ်၊ကျောက်ဆစ်အတတ်တို့၌ တိုးတက်၏။ပျူတို့တည်ခဲ့သောပုထိုးများသည်ဟိန္ဒူဆန်ဆန်ဖြစ်၏။ ဟိန္ဒူဘုရားများကိုပင် ပျူတို့၏ပုထိုးများ၌ ရောနှောတွေ့ရ၏။သို့သော် ဟိန္ဒူတို့လက်ရာမှန်းပင်မ သိလောက်အောင် ပျူတို့၏ လက်ရာသို့ ပြောင်းလဲပေ၏။ မွန်နိုင်ငံရှိသော ရွှေမော်ဓော၊ ရွှေစာရံ၊ ရွှေတိဂုံတို့လည်း အိန္ဒိယ လက်ရာပျောက်၍ မြန်မာတို့၏ လက်ရာအစစ်သို့ ရောက်နေ၏။ တန်ဆောင်း၊ စရပ်များကို ဆောက်လုပ်ရာ၌လည်း မွန်တို့၏ လက်ရာသည် အကောင်းဆုံး ဖြစ်၏။ မွန်တို့သည် ခမ်းနားသော အဆောက် အအုံများကို စုလစ် မွန်ချွန်မွန်ခေါင်း စသည်တို့ဖြင့် ဝေဆာ မြိုင်ဆိုင်နေအောင် တန်ဆာဆင်တတ်ကြသည်။ ဟိန္ဒူတို့ ကိုးကွယ်သော သီရိဘုရားသည်လည်း မွန်တို့၏ ကျက်သရေအဖြစ်သို့ ကူးပြောင်းသွား၏။

မြန်မာတို့သည် ရှေးမဆွကပင် နိုင်ငံခြားယဉ်ကျေးမှုများမှ ကောင်းနိုးရာရာကို မြန်မာမှု ဖြစ်အောင် ပြောင်းလဲ သုံးစွဲ ကြ၏။ ထွင်ကြ၏။ နှောင်းခေတ်များ အတွက် ယဉ်ကျေးတိုးတက်ဖွယ်ရာ လမ်းကြီးကို ခင်းခဲ့ပေသည်။

အခန်း ၂၄

မွန်ဂိုမြင်းစီးသူရဲကောင်းများ

ဆွန်းမင်းဆက်[၁] (၉၆၀-၁၂၀၀)။ ။တရုပ်နိုင်ငံတွင် တင်မင်းဆက်လွန်သွားသော အခါ တရုပ် နိုင်ငံကြီးသည် နိုင်ငံငယ်ကလေးပေါင်း အမြောက်အမြား ကွဲသွားကာ မင်းအသီးသီး အုပ်စိုးကြပြန်၏။ အေဒီ (၁၀)ရာစု အတွင်းတွင် ကအိုဇူးဘွဲ့ကို ခံယူသော စစ်သူကြီး တဦးသည် ဆွန်းမင်းဆက်ကို စတင်တည်ထောင်၏။ စစ်မှု ရေးရာ၌ ကျွမ်းကျင်သောကြောင့် ရဲဘော်စစ်သည် သူရဲကောင်းများက မင်းအဖြစ်သို့ ရွေးကောက် တင်မြှောက်ပေသည်။ ကအိုဇူးသည် ထီးပြိုင် နန်းပြိုင်တို့ကို နှိမ်နင်း၍ တရုပ်နိုင်ငံ တခုလုံးကို သိမ်းရုံးအုပ်စိုးနိုင်၏။ အပြင်အပ ရန်ဖြစ်သော ခိတန်[၂] တို့ကိုလည်း ခုခံတွန်းလှန်နိုင်ပေ၏။ သို့ရာတွင် ကအိုဇူးနောက် ဆက်ခံ စိုးစံသော မင်းများသည် ထကြွပုန်ကန်လေ့ ရှိသော မင်းငယ်ကလေးများနှင့် ခိတန်ရန်ကို အမြဲလိုလိုပင် နှိမ်နင်းတိုက်ခိုက်ရပေ၏။

ဆွန်းမင်းဆက် တလျှောက်တွင် တရုပ် နိုင်ငံကြီးသည် တင်မင်းဆက်အုပ်ချုပ်သောခေတ်ကဲ့သို့အေးချမ်းငြိမ်သက်ခြင်းမရှိပေ။ စစ်မက်ရေးရာ အနှောင့်အယှက် များစွာ ပေါ်ပေါက်လေ၏။ နိုင်ငံသူ နိုင်ငံသားများလည်း ကြီးပွါး ချမ်းသာ သင့်သလောက် မကြီးပွါး မချမ်းသာကြချေ။

---

၁ *The Sung Dynasty*

၂ *The Khitans*



ပီကင်းမြို့ရှိ ပုထိုးစေတီတော်များ

ဝမ်အန်ရှိ[၁]။ ။တရုပ်နိုင်ငံကြီးသည် အနှောင့်အယှက်များစွာ ခံရသော်လည်း ဆွန်းဘုရင်များနှင့် မှူးမတ်ကြီးများသည် နိုင်ငံကြီးကို သာယာဝပြောအောင် ကြိုးစားဆောင်ရွက်ကြပေသည်။ ဤသို့ နိုင်ငံသာယာမှုကို ပြုပြင် စီမံသူများ အနက် ဝမ်အန်ရှိ အမတ်ကြီး၏ ကြိုးပမ်းမှုများသည် ချီးမွမ်းစဖွယ်ဖြစ်ပေသည်။ ဝမ်အန်ရှိသည်

၁ *Wang An Shih*

တရုပ် ပညာရှိကြီး ကွန်ဖူးဇီး ပြုစုခဲ့သော ကျမ်းများမှ မြေနှင့် သက်ဆိုင်သော အချက် အလက်များကို ကျမ်းကျင်တတ်မြောက် သောကြောင့် ဆွန်းဘုရင်၏ ချီးမြောက်ခြင်းကို ခံရပေသည်။

အေဒီ ၁၀၆၉ ခုဌ် ဝမ်အန်ရှိသည် တရုပ် နိုင်ငံကြီး၏ ဝန်ကြီး ချုပ် ရာထူးကို ရလေ၏။ ဝန်ကြီးချုပ် ဖြစ်လျှင် ဖြစ်ခြင်း ဘုရင် မင်းမြတ်အား နိုင်ငံကြီးကို ပြုပြင်ပြောင်းလဲရန် အကြံဥာဏ်ပေး ၏။ အကြံဥာဏ် ပေးသည့် အတိုင်းလည်း ထိထိရောက်ရောက် ဆောင်ရွက်၏။ ရှေးဦးစွာ မြေခွန် မြေခများကို လျှော့ချ၏။ နိုင်ငံသူ နိုင်ငံသားတို့သည် မြေခွန် မြေခ ထမ်းဆောင်သော အခါ ငွေကြေးဖြင့်သာ မဟုတ်။ ကောက်ပဲ သီးနှံဖြင့် ဖြစ်စေ၊ အခြား လယ်ထွက် ပစ္စည်းများဖြင့် ဖြစ်စေ တန်ဖိုးထား၍ ကျသင့်သော အခွန် အခကို ပေးဆောင်နိုင်ခွင့် ပြု၏။ အစိုးရလည်း လယ်သမား များအား ငွေတရာလျှင် တလ နှစ်ကျပ်ခွဲတိုးဖြင့် အမတော် ငွေ များကို ထုတ်ချေး၏။ လယ်သမားများသည် အမတော် ငွေများကို စပါးပေါ်ချိန်၌ အစိုးရအား ပြန်လည် ပေးဆပ်ရ၏။ နိုင်ငံသူ နိုင်ငံသားများသည် စပါးများကို သက်သာချောင်ချိစွာ ဝယ်ယူ စားသောက် နိုင်စေခြင်းငှါ အစိုးရသည် စပါးဈေးကို ကြီးကြပ်၏။ စပါးဈေး အတက် အကျ ညီမျှစေရန် အစိုးရသည် စပါးဈေး ကျချိန်၌ စပါးများကို ဝယ်ယူ သိုလှောင်ထားကာ စပါးဈေး တက် ချိန်၌ ထုတ်ဝေရောင်းချပေ၏။ တရုပ်နိုင်ငံကြီးကို အုပ်စိုးသော ရှေးမင်းများသည် နိုင်ငံစည်ပင် သာယာမှု အတွက်၊ အများအကျိုး အတွက် ဆည်မြောင်း ဆည်ဖို့သောအခါ၌ ဖြစ်စေ လမ်းပန်း ဆောက်လုပ်သော အခါ၌ ဖြစ်စေ၊ အလုပ် သမားများအား အခမဲ့ အတင်း အကြပ် စေခိုင်း၏။ ဝမ်အန်ရှိသည် ဤသို့သော



နန်းကင်းမြို့ရှိ ကြွေစေတီ

လုပ်ငန်းများ အတွက် အလုပ် သမားများအား အခကြေးငွေ ပေးကမ်းကာ စေခိုင်း၏။

တောင်ပိုင်းဆွန်းနိုင်ငံ၄ (၁၁၂၇-၁၂၇၀)။ ။ဆွန်းမင်းဆက် အစ တွင် ဘုရင်များသည် မြောက်ဖက်မှ တာတာ အဆက် အနွယ်

၄ *Sung-Empire*

ဖြစ်သော ခိတန်များအား တိုက်ခိုက် နှိမ်နင်းသော အခါ တရုပ် နိုင်ငံ၏ အနောက်ဖက်မှ "ကင်တာတာ"[၅] တို့ကို ခေါ် ယူကာ တိုက်ခိုက်စေ၏။ ကင်တာတာများမှာ မြန်မာဘာသာဖြင့် "ရွှေတာတာ" ဟု အဓိပ္ပါယ်ရ၏။ ဆွန်းမင်းဆက်အလယ်လောက် စိုးစံသောမင်းများလည်း ရှေးမင်းများကဲ့သို့ပင် ကင်တာတာတို့ကို အကူအညီတောင်းကာ ခိတန် တာတာတို့ကို တိုက်ခိုက်စေ၏။ ကင်တာတာတို့သည် ခိတန်တို့အား အောင်မြင်စွာ နှိမ်နင်းပေးပေ၏။ သို့သော် တရုပ်တို့ အပေါ်၌ သဘောထား ပြောင်းလဲ သွား၏။ ရှေးကမှ ခိတန်တို့ကို အောင်မြင်ပြီးသော အခါ ကင်တာတာတို့သည် မိမိတို့ နေရပ်ဟောင်းကို ပြန်လည် သွားကြ၏။ မဟာမိတ် သဘောဖြင့် ကူညီ၏။ ယခုမူ နေရပ်ဟောင်းသို့ မပြန်ကြတော့ချေ။ တရုပ် နိုင်ငံ၏ မြောက်ပိုင်းတွင် အတည်တကျ ကင်တာတာ နိုင်ငံသစ်ကို ထူထောင်ကြ၏။ ပီကင်းမြို့ကိုလည်း ကင်တာတာ နိုင်ငံ၏ မြို့တော်အဖြစ် သမုတ်လေ၏။ တရုပ် နိုင်ငံ၏ မြောက်ပိုင်း ယန်စီမြစ်အထိ ကင်တာတာ နိုင်ငံဟူ၍ သတ်မှတ်ကာ စိုးမိုး အုပ်ချုပ်ကြလေသည်။ ဆွန်းဘုရင်များမူ တရုပ် နိုင်ငံ တောင်ပိုင်းသို့ ရွှေ့ပြောင်း စိုးစံကြရ၏။ နေပြည်တော်ကို ရှေးဦးစွာ နန်းကင်း၌ တည်၏။ ထို့နောက် ဟန်ကောသို့ ရွှေ့ကြရပြန်လေ၏။

တရုပ် နိုင်ငံကြီးကို မြောက်ပိုင်း၌ ကင်တာတာ၊ တောင်ပိုင်း၌ တရုပ် အမျိုးသား နှစ်ပိုင်းခြားကာ အုပ်စိုးကြ၏။ ဆွန်းမင်းဆက် ၌ပင် တရုပ်နိုင်ငံ၏တောင်ပိုင်းသို့ ပြောင်းရွှေ့အုပ်စိုးရသောကြောင့် နောက်မင်းဆက်များ၏နိုင်ငံသည် တောင်ပိုင်း ဆွန်းနိုင်ငံဟု အမည်တွင်လေသည်။ တောင်ပိုင်း ဆွန်းနိုင်ငံသည် မွန်ဂိုတို့တရုပ် နိုင်ငံတဝှမ်းလုံးကို ယူကျုံး သိမ်းပိုက်သောအခါမှ ပပျောက်သွားပေသည်။

၅ *Kin Tartars*

မွန်ဂိုလူမျိုး။ ။ကမ္ဘာ့သမိုင်းကို ရှုလျှင် ရှေးနှစ်ပေါင်း များစွာက အာရှတိုက် အလယ်ပိုင်းတွင် နေထိုင်ကြသော သူများသည် ကျန်လူမျိုးများထက် ယဉ်ကျေးကြောင်းကို တွေ့ရပေမည်။ တရုပ်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံများသို့လည်း ထိုလူများသည် ယဉ်ကျေးမှုများကို ယူဆောင်သွားကာ ထိုနိုင်ငံများကို ယဉ်ကျေးစေ၏။ သို့ရာတွင် နှစ်ပေါင်း များစွာ ကြာမြင့်လာ၍ အခြားနိုင်ငံများ ကြီးပွါးထွန်းကားလာသော အခါ အာရှတိုက် အလယ်ပိုင်း၏ ရာသီဥတုသည် သိသိသာသာကြီး ပြောင်းလဲသွား၏။ အာရှတိုက် အလယ်ပိုင်းသည် တဖြည်းဖြည်း ခြောက်သွေ့ပူပြင်းလာ၏။ ထုံးအိုင် အင်းစသော ရေပြင်ကြီးများလည်း တိမ်ကော၍ သွားကာ သဲကန္တာရကြီးများ ဖြစ်သွား၏။ လယ်ယာစိုက်ပျိုး လုပ်ကိုင်ရန် သင့်လျော်သော လွင်ပြင် များ၌လည်း မြက်နု မြက်စိမ်းများသာ သန်စွမ်းတော့၏။ လယ်ယာ စိုက်ပျိုး၍ မဖြစ်နိုင်အောင်ပင် ပြောင်းလဲသွား၏။ ထိုကြောင့် ဤဒေသ၌ နေထိုင်သော လူများသည် သိုးအုပ်၊ ဆိတ်အုပ်များကို မွေးမြူထိန်းကျောင်းကာ အမဲလိုက်ကာဖြင့် အသက်မွေးကြရ၏။

ရံဖန် ရံခါ ဩဇာတိက္ကမကြီးသော ခေါင်းဆောင်များသည် နီးစပ်ရာ လူစုပေါင်းများစွာကို သိမ်းကျုံးစုရုံးကာ နေခင်း ထိုင်ခင်းကောင်းသော နေရာများကို ရွေးချယ်ကာ နေထိုင် အုပ်ချုပ်ပေ၏။ ထိုလူများသည် မြို့ရွာတွင် နေကြသော လူများကဲ့သို့ ကျိတ်ကျိတ်တိုး ကျဉ်းကျဉ်းကျပ်ကျပ် မနေထိုင်ရမူ၍ လွတ်လွတ်လပ်လပ် လေကောင်း လေသန့်ကို ရှူရှိုက်ကာ မိုးနွေမရှောင် ကြမ်းကြမ်းတမ်းတမ်း လုပ်ကိုင် အသက်မွေးကြသောကြောင့် ကျန်းမာ၏။ ကိုယ်လက်ကြံ့ခိုင်၏။ တဦးနှင့် တဦးလည်း မကြာခဏ စားကျက်လုမှုနှင့် ခိုက်ရန် ဖြစ်ပွါးကြ၊ ရေရှားပါးလွန်း၍ ရေထွက်ရာ အရပ်

အဘက် လူကြနှင့် အမြဲ သတ်ကြ ပုတ်ကြသောကြောင့် အသတ် အဖြတ်၌ ဝါသနာထုံကြလေသည်။ သိုးအုပ်၊ ဆိတ်အုပ်များကို ထိန်းကျောင်းသော အခါ၌လည်း မြင်းစီးကာသာ လိုက်လံ ထိန်းကျောင်းကြသောကြောင့် မြင်းစီး အတတ်၌ အလွန် ကျွမ်းကျင်ကြ၏။ ယောကျ်ားများသည် တနေကုန် တနေခန်း မြင်းကျောပေါ်၌သာ အနေများကြ၏။ ဤသို့ မြင်းစီးအတတ်၌လည်း ကျွမ်းကျင်၊အသတ် အပုတ်၌လည်း ဝါသနာထုံကြသော ကြောင့် မြို့ရွာများ၌နေသော စစ်သည် သူရဲများနှင့် ယှဉ်ပြိုင် တိုက်ခိုက်သော အခါ အာရှတိုက် အလယ်ပိုင်း၌ နေထိုင်သူများသည် လူရည်သာကြပေ၏။ ထိုသူများသည် ခေတ်ကိုလိုက်၍ နာမည် အမျိုးမျိုး တွင်လေသည်။

ကမ္ဘာ့သမိုင်းကို မှတ်တမ်း တင်၍ ရလောက်သော အချိန်လောက်ကပင် ထိုအာရှ အလယ်ပိုင်းသားတို့သည် တာတာ-အမည်ခံကာ တရုပ်နိုင်ငံကို ဒုက္ခပေးခဲ့၏။ တရုပ်ဘုရင်များက ဖိနှိပ်တိုက်ခိုက်သောအခါ တာတာတို့သည် အနောက်နိုင်ငံများသို့ ခြေဦးလှည့်ကြ၏။ ထိုလူမျိုးနှင့် သွေးတူ သားတူ ဖြစ်သော ဟန်းလူမျိုးလည်း ဥရောပတိုက်ရှိ ရုရှားနှင့် ဂျာမနီ နိုင်ငံများကို တန်ခိုးပြခဲ့ကြ၏။ အိန္ဒိယနိုင်ငံတွင်းသို့ပင် ချင်းနင်း ဝင်ရောက်ကာ နေထိုင် ဘူး၏။ တရုပ်နိုင်ငံ၌ တင်မင်းဆက်နှင့် ဆွန်းမင်း ဆက်များထွန်းကားလာသောအခါ တရုပ်နိုင်ငံ၏ မြောက်ဖက်၌ တာတာအဆက်အနွယ်ဖြစ်သော ခိတန်တို့သည် အခြေစိုက်မိကြ၏။ အနောက်ဖက်တလွား၌ ကင်တာတာတို့ နေထိုင်ကြ၏။ ပဌမ၌ ကင်တာတာတို့သည် တရုပ်တို့နှင့် မဟာမိတ်များ ဖြစ်ကြသော်လည်း နောက်ဆုံး၌ တရုပ်နိုင်ငံ၏ မြောက်ပိုင်းကို သိမ်းယူကြ လေသည်။

ဤတာတာ လူမျိုးသည် စင်စစ်အားဖြင့် တရုပ်တို့နှင့် သွေး

စပ်သူများသာ ဖြစ်၏။ ဓရှး ဝိုင်းမြစ်ဝှမ်း၌ တရုပ်တို့ နေထိုင်စဉ်က ဤတာတာတို့ပင် အာရှတိုက် အလယ်ပိုင်းမှ လာရောက်ကာ တရုပ်နိုင်ငံကို စတင် ထူထောင်ကြပေသည်။ တရုပ်နိုင်ငံကြီးကို မြောက်ဖက်၌ ကင်တာတာ၊ တောင်ဖက်၌ ဆွန်းဘုရင်တို့ ထီးပြိုင် နန်းပြိုင် အုပ်စိုးသောအခါ မွန်ဂိုလူမျိုး ထွန်းကားလာပြန်သည်။

ထိုအချိန်၌ မွန်ဂိုတို့သည် အာရှတိုက်၏ အရှေ့မြောက်ဖက် ဘေးကယ် အိုင်ကြီးနှင့် အမူးမြစ် ကြားရှိ ဒေသများ၌ နေထိုင်ကြ၏။ တာတာလူမျိုး အချင်းချင်းလည်း စည်းလုံး ညီညွတ်လျက် လူမျိုး အင်အား တောင့်တင်းကြပေ၏။ မွန်ဂိုဟူသော စကား၏ အဓိပ္ပါယ်မှာလည်း ရဲရင့်သော လူမျိုးပင် ဖြစ်၏။ မွန်ဂိုလူမျိုး ခေါင်းဆောင်များသည်လည်း ပြန့်နှံ့နေသော တာတာ အစုများကို စုပေါင်း ကာ မွန်ဂို အစည်းအရုံးကြီးကို ထူထောင်လေ၏။ မွန်ဂို နေပြည်တော်ကိုလည်း ကာရာကိုရမ်၌ တည်၏။ ဤမြို့တော်၌ပင် ကမ္ဘာကြီးကို တုန်လှုပ် စေမည့် မွန်ဂိုတို့၏ ခေါင်းဆောင်ကြီး ဂျင်ဂစ်ကို မွေးဖွားလေသည်။ ခမည်းတော် သေဆုံး သွားသော အခါ ဂျင်ဂစ်သည် အသက် ဆယ့်သုံးနှစ်မျှသာ ရှိသေး၏။ ထိုအခါ က မွန်ဂိုခေါင်းဆောင်ကြီး အနည်းငယ်ခန့်ကသာ ဂျင်ဂစ်အား သူတို့၏ ခေါင်းဆောင်အဖြစ်ဖြင့် အသိအမှတ် ပြုကာ လေးစားကြ၏။ အရွယ်ရောက်လာသောအခါ ဂျင်ဂစ်သည် ခေါင်းဆောင် အဖြစ်ဖြင့် သေချာစွာ အုပ်ချုပ်နိုင်သော အရည်အခြင်းကို ပြ၏။ ထိုကြောင့် မွန်ဂိုနိုင်ငံလုံးကျွတ် အစည်းအဝေးကြီး ကျင်းပသော အခါ မွန်ဂိုတမျိုးလုံးကပင် ဂျင်ဂစ်အား ခန်မင်းကြီး အဖြစ်ဖြင့် ရွေးကောက် တင်မြှောက် ကြ၏။ အစည်းအဝေးပွဲကြီး ပြီးသည့် အချိန်မှ စ၍ ဂျင်ဂစ်ကို ဂျင်ဂစ်ခန် ဟူ၍ ခေါ်ဝေါ်ကြလေသည်။ ကမ္ဘာ့သမိုင်းတွင်လည်း ဂျင်ဂစ်ခန် အမည်ဖြင့် ထင်ရှားသည်။

ဂျင်ဂစ်ခန်

ခန်မင်းကြီး အဖြစ်ဖြင့် ရွေးကောက်ခြင်း ခံရသော အခါ ဂျင်ဂစ်သည် အသက် လေးဆယ့်လေးနှစ် ရှိလေပြီ၊'

ဂျင်ဂစ်ခန်[၆] **(၁၂၀၆-၁၂၂၇)**။ "ခန်မင်းကြီး အဖြစ်ကို ရပြီး၍ မကြာမြင့်မီပင် ဂျင်ဂစ်ခန်သည် မွန်ဂို ဟူသမျှကို တစည်းတလုံး တည်း ညီညွတ်အောင် ထပ်မံ ဆောင်ရွက်၏။ သဘောချင်း ကွဲလွဲသော ခေါင်းဆောင်များကို သုတ်သင် ရှင်းလင်း၏။ ထို့နောက် မွန်ဂို နယ်နိမိတ်ကို ကျော်လွန်ကာ နိုင်ငံခြားများကို သိမ်းယူရန် စတင် ဆောင်ရွက်လေ၏။ ရှေးဦးစွာ တရုပ်နိုင်ငံ မြောက်ပိုင်းကို တိုက်ခိုက်သိမ်းယူ၏။ ကင်တာတာတို့၏ နိုင်ငံသည် ဂျင်ဂစ်ခန်၏ လက်အောက်ခံ နိုင်ငံ ဘဝသို့ ရောက်ရှိ သွား၏။ ဂျင်ဂစ်ခန်သည် ပီကင်းမြို့တော်၌ အတန်ကြာအောင် နေ၍ ကင်တာတာတို့ကို အုပ်ချုပ် သွား၏။တရုပ်နိုင်ငံ မြောက်ပိုင်းကို လက်ရ သိမ်းယူပြီး၍ ငါးနှစ်မျှ ကြာသောအခါ မွန်ဂို မြင်းစီး သူရဲကောင်းများ သည် ကိုရီးယားသို့ ဝင်ရောက် တိုက်ခိုက်၏။

တဖန် အနောက်ဖက်သို့ ဂျင်ဂစ်ခန်သည် သွားရောက်တိုက်ခိုက်၏။ အာရှတိုက် အနောက်ဖက်စွန်း၌ အာရယ် ပင်လယ် တည်ရှိ၏။ ထိုပင်လယ်၏ တောင်ဖက်တွင် ခါဇင်[၇]နိုင်ငံငယ် တခုရှိ၏။ ခါဇင် နိုင်ငံ ကို စိုးစံသော ရှားဘုရင်သည် မွန်ဂို လူမျိုး သူပုန် ခေါင်းဆောင် တဦးကို လက်ခံ ချီးမြှောက်ထား၏။ဂျင်ဂစ်ခန်သည် စစ်သည်ရဲမက် အလုံးအရင်းဖြင့်သွားရောက်ကာ ရှားဘုရင်နှင့်တကွ သူပုန် ခေါင်း ဆောင်ကို လက်ရ ဖမ်းဆီး မိသော်လည်း ရှားဘုရင်အား သူပုန် ခေါင်းဆောင်ကို လက်ခံထားရမည် လောဟု အပြစ် မထားပေ။ ရှားဘုရင်အား မဟာမိတ် ဖွဲ့လျက် နိုင်ငံအချင်းချင်း ကုန်ကူးသန်း

[၆] *Jengis Khan* [၇] *Khorzem*

ရောင်းဝယ်ရန် စာချုပ်ပင် ချုပ်ဆိုၾက၏။ ရှားဘုရင်သည် သဘော စာချုပ် ချုပ်ဆိုသော်လည်း မကြာမီပင် မွန်ဂို ကုန်သည်များက သတ်ဖြတ်၏။ ဂျင်ဂစ်ခန်သည် ရှေးဦးစွာ သဟာယနိုင်ငံ ဖြစ်သည့် အလျောက် သံတမန်ကြီးများကို စေလွှတ်ကာ ဤသို့ မဖွယ်မရာ ပြုမူချက်များကို တားမြစ်၏။ ရှားဘုရင်သည် သံတမန်များကိုပင် မလေးမခန့် ပြုရုံမက တဦးကိုပင် ခေါင်းဖြတ်ပစ်၏။ ဂျင်ဂစ်ခန် သည် ဤမျှ စော်ကားသည်ကို သည်းမခံတော့ပေ။ စစ်သည် ရဲမက် အလုံးအရင်းနှင့် ခါဇံသို့ ချီတက် တိုက်ခိုက်လေ၏။ ရှားဘုရင် သည် မွန်ဂိုမြင်းစီး သူရဲကောင်းများကို မခုခံနိုင်ချေ။ အခိုင်အလုံ မထားသော ခံတပ်များပင်လျှင် မွန်ဂိုစစ်သည်တော်တို့၏လက်ချက် ကြောင့် ကြေမွ သွားပေ၏။ ရှားဘုရင်လည်း ခါဇံနိုင်ငံမှအနောက် ဖက်သို့ တိမ်းရှောင် ပြေးလွှားစဉ် လမ်းခရီး၌ ကွယ်လွန်လေ၏။

ခါဇံ၌ စစ်စခန်း ချနေစဉ် ဂျင်ဂစ်ခန်သည် ရုရှနိုင်ငံ အသီးသီး သို့ သံတမန် စေလွှတ်ကာ မိတ်ဖွဲ့ရန် စကား ကမ်းလှမ်း၏။ ထိုစဉ် အခါက ရုရှတွင် နိုင်ငံငယ်ပေါင်း မြောက်မြားစွာသည် အစိတ်စိတ် အမြွာမြွာ အုပ်စိုးလျက် ရှိ၏။ တစည်းတလုံးတည်း မရှိသေးချေ။ သံတမန် စေလွှတ်ခြင်း ခံရသော နိုင်ငံ အသီးသီးတို့လည်း မွန်ဂို လူမျိုးကို ကြားမျှပင် မကြားဘူးကြချေ။ မိမိတို့ နိုင်ငံများသာ ကြီးကျယ်ခန်းနားသည်ဟု အထင်ကြီးနေကြ၏။ ထိုကြောင့် မွန်ဂို သံတမန်တို့အား မချေမငံ ပြုကျင့်၏။ အချို့ နိုင်ငံများကမူ သံတမန်တို့ကို သတ်ဖြတ်ပစ်၏။ ဤသို့ ရုရှတို့၏ ရိုင်းပြ စော်ကား ခြင်းကြောင့် မွန်ဂို မြင်းစီး သူရဲကောင်းများ သည် ရုရှားရှိ နိုင်ငံ ပေါင်း များစွာကို မွှန်မွှန် ညက်ညက် ချေမှုန်း၏။ ထိုအခါမှ ရုရှ နိုင်ငံ အသီးသီးသည် ဂျင်ဂစ်ခန် စခန်းချရာ ခါဇံသို့ ပဏ္ဏာလက် ဆောင်များဖြင့် လာရောက်ကာ သစ္စာတော်ခံကြ၏။ ရုရှနိုင်ငံ


ဂျင်ဂစ်ခန်နိုင်ငံတော်(အေဒီ-၁၂၂၇)
ရုရှား
လွင်ပြင်များ
ကာရာကိုရမ်
ပီကင်းမြို့
ကိုရီးယား
အာမူးမြစ်
စမာကန်
ယန်စီမြစ်
ဒေလီ
အိန္ဒိယ

တလျှောက်သို့ မွန်ဂို စစ်သည်တော်များ နှိမ်နင်း ပြီးသောအ ရှားဘုရင်၏ သားတော် ဂျလာဥဒင်[၈] သည် မွန်ဂိုစစ်သည်များအား ထိပါးလာပြန်၏။ မွန်ဂို စစ်သည်များလည်း ဂျလာဥဒင်အား ယှဉ်ပြိုင် တိုက်ခိုက်သဖြင့် မခံမရပ်နိုင်၍ တောင်ဖက်သို့ ဆုတ်ခွါ ပြေးရလေ၏။ မွန်ဂိုတို့လည်း နောက်မှ ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်၏။ ဂျလာဥဒင်လည်း အိန္ဒိယ နိုင်ငံတွင်းသို့ တောက် လျှောက် ပြေးဝင်ရ၏။ အိန္ဒုမြစ်ဝှမ်းပေါ်၌ ဂျလာဥဒင်၏ စစ်သည် တပ်သားများသည် မွန်ဂို မြင်းစီး သူရဲကောင်းများ၏ လက်ချက် ဖြင့် တပ်လုံးပြုတ် သုတ်သင်ခြင်းကို ခံကြရလေ၏။ ဂျလာဥဒင် တယောက်တည်းသာ ဒေလီမြို့ရှေးစူလတန် ဘုရင်များထံသို့ လက် လွတ် ထွက်ပြေးကာ ပုန်းအောင်းနေရ၏။ မွန်ဂိုစစ်သည် သူရဲ များသည် မရှုမလှ ရှုံးလေပြီးသော ရန်သူကို လိုက်လံ တိုက်ခိုက် သော ဝါသနာ မရှိပေ။ တပ်ခေါက်၍သာ ခါဇံသို့ ပြန်သွားကြ၏။

အနောက်ဖက် တလွှားတွင် အရှုံးမရှိ၊ စစ်ပွဲ တိုင်းကို အောင် မြင်ပြီးသောအခါ ဂျင်ဂစ်ခန်သည် ကာရာကိုရမ်သို့ ပြန်၍ သွား၏။ ကာရာကိုရမ်၌ပင် ဂျင်ဂစ်ခန်သည် အသက်ခြောက်ဆယ့် ငါးနှစ် အရွယ်၌ ကံကုန်လေသည်။ ကံကုန်ခါနီး၌ ဂျင်ဂစ်ခန်သည် နောက် ဆက်ခံမည့် သူများအား တရုပ်နိုင်ငံ တပ္ပန်းလုံး တောင်ပိုင်း ဆွန်း နိုင်ငံကိုပါ မကျန် သိမ်းပိုက်ရန် မှာထားလေသည်။

အိုဂတိုင်း[၉] **(၁၂၂၇-၁၂၄၁)**။ ။ဂျင်ဂစ်ခန် မရှိသည့်နောက် သား တော်ကြီး အိုဂတိုင်းသည် ခမည်းတော် တည်ထောင်ခဲ့သော မွန်ဂို နိုင်ငံတော်ကြီးကို ဆက်ခံ စိုးစံ၏။ ကျယ်ပြန့်သော နိုင်ငံတော်ကြီး ကို အုပ်စိုးလေ့ ရှိသော မင်းများ၏ ထုံးစံအတိုင်း အိုဂတိုင်းသည်

၈ *Jala-ud-din* ၉ *Ogadai*

နိုင်ငံကြီးတည်တံ့မှုအတွက် အုပ်ချုပ်ရေးများကို စီမံရပေသည်။ အုပ်ချုပ်ရေး၌ နိုင်ငံကြီးကို သုံးစိတ်ခွဲကာ ညီတော် နှစ်ပါးနှင့် တူတော်တစ်ပါးအား အုပ်ချုပ်စေ၏။ အိုဂတိုင်း လက်ထက်၌ မွန်ဂိုတို့သည် နိုင်ငံခြား များနှင့် များစွာ ဆက်သွယ်ဘူးပြီ ဖြစ်သောကြောင့် အလွန် အမြင်ကျယ်ကြလေပြီ။ မွန်ဂိုတို့သည် အနိုင်ရရှိပြီးသော နိုင်ငံများ၏ ယဉ်ကျေးမှုမျိုးမှ ကောင်းနိုးရာရာ အချက် အလက်များကိုယူငင်သုံးစွဲကြ၏။အုပ်ချုပ်ရေးနှင့်ဥပဒေများကိုလည်း စံနစ်ကျပြီးသော နိုင်ငံများမှ ယူငင်ကာ မွန်ဂိုနိုင်ငံတလျှောက်တွင် ပြဋ္ဌာန်း၏။ ဤသို့နိုင်ငံတော်ကြီးတည်တံ့ရေးနှင့်အုပ်ချုပ်ရေးများကို ဆောင်ရွက်ပြီးသောအခါ ခမည်းတော်မှာထားခဲ့သည့်အတိုင်း နိုင်ငံခြား စစ်ပွဲ သစ်များကို စတင် ချီတက်တိုက်ခိုက်လေ၏။

မင်းပြောင်း မင်းလွဲ အချိန်ကို အခွင့်အခါ ယူကာ ကိုရီးယားဘုရင်သည် ပုန်ကန် တော်လှန်သောကြောင့် ရှေးဦးစွာ ကိုရီးယားကို နှိမ်နင်း၏။ တရုပ်နိုင်ငံသို့လည်း စစ်သည် ရဲမက်များကို လွှတ်ကာ ကင်တာတာနိုင်ငံကို အကြွင်းမဲ့ သိမ်းပိုက်၏။ ဂျလာဥဒင်လည်း မင်းပြောင်း မင်းလွဲ အချိန်၌ ခါဇံနယ်ကို အုပ်ချုပ်သော မွန်ဂိုတို့ လက်မှ ပြန်လည် သိမ်းယူကာ နိုင်ငံသစ်ကို ထူထောင်၏။ ထိုကြောင့် ခါဇံနယ်သို့ မွန်ဂို တပ်မတော်ကြီး တတပ် ချီတက်ရလေသည်။ချီတက်လာသော မွန်ဂို စစ်သည်တော်များသည် ဂျလာဥဒင်ကို အစတုံး နှိမ်နင်း၏။ ခါဇံ၌ မွန်ဂိုအာဏာပိုင်များကို ပြန်လည် ခန့်ထားပြီးသော် ဥရောပတိုက်တွင်းသို့ စစ်ဦးလှည့်ကြ ပြန်၏။ ထိုစဉ်အခါ၌ မွန်ဂိုတို့သည် စစ်ရေး စစ်ရာ၌ အလွန် တိုးတက်နေ၏။ ရှေးဦးစွာ ဥရောပတိုက် အတွင်းသို့ သူလျှိုများကို လွှတ်ကာ နိုင်ငံ အသီးသီးတို့၏ နိုင်ငံရေး အခြေအနေကို စုံစမ်း၏။ ဥရောပတိုက်ရှိ နိုင်ငံအသီးသီးတို့သည် မွန်ဂိုတို့၏ လက်အောက်သို့

ဟန်မင်းများလက်ထက်
တရုပ်နိုင်ငံတော်
ကက်စပီယန်
ပင်လယ်
တရုပ်ပြည် မြို့ရိုးကြီး
ကိုရီးယား
ဟွမ်ဟိုမြစ်
ယန်စီမြစ်
တိဘက်
အိန္ဒိယ
တရုပ်နိုင်ငံတော်
ယူနန်
အာနံ

လှယ်တကူ ကျရောက်နိုင်မည်ကို သိသောအခါ မွန်ဂို စစ်တပ်ကြီး ားသည် ဥရောပ တိုက်တွင်းသို့ ချီတက်ကြလေ၏။ သူလျှိုစနစ် ပြင် မွန်ဂိုတို့သည် အမြောက်ငယ်များကိုလည်း အသုံးပြုကြသေး န်ဂိုတို့သည် တရုပ်နိုင်ငံကို သိမ်းပိုက်စက ယမ်းများကို စတင် တွေ့ရသောကြောင့် အမြောက်ငယ်များကို ထွင်ကြလေသည်။ ခြောက်နှစ်တိုင်တိုင် မွန်ဂို မြင်းစီး သူရဲကောင်းများသည် ရုရှ ခွင် တပြင်နှင့် ရုရှ အနောက်ဖက်ရှိ နိုင်ငံများကို မွှေနှောက် ိုက်ခိုက်၏။ မွန်ဂိုတို့သည် မြို့များ အတွင်း၌ ပြိုပျက် နေသော အဆောက် အအုံများပေါ်သို့ မြင်းများဖြင့် ကဆုန်ချ၍ အပြင်း ိုင်သော်လည်း တခါမျှ ခလုတ်တိုက်၍ မြင်းပေါ်မှ လျှောမကျ ဘူးကြောင်းကို ကြုံးဝါးကြ၏။ ပိုလန်နှင့် ဟန်ဂေရီ စသော နိုင်ငံ များသည် လည်း မွန်ဂိုမြင်းစီး သူရဲကောင်းများ၏ မြင်းခွါအောက် တွင် ထောင်းထောင်း ညက်ညက် ကြေမွလေ၏။ မွန်ဂိုတို့သည် ဥရောပတိုက် တတိုက်လုံးကို သိမ်းယူမည့် ဆဲဆဲတွင် မွန်ဂို စစ်သည် မက်များသည် မမျှော်လင့်သော အဖြစ်အပျက်တခု ပေါ်ပေါက် လာသောကြောင့် ရုတ်တရက် ချက်ချင်းပင် ကာရာကိုရမ်သို့ ပြန် လည် တပ်ခေါက်ကြရ၏။ စစ်မြေပြင်မှ ဝေးလံလှသော ကာရာ ကိုရမ်တွင် အိုဂတိုင်း ခန်မင်းကြီးသည် အနိစ္စရောက်လေ၏။ ဥရောပ တိုက် တခွင်တပြင်သို့ စစ်ထွက်နေသော ဗိုလ်မှူးကြီးများသည် ၁၂၄၂ တွင် ခန်မင်းကြီးသစ် ရွေးကောက်ပွဲတွင် ပါဝင်ရန် အလျင် အမြန် ပြန်ကြရလေသည်။

ထိုကြောင့် ဥရောပတိုက်သည် အာရှတိုက်သား မွန်ဂိုတို့ စိုးမိုး ခြင်းမှ လွတ်ကင်း သွားလေသည်။ သို့ရာတွင် ကမ္ဘာ့သမိုင်း တလျှောက်၌ မွန်ဂိုတို့ တည်ထောင် ခဲ့သော နိုင်ငံတော်ကြီးသည် အကျယ်ပြန့်ဆုံးသော နိုင်ငံကြီး ဖြစ်ပေသည်။